# ဒဂုန်ရွှေမျှား

# ကမ္ဘာကိုကိုင်လှုပ်သူ



**SIR H.RIDER HAGGARD**

# WHEN THE WORLD SHOOK

စာအုပ်အမှတ် (၁၆၉)

Quality Publishing House
အမှတ် ၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၇၀၆၄၁၄၊ ၇၂၁၀၆၇၊ ၂၈၂၆၀၄။

## ဒို့အာဇာနည်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကမ္ဘာကို ကိုင်လှုပ်သူ

ဒဂုန်ရွှေမျှား

Sir.Rider Haggard

---

When The World Shook

စာမူခွင့်ပြုချက်အမှတ် – ၅၉၇ / ၂၀၀၃ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၃၈၆ / ၂၀၀၃ (၁၂)

✳

**ပုံနှိပ်ခြင်း**

ဒုတိယ – (၂၀၀၄၊ ဖေဖော်ဝါရီလ)
အုပ်ရေ – (၅၀၀)

✳

မျက်နှာဖုံး – မောင်မောင်သိုက်
ကွန်ပျူတာစာစီ – **Quality**
အတွင်းဖလင် – **Quality**

✳

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

✳

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း၊ ယာယီ (၇၁၆)
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

✳

တန်ဖိုး – **၁၂၀၀** ကျပ်

[ ၁ ]

# အာဗူနော့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ

ကံတရား၏ စေ့ဆော်မှုကြောင့် ဇာတ်ကောင်တစ်ယောက်အနေဖြင့် ကိုယ်တိုင်ပါဝင်ခဲ့ရသော ယခု ဤဇာတ်လမ်းကို ထုတ်ဖော်ရေးသားခြင်းမပြုမီ ကျွန်ုပ် 'ဟမ်ဖရီ အာဗူနော့' ၏ ကိုယ်ရေးရာဇဝင်ကို ရှေးဦးစွာ ရေးသားဖော်ပြလိုပါသည်။

ဤဇာတ်လမ်းကိုရေးသော 'ဒီဗွန်ရှိုင်းယား' နယ် ရွာကလေးတွင် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က ကျွန်ုပ်အား မွေးဖွားခဲ့၏။ သို့သော် ယခု စာရေးနေသောအိမ်မှာ ကျွန်ုပ်အား မူလမွေးဖွားရာ အိမ်မဟုတ်ပါ။ ယခုအိမ်မှာ နယ်သာသနာပြု ကျောင်းထိုင်ဘုန်းကြီး၏ အိမ်ဖြစ်၍၊ ရှေးဟောင်းအဆောက်အဦကြီးတစ်ခု ဖြစ်သော်လည်း တင့်တောင့်တင့်တယ် ရှိလှပေ၏။ အခန်းနံရံများမှာ မှန်ကူကွက် ဖော်ထားလျက် ခြံအတွင်း၌လည်း ကျွန်ုပ်တို့ တိုင်းပြည်တွင် ပေါက်လေ့ပေါက်ထရှိသည့် သစ်ပင်ပန်းပင်များအပြင်၊ နေနှင့်နီးရာ အပူပိုင်းဒေသ၌ ပေါက်ရောက်တတ်သည့် ပန်းပင်အချို့လည်း ပေါက်ရောက်လျက်ရှိနေ၏။ မြေပြင်မှာ လှိုင်းထသကဲ့သို့ နိမ့်တုံမြင့်တုံဖြစ်၍နေပြီးလျှင် သစ်ပင်မြင့်ကြီးများလည်း အစီအရီ ပေါက်လျက်ရှိကြသဖြင့် ရှုမျှော်ခင်းမှာ အလွန်သာယာလှ၏။ ခြံကြီး၏ နောက်ဘက်နှင့် ပတ်ဝန်းကျင်တွင် တောင်ကုန်းနှင့် ချိုင့်ဝှမ်းများမှာ ဒီဗွန်ရှိုင်းယားနယ်၏ ကျယ်ပြန့်သော အသွင်ကို ဖော်ပြလျက်ရှိရာ အနီရောင်ရှိသည့် သဲမြေလမ်းကလေးများမှာ လှပသော ရှုမျှော်ခင်းကို ပို၍ လှပတင့်တယ်စေ၏။ မနီးမဝေးတွင် မြို့ငယ်ကလေးများရှိ၍ မြို့သူမြို့သားများ၏ စီးပွားရေးအခြေအနေမှာ ထိုဒေသသို့ အလည်အပတ်ရောက်လာကြသူ ခရီးသည်များအပေါ်တွင် အမှီပြုလျက် ရှိနေ၏။ မြေပြင်၏

အနေအထား မပြေပြစ်မှုကြောင့် ထိုမြို့ငယ်ကလေးများကိုမူ ကျွန်ုပ်အိမ်မှ လှမ်း၍မမြင်ရချေ။ ကျွန်ုပ်နေသော ရွာ၏အမည်မှာ 'ဖူးလ်ကုံး' ဟု ခေါ်တွင်၏။ သို့သော် ၎င်းမှာ နာမည်ရင်းမဟုတ်ဘဲ၊ အမည်ရင်းကို ဖော်ပြရန် မသင့်သောကြောင့် ကျွန်ုပ်က လှီးလွှဲခေါ်ဆိုသော အမည်ဖြစ်လေသည်။

ကျွန်ုပ်ဖခင် ဘုန်းတော်ကြီး 'ဟမ်ဖရီအာဗူနော့' မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဤနယ်၏ သင်းအုပ်ဆရာကြီးဖြစ်ခဲ့၏။ ဖခင်ကြီး၏ တစ်ယောက်တည်းသောသား ဖြစ်သည့်အတိုင်း ကျွန်ုပ်အား ဖခင်ကြီး၏ အမည်ကိုပင် ပေးကြ၏။ ဤနယ်မှာ ကျွန်ုပ်တို့၏ ဘိုးစဉ်ဘောင်ဆက် ဆွေမျိုးသားချင်းတို့ဖြင့် ဆက်သွယ်မှု ရှိခဲ့သည်ဟု အဆိုရှိ၏။ မည်သို့ဆိုစေ ကျွန်ုပ်တို့ ဘေးဘိုးများက ပါလီမန်ဘက်မှနေ၍ စစ်တိုက်ပေးခဲ့သောကြောင့် ဤနယ်နှင့် ဆက်သွယ်မှုများ ရှိသည်ဆိုသော်လည်း 'ကဲရိုလိုင်း' ခေတ်ကတည်းကပင် ပြတ်တောက်ခဲ့ပြီးဖြစ်လေသည်။

ကျွန်ုပ်၏ ဖခင်မှာ မုဆိုးဖိုကြီးတစ်ယောက် ဖြစ်၍၊ တစ်ကိုယ်တည်း အေးချမ်းစွာ နေထိုင်တတ်သူဖြစ်ရာ၊ ကျွန်ုပ်၏မိခင် စကော့လူမျိုး အမျိုးသမီးကြီးမှာ ကျွန်ုပ်အား မွေးဖွားပြီး မကြာမီပင် ကွယ်လွန်ရှာခဲ့၏။ ဖခင်ကြီးမှာ အကျင့်သီလအားဖြင့် ဗရင်ဂျီဂိုဏ်းဆန်လွန်းလှသဖြင့် ထိုအချိန်ကပင် သူ့ အား ကြည်ညိုသူ နည်းပါးလှ၏။ ဤအိမ်ကြီးသို့ ကျွန်ုပ်ရောက်မလာမီက ဖခင်ကြီးမှာ ထိုအိမ်တွင် နေသူများနှင့် များစွာ မသင့်မြတ်လှပေ။ အိမ်ကြီးကိုပိုင်ဆိုင်သော အိမ်ရှင်မှာ သဘောထားသေးသိမ်ယုတ်ညံ့သော 'အင်ဖီး' ဆိုသူဖြစ်ပြီးလျှင် အရောင်းအဝယ်အလုပ်ဖြင့် ကြီးပွားချမ်းသာလာသူ ဖြစ်၏။ သူသည် ဒေသမျက်နှာဖုံး လူကြီးတစ်ယောက်ဖြစ်၍၊ သင်းအုပ်ဆရာကြီး၏ အသုံးကံကျွေးကို စီမံခန့်ခွဲရသူ လူကြီးတစ်ယောက်ဖြစ်၍ ကျွန်ုပ်ဖခင်အား စိတ်မချမ်းသာအောင် ပြုလုပ်ခဲ့လေသည်။

အထက်ပါ အကြောင်းများကို ဖော်ပြရသည်မှာ ကျွန်ုပ်၏ အဓိဋ္ဌာန်ကို ဤနေရာတွင် ရေးသားလိုသောကြောင့်ဖြစ်၏။ ကျွန်ုပ်၏ အဓိဋ္ဌာန်မှာ "ငါကြီးပြင်းလာလျှင် ဤအိမ်ကြီးကို ရအောင်ဝယ်မည်။ ဒီလူကြီးကို မောင်းထုတ်ပြီး သူ့နေရာကို ငါယူမည်" ဟူသော အဓိဋ္ဌာန်ပင် ဖြစ်၏။ သို့သော် ကျွန်ုပ်၏ အဓိဋ္ဌာန်မှာ ဖြစ်နိုင်ပါမည်လော ဖြစ်နိုင်အံ့မထင် စိတ်ကူးယဉ်ခြင်းမျှသာ ဖြစ်ကောင်းဖြစ်ပေမည်။ အထက်ပါ အဓိဋ္ဌာန်မှာ ကျွန်ုပ်၏ ဘဝတစ်သက်တာ၌ ကျွန်ုပ်စိတ်ထဲတွင် အမြဲကပ်ငြိလျက်ရှိနေ၏။ ကံအားလျော်စွာပင် နောင်နှစ်ပေါင်းများစွာ အတော်ကြာသောအခါ သူ အလိုလိုက်ထားသော သား အကြီးဆုံးသည် ဆိုးသွမ်းပေါ့ရမ်းသည်ထက် အလောင်းအစား အကစားဖက်

၍လာသောအခါ မစ္စတာအင်ဖီးမှာ ထိုအိမ်ကြီးကို ရောင်းရသည့် အခြေအနေ သို့ပင် ဆိုက်ရောက်လာတော့၏။ ထိုအခါ ကျွန်ုပ်မှာ ကျွန်ုပ်ငယ်စဉ်က သူ၏ ခြံမြေထဲတွင် အမဲလိုက်ခွင့်ပေးခြင်း၊ ငါးမျှားခွင့်ပေးခြင်း စသည့် ကျေးဇူးများ ကို ထောက်ထားသဖြင့် သူ့အပေါ်တွင် စိတ်မနာရုံသာမက သနား၍ပင် လာ မိတော့၏။

သင်းအုပ်ဆရာကြီးအဖြစ် ကျွန်ုပ်ဖခင် တာဝန်ယူရသည့် နယ်မြေ ဒေသမှာ ကျဉ်းမြောင်းသော်လည်း ထိုဒေသအတွင်းရှိ လူများကမူ သူ၏ ဗရင် ဂျီဘာသာဆန်လွန်းမှုကို ပဓာနမထားဘဲ သူ့အား လေးစားကြည်ညိုကြ၏။ သူ ဝတ်ပြုသော ဘုရားရှိခိုးကျောင်းကြီးမှာ ဘုန်းကြီးများကိုယ်တိုင် ဆောက် လုပ်ထားသည့်အလျောက် ကြီးမားတင့်တယ်လှ၏။ တနင်္ဂနွေနေ့များတွင် ဘုရားဝတ်ပြုရန် လာသူများနှင့် ပြည့်နှက်လျက်ရှိ၏။ ဝတ်ပြုလာသူများအနက် အချို့မှာ ဗရင်ဂျီဆန်လွန်းလှသော ဘုန်းကြီးကို ကြည့်လိုလှသဖြင့် တစ် ကြောင်း၊ ကျွန်ုပ်၏ဖခင် တရားဟောကောင်းလှသဖြင့်တစ်ကြောင်း ရပ်ဝေး ကပင် လာရောက်ကြ၏။

သူ၏အယူအဆ အတွေးအခေါ်များသည် ကျွန်ုပ်အား များစွာ အထောက်အကူပေးခဲ့၏။ ဘာသာတရားနောက်ကွယ်တွင် ရှိနေသည့် သိမ်မွေ့ နက်နဲ ခက်ခဲသော ပြဿနာအပေါင်းကို တစ်စိတ်တစ်ဒေသမျှ ထင်မြင်သဘော ပေါက်လာစေရန် တံခါးဖွင့်ပေးခဲ့၏။ သို့သော် တစ်ခုခက်သည်မှာ ခက်ခဲ သော ပြဿနာ ၁၀၀ အနက် ၉၉ ခုကို အဖြေရှာမရနိုင်အောင် ရှိ၏။ အဖြေ ကို ရှာဖွေတွေ့ရန်မှာ သူ့ရင်ထဲတွင် ကိန်းအောင်းနေသော အယူအဆ အတွေး အခေါ်များကို မှန်ကန်စွာ အသုံးချလျှင် ရနိုင်မည်ကို သူမတွေးမိ မြေအောက် တွင်ရှိနေသော အဖိုးတန် ရတနာကြောကြီးကို တွေ့ရန်မှာ မြေကို ခပ်နက် နက်တူးမှသာ ရနိုင်မည်ကို သူစိတ်မကူးမိချေ။

သူသည် စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်သည်ဆိုရုံ မျှနှင့်ပင် မလုံလောက်သေးဘဲ သူကဲ့သို့သော လူတစ်ယောက်ကို ကျွန်ုပ် မတွေ့ ဖူးသေးဟု ဆိုရမည်ဖြစ်၏။ သို့သော် မည်သည့်နေရာတွင်မှ ထူးထူးချွန်ချွန် မလုပ်ဟုလည်း ဆိုရမည်ဖြစ်၏။ ရှေးဟောင်းစာပေဘက်တွင် ပထမတန်း တော်သူတတ်သူ ဖြစ်၏။ သင်္ချာဘက်တွင် လူများ လေးစားလောက်အောင် တတ်မြောက်၏။ ကျမ်းစာဘက်တွင်ကား ပါရဂူဖြစ်၏။ နိုင်ငံခြားဘာသာ စာပေများကို မြတ်နိုးလေ့လာသည့် သုတေသီတစ်ဦးလည်း ဖြစ်၏။ ထို့ပြင် လူမှုရေးဗေဒကိုလည်း အလွတ်မပေးချေ။ ဂီတဘက်တွင်လည်း မလစ်ဟင်း စေရ၊ လေသွင်းစန္ဒရားကို ကောင်းစွာ တီးတတ်၏။ သို့သော် တီးပုံမှာ ဌာန်

ကရိဏ်းကျလွန်းလှသဖြင့် နားမသက်သာလှချေ။ မီးခတ်ကျောက်မျိုးနှင့် ပြု လုပ်ထားသော လူသုံးကိရိယာ တန်ဆာပလာ အမျိုးမျိုးကိုလည်း လုပ်ကိုင် ပြင်ဆင်နိုင်သူ ဆရာတစ်ဆူဖြစ်၏။ အသီးအနှံ ပန်းမန် စိုက်ပျိုးခြင်းဘက် တွင်လည်း သူမသိသည်မရှိ၊ ကောင်းစွာသိနားလည်၏။ ဤသည်တို့ကား ကျွန်ုပ်၏ဖခင် တတ်သိသော အတတ်ပညာရပ်အချို့သာဖြစ်၏။ သူသည် တရားဟောရာတွင် သူတတ်မြောက်သော ဘာသာရပ်တစ်ခုခုကို အလျဉ်းသင့် သလို ထည့်သွင်းဟောပြောတတ်သဖြင့် သူဟောသော တရားများကို အလွန် လူကြိုက်များလေသည်။ သူတတ်သိသမျှ ပညာရပ်အားလုံးကို အကုန်အစင် ရေးသားလျှင် ကျမ်းတစ်စောင်ပင် ဖြစ်လောက်ပေသည်။ အတတ်အမျိုးမျိုး လိုလိုကိုပင် သူတတ်ကျွမ်းစေကာမူ တစ်စုံတစ်ရာကို နက်နဲစွာ လေ့လာလိုက် စားခြင်းမရှိက ထိုသူ၏ နာမည်မှာ ပျောက်သွားရစမြဲဖြစ်၏။

ဤနေရာတွင် ကျွန်ုပ်၏အကြောင်းကို ခပ်ရှင်းရှင်းနှင့် ဘွင်းဘွင်းပင် ရေးသားဖော်ပြရပေတော့မည်။ ဤကဲ့သို့မှ မရေးလျှင် ကျွန်ုပ်၏ မှတ်တမ်း မှာ တန်ဖိုးရှိတော့မည်မဟုတ်ပေ။ မဟုတ်သည်ကို အဟုတ်လုပ်၍ ရေးပါက ကျွန်ုပ်၏ မှတ်တမ်းမှာ မှတ်တမ်းမမည်တော့ဘဲ လုပ်ဇာတ်တစ်ခုသာ ဖြစ်၍ သွားပေတော့မည်။ ဥပမာဆိုရသော် အာဟာရဓာတ်ဟူ၍ မြူမှုန်လောက်သာ ပါသည့် ကိတ်မုန့်များကို လူယဉ်ကျေးဆိုသူများက မြိန်ယှက်စွာ စားနေသည် နှင့်ပင် တူပေတော့သည်။

မည်သို့ဆိုစေ၊ ကျွန်ုပ်သည် ဖခင်၏ ပညာရပ်များကို အတော်များ များ ရလိုက်သည်ဟု ဆိုရပေမည်။ ဖခင်ကြီး တတ်မြောက်သည့် မီးခတ် ကျောက်နှင့်ပတ်သက်သည့် အတတ်မျိုးကိုမူ ကျွန်ုပ် လုံးဝ ဝါသနာမပါချေ။ လူမှုရေးနှင့် ဆက်စပ်နေသည့် အတတ်ဟု ဆိုရစေကာမူ ကျွန်ုပ်စိတ်တွင် ငြီး ငွေ့ဖွယ်တစ်ခုဟု ထင်မိ၏။ ဖခင်ကြီးနှင့် ကျွန်ုပ် ခြားနားသော အချက်တစ်ခု မှာ သူသည် စာတွေ့သမားသာဖြစ်၍ ကျွန်ုပ်က လက်တွေ့လိုက်စားသူ ဖြစ် ခြင်းပင် ဖြစ်၏။ အကယ်၍ သူသာ ကျွန်ုပ်ကဲ့သို့ လက်တွေ့သမားဖြစ်ခဲ့ပါမူ သူသည် သင်းအုပ်ဆရာသာမက သာသနာပိုင်အဖြစ် တက်၍ဖြစ်နိုင်မည် ဖြစ် လေသည်။ ထို့ပြင် အခြားအချက်တစ်ချက်မှာ ကျွန်ုပ်၏ ဝမ်းထဲတွင် နက်နဲ စွာ သိတတ်သော အသိစိတ်ဓာတ်တစ်မျိုး ရှိနေခြင်းပင်ဖြစ်၏။ သူသည် ဘာ သာရေး၌ နက်နဲစွာ ကျွမ်းကျင်သည်ဆိုသည့်တိုင်အောင် ဤစိတ်ဓာတ်မျိုး မရှိချေ။

သူသည် ထောက်ထားညှာတာ သနားကရုဏာစိတ် ရှိ၍ ဘာသာ ရေးကို အလွန်ကိုင်းရှိုင်းသူဖြစ်သော်လည်း သူ၏ အသိစိတ်ဓာတ်နှင့် သူ၏

ခံယူချက်မှာ အပေါ်ယံမျှသာဖြစ်၏။ အသီး၏ အခွံကို ကိုက်ဖဲ့ထုတ်ဖယ်ပစ်မှသာလျှင် အတွင်းဘက်မှ အသားကို သုံးဆောင်ခံစားနိုင်သကဲ့သို့ သူသည် အပေါ်ယံအခွံနှင့်သာ ရောင့်ရဲတင်းတိမ်နေသည်နှင့် တူတော့၏။ သူသည် ကျွန်ုပ်တို့၏ ဘာသာတရား၊ ကျွန်ုပ်တို့ ယုံကြည်ချက်များကို သူ၏ အသိဉာဏ်ဖြင့် ရှာဖွေ၏။ စုံစမ်းလေ့လာ၏။ သို့သော် အပေါ်ယံပြဿနာလေးများကိုသာ ဖယ်ရှားပြီးလျှင် နက်ရှိုင်းသည့် အဓိကပြဿနာကြီးများကို ကိုင်တွယ်ရန် သူ့တွင် ဉာဏ်မမီ၊ ပါရမီလည်းမပါ ဖြစ်နေရှာ၏။ အဓိကအချက်ဆိုသည်မှာ လမ်းမှန်သို့ရောက်အောင် ဉာဏ်အလင်းရောင် ပေးနိုင်သည့် စိတ်တည်းဟူသော ဝိညာဉ်ကို တိုက်ရိုက်ကိုင်တွယ်စူးစမ်းနိုင်ခြင်းကို ဆိုလို၏။ စိတ်ဓာတ် (ဝိညာဉ်) သည်သာလျှင် နေရာတကာတွင် အခရာဖြစ်၍ ရုပ်ကောင်ကြီးကို ရှေ့ဆောင်လမ်းပြ ပြုလုပ်သည် မဟုတ်ပါလော။

သူသည် အပေါ်ယံပြဿနာကလေးများကိုသာ လေ့လာလိုက်စားလျက် နက်ရှိုင်းစွာ ရှိနေသည့် အဓိကပြဿနာကို နက်နက်နဲနဲ လေ့လာလိုက်စားခြင်းမပြုချေ။ ယင်းသည်ပင် သူနှင့်ကျွန်ုပ် မတူသောအချက်ဖြစ်၏။ သူသည် သိလျက်နှင့် လမ်းလွဲနေခြင်းဖြစ်၏။ အမှန်တရားကို သိရန် တွန့်ဆုတ်နေသည်နှင့်တူ၏။ ကျွန်ုပ်ဆိုလိုသော စွန့်စားမှုဆိုသည်မှာ လူတို့၏ အတွေ့အကြုံဟု ဆိုအပ်သော ဤမှာဘက်ကမ်းမှနေ၍ သစ္စာတရားတည်းဟူသော ဘဏ္ဍာတိုက်ကို ဖွင့်ရန် သော့ကို ပေးအပ်မည့် ဟိုမှာဘက်ကမ်းရှိ တန်ခိုးတော်အရှင်၏ ရင်ခွင်တွင်းကို ကူးခုန်ခိုအောင်းရန်ဖြစ်၏။ လူများသည် မိမိတို့ယုံကြည်သည့် အခြေခံပျဉ်ချပ်ပေါ်တွင် ရပ်တည်ကာ ထိုပျဉ်ချပ်ကို အားပြုလျက် ပင်လယ်ပြင်ကို ဖြတ်သန်းရန် စိတ်ချရပါမည်လော။ သူတို့ အခြေခံပြု၍ ကူးမည့် ပျဉ်ချပ်မှာလည်း သစ်မျိုးစုံမှ ပျဉ်ချပ်များဖြစ်သဖြင့် သူတို့တစ်ဦးစီ၏ အလေးချိန်ကို ထိုအမျိုးကွဲပြားသော ပျဉ်ချပ်တစ်ခုစီက ခံနိုင်ရည်ရှိပါသလောဟူ၍ သူတို့ မစဉ်းစားမိကြချေ။

ကျွန်ုပ်ကိုယ်တိုင် ရိုးသားစွာ ဝန်ခံရမည်ဆိုလျှင် ကျွန်ုပ်သည် ကျွန်ုပ်၏ဖခင်ထက် ဤအတွေးအခေါ်နှင့် ခံယူချက်တွင် သာလွန်သည်ဟု ထင်မိ၏။ ယုံလည်း ယုံကြည်မိ၏။ သူကိုယ်တိုင်ကလည်း ဤအချက်ကို သဘောတူညီ၏။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ကျွန်ုပ်၏ ခန္ဓာကိုယ်သည် ဖခင်သွေးနှင့် မိခင်သွေးတို့ ရောစပ် ပေါင်းစည်းထားသောကြောင့် ဖြစ်ပေလိမ့်မည်။ သို့မဟုတ်လျှင်လည်း ကျွန်ုပ်၏ နှလုံးသားတည်းဟူသော ဟဒယဓာတ်မှာ ဖခင်၏ နှလုံးသားနှင့် အသွင်သဏ္ဍာန်အားဖြင့် ဆင်တူသော်လည်း ကျွန်ုပ်၏ ဟဒယဓာတ်ဖွဲ့စည်းပုံဒြပ်စင်မှာ ဖခင်၏ နှလုံးသားဖွဲ့စည်းပုံ ဒြပ်စင်နှင့်မတူဘဲ ကွဲပြား

ခြားနားသောကြောင့် ဖြစ်ပေလိမ့်မည်။ ဒြပ်စင်များမှာ အမျိုးပေါင်း ကုဋေကုဋာ ရှိနေသဖြင့် တစ်ခုနှင့်တစ်ခု မတူကြသည်ကို ကျွန်ုပ်တို့ သိကြပါ၏လော။ သဘာဝမိခင်ကြီးသည် ဒြပ်စင်တစ်ခုကို နောက်တစ်ကြိမ် ပြန်၍အသုံးမပြု ချေ။ ထို့ကြောင့်လည်း လူတစ်ယောက်နှင့်တစ်ယောက် မည်သည့်အခါမျှ ထပ်တူထပ်မျှ တူသည်ဟူ၍ လောကကြီးတွင် မရှိချေ။ သူတို့၏ ကိုယ်ခန္ဓာအသားအသွေးတို့မှာ ဓာတုဗေဒနည်းအားဖြင့် တူညီသည်မှန်သော်လည်း ခန္ဓာကိုယ်ကြီးကို လှုပ်ရှားခိုင်းစေလျက်ရှိသော ဒြပ်မှာမူ တစ်ခုနှင့်တစ်ခု မည်သည့်အခါမျှ မတူညီဘဲ ကွဲပြားခြားနားလေသည်။

ကျွန်ုပ်၏ ဖခင်ထက် သာလွန်သော အခြားအချက်တစ်ခုလည်း ရှိသေး၏။ ယင်းသည်ကား ကျွန်ုပ်၏ မိခင်ဘက်မှ ဆင်းသက်ရရှိအပ်သည့် အချက်တစ်ခုပင်ဖြစ်၏။ ကျွန်ုပ်၏မိခင်မှာ ရုပ်ဆင်းသဏ္ဌာန်အားဖြင့် အလွန်ချောမောလှပသူဖြစ်ရာ ကျွန်ုပ်မှာ သူ့ထက်ပင် ပို၍ လှပချောမောသူဖြစ်၏။ ဖခင်ကြီးမှာမူ ကိုယ်လုံးကိုယ်ပေါက်သေးကွေး၍ ခပ်မှိုင်းမှိုင်း အသားအရေရှိသူဖြစ်၏။ နက်ရှိုင်းသော မျက်လုံးများရှိပြီးလျှင် မျက်မှောင်ကြုတ်၏။ ကျွန်ုပ်မှာမူ ဖခင်ကဲ့သို့ အသားရောင် ခပ်မှိုင်းမှိုင်းဖြစ်သော်လည်း ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းကြံ့ခိုင်ပြီးလျှင် အရပ်အမောင်းမှာလည်း အခြားသူများထက်မြင့်၏။ ခံ့ညားထည်ဝါသော အသွင်အပြင်လည်း ရှိ၏။ တက္ကသိုလ်တွင် ကျွန်ုပ်ရှိစဉ်က ကျောင်းသားများသည် ကျွန်ုပ်အား 'ဟမ်ဖရီကိုလှချော' ဟု ခေါ်ဆိုကြ၏။ ကျွန်ုပ်၏ ရုပ်ရည်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကြွားဝါလိုစိတ်မရှိဘဲ ဤမျှလောက်သာ ပြောလိုပါ၏။ တက္ကသိုလ်လှေပြိုင်သင်းတွင် ကျွန်ုပ်က ကပ္ပတိန်ဖြစ်၍ ဆုတံဆိပ်ပေါင်းများစွာလည်း ရရှိခဲ့ဖူးပါ၏။

ဖခင်၏ သင်ကြားပြသမှုမှာ အလွန်ပင် ခရီးရောက်တော့၏။ အောက်စဖို့တက္ကသိုလ်တွင် ကျွန်ုပ် ပညာဆက်လက်သင်ကြားသည်အထိ ဖခင်ဖြစ်သူက အိမ်တွင် ကျွန်ုပ်အား သင်ကြားပြသပေး၏။ ကျွန်ုပ်သည် ကစားခုန်စား ဝါသနာပါခြင်း၊ လူငယ်တို့ဘာဝ စွန့်စားသွားလာမှုတွင် နှစ်သက် ခြင်း၊ တံငါသည်များနှင့် ပေါင်းကာ ပင်လယ်ပြင်တွင် မကြောက်မရွံ့ ခရီး သွားခြင်းစသည်တို့ကြောင့် အိမ်၌ပင် စာသင်ရစေကာမူ ကျွန်ုပ်သည် လူပျော့လူညံ့တစ်ယောက် ဖြစ်၍မလာခဲ့ချေ။ ဤကဲ့သို့ ဖခင်ကြီးထံ သင်ကြားရသည်မှာ တက္ကသိုလ်များ၌ ပညာသင်ကြားရသည်ထက်ပင် ဗဟုသုတရှိ၍ တတ်မြောက်လာခဲ့၏။ ဖခင်ကြီးအား ချစ်မြတ်နိုးသည့်အတိုင်း ကျွန်ုပ်ကလည်း သူသင်ကြားသမျှကို အားကြိုးမာန်တက် သင်ကြားခဲ့၏။ ဤသို့ဖြင့် ကျွန်ုပ်မှာ တက္ကသိုလ်တွင် စကောလားရှစ် ရရှိခဲ့လေသည်။

ကျွန်ုပ်၏ အားနည်းချက်များကိုလည်း ဤနေရာတွင် ဖော်ပြရပေဦးမည်။ ထိုအားနည်းချက်များကြောင့်လည်း ကျွန်ုပ်မှာ မအောင်မြင်ခဲ့ပေ။ ချို့ယွင်းချက်တစ်ခုမှာ ဇီဇာကြောင်လွန်းခြင်းဖြစ်၍၊ အခြားတစ်ခုမှာ အလုပ်တစ်ခုကို ဆုံးခန်းတိုင်လုပ်လျှင် အောင်မြင်ရမည်ဟူသော စကားကို ယုံကြည်မှုကင်းမဲ့ခြင်းပင်ဖြစ်၏။ အမှန်မှာ ယုံကြည်မှုရှိသော လူတစ်ယောက်သည် အလုပ်ကို ဖွဲနပဲဖြင့် လုပ်ကိုင်လျှင် နောက်ဆုံး၌ မုချအောင်ရမည်ဖြစ်၏။ အလုပ်မှာ မည်မျှပင် သေးသိမ်သည်ဖြစ်စေ၊ လူများက အသိအမှတ်မပြုသည်ဖြစ်စေ၊ မြင့်မားသော ရည်ရွယ်ချက်ဖြင့်သာ လုပ်ကိုင်က ထိုအလုပ်ကို မွန်မြတ်သောအလုပ်ဟု ဆိုရပေမည်။ အလုပ်သည် နိဗ္ဗာန်သို့ ပို့ဆောင်နိုင်၏။ ငရဲသို့လည်း ချနိုင်၏။ လူတို့၏ စိတ်ဓာတ်အင်အားနှင့် အလုပ်သည်သာ စကြဝဠာကြီးတစ်ခုလုံးကို လွှမ်းခြုံစိုးမိုးနိုင်၏။ အောင်မြင်မှုကို ရရှိစေနိုင်၏။ ထိုအတွေးအခေါ်နှင့်ပတ်သက်၍ အကျယ်တဝင့် ကျွန်ုပ် မရေးလိုတော့ပေ။ ကျွန်ုပ်ဆိုလိုသည်ကို နားလည်မှုရှိသူတိုင်း အဓိပ္ပာယ်ပေါက်နိုင်ပါသည်။

ဇီဇာကြောင်သည်ဆိုသောစကားကို ရှင်းလင်းဖော်ပြရန် မလွယ်ကူလှချေ။ ဂန္ဓာရုံခံစားရာ၌ စူးရှထက်မြက်သူတစ်ယောက်သည် အလွန် စင်ကြယ်သန့်ရှင်းသော မြို့ကြီးတစ်မြို့အတွင်းသို့ လမ်းလျှောက်သွားမည်ဆိုပါက အခြားသူများ အမှတ်မထင်ဖြစ်သော ငါးညှီနံ့၊ သို့မဟုတ် အပုပ်နံ့ကလေးတစ်ခုကို သူ ချက်ချင်း ခံစားနိုင်မည်ဖြစ်၏။ နှစ်ပေါင်းများစွာပင် ကြာရှိစေကာမူ၊ ထိုမြို့ကြီးအကြောင်းကို စဉ်းစားမိသောအခါ ပထမဦးစွာ သူသတိရမည့်အချက်မှာ ထိုအချိန်က သူခံစားခဲ့မိသော ထိုအညှီနံ့ကလေးပင် ဖြစ်၏။ ယင်းသည်ကား ဂန္ဓာရုံကို ခံစားရာတွင် အခြားသူများထက် ပို၍ခံစားနိုင်သည့် စူးရှထက်မြက်သော နိမိတ်လက္ခဏာပင် ဖြစ်တော့၏။ ဤကဲ့သို့သော လူမျိုးတစ်ယောက်သည် အခြားအာရုံခံစားမှုများ၌လည်း အကောင်းကိုမြင်သည် ထက် အပြစ်အနာအဆာဖြစ်သော အဆိုးကိုသာ မြင်တတ်လေသည်။

ဥပမာပြရမည်ဆိုသော် မိန်းမချောတစ်ဦးကို အစားကြီးသည်ဟုလည်းကောင်း၊ သို့မဟုတ် အသံစူးရှသည်ဟုလည်းကောင်း သူ့သဘောနှင့် မတွေ့တတ်ပေ။ အမဲလိုက်ရာတွင် အမဲလိုက်သည်ထက် တောတောင်သဘာဝရှုမြင်ခင်းကို အာရုံစိုက်တတ်ခြင်း၊ ငါးမျှားရာတွင် ငါးစာကို ငါးဟပ်သည်ထက် ခြင်ကိုက်သည်ကို ပို၍ အာရုံစူးစိုက်တတ်ခြင်း စသည့် ဇီဇာကြောင်မှုများ ရှိတတ်၏။ ထိုလူမျိုးသည်ကား 'လူ့ဝွစာ' ကဲ့သို့ဖြစ်ကာ မည်သည့်အခါမျှ ကမ္ဘာကြီးနှင့် ပဏာမစားချေ။ ဤကဲ့သို့ ဇီဇာကြောင်တတ်သူများမှာ လူတန်းစားမရွေး၊ အလွှာအသီးသီးတွင် ရှိနေတတ်လေသည်။ ထိုအကျင့်မျိုးမှာ

သူတို့တွင် ရိုးတွင်းချဉ်ဆီသို့တိုင်အောင် စွဲနေတတ်ပြီးလျှင် မည်သည့်အခါမျှ ဖျောက်ဖျက်၍ မရတော့ချေ။

ကျွန်ုပ်၏ ဒုတိယချို့ယွင်းချက်မှာ ပထမချို့ယွင်းချက်တွင် မြစ်ဖျားခံသည်ဟု ဆိုရပေမည်။ ကောလိပ်မှ ထွက်ခဲ့ပြီးလျှင် ဥပဒေ စာမေးပွဲများကို အောင်မြင်ပြီးနောက် ကျွန်ုပ်သည် ဝတ်လုံတစ်ယောက်ဖြစ်လာ၍ ဝါရင့်သော ဝတ်လုံကြီးတစ်ဦးနှင့် တွဲဖက်ကာ ပညာဆည်းပူးရင်း ဝတ်လုံလိုက်လျက် ရှိနေ၏။ ကျွန်ုပ်မှာ ထိုဝတ်လုံကြီး၏ အကူအညီဖြင့်လည်းကောင်း၊ အခြား အဆက်အသွယ်ကောင်းမှုကြောင့်လည်းကောင်း ဝတ်လုံစ၍ လိုက်သည့်နှစ်၌ပင် အမှုများ အတော်အသင့် ရလာပြီးလျှင် ဝင်ငွေလည်း အထိုက်အလျောက် ကောင်း၍လာခဲ့၏။ ကျွန်ုပ်၏ မှတ်ဉာဏ်ကောင်းမှုနှင့် အလုပ်တွင် ကြိုးစားမှုတို့ကြောင့် ကြီးပွားတိုးတက်လာခြင်း ဖြစ်၏။

တစ်နေ့တွင် ကျွန်ုပ်၏ဆရာဖြစ်သူ ဝတ်လုံကြီး နေထိုင်မကောင်းသဖြင့် အမှုတစ်ခုကို လိုက်ရလေရာ၊ အမှုမှာ အမွေမှုတစ်ခုဖြစ်၍ အမှု၏ ဖြစ်ရပ်များကို လေ့လာသောအခါ ကျွန်ုပ်၏ အမှုသည်မှာ အဓိပတိလူလိမ်ကြီး တစ်ယောက်ဖြစ်ကြောင်း သိရ၏။ သူသည် လက်မှတ်လိမ်ဖြင့် အမျိုးသမီးကြီး နှစ်ယောက်အား တရားစွဲဆိုထားခြင်းဖြစ်၏။ ထိုအမှု၌ သူနိုင်လျှင် တရားခံ မိန်းမကြီးနှစ်ယောက်မှာ ပစ္စည်းလက်မဲ့ဖြစ်ကာ တောင်း၍စားရမည့် အခြေအနေမျိုးသို့ပင် ရောက်၍သွားနိုင်၏။ ကျွန်ုပ်၏ ဥပဒေကျွမ်းကျင်မှုကြောင့် သူသည် အမှုကို နိုင်သွားရာ၊ မိန်းမကြီးနှစ်ယောက်မှာ တစ်ခါတည်း ပစ္စည်း လက်လွတ်ဖြစ်သွားတော့၏။ သို့ဖြင့် တစ်ယောက်မှာ တိုက်ခန်းငှားစားသူ မြေပိုင်ရှင်တစ်ဦးထံတွင် အခန်းများကို စောင့်ရှောက်ရသည့် လခစားဘဝသို့ ရောက်သွားပြီးလျှင် အခြားတစ်ယောက်မှာ စိတ်ကို ထိခိုက်သဖြင့် မကြာမီပင် ကွယ်လွန်သွားရှာလေသည်။ အမှု၏ အသေးစိတ် အကြောင်းအရာများကို ရေးသားဖော်ပြရန် လိုမည်မထင်ပေ။ သို့သော် ကျွန်ုပ်တစ်ခုပြောလိုသည်မှာ မိန်းမကြီးနှစ်ယောက်အား ကျွန်ုပ်က ဖြတ်ထိုးမေးခွန်းများ ထုတ်သောအခါ အယောင်ယောင်အမှားမှား ဖြေဆိုကြ၍ မုသားထွက်ဆိုသည်ဟု အထင်ရောက်စေ၏။ တရားသူကြီးသည် ကျွန်ုပ်လှည့်ပတ်သည်ကို သံသယရှိသော်လည်း၊ ဂျူရီလူကြီးများမှာ ကျွန်ုပ်လှည့်ပတ်သည်ကို မရိပ်မိသဖြင့် ကျွန်ုပ်က အနိုင်ရခြင်းဖြစ်လေသည်။

စကားစပ်မိ၍ ပြောရမည်ဆိုလျှင် နောင်နှစ်ပေါင်းအတော်ကြာလာ၍ ကျွန်ုပ် ငွေကြေးချမ်းသာလာသောအခါ ထိုကျန်ရစ်သော အိမ်ခန်းစောင့် အလုပ်လုပ်သူ မိန်းမကြီးအား သူ၏ ဆင်းရဲသောဘဝမှ လွတ်မြောက်ရန် ကယ်

တင်ပေးလိုက်နိုင်၏။ သို့သော် သူ့အား ကယ်တင်ပေးလိုက်သူမှာ မည်သူမည်ဝါဖြစ်ကြောင်း ယနေ့တိုင် သူမသိရှာပေ။ သို့နှင့် ကျွန်ုပ်သည် ဝတ်လုံအလုပ်ကို တစ်စတစ်စ ငြီးငွေ့၍ လာကာ တဖြည်းဖြည်း အလုပ်မှ မသိမသာ ရပ်နားခဲ့လေသည်။ ထို့နောက် ကျွန်ုပ်လည်း ဝတ်လုံအလုပ်ကို လုံးဝစွန့်ပစ်ကာ စာရေးဆရာဘဝသို့ ရောက်ရှိခဲ့လေသည်။

ကံကောင်းထောက်မ၍ပေလော မသိ၊ ကျွန်ုပ် ပထမဆုံးရေးသော စာအုပ်မှာ အောင်မြင်မှုရရှိခဲ့၏။ ဂျာနယ်ကြီးတစ်စောင်ကမူ စာရေးဆရာကောင်းတစ်ယောက်တွေ့ပြီ ဟူသော ခေါင်းစဉ်ဖြင့် တခမ်းတနား ချီးကျူးဝေဖန်ခဲ့ရာ ကျွန်ုပ်၏နာမည်မှာ အတော်ပင် လူသိများလာ၍ စာအုပ်မှာ ရောင်းမလောက်ဖြစ်သွားတော့၏။ ထိုစာအုပ်ကို ယခုတိုင် လူများ ဖတ်လျက်ရှိရာ စာရေးသူ၏ အမည်ရင်းကို မဖော်ဘဲ ကလောင်အမည်နှင့်သာ ရေးသားလိုက်သဖြင့် လူအနည်းငယ်မှတစ်ပါး ကျွန်ုပ်ရေးသည်ကို မသိကြချေ။

ဤသို့ အောင်မြင်မှုရရှိသောအခါ ကျွန်ုပ်လည်း ပထမစာအုပ်ထက်ကောင်းသည်ဟု ထင်ရသော စာအုပ်ကို ရေးရန် စိုင်းပြင်းလေတော့၏။ သို့သော် မထင်ရှားသေးသော စာရေးဆရာတစ်ဦးက ရေးသားသော စာအုပ်ဖြစ်သဖြင့် မနာလိုဝန်တိုသူများ ပေါ်ပေါက်လာတော့၏။ ကျွန်ုပ်၏စာအုပ်ကို ဝေဖန်သူအား ကျွန်ုပ်က ဆောင်းပါးတစ်စောင်ဖြင့် ပြန်၍နှက်လိုက်မိ၏။ ထိုဆောင်းပါးမှာ ဒေါသထွက်ထွက်နှင့် ရေးသော ဆောင်းပါးဖြစ်သဖြင့် နာမည်များကိုပင် ဖော်ထုတ်ရေးသားလိုက်မိ၏။ ကျွန်ုပ်၏စာအုပ်ကို ကဲ့ရဲ့ရှုတ်ချပြီးမှ အခြားသူများနှင့် သံယောင်လိုက်ကာ တစ်ဖန် ပြန်၍ ချီးမွမ်းခန်းဖွင့်သော ဂျာနယ်၏ အမည်ကိုပါ ဖော်ထုတ်ရေးသားလိုက်လေသည်။ ဤသည်မှာ ကျွန်ုပ်တွင် ရန်သူများ ပေါ်လာခြင်း၏ အကြောင်းရင်းဖြစ်ပေသည်။

ထိုစာအုပ်မှာ စောင့်စည်းအပ်သော လူ့ကျင့်ဝတ်ကို တော်လှန်သော စာအုပ်၊ ဘာသာတရားကို ပက်လက်မှောက်ခုံဖြစ်အောင် လုပ်သော စာအုပ်ဟု ပက်ပက်စက်စက် ဝေဖန်ရေးသားကြ၏။ ထိုအချိန်က ဤကဲ့သို့ ဝေဖန်ခြင်းမျိုးမှာ အဆိပ်မြားနှင့် ပစ်သကဲ့သို့ ရှိတော့၏။ ပညာတစ်ပိုင်းတစ်စတတ်သူ၏ လက်ရာဟု ဆိုကြသေး၏။ အခြားသူများ၏ စာပေကို ခိုးချသည့် 'စာသူခိုး' ဟုလည်း စွပ်စွဲကြ၏။ သူတို့၏ ဝေဖန်ချက်များမှာ အတော်ပျံ့နှံ့သွားသဖြင့် လူထုကပင် ကျွန်ုပ်အား ယုတ်ညံ့သော စာပေသူခိုးဟု မှတ်ချက်ချလာတော့၏။ ကျွန်ုပ်၏ဖခင်ကြီးကပါ ထိုစာအုပ်နှစ်အုပ်ကို သူမနှစ်သက်ကြောင်းဖြင့် ဖွင့်ဟပြောဆိုတော့၏။ ကျွန်ုပ်၏ စာအုပ်နှစ်အုပ်မှာ ပြုပြင်ပြောင်းလဲရေးကို လှုံ့ဆော်သည့်သဘော၊ ဘာသာရေးကို ဆန့်ကျင်သည့်သဘော အတန်ငယ်

ပါရှိသည်ကို ကျွန်ုပ်ဝန်ခံပါ၏။ ဤစာအုပ်များအတွက် ဖခင်ကြီးနှင့် ကျွန်ုပ်မှာ ကတောက်ကဆ ဖြစ်ခဲ့ရပါ၏။ ထို့နောက် ဖခင်ကြီးနှင့်မှ စကားပြေလည်အောင် မပြောနိုင်မီ ဖခင်ကြီးမှာ ရုတ်တရက် ကွယ်လွန်သွားရှာခဲ့လေသည်။

သို့နှင့် ကျွန်ုပ်လည်း နောက်ထပ်စာမရေးရန် အခိုင်အမာ သန္နိဋ္ဌာန်ချလိုက်တော့၏။ ယခုရေးနေသည်မှာ စာအုပ်အဖြစ် ထုတ်ဝေရန် ရည်ရွယ်ချက်လည်းမရှိ၊ အမြတ်အစွန်းရရန် စိတ်ကူးထဲတွင်လည်း မထည့်သောကြောင့် ကျွန်ုပ် သန္နိဋ္ဌာန်ချမှတ်ခဲ့သည်ကို ချိုးဖောက်ရာမရောက်ဟု ယူဆပါသည်။ အသက်မွေးဝမ်းကျောင်းအတွက် စာရေးသည့်အလုပ်ကို စ၍လုပ်ကိုင်မိရာ ကျွန်ုပ်၏ ကြိုးပမ်းချက်မှာ ဒုတိယအကြိမ်မြောက် ရေစုန်တွင် မျောခဲ့ရပြန်လေသည်။ ယခုအချိန်၌ ကျွန်ုပ်မှာ စိတ်ရိုင်းစိတ်မိုက်များ ဝင်ကာ ကလဲ့စားချေလိုသော စိတ်ကသာ လွှမ်းမိုး၍နေမိ၏။

ကျွန်ုပ်မှာ လုပ်ရည်ကိုင်ရည်ရှိသူတစ်ယောက် ဖြစ်ပါလျက် ဤကဲ့သို့ဖြစ်ရသည်ကို တနုံ့နုံ့ ပြန်၍စဉ်းစားရင်း 'ငါဘာလုပ်ရင် ကောင်းမလဲ' ဟု စဉ်းစား၍နေမိ၏။ ထိုအခါ 'ငွေသည် တန်ခိုးသတ္တိ' ဟူသော ဆိုရိုးစကားကို သတိရလာမိ၏။ ကျွန်ုပ်လက်ထဲ၌သာ ငွေအမြောက်အမြားရှိက သူတို့အား နည်းအမျိုးမျိုးဖြင့် ပြန်၍ကလဲ့စားချေနိုင်မည် မဟုတ်ပါလော။ ထိုမျှသာမက လက်ထဲတွင် ငွေကြေးသာရှိက ကျွန်ုပ်ဆန္ဒအတိုင်း စိတ်တိုင်းကျ နေထိုင်နိုင်မည့်အပြင် ကုသိုလ်တရားကိုလည်း ပွားများအားထုတ်နိုင်မည် မဟုတ်ပါလော၊ ငွေရအောင် ကျွန်ုပ် ဘာလုပ်ရမည်နည်း။

ဖခင်ကြီး ကွယ်လွန်သွားသောအခါ ကျွန်ုပ်သည် အမွေအဖြစ် ငွေပေါင် ၈၀၀၀ ရလိုက်၏။ ထို့ပြင် ကျွန်ုပ်ရေးခဲ့သည့် စာအုပ်နှစ်အုပ်မှ ရသောငွေလည်း အတော်အသင့်ရှိသေး၏။ ကျွန်ုပ်၏ဖခင်၌ ညီဝမ်းကွဲတစ်ယောက်ရှိရာ ၎င်းမှာ ကုမ္ပဏီအစုရှယ်ယာများ ရောင်းဝယ်ရာတွင် ပွဲစားအဖြစ် လုပ်ကိုင်နေသူဖြစ်၍ ထိုအလုပ်ဖြင့် ကြီးပွားလျက်ရှိ၏။ ၎င်းမှာ စိတ်ကောင်းသဘောကောင်းရှိသူတစ်ယောက် ဖြစ်သည့်ပြင် ကျွန်ုပ်ကိုလည်း အတော်ခင်မင်သောကြောင့် ကျွန်ုပ်က သူ၏လုပ်ငန်းတွင် အရင်းအနှီးအဖြစ် ငွေပေါင် ၅၀၀၀ ထည့်ဝင်လိုကြောင်း၊ အလုပ်မှရသည့်အမြတ်ကို ကျွန်ုပ်ထည့်ထားမည့် ငွေရင်းအတွက် အချိုးကျ ရယူလိုကြောင်း ပြောပြလေသည်။ ဤကဲ့သို့ ကျွန်ုပ်၏ စည်းစိမ်ကို ပုံ၍ 'အော' လိုက်သဖြင့် ဦးလေးဖြစ်သူက ရယ်သွမ်းသွေးလျက် . . .

"နေပါဦး ငါ့တူရဲ့၊ မင်းက ဒီလုပ်ငန်းမှာ ဘာမှ အတွေ့အကြုံ ရှိသေးတာမဟုတ်ဘူး၊ တစ်လထဲမှာပဲ ဒီငွေထက်မက ရှုံးသွားနိုင်တယ်၊ ဒါပေ

မဲ့ ဦးလေးကတော့ မင်းသတ္တိကို ကြိုက်သဟေ့ . . . နောက်ပြီး ဦးလေး ကလည်း မင်းရဲ့အကူအညီကို လိုနေတာနဲ့ အတော်ပဲ၊ မင်းကိစ္စကို ဦးလေး စဉ်းစားပြီး စာရေးလိုက်မယ် ဟုတ်လား”

ဟု ပြောလိုက်၏။

နောက်ဆုံးတွင် ဦးလေးထံမှ ပြန်စာရရှိရာ ထိုစာတွင် ကျွန်ုပ်အား အစမ်းသဘောဖြင့် တစ်နှစ်လုပ်ကိုင်ရန်အကြောင်း၊ ထိုအချိန်အတွင်း ကျွန်ုပ်အား ပုံသေလစာ ပေးထားမည့်အကြောင်း၊ နောင်အခါတွင် ကျွန်ုပ်၏ လုပ်ရည်ကိုင်ရည်ကို ကြည့်ပြီးလျှင် သူ၏အလုပ်၌ ပါတနာအဖြစ် ကျွန်ုပ်အား လက်ခံမည်ဖြစ်ကြောင်း၊ ကျွန်ုပ်ထည့်ဝင်မည်ဆိုသော ပေါင် ၅၀၀၀ ကို ယခု အချိန်တွင် ထည့်ဝင်ရန် မလိုသေးကြောင်း ပါရှိလေသည်။

ကျွန်ုပ်မှာ လူငယ်တစ်ယောက်ဖြစ်သည့်အတိုင်း ယခုရေတွင်းတူးလျှင် ယခုရေကြည်သောက်ချင်သော စိတ်ရှိသဖြင့် ဦးလေး၏ အဆိုပြုချက်ကို လက်မခံချင် ခံချင်ဖြင့်ပင် လက်ခံလိုက်ရ၏။ ဦးလေး၏အလုပ်ထဲသို့ ဝင်ရောက်လုပ်ကိုင်ပြီးသည့်နောက် မကြာမီပင် အလုပ်သဘောကို ပိုင်ပိုင်နိုင်နိုင်ကြီး သိရှိလာတော့၏။ ကျွန်ုပ်မှာ ကောလိပ်တွင်ရှိစဉ်က သင်္ချာဘာသာကို ပထမတန်းအဆင့်ဖြင့် အောင်မြင်ထားသူဖြစ်ရာ ထိုပညာရပ်ကပင် ကျွန်ုပ်အားကောင်းစွာ အထောက်အကူပြုလေသည်။ ထို့ပြင် ဥပဒေပညာနှင့် အခြားပရိယတ္တိစာပေများကလည်း များစွာ အကူအညီပေးလေသည်။ ကျွန်ုပ်မှာ ငွေအလုံးအရင်းနှင့် လုပ်ရသည့်အလုပ်ကို အထူးဝါသနာပါသည့်အပြင် ကုသိုလ်ကံကလည်း လိုက်၍နေသဖြင့် အလုပ်တွင် ရှုံးသည်ဟူ၍မရှိ၊ မြတ်သည်ချည်းသာ ရှိနေတော့၏။

တစ်နှစ်အတွင်း၌ပင် ကျွန်ုပ်သည် ဦးလေး၏ လုပ်ငန်း၌ ပါတနာဖြစ်လာခဲ့၏။ ဒုတိယနှစ်သို့ရောက်သောအခါ နုတ်ထွက်သွားသော ပါတနာတစ်ယောက်၏နေရာကို ကျွန်ုပ်က ဝင်၍ ယူလိုက်ရာ အမြတ်အားလုံး၏ သုံးချိုးတစ်ချိုး ရရှိခဲ့လေသည်။ တတိယမြောက်နှစ်တွင် ဦးလေးဖြစ်သူက ကျွန်ုပ်၏ လုပ်ရည်ကိုင်ရည်ကို အားရကျေနပ်ကာ လုပ်ငန်းကို ကျွန်ုပ်အား လွှဲထားပြီးလျှင် သူကိုယ်တိုင် ဝါသနာပါသည့် ခြံအလုပ်ကိုသာ လုပ်ကိုင်လျက် ရှိနေတော့၏။ စတုတ္ထမြောက်နှစ်တွင် ကျွန်ုပ်က ဦးလေး၏ ရှယ်ယာငွေရင်းကို တစ်ပြားမကျန် ပြန်၍ အမ်းနိုင်သည့် အခြေသို့ ရောက်ရှိလာတော့၏။ ကုမ္ပဏီကို မူလအမည်ရင်းအတိုင်း ထားရှိရန် သဘောတူပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်သည် အလုပ်ကို ဆက်လက်လုပ်ကိုင်လျက်ရှိ၏။ လုပ်ငန်းမှာ တဖြည်းဖြည်း တိုးတက်လာပြီးနောက် တစ်ကြိမ်တွင် အလုံးအခဲဖြင့် အမြတ်ကြီးရလိုက်ရာ

လူအတော်များမှာ ဆုံးရှုံးရလေသည်။ ကျွန်ုပ်လည်း အရဲစွန့်ကာ အစုရှယ် ယာ အမြောက်အမြား ဝယ်ယူထားလိုက်၏။ စနေတစ်နေ့တွင် စာရင်းများကို စစ်ဆေးကြည့်ရာ ပေးချေရန် ငွေအားလုံးကို ပေးချေလိုက်လျှင် ကျွန်ုပ်အတွက် ငွေပေါင်နှစ်သောင်းခန့်မျှ ရှိနေသည်ကို တွေ့ရ၏။ ထို့နောက် နှစ်ပတ်အကြာ စနေနေ့တွင် စစ်ဆေးကြည့်ပြန်ရာ ကျွန်ုပ်ပိုင်ငွေမှာ ပေါင်တစ်သိန်းငါးသောင်း သုံးထောင်အထိ တက်လာသည်ကို တွေ့ရလေသည်။

နောက်တစ်နှစ်တွင် ကျွန်ုပ်သည် အလုပ်ကို ယခင်ကထက် တိုးတက် လုပ်ကိုင်လေရာ တစ်နှစ်ကုန်ဆုံး၍ စာရင်းစစ်လိုက်သည့်အခါ အကြမ်းဖျဉ်း ကျွန်ုပ်ကိုယ်ပိုင်ငွေမှာ ၁ သန်းခွဲအထိ တက်လာ၏။ ကျွန်ုပ်မှာ အလုပ်ပင်ပန်း လှပြီဖြစ်၍ ဝမ်းမြောက်ရန်ပင် အချိန်မရသကဲ့သို့ ရှိနေ၏။ ဤမျှလောက် ငွေကို ပိုင်ဆိုင်ရန် ပင်ပန်းကြီးစွာ ကြိုးပမ်းရသဖြင့်တစ်ကြောင်း၊ မြို့ကြီးပြ ကြီးတွင် နေထိုင်ရသည်မှာ ကြာပြီဖြစ်သဖြင့်တစ်ကြောင်း၊ မြို့ကြီးပြကြီးမှ လူနေမှုစနစ်များကို ငြီးငွေ့လာပြီဖြစ်သဖြင့်တစ်ကြောင်း၊ ကျွန်ုပ်၏ ဇီဇာ ကြောင်မှုနှင့် ဖွဲ့နပဲမရှိမှုတို့သည် ကျွန်ုပ်၏စိတ်ဓာတ်ကို ဖမ်းစားစ ပြု၍လာ တော့၏။

အခြားဆိုးရွားသည့် အချက်တစ်ချက်ကိုလည်း ကျွန်ုပ် စဉ်းစားမိပြန် ၏။ ယင်းသည်ကား အခြားမဟုတ်၊ ကျွန်ုပ်က လိမ္မာပါးနပ်စွာ ဈေးကစား လိုက်သဖြင့် ထောင်ပေါင်းများစွာသော လူတို့မှာ အဆမတန် ပျက်စီးဆုံးရှုံး သွားရခြင်းပင်ဖြစ်၏။ ကျွန်ုပ်ကဲ့သို့ တော်တည့်ဖြောင့်မှန်သူတစ်ယောက်က ယခုကဲ့သို့ အခြားသူများ ဆုံးရှုံးနစ်နာ၍ ဒုက္ခရောက်အောင် ပြုလုပ်လိုက်ခြင်း မှာ သင့်လျော်ပါ၏လောဟုလည်း စဉ်းစားမိပြန်၏။ ကျွန်ုပ်မှာ ယခု ချမ်းသာ နေပြီဖြစ်၍ အနိုင်နှင့်ပိုင်းကာ အဘယ်ကြောင့် ဘဝ၏ ချမ်းသာသုခကို မစံစား ရအံ့နည်းဟု စဉ်းစားမိ၏။

ကျွန်ုပ်မှာ အကင်းပါးသူ၊ လာဘ်မြင်သူတစ်ယောက် ဖြစ်သော်လည်း တစ်သမတ်တည်း မြတ်စွန်း၍မနေနိုင်၊ တစ်သက်လုံး မိုးကောင်း၍နေမည် မဟုတ် ဟူသော အချက်ကိုလည်း စဉ်းစားမိပြန်၏။ တစ်ချက်ချော်လျှင် သူဌေး ဘဝမှ ခွေးဘဝသို့ ချက်ချင်းရောက်သွားနိုင်၏။ သို့နှင့် ကျွန်ုပ်လည်း ၅ မိနစ် အတွင်း၌ပင် ချက်ချင်း သန္နိဋ္ဌာန်ချလိုက်လေသည်။ သို့နှင့် ကျွန်ုပ်လည်း ဂျူ နီယာ ပါတနာများကို ခေါ်လိုက်ပြီးလျှင် ကုမ္ပဏီမှ ကျွန်ုပ် ချက်ချင်း နုတ် ထွက်တော့မည့်အကြောင်းကို ကြေညာလိုက်လေသည်။ ထိုအခါ သူတို့အား လုံးပင် စိတ်အားငယ်၍ သွားကြပြီးနောက် စိတ်ခပ်ဆတ်ဆတ် ပါတနာတစ် ယောက်က ကျွန်ုပ် နုတ်ထွက်သွားလျှင် သူတို့၌ ငွေကြေးမပြည့်မစုံဖြစ်၍ သွား

မည့်အကြောင်း ပြောကာ ကျွန်ုပ်ပြုလုပ်ပုံမှာ လမ်းမကျကြောင်း ဖွင့်၍ပြောလေသည်။ ထိုအခါ ကျွန်ုပ်က ခပ်ရိုင်းရိုင်း ပြန်ပြောရန် စိတ်ကူးမိသေး၏။ သို့သော် သူပြောသော စကားများမှာ အမှန်ဖြစ်ကြောင်း သိရှိသဖြင့် အလျှော့ပေးလိုက်လေသည်။

“ကဲ . . . ဒီလိုဆိုရင် ကောင်းပြီ၊ ကျုပ် ကုမ္ပဏီမှာ ငွေ ပေါင်ခြောက်သိန်းထားပစ်ခဲ့မယ်၊ အတိုးကတော့ ၅ ရာခိုင်နှုန်းပဲ၊ ဒါပေမဲ့ ကုမ္ပဏီက မြတ်တဲ့အမြတ် ကျုပ်ကို ခွဲပေးဖို့ မလိုဘူး”

ဟု ပြောကာ သူတို့အား ကျွန်ုပ်က နှစ်သိမ့်လိုက်၏။

အထက်ပါ စည်းကမ်းချက်အတိုင်း ကျွန်ုပ်သည် ကုမ္ပဏီမှ နုတ်ထွက်ခဲ့ရာ ငွေစျေးများမှာ မမျှော်လင့်ဘဲ ကျဆင်းသွားသဖြင့် ကုမ္ပဏီမှာ ခြောက်သိန်းဆုံးရှုံးသွားသည်ဟု ကြားသိရ၏။ သို့သော် ယင်းငွေခြောက်သိန်းမှာ သူတို့၏ ငွေမဟုတ်ဘဲ ကျွန်ုပ်ထားခဲ့သောငွေသာ ဖြစ်လေသည်။ ကျွန်ုပ်ကလည်း ထိုငွေကို မည်သည့်အခါမျှ သူတို့ထံမှ ပြန်၍ မတောင်းတော့ချေ။

## ဇက်ခတင်နှင့် ဇနိကာလီ

ဤသို့ဖြင့် ကျွန်ုပ်မှာ အလုပ်လက်မဲ့ ဖြစ်မှန်းမသိ ဖြစ်လာတော့၏။ အလုပ်လက်မဲ့ဆိုသော်လည်း လက်ထဲတွင် ငွေကိုးသိန်းပိုင်ဆိုင်နေသူဖြစ်၍၊ အင်္ဂလန်တွင် မကြီးကျယ်လှသော်လည်း နည်းသောငွေမဟုတ်ချေ။ သန်းပေါင်းများစွာ ရအောင်ရှာမည်ဟု အိပ်မက် မက်ခဲ့သော်လည်း ဤမျှသော ငွေသည်ပင် မနည်းလှပေ။ ကျွန်ုပ်အတွက် ကောင်းစွာ လုံလောက်ပေပြီ။ သို့နှင့် ကျွန်ုပ်လည်း ငွေကြေးတိုးပွားစေရန် မလုပ်ကိုင်တော့ဘဲ၊ ငွေခေါင်းကွဲ၍ မသွားစေရန် ၄ ရာခိုင်နှုန်း အတိုးဖြင့် မဆုံးရှုံးနိုင်သော ပစ္စည်းများကို အပေါင်ခံပြီးလျှင် အပေါင်ခံလုပ်ငန်းကို လုပ်ကိုင်တော့၏။ ဤအချိန်လောက်၌ ကျွန်ုပ်လည်း 'ဖူးလ်ကုံး' ရှာရှိ အိမ်ကြီးကို ဝယ်ယူလိုက်၏။ ဤသို့ဝယ်ယူပြီးနောက် ပြင်ဆင်မွမ်းမံရသည့် စရိတ်များဖြင့် ပေါင်းလိုက်သောအခါ၊ ပေါင်တစ်သိန်းခွဲအထိ ခိုက်၍သွား၏။ ဤသို့ မွမ်းမံလိုက်သဖြင့်လည်း အိမ်ကြီးမှာ ပထမတန်းစားအိမ်ကြီးအဖြစ်သို့ ရောက်ရှိလာပြီးလျှင် အပေါင်ခံ၍ရသော အတိုးငွေများကို ကျွန်ုပ်၏ စားဝတ်နေရေးအတွက် ထားရှိ၏။ အကယ်၍ ပိုလျှံလာလျှင်လည်း ကောင်းစွာ စုဆောင်းထားခဲ့လေသည်။ အိမ်ကြီးကို ဝယ်ယူပြီးနောက် ပြင်ဆင်မွမ်းမံရခြင်း၊ အိမ်ထောင်ပရိဘောဂများကို ဝယ်ယူကာ နေသားတကျထားရှိခြင်း၊ ဖခင်ကြီးအား သတိရသည့် အထိမ်းအမှတ်ဖြင့် ဘုရားရှိခိုးကျောင်းကို ပြုပြင်မွမ်းမံခြင်း၊ မိမိနေထိုင်စားသောက်မှုအတွက် စီမံခန့်ခွဲရခြင်း စသည်တို့ဖြင့် အချိန်မှာ တစ်နှစ်ခန့်မျှ ကုန်လွန်သွားခဲ့လေသည်။

ကိစ္စအားလုံး ပြီးစီးသွားသောအခါ ကျွန်ုပ်မှာ လုပ်ကိုင်ရန် ဟူ၍ အလုပ်မရှိတော့ဘဲ အချိန်များသာ ကုန်လွန်သွားရတော့၏။ တစ်နှစ်လျှင် ငွေ

ပေါင် နှစ်သောင်းခန့် ကျွန်ုပ်မှာ ဝင်ငွေရှိ၏။ သို့သော် ထိုငွေများကို မည်သည့် နေရာတွင်မျှ သုံးစွဲရန်မရှိသဖြင့် ‘ငွေရှိ၍ ဘာကျေးဇူးရှိမည်နည်း’ ဟု စဉ်းစားမိ၏။ ပရိဘောဂများနှင့် တန်ဖိုးကြီးသော ပန်းချီကားကြီးများကို ဝယ်ရန်မှာလည်း အိမ်တွင် ထားစရာမရှိသလောက် ဖြစ်နေပြီဖြစ်၏။

ကျွန်ုပ်သည် ကျန်းမာသန်စွမ်း၏။ ငွေကြေးလည်း ချမ်းသာ၏။ ချမ်းသာသဖြင့်လည်း လူများ၏ ယုံကြည်လေးစားခြင်းကို ခံရ၏။ ထိုအချိန်က ကျွန်ုပ်မှာ အသက် ၃၀ ကျော်မျှသာ ရှိသေး၍ ကျန်းမာချမ်းသာသူတစ်ယောက် ဖြစ်သော်လည်း လုပ်ကိုင်စရာ အလုပ်မရှိ၊ လူပိုသက်သက်မျှသာ ဖြစ်နေသဖြင့် ဘဝကိုပင် မုန်းတီးလာမိတော့၏။ လူတောသူတောသို့ တိုး၍ အပျော်အပါး လိုက်စားရန်လည်း ကျွန်ုပ်ဝါသနာ မပါချေ။ ဖဲရိုက်ခြင်း၊ မြင်းလောင်းခြင်း စသည်တို့ကိုလည်း ကျွန်ုပ်ရွံရှာမုန်းတီး၏။ အမဲပစ် တောလိုက်ထွက်ရန်လည်း ကျွန်ုပ်သည် တိရစ္ဆာန်များကို အကြောင်းမဲ့ သတ်ရန် ဝါသနာမပါဘဲ အပျော်အပါးအဖြစ် သတ္တဝါများကို သတ်သည့်အလုပ်မှာ မှန်သောအလုပ်မှ ဟုတ်ပါ၏လောဟု သံသယဖြစ်မိ၏။ ကျွန်ုပ်နေထိုင်သော အလွန်ကျဉ်းမြောင်း သည့် နယ်ကလေးတွင် ကျွန်ုပ်မှာ အောက်တန်းသမာဓိ တရားသူကြီးတစ်ယောက်ဖြစ်၏။ သို့သော် ရာဇဝတ်မှုဟူ၍ မယ်မယ်ရရ မရှိချေ။

ကျွန်ုပ်၏ အိမ်နီးပါးချင်းများမှာလည်း အလွန် ဉာဏ်ပညာနည်းပါး သူများဖြစ်၍ ဤကဲ့သို့ ရေးသားရခြင်းမှာလည်း သူတို့အား စော်ကားပြောဆိုခြင်း မဟုတ်ပါချေ။ သူတို့အား ကျွန်ုပ် နားမလည်နိုင်သကဲ့သို့ သူတို့ကလည်း ကျွန်ုပ်ကို နားလည်မည်မဟုတ်ပါ။ ထို့ပြင် ကျွန်ုပ်၏ အယူအဆများမှာ ပြောင်းလဲရေးဆန်သည်။ ဆိုရှယ်လစ်သဘောတရားများ ထည့်သွင်းထားသော စာအုပ်များကို ရေးသားသူဟု ဆိုကာ ကျွန်ုပ်အား ကြောက်လန့်၍ အယုံအကြည် ကင်းမဲ့ကြ၏။ ကျွန်ုပ်မှာ အိမ်ထောင်မရှိဘဲ လူပျိုကြီးတစ်ယောက်ဖြစ်၍ အိမ်နီးချင်းမိန်းမများက ကျွန်ုပ်အား အပျော်လိုက်သည်ဟု စွပ်စွဲကာ သွားပုပ်လေလွင့် ပြောကြ၏။ ကျွန်ုပ်မှာ အိမ်တွင် အမြဲနေထိုင်သူဖြစ်သည့်ပြင် အနီးအနား၌ လည်း ကျွန်ုပ်အား မြူဆွယ်နိုင်သည့် မိန်းမမျိုးတစ်ယောက်တလေမျှ မရှိသည် ကို သူတို့သိလျက်နှင့် ပြောဆိုကြခြင်းဖြစ်၏။

လူတစ်ယောက်သည် အသက်အရွယ်ငယ်၍ လုပ်ရည်ကိုင်ရည် ရှိပြီးလျှင် ငွေကြေးလည်း ပြည့်စုံပါလျက် လောဘဟူ၍ လုံးဝမရှိခဲ့လျှင် ထိုသူ၏ဘဝမှာ အချည်းနှီးပေတည်း။ ကျွန်ုပ်မှာ ဤအတိုင်းဖြစ်နေ၍ ကျွန်ုပ်၏ ဖခင်ကဲ့သို့ပင် တစ်စုံတစ်ရာကို စူးစူးစိုက်စိုက် ဖွဲ့နပဲဖြင့် မလုပ်ကိုင်သော်လည်း ကျွန်ုပ်ဝါသနာပါသည့် ဘာသာရပ်များမှာ ကျယ်ဝန်းများပြားလွန်းလှ၏။ တစ်

ခါတစ်ရံ ဝါသနာပါသည့်အလုပ်ကို လုပ်ကိုင်မိသော်လည်း အပျင်းပြေသဘော မျှသာ ဖြစ်၍နေ၏။

နောက်ဆုံးတွင် ကျွန်ုပ်၏ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော တစ်ကိုယ်ရေဘဝကို ငြီးငွေ့လွန်းအားကြီးလာသဖြင့် စိတ်သက်သာရာ ရစေရန် ကြံစည်ရတော့၏။ ကျွန်ုပ် ကောလိပ်ကျောင်းသားဘဝက အထူးချစ်ခင်လာခဲ့သော သူငယ်ချင်းနှစ်ယောက်ရှိခဲ့ရာ သူတို့အား သူငယ်ချင်းအဖြစ် ရွေးချယ်ခဲ့ခြင်းမှာ သူတို့သည် ကျွန်ုပ်နှင့် အစစ အရာရာ မတူသောကြောင့် ရွေးချယ်ခဲ့ခြင်း ဖြစ်လိမ့်မည်ဟု ထင်၏။

သူငယ်ချင်းတစ်ယောက်မှာ 'ဗက်စတင်' ဟုခေါ်၍ အခြားတစ်ယောက်မှာ 'ဗစ်ကလီ' ဟု ခေါ်၏။ ဗက်စတင်၏ ခရစ်ယာန်အမည်မှာ 'ဗက်ဆီ(လ်)' ဖြစ်၏။ သူသည် သပ်ရပ်စွာ နေထိုင်တတ်သူမဟုတ်၊ အမြဲလိုပင် ဆံပင်စုတ်ဖွား ရှိနေတတ်၏။ ခန္ဓာကိုယ်ကြီး ကြမ်းတမ်းသည်နှင့်အမျှ စိတ်သဘောထား ဖြူစင်ဖြောင့်စင်းပြီးလျှင် ရိုးရိုးစင်းစင်း ပြောတတ် ဆိုတတ် နေထိုင်တတ်၏။ သူသည် မည်သည့်အရာကိုမျှ အံ့ဩသည်၊ ထိတ်လန့်သည်ဟူ၍ မရှိချေ။ တွေ့သမျှ ရသမျှ အစားအစာနှင့် ရောင့်ရဲတင်းတိမ်တတ်၏။ မွန်မြတ်သော နတ်ဩဇာနှင့် ပုပ်သိုးနေသည့် ကော်ဖီထုပ်မှာ သူ၏ခံတွင်းတွင် အတူတူပင်ဖြစ်၏။ မည်သည့်အခါမျှ ဇီဇာကြောင်တတ်သည်ဟူ၍ မရှိသော လူ့သူတော်ကောင်းကြီးဖြစ်၏။ သူသည် မည်သည့်အခါမျှ မိုက်မှားသည်ဟူသောအမှုကို မပြုတတ်သဖြင့် မှားယွင်းသည်ဟူ၍ မရှိချေ။

သူသည် သာသနာ့ဘောင်သို့ ဝင်ခဲ့သည်ဆိုခြင်းကို အထူးပြောရန် မလိုတော့ချေ။ တရားဓမ္မကိုသာ အထုံဝါသနာပါသူဖြစ်၍ သာသနာ့ဘောင်သို့ သူဝင်ခဲ့သည်မှာ အံ့ဩဖွယ်မရှိချေ။ ဤကဲ့သို့ ဖြူစင်သော စိတ်ရှိပြီးလျှင် တရားဓမ္မလိုက်စား၍ တည်ကြည် ဖြောင့်မတ်သူတစ်ယောက် ဖြစ်သောကြောင့်လည်း သူ့ကို ကျွန်ုပ် ချစ်ခင်မိခြင်းဖြစ်၏။ မည်သူမျှ မကြိုက်သည်ကိုလည်း သူ့စိတ်တွင် ကြိုက်နှစ်သက်က ဇွတ်တရွတ် လုပ်ကိုင်တတ်သူ ဖြစ်၏။ သို့သော် သူ့အား လူများ မကြိုက်မနှစ်သက်သည်ကို သူ လုံးဝမသိချေ။ တရားဓမ္မဘက်တွင်ကား သူသည် ပညာရှိတစ်ယောက်ဟု ခေါ်ရပေမည်။ စကားပြောရာ၌လည်းကောင်း၊ တရားဟောရာ၌လည်းကောင်း ကြားနာသူများ၏ သောတအာရုံကို စွဲနိုင်ရန် အနိမ့်အမြင့် အပြောင်းအလဲ၊ သံနေသံထားဟူ၍ မရှိဘဲ ဝါကျရှည်ကြီးများဖြင့် သူထင်ရာမြင်ရာကို တစ်သမတ်တည်း ပြောချတတ်၏။ သူ့အား စောဒကတက်လျှင် မည်မျှပင် ယုတ္တိတန်စေ သူသည် လက်မခံ၊ ဂရုလည်း မစိုက်ချေ။

တခြားသူငယ်ချင်း 'ဗစ်ကလီ' မှာ တစ်ဘာသာဖြစ်၏။ ဗက်စတင်ကဲ့သို့ပင် သူလည်း ပညာရှိတစ်ယောက်ဖြစ်၏။ သို့သော် အလွန်သိမ်မွေ့သည့် တရားမဲ့မကလေးပင်ဖြစ်စေ၊ သူကိုယ်တိုင် အတိအကျ ကိုင်တွယ်စမ်းသပ်လေ့လာကြည့်ရှုပြီးမှ ယုံကြည်တတ်သူဖြစ်၏။ သူကိုယ်တိုင်မသိရ၊ သူ့မျက်စိနှင့်ကိုယ်တိုင် မမြင်ရသည့် အရာမှန်သမျှကို မည်သည့်အခါမျှ မယုံကြည်တတ်ချေ။

လူသည် ရိုင်းစိုင်းသော သတ္တဝါတစ်မျိုးမှ ဆင်းသက်ပေါက်ဖွားလာသည်ဟု ယုံကြည်သူဖြစ်၏။ သတ္တဝါသည် ထို့ထက်ပို၍ ဘာမျှမဟုတ်ဟု ဆိုလေ့ရှိ၏။ ဝိညာဉ် သို့မဟုတ် စိတ်ဟု လူအများခေါ်ကြသော အရာမှာ ဘာမျှမဟုတ်၊ လူ၏ ဦးနှောက်တွင်းရှိ ပြာနှမ်းနှမ်းအရောင်ရှိသော ဒြပ်တစ်ခုက လှုပ်ရှားပေးမှု၊ စေ့ဆော်ပေးမှုကြောင့် ဖြစ်ပေါ်လာသော အရာတစ်ခုသာ ဖြစ်သည်ဟု ယုံကြည်သူဖြစ်၏။ ထို့ပြင် အကျိုးအကြောင်း ရှင်းလင်း၍ မရနိုင်သောအရာဟူ၍ မရှိ၊ အကျိုးရှိက အကြောင်းရှိရမည်၊ အကြောင်းရှိက အကျိုးရှိရမည်။ ရှာဖို့ တွေ့ဖို့သာ လိုသည်ဟု ယုံကြည်သူဖြစ်၏။ ထို့ပြင် လောက၌ တန်ခိုးဣဒ္ဓိပတ်ရှိသည်၊ တန်ခိုးဗျာဒိပြဟာ ပြသည် ဆိုသည်မှာ မည်သည့်အခါမျှ မဖြစ်နိုင်ဟု ဆို၏။

ဘာသာတရားများ ထွန်းပေါ်လာရသည်မှာ လူများ၏ မျှော်လင့်စိတ်၊ ကြောက်စိတ်များမှ ကြံဆဖြစ်ပေါ်လာခြင်းမျှသာ ဖြစ်၍၊ ယင်းတို့မှာ သူများ၏ အားနည်းချက်သာဖြစ်ကြောင်း၊ လူသားမှန်သမျှသည် ကံတရား၏ သားကောင်မျှသာ ဖြစ်ကြောင်းဖြင့် ပြောဆိုလေ့ရှိသူ ဖြစ်လေသည်။ ဗစ်ကလီကား ဤကဲ့သို့ လူစားမျိုးပေတည်း။

သူ့တွင် ပါးနပ်လိမ္မာ၍ အချိုးအစား ကျနပြေပြစ်သော မျက်နှာရှိပြီးလျှင် မျက်ခုံးများမှာ စဉ်းစားဉာဏ်ထက်သည့် အသွင်သဏ္ဌာန်ကို ဆောင်လျက်ရှိ၏။ သန်မာ၍ ကျွမ်းကျင်သော သူ၏လက်များနှင့် မာကျောသော သူ၏ နှုတ်ခမ်းများမှာ ငြင်းတတ်ခုံတတ်သည့်သဘောကို ဆောင်လျက်ရှိရာ၊ ဗက်စတင်မှာ သာသနာရေးဘက်တွင် နစ်မြုပ်နေသကဲ့သို့၊ ဗစ်ကလီသည်လည်း ဆေးပညာဘက်တွင် နစ်မြုပ်လျက်ရှိလေသည်။

ဖူးလ်ကုံးအိမ်ကြီးကို ကျွန်ုပ်ဝယ်ယူပြီးနောက် မကြာမီပင် ကျွန်ုပ်ဖခင်၏နေရာတွင် ဆက်ခံသော သင်းအုပ်ဆရာမှာ အခြားနေရာသို့ ပြောင်းရွှေ့သွား၏။ ကျွန်ုပ်မှာ အိမ်ကြီးကို ပိုင်ဆိုင်ပြီဖြစ်သည့်အတိုင်း ဝတ်ကျောင်းကို အုပ်ချုပ်သည့် သင်းအုပ်ဆရာများကိုလည်း ခန့်ထားပိုင်ခွင့်ရှိ၏။ ထိုအချိန်လောက်၌ နှစ်ပေါင်းများစွာ သတင်းမကြားခဲ့ရသော ဗက်စတင်ထံမှ မမျှော်

လင့်ဘဲ စာတစ်စောင်ကို ကျွန်ုပ်ရရှိရာ သူ၏စာတွင် သာသနာ့သတင်းစာ တစ်စောင်၌ ဖူးလ်ကုံးမှ သင်းအုပ်ဆရာပြောင်းသွားသည်ကို သူဖတ်လိုက်ရကြောင်း၊ ယခု သူနေသော 'ယောက်ရှိုင်းယား' နယ်မှာ သူ့ဇနီး၏ ကျန်းမာရေးနှင့် မသင့်မြတ်သဖြင့် ဖူးလ်ကုံးမှ သင်းအုပ်ဆရာ၏ နေရာကို သူ့အား ပေးရန် ပါရှိလေသည်။

နောင်အခါမှ ကျွန်ုပ်သိရသည်မှာ ဗက်စတင်၏ ဇနီးဖြစ်သူသည် ယောက်ရှိုင်းယားရာသီဥတုနှင့် မသင့်မြတ်ခြင်း မဟုတ်ကြောင်း၊ ခင်ပွန်းသည်၏ ဘုရားရှိခိုးကျောင်းတွင် လေသွင်းစန္ဒရားတီးသူ လုပ်ပျိုဖြူတစ်ယောက်နှင့် မသင့်မြတ်ခြင်းသာ ဖြစ်ကြောင်း၊ သူ၏ဇနီးမှာ ခင်ပွန်းသည်အပေါ်တွင် အမြဲ သင်္ကာမကင်းဖြစ်ကာ မစ္ဆရိယစိတ် လွှန်ကဲသူတစ်ယောက် ဖြစ်သည့်အတိုင်း မိန်းမချော မိန်းမလှမှန်လျှင် သူ၏ခင်ပွန်းအား မြှူဆွယ်လုယူလိမ့်မည်ဟု အထင်ရောက်တတ်ကြောင်း၊ ဗက်စတင်မှာ တရားဓမ္မများကို စိတ်ဝင်စားလျက် အမှတ်မထင် ရှိနေစဉ် သူက အရယူလိုက်ခြင်းဖြစ်ကြောင်း၊ ဗက်စတင်သည် မိန်းမများကို စိတ်ဝင်စားသူမဟုတ်သဖြင့် မိန်းမဆိုလျှင် ဘယ်သူဘယ်ဝါဟူ၍ မခွဲခြား အမှတ်မထင်ရှိခိုက် အငိုက်တွင် ဖမ်းယူလိုက်ခြင်းဖြစ်ကြောင်းဖြင့် စုံစမ်းသိရှိရ၏။

သူ၏စာကို ဆက်၍ဖတ်သောအခါ သူသည် လူတတ်လူတော်ကြီး မဟုတ်ကြောင်း၊ သူ့အလိုရှိသော အလုပ်နှင့် ထိုက်တန်သင့်လျော်ပါမည်လောဟုပင် စဉ်းစားမိကြောင်း၊ သူသည် ဗရင်ဂျီဆန်သော ရေဖျန်းဂိုဏ်းသမားတစ်ဦးဖြစ်၍ လူအများ နှစ်သက်မည်မထင်ကြောင်း။ ရှေးကျသော တရားဓမ္မများကို ဖတ်ထားပြီးဖြစ်သော်လည်း တရားဟောကောင်း ပုဂ္ဂိုလ်တစ်ဦးဟူ၍ သူ့ကိုယ်သူ မယူဆကြောင်း။ တပည့်တပန်းများထံသို့ လမ်းလျှောက်ရင်း အလည်အပတ်သွားတတ်ကြောင်း စသည်ဖြင့် ဆက်လက်ရေးသားထား၏။ ထိုအခါ ကျွန်ုပ်မှာ "ဒါတွေက ဘာဆိုင်လို့လဲဗျာ" ဟုပင် တစ်ကိုယ်တည်း ရေရွတ်မိ၏။

စာ၏ နောက်ဆုံးပိုဒ်တွင် မှတ်ချက်အဖြစ်ဖြင့် ယခု စာရေးသည့် အချိန်၌ပင် သူသည် ၅ မိုင်ခန့်ဝေးသောနေရာသို့ သွား၍ ကလေးလူမမာတစ်ယောက်ကို ကင်ပွန်းတပ်မင်္ဂလာ ပြုရန်ကိစ္စရှိကြောင်း၊ မိုးရွာသဖြင့် ဘိုင်စကယ်ဖြင့် သွားနိုင်မည် မဟုတ်ကြောင်း၊ သို့ဖြစ်၍ စာကို ဤနေရာတွင် ရပ်လိုက်ရကြောင်း ပါရှိ၏။

သူ၏စာကို ဤနေရာတွင် တိုက်ရိုက်ရေးသားရမည်ဆိုသော် "နှစ်အတော်ကြာက မင်း ကွယ်လွန်သွားပြီလို့ တစ်ယောက်ယောက်က ငါ့ကို ပြော

တယ်၊ ဒါပေမဲ့လို့ ဖူးလ်ကုံးအိမ်ကြီးကို ပိုင်တဲ့ မင်းရဲ့နာမည်နဲ့တူတဲ့ လူတစ်ယောက် ဖြစ်ချင်ဖြစ်မယ်၊ ဒီအတိုင်းသာ မှန်နေရင်တော့ ဒီစာကို စာတိုက်က ငါ့ဆီ ပြန်ပို့ပေးမှာပါပဲ” ဟု မှတ်ချက်အဖြစ်ဖြင့် သူ၏စာကို နိဂုံးချုပ်၍ထားလေသည်။

ဤကဲ့သို့ ရိုးရိုးစင်းစင်းကြီး ရေးလိုက်သော စာမျိုးကို မဖတ်ရသည်မှာ ကြာပြီဖြစ်၍၊ ကျွန်ုပ်မှာ ဟားတိုက်၍ပင် ရယ်လိုက်မိ၏။ ထို့နောက် ကျွန်ုပ်လည်း သူလိုချင်သည့် အလုပ်ကို ပေးမည်ဖြစ်ကြောင်းဖြင့် ချက်ချင်းပင် စာပြန်လိုက်လေသည်။ အလုပ်၏ ဂုဏ်သိက္ခာနှင့် လိုက်မည့် လခကြေးငွေကိုလည်း တိုးမြှင့်ပေးပါမည်ဟု ထည့်၍ ရေးလိုက်သေး၏။

နောက် ၁၀ ရက်ခန့်ကြာသောအခါ သူ့ထံမှ စာတစ်စောင် ရောက်ရှိလာရာ၊ သူသည် ဤစာကို မထည့်ဖြစ်ဘဲ အိတ်ထဲတွင် မေ့နေသည်မှာ တစ်ပတ်ခန့်ကြာကြောင်းဖြင့် စာအိတ်ပေါ်တွင် မှတ်ချက်ရေးသားထား၏။ စာထဲတွင် သူ့အား ကျွန်ုပ်က ကျေးဇူးပြုရန် ရည်ရွယ်ထားချက်များအတွက် ကျေးဇူးတင်ကြောင်းများကို အရိပ်အမြွက်မျှသာ ရေးသား၍ ဤမျှလောက် အရေးကြီးသော ဘာသာရေးကိစ္စတွင် ယခုကဲ့သို့ မြန်မြန်ထက်ထက် ကျွန်ုပ်က ဆုံးဖြတ်ဆောင်ရွက်လိုက်သည်မှာ မှားယွင်းကြောင်း၊ လူချမ်းသာများသည် သူတို့၏ အချိန်များနှင့် ပတ်သက်လာလျှင် တစ်ကိုယ်ကောင်း ဆန်တတ်ကြသည်ကို သူ အကဲခတ်မိကြောင်း။ သူ့အား အလုပ်မပေးမီ သူ၏အကျင့်စာရိတ္တနှင့်တကွ ဆောင်ရွက်ချက်များကို ပထမ စုံစမ်းရန် သင့်ကြောင်းကို အဓိကထား၍ ရေးသားထားလေသည်။

သို့နှင့် ကျွန်ုပ်၏ သူ၏အကျင့်စာရိတ္တအကြောင်းကို စုံစမ်းရန် မလိုကြောင်းဖြင့် ကြေးနန်းပြန်ကြားလိုက်၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ‘ဗက်ဆီ(လ်)ဗက်စတင်’ အား ဖူးလ်ကုံးရွာသင်းအုပ်ဆရာအဖြစ် ခန့်အပ်လိုက်တော့၏။ ကျွန်ုပ်ထံ သူရောက်လာလျှင် ကျွန်ုပ်မှာ အတိုင်းမသိ စိတ်ဖြေဖျော်မှုနှင့် ပျော်ရွှင်မှုကို ရရှိမည့်အပြင်၊ စိတ်ဓာတ်ကြံ့ခိုင်ရေးနှင့် စည်းကမ်းကျကျ နေထိုင်ရေးအတွက် အားဆေးတစ်ခွက်ပင် ဖြစ်ပေလိမ့်မည်။ လောကွတ်မပါသော သူ၏ ဖြူစင်ဖြောင့်မတ်ခြင်းကို ကျွန်ုပ် အထူးနှစ်သက်မိ၏။

ဤသို့ဖြင့် မကြာမီပင် သူရောက်ရှိလာရာ၊ သူ့အား ရွေးချယ်ခန့်ထားမိသဖြင့် ပုဂ္ဂိုလ်ရေးအရ ကျွန်ုပ်မှာ အလွန်ဝမ်းသာမိတော့၏။ သို့သော် တစ်ပတ်ခန့်ကြာသောအခါ ကျွန်ုပ် ရွေးချယ်လိုက်သည်မှာ မှန်ကန်ပါ၏လောဟု သံသယ ဝင်လာမိလေသည်။ သူဟောသော တရားများကို ကျွန်ုပ်သည် အိပ်

ငိုက်၍ မသွားစေကာမူ၊ တစ်ခါတစ်ရံ ငြီးငွေ့လာမိ၏။ ရှေးပဝေသဏီ ကမ္ဘာဦးအစမှစ၍ လူများ မသိနားမလည်၍ ရင်သပ်ရှုမော အံ့သြသွားရသည့် လျှို့ဝှက်နက်နဲလှသော အခြင်းအရာများကို မည်သို့မည်ပုံ နက်နဲစွာ သူ သိနိုင်ပါအံ့နည်း။ ယင်းအချက်များကို ယခုနေ့စဉ် ဒိဋ္ဌလက်ငင်း ဖြစ်နေသည့်အရာများကဲ့သို့ ပေါ့ပေါ့တန်တန်ဖြင့် ခပ်ဝါးဝါး ပြောဆိုသည်ကိုလည်း ကျွန်ုပ်အံ့သြမိ၏။ သို့သော် ဗရင်ဂျီဆန်သည့် ယင်းကိစ္စမျိုးမှာ သူနှင့်သာ သက်ဆိုင်သဖြင့် ကျွန်ုပ် အကျယ်မရေးလိုတော့ပေ။

သို့သော် အများနှင့်မတူသော သူ၏ ထူးခြားချက်ကလေးများကိုမူ အလွယ်တကူ ကျွန်ုပ်တို့ ခွင့်လွှတ်နိုင်ကြ၏။ သူ၏ သဘောသဘာဝနှင့် မြင့်မြတ်ဖြူစင်သော စိတ်ထားမှာ သူ၏ ခပ်ပေါ့ပေါ့ ခပ်ဝါးဝါး ဟောပြောချက်များကို လွှမ်းခြုံဖုံးအုပ်သွားသကဲ့သို့ ရှိလေရာ၊ တစ်ရွာလုံးကပင် သူ့အား ချစ်ခင်ကြည်ညိုလေးစားကြလေသည်။ သူ၏အမြင်တွင် အရာအားလုံးမှာ အပြစ်ချည်းသာဖြစ်၍နေ၏။ သူသည် ကရုဏာတရား လွန်စွာ ကြီးမားသူတစ်ယောက်ဖြစ်၍ သဘောထားလည်း ကြီးမားလှ၏။

ကျွန်ုပ်မှာ သူ့အား ချစ်ခင်သလောက် သူ၏ ဇနီးဖြစ်သူအား သည်းမခံနိုင်အောင် ဖြစ်တော့၏။ ၎င်းမှာ ချဉ်ရည်ထည့်ထားသော အိုးခွက်နှင့်တူ၍၊ အိုးခွက်ဆိုသည်မှာလည်း လှလှပပ အိုးခွက်မျိုးမဟုတ်ဘဲ အကြည့်ရဆိုးသော အိုးခွက်ဖြစ်လေသည်။ ကမ္ဘာပေါ်ရှိ အသက် ၅၀ အောက် မိန်းမမှန်သမျှ သူ၏ခင်ပွန်းအား မျက်စပစ်နေသည်ဟု ထင်မှတ်နေသော အစွဲအလမ်းရှိရာ၊ ဤမျှလောက် ဝန်တိုမစ္ဆရိယရှိသော မိန်းမမျိုးကို ကျွန်ုပ် မတွေ့ဖူးချေ။ သူ၏ အမည်မှာ 'ဆာရာ' ဖြစ်၍ ပိန်ပါးပြားချပ်ကာ အချိုးအဆက်မကျသည့်ပုံပန်းရှိသူ ဖြစ်လေသည်။

သို့နှင့် ကျွန်ုပ်သည် သူ့အား တစ်ခါတစ်ရံ အောက်ပါအတိုင်း အရွဲ့တိုက်လေ့ရှိ၏။ ပါတီပွဲများတွင် ရုပ်ရည်ချောမောသူ လုပျိုဖြူများအား ဗက်စတင်ကို ပိုးပန်းဟန်ဆောင်၍ သူ့အား မှောင်ကျသော ထောင့်တစ်ထောင့်သို့ ခေါ်ပြီးလျှင် ပန်းနှင့် အခြား လက်ဆောင်ကလေးများ ပေးကြရန် ကျွန်ုပ်က စီစဉ်ထား၏။ ကျွန်ုပ်အလိုအတိုင်း ထိုအမျိုးသမီးများက ဆောင်ရွက်ပေးရာ၊ ပါတီမှအပြန်တွင် ဆာရာသည် သူ၏ လင်ယောကျ်ားနောက် ခပ်စူစူ ခပ်ဆောင့်ဆောင့် အမူအရာဖြင့် လိုက်ပါသွားသည်ကို မြင်ရ၏။ ဤအချက်သည်ပင် သူ့အား ကျွန်ုပ် လက်စားချေနိုင်သည့်အချက်ဖြစ်၏။ သူကလည်း ကျွန်ုပ်၏လက်ရာဖြစ်ကြောင်း သိဟန်တူပြီးလျှင် ကျွန်ုပ်အား ခါးခါးသီးသီး မုန်းတီးတော့၏။

ဖက်ဆီ(လ်)ဖက်စတင်၏ အကြောင်းကို ဤမျှနှင့် တော်လောက်ပေပြီ။ ယခု ဗစ်ကလီ၏အကြောင်းကို ရေးသားဖော်ပြပါအံ့။

ကောလိပ်မှ ထွက်ပြီးနောက် သူ့အား ကျွန်ုပ် အကြိမ်ကြိမ် တွေ့ခဲ့ဖူး၏။ ဖူးလ်ကုံးအိမ်ကြီးကို ဝယ်ပြီးနောက် သူ့အား အလည်အပတ်လာရန် မကြာခဏ ဖိတ်ကြားခဲ့၏။ တစ်နေ့ သူရောက်ရှိလာ၍ သူသည် လန်ဒန်၌ အလုပ်လုပ်နေရသည်မှာ မပျော်ပိုက်ကြောင်း၊ လန်ဒန်ကဲ့သို့ မြို့ကြီးနှင့် သူ၏သဘာဝ မကိုက်ညီကြောင်း၊ ထို့ပြင်လည်း သူ၏ လုပ်ဖော်ကိုင်ဖက် ပါတနာများနှင့် မသင့်မြတ်ကြောင်း စသည်ဖြင့် ပြောပြရာ ကျွန်ုပ်က အတန်ငယ်စဉ်းစားပြီးနောက် ကျွန်ုပ် ယခုနေထိုင်သည့် ဒေသဖြစ်သော ပင်လယ်ကမ်းခြေသို့ လာရောက်လည်ပတ်သူ အတော်များပြားသဖြင့် ဖူးလ်ကုံး၏ ပတ်ဝန်းကျင်ဒေသမှာ တိုးတက်စည်ကားလျက်ရှိကြောင်း၊ ဆရာဝန်အတော်များများရှိသော်လည်း ခွဲစိတ်ကုသနိုင်သည့် ပထမတန်း ဆရာဝန်ကြီးများ မရှိသေးကြောင်း၊ သို့ဖြစ်၍ ဤဒေသသို့ ပြောင်းရွှေ့လာပြီးလျှင် ဆေးခန်းဖွင့်ရန် အကြံညဏ်ပေးလိုက်၏။

ဗစ်ကလီမှာ ပထမတန်း ခွဲစိတ်ကုဆရာဝန်ကြီးဖြစ်၍ ဆေးရုံကြီးများတွင် အထက်တန်းဆရာဝန်အဖြစ် လုပ်ကိုင်ခဲ့ဖူးရုံမျှမက ယခုလည်း လုပ်ကိုင်ဆဲဖြစ်၏။

သို့နှင့် သူ့လိုတော်သည့် ဆရာဝန်မျိုး ကျွန်ုပ်၏ လက်လှမ်းမီတွင်ရှိလျှင် ကျွန်ုပ်အတွက်လည်း များစွာအကျိုးရှိမည်ကို သိသဖြင့် အကယ်၍သာ ဤဒေသသို့ သူပြောင်းရွှေ့လာက သူ့အား ကျွန်ုပ်၏နယ်မြေတွင် ဆရာဝန်အဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကျွန်ုပ်၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်ထားသော ဆေးရုံတွင်လည်း ဆေးရုံအုပ်ကြီးအဖြစ် ခန့်အပ်မည် ဖြစ်ကြောင်း၊ ဆေးရုံကို သူ့သဘောအတိုင်း စီမံအုပ်ချုပ်နိုင်ကြောင်း၊ ထို့ပြင် လန်ဒန်တွင် သူရရှိသော ဝင်ငွေထက် မလျော့စေဘဲ ရရန် ကျွန်ုပ်က သုံးနှစ်တိုင် တာဝန်ယူကြောင်းဖြင့် ပြောလိုက်၏။ ထိုအခါ ဗစ်ကလီသည် ကျွန်ုပ်အား အထူးကျေးဇူးတင်ကြောင်း ဖွင့်ဟပြောဆိုပြီးလျှင် ကျွန်ုပ်၏ အဆိုပြုချက်ကို သဘောတူလက်ခံလေသည်။

ဗစ်ကလီ ပြောင်းရွှေ့လာပြီးနောက် အလုပ်စလျှင် စချင်း သူ၏ တက်လမ်းမှာ သာယာဖြောင့်ဖြူးတော့၏။ သူ၏ ကျွမ်းကျင်မှုမှာ မကြာမီ ဟိုးလေးတကျော်ဖြစ်၍သွားပြီးလျှင် ဝင်ငွေကောင်းလှတော့၏။ မိုင် ၂၀ ပတ်ဝန်းကျင်အတွင်း ခွဲစိတ်ကုသမှုမှန်သမျှ သူမပါလျှင် မပြီးသကဲ့သို့ ရှိနေတော့၏။

သူ့အား ကျွန်ုပ်အိမ်အနီးတွင် အိမ်တစ်ဆောင်ကို ငှားရမ်းနေထိုင်စေသဖြင့် ကျွန်ုပ်အိမ်သို့ မကြာခဏ လာရောက်ကာ ကျွန်ုပ်နှင့်အတူ ညစာစားလေ့ရှိ၏။ ထိုအချိန်များ၌ သူနှင့် လောကီလောကုတ္တရာအကြောင်းများကို ဆွေးနွေးလေ့ရှိရာ တစ်ယောက်နှင့်တစ်ယောက် အမြင်ချင်းမတူဘဲ ဆန့်ကျင်နေသည်ကသာ များ၏။ သို့သော် သူ၏ ပညာတည်းဟူသော သံမဏိပြားတွင် ကျွန်ုပ်၏ဉာဏ်ကို သွေးခွင့်ရရှိခဲ့လေသည်။

ကျွန်ုပ်အား သူ့ဘက်သို့ပါအောင် မဆွဲနိုင်သကဲ့သို့ ကျွန်ုပ်ကလည်း သူ့ကို ပါအောင်မဆွဲနိုင်ချေ။ ဗက်စတင်ကိုလည်း ထို့နည်းအတူဖြစ်၏။ သူသည် ဗက်စတင်ကိုလည်း အတော်ခင်မင်ပုံရ၏။ ထူးဆန်းသည်မှာ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိတိုင်း ငြင်းကြခုန်ကြဖြင့်သာ အချိန်ကုန်တတ်လေရာ နောက်ဆုံးတွင် ဗစ်ကလီကသာ အနိုင်ယူ၍ သွားတတ်၏။ ငြင်းခုန်ပွဲပြီး၍ ပြန်ကြမည်အပြုတွင် ဗက်စတင်က . . . "ဒီမယ် ဗစ်ကလီ၊ မင်းလို ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ လူတစ်ယောက်က ခေါင်းကို မှန်မှန်အသုံးမချဘဲ လမ်းလွှဲလိုက်နေတာဟာ တမင်သက်သက် ခေါင်းမာနေတာပဲကွ၊ မင်းကို ငါ ဒီလိုပြောတာလည်း ဒါဇင်ဝက်ထက်မနည်းဘူး၊ ကဲ . . . ငါသွားတော့မယ်၊ ဆာရာက မအိပ်ဘဲ ငါ့ကို မျှော်နေလိမ့်မယ်" ဟု ပြောလေ့ရှိ၏။

ထိုအခါ ဗစ်ကလီသည် ဗက်စတင်၏ နောက်ဘက်မှ ရပ်ကာ "ဒီကောင်ကြီးဟာ တကယ့်လူပေါကြီးပဲ၊ သူ့ကို အမြင်မှန်ရအောင်လုပ်ဖို့ နည်းလမ်းတစ်ခုပဲ ရှိတယ်၊ ဘာလဲဆိုတော့ သူ့ခေါင်းကို လွှနဲ့တိုက်ဖြတ်ပြီး ဦးနှောက်ထဲကို အမှန်တရား လောင်းထည့်ဖို့ပဲ" ဟု ဗက်စတင်မမြင်အောင် လက်သီးကို ဆုပ်၍ပြရင်း ပြောလေ့ရှိ၏။

ထို့နောက် ဗက်စတင် ပြန်သွားသောအခါ ကျွန်ုပ်တို့နှစ်ယောက်သားရယ်ရင်းမောရင်း ကျန်ရစ်ခဲ့တော့၏။ သူတို့နှစ်ယောက် ပေါင်းစပ်မိအောင်လုပ်ရန်မှာ မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်း ဝေးကွာသကဲ့သို့ ရှိနေသဖြင့် ကျွန်ုပ်က ကြိုးစားသော်လည်း ရမည်မဟုတ်ပေ။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း သူတို့နှစ်ယောက်ကြားတွင် ခပ်ဝေးဝေးမှနေရ၏။ သူတို့ကား ကျွန်ုပ်၏ အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်ပါပေတည်း။

ယခု ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို ရေးသားဖော်ပြပါအံ့။ ကျွန်ုပ်မှာ ငွေကြေးချမ်းသာ၍ စည်းစိမ်ရှိရှိ နေနိုင်၏။ အားလပ်၏။ တစ်ခါတစ်ရံ သူတို့နှစ်ယောက်နှင့် ကိစ္စရပ်အမျိုးမျိုးကို ဆွေးနွေးငြင်းခုန်ကြ၏။ သို့သော် ယင်းကိစ္စများမှာ အသီးတစ်ခုတွင် အပြင်မှရှိနေသည့် အခွံအကာမျှသာဖြစ်၍၊ လူသားတို့ ကိုယ်တွင်းရှိ စိတ်(ဝိညာဉ်) သာလျှင် အနှစ်သာရ

အစစ်အမှန် မဟုတ်ပါလော။ ကျွန်ုပ်သည် ထိုအခွံအကာမျှလောက်နှင့် တင်းတိမ်ရောင့်ရဲမှု မရနိုင်ပေ။ ဤအချက်ကို သဘောပေါက်မိသည့်အတိုင်း ကျွန်ုပ်သည် တစ်စုံတစ်ခုကို မယ်မယ်ရရ လုပ်ကိုင်မှ ဖြစ်ပေတော့မည်။ သို့နှင့် ကျွန်ုပ်လည်း ထိုအကြောင်းနှင့် ပတ်သက်၍ သူတို့နှစ်ယောက်ထံမှ အကြံဉာဏ်များ တောင်းလေသည်။

ထိုအခါ ဗစ်ကလီက သိပ္ပံနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းကိုလုပ်ရန် တိုက်တွန်း၏။ သို့သော် ကျွန်ုပ်မှာ မည်သည့်သိပ္ပံပညာကိုမျှ မတတ်သဖြင့် လုပ်ကိုင်နိုင်မည်မဟုတ်ပေ။ ဤသို့ဆိုလျှင် သိပ္ပံပညာ အရည်အချင်းရှိသူများအား ထောက်ပံ့ရန် တိုက်တွန်းပြန်၏။

ထိုအခါ ကျွန်ုပ်က "ဒီလိုဆိုရင် နို့ညှစ်တဲ့ မင်းရဲ့သိပ္ပံပညာရှင်တွေအတွက် ငါက နို့စားနွားမကြီး ဖြစ်သွားမှာပေါ့ကွ" ဟု ပြန်၍ နှက်လိုက်ပြီးနောက် စကားလက်စကို ဖြတ်လိုက်ရ၏။

ဗက်စတင်ကမူ တနင်္ဂနွေနေ့ကျောင်းတွင် ဆရာလုပ်ရန် ပထမအကြံပေး၏။ ဤသို့မှ မလုပ်လိုလျှင်လည်း ဘုန်းကြီးလုပ်၍ သာသနာပြုရန်အကြံပေး၏။ သူ၏အကြံပေးချက်မှာ ကောင်းမွန်လှပါ၏။ သို့သော် ထိုအကြံပြုချက်ကို ကျွန်ုပ်က ငြင်းပယ်လိုက်သောအခါ နောက်ထပ်အဆိုတစ်ခု ပြုပြန်၏။ ယင်းအဆိုမှာ သင့်လျော်မည့် မိန်းမတစ်ယောက်ကို လက်ထပ်ရန်ဖြစ်လေသည်။ ဤသို့ လက်ထပ်၍ ကလေးများများရလျှင် သာသနာအတွက်ရော၊ တိုင်းပြည်အတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့နေခြင်းမှာ လူချမ်းသာ လူဘော်ကြော့ကဲ့သို့ ဖြစ်နေကြောင်းဖြင့် နောက်ဆုံးပြောပြလေသည်။ ထို့နောက် ဗက်စတင်က ဆက်လက်၍ . . .

"ဪ ဒါထက်...လူချမ်းသာ ဘော်ကြော့ဆိုလို့ ငါတစ်ခု သွားသတိရတယ်ကွ၊ အဝတ်အထည် အသင်းရဲ့ ငွေကြေးအခြေအနေဟာ အတော့်ကို ဆိုးရွားနေတယ်၊ အကြွေး ၂၅ ပေါင်တောင်မှ တင်နေတယ်ကွ၊ အဲဒါ မင်းက နယ်မြေလူကြီးအနေနဲ့ စိုက်ပေးရမယ့် တာဝန်ရှိတယ်လို့ ငါယူဆတယ်၊ အလှူသဘောမဟုတ်ဘူးနော်၊ တာဝန်သဘော ပြောတာ"

"ဒီမယ် သူငယ်ချင်း . . . ငါ တည့်တည့်တစ်ခုမေးမယ်၊ မင်းဖြေမလား၊ မင်းက မင်းရဲ့ အိမ်ထောင်ရေးက အောင်မြင်သာယာလွန်းလို့ တခြားလူတွေကိုလည်း အိမ်ထောင်ပြုဖို့ တိုက်တွန်းနေတာလား၊ အောင်မြင်သာယာတယ်ဆိုရင် မင်းပြောသလို မင်းရဲ့ အိမ်ထောင်မှာ ကလေးတွေ ဘာကြောင့်အများကြီး မမွေးသလဲကွ"

ဟု ကျွန်ုပ်က ပြန်မေးလိုက်၏။

"ဒါကတော့ကွာ၊ ဆာရာက ကလေးဆိုရင် မုန်းတယ်ကွ၊ တို့အိမ်ထောင်မှာ ကလေးအများကြီးမရှိတာ ဒီအချက်ကြောင့် ဖြစ်ပါလိမ့်မယ်"

ဟု ပြောရင်း သူက သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် . . .

"ဒီမယ် အာဗူနေ့၊ ဒီကမ္ဘာလောကကြီးမှာ ဖြစ်သမျှအကြောင်းအကောင်းချည်းပဲလို့သာ ယူဆပြီး ဒီထက် ကောင်းဖို့ကိုသာ မျှော်လင့်နေရတော့မှာပဲကွာ"

"အေး . . . အဲသလိုပဲ ငါနေဖို့ ကြိုးစားနေတာကွ၊ တယ်ခက်တဲ့နလပိန်းတုံးကြီးပဲ"

ဟု ပြောကာ ကျွန်ုပ်လည်း သူ့ထံမှထွက်လာခဲ့ရာ၊ သူသည် ဦးခေါင်းကို ရမ်းခါရင်း ကျန်ရစ်ခဲ့တော့၏။

စကားမစပ် သူ့အကြောင်းကို ဆက်လက်ပြောရမည်ဆိုသော် ရွာသူရွာသားများသည် သူ့ဇနီးအကြောင်းကို တဖြည်းဖြည်း သိလာကြသည့်အတိုင်း ဆာရာအား 'သံပုရာဆာရာ' ဟု အမည်ပေးထားကြလေသည်။

[၃]

# နေထာလီ

အိမ်ထောင်ပြုရန်ကိစ္စနှင့် ပတ်သက်၍ ဗက်စတင်ပြောသော စကားများကို ကျွန်ုပ်စိတ်တွင် အတော်အတန် စွဲလမ်းနေမိ၏။ မည်သို့ပင် ပေါက်ကရပြောစေ၊ အချို့မှာ မှတ်သားလောက်စရာ အချက်အလက်များ ပါရှိသည်ကို သတိပြုမိ၏။ အိမ်ထောင်ပြုသည့်ကိစ္စမှာ ကျွန်ုပ်အတွက် တာဝန်ကြီးတစ်ခုဖြစ်၏။ ကျွန်ုပ်ကိုယ်တိုင်ကလည်း အိမ်ထောင်ပြုရန် မလိုလားလှချေ။ ကျွန်ုပ်သည် အခြားယောက်ျားများကဲ့သို့ ယောက်ျားပီသသူတစ်ယောက် ဖြစ်၏။ တခြားယောက်ျားများထက်ပင် ယောက်ျားပီသသေး၏။

ဤနေရာတွင် ကျွန်ုပ်၏ ဇီဇာကြောင်ခြင်းကို အနည်းငယ်မျှ ဖော်ပြရန် လိုပေသည်။ ကျွန်ုပ်၏ သဘာဝတစ်ပိုင်းမှာ မိန်းမများအား ခုံမင်နှစ်သက်ပါ၏။ သို့သော် အခြားတစ်ပိုင်းကမူ သူတို့အား ရွံရှာမုန်းတီးမိ၏။ ထိုနှစ်ပိုင်းကို ခြုံ၍ကြည့်လျှင် ၎င်းတို့နှင့် ရင်းရင်းနှီးနှီးမနေခြင်းက သာ၍ကောင်းသည်ဟု သဘောရမိပြန်၏။ ကျွန်ုပ် လေ့လာမိသမျှမှာ ယောက်ျားတစ်ယောက်အဖို့ သူ့ဘဝတွင် တစ်ယောက်တည်း လွတ်လပ်စွာ နေသွားခြင်းမှာ သူ့အဖို့ပို၍ ကောင်းမည်ဟု ထင်မိ၏။ လက်ထပ်ပြီးနောက် မိန်းမဖြစ်သူအား သူကဆွဲဆောင်ခေါ်ရပေမည်။ သို့မဟုတ်လျှင်လည်း သူကိုယ်တိုင် မိန်းမဖြစ်သူ၏ဆွဲဆောင်ခြင်းကို ခံရပေမည်။ မည်သို့ဆိုစေ သစ္စာနှင့် မေတ္တာ ဒွန်တွဲလျက်ပေါင်းဖက်သော အိမ်ထောင်မျိုးကို ကျွန်ုပ် အလွန်လိုလားနှစ်သက်မိပါသည်။ စဉ်းစားဉာဏ်နုနယ်၍ အသက်အရွယ် ငယ်ရွယ်သေးသော ယောက်ျားလေးနှင့် မိန်းကလေးများသည် ဤအတိုင်းပင် အိပ်မက်ကမ္ဘာတည်ဆောက်ခဲ့ကြသည်မဟုတ်ပါလော။ ကျွန်ုပ်ရေးသားသော ပထမစာအုပ်တွင် ဤအချက်ကို

ကောင်းစွာ လေ့လာပြီးနောက် ရေးလိုက်သဖြင့် စာအုပ်မှာ အထူးပင် အောင်မြင်သွား၏။ သို့သော် ကျွန်ုပ်ရေးသည့်အတိုင်း သစ္စာနှင့် တကယ့်မေတ္တာအစစ်အမှန်ဖြင့် ထူထောင်နိုင်သည့် အိမ်ထောင်မျိုးကား ရှားပါးလှတော့၏။ သို့ နှင့် ကျွန်ုပ်လည်း ယင်းကိစ္စကို စိတ်မှ တစ်ခါတည်း ပယ်ဖျောက်ပစ်လိုက်လေသည်။

အိမ်ထောင်ပြုမည့်အစား ပါလီမန်အမတ် လုပ်ရလျှင် ကောင်းလေမည်လောဟု စဉ်းစားမိပြန်၏။ ကျွန်ုပ်မှာ အသက်အရွယ် ငယ်ရွယ်နုပျို၍ ပစ္စည်းဥစ္စာနှင့် ပြည့်စုံသည့်အပြင် ရှေ့၌ အလားအလာ မျှော်လင့်ချက်များကလည်း ရှိနေသဖြင့် ယင်းအခွင့်အရေးများကို အသုံးချရန် တွက်ကိန်းချ၍ ကြည့်မိသေး၏။ သို့သော် စိတ်ကူးသလို ဖြစ်၍မလာချေ။ အကြောင်းသော်ကား ပါတီနိုင်ငံရေးမှာ ရိုးသားမှုကင်းမဲ့၍ မုန်းစရာအလွန်ကောင်းသောကြောင့် ပါတီနိုင်ငံရေး၏ လှည်းထမ်းပိုးအောက်တွင် ကျွန်ုပ်၏ လည်ကုပ်ကို မလျှိုလိုသောကြောင့် ဖြစ်၏။ အကယ်၍ အမတ်ဖြစ်လာစေကာမူ ဝတ်လုံလိုက်ခြင်း၊ စာရေးဆရာလုပ်ခြင်းထက် ကျွန်ုပ်အဖို့ ပို၍ စိတ်ချမ်းသာမှု ရမည်မဟုတ်ပေ။ ဤဆုံးဖြတ်ချက်မှာ ကျွန်ုပ်အတွက် ကောင်းစွာမှန်ကန်သည်ဟု ယူဆမိ၏။

နောက်ဆုံး၌ ကျွန်ုပ်လည်း အချိန်အားလပ်နေသည့် ကြေးရတတ် အင်္ဂလိပ်လူမျိုးများ လုပ်လေ့လုပ်ထရှိသည့် ခရီးလှည့်လည်ခြင်းအလုပ်ကို ပြုလုပ်တော့မည်ဟု စိတ်ကူးမိ၏။ သို့သော် ကမ္ဘာကို အလျင်စလို လှည့်လည်ခြင်းမျိုးမဟုတ်ဘဲ စိတ်၏တံခါးကိုဖွင့်ကာ လေ့လာဖွယ် မှတ်သားဖွယ်များကို သုတေသနပြုလုပ်ခြင်းဖြင့် အချိန်ကို ကုန်စေမည်ဟု စိတ်ကူးမိ၏။ သိပ္ပံပညာရှင်ကြီးတစ်ဦး၏ အဆိုအမိန့်အရ ကမ္ဘာပေါ်တွင် မည်သည့်အရာမျှ အသစ်အဆန်းမဟုတ်ဟု ဆိုသည့်အတိုင်း အသစ်အဆန်းများကို တွေ့မည်ဟူ၍ကား မထင်မိပေ။

သို့သော် ကမ္ဘာ၏ အရှေ့ပိုင်းကို ကျွန်ုပ်သည် အလွန်စိတ်ဝင်စားလျက်ရှိနေ၏။ သို့နှင့် အိန္ဒိယပြည် ဗာရာဏသီမြို့သို့ ရောက်သွား၍ ပညာရှင် အဘိဓမ္မာဆရာကြီးများနှင့် တွေ့ရသောအခါ ကျွန်ုပ်တို့ ဘိုးစဉ်ဘောင်ဆက်မှ ရရှိခဲ့သည့် အတွေးအခေါ် အယူအဆများက ကျွန်ုပ်၏ အဇ္ဈတ္တသဏ္ဍာန်အတွင်း၌ ရှိနေသည့် စိတ်ဓာတ်ကို ကာကွယ်ပိတ်ဖုံးထားကြောင်း သိရ၏။ ကျွန်ုပ်မှာ ထိုစိတ်ဓာတ်၏ လွတ်မြောက်မှုကို ရရှိရန် အစဉ်တစိုက်ကြိုးစားလာခဲ့သူဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီးများနှင့် တွေ့သောအခါမှ စိတ်ဓာတ်၏ လွတ်ငြိမ်းမှုအကြောင်းကို ကောင်းစွာ သဘောပေါက် သိရှိ နားလည်ရတော့၏။ ကျွန်ုပ်ရှာဖွေနေသည့်အရာကို ယခု တွေ့ရပေပြီ။

ယင်းသည်ကား အခြားမဟုတ်၊ အနန္တတန်ခိုးတော်ရှင် ဘုရားသခင်ပင်ဖြစ်တော့၏။ ထို့ပြင် ကျွန်ုပ်၏ အဇ္ဈတ္တသန္တာန်အတွင်း၌ ဖောက်ပြန်ခြင်းမရှိသော တမ်းတမှု ကိန်းအောင်းနေသည်ဟု ထိုပညာရှင်ကြီးများက ဆို၏။ လူများအတွက် ကာလအပိုင်းအခြား အတိုင်းအဆဟူ၍ မရှိသော နှစ်ပရိစ္ဆေဒ ဘဝသံသရာအကြောင်းနှင့် ထိုအချိန်များ၌ မိမိတို့ဆိုင်ရာ အခန်းတွင် ပါဝင်ကပြရမည့် အကြောင်းကို ဟောကြားပြောပြသောအခါ ကျွန်ုပ်မှာ ကြက်သီးမွေးညင်းများ ထအောင်ပင် အံ့သြ၍ သွားမိတော့၏။

ကျွန်ုပ်သည် သစ္စာတရားကို သိလိုလှ၏။ ဗစ်ကလီပြောသည့်အတိုင်း ဘဝဆိုသည်မှာ ယာယီလှုပ်ရှားခြင်းမျှသာလော၊ သို့မဟုတ် ဗက်စတင်ပြောသကဲ့သို့ ဘဝဆိုသည်မှာ ချမ်းသာသုခနှင့်ပြည့်စုံသည့် ထာဝရတည်မြဲခြင်းမျိုးပေလော။ သို့ပြောစေကာမူ သူသည် ဘဝ၏အဓိပ္ပာယ်ကို နားလည်ပါ၏လော။

ဘဝဟူသည် တွေးတောကြံဆခြင်းငှာ မတတ်နိုင်သော၊ တည်မြဲခြင်းမရှိသည့် ကာလအပိုင်းအခြားကလေး တစ်ခုပေလော၊ သို့မဟုတ် အစမထင်သော နေရာမှလာ၍ အစမထင်သော နေရာကို ရွေ့လျားသွားလာနေခြင်းပင်ဖြစ်လေသလော။ အမှန်ကို သိစွမ်းနိုင်သည့် သစ္စာတရားကို မည်သို့မည်ပုံ လေ့လာတတ်မြောက်ပါမည်နည်းဟု အရှေ့ကမ္ဘာမှ အဘိဓမ္မာဆရာကြီးများအား ကျွန်ုပ်က မေးမြန်းသောအခါ ခြိုးခြံသော အကျင့်တရားအကြောင်းနှင့် နှစ်ပေါင်းများစွာ လေ့လာရသည့်အကြောင်းကိုလည်းကောင်း ပြောကြသဖြင့် အတိအကျအဖြေကို ကျွန်ုပ် မသိခဲ့ရချေ။ သူတို့ ပြောပြချက်များမှာလည်း ကိုယ်တွေ့ဟုတ်ဟန် လက္ခဏာမရှိချေ။ သူတို့ရရှိသည့် တရားဓမ္မများ၏ ဇစ်မြစ်ကိုလည်း မပြောနိုင်ကြချေ။ သူတို့သည် အရှေ့တိုင်းနက္ခတ်တာရာများ၏ အရှိန်အဝါ ဟပ်ခြင်းကို ခံရသဖြင့် သူတို့၏ စိတ်ကူးစိတ်သန်းများကို ဒိဋ္ဌအမှန်တရားကဲ့သို့ ပြောကြားခြင်းသာ ဖြစ်ပေလိမ့်မည်။

နောက်ဆုံး၌ ကျွန်ုပ်သည် လက်လျှော့၍ ထွက်ခွာလာခဲ့၏။ သို့ သော် ကျွန်ုပ်စိတ်ထဲတွင် ထိုပြဿနာကို မေ့ပျောက်၍မရဘဲ စွဲလမ်းလျက် ရှိ နေ၏။ ကျွန်ုပ်စိတ်ထဲတွင် ရှိနေသည့် ဆန္ဒမှာ ပြင်းပြသည်ထက် ပြင်းပြလာ ပြန်၏။ သို့ရှိစဉ် လျှပ်တစ်ပြက်အတွင်း ကျွန်ုပ်၏ ဉာဏ်ပွင့်လင်း၍ သိရှိ လိုက်သည်မှာ မိမိကိုယ်ခန္ဓာအတွင်းရှိ စိတ် (ဝိညာဉ်) သည်သာလျှင် ဖုံးကွယ် ငုပ်လျှိုးနေသည့် ဆရာကြီးပါပေတည်း။ အရှေ့တိုင်း အဘိဓမ္မာဆရာကြီးများ ၏ သိရှိချက်ဆိုသည်မှာလည်း သူတို့၏ စိတ်ဝိညာဉ်တည်းဟူသော ဆရာ ကြီးထံမှ လေ့လာသိရှိရခြင်းသာ ဖြစ်ပေလိမ့်မည်။ ဤသို့အားဖြင့် ကျွန်ုပ်၏

တစ်ခုတည်းသောဆန္ဒမှာ မည်းမှောင်သော အဝိဇ္ဇာကို ထိုးဖောက်သိမြင်နိုင်သည့် အလင်းရောင်ကို စိတ်၏ စွမ်းပကားဖြင့် ရယူရန်ပင် ဖြစ်တော့၏။

ကျွန်ုပ်သည် မိန်းမများအပေါ်တွင် စိတ်ဝင်စားမှုမရှိလှပါ။ သို့သော် မလွဲမရှောင်သာသည့် တိုက်ဆိုင်မှုများမှာ အကောင်အထည်ဖြင့် အောက်ပါအတိုင်း ပေါ်ပေါက်လာတော့၏။

ကျွန်ုပ်တွင် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာပုံမှာ အိန္ဒိယပြည်မှ အပြန်တွင် ရောမမြို့သို့ ခေတ္တဝင်ရောက်ခဲ့၏။ ရောမမြို့သို့ ရောက်၍ နောက်တစ်နေ့တွင် ထိုအချိန်က ကျွန်ုပ်တို့ သံအမတ်၏ ဧည့်စာရင်းစာအုပ်တွင် လက်မှတ်ရေးထိုးရန် သွားရောက်၍ ကျွန်ုပ်၏အမည်ကို ရေးသွင်းလိုက်ရ၏။ သံအမတ်၏အမည်မှာ 'ဆာအဲဖရက် အပ်ပတန်' ဖြစ်၍၊ ထိုဧည့်စာရင်းစာအုပ်တွင် ကျွန်ုပ်၏အမည်ကို ထည့်သွင်းလိုက်ရခြင်းမှာ ကျွန်ုပ်အား ညစာ ဖိတ်ခေါ်ကျွေးမွေးစေလို၍ မဟုတ်ဘဲ၊ သူသည် ရှေးဟောင်းပစ္စည်းများကို ဝါသနာပါသူဖြစ်ကြောင်း ကျွန်ုပ်ကြားဖူးထားသဖြင့် သူ၏ အကူအညီမရလျှင် ကျွန်ုပ်တွေ့လိုမြင်လို ကြည့်လိုသည့် ရှေးဟောင်းပစ္စည်းများကို မတွေ့ရမည်စိုးသောကြောင့်သာဖြစ်၏။

သူသည် ကံအားလျော်စွာပင် ကျွန်ုပ်အား ဖူးလ်ကုံး အိမ်အနီးရှိ ကျွန်ုပ်၏ အိမ်နီးပါးချင်းများထံမှ ကျွန်ုပ်၏အကြောင်းကို သိထားပြီးဖြစ်၏။ ချက်ချင်းလိုပင် နောက်တစ်နေ့၌ သူနှင့်အတူ ညစာစားရန် ကျွန်ုပ်အား ဖိတ်ခေါ်တော့၏။ ညစာစားပွဲသို့ တက်ရောက်သောအခါ ပါတီမှာ လူများ အတော်စုံလင်ကြောင်း တွေ့ရှိရလေသည်။ အချို့အင်္ဂလိပ်လူမျိုး လူကြီးလူကောင်းများမှာ ၎င်းတို့၏ ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များ တပ်ဆင်လာသည်ကို တွေ့ရ၏။ ဤသို့ပြုလုပ်ခြင်းမှာလည်း ကျွန်ုပ်တို့ဘုရင်၏ ကိုယ်စားလှယ်တော်ကြီးနှင့်အတူ ညစာ စားသောက်ကြသောအခါ ထုံးစံအရ တပ်ဆင်ထားကြခြင်းဖြစ်၏။ ဤကဲ့သို့ ဘွဲ့တံဆိပ်များ တပ်ဆင်လာသည်ကို မြင်ရသောအခါ၊ ကျွန်ုပ်မှာ ဘွဲ့တံဆိပ်မရှိသော သာမန်လူစား မစ္စတာအာဗူနော့မျှသာ ဖြစ်ကြောင်း တွေးမိ၏။ ထိုမျှသာမက ညစာ စားခန်းထဲသို့ ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်ကြီးများ ဝင်ပြီးသည့်နောက်မှ ကျွန်ုပ်ကို ဝင်ရန် သံအမတ်ကြီးက ရှင်းပြသည့်ပြင် ကျွန်ုပ်နှင့်အတူ တွဲဖက်ဝင်ရန် အမျိုးသမီးဟူ၍လည်း တစ်ယောက်တလေမျှ မရှိသဖြင့် ကျွန်ုပ်မှာ ဝမ်းနည်းသကဲ့သို့ ဖြစ်၍ သွားမိတော့၏။

အခန်းတွင်းသို့ ရောက်သောအခါ ကျွန်ုပ်အား အင်္ဂလိပ်စကားမပြောတတ်ကြသည့် အီတလီ မြို့စားကတော် တစ်ဦးနှင့် ရှရှမင်းသားတစ်ပါး၏ကြားတွင် နေရာပေးထား၏။ ကျွန်ုပ်မှာ နိုင်ငံခြားဘာသာစကားဟူ၍ မည်

သည့်စကားကိုမျှ မတတ်။ သူတို့ပြောဆိုသည့် အများသုံး ပြင်သစ်စကား ကလေးကိုပင် သိနားလည်သူ တစ်ယောက် မဟုတ်ချေ။ သို့နှင့် ကျွန်ုပ်မှာ စိတ်ထဲတွင် ကြိတ်၍ ရှက်မိ၏။ ၎င်းတို့စကားကို မပြောနိုင်သဖြင့် မတတ်ဟု ဆိုသော်လည်း ကျွန်ုပ်မှာ ရှေးဟောင်းစာပေများကို အထူးဝါသနာပါ၍ လေ့ လာသူဖြစ်သောကြောင့် ထိုဘာသာရပ်ဘက်၌မူ ကျွန်ုပ်အား လူတော်တစ် ယောက်ဟု ခေါ်ကြသည်သာ ဖြစ်၏။ သူတို့က ကျွန်ုပ်အား ပြင်သစ်ဘာသာ စကားဖြင့် မေးမြန်း ပြောဆိုလျက်ရှိရာ ကျွန်ုပ်က တစ်စုံတစ်ရာ ပြန်မပြော နိုင်သဖြင့် မွန်ထွန်လျက်ရှိစဉ်၊ တစ်စုံတစ်ရာကို ကျွန်ုပ် သွား၍ သတိရလိုက် မိ၏။ ယင်းသည်ကား အခြားမဟုတ်၊ အီတလီမြို့စားကတော်မှာ အီတလီ နိုင်ငံသူဖြစ်၍ 'လက်တင်' ဘာသာစကားကိုမူ အနည်းအကျဉ်း သိရမည်ဖြစ် ၏။ (သူတို့၏ လက်ရှိ အီတလီစကားမှာ လက်တင်မှ ဆင်းသက်လာခြင်း ဖြစ်၏။) သို့နှင့် မြို့စားကတော်အား ကျွန်ုပ်က လက်တင်ဘာသာဖြင့် ပြန် ပြောလိုက်ရာ၊ အမျိုးသမီးကြီးမှာ ရှက်ကိုးရှက်ကန်းဖြစ်၍သွားတော့၏။ ဤ သို့ ကျွန်ုပ်က လက်တင်ဘာသာဖြင့် ပြောဆိုနေသည်ကို ဆာအဲဖရက်က ကြား သောအခါ သူသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးနောက် အခြေအနေ ကို ပရိသတ်အား ရှင်းပြလိုက်တော့၏။ ထိုအခါ ကျွန်ုပ်မှာ ပရိသတ်အားလုံး က လူထူးလူဆန်းတစ်ယောက်ကဲ့သို့ ဝိုင်းအုံကြည့်ရှုခြင်းခံရသဖြင့် မျက်နှာ မထားတတ်အောင်ပင် ရှိတော့၏။

မိန်းမချော 'နေတာလီ' ကို ပထမဆုံး တွေ့လိုက်သည်မှာ ထိုအခိုက် အတန့်၌ပင် ဖြစ်တော့၏။ ကျွန်ုပ်မှာ သံအမတ်အိမ်သို့ အချိန်နောက်ကျမှ ရောက်သွားသဖြင့် ကျွန်ုပ်အား နေတာလီနှင့် မိတ်ဆက်ပေးရန် အချိန်နှောင်း နေပြီဖြစ်၏။ နေတာလီမှာ မိတဆိုးလေးဖြစ်၏။ စားပွဲ၏ တစ်ဖက်စွန်း၌ ထိုင်လျက်ရှိရာ၊ သူ၏ ရှေ့တွင် ယပ်တောင်တစ်ချောင်းကဲ့သို့ ဖြန့်ကားစိုက် ထားသည့် နှင်းပန်းဖြူ ပန်းအိုးတစ်လုံးရှိလေသည်။ သူသည် အခြားသူများ ကဲ့သို့ ကျွန်ုပ်အား ခပ်ကုန်းကုန်း အနေအထားဖြင့် ကြည့်ရှုလျက်ရှိရာ သူ၏ ဦးခေါင်းတွင် နှင်းပန်းများကို သရဖူသဏ္ဍာန် ဆောင်းထားသည်နှင့် တူနေ ၏။ ကမ္ဘာကျော် ထိပ်တန်းပန်းချီဆရာကြီးများပင်လျှင် ကျွန်ုပ်မြင်ရသော လှသူဇာကလေး၏ အမှတ်မထင် ထင်ဟပ်နေသော မြင်ကွင်းကို ခြယ်မှုန်းရန် စိတ်ကူးပေါက်ကြမည်မဟုတ်ပေ။ အထက်ကောင်းကင်မှ မိုးနတ်မယ်ကလေး သည် နှင်းပန်းများကြားမှ လူ့ပြည်သို့ ငုံ့ကြည့်နေသကဲ့သို့ ကျွန်ုပ်စိတ်တွင် ထင်မိ၏။ သူ့မျက်နှာကလေးမှာ ပထမ၌ အမှတ်မထင်ဖြစ်သော်လည်း အသား ရောင် မညို့တညိုနှင့် လှ၍ နေတော့၏။ သူ၏မျက်လုံးများမှာ ဝိုင်းစက် ပြီးလျှင်

နူးညံ့သိမ်မွေ့သည့်အသွင်ကို ဆောင်လျက်ရှိ၏။ မျက်လုံး၏ လှပခြင်း ကို အဓိပ္ပာယ်ဖွင့်ရသည်မှာ သူ၏မျက်လုံးများမှ တောက်ပနေသော အရောင် နှင့် သူ၏ခန္ဓာကိုယ်ပေါ်တွင် ရောင်ပြန်ဟပ်နေခြင်းကပင် ပကတိအလှ၏ သဘာဝကို ဆောင်၍နေသည်ဟု ပြောရပေမည်။ အနီးဆုံး ဥပမာပြရမည် ဆိုလျှင် ဖြူဖွေးသော ကျောက်သလင်းအိုးထဲတွင် မီးအိမ်တစ်လုံးကိုထည့်၍ ထွန်းထားသည်နှင့်ပင် တူတော့၏။ ဤအလှမှာ သူ၏ဆံပင်နှင့် နှင်းပန်းများ နှင့် ပဏာရနေသည့် မတော်တဆဖြစ်နေသော အလှမျိုးမဟုတ်ဘဲ သူ့ခန္ဓာ ကိုယ်တွင်းမှ ထွန်းလင်းနေသော ဝိညာဉ်၏ ပကတိအလှမျိုးဖြစ်လေသည်။

ကျွန်ုပ်မှာ သူနှင့် မျက်လုံးချင်းဆုံသွားမိ၏။ ကျွန်ုပ်၏ မျက်လုံးများ တွင် အံ့ဩခြင်း၊ မြတ်နိုးခြင်းအရိပ်အယောင်များ ပါသွားဟန်တူ၍ သူ၏ မျက်လုံးများတွင်မူ သဘောကျခြင်း၊ ပြုံးရယ်ခြင်းများ ပျောက်ကွယ်သွားပြီး လျှင် ၎င်းတို့နေရာတွင် နူးညံ့သိမ်မွေ့သည့် ဣန္ဒြေက အစားဝင်လာသည်ကို မြင်လိုက်ရ၏။ သူသည် ချက်ချင်းလိုပင် နောက်သို့ အတန်ငယ် ယို့လိုက် သဖြင့် လှပသော သူ၏မျက်နှာကလေးမှာ နှင်းပန်းများနောက်တွင် ကွယ် ပျောက်သွားတော့၏။ သူသည် နေရာမှ ထသွားသဖြင့် ကြည့်လိုက်မိရာ အတန် ငယ် အရပ်နိမ့်သည်ဟု ထင်ရသော်လည်း သူ၏ ကိုယ်လုံးကိုယ်ပေါက်ကလေး မှာ ကျစ်လျစ်တောင့်တင်း၍ သွယ်လျဖြောင့်စင်းသော လက်ချောင်းကလေး များကို ကျွန်ုပ် သတိပြုလိုက်မိ၏။

ဧည့်ခန်းထဲသို့ ကျွန်ုပ်ရောက်သွားသောအခါ ညစာစားပွဲတွင် ကျွန်ုပ် နှင့် စကားစမြည်ပြောခဲ့ရသော သူ၏ဖခင်က သမီးဖြစ်သူနှင့် ကျွန်ုပ်အား ...

"ဒီမယ် မစ္စတာအာဗူနော့ . . . ကျုပ်သမီးကတော့ တကယ့်ကို ရှေးဟောင်းပစ္စည်းတွေကို လေ့လာထားသဗျ၊ ခင်ဗျားသိချင်တာရှိရင် သူ့ကိုပဲ မေးပေတော့၊ အကူအညီ ပေးနိုင်ပါလိမ့်မယ်"

ဟု ပြောဆိုမိတ်ဖွဲ့ပေးပြီးနောက် အရေးကြီးသော ပုဂ္ဂိုလ်များနှင့် စကားပြောဆိုရန် ထွက်သွားလေသည်။

နေတာလီသည် ကျွန်ုပ်အား မဝံ့မရဲကြည့်ကာ နူးညံ့ပျော့ပျောင်း သောအသံဖြင့် . . .

"ကျွန်မရဲ့အဖေက သက်သက်ကြွားပြောလိုက်တာပါရှင်၊ ဒါပေမဲ့ လို့ . . ."

သို့ပြောလိုက်ပြီးနောက် သူ၏နံဘေးတွင် ထိုင်ရန် လက်ရိပ်လက် ခြေပြလိုက်သဖြင့် ကျွန်ုပ်လည်း သူ၏နံဘေးတွင် ဝင်၍ ထိုင်လိုက်၏။ ထို့ နောက်တွင်ကား ကျွန်ုပ်တို့နှစ်ယောက်မှာ တူညီသောဝါသနာ ရှိကြသူများ

ဖြစ်သည့်အတိုင်း စကားလက်ဆုံကျလျက် ရှိကြတော့၏။ ကျွန်ုပ်တို့ပြောကြသည့် အကြောင်းအရာများမှာ အထူးသဖြင့် ကျွန်ုပ် သွားလိုကြည့်လိုသော ရှေးဟောင်းအဆောက်အဦများရှိရာ နေရာများအကြောင်းနှင့် ရှေးဟောင်းပစ္စည်းများအကြောင်းပင် ဖြစ်လေသည်။ အတိုချုပ်ပြောရမည်ဆိုသော် တည်းခိုရာဟိုတယ်သို့ ပြန်သွားသောအခါမှ ကျွန်ုပ်မှာ နေတာလီအား ချစ်မိပြီဖြစ်ကြောင်း ကောင်းစွာ သိရတော့၏။ သူကလည်း ကျွန်ုပ်ကဲ့သို့ပင် တွေ့မြင်သည့်အချိန်မှ စ၍ ကျွန်ုပ်အပေါ်တွင် ချစ်ခင်နှစ်သက်မိကြောင်း နောင်အခါပြောပြသဖြင့် သိရှိရလေသည်။

ယင်းသည်ကား ထူးဆန်းသော အခြင်းအရာတစ်ခုပါပေတည်း။ နှစ်ပေါင်းများစွာ ကွေကွင်းနေရသည့် မိတ်ဆွေဟောင်းနှစ်ဦး ပြန်လည်တွေ့ဆုံရသကဲ့သို့ပင် ရှိတော့၏။ ကျွန်ုပ်တို့နှစ်ယောက်မှာ တွေ့လျှင်တွေ့ခြင်း ခင်မင်ရင်းနှီးပြီး မိတ်ဆွေနှစ်ဦးကဲ့သို့ပင် ဖြစ်နေတော့၏။ ထူးဆန်းသော အချက်တစ်ခုကို ကျွန်ုပ်ပြောလို၏။ ယင်းသည်ကား အခြားမဟုတ်၊ ဤလောကကြီးတွင် မိန်းမနှင့်ယောကျ်ား ချစ်ကြိုက်သည်ဆိုခြင်းမှာ ဓမ္မတာပင်ဖြစ်သည်မှန်သော်လည်း နေတာလီနှင့် ကျွန်ုပ်၏ကိစ္စမှာ ထို့ထက်ပိုလွန်၍ ကျွန်ုပ်က သူ့အား ယခင်က တွေ့ဆုံချစ်ကြိုက်ဖူးသကဲ့သို့ အပြန်အလှန် စိတ်ထဲတွင် ထင်မိ၍ နေကြခြင်းမှာ အလွန်ထူးဆန်းသည့် အချက်တစ်ခုပင် ဖြစ်ပေသည်။

တစ်ညနေတွင် ကျွန်ုပ်တို့သည် ရောမမြို့ကြီးရှိ ကော်လီစီယံ ရှေးအဆောက်အဦကြီးသို့ ရောက်သွားကြ၏။ ထိုအချိန်တွင် အဆောက်အဦကြီးအတွင်း၌ လာရောက်လည်ပတ်သူဟူ၍ တစ်ယောက်မျှမရှိဘဲ ကျွန်ုပ်တို့နှစ်ယောက်တည်းသာ လွတ်လပ်စွာ ရှိနေသဖြင့် တစ်ယောက်နှင့်တစ်ယောက် ချစ်မေတ္တာ ကူးလူးဖလှယ်ခဲ့မိကြ၏။ ဖွင့်၍ပင်မပြောသော်လည်း နှစ်ဦးသဘောတူ တိုင်ပင်ထားသကဲ့သို့ ထိုအဆောက်အဦကြီးကိုမှ ရွေးချယ်ပြီးလျှင် ဤနေရာ၌ ကျွန်ုပ်တို့၏ မေတ္တာကို ဖလှယ်ခဲ့မိကြခြင်းဖြစ်လေသည်။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့၏ နှလုံးသားများကို နေရာစစ် နေရာမှန်တွင် မေတ္တာပန္နက်သဲစ၍ရိုက်ကြခြင်းဖြစ်သည်ဟု ဆိုလိုပါသည်။ ထိုအဆောက်အဦကြီးမှာ အိုမင်းဟောင်းနွမ်းလှပြီဖြစ်၍ လူသားတို့၏ အတွေ့အကြုံ အဖြစ်အပျက်ဟူသမျှ ကို တွေ့မြင်ကြားသိ ထိတွေ့လာခဲ့ရ၏။ လူကြမ်းဘုရင်များ၏ ကြောက်ဖွယ်ကောင်းသော ပြစ်မှုကြီးများကိုလည်းကောင်း၊ မွန်မြတ်သော စွန့်လွှတ်မှုဖြင့် အသက်ကိုစတေးကာ အသေခံ၍ သွားကြရရှာသော အာဇာနည်တို့၏ အသက်စွန့်ပွဲကြီးများကိုလည်းကောင်း ဤအဆောက်အဦကြီးက တွေ့မြင်သိရှိခဲ့ရပြီးဖြစ်၏။ ထို့ကြောင့်လည်း ဤနေရာ၌ ကျွန်ုပ်တို့နှစ်ဦး၏ မေတ္တာစစ်မေတ္တာ

မုန်ကို ဖွင့်ဟဖော်ထုတ် အသည်းနစ်အောင် မြှုပ်ခဲ့ရခြင်းမှာ အထူးပင် လျော်ကန်သင့်မြတ်လှပေသည်ဟု ကျွန်ုပ်ယူဆမိ၏။

ဤသို့ နေတာလီနှင့်ကျွန်ုပ် ပထမဆုံးအကြိမ် တွေ့ခဲ့ပြီးနောက် တစ်လအတွင်း၌ပင် ကျွန်ုပ်တို့မှာ စေ့စပ်ကြောင်းလမ်းပြီး ဖြစ်သွားတော့၏။ ထို့နောက် သုံးလအကြာတွင် လက်ထပ်ခဲ့ကြရာ တိုတောင်းသောအချိန်များကို အလဟဿ ဆွဲထားရန် အကြောင်းတစ်စုံတစ်ရာ မရှိချေ။ ဖခင်ဖြစ်သူဆာအဲဖရက်မှာ ပစ္စည်းဥစ္စာများစွာ ပြည့်စုံသူမဟုတ်သဖြင့် သမီးဖြစ်သူအား ကျွန်ုပ်က လိုလေသေးမရှိ ပြုစုထားနိုင်သဖြင့် သဘောမကျစရာအကြောင်းဟူ၍ မရှိချေ။ အခြားအချက်တစ်ချက်မှာလည်း နေတာလီမှာ အသက် ၂၇ နှစ်မျှသာရှိပြီဖြစ်သော်လည်း ထိုအချိန်ထိ အိမ်ထောင်မပြုသေးသဖြင့် ယခုကဲ့သို့ ကျွန်ုပ်နှင့် တင့်တင့်တယ်တယ် ဖြစ်သွားရသည်ကို အလွန်ပင် ကျေနပ်လျက်ရှိလေသည်။ ကျွန်ုပ်တို့၏ အိမ်ထောင်ရေးမှာ နှင်းခဲများပေါ်တွင် လျှောစီး၍ ဆင်းသွားရသကဲ့သို့ သာယာပြေပြစ်လှတော့၏။ သို့သော် နှင်းတောင်၏ အောက်ခြေလမ်းဆုံးတွင် မည်သည့်အရာကို တွေ့ရပေမည်နည်းဟူ၍ကား မသိရပေ။ ခရီးအဆုံးတွင် ပြေပြစ်သော 'စခန်းသာ' သို့ ဆိုက်လျှင်လည်း ဆိုက်မည်။ မတ်စောက်သော ချောက်ကမ်းပါးကြီးကို တွေ့လျှင်လည်း တွေ့မည်။ ယင်းသည်ကား လောကကြီး၏ ဓမ္မတာပင် ဖြစ်တော့၏။

ဤသည်တို့ကား ကျွန်ုပ်တို့ တွေးတောချက်ဖြစ်၍ နှင်းတောင်၏ အောက်တွင် ချောက်ကမ်းပါးကြီးရှိနေမည်ကို မစဉ်းစားမိ။ အိပ်မက်မျှပင် မမက်မိချေ။ ကျွန်ုပ်တို့နှစ်ယောက်မှာ အသက်အရွယ်ကလည်းငယ်၊ ပူပန်သောကဟူ၍မရှိ၊ ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံသဖြင့် ချောက်ကမ်းပါးများအကြောင်းကို အိပ်မက်မျှပင် ထည့်မမက်မိကြချေ။ သေခြင်းတရားဟူသည်ကား ကျွန်ုပ်တို့အတွက် ဝေးလံလှသေး၏။

လူများသည် မမျှော်လင့်ဘဲ ရုတ်တရက် ကျရောက်လာတတ်သည့် ဘေးအန္တရာယ်များကို ကြိုတင်တွေးတောထားကြရန်သင့်၏။ အပေါ်ယံအားဖြင့် ကြည့်လျှင် ဖြောင့်ဖြူး၍၊ ခလုတ်ကန်သင်းမရှိဟု ထင်ရသောလမ်းပေါ်၌ ပြေးသွားသော လူတစ်ယောက်သည် ရုတ်တရက် ဆူးငြောင့်၊ သစ်ငုတ်၊ ခလုတ်ကန်သင်းနှင့်တွေ့ကာ ဒုက္ခရောက်တတ်ကြသည် မဟုတ်လော။

ဖူးလ်ကုံးရွာကြီးသို့ ကျွန်ုပ်တို့ လက်ထပ်ပြီးစ ဇနီးမောင်နှံတို့ ရောက်ရှိသွားသောအခါ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းများကို အားပါးတရ တီးကာ ကျွန်ုပ်တို့အား ရွာက ကြိုဆိုကြ၏။ ထိုညဥ့် ကျွန်ုပ်သည် ဗက်စတင် ဇနီးမောင်နှံနှင့် ဆရာဝန်ဗစ်ကလီတို့အား မင်္ဂလာညစာဖြင့် တည်ခင်းဧည့်ခံ

လေသည်။ ညစာစားပြီးနောက် နေတာလီက ဗက်စတင်၏ ဇနီးဖြစ်သူအား မိန်းမချင်းစကားပြောရန် ညစာစားခန်း၏ အပြင်သို့ ခေါ်သွားသောအခါ ဗက်စတင်က ကျွန်ုပ်မေ့နေသည်ထင်သော အချက်တစ်ခုကို ပြောပြလျက် ရှိလေသည်။

"ဟော့ကောင် အာဗူနော့၊ မင်းမိန်းမကတော့ တော်ပုံလည်း ရတယ်၊ ချောလည်း ချောတယ်ကွ၊ အေး . . . စဉ်းစားကြည့်မယ်ဆိုရင်တော့ မင်းဟာ တကယ့်ကို ကုသိုလ်ကံချွန်တဲ့ လူပဲလို့ ပြောရမှာပဲ၊ မင်းမှာ ရှိသင့်ရှိထိုက်တာထက် အများကြီးပိုပြီး ပိုက်ဆံတွေက ရှိနေတယ်။ ဒီပိုက်ဆံတွေကို မင်းသိပ်ပြီး အလုပ်မလုပ်ရဘဲနဲ့ ရထားတယ်။ ပြီးတော့ ဒီပိုက်ဆံတွေကို ငါပြောတဲ့အတိုင်း မင်း အသုံးမချဘူး၊ ဒါတင်မဟုတ်သေးဘူး၊ မင်းဝန်ခံမယ်ဆိုရင်တော့ မင်းပိုင်တဲ့ ပစ္စည်းတွေဟာ တကယ်တော့ လူအများကြီး ပိုင်ဆိုင်သင့်တဲ့ ပစ္စည်းတွေပဲကွာ၊ မင်းမှာ ထူးထူးခြားခြား အစွမ်းသတ္တိမရှိပေမဲ့လို့ ကုသိုလ်ကံက မင်းကို မျက်နှာလိုက်လွန်းအားကြီးတယ်။ ဒီတော့ နောက်ဆုံးတစ်နေ့ကျရင် သူ့အလှည့် ကိုယ့်အလှည့်ဆိုသလို မင်းအလှည့် ရောက်လာပြီး သူများတွေလိုပဲ မင်းလည်း ဒုက္ခသုခတွေနဲ့ကြုံရင် ကြုံရဦးမှာပဲ။ မင်းမှာက ပေးစရာတွေက တစ်ပုံကြီး ရှိနေလေတော့၊ မင်းရဲ့ မိန်းမမှာလည်း ကလေးရချင်ရမယ်၊ ဒါမှမဟုတ်ရင်လည်း မင်းမှာရှိသမျှ ဥစ္စာစည်းစိမ်တွေ ကုန်ပြီး မင်းထမင်းစားဖို့အတွက် အလုပ်လုပ်ချင်ရင်လည်း သူများတွေလို လုပ်ရလိမ့်မယ်။ ဒီလိုဆိုရင်တော့ မင်းအတွက် ကောင်းတာပဲ၊ ဒါမှမဟုတ်ရင်လည်း"

ဗက်စတင်သည် သူလုပ်နေကျအတိုင်း တစ်စုံတစ်ရာကို နက်နဲစွာ စဉ်းစားနေသည့်ဟန်ဖြင့် ဆက်လက်၍ . . .

"ဒါမှမဟုတ်ရင်လည်း မင်းမိန်းမဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေချင်သေသွားလိမ့်မယ်၊ သူ့မျက်နှာပုံပန်းကြည့်ရတာကိုက အဲသလို ဖြစ်နိုင်မယ့် ပုံပန်းပဲကွ၊ သို့သော် မသေပါစေနဲ့လို့ ငါဆုတောင်းပါတယ်ကွာ"

သို့ပြောလိုက်ပြီးနောက် သူသည် ရုတ်တရက် အိပ်ရာမှ နိုးလာသော လူတစ်ယောက်ကဲ့သို့ ဖြစ်သွားလေသည်။

ကျွန်ုပ်တို့ မင်္ဂလာညစာစားပွဲ၌ တောင်စဉ်ရေမရ ပြောလိုက်သော သူ၏စကားများသည် ကျွန်ုပ်၏အသည်းနှလုံးကို ဒိုင်းခနဲ ဝင်၍ဆောင့်သကဲ့သို့ ခံစားလိုက်မိ၏။ သို့နှင့်ပင် ကျွန်ုပ်၏ စိတ်ထဲကလည်း သူပြောသည့်အတိုင်း ဖြစ်လိမ့်မည်ဟု ထင်မိ၏။ ဗက်စတင်မှာ အလိုက်ကန်းဆိုးမသိ၊ ပက်ပက်စက်စက်ပြောသည့်နေရာတွင် သူကဲ့သို့လူမျိုး မရှိဟု သိထားသည်က တစ်ကြောင်း၊ ကျွန်ုပ်၏ အသိစိတ်ကလည်း သူပြောသလိုဖြစ်တော့မည်ဟု ထင်

မိသဖြင့် တစ်ကြောင်း ကျွန်ုပ်မှာ မည်ကဲ့သို့ ပြန်၍ပြောရမည်ကိုပင် မသိနိုင်အောင် ဖြစ်၍နေတော့၏။

ဗစ်ကလီကမူ သူပြောသည့်စကားများကို သည်းခံ၍မနေဘဲ အတန်ငယ် ဒေါသထွက်လာသည့်ဟန်ဖြင့် ရှူးရှူးရှားရှားဖြစ်ကာ . . .

"ဟော့ . . . ငါတစ်ခုပြောမယ်ကွ၊ ဘယ်လိုမှ မအောက်မေ့နဲ့ ဟုတ်လား။ အခုမင်းပြောလိုက်တဲ့ဟာတွေဟာ မင်းယုံကြည်တဲ့ ဘာသာတရားရဲ့ မူဝါဒတွေနဲ့ ကိုက်ညီရင်လည်း ကိုက်ညီမယ်၊ မကိုက်ညီရင်လည်း နေမယ်၊ ဒါပေမဲ့ မင်းအခု ပြောလိုက်တာတွေတော့ အားမနာ ပါးမနာ လွန်လွန်းရာ ကျနေတယ်ကွ။ ရှေးပဝေသဏီက ခရစ်ယာန်တွေဟာ အင်မတန်ရိုင်းစိုင်းတဲ့ အမူအရာ အလေ့အကျင့်ရှိတဲ့လူတွေကွ၊ အဲသလို လူစားတွေကိုတောင်ပဲ အခုမင်းပြောသလို သွားပြောမယ်ဆိုရင် အောင့်ခံနေကြမှာ မဟုတ်ဘူး၊ အဲ . . . သူတို့တစ်တွေရဲ့ ပွဲကြီးလမ်းကြီးတစ်ခုခု လုပ်နေရာမှာ အဲသလို မင်းသွားပြီး ပြောစမ်းပါလား၊ တစ်ခါတည်း အမင်္ဂလာကောင်ဆိုပြီး မင်းကို လည်လိမ်ပြီး သတ်ပစ်မှာ သိရဲ့လား"

ဟု ပြောလိုက်၏။

"ဟ ဘာဖြစ်လို့လဲကွ၊ ငါက မှန်တယ်ထင်တာ ပြောတာပဲ၊ အမှန်တရားဆိုတာ အားနာတယ်ဆိုတာမျိုးထက် ပိုပြီးကောင်းပါတယ်ကွာ"

"ဒီလိုဆိုရင် ငါကလည်း မှန်တယ်ထင်တာကို ပြောမယ်ကွ"

ဗစ်ကလီက ပို၍ဒေါသထွက်လာပြီးလျှင် ဆက်လက်၍ . . .

"မင်းက မင်းရဲ့ အကျင့်ဆိုး အကျင့်ယုတ်တွေကို ခရစ်ယာန်ဘာသာဆိုတဲ့ ဝတ်ရုံကြီးနဲ့ ဖုံးထားတယ်၊ အမှန်ကတော့ ခရစ်ယာန်ဘာသာတရားဆိုတာဟာ လူတစ်ဖက်သားကို စာနာစိတ်ရှိရမယ်၊ ကရုဏာတရားရှိရမယ် လို့ ဟောတဲ့တရားကွ၊ မင်းမှာ ဒါတွေ ဘာမှမရှိဘူး။ နောက်ပြီး တခြားလူ တွေရဲ့ မိန်းမတွေ သေရေးရှင်ရေးကို မင်းကပြောနေတယ်။ ဟော့ . . . ငါက ဆရာဝန်တစ်ယောက်အနေနဲ့ မင်းရဲ့မိန်းမအကြောင်းကို ပြောရဦးမယ်၊ သူ့ကို တော့ ငါတစ်ခါမှ ဆေးတွေ ဘာတွေ မကုဖူးပါဘူး၊ ဒါပေမဲ့ ဆရာဝန်တစ်ယောက်အနေနဲ့ သူ့ကို အကဲခတ်လို့ သိရသမျှကတော့ မင်းမိန်းမဟာ မစ္စစ်အာပူနော့ထက် အရင်သေလိမ့်မယ်ကွ။ မစ္စက်ပူနော့ဟာဆိုရင် ကျန်းလည်း ကျန်းမာနေတယ်၊ အသက်ရှည်ရှည်နေရဖို့ အကြောင်းရှိနေတယ်"

"အေး . . . မင်းပြောတာက ရှေးခရစ်ယာန်တွေကိုပါ တိုက်ခိုက်ပြောနေတာကိုးကွ၊ သူတို့ဟာ ခေတ်ဆိုးကြီးထဲမှာ လူဖြစ်လာကြရတယ်၊ ဒီတော့ နတ်ဆိုးနတ်မိစ္ဆာတွေ ကိုးကွယ်ပြီး မိစ္ဆာဒိဋ္ဌိဝါဒကြီး အမြစ်တွယ်နေတဲ့

အချိန်ကိုးကွ။ သူတို့ဟာ ဒီမိစ္ဆာဒိဋ္ဌိဝါဒကို တိုက်ဖျက်ခဲ့ကြရတဲ့လူတွေပါ၊ အေး ငါသိပြီ၊ မင်းဒေါသထွက်တာက သူတို့တွေဟာ 'ဗီးနာ့(စ်)' ရုပ်တုတို့ ဘာတို့ တွေကို ရိုက်ခွဲဖျက်ဆီးပစ်ကြလို့ မဟုတ်လား၊ သူတို့နေရာမှာသာ ငါရှိရင် လည်း ဒီအတိုင်း ငါလုပ်မိမှာပဲကွ"

"အေးလေ . . . မင်း ဒီလိုလုပ်မယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ရှေးရှေးက ခရစ်ယာန်တွေနဲ့ တယ် . . . ငါမပြောလိုက်ချင်ဘူး"

သို့ပြောလိုက်ပြီး ဗစ်ကလီသည် ရုတ်တရက် နေရာမှထပြီးနောက် အခန်းတွင်းမှ ထွက်သွားတော့၏။

ဗက်စတင်နှင့် ဗစ်ကလီတို့မှာ တစ်ယောက်နှင့်တစ်ယောက် အငြင်း ပွားကာ ဤကဲ့သို့ ကတောက်ကဆ ဖြစ်ကြသော်လည်း အခင်အမင် မပျက် ကြချေ။ ကျောင်းသားဘဝတွင် ရှိစဉ်က တစ်ယောက်နှင့်တစ်ယောက် စကား နိုင်လုခဲ့ကြသည့် ကိစ္စထက် မပိုချေ။ ဗက်စတင်သည် ရှေးခရစ်ယာန်များနှင့် သာသနာပြုများအကြောင်းကို အမြဲတစေ ချီးကျူးပြောတတ်ရာ ဗစ်ကလီကမူ ထိုလူမျိုး နှစ်မျိုးလုံးကိုပင် ရွံမုန်းသူဖြစ်၏။

ဤနေရာတွင် မစ္စစ်ဗက်စတင်၏ ကျန်းမာရေးအခြေအနေကို ဆရာ ဝန်တစ်ယောက်အမြင်ဖြင့် ဗစ်ကလီက ပြောလိုက်သော စကားများမှာ မှန်ကန် နေကြောင်း ကျွန်ုပ်ရေးသားဖော်ပြလို၏။ အမှန်လည်း မစ္စစ် ဗက်စတင်တွင် နှလုံးရောဂါ ကပ်ရောက်နေပြီဖြစ်၏။ ဤရောဂါ ကပ်ရောက်နေကြောင်းကို လူနာ၏ နှုတ်ခမ်းအရောင်အသွေး အစရှိသည်တို့ကို ကြည့်၍ ဆရာဝန်တစ် ယောက်အနေဖြင့် သိနိုင်၏။ အောက်တွင် ရေးသားဖော်ပြမည့် အကြောင်းများ ကြောင့် မစ္စက်ဗက်စတင်မှာ ထိုရောဂါနှင့်ပင် မကြာမီ ကွယ်လွန်သွားလေ သည်။

မိုင် ၂၀ မျှဝေးသော မြို့တစ်မြို့တွင် ပြုလုပ်သည့် ဘာသာရေးအခမ်း အနားတစ်ခုသို့ ဗက်စတင်တက်ရောက်ရ၏။ ထိုနေ့ ညနေ ၅ နာရီရထားဖြင့် အိမ်သို့ရောက်ရန် အစီအစဉ်ရှိသော်လည်း ဗက်စတင်မှာ ထိုရထားဖြင့် ပါ မလာချေ။ သို့နှင့် မစ္စစ်ဗက်စတင်သည် နောက်ဆုံးရထားဆိုက်ချိန် ည ၇ နာရီထိ ဘူတာရုံ၌ သူ၏ခင်ပွန်းကို စောင့်မျှော်နေသော်လည်း နောက်ဆုံး ရထားဆိုက်သွားပြီးသည့်တိုင်အောင် ပေါ်မလာချေ။ အချိန်မှာလည်း ဆောင်း ရာသီဖြစ်သောကြောင့် ညဥ့်မှာလည်း အလွန်ပင် အေးလှတော့၏။ သူသည် ကျွန်ုပ်အိမ်သို့ ပြေးလာပြီးလျှင် ဗက်စတင်သွားသော မြို့သို့ လိုက်ရန် ကျွန်ုပ် ၏ ဒေါက်ကပ်ကို ငှား၍ လိုက်သွားပြန်၏။ ညဥ့်အချိန်မတော်လည်းဖြစ်ပြန်၊ ရာသီဥတုကလည်း အလွန်အေးပြန်ဖြစ်သဖြင့် ကျွန်ုပ်က အကြိမ်ကြိမ် တား

သေး၏။ သို့သော် တားဆီး၍မရဘဲ ဖွတ်အတင်း မောင်းနှင် ထွက်ခွာသွား လေသည်။

ဤကဲ့သို့ ထွက်သွားခြင်းမှာ အထက်က ကျွန်ုပ်ရေးသားဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း လက်ထပ်ပြီးသည့်အချိန်မှစ၍ ဗက်စတင်အား မည်သည့် မိန်းမနှင့်မျှ မယုံကြည်နိုင်ဘဲ သဝန်ကြောင်မှုကြောင့်ပင် ဖြစ်လေသည်။ ကျွန်ုပ် နှင့် နေတာလီတို့မှာ ဤအကြောင်းများကို ပြော၍ ရယ်မောကြရသေး၏။

နောက် ကျွန်ုပ်သိရသည်မှာ ၂ နာရီခန့်မျှအကြာတွင် မစ္စစ်ဗက်စတင် သည် ထိုမြို့သို့ အချိန်မတော် ရောက်သွားရာ ထိုအချိန်တွင် ဆီးနှင်းများမှာ အချပ်လိုက် ထူထပ်စွာ ကျလျက်ရှိနေ၏။ ဗက်စတင်မှာ သူထင်သည့်အတိုင်း 'အိက္ကဇီတာ' မြို့တွင်ရှိသော ဘုရားရှိခိုးကျောင်းကြီး၌ ဆောက်လုပ်နေသော အဆောက်အဦတစ်ခုကို ကြည့်ရန် ထိုမြို့သို့ ခရီးဆက်၍ သွားနေသဖြင့် နောက်ဆုံးရထားကို မမီလိုက်ခြင်းဖြစ်၏။ ဤသို့လျှင် မစ္စစ်ဗက်စတင်မှာ စိတ် အပျက်ကြီးပျက်ပြီးလျှင် အအေးမိခြင်းသာ အဖတ်တင်၍ အိမ်သို့ပြန်ခဲ့ရာ နံနက် ၂ နာရီတွင်မှ အိမ်သို့ ပြန်ရောက်တော့၏။ အိမ်သို့ရောက်ပြီးနောက် မကြာမီပင် အဖျားဝင်လာခဲ့လေသည်။ နံနက်လင်း၍ ဗက်စတင် ပြန်ရောက် လာသောအခါ မစ္စစ်ဗက်စတင်မှာ စိုးရိမ်လောက်သော အခြေသို့ပင် ရောက်ရှိ နေပြီဖြစ်ကြောင်း တွေ့ရတော့၏။ မစ္စစ်ဗက်စတင်မှာ ခင်ပွန်းသည်၏ ရှင်း လင်းပြောပြချက်များကိုပင် နားမထောင်နိုင်တော့ဘဲ ခင်ပွန်းသည်အား သစ္စာ ဖောက်သည်ဟုသာ စွပ်စွဲပြောဆိုကြိမ်းမောင်းရင်း အသက်ထွက်သွားရှာတော့ ၏။

ဤသည်ကား အကယ်ပင် စက်ဆုပ်ဖွယ်ကောင်းသော ဗြိတိသျှအိမ် ထောင်ရှင်မတစ်ဦး၏ ဘဝနိဂုံး အဆုံးသတ်ခြင်းပေတည်း။

သူ့ဇနီး ကွယ်လွန်ပြီးနောက် ဗက်စတင်မှာ မည်ကဲ့သို့ စိတ်ကူး ပေါက်လာသည်မသိ သူ၏ဇနီးအပေါ်တွင် စိတ်မဆိုးနိုင်ဘဲ လွမ်းဆွတ်တသ နေသည့်ဟန်ဖြင့် . . .

"အမှန်တော့ ငါ့မိန်းမဟာ တကယ်ချီးမွမ်းဖို့ကောင်းတဲ့ မိန်းမပါ ကွာ၊ သေခါနီးအထိ ငါ့ကို စိတ်မချနိုင်လို့ ငါ့ကို သစ္စာဖောက်ဆိုပြီး စွပ်စွဲ သွားရှာသေးတယ်"

ဟု ပြောရာ အနီးတွင်ထိုင်နေသော ဗစ်ကလီက ဂျူးခနဲ လေကို မှုတ်ထုတ်လိုက်သဖြင့် ကျွန်ုပ်က စားပွဲအောက်မှ ခြေဖျားဖြင့် တို့ပြီးလျှင် သူ့ အား သတိပေးလိုက်ရ၏။

[ ၄ ]

# ကွယ်လွန်ခြင်းနှင့် တွေ့ဆုံခြင်း

ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် အကြီးအကျယ် စိတ်ပျက်ရသည့် အကြောင်းများကို ဤနေရာတွင် ရေးသားဖော်ပြလိုပါသည်။

ကျွန်ုပ်နှင့် 'နေတာလီ' လောက် ဤကမ္ဘာတွင် မည်သည့်ယောကျာ်း၊ မည်သည့်မိန်းမမျှ ပျော်ရွှင်လိမ့်မည် မဟုတ်ဟု ထင်မိ၏။ ကျွန်ုပ်တို့နှစ်ယောက် စလုံးပင် ကိုယ်အားဖြင့်လည်းကောင်း၊ စိတ်အားဖြင့်လည်းကောင်း အမြင့်ဆုံးသော ပျော်ရွှင်မှုကို ရခဲ့ကြ၏။ တစ်ဦးနှင့်တစ်ဦး မျက်စေ့အောက်က အပျောက်မခံနိုင်အောင် ရှိခဲ့၏။ မျိုး၍ထားမတတ် တစ်ဦးကိုတစ်ဦး ချစ်ကြ၏။ သို့သော် တစ်နေ့တွင် သူသည် မိခင်လောင်းတစ်ဦး ဖြစ်လာတော့မည်ဟု သိရှိရသော အခါ၊ ကျွန်ုပ်မှာ သူ့အတွက်သာမက ကလေးအတွက်ပါ ပို၍ စိုးရိမ်ပူပန်လာမိ၏။

ကျွန်ုပ်၏ စိုးရိမ်ပူပန်မှုများကို ပြောပြသောအခါ သူသည် သက်ပြင်းရှည်ကြီးတစ်ချက် ချကာ ဦးခေါင်းကိုသာ တွင်တွင်ခါလျက် . . .

"ကျွန်မတော့ မောင်နဲ့ ခုဘဝမှာ ကြာရှည်ပေါင်းကြရမယ် မထင်ဘူး မောင်ရယ်"

"ဘာဖြစ်လို့ ဒီလိုပြောရတာလဲ နေတာလီ"

"ဘာကြောင့်ရယ်လို့တော့ မပြောတတ်ဘူးမောင် . . . နေလို့ထိုင်လို့လည်း ကျွန်မကောင်းပါတယ်၊ ဒါပေမဲ့ . . ."

"ဘာ ဒါပေမဲ့လဲကွယ့် . . . ဆိုစမ်းပါဦး"

"ဒီလိုပါမောင် . . . ကျွန်မနဲ့မောင်နဲ့ ခုလို ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြ

"ခဏ . . . ဟုတ်လား"

"ဟုတ်တယ် ဟမ်ဖရီ . . . မောင့်ဆီက ကျွန်မကို ခဏလောက်တော့ သူတို့ ခေါ်သွားကြလိမ့်ဦးမယ် ထင်တယ်"

သို့ပြောပြီးနောက် နေတာလီသည် ဘုရားရှိခိုးကျောင်းဝင်းအတွင်း ရှိ သင်္ချိုင်းသို့ ဦးခေါင်းကို ငြိမ့်၍ ပြလိုက်လေသည်။

"ဘုရား . . . ဘုရား"

"ကျွန်မ တစ်ခုပြောထားချင်တယ် မောင် . . . တကယ်လို့များ ကျွန်မပြောထားတဲ့အတိုင်း ဖြစ်လာရင် . . . သြော် ဒါမျိုးတွေက နေ့စဉ်နေ့တိုင်း လောကကြီးမှာ ဖြစ်နေကြတာပေါ့လေ၊ သိပ်ပြီး စိတ်ထိခိုက်မနေဖို့ တောင်းပန်ပါတယ် မောင်။ ဘာကြောင့်လဲဆိုတော့ ကျွန်မကို နောက်တစ်ကြိမ်ပြန်ပြီး မောင်တွေ့ရမှာမို့ ပြောတာပါ။ ဘယ်လိုတွေ့ရမယ်၊ ဘယ်တော့ တွေ့ရမယ် ဆိုတာတွေကိုတော့ ကျွန်မ မပြောတတ်ဘူး၊ သိလည်း မသိဘူး၊ သိအောင် ဘုရားသခင်ထံ ဆုတောင်းလို့ မရဘူး မောင်ရယ်။ အဲ . . . ကျွန်မ သိထားတာ တစ်ခုတော့ရှိတယ်၊ ဘာလဲဆိုရင် ကျွန်မနဲ့မောင်နဲ့ ပြန်လည်ဆုံ တွေ့ရမယ် ဆိုတာဟာ ထုံးစံအတိုင်း မစ္စတာဗက်စတင်တို့ ပြောနေကျ ကောင်းကင်ဘုံမှာ မဟုတ်ပါဘူး၊ တခြားတစ်နည်းနည်းနဲ့ တစ်နေရာရာမှာ တွေ့ရမှာပါ။ ဒီဟာက ပိုပြီး လက်တွေ့ကျတယ်ဆိုပါတော့ မောင်"

ထို့နောက် သူသည် ကျွန်ုပ်တို့ လက်သပ်မွေးထားသော မွေးရှည်ခွေးကလေး တော်မီအား ယုယစွာ ပွတ်သပ်လျက်ရှိရာ၊ ဤကဲ့သို့ ပြုလုပ်ခြင်းမှာ သူ၏ မျက်ရည်များကို ဖုံးကွယ်ရန် ဖြစ်ဟန်တူ၏။

ထို့နောက် ကျွန်ုပ်၏ မျက်ရည်များကိုလည်း မမြင်လိုဟန်ဖြင့် ရုတ်ချည်း ထွက်သွားလေသည်။

အခန်းတွင်းမှ ကျွန်ုပ် ထွက်လာသောအခါ 'တော်မီ' သည် ကျွန်ုပ်တို့ပြောသည့် စကားများကို နားလည်သကဲ့သို့ စိတ်မကောင်းသည့်အမူအရာဖြင့် တအီအီအော်မြည်ရင်း ကျန်ရစ်ခဲ့လေသည်။

ထိုနေ့ညတွင် ကျွန်ုပ်သည် ဗစ်ကလီအား ကျွန်ုပ်တို့ အဖြစ်အပျက်များကို ပြောပြသောအခါ၊ သူသည် လုပ်နေကျအတိုင်း ဣန္ဒြေကြီးစွာ ထားပြီးနောက် တစ်စုံတစ်ရာ အရေးမကြီးသည့် ဟန်ဖြင့် . . .

"ဒီမယ် ဟမ်ဖရီ၊ ဒီလို ဘာမဟုတ်တဲ့ စိတ်ကူးမျိုး အတွေးမျိုးကြောင့် တော့ဖြင့် ကိုယ့်ကိုယ်ကို ဒုက္ခမပေးပါနဲ့ကွာ၊ ကိုယ်ဝန်ရှိတဲ့ မိန်းမတိုင်းလိုလို ဒီလိုဖြစ်တတ်တာပဲကွ၊ ဒီကနေ့မှာ ဒီလိုဖြစ်ပေမဲ့ မနက်ဖြန်ကျတော့ ဟိုလိုဖြစ်ချင်ဖြစ်တတ်တယ်၊ ဒါဟာ ဒီလို အချိန်အခါမှာ သူတို့ဖြစ်တတ်တဲ့

ခမ္မတာပဲ . . . သူ့မှာ ကလေးရလာရင် ဒါမျိုးတွေ မင်းကြားရတော့မယ် မဟုတ်ဘူး”

ဗစ်ကလီပြောသည့်အတိုင်း ကျွန်ုပ်သည် စိတ်ကို ဖြေ၍ကြည့်မိ၏။ သို့သော် ဖြေ၍ကား မရချေ။ ဤသို့ဖြင့် ကျွန်ုပ်မှာ ရှည်လျားသော အိပ်မက်ဆိုးကြီးတစ်ခုကို မြင်မက်နေရသကဲ့သို့ နေ့ရက်များ တဖြည်းဖြည်း ကုန်လွန်လာခဲ့ရာ၊ နောက်ဆုံးတွင် ‘နေတာလီ’ မီးဖွားမည့်အချိန်သို့ ရောက်လာတော့၏။ ဗစ်ကလီကမူ ဤကိစ္စမှာ သူနှင့်ဆိုင်သော အလုပ်မဟုတ်သဖြင့် သူ မလိုက်လိုကြောင်း အခြားဆရာဝန်တစ်ယောက်ကို ခေါ်ရန်အကြောင်း ပြောဆိုလေသည်။ သို့နှင့် ကျွန်ုပ်လည်း ဝါရင့်သော အခြားဆရာဝန်တစ်ဦးကို ခေါ်ရတော့၏။

သို့သော် မီးဖွားရေးကိစ္စ၌ ထိုဆရာဝန်သည်ပင် အမှားမှား အယွင်းယွင်းဖြစ်ကာ၊ နောက်ဆုံး ဗစ်ကလီကပင် ခွဲစိတ်ပေးရသည့် အခြေသို့ ဆိုက်ရောက်လာတော့၏။ အသေးစိတ် အကြောင်းအရာများကိုကား ကျွန်ုပ် မပြောလိုတော့ပြီ။ အခြေအနေကို သုံးသပ်ရာတွင် ပထမဆရာဝန်မှာ မှားယွင်းခဲ့ပြီဖြစ်၍ ခြေလွန်လက်လွန်ဖြစ်ကာ နောက်အကျကြီး ကျခဲ့လေပြီ။ အမေရောကလေးကိုပါ မကယ်နိုင်တော့ပြီ။ ကလေးမှာ မိန်းကလေးဖြစ်၍ မွေးပြီးလျှင်ပြီးခြင်း ကွယ်လွန်သွားရှာ၏။ သို့သော် မိခင်၏နာမည်ကို ယူပြီးလျှင် ‘နေတာလီ’ ဟုပင် ကင်ပွန်းတပ်ရန် အချိန်ရလိုက်သေး၏။

ကျွန်ုပ်သည် ဇနီးဖြစ်သူအား နောက်ဆုံးနှုတ်ဆက်ရန် မီးဖွားခန်းအတွင်းသို့ ဝင်သွားရာ၊ သူသည် အလွန်ပင် အားနည်းလျက်ရှိသော်လည်း မျက်နှာမှာ စိတ်ကိုတင်းထားသည့်ဟန်ဖြင့် ကြည်ကြည်လင်လင်ပင် ရှိနေ၏။

“ကျွန်မ အခုသိပါပြီမောင် . . . မေ့ဆေးပြေသွားတဲ့အခါကျမှ ကျွန်မ အခုလိုသိတာပဲမောင်၊ ဒါပေမဲ့လို့ ဘာလဲဆိုတာကိုတော့ မောင့်ကို ကျွန်မ ပြောမပြနိုင်ဘူး၊ နို့ပေမဲ့ ကျွန်မတို့အတွက် အားလုံး အဆင်ပြေပါတယ် မောင်၊ မောင့်ကို ခေါ်နေတယ်လို့ စိတ်ထဲမှာ ထင်တဲ့နေရာကို မောင် စိတ်ချလက်ချသာ သွားပေတော့၊ အဝေးကြီးလည်း မောင် သွားချင်သွားရလိမ့်မယ်၊ ဩော် . . . မောင်ရယ် ကျွန်မကိုလေ အင်မတန် ထူးဆန်းတဲ့နေရာမှာ တွေ့ရလိမ့်မယ်၊ ဒါပေမဲ့ ပြန်တွေ့တယ်လို့ မောင်သိမှာမဟုတ်ဘူး . . . ကိုင်း မောင်ရေ ခဏတဖြုတ်လောက်တော့ ကျွန်မ သွားလိုက်ဦးမယ်၊ ခဏလေးပါနော် မောင်”

ဤသို့ဖြင့် ကျွန်ုပ်၏ ချစ်ဇနီး နေတာလီသည် ကျွန်ုပ်အား နောက်ဆုံးနှုတ်ဆက်ပြီးနောက် သနားစဖွယ် ကွယ်လွန်သွားရှာလေသည်။ ကျွန်ုပ်ပါ

လိုက်၍ သေလိုလှပါသော်လည်း သေ၍ကား မဖြစ်ချေ။ သားအမိနှစ်ယောက်တို့၏ ရုပ်ကလာပ်များကို ကျွန်ုပ်သည် ဖူးလ်ကုံးမှာပင် မီးသင်္ဂြိုဟ်လိုက်၏။

ကိစ္စအားလုံး ပြီးစီးသောအခါ ကျွန်ုပ်သည် 'နေတာလီ' နောက်ဆုံးပြောသွားသည့်စကားနှင့် ပတ်သက်၍ ထင်မြင်ချက်ပေးရန် ဗစ်ကလီနှင့် ဇက်စတင်တို့အား တစ်ဆင့်ပြောကြားလိုက်၏။

ဇက်စတင်မှာ နေတာလီအတွက် ဘာသာရေးနှင့် ပတ်သက်ပြီး အလုပ်ကိစ္စများကို ဆောင်ရွက်နေရသဖြင့်၊ ကျွန်ုပ်ပြောသော စကားများကို များစွာ စိတ်ဝင်စားဟန် မတူချေ။ အခြားအချက် တစ်ချက်မှာလည်း ဆုတောင်းဝတ်ပြုသည့် အလုပ်များကိုသာ စိတ်ဝင်စားနေဟန်တူ၏။

သူသည် အချိန်တစ်ချိန်တွင် အလုပ်တစ်ခုထက် ပို၍ စဉ်းစားတတ်သူမျိုး မဟုတ်ချေ။

နောက်ဆုံးတွင် သူသည် ကောင်းကင် တမန်တော်ကြီးတစ်ယောက်ကဲ့သို့သော ဟန်ဖြင့် ကျွန်ုပ်၏ဇနီးမှာ ခရစ်ယာန်ကောင်းတစ်ယောက် ပီသသူဖြစ်ကြောင်း၊ ကောင်းကင်ဘုံသို့ တကယ်မရောက်သေးပါဘဲလျက် ကောင်းကင်ဘုံ၏ လက္ခဏာများကို မြင်ရသူဖြစ်ကြောင်း၊ 'နေတာလီ' ပြောသွားသည့်နောက်ဆုံးစကားမှာ သူ့အတွက် အေးမြကြည်လင်သည့် ရေကို သောက်သုံးလိုက်ရသည်နှင့်ပင် တူကြောင်း ပြောပြီးလျှင် ခပ်ပြုံးပြုံး လုပ်၍နေသည်ကို မြင်လိုက်ရ၏။

ကျွန်ုပ်က နေတာလီပြောခဲ့သော နောက်ဆုံးစကားသည် ဝေးဝေးလံလံမဟုတ်ဘဲ လက်လှမ်းမီလောက်သည့် ကိစ္စနှင့် ချက်ချင်း လက်ငင်းဖြစ်နိုင်သည့်ကိစ္စကို ရည်ရွယ်၍ ပြောသွားဟန်တူကြောင်း ဝေဖန်ပြောဆိုလိုက်သောအခါ သူက ဆက်လက်၍ . . .

"သေခြင်းထက် ပိုပြီးနီးကပ်တဲ့အရာဆိုတာ မရှိဘူးကွ၊ သူဆိုလိုတာက မကြာမီပဲ မင်းလည်းသေပြီး ကောင်းကင်ဘုံမှာ သူနဲ့အတူနေရမယ့်သဘောပဲ၊ ဒါကတော့ မင်းကောင်းကင်ဘုံကို သွားထိုက်တဲ့သူဖြစ်ရင်ပေါ့၊ ဒါပေမဲ့ သေခါနီးမှာ ပြောတဲ့စကားတွေကို သိပ်ပြီး ယုံကြည်မနေပါနဲ့ဦး ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ သေခါနီးလူတစ်ယောက်ဟာ သူ ဘာပြောလို့ ဘာပြောမှန်း သိတာမှ မဟုတ်ဘဲကွ . . . ဒါပါပဲကွာ၊ ငါလည်း မုဆိုးမကြီးဂျင်ကင်းနဲ့ စကားပြောစရာရှိလို့ သွားလိုက်ဦးမယ်"

ထို့နောက် ဗစ်ကလီနှင့်တွေ့၍ ဤအကြောင်းများကို ပြောပြသောအခါ သူသည် အလွန်ကရုဏာသက်သည့် မျက်နှာဖြင့် တစ်စုံတစ်ရာ ဝင်၍ မပြောဘဲ လူနာ၏ ပြောစကားများကို ဆရာဝန်တစ်ယောက်က နားထောင်

နေသည့်ဟန်ဖြင့် စူးစိုက်နားထောင်လျက် ရှိနေ၏။ လူများသည် သေခါနီး ဆဲဆဲအချိန်၌ စိတ်ကူးလွန်၍ ပေါက်ကရ ပြောတတ်သည်များလည်း ရှိကြောင်း စကားပလ္လင်ခံပြီးလျှင် . . .

"ငါတော့ကွာ ဒါမျိုးတွေကို အယုံအကြည်မရှိဘူး၊ ယုံတော့ ယုံကြည်ချင်ပါရဲ့၊ ဒါပေမဲ့ ဆင်ခြင်တုံတရားနဲ့ သိပ္ပံပညာက ရှိနေတော့ အဲဒီတရားတွေအရ ဒါတွေဟာ အခြေအမြစ်မရှိဘူးဆိုတာ ရှင်းနေတာပဲ။ ကမ္ဘာလောကကြီးဟာ တကယ်တော့ ဒုက္ခဘုံကြီးပါကွာ၊ ဒီဘုံကို တို့ရောက်လာရတာလည်း သူများတွေက ကမြင်းကြောထလို့ ရောက်လာရတာပဲ၊ သူများတွေ ကမြင်းကြောထကြရတာလည်း သဘာဝကြီးက ဖန်တီးပေးလို့ပဲ၊ သဘာဝကြီးဆိုတာက လူတစ်ဦးတစ်ယောက် သေတာကို ဂရုမစိုက်ပေမဲ့လို့ လူမျိုးအသီးသီးအတွက် မျိုးဆက်ရရှိရေးကိုတော့ ဂရုစိုက်တယ်ကွ၊ ဒီတော့ တို့တစ်တွေဟာ ခြင်ကောင်ကလေးပဲဖြစ်ဖြစ်၊ ဆင်ကောင်ကြီးပဲဖြစ်ဖြစ် အရှိကို အရှိအတိုင်း လက်ခံပြီး အဆိုးရော အကောင်းရော လာသမျှ လက်ခံရမှာပဲ။ ပြီးတော့ တို့တစ်တွေ အသက်ရှင်နေသမျှ ကာလပတ်လုံး ဘဝရဲ့ အဆီအနှစ်တွေကို စားသုံးနိုင်အောင် ကြိုးစားရမယ်၊ ဒီနောက် တို့များဟာ ဘဝကို စွန့်လွှတ်ရမယ် မဟုတ်လား၊ ဒီနောက်တော့ ဘာမှ ဂရုစိုက်စရာ မရှိတော့ဘူးဆိုပါတော့ ... မင်းဟာ ဘဝရဲ့အရသာကို ခေတ္တခဏလောက်တော့ ခံစားလိုက်ရပြီ၊ အခု မင်းဟာ ဒုက္ခရောက်ပြီး စိတ်မကောင်းဖြစ်နေရတယ်၊ ငါပြောဦးမယ် . . . ရှေ့မှာ တစ်နေ့ မင်း စိတ်ပြေလက်ပျောက် ဖြစ်တဲ့အချိန်၊ မင်းအသက်အရွယ်တော်တော်ရလာတဲ့အချိန်၊ ပျော်ဖို့ရွှင်ဖို့ အခါအခွင့် ရလာဦးမှာပေါ့ကွာ။ အဲဒီနောက်တော့ အိုမင်းမစွမ်းဖြစ်၊ ဘဝရဲ့ နေဝင်ချိန်ရောက်၊ နောက်ဆုံး နေဝင်သွားရောဆိုပါတော့။ ဒါတွေဟာ ဖြစ်ရိုးဖြစ်စဉ်တွေပဲကွ၊ ဒီတော့ တို့တစ်တွေဟာ ဘဝကို ရဲရဲကြီး ရင်ဆိုင်ရမယ်။ အဲ တစ်ခုတော့ ရှိသကွာ မင်းရဲ့အတွေ့အကြုံအရဆိုရင်တော့ ဘယ်လိုပဲ မင်းမှာ ကသီလင်တဖြစ်နေနေ နောက်ထပ်အိမ်ထောင်မပြုဘဲနေရင် ကောင်းမယ်။ ကလေးတစ်ယောက်ကို လောကကြီးထဲ ဆွဲခေါ်ချင်တဲ့ လူစားမျိုး ရှိနေတာကို ငါတော့ အံ့ဩပါရဲ့ကွာ။ ဗက်စတင်လို အူတူတူအကောင်က လွဲရင် ဘယ်သူမှ ဒီလိုလုပ်မှာမဟုတ်ဘူး"

"ဟ . . . ဒီလိုဆိုရင် မင်း ဘာကိုမှ အယုံအကြည်မရှိဘူးပေါ့၊ ဟုတ်လား"

"အေး . . . ဘာကိုမှ အယုံအကြည်မရှိဘူး၊ ဒီလိုပြောရတာ ငါ ဝမ်းနည်းပါတယ်ကွာ၊ ငါ့မျက်စိနဲ့မြင်ပြီး ငါ့အာရုံငါးပါးနဲ့ လက်တွေ့ခံစားရတော့မှ ငါယုံမယ် . . . ဒါပဲ"

"ဥပမာ တန်ခိုးပြာဋိဟာတို့ ဘာတို့ ပြတယ်ဆိုတာတွေကိုကော မင်း လက်မခံဘူးလား"

"နေပါဦး တန်ခိုးပြာဋိဟာဆိုတာ မင်း ဘာကိုဆိုလိုသလဲဆိုတာ ပြောစမ်း . . . တို့များရဲ့ ဘေးဘိုးတွေပြောတဲ့ တန်ခိုးပြာဋိဟာ မှန်သမျှတွေ ဟာ ခုခေတ်သိပ္ပံပညာအရဆိုရင် အားလုံး အကျိုးနဲ့အကြောင်း ဆက်စပ်နေ တဲ့ ဓမ္မတာဖြစ်ရပ်တွေချည်းပဲ၊ ဒါတွေကို ခုမှ တို့တစ်တွေ နားလည်စပြုလာ တာ။ ကိုင်း . . . တန်ခိုးပြာဋိဟာလို့ မင်းခေါ်တာ ဥပမာတစ်ခုပြစမ်း"

"ဒီလိုလေကွာ . . . တကယ်လို့ လူတစ်ယောက်က မင်းကို အသက် တစ်ထောင်အထိ နေရမယ်လို့ အာမခံရင်ကော"

"ဟ ဒီလိုပြောတဲ့လူက အရူးပေါ့ကွ၊ ဒါမှမဟုတ်လည်း . . . လူလိမ် လူညာပေါ့၊ မဖြစ်နိုင်တာကြီးပဲ"

"ဒါမှမဟုတ်သေးရင် နာမ်၊ ဝိညာဉ်၊ အသက် မင်းခေါ်ချင်သလို ခေါ်ပေါ့ကွာ၊ အဲဒီဝိညာဉ်ဟာ ခေတ်တစ်ဆက်က တစ်ဆက်ကို ကူးပြောင်း ပြီး ခန္ဓာကိုယ်တစ်ခုမှတစ်ခုကို ကူးပြောင်းကိန်းအောင်းနိုင်တယ်ဆိုတာမျိုး နောက်ပြီး သေတဲ့လူက ရှင်တဲ့လူနဲ့ ဆက်သွယ်စကားပြောနိုင်တယ်ဆိုတာ ကော"

"ဒါကတော့ ငါလက်ခံယုံကြည်နိုင်လောက်အောင်သာ ပြစမ်းပါ ယုံ ကြည်ပါ့မယ်၊ ငါကလည်း ယုံကြည်ချင်ပါတယ်။ ဒီလိုဆိုရင် ငါပြောသမျှ စကားတွေကို ပြန်ပြီး ရုပ်သိမ်းပါ့မယ်ကွာ။ ဒါပဲဟေ့ . . . ငါလည်း ဆေးရုံ ကို သွားစရာရှိသေးတယ်ကွာ၊ ဟို . . . မုဆိုးမကြီး ဂျင်ကင်းရဲ့အကြောကို ဖြတ်ထုတ်ပေးဖို့အလုပ် ရှိသေးတယ်၊ ကဲ သွားလိုက်ဦးမယ်ဟေ့"

သို့ပြောဆိုပြီးနောက် ဆရာဝန်ဗစ်ကလီသည် ကျွန်ုပ်အိမ်မှ ထွက် ခွာသွားလေသည်။

ကျွန်ုပ်သည် သူပေးသော အကြံဉာဏ်ကို လက်ခံ၏။ ထိုအချိန် လောက်မှစ၍ ကျွန်ုပ်သည် စာများကိုသာ ရေးသားလျက်ရှိရာ ဤကဲ့သို့ ရေး နေစဉ် စာကိုသာ အာရုံစိုက်နေရသဖြင့် စိတ်၏ အေးချမ်းတည်ငြိမ်မှုကို ရရှိ ခဲ့၏။ သို့သော် ရေးပြီးသောအခါ ယခင်ကထက် နှစ်ဆတိုး၍ စိတ်ဂဏှာ မငြိမ်နိုင်သကဲ့သို့ ဖြစ်လာတော့၏။ အိမ်တွင်းရှိ ပစ္စည်းများကို မြင်ရသောအခါ အတိတ်ကို ပို၍သတိရသကဲ့သို့ ဖြစ်လာတော့၏။ မည်သည့်အခါမှ ကျွန်ုပ် ပြန်၍မကြားနိုင်သောအသံသည် နံရံများမှနေ၍ ပဲ့တင်ထပ်လာနေသည်ကို လည်းကောင်း၊ မှန်ထဲမှနေ၍ မထင်ရှားသော အရိပ်အယောင်တစ်ခုသည် ကျွန်ုပ်အား အိပ်ရာအနီးတစ်ဝိုက်မှ ခြေသံများကို ကြားရသကဲ့သို့လည်း

ကောင်း၊ တစ်ခါတစ်ရံ ကျွန်ုပ်အိပ်သော အခန်းအပြင်ဘက်မှ ကျွန်ုပ်ကောင်းစွာ မှတ်မိသော အဝတ်အစားတစ်ခု၏ ပွတ်တိုက်သွားသံကို ကြားရသကဲ့သို့လည်းကောင်း ထင်မိ၏။ ဤသို့ဖြင့် ကျွန်ုပ်မှာ အိမ်ကြီးကိုပင် တဖြည်းဖြည်း မုန်းတီးလာပြီးနောက် ဤအိမ်ကြီးတွင် ဆက်လက်နေထိုင်က ရူးသွပ်၍ သွားတော့မည်ကဲ့သို့ပင် ထင်၍လာမိ၏။

တစ်နေ့တွင် ဗက်စတင်သည် စာအုပ်တစ်အုပ်ကို ယူလာပြီးလျှင် ထိုစာအုပ်ကို ညစ်ပတ်စုတ်ပဲ့သော ခရီးသည်တစ်ယောက်က ရေးသားကြောင်း၊ တောင်ဘက်ပင်လယ်တွင်းရှိ ကျွန်းများတွင် သာသနာပြုနေသည့် ပုဂ္ဂိုလ်များကို ရှုတ်ချရေးသားထားကြောင်း၊ အထူးသဖြင့် မိမိပါဝင်သော အသင်းကြီးကို စော်ကားထားကြောင်း ပြောကာ စာအုပ်ကို ဒေါသတကြီးဖြင့် စားပွဲပေါ်သို့ ပစ်ချလိုက်၏။

ထိုအခါ အနီးတွင်ရှိနေသော ဗစ်ကလီက စာအုပ်ကို ကောက်ယူကြည့်ရှုရာ ကိုယ်ပေါ်တွင် ပန်းပွင့်ကလေးများကို ဖုံးလွှမ်းထားရုံမှအပ အဝတ်အစားဟူ၍ မရှိသော တိုင်းရင်းသူလှပျိုဖြူလေးတစ်ယောက်၏ ဓာတ်ပုံကို တွေ့လိုက်ရ၏။ သူသည် ဓာတ်ပုံကို ဗက်စတင်အား လက်နှင့် ထောက်ပြပြီးနောက် . . .

"မင်းကန့်ကွက်နေတာက ဒီသဘာဝရဲ့ သမီးပျိုကလေးကို ကန့်ကွက်နေတာ မဟုတ်လားကွ၊ ကောင်မကလေးက အင်မတန်ကို ချောတယ်၊ ကိုယ်ကိုဖုံးထားတဲ့ ခေါင်ရမ်းပွင့်တွေက တို့အင်္ဂလိပ်အမျိုးသမီးတွေရဲ့ ထုံးစံမဟုတ်ဘဲ အောက်ကို နည်းနည်းကျနေတာတစ်ခုပဲ ပြောစရာရှိတယ်"

"အေးလေ . . . မကောင်းဆိုးဝါးတို့ အဖျက်အဆီးတို့ ဆိုတာ လှတတ်တာမျိုးပဲ၊ မင်းက သဘာဝရဲ့ 'မိန်းမပျိုကလေးလို့' ခေါ်တယ်၊ ငါက တော့ ဒုစရိုက်ရဲ့ကလေးလို့ ခေါ်ချင်တာပဲ"

"ဘာကြောင့်လဲကွာ၊ ဒီအသားညိုချောလေးနဲ့ မင်းနဲ့ ပင်လယ်ကြီးခြားနေလို့လား"

ထိုအခါ ကျွန်ုပ်က ကြားဝင်၍ . . .

"ဒုစရိုက်ရဲ့အစက သဖန်းရွက်ကွ၊ အဝတ်ဆိုတာက နောက်တော့မှ ပေါ်တာပါ။ သားရေကို ချုပ်တဲ့ အဝတ်မျိုးပေါ့"

ဟု ပြောလိုက်၏။

နောက်တစ်ပုံမှာ ထိုမိန်းကလေးပင် ခရစ်ယာန်ဘာသာသို့ သက်ဝင်ကူးပြောင်းပြီးနောက် အဝတ်အစားဝတ်ထားသော ပုံဖြစ်၏။ ဘော်ဒီအင်္ကျီမှာ တင်းကြပ်လွန်းသဖြင့် အတွင်းမှ ရင်သားများပင် ဖုထစ်ပေါ်လွင်နေသည်ကို

မြင်ရ၏။ သို့သော် ဓမ္မစာအုပ်တစ်အုပ်ကို လက်ဖြင့်ကိုင်ထားသဖြင့် မဖွယ်မရာ ဖြစ်နေ၏။ ထိုအခါ ဗက်စတင်က . . .

"ဟုတ်ပါတယ်၊ သူဝတ်ထားတဲ့ အင်္ကျီက သူနဲ့မတန်ဘူး၊ ကြယ်သီးတွေလည်း တပ်မထားဘူး။ ဒါကို ငါဝန်ခံပါတယ်၊ ဒါပေမဲ့ ငါမကြိုက်တာက ဒီဓာတ်ပုံတွေပါလို့မဟုတ်ဘူး။ အထဲမှာပါတဲ့ စာတွေက မဟုတ်တမ်းတရားအမနာပတွေကို ရေးထားလို့ မကြိုက်ဘူးပြောတာပေါ့"

"ဒါကတော့ သူရေးထားတဲ့အတိုင်း မှန်ချင်လည်းမှန်မှာပေါ့။ အမှန်သိရအောင် မင်းသွားစုံစမ်းပါလား"

"အို . . . ငါကတော့ ခရီးစရိတ်သာ တတ်နိုင်ရင် သွားတာပေါ့"

ဤကဲ့သို့ တစ်ယောက်တစ်ခွန်း ငြင်းခုန်လျက်ရှိရာမှ တစ်စုံတစ်ခုသောအကြောင်းကြောင့် စကားမျှင်ပြတ်သွားပြီးလျှင် အခြားစကားသို့ ရောက်သွားကြတော့၏။

နောက်ဆုံး၌ ကျွန်ုပ်သည် ဗက်စတင်၏ စာအုပ်ကို ယူပြီးလျှင် ဖတ်ကြည့်ရာ တောင်ဘက်ပင်လယ်အတွင်းရှိ ကျွန်းများအကြောင်းကို အတော်အတန်သဘောပေါက်လာမိ၏။ မွန်းတိမ်းချိန်ကဲ့သို့သာ အမြဲဖြစ်နေသည့် ရာသီဥတုရှိသော ထိုကျွန်းကလေးများမှာ အလွန်ပင် သာတောင့်သာယာ ရှိနေပေလိမ့်မည်။ နေပူသဖြင့် ကြည်လင်သော ကောင်းကင်ပြာမှာ တောက်ပနေသည့် ကြယ်တာရာများနှင့် ဝေဝေဆာဆာ ရှိနေလိမ့်မည်။ ကျွန်းပေါ်တွင် ပန်းရနံ့များဖြင့် မွှေးကြိုင်၍လည်း နေပေလိမ့်မည်။

ဤကဲ့သို့ သာယာကြည်နူးဖွယ်ကောင်းသော နေရာသို့ သွားရောက်က ကျွန်ုပ်၏အတိတ်ကို အတော်အတန် မေ့ပြီးလျှင် စိတ်ချမ်းသာမှု ရပေလိမ့်မည်ဟု စဉ်းစားရင်း "ငါ သွားမယ်၊ နို့ပေမဲ့ တစ်ယောက်တည်းတော့ မဟုတ်ဘူး။ ဗက်စတင်နဲ့ ဗစ်ကလီကိုတော့ အဖော်ခေါ်သွားမှဖြစ်မယ်။ သူတို့နှစ်ယောက် ငြင်းကြခုန်ကြတာကိုလည်း ကြားရပြီး ငါစိတ်သက်သာရရမှာပဲ။ ငွေရှိရင် ဘယ်နေရာကိုမဆို သွားနိုင်တယ်" ဟု စိတ်ထဲမှ ရေရွတ်မိ၏။

ဤအကြံမှာ ဗက်စတင်နှင့် ဗစ်ကလီတို့ အချီအချပြောဆိုကြသည့် ငြင်းခုန်ပွဲမှ ထွက်ပေါ်လာသည့် အကြံဖြစ်၏။ ကျွန်ုပ်သည် ယင်းကိစ္စကို တစ်ညနေလုံး စဉ်းစား၍နေမိ၏။ ထိုညဉ့်၌လည်း ကျွန်ုပ်သည် အိပ်မက်ရှည်ကြီး တစ်ခုကို မြင်မက်လျက်ရှိရာ၊ အိပ်မက်ထဲတွင် နေတာလီပေါ်လာ၍ ကျွန်ုပ်အား ရှုမြင်ခင်းတစ်ခုကို ပြသလေသည်။ ထိုပုံမှာ ရှည်လျားနိမ့်ဆင်းလျက်ရှိသော မြေပြင်တစ်ခု၏ ပုံဖြစ်၍ ကမ်းစပ်မှာ ခပ်ဝိုက်ဝိုက်သဏ္ဌာန် ရှိနေ၏။ ကမ်းခြေနှစ်ဖက်အစွန်းကား မပါချေ။ ကုန်းပေါ်တွင် မြင့်မားသော ထန်းပင်၊

အုန်းပင်များ ပေါက်၍နေပြီးလျှင် တလက်လက် တောက်ပနေသည့် သဲပြင်ကမ်းစပ်တွင် လှိုင်းလုံးကြီးများ တလိမ့်လိမ့် ရိုက်ခတ်လျက်ရှိနေ၏။

ထို့နောက် ကျွန်ုပ်မြင်ရသော ပုံမှာ ပုံမည်ကာမတ္တမျှ မဟုတ်ဘဲ၊ တကယ့်ရှုမြင်ခင်းကို မြင်ရသကဲ့သို့ ဖြစ်လာပြီးလျှင် နေတာလီကိုယ်တိုင်ကိုပါ မြင်လာရ၏။ သူသည် ကမ်းပါးနိမ့်ကလေးနှစ်ခုကို ခြားထားသည့် လမ်းကြားကလေး၏ ထိပ်ဝတွင် မတ်တတ်ရပ်လျက်ရှိလေရာ၊ သူ့ကို ကြည့်ရသည်မှာ ထူးထူးခြားခြား ပြောင်းလဲလျက်ရှိနေ၏။ မျက်နှာနှင့်တကွ ကိုယ်လုံးကိုယ်ပေါက်ပါ အပြောင်းအလဲကြီး ပြောင်းလဲနေပြီးလျှင် သူ၏ကိုယ်မှ အရောင်များပင် ထွက်နေသကဲ့သို့ ထင်မိ၏။ သူသည် ကျွန်ုပ်ရှိရာသို့ လက်နှစ်ဖက်ကို ဆန့်တန်းပြီးလျှင် ကျွန်ုပ်အား ခေါ်၍နေသကဲ့သို့ရှိရာ၊ အိပ်ရာမှ ကျွန်ုပ်နိုးလာသောအခါ . . .

“မောင့်ကို ခေါ်နေတယ်လို့ ထင်တဲ့နေရာကိုပဲ သွားပေတော့ မောင်၊ အဝေးကြီး သွားချင်သွားရမယ်၊ သြော် . . . မောင်ရယ် ကျွန်မကိုလေ အင်မတန် ထူးဆန်းအံ့ဩဖို့ကောင်းတဲ့ နေရာမှာ သွားတွေ့ရလိမ့်မယ် . . . ဒါပေမဲ့လို့ ကျွန်မကို ပြန်တွေ့တယ်လို့ မောင်သိမှာမဟုတ်ဘူး” ဟု သေခါနီး တွင် သူပြောသွားခဲ့သည့် စကားများကို ထပ်မံ၍ ပြောနေသကဲ့သို့ စိတ်ထဲ တွင် ထင်မိ၏။

ထိုည၌ ယင်းအိပ်မက်ကိုပင် နှစ်ကြိမ်တိုင်တိုင် မြင်မက်ခဲ့၏။ နံနက်မိုးလင်းသောအခါ ကျွန်ုပ်တစ်ယောက်တည်းပင် ထိုကျွန်းများဆီသို့ သွားတော့မည်ဟု စိတ်ထဲတွင် သန္နိဋ္ဌာန် ချလိုက်၏။ ထိုနေ့ညနေ၌ ကျွန်ုပ်သည် သူတို့နှစ်ယောက်နှင့်အတူ ညစာ စားသောက်သော်လည်း ကျွန်ုပ်အိပ်မက်၏ အကြောင်းကို အရိပ်အမြွက်မျှ ပြောမပြချေ။ ဗက်စတင်မှာ မည်သည့်အခါမျှ အိပ်မက် မက်တတ်သူမဟုတ်ဘဲ၊ ဗစ်ကလီကမူ ဆရာဝန်များ၏ ထုံးစံအတိုင်း အစာမကြေ၍သာ မြင်မက်ခြင်းဖြစ်သည်ဟု မုချဆိုပေလိမ့်မည်။

ညစာ စားသောက်ကြပြီးနောက် ဝိုင်အရက် တစ်ခွက်စီ သောက်လျက်ရှိကြရာ၊ ဗက်စတင်က အရက်သောက်ခြင်းသည် ခန္ဓာကိုယ်ကို အလိုလိုက်ခြင်းမျှသာဖြစ်၍၊ အပြစ်ကျူးလွန်ရာရောက်ကြောင်း ပြောဆိုသည်တွင် ဗစ်ကလီက အရက်သောက်သဖြင့် ဒူလာကိုင်မည်ကိုသာ ကြောက်ရကြောင်း ပြန်၍ချေပ၏။ သို့ရှိစဉ် ကျွန်ုပ်က ကြားဖြတ်၍ သူတို့နှစ်ယောက်စလုံးပင် အတန်ငယ် ပိန်ကျသွားသကဲ့သို့ ထင်မိကြောင်းဖြင့် အမှတ်မထင်ပြောပြလိုက်၏။ ထိုအခါ သူတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ကြည့်လိုက်လေသည်။ ထို့နောက် ဗက်စတင်က သူ နေ့စဉ်နှင့်အမျှ ဝတ်တက်ရသည်မှာ ဘုရားရှိခိုး

ကျောင်းအတွင်း၌ စိုစွတ်ထိုင်းမှိုင်းသောကြောင့် အလွန်အေးပြီးလျှင် သူ့တွင် အဆစ်ရောင်ရောဂါဖြစ်လာသဖြင့် ညဥ့်အခါများ၌ ကောင်းစွာ အိပ်၍မပျော် ကြောင်းဖြင့် ပြောပြလေသည်။ ထိုအခါ ဇစ်ကလီက . . .

"အင်း . . . မင်းရောဂါက မင်းညာဘက်လက်မှာ အကြောရောင် ရောဂါ ဖြစ်နေတာကွ၊ ဒီအတိုင်းသာ မင်းပစ်ထားရင် ကုလို့ပျောက်တော့မှာ မဟုတ်တော့ဘူး၊ ငါ့မှာလည်း ဒီရောဂါရှိနေလို့ ငါသိတာ၊ ဒီတော့ ငါလည်း ခွဲစိတ်တဲ့အလုပ်ကို ခဏတစ်ဖြုတ် ရပ်ထားရင်ရပ်ထား၊ မထားရင်တော့ ငါ့ လက်ချောင်းကလေးတွေဟာ အသုံးကျတော့မယ် မဟုတ်ဘူး၊ ပြီးတော့ ငါ့ မျက်စိကလည်း ဒုက္ခပေးနေသေးသကွ၊ ကြည့်ပါလား၊ မျက်မှန်အထူကြီး တပ် ထားရတာ . . . ဒီတော့ နေကလေး ဘာကလေးရတဲ့ နေရာ သွားချင်တယ် ကွာ၊ ဒီမှာ ဖွန်လအထိအောင် နေပွင့်ဦးမယ် မဟုတ်ဘူးကွ"

"အေး . . . ငါလည်း ငါ့နေရာမှာ ဝင်လုပ်ပေးမယ့် လူတစ်ယောက် ယောက်ကို ပိုက်ဆံပေးပြီး ငှားနိုင်ရင် ကောင်းမယ်ကွာ၊ ဒီလိုလုပ်လို့ အပြစ် မရှိဘူးဆိုရင်ပေါ့"

ထိုအခါ ကျွန်ုပ်က . . .

"အင်း မင်းတို့နှစ်ယောက်စလုံး ဒီလိုတွေးမိကြတာ ငါ ဝမ်းသာတယ် ဟေ့။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ကို ငါပြောချင်တာ တစ်ခုရှိနေတယ်။ မနေ့တုန်းက တို့များပြောကြတဲ့ တောင်ဘက်ပင်လယ်ကျွန်းကလေးတွေဆီ ကို ငါသွားချင်နေတယ်၊ ဇစ်ကလီက ငါ့ကို အပြောင်းအလဲရအောင် တစ်နေ ရာရာသွားဖို့ပြောနေတာ ကြာပြီမဟုတ်လား။ ဒီတော့ မင်းတို့နှစ်ယောက်က ငါ့ဧည့်သည်အဖြစ်နဲ့ အဖော်လိုက်နိုင်မယ်ဆိုရင် ငါတော့ သိပ်ကျေးဇူးတင်မှာ ပဲကွာ။ ဇစ်ကလီက ဆရာဝန်အလုပ်နဲ့ ပိုက်ဆံတော်တော်ရနေတယ်၊ ဒီတော့ မင်းမရှိတုန်း တစ်ယောက်ယောက် အစားသွင်းပြီး ထားခဲ့ဖို့ လုပ်ပေါ့ကွာ၊ ဗက်စတင်အတွက်တော့ ငါက တာဝန်ယူပါတယ်"

"ကျေးဇူးတင်ပါတယ်ကွာ . . . တကယ်တော့ ဟိုစာအုပ်ရေးတဲ့ အကောင်ကို ငါက ဖော်ထုတ်ချင်နေတာကွ၊ သူ ဒီစာကို ရေးလိုက်လို့ သာသနာ ပြုအသင်းတွေ ဘယ်လိုထိခိုက်သွားနိုင်သလဲဆိုတာ သူမစဉ်းစားဘူး၊ ပြီးတော့ တစ်ခုခက်နေတာက ဂိုဏ်းချုပ်ကြီးရဲ့ သဘောတူညီချက်မရဘဲနဲ့ ငါမလိုက် နိုင်ဘူး"

ဇစ်ကလီက . . .

"ဟေ့ မင်းရဲ့ကျန်းမာရေး အခြေအနေနဲ့ ပတ်သက်လို့ မင်းဂိုဏ်း ချုပ်ဆီကို ငါက စာရေးပေးမယ်ဆိုရင် ဘယ်နည်းနဲ့မဆို မင်းကို သူခွင့်မပြု

ဘဲ နေမှာမဟုတ်ပါဘူး။ တစ်ခါတုန်းက သူ့လည်ပင်းမှာ ပေါက်နေတဲ့ အနာ့ ပဆုပ်ရောဂါကို တစ်ခါတည်းပျောက်အောင် ငါကုပေးလိုက်ကတည်းက ငါ့ ကို သိပ်ယုံကြည်ပြီး ကျေးဇူးတင်နေတာကွ"

ဗစ်ကလီက ကျွန်ုပ်ဘက်သို့ လှည့်၍ . . .

"ဒါနဲ့ နေပါဦး အာဗူနော့ရဲ့ . . . မင်းက ဒီခရီးကို ဘယ်လိုလုပ်ပြီး သွားမှာတုန်း"

"ဒါတော့ မသိသေးဘူးကွ၊ စာပို့သင်္ဘောကလေးနဲ့များ သွားရင် ကောင်းမလားလို့ အောက်မေ့တယ်"

"ရွက်လှေတစ်စင်းနဲ့ သွားရင် ကောင်းမယ်ကွာ၊ မင်းတတ်နိုင်လို့ ရှိရင်ပေါ့"

"အေး ဒီအကြံကောင်းတယ်၊ ဒီလိုဆိုရင် တို့များဟာ သမားရိုးကျ သွားနေကျလမ်းကြောင်းအတိုင်းမဟုတ်ဘဲ ကိုယ်ကြိုက်တဲ့လမ်းက သွားနိုင် တယ်၊ ဒီတော့ တို့များမရောက်ဖူးတဲ့ နေရာတွေကို ကိုယ့်သဘောအတိုင်း ဝင် နိုင်ထွက်နိုင်တာပေါ့ကွာ။ ဒီလိုဆိုရင် ငါလည်း စုံစမ်းကြည့်ပါဦးမယ်၊ ကိုင်း တို့ခရီးထွက်မယ့်ကိစ္စကို အကြောင်းပြုတဲ့အနေနဲ့ အရက်တစ်ခွက်စီ ထပ်ပြီး သောက်ကြစို့"

သူတို့နှစ်ယောက်က မည်သည့်အရာကို ဂုဏ်ပြု၍ သောက်ကြပါ မည်နည်းဟု မေးမြန်းရာ ကျွန်ုပ်က ခေါင်းခါ၍ပြလိုက်လေ၏။ ဗက်စတင်က 'မသိသေးသောအရာ' ကို ဂုဏ်ပြုရန်ဟု ဆို၏။ ဗစ်ကလီကမူ 'အမှန်တရား' ကို ဂုဏ်ပြုရန် ပြော၏။ ထိုအခါ ကျွန်ုပ်က ကြားဖြတ်၍ "မင်းတို့နှစ်ယောက် စလုံးရဲ့ သဘောပါအောင် 'မသိသေးသောအမှန်တရား' ကို ဂုဏ်ပြုကြစို့" ဟု ပြောလိုက်ရာ နှစ်ယောက်စလုံးပင် သဘောကျသွားသဖြင့် ကျွန်ုပ်တို့လည်း ဤစကားအတိုင်း ရွတ်ဆိုပြီးလျှင် အရက်တစ်ခွက်စီ သောက်လိုက်ကြလေ သည်။ ကျွန်ုပ်မှာ မည်သည့်အကြောင်းကြောင့်မသိ၊ လပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် အပျော်ကြီး ပျော်၍နေမိ၏။

သို့နှင့် ပိုက်ဆံချမ်းသာသူများအား ရွက်လှေငှားခြင်း၊ ရောင်းချခြင်း အလုပ်များကို ပွဲစားအဖြစ် ဆောင်ရွက်ပေးနေသော လန်ဒန်မြို့ရှိ ပွဲရုံတစ်ရုံ မှတစ်ဆင့် စုံစမ်းမေးမြန်းရာ ကျွန်ုပ် ပထမတွေ့ရသော ရွက်လှေကြီးတစ်စင်း ကို ခြောက်လအတွက် ပုတ်ပြတ်ငှားလိုက်၍ နောက်ထပ် ကျော်လွန်သော လ များအတွက် အကယ်၍ ဆက်လက်ငှားရမ်းလျှင် မည်ရွေ့မည်မျှ ပေးမည်ဟူ သော နားလည်မှုဖြင့် ရွက်သင်္ဘောတစ်စင်းကို ငှားရမ်းလိုက်၏။ ရွက်သင်္ဘော ပိုင်ရှင်များက ၎င်းအတွက် အာမခံကြေးကိုလည်းကောင်း၊ အခြား ကုန်ကျ

စရိတ်များကိုလည်းကောင်း ကျခံရမည်ဖြစ်ရာ သူတို့ကပင် သင်္ဘောဦးစီး၊ အင်ဂျင်နီယာနှင့် ပထမတန်း လက်ထောက်တစ်ဦးကို ငှားရမ်း၍ ပေးရမည် ဖြစ်၏။

ရွက်သင်္ဘောအမည်မှာ 'စတားအော့ဖ်သည်ဆောက်(သ)' (Star of the South) ဟု ခေါ်ပြီးလျှင် ရွက်ဖွင့်၍ဖြစ်စေ၊ စက်အားဖြင့်ဖြစ်စေ တစ်နာရီလျှင် ၁၀ မိုင်နှုန်း မောင်းနိုင်မည်ဖြစ်လေသည်။ ရွက်သင်္ဘောများအကြောင်းကို ကျွန်ုပ် နားမလည်ပါ။ သို့သော် အကြမ်းဖျဉ်း ရေးသားဖော်ပြရမည်ဆိုလျှင် ကျွန်ုပ်တို့ရွက်သင်္ဘောမှာ တန်ချိန် (၅၅၀) ရှိပြီးလျှင် ကောင်းမွန်ခိုင်ခံ့စွာ ဆောက်လုပ်ထား၏။ ကြည့်ပျော်ရှုပျော်လည်း ရှိ၏။

ထိုရွက်သင်္ဘောကို မူလ တည်ဆောက်ခဲ့သော ကွယ်လွန်သူ သန်းကြွယ်သူဌေးကြီးမှာ သူတည်ဆောက်စဉ်က ငွေကို ရေလိုသုံးနိုင်ခဲ့သဖြင့် ပထမတန်းပစ္စည်းများကိုသာ အသုံးပြု ခဲ့၏။ သင်္ဘောသား ၃၂ ယောက် ပါရှိပြီးလျှင် ခရီးသည်များ စီးနင်းလိုက်ပါရန် အခန်းကို သင်္ဘော၏ ဦးပိုင်းတွင်ထား၍ ပစ္စည်းထားသိုရန် စတိုခန်း၊ ရိက္ခာထားသိုရန် အအေးခန်း စသည်တို့ကို ပဲ့ပိုင်းတွင် ထားရှိ၏။

ယင်းသည်ပင် သင်္ဘော၏ ထူးခြားချက်တစ်ခုဖြစ်၏။ အဖိုးထိုက်တန်သော ရွက်သင်္ဘောတစ်စင်းဖြစ်သဖြင့် အပြီးအပိုင် ဝယ်မည့်သူ မရှိသောကြောင့် ထိန်းသိမ်းခမျှ ကာမိစေရန် သင့်လျော်သော အဖိုးနှုန်းဖြင့် ကျွန်ုပ်အား ငှားရမ်းလိုက်ခြင်းဖြစ်လေသည်။ ရွက်သင်္ဘောကို အာမခံကြေး အမြောက်အမြားဖြင့် အာမခံပြုလုပ်ထားရာ ပင်လယ်တွင် မတော်တဆ နစ်မြုပ်ဆုံးရှုံးစေကာမူ သူတို့ ပူပန်ကြမည်မဟုတ်ပေ။ ပျက်ပါစေဟုပင် မျှော်လင့်ကောင်း မျှော်လင့်ထားကြပေလိမ့်မည်။

ရွက်လှေဟုခေါ်သော်လည်း အမှန်အားဖြင့် ရွက်သင်္ဘောတစ်စင်းပင် ဖြစ်၏။ သင်္ဘောဦးစီးကပ္ပတိန်မှာ 'အက်စလီ' ဆိုသူ ဖြစ်၍ ပျော်ပျော်ရွှင်ရွှင် နေတတ်သူဖြစ်၏။ အလုပ်ကျွမ်းကျင်၍ ကောင်းစွာ ကိုင်တွယ်နိုင်သော်လည်း အရက်၏တန်ခိုးကြောင့် အလုပ်ကို အမှားမှား အယွင်းယွင်း လုပ်ခဲ့သည်ဟု ကျွန်ုပ်ထင်မိ၏။ ထို့ကြောင့်လည်း သူသည် သင်္ဘောကြီးများတွင် နေရာမရဘဲ ကျွန်ုပ်တို့ရွက်လှေကြီးကဲ့သို့ ရွက်သင်္ဘောတွင် အလုပ်လုပ်၍ နေရခြင်း ဖြစ်ဟန်တူလေသည်။ ၎င်း၏ ပထမတန်း လက်ထောက်မှာ 'ဂျက်ကော့ဆင်' ဆိုသူဖြစ်၍ ဒိန်းမတ်ပြည်သားဖြစ်၏။ အခြားသင်္ဘောသားများမှာ လူမျိုးပေါင်းစုံဖြစ်၍ ထက်ဝက်ကျော်ကျော်မှာ 'စကင်ဒီနေဗီးယား' နိုင်ငံသားများ ဖြစ်ကြလေသည်။ လူအတော်များများမှာ လူကောင်းသူကောင်းများဖြစ်၍ မနှစ်သက်စရာ

အကြောင်းမရှိချေ။ ကျွန်ုပ်တို့ ရွက်သင်္ဘောအကြောင်းကို ဤမျှလောက် ဖော်ပြလျှင် တော်လောက်ပေပြီ။

ကျွန်ုပ်တို့အစီအစဉ်မှာ ရွက်သင်္ဘောကို 'ဂျီဗရော်လတာ' ရေလက်ကြားမှ ဖြတ်သန်းယူဆောင်၍ 'မာဆေး' မြို့သို့ ရောက်သောအခါမှ ကျွန်ုပ်တို့က တက်ရောက်စီးနင်းကြပြီးလျှင် 'စူးအက်' တူးမြောင်းကို ဖြတ်ကာ သြစတြေးလီးယားနှင့် တောင်ဘက်ပင်လယ်ကျွန်းများဆီသို့ ခရီးနှင်ရန်ဖြစ်၏။ ထို့နောက် စိတ်ကူးရလျှင် ရသလို သင့်လျော်သည့်လမ်းမှ အိမ်သို့ ပြန်ရန်ဖြစ်လေသည်။

သင်္ဘောတွင် ရိက္ခာပစ္စည်းများကို လိုလေသေးသည်မရှိ တင်ဆောင်ခဲ့ရာ ၎င်းတို့အထဲတွင် ခွဲစိတ်ကိရိယာ တန်ဆာပလာများနှင့် ဆေးဝါးပစ္စည်းများကို ဗစ်ကလီက ရွေးချယ်၍ တရားဓမ္မစာအုပ်များကို ဗက်စတင်က ရွေးချယ်ပြီးလျှင် ဝတ္ထုစာအုပ်နှင့် ဗဟုသုတ အကိုးအကား စာအုပ်များကို ကျွန်ုပ်ကိုယ်တိုင် ရွေးချယ်၏။ ဤကဲ့သို့ အစီအစဉ်ဖြင့် ရွက်သင်္ဘောသည် 'သိမ်း' မြစ်ကို စုန်ဆင်းခဲ့ပြီးလျှင် ခရီးစဉ်အတိုင်း လာခဲ့ရာ 'မာဆေး' မြို့သို့ ချောမောစွာ ရောက်ရှိလာသဖြင့် ထိုမြို့တွင် ကျွန်ုပ်တို့ တက်ကြ၏။

သင်္ဘောပေါ်တွင် အခြားခရီးသည်တစ်ဦး ပါလာရာ ၎င်းမှာ အခြားမဟုတ်၊ 'နေတာလီ' နှင့် ကျွန်ုပ် လက်သပ်မွေးထားသည့် ခွေးကလေး 'တော်မီ' ပင် ဖြစ်လေသည်။ ခရီးထွက်ခါနီးတွင် ကျွန်ုပ်နောက်သို့ တကောက်ကောက်လိုက်နေသဖြင့် ကျွန်ုပ်မှာ ၎င်းအား မထားရက်ခဲ့နိုင်ဘဲ ခေါ်ခဲ့ရခြင်းဖြစ်လေသည်။ ၎င်းမှာ ကျွန်ုပ်၏အတိတ်နှင့် ဆက်စပ်နေသည်နှင့်အမျှ အနာဂတ်နှင့်လည်း ဆက်စပ်နေလေသည်။

[၁]

# ဆိုက်ကလုံး လေမုန်တိုင်းကြီး

ကျွန်ုပ်သည် အီဂျစ်ပြည်သို့ ယခင်က ရောက်ဖူးသော်လည်း ယခု တစ်ဖန် ပြန်၍ရောက်ရသောအခါ ယခင်ကထက် အားရနှစ်သက်မိ၏။ ကျွန်ုပ်တို့သည် ကိုင်ရိုမြို့တွင် ဆင်းသက်ခဲ့ပြီးနောက် သင်္ဘောကို 'စူးအက်' မြို့ သို့ ကျောက်မီးသွေးများ တင်ရန် ကြိုတင်လွှတ်လိုက်ရ၏။ အီဂျစ်၌ တစ်ပတ်ခန့်နေစဉ်အတွင်း ကိုင်ရိုမြို့တွင် ရက်အနည်းငယ်မျှ လှည့်လည်ကြည့်ရှုရန် အချိန်ရလိုက်သေး၏။ 'ပိရမစ်' သင်္ချိုင်းရာကြီးများကိုလည်းကောင်း၊ ဗက်စတင်နှင့် ဗစ်ကလီတို့ မမြင်ဖူးသေးသော ထူးဆန်းသည့် အဆောက်အဦများနှင့် ပြတိုက်ကြီးသို့လည်းကောင်း သွားရောက်ကြည့်ရှုကြ၏။ နိုင်းမြစ်သို့ ဆန်တက်ရန်မှာမူ အပြန်ခရီးတွင်မှ ဝင်မည်ဟု ဆုံးဖြတ်ထား၏။ ဗစ်ကလီမှာ အလွန်စာဖတ်သူဖြစ်၍ အီဂျစ်ပြည်၏သမိုင်းနှင့် ဘာသာတရားကို ရေလည်အောင် သိထားသည့်အတိုင်း ဤကဲ့သို့ အီဂျစ်ပြည်၌ ရပ်နားနေချိန်တွင် ခရစ်ယာန်ဘာသာသည် အမှန်အားဖြင့် ရှေးအီဂျစ်ဘာသာတရားမှ ပေါက်ဖွားလာပြီးလျှင် ပြုပြင်မွမ်းမံထားသည့် ဘာသာတရားမျှသာ ဖြစ်သည်ဟု ဗက်စတင်အား အထောက်အထားဖြင့် ပြလေသည်။ ဤသို့ဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ သူတို့နှစ်ယောက် ငြင်းကြခုန်ကြ ကလော်ကြနက်ကြသည်ကို စာဖတ်သူများ တွေးကြည့်က သိနိုင်ပေမည်။ ဘာသာတရားတိုင်းသည် အမှန်အားဖြင့် အဆင့်ဆင့် တိုးတက်လာမှုမှ ရအပ်သော သဘောတရားဖြစ်ကြောင်းကို သူတို့နှစ်ယောက်စလုံး သဘောပေါက်မိကြဟန် မတူချေ။ ဖန်လုံးတစ်လုံးအတွင်းရှိ ထောင့်အမျိုးမျိုးမှ အရောင်မျိုးစုံ ဖြာထွက်နေခြင်းမှာ အမှန်တရားတည်းဟူသော နေရောင်က ထိုး၍ပေးသောကြောင့်သာ ဖြစ်လေသည်။

ပင်လယ်နီကို စုန်ဆင်းရသည့်ခရီးမှာ သာတောင့်သာယာ ရှိလှပေ၏။ ထို့နောက် ကျွန်ုပ်တို့သည် သီဟိုဠ်ကျွန်းဆီသို့ ဦးတည်၍လာခဲ့ကြရာ ထိုနေရာတွင် တစ်ထောက်နားကြရင်း 'ကန္ဒီ' သို့လည်းကောင်း၊ ဗုဒ္ဓဘာသာ စေတီ အများအပြားရှိသည့် ရှေးဟောင်း 'အနာရာဇပူရ' မြို့ကြီးသို့လည်းကောင်း သွားရောက်ကြည့်ရှုကြ၏။ ထိုနေရာများ၌လည်း သူတို့နှစ်ယောက်မှာ မကြာခဏ အငြင်းအခုန် ဖြစ်ကြသေး၏။ သီဟိုဠ်ကျွန်းမှ ထွက်ခွာလာခဲ့ကြပြီးနောက် ကျွန်ုပ်တို့သည် အိန္ဒိယသမုဒ္ဒရာကြီးကို ဖြတ်ကာ အနောက်သြစတြေးလီးယားပြည်ရှိ ပါ့(သ်) မြို့ဆီသို့ ဦးတည်ခုတ်မောင်းလာကြလေသည်။

မီးသွေးကို ခြိုးခြံသည့်အနေဖြင့် ကျွန်ုပ်တို့သည် အများအားဖြင့် ရွက်ဖွင့်မောင်းနှင်လာခဲ့ကြရာ၊ ခရီးမှာ အတော်ပင် ကြန့်ကြာခဲ့၏။ သို့သော် ကျွန်ုပ်တို့မှာ ကပ္ပတိန်၏ ပျော်ရွှင်စွာ နေတတ်မှုကြောင့် ပျင်းရိခြင်း မရှိလှချေ။ အမြဲလိုပင် မှုန်တေတေနေတတ်သည့် ဒိန်းမတ်အမျိုးသားကြီး 'ဂျက်ကော့ဆင်' ကပင် သူ၏ လက်ဆွဲဘာဂျာဖြင့် ကျွန်ုပ်တို့အား မပျင်းရိအောင် ဖျော်ဖြေပေးရှာ၏။

တစ်နေ့တွင် သူက နတ်မေးပေးမည်ဟု ဖွင့်ပြောဆိုနေသဖြင့် ကျွန်ုပ်တို့လည်း အခန်းထဲတွင် နတ်မေးကြရ၏။ နတ်မေးပွဲဆိုသည့်အတိုင်း အထူးအဆန်းများကို တွေ့မြင်ကြရ၏။ စားပွဲမှာ တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားသွားခြင်း၊ ကျွန်ုပ်တို့ ဦးခေါင်းပေါ်ရှိ 'ဂျက်ကော့ဆင်' ၏ ဘာဂျာက အလိုအလျောက် အသံထွက်ခြင်းတို့ ဖြစ်လေသည်။

သို့နှင့် ဗစ်ကလီမှာ အတော်ပင် အံ့သြသွားဟန်တူ၏။ တစ်စုံတစ်ယောက်က နောက်ပြောင်နေသည်ဟု ထင်သဖြင့် သူ့ကို အမိဖမ်းရန် ကြိုးစားသေး၏။ သို့သော် ဖမ်း၍ကား မရချေ။

ထို့နောက် ကျွန်ုပ်နှင့် 'ဂျက်ကော့ဆင်' တို့သည် အခန်းထဲထွက်လာခဲ့ရာ သူတို့နှစ်ယောက်သာ အခန်းတွင်း၌ ကျန်ရစ်ခဲ့၏။ မကြာမီပင် သူတို့လည်း ထွက်လာကြ၍ 'ဗစ်ကလီ' သည် ဗက်စတင်အား အမျိုးမျိုး စွပ်စွဲလေတော့၏။

အပြင်သို့ ရောက်သောအခါ ဗက်စတင်က . . .

"ဒီမယ် ဗစ်ကလီ၊ ငါက စားပွဲရဲ့တစ်ဖက်စွန်းမှာ ထိုင်နေတာ . . . ဒီတော့ ငါဘယ့်နှယ်လုပ်ပြီး မင်းနှာခေါင်းကို ဆွဲနိုင်မလဲကွ၊ မင်းမျက်မှန်ကိုလည်း ဘယ်လိုလုပ်ပြီး ဖြုတ်နိုင်မလဲကွာ . . . မင်းခေါင်းပေါ်မှာ ထားတဲ့ ဘာဂျာနဲ့လည်း ဘယ်လိုလုပ်ပြီး အမျိုးသားသီချင်းကို ငါက တီးနိုင်မှာလဲ ကွ။

ပြီးတော့ ငါကလည်း ဘာဂျာဆွဲတတ်တဲ့အကောင်မှ မဟုတ်ဘဲ၊ ဒါတွေ ပဲ မင်းစဉ်းစားကြည့်တော့"

"ရှင်းချက်တွေ ဘာတွေ ထုတ်မနေပါနဲ့တော့ကွာ၊ မင်း ငါ့ကို တစ်ပတ်ရိုက်တယ်ဆိုတာ သိပါတယ်၊ ဘယ်လိုနည်းနဲ့ လုပ်တယ်ဆိုတာတော့ ငါ မသိဘူးပေါ့"

ထိုအခါ ကျွန်ုပ်က ကြားဝင်၍ ဖြန်ဖြေလိုက်ရတော့၏။ သို့နှင့် ဗက်စတင်က ယခုအလုပ်မျိုးမှာ ဘုရားကြိုက်သော အလုပ်မျိုးမဟုတ်ကြောင်း၊ နောင် ဤကိစ္စမျိုးနှင့် မပတ်သက်လိုကြောင်း ပြောပြီးလျှင် သူ၏အခန်းသို့ ပြန်သွားလေတော့၏။

ထို့နောက် နတ်မေးပွဲများ မပြုလုပ်ကြတော့ချေ။ သို့သော် မကြာမီပင် 'ဂျက်ကော့ဆင်' သည် စက်ကိရိယာကလေးတစ်ခုကို ထုတ်ယူလာပြန်၏။ ၎င်းမှာ ညောင်ရွက်ပုံသဏ္ဌာန်ရှိ ပျဉ်ပြားဖြစ်၍၊ အောက်၌ ဘီးတပ်ထားပြီး လျှင် အဖျားရှူးသည့်ဘက်၌ ခဲတံတစ်ချောင်း တပ်ဆင်ထားလေသည်။ ပျဉ် ပြား၏ အောက်၌ စာရေးစက္ကူတစ်ချပ် ခံထားရာ ပျဉ်ပြားရွေ့လျားသွားကာ အစွန်းတွင် တပ်ထားသည့် ခဲတံသည် စာများကို စက္ကူပေါ်တွင် ရေးခြစ်ပြ လေသည်။ ယင်းသည်လည်း နတ်မေးကိရိယာတစ်မျိုးပင် ဖြစ်လေသည်။

'ဂျက်ကော့ဆင်' သည် ဤစက်ကို စမ်းကြည့်ရန် ဗစ်ကလီအား အတန်တန် ပြောသဖြင့် နောက်ဆုံးတွင် ဗစ်ကလီသည် ဂျက်ကော့ဆင် ညွှန်ကြားသည့်အတိုင်း သူ၏လက်နှစ်ဖက်ကို ပျဉ်ပြားပေါ်သို့ တင်လိုက်ပြီးလျှင် အသင့်အနေအထားဖြင့် ရှိနေ၏။

ထို့နောက် သူသည် မျက်နှာကျက်ကို ခဏမျှ မော်ကြည့်လျက်ရှိစဉ် ပျဉ်ပြားကလေးသည် စက္ကူပေါ်တွင် တလှုပ်လှုပ် ဖြစ်သွားပြီးနောက် ခဲတံ လည်း စက္ကူပေါ်တွင် အစင်းအကြောင်းများ ရေးခြစ်လေတော့၏။ ထို့နောက် ခဏမျှအကြာတွင် ရပ်သွားလေသည်။

ထိုအခါ ဂျက်ကော့ဆင်က . . .

"ကိုင်း ဆရာဝန်ကြီးခင်ဗျား၊ ကြည့်စမ်းပါဦး။ ဆရာဝန်ကြီးကိုတော့ မကောင်းဆိုးဝါးနတ်တွေက တစ်ခုခုတော့ ရေးပြလိုက်ပြီထင်တယ်"

"အိုဗျာ . . . နတ်တို့ မကောင်းဆိုးရွားတို့ မဟုတ်ကဟုတ်ကတွေကို ကျွန်ုပ် ဘယ်တော့မှမယုံဘူး"

ဗစ်ကလီသည် သူ၏မျက်မှန်ကို နေသားတကျ ပြင်ဆင်လိုက်ပြီးနောက် စာရွက်ကို မီးရောင်တွင် ထောင်၍ ကြည့်လိုက်၏။ အချိန်မှာ ညစာ စားပြီးချိန်ဖြစ်၏။

သူသည် စာရွက်ကို ခဏမျှ စူးစိုက်ကြည့်လိုက်ပြီးလျှင် ကျွန်ုပ်တို့အားလုံးအား မသင်္ကာသောမျက်နှာဖြင့် ကြည့်ကာ ပါးစပ်မှ တစ်စုံတစ်ရာ ရေရွတ်ရင်း စာရွက်ကို စားပွဲပေါ်သို့ ပစ်ချလိုက်ပြီးနောက် အခန်းတွင်းမှ ထွက်သွားလေတော့၏။

ကျွန်ုပ်က စာရွက်ကို ကောက်၍ကြည့်ရာ၊ ကျွန်ုပ်မှာ ဟားတိုက်၍ ရယ်လိုက်မိသေး၏။ ဗစ်ကလီ၏ တစ်ကြောင်းဆွဲပုံတူဖြစ်၍ ဦးခေါင်းထက်တွင် လက်ဆွဲဘာဂျာပုံကို ရေးဆွဲထား၏။ အောက်တွင် ဗစ်ကလီ၏ လက်ရေးမဟုတ်ဘဲ အီတလီ အမျိုးသမီး၏ လက်ရေးမျိုးဖြင့် သမ္မာကျမ်းစာမှ စာတစ်ကြောင်းကို ရေးခြစ်ထား၏။ အောက်တွင် ကျောင်းသားလူငယ်တစ်ယောက်၏ လက်ရေးဖျင်းဖျင်းမျိုးဖြင့် . . .

"ကိုယ့်ကိုယ်ကို တတ်လှပြီထင်တဲ့ ဆရာဝန်လူမိုက်၊ ဒီစာကြောင်းတွေကို ဘယ်လိုနည်းနဲ့ ရေးသလဲဆိုတာ ပြောစမ်းပါဦး"

ဟူ၍ဖြစ်၏။

ဤကိစ္စနှင့်ပတ်သက်၍ ဗက်စတင်က "အင်း . . . မကောင်းဆိုးဝါးတွေက သမ္မာကျမ်းစာထဲက စာကိုတောင် ရေးပြနိုင်ကြသကိုး" ဟူ၍သာ ပြော၏။ ဗစ်ကလီကမူ ထိုအကြောင်းကို စကားစပ်၍မျှပင် မပြောတော့ဘဲ သူ၏ အခန်းထဲတွင် ဓာတုဗေဒပစ္စည်းများနှင့် စက္ကူရွက်များပေါ်တွင်သာ စမ်းသပ်နေသည်ကို ကျွန်ုပ်တွေ့ရ၏။

သူသည် စာရွက်ပေါ်၌ လက်ဖြင့်ဖိလိုက်လျှင် ထင်ရှားပေါ်လွင်လာသည့် မျက်စိဖြင့် မမြင်နိုင်သော မင်တစ်မျိုးကို ပြုလုပ်စမ်းသပ်နေဟန်တူ၏။ သို့သော် အောင်မြင်ပုံမရချေ။

နောက် ရက်အနည်းငယ်မျှ ကြာသောအခါ တစ်ညတွင် 'ဂျက်ကော့ဆင်' သည် သူ၏အခန်းတွင် နတ်မေးကိရိယာကလေးဖြင့် အလုပ်ရှုပ်နေသည်ကို တွေ့ရ၏။ သူက ကျွန်ုပ်အား မေးခွန်းတစ်ခုမေးရန် ပြောရာ ကျွန်ုပ်က သူ့အလိုကိုလိုက်သည့် သဘောဖြင့် . . .

"ပဲ(သ်)မြို့၏ ဆိပ်ကမ်းမြို့ဖြစ်သော 'ဖရီမင်ကယ်' မြို့သို့ မည်သည့်နေ့တွင် ကျွန်ုပ်တို့ရောက်မည်နည်း"

ဟု မေးလိုက်၏။ ထိုအခါ ဂျက်ကော့ဆင်၏ ကိရိယာက အဖြေရေးပေးရာ ထိုအဖြေမှာ မှန်ကန်၍နေကြောင်း နောင်အခါ ကျွန်ုပ် သိရှိရလေသည်။

"ကျွန်တော်က သဘော်သားဆိုတော့ ဆရာ့မေးခွန်းဟာ မကောင်းလှဘူး၊ နောက်တစ်ခုမေးပါဦးဆရာ"

သို့နှင့် ကျွန်ုပ်က . . .

"တောင်ဘက်ပင်လယ်ကို သွားမယ့်ခရီးလမ်းမှာ ထူးထူးခြားခြား ဖြစ်စရာများ ရှိသလား"

ကိရိယာသည် တစ်ခဏမျှ မလှုပ်မရှားရှိနေပြီးနောက် အဖြေကို လျင်မြန်စွာ ရေးလိုက်ပြီးလျှင် ရုတ်တရက် ရပ်သွားတော့၏။ 'ဂျက်ကော့ဆင်' သည် စာရွက်ကို ယူပြီးလျှင် အဖြေကို အသံထွက်အောင် ဖတ်ပြ၏။ အဖြေကား "လောကတွင် အသက်ရှင်နေသူမှန်သမျှ မတွေ့ဖူး မကြုံဖူး မဖြစ်ဖူးသေးသော ထူးခြားလှသည့်အရာများသည် အေ၊ ဘီနှင့် ဘီတို့တွင် ဖြစ်ပျက်တွေ့ကြုံလိမ့်မည်" ဟူ၍ဖြစ်၏။

ထိုအခါ ကျွန်ုပ်က . . .

"ကျူပ်ရယ်၊ ဗစ်ကလီရယ်၊ ဗက်စတင်ရယ်"

ဟု ရယ်မောရင်း ပြောလိုက်၏။ သို့သော် ဂျက်ကော့ဆင်သည် ကျွန်ုပ်ပြောသည်ကို ဂရုမစိုက်ဘဲ ကျန်ရှိနေသေးသည့် အပိုင်းကို ဆက်လက်ဖတ်ရှုလျက်ရှိရာ သူ၏မျက်နှာမှာ ဖြူဖတ်ဖြူလျော်ဖြစ်သွားပြီးလျှင် မျက်လုံးများပင် ကျွတ်ကျမတတ် ဖြစ်သွားသည်ကို မြင်လိုက်ရ၏။ ထို့နောက် သူသည် စာရွက်ကို အစိတ်စိတ် အမြွာမြွာ ဆုတ်လိုက်ပြီးလျှင် ဒိန်းမတ်ဘာသာစကားဖြင့် တစ်ချက်ရေရွတ်ကာ ကိရိယာကလေးကို သူ၏ လက်သီးကြီးဖြင့် တစ်ချက်တည်း ထုချေပစ်လိုက်လေသည်။ ထို့နောက် သူသည် အခန်းထဲမှ ချက်ချင်းထွက်သွားရာ ကျွန်ုပ်မှာ အံ့အားသင့် စိတ်မကောင်းလည်း ဖြစ်၍ ကျန်ရစ်ခဲ့တော့၏။ နောက်တစ်နေ့နံနက် သူ့ကိုတွေ့၍ ကျွန်ုပ်က . . .

"စက္ကူထဲမှာ ဘာတွေရေးထားသလဲဗျ"

ဟု မေးလိုက်ရာ၊ သူက . . .

"သြော် . . . ဆရာတို့ သိဖို့မသင့်တဲ့ ကိစ္စမို့ပါ၊ ကျွန်တော်ပြောတာ နားလည်ပါတယ်နော် . . . ဒီနတ်ကောင်တွေဟာ အမြဲတမ်း ကောင်းမနေဘူး ခင်ဗျ၊ တစ်ချက်တစ်ချက် အဲသလို မဟုတ်တရုတ်တွေ လုပ်တတ်တယ်၊ ဒါကြောင့် ကျွန်တော်လည်း ဒီဟာကို ထုပြီး ခွဲပစ်လိုက်တာပဲ"

ထို့နောက် သူသည် စကားကို လမ်းကြောင်းပြောင်းပြီးလျှင် အခြားစကားများကို ပြောလျက်ရှိလေသည်။

'မာဆေး' မြို့မှ ထွက်လာသည့် အချိန်မှစ၍ 'ဗက်စတင်နှင့် ဗစ်ကလီ' တို့သည် တောင်ဘက် ပင်လယ်ကျွန်းများမှ တိုင်းရင်းသားများ၏ ဘာသာစကားကို ကြိုးစားပမ်းစား လေ့ကျင့်လျက် ရှိနေကြ၏။ (ကျွန်ုပ်တို့တွင် ထိုဘာသာစကား စာအုပ်မျိုး အတော်များ ပါရှိ၏။) သူတို့ချင်း ထိုဘာသာစကားဖြင့် ပြောဆိုရန် လေ့လာကြ၏။ 'ဗက်စတင်' မှာ တစ်ခါတစ်ရံ အူတူတူ

ကြောင်တောင်တောင်နိုင်သော်လည်း စာပေကို ကျနစွာ တတ်သူဖြစ်၏။ ကောလိပ်တွင်ရှိစဉ်က နိုင်ငံခြားစာပေဘာက်တွင် ထူးချွန်ခဲ့သူတစ်ယောက်ဖြစ်ပြီး လျှင်ဗစ်ကလီမှာလည်း အလွန်တော်၍ မှတ်ဉာဏ်ကောင်းသူဖြစ်လေသည်။ သို့နှင့် ကျွန်းကလေးတစ်ကျွန်းကိုမှ မရောက်မီ သူတို့သည် ထိုတိုင်းရင်းသားဘာသာစကားကို ထမင်းစားရေသောက်မျှ ပြောဆိုနိုင်ကြလေပြီ။

ပါ့(သ်)မြို့သို့ ဆိုက်ရောက်သောအခါ ထိုမြို့တွင် တွေ့ရသော ဆာမိုးဝါးကျွန်းသား လင်မယားနှစ်ယောက်အား ကျွန်ုပ်တို့ သင်္ဘောပေါ်တွင် တင်ဆောင်လာခဲ့ရ၏။ ထိုအချိန်က ဩစတြေးလီးယားတွင် လူဖြူများသာ နေထိုင်ရမည်ဆိုသော ဥပဒေအရ သူတို့ထွက်ခွာပေးရလေရာ၊ သူတို့နေသော 'အာပီယား' မြို့သို့ ရောက်လျှင် ဆင်းကြမည်ဖြစ်၍၊ ကျွန်ုပ်တို့၏ အစေခံအဖြစ် လိုက်ပါခွင့်ပြုရန် တောင်းပန်သောကြောင့် သူတို့အား သနားသဖြင့် တင်ဆောင်လာခဲ့ရခြင်း ဖြစ်လေသည်။ ထိုမြို့သို့လည်း ကျွန်ုပ်တို့ တစ်နေ့တွင် သွားမည်ဟု စိတ်ကူးထား၏။ ဗက်စတင်နှင့် ဗစ်ကလီတို့မှာ နေ့စဉ်နေ့တိုင်းလိုပင် ထိုလင်မယားနှစ်ယောက်နှင့် အချိန်ရှိတိုင်း ဆာမိုးဝါးဘာသာစကားကို ပြောဆိုလေ့ကျင့်လျက်ရှိရာ၊ မကြာမီပင် အတော်တတ်မြောက်လာတော့၏။ ကျွန်ုပ်မှာလည်း ဘာသာပြန်ပေးမည့်သူ နှစ်ယောက် ရှိသည့်ပြင် သူတို့နှစ်ယောက်မသိအောင် ကြိတ်၍ သင်ထားသဖြင့် သူတို့ကဲ့သို့ပင် အတော်အသင့် တတ်၍နေလေပြီ။

ကျွန်ုပ်တို့ လာရောက်သည့်အကြောင်းကို လူများ မသိကြမီပင် ကျွန်ုပ်တို့သည် ပါ့(သ်) မြို့မှ ထွက်ခဲ့ကြ၏။ မည်သည့်ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့လာကြောင်းနှင့် မည်သည့်နေရာသို့ သွားမည့်အကြောင်းကိုလည်း တစ်ဦးတစ်ယောက်မျှ မသိချေ။ ဩစတြေးလီးယား ပင်လယ်ကွေ့ကြီးကို ဖြတ်ကျော်လာခဲ့ကြရာ၊ ထိုနေရာမှာ နာမည်ဆိုးရှိသော နေရာဖြစ်သော်လည်း ရာသီဥတု ကောင်းမွန်မှုကြောင့် ပင်လယ်ကွေ့ကြီးမှာ ရေအိုင်ကလေးတစ်ခုသဖွယ် သာယာလျက်ရှိနေသည်ကို တွေ့ရ၏။ 'မဲ(လ်)ဘုန်း' မြို့တွင် ခေတ္တရပ်နား၍ 'ဆစ်ဒနီ' မြို့သို့ ခရီးဆက်ကြပြီးလျှင် ထိုမြို့၌ မီးသွေးများ တင်ဆောင်ခြင်း၊ ရိက္ခာများ ဖြည့်တင်းခြင်း စသည်တို့ကို ပြုလုပ်ကြရ၏။ ၎င်း၏ နောက်ပိုင်း၌ကား ကျွန်ုပ်တို့၏ ခရီးကြီး စတင်လေတော့၏။

ကျွန်ုပ်တို့၏ အစီအစဉ်မှာ ပထမ ဖီဂျီကျွန်းမှ 'ဆူးဗားမြို့' သို့ သွားရန်ဖြစ်၍ ခရီးမှာ မိုင် (၁၇၀၀) ဝေး၏။ ဆူးဗားတွင် ခေတ္တနားပြီးနောက် ဟာဝိုင်သို့လည်းကောင်း၊ သို့မဟုတ် ဆင်းဒွစ်ကျွန်းသို့လည်းကောင်း သွားရန်ဖြစ်လေသည်။ လမ်းတွင် ဖီးနစ်ကျွန်းစုနှင့် ပိုလီနီရှန်ကျွန်းစုအတွင်းရှိ ခရစ်

စမတ်နှင့် ဖန်နင်းကျွန်းများသို့ ဝင်ရန် ရည်ရွယ်ထား၏။ ထို့နောက် မာရှယ် ကျွန်းစုနှင့် ကဲရိုလိုင်း ကျွန်းများကိုဖြတ်ပြီးလျှင် တောင်ဘက်သို့ ဆင်းလာရန် ဖြစ်လေသည်။ ဤကဲ့သို့ ဆင်းလာပြီးနောက် နျူးဂီးရီးနှင့် ကောရဲပင်လယ်ဘက်သို့သွားရန် ဖြစ်လေသည်။

ထို့နောက် အီစတာကျွန်းသို့ သွားရောက်ရန်ဖြစ်လေသည်။ ထိုနေရာမှာ လူ့သမိုင်းမစမီကပင် ပေါ်ထွန်းခဲ့သော လူမျိုးတစ်မျိုး၏ လက်ရာများဟု အဆိုရှိသော ကျောက်ရုပ်ထု ရုပ်လုံးကြီးများ ရှိလေသည်။ အမှန်သော် ကျွန်ုပ်တို့မှာ အခါအခွင့်သင့်သလို ကြည့်၍ သင်္ဘောလွှင့်ရန် ဖြစ်ပြီးလျှင် အတိအကျ သတ်မှတ်ထားသည့် ရည်ရွယ်ချက်ဟူ၍ကား မရှိချေ။

'ကျူးဘား' မြို့သို့ ဆိုက်ရောက်သောအခါ ဖီဂျီကျွန်းများကို လှည့်လည်ကြည့်ရှုကြရာ၊ ဗက်စတင်နှင့် ဗစ်ကလီတို့သည် သာသနာပြု လုပ်ငန်းအကြောင်းကို တတ်နိုင်သမျှ ရှာဖွေလေ့လာကြ၏။ သို့သော် သူတို့တွေ့ရှိသော တူညီသည့်အချက်များပေါ်၌ပင် ဆန့်ကျင်ဘက်ဖြစ်၍ နေကြလေသည်။ ထို့နောက် တစ်ဖန် ဆာမိုးဝါးကျွန်းသို့ သင်္ဘောထွက်ခဲ့၍ 'အာပီးရား' မြို့သို့ ရောက်သောအခါ သင်္ဘောပေါ်၌ပါလာသည့် တိုင်းရင်းသားလင်မယားနှစ်ယောက်အား ချထားခဲ့၏။ ထိုမြို့တွင် မီးသွေးများ ထပ်၍ ဖြည့်တင်းတင်ဆောင်ရ၏။ သို့သော် အတွေ့အကြုံရှိသော လူများက မကြာမီပင် သူတို့ အားဒုက္ခပေးလေ့ရှိသည့် ဆိုင်ကလုံး လေမုန်တိုင်းကြီးများ တိုက်ခိုက်လာ ရန်အရိပ်အယောင်များ တွေ့ရကြောင်းပြောသဖြင့် ကျွန်ုပ်တို့လည်း မီးသွေး နှင့် ရေများကို အမြန်တင်ပြီးလျှင်ပြီးခြင်း ထိုမြို့မှ ချက်ချင်း ထွက်ခဲ့ကြလေသည်။

'မာဆေး' မြို့မှ ထွက်လာသည့်အချိန်မှစ၍ လှိုင်းလေထန်သည်ဟူ၍ မတွေ့ရဘဲ ရာသီဥတု ကောင်းမွန်သာယာလျက်ရှိသောကြောင့် ကျွန်ုပ်တို့ ခရီးမှာ ဖြောင့်ဖြူးသာယာပေ၏။ ဤကိစ္စနှင့်ပတ်သက်၍ ကပ္ပတိန် အက်စလီအား မေးမြန်းကြည့်ရာ ပင်လယ်တွင် အသက်မွေးမြူလာခဲ့သည်မှာ ကြာပြီဖြစ်သော ကပ္ပတိန်အက်စလီက ဦးခေါင်းကို အတန်ငယ် ခါရမ်းလျက် ရာသီဥတုဆိုသည်မှာ တစ်သမတ်တည်း ကောင်းသည်ဟူ၍ မရှိနိုင်ကြောင်း ကျွန်ုပ်အား ပြောပြလေသည်။

ဤနေရာတွင် ဂျက်ကော့ဆင်၏အကြောင်းကို ပြောရန် ဖြစ်ပေါ်လာ၏။ ကျွန်ုပ်တို့သည် 'အာပီးရား' မှ ထွက်လာခဲ့ပြီးနောက် 'ဂျက်ကော့ဆင်' သည် အစားမှား၍ နေမကောင်းဆိုကာ အခန်းထဲမှ ထွက်မလာဘဲ ရှိနေရာ ယခုသော် သူ့အား မည်သည့်နေရာတွင်မှ ရှာ၍မတွေ့ရတော့ဘဲ ပျောက်ဆုံး

နေသည်ကို ထူးဆန်းစွာ တွေ့ရ၏။ 'အာပီးရား' တွင် ရှိနေစဉ်က သူသည် ကုန်းပေါ်သို့ တက်ရောက်သွားရာတွင် တစ်စုံတစ်ခုသော ဘေးအန္တရာယ်နှင့် တွေ့သဖြင့် ပြန်၍မလာနိုင်ဘဲရှိစဉ် ကျွန်ုပ်တို့သည် သင်္ဘောကို အမှတ်မထင် ထွက်လာခဲ့ခြင်းဖြစ်လေသလော။

သို့နှင့် ကျွန်ုပ်တို့သည် သင်္ဘောကို 'အာပီးရား' ဘက်သို့ ပြန်၍ လှည့်သင့်မလှည့်သင့် စဉ်းစားကြရာ ကျွန်ုပ်က ပြန်၍ လှည့်လိုသော်လည်း ကပ္ပတိန်အက်စလီက 'ဂျက်ကော့ဆင်' သည် လူထူးလူဆန်းတစ်ယောက် ဖြစ်ကြောင်း၊ သူယုံကြည်သော နတ်များက သူ့အား ခေါ်ဆောင်သည်ထင်လျှင် မည်သည့်အရပ်၌မဆို နေရာမရွေး ထွက်သွားမည့် လူစားမျိုးဖြစ်ကြောင်းဖြင့် ပြောကာ သင်္ဘောကို ပြန်လှည့်ရန် သဘောမတူချေ။

ကျွန်ုပ်သည် စိတ်လက်မကောင်းဘဲ အခန်းကို ပြန်ခဲ့ရာ စားပွဲတင် မှန်ပေါင်တွင် စာအိတ်တစ်လုံး ညှပ်ထားသည်ကို ရုတ်တရက် တွေ့မြင်လိုက် ရသဖြင့် စာအိတ်ကို ဆွဲကြည့်လိုက်ရာ စာအိတ်ပေါ်တွင် 'ဂျက်ကော့ဆင်' ၏ လက်ရေးဖြင့် ကျွန်ုပ်ထံ လိပ်တပ်ထားသည်ကို တွေ့ရ၏။ စာအိတ်ကို ဖွင့် ကြည့်လိုက်သောအခါ အတွင်း၌ ပိတ်၍ထားသည့် အခြားစာအိတ်တစ်လုံးကို တွေ့ရပြန်၏။ ထိုပိတ်ထားသော စာအိတ်မှာ မည်သူ့ထံသို့မှ လိပ်စာတပ်၍ မထားချေ။ ထိုစာအိတ်နှင့်အတူ တွေ့ရသော စာရွက်ကလေးကို ဖတ်ကြည့် ရာ 'ဂျက်ကော့ဆင်' ၏ လက်ရေးဖြင့် ကျွန်ုပ်ထံ ရေးထားသည်ကို အောက်ပါ အတိုင်း တွေ့ရလေသည်။

"လေးစားအပ်ပါသော လူကြီးမင်းခင်ဗျား

လူကြီးမင်းတို့ထံမှ ကျွန်တော်ထွက်သွားသည့်အတွက် ကျွန် တော့်အား လူကြီးမင်း ဒေါသဖြစ်နေမည် ထင်ပါသည်။ ဤစာနှင့် အတူ ပိတ်ထားသည့် စာတစ်စောင်ကို လူကြီးမင်း တွေ့ရှိပါလိမ့် မည်။ သို့သော် ထိုစာကို ဖွင့်၍မကြည့်ရန် မေတ္တာရပ်ခံပါသည်။ ၎င်းစာကို ဖွင့်ကြည့်ရမည့်အချိန်မှာ 'စတားအော့(ဖ်)သည်ဆောက် (သ်)' ရွက်သင်္ဘော၏ ဘဝနိဂုံးချုပ်သည့်နေရာတွင်မှ ဖွင့်ရန်ဖြစ် ပါသည်။ ထိုအခါ ကျွန်တော် အဘယ့်ကြောင့် ထွက်ခွာသွားရသည် ကို လူကြီးမင်း သိရှိလိမ့်မည်ဖြစ်ပါ၍ ကျွန်တော်၏ ဂုဏ်သိက္ခာကို လည်း ဆယ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ကျွန်တော့်အပေါ် တွင် လူကြီးမင်းထားရှိခဲ့သည့် စေတနာများအတွက် ကျေးဇူးတင်ပါ သည်။ ကမ္ဘာစောင့်နတ်မင်းကြီးများက လူကြီးမင်းနှင့်တကွ ဆရာ ဝန်ကြီးနှင့် မစ္စတာ ဗက်စတင်တို့အား ကယ်မကြပါစေ"

စာကို ဖတ်ရသော်လည်း 'ဂျက်ကော့ဆင်' ၏ ကံကြမ္မာကို ကျွန်ုပ် မခန့်မှန်းနိုင်ချေ။ သူသည် သင်္ဘောမှ ထွက်ပြေးလျှင် ထွက်ပြေးသွားမည်။ သို့မဟုတ် သူ့ကိုယ်သူ ရေထဲသို့ ဆင်း၍ သေလျှင်လည်း သေပေလိမ့်မည်။ ပိတ်၍ထားသော အခြားစာအိတ်ကို ကျွန်ုပ်သည် သူပြောသည့်အတိုင်း ဖွင့်၍ မကြည့်ဘဲ အိတ်ထဲတွင် ထည့်ထားလိုက်၏။ ကျွန်ုပ်မှာ ထိုစာကို ဖွင့်မကြည့်ရန် မည်သည့်တာဝန်မှမရှိ၊ ထောက်ထားငဲ့ညှာရန်လည်း မရှိ။ မိမိဂုဏ်သိက္ခာကို စောင့်စည်းသဖြင့်သာ ဖွင့်၍မကြည့်ဘဲနေခဲ့၏။ ထို့အပြင် အခြားအကြောင်း တစ်ခုမှာလည်း ထိုစာတွင်ပါမည့် အကြောင်းအရာများမှာ စိတ်မကောင်းစရာ အကြောင်းများသာ ဖြစ်မည်ဟုထင်ကာ စိတ်ထဲတွင် ခပ်ရှုံ့ရှုံ့ဖြစ်၍ နေသောကြောင့် ဖတ်၍မကြည့်ခြင်းလည်း ဖြစ်၏။ သူသည် နတ်မေးကိရိယာကို လက်သီးဖြင့် ထုခြေပစ်လိုက်ခြင်းမှာ သူရေးခဲ့သော ယခုစာနှင့် ဆက်စပ်ခြင်းရှိမည်ဟုလည်း ထင်မိ၏။

ကုန်းပတ်ပေါ်သို့ ကျွန်ုပ် ပြန်တက်သွားသောအခါ 'ဂျက်ကော့ဆင်' ၏ စာအကြောင်းနှင့်ပတ်သက်၍ မည်သူ့ကိုမျှ တစ်စုံတစ်ရာ ပြော၍မပြချေ။ သို့သော် သင်္ဘောကို 'အာပီးရား' မြို့ဘက်သို့ ပြန်လှည့်ရန်ကိစ္စကိုမူ ကျွန်ုပ်မှာ စိတ်ပြောင်းသွားပြီဖြစ်ကြောင်း၊ 'ဂျက်ကော့ဆင်' ကို မရှာတော့ဘဲ ကပ္ပတိန်၏ အလိုဆန္ဒအတိုင်း ရှေ့သို့ ဆက်လက်ခုတ်မောင်းရန် သဘောတူပြီဖြစ်ကြောင်းဖြင့် ကပ္ပတိန်အက်စလီအား ပြောပြလိုက်၏။ သို့နှင့် နိုင်နင်းကျွမ်းကျင်သော ပဲ့နင်းကြီးအား 'ဂျက်ကော့ဆင်' ၏ နေရာတွင် အစားထိုးခန့်ထားလိုက်ပြီးလျှင် သင်္ဘောကို ဆက်လက်မောင်းနှင်ခဲ့ကြလေသည်။ အဖြစ်အပျက်များကား ထူးဆန်းလှတော့၏။ အကယ်၍သာ ကျွန်ုပ်တို့သည် 'အာပီးရား' မြို့ဘက်သို့ သင်္ဘောကို လှည့်ခဲ့မည်ဆိုပါက ဆိုင်ကလုံးမုန်တိုင်းကြီးဘေး မှ အမှန်ပင် လွတ်မြောက်မည်ဟု ကျွန်ုပ် ယုံကြည်မိ၏။ ထို့မျှသာမက နောင်ကျွန်ုပ်တို့ တွေ့ကြုံရမည့် အဖြစ်များနှင့်လည်း တွေ့ကြုံရမည်မဟုတ်ပေ။ ကံတရားကား ဆန်းကြယ်လှပေ၏။

'ဆာမိုးဝါး' ကျွန်း၏ မြောက်ဘက် အကြမ်းဖျင်း မိုင် ၇၀၀ ခန့် အကွာသို့ အရောက် 'အာပီးရား' မြို့မှ ထွက်လာခဲ့ပြီးနောက် (၄) ရက်မြောက်နေ့ နေဝင်ချိန်တွင် မုန်တိုင်း၏ ရှေ့ပြေးဖြစ်သော လေပြင်းကြီးတိုက်ခတ်လာရာ၊ ဤရှေ့ပြေး လေပြင်းကို လျင်မြန်စွာ ဖြတ်ကျော်သွားနိုင်ရန်အတွက် ကပ္ပတိန် အက်စလီသည် စက်အားကို မြှင့်၍မောင်းတော့၏။ ထိုညဥ္ဍ လေပြင်း၏အရှိန်ဖြင့် သင်္ဘောမှာ မငြိမ်မသက်ဖြစ်နေရာ၊ ညစာစားရာ၌ပင် စားပွဲပေါ်မှ ပန်းကန်ခွက်ယောက်များ လွင့်စင် ကျမသွားစေရန် ကျွန်ုပ်တို့မှာ အတော်

ပင် ဂရုစိုက်ကြရ၏။ ည (၁၁) နာရီသို့ ရောက်သောအခါ ကျွန်ုပ်တို့မှာ အနိုင် နိုင်မတ်တတ်ရပ်နိုင်သည့် အခြေသို့ ရောက်လာတော့၏။ သင်္ဘောပေါ်၌ကား လှိုင်းများသည် ဒရကြမ်း ပုတ်ခတ်လျက်ရှိရာ၊ ကံအားလျော်စွာ လေသည် သင်္ဘော၏ ပဲ့ပိုင်းဘက်မှ တိုက်နေသဖြင့် သင်္ဘောမှာ လေ၏ ရှေ့မှ ပြေးနေ သကဲ့သို့ ဖြစ်နေ၍သာ သက်သာရာ ရတော့၏။ သို့သော် သင်္ဘောမှာ ကျွန်ုပ် တို့ အလိုရှိရာလမ်းကြောင်းကို ပြေးနေခြင်းမဟုတ်ချေ။

နံနက်မိုးလင်းလာသောအခါ နေကို မမြင်ရဘဲ ကောင်းကင်တစ် ပြင်လုံး အုံ့မှိုင်းနေပြီးလျှင် လေမှာလည်း ယခင်ကထက် ပိုမိုပြင်းထန်လာတော့ ၏။ ညဦးအချိန်သို့ ရောက်ပြန်လျှင်လည်း လမင်းကို မဆိုထားဘိဦး၊ ကြယ် များကိုပင် ကျွန်ုပ်တို့ မမြင်ရချေ။ ကျွန်ုပ်တို့သင်္ဘောမှာ (၇၂) နာရီလုံးလုံး လေပြင်းရှေ့မှ ပြေးနေရသဖြင့် ရွက်ကိုလည်း မဖွင့်နိုင်ခဲ့ချေ။ ကျွန်ုပ်တို့ ရွက် သင်္ဘောမှာ ရေပေါ်တွင် လှိုင်းစီးနေသော ဘဲကလေးတစ်ကောင်ကဲ့သို့ နိမ့် တုံမြင့်တုံ ဖြစ်နေ၏။

သင်္ဘောမှာ လျင်မြန်စွာ အလိုက်သင့် သွားလျက်ရှိကြောင်း ကျွန်ုပ် က ပြောသောအခါ ကပ္ပတိန်က သင်္ဘောမှာ အလိုက်သင့် ပြေးနေသည်မှန်သော် လည်း မည်သည့်နေရာသို့ ဦးတည်ပြေးနေသည်ကို မသိရကြောင်း၊ 'ဆာမိုးဝါး' ကျွန်းမှ ထွက်လာသည့်အချိန်မှစ၍ မည်သည့်နေရာသို့ သင်္ဘောရောက်ရှိနေ သည်ကို မသိကြောင်း၊ ခန့်မှန်းတွက်ချက်၍လည်း မရကြောင်းဖြင့် ကျွန်ုပ်အား ပြန်ပြောလေသည်။ ရွက်သင်္ဘောနှင့် စက်မောင်းသင်္ဘောကြီးများတွင် အသုံး ပြုသည့် မှတ်တမ်းစာအုပ်မှာလည်း လှိုင်းလုံး ရိုက်ခတ်သဖြင့် ပါသွားပြီဖြစ်၏။ ထိုမှတ်တမ်းစာအုပ်မှာ သင်္ဘောရောက်ရှိသည့်နေရာ၊ သွားနေသည့် မိုင်နှုန်း၊ ရာသီဥတုအခြေအနေ စသည်တို့ကို နေ့စဉ် မှတ်သားထားသည့် စာအုပ် ဖြစ်၏။ ယခုအခါ ကျွန်ုပ်တို့ အားကိုးရန်ဟူ၍ အိမ်မြှောင်သာ ကျန်ရှိတော့ ၏။ ကျွန်းများ၊ ကျောက်တန်းများ ပွကြဲလျက်ရှိသော အပြောကျယ်လှသည့် သမုဒ္ဒရာကြီးထဲတွင် သူသည် သင်္ဘော၏ အနေအထားနှင့်တကွ ရောက်ရှိရာ အရပ်ကို မည်သည့်နည်းနှင့်မျှ ခန့်မှန်း၍ မရနိုင်အောင် ရှိတော့၏။

ကျွန်ုပ်က ယခင်မူလ လမ်းကြောင်းသို့ ပြန်၍ရောက်နိုင်ရန် မဖြစ် ပါသလောဟု မေးသောအခါ သူက ဤသို့ဆိုလျှင် မုန်တိုင်းနှင့် ရင်ဆိုင်ရမည် ဖြစ်၍ သင်္ဘောမှ အင်ဂျင်စက်များမှာ ထိုဒဏ်ကို ခံနိုင်ရန် မရေရာကြောင်း ဖြင့် ပြောပြ၏။

ထိုနေ့ညနေ၌ အတန်ငယ် ငြိမ်သက်သွားသဖြင့် ကျွန်ုပ်တို့မှာ အတော်ပင် ဝမ်းသာမိကြ၏။ ထိုည ညစာစားပွဲ၌ ကျွန်ုပ်တို့မှာ စည်သွတ်

အစားအစာများနှင့် ဝီစကီကိုသာ သောက်သုံးကြရ၏။ သို့ စားသောက်လျက်ရှိစဉ် ကပ္ပတိန် အက်စလီ ဝင်လာရာ၊ သူ၏မျက်နှာမှာ ဖြူဖတ်ဖြူရော်ရှိနေသည်ကို မြင်ရသဖြင့် ကျွန်ုပ်မှာ အတန်ငယ် ထိတ်လန့်အံ့ဩ၍သွားမိ၏။ ထိုအခါ ကျွန်ုပ်တို့က ထွေးထွေးနွေးနွေး ဖြစ်စေရန်နှင့် ကံကောင်းထောက်မသဖြင့် လေ မုန်တိုင်းအတွင်းမှ သင်္ဘော လွတ်မြောက်လာသည်ကို အကြောင်းပြု၍ တစ် ခွက်သောက်ရန် သူ့အား ဖိတ်ခေါ်လိုက်သောအခါ သူသည် ဝီစကီကို ရေ မရောဘဲ သောက်ချလိုက်၏။

သူသည် ခပ်အစ်အစ် တစ်ချက်ရယ်လိုက်ပြီးနောက် . . .

"နေပါဦး၊ ခင်ဗျားတို့ လေက လွတ်လာပြီလေး ဘာလေးနဲ့ ပြော နေလိုက်ကြတာက ဘာလဲဗျ၊ ပြဒါးတိုင်ကိုလည်း ကြည့်ကြဦးမှပေါ့"

ဟု ပြောလိုက်၏။

ထိုအခါ ဇက်စတင်က . . .

"ဟာ ကျုပ်တို့ကြည့်ပြီးပြီ အချိန်မှန်နေသားပဲဗျ၊ ဒီဂရီ ၂၉ သာသာ လောက်ပဲ ရှိတယ်၊ ဒီလိုမပြောင်းဘဲနေတာ (၃) ရက်တောင်ရှိပြီလေ"

ဟု ပြောလိုက်၏။

ထိုအခါ အက်စလီသည် နောက်တစ်ကြိမ် ရယ်လိုက်ပြန်၏။ ထို့ နောက် ဆက်လက်၍ . . .

"သြော် . . . ခင်ဗျားတို့ ကြည့်ကြတဲ့ ပြဒါးတိုင်ကိုး၊ ဒါက သက် သက် ခရီးသည်တွေအဖို့ ထားပေးတာခင်ဗျာ၊ ခင်ဗျားတို့ ကြောက်ကုန်ကြမှာ စိုးလို့ ကျုပ်ဘဏ္ဍာစိုးကို တမင် ချို့ယွင်းအောင် လုပ်ခိုင်းထားတာ။ ဒါက တော့ မဆန်းပါဘူးလေ။ ကျုပ်ရဲ့ ပြဒါးတိုင်ကိုသာ ကြည့်ပေရော့"

ထို့နောက် သူ၏အိတ်ထဲတွင် ဆောင်ထားသော ပြဒါးတိုင်ကို ကျွန်ုပ် တို့အားလုံးအား ထုတ်ပြရာ၊ ပြဒါးချိန်မှာ ၂၇ ဒီဂရီနှင့် ၂၈ ဒီဂရီအကြားတွင် ရှိနေသည်ကို တွေ့ကြရ၏။

"ဒါဟာ ပိုလီနီရှန်ပင်လယ်မှာဖြစ်ဖြစ်၊ ဘယ်ပင်လယ်မှာပဲဖြစ်ဖြစ် နှစ်ပေါင်း (၃၀) အတွင်းမှာ အနိမ့်ဆုံးကို ပြနေတဲ့ ဒီဂရီပဲဗျ၊ မှန်လည်းမှန် တယ်။ ဘာကြောင့်လဲဆိုတော့ တခြားပြဒါးတိုင် သုံးခုနဲ့လည်း တိုက်ကြည့် ပြီးပြီ"

ကျွန်ုပ်က စိုးရိမ်ကြီးစွာဖြင့် . . .

"ဒါက ဘယ်လိုအခြေအနေကို ပြတာလဲ ကပ္ပတိန်"

"ဘာပြသလဲဆိုရင် တောင်ဘက်ပင်လယ်မှာ အဆိုးဝါးဆုံး ဆိုင် ကလုံးမုန်တိုင်းကြီး လာနေပြီဆိုတာကို ပြတာပဲ။ ဟိုဒိန်းမတ်ကောင်ဟာ ဒါ

ကိုသိလို့ လစ်ပြေးသွားတာပေါ့။ ဒီတော့ ခင်ဗျားတို့တစ်တွေ ကုန်းပြီးသာ ဘုရားကို ဆုတောင်းကြပေတော့”

ဤသို့ ပြောပြီးလျှင် သူသည် ဝီစကီပုလင်းဆီသို့ လက်လှမ်းလိုက်၏။ သို့သော် ကျွန်ုပ်က သူနှင့် ဝီစကီပုလင်းကြားတွင် မတ်တတ်ရပ်လိုက်ခါ ခေါင်းခါပြလိုက်သဖြင့် သူသည် တတိယအကြိမ်မြောက် ရယ်လိုက်ပြီးနောက် အခန်းတွင်းမှ ထွက်သွားလေသည်။ သူနှင့် နောက်တစ်ကြိမ် နှစ်ကြိမ်မျှ ကျွန်ုပ်တွေ့သေးရာ ထိုညဉ့်က သူပြောသောစကားများမှာ မူး၍ပြောသော စကားများမဟုတ်ဘဲ ပကတိ အသိဉာဏ်ဖြင့် ပြောသော စကားများဖြစ်ကြောင်း သိရှိရ၏။

ထိုအခါ ဗက်စတင်က . . .

“အင်း . . . တို့တစ်တွေတော့ အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီ။ ကပ္ပတိန်ကြီးပြောသလို တို့များ ဆုတောင်းကြရအောင်လား၊ ဒါပေမယ့် ဗစ်ကလီဆိုတဲ့ ကောင်ကတော့ လိုက်လုပ်မှာမဟုတ်ဘူး၊ ဒီတော့ ငါတစ်ယောက်တည်းပဲ ဆုတောင်းဝတ်ပြုတော့မယ်ကွာ”

ဗစ်ကလီသည် နှာခေါင်းရှုံ့ကာ လေပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက် . . .

“အလကားကပ္ပတိန်ကြီးပါကွာ၊ ပြဒါးတိုင်ကို သူက ဘာကြောင့် မျက်လှည့်လုပ်ပြီး တို့များကို ပြရတာလဲ၊ ဒီမယ် ဟမ်ဖရီ . . . ဒီလူကြီးဟာ အရက်တွေ အလွန်အမင်းသောက်ထားပြီနဲ့ တူတယ်ကွ”

“အေး . . . ငါလည်း ဒီအတိုင်းထင်တာပဲကွ၊ နို့မဟုတ်ရင် တို့များ မသိအောင် ပထမဖုံးထားပြီး၊ နောက်မှ ဘာ့ကြောင့် သူက ဖော်ရမှာလဲ”

“နို့ပေမယ့် အရက်နဲ့ တခြားပစ္စည်းတွေက ရှေ့ပိုင်းမှာ သော့ခတ်ထားတယ်မဟုတ်လား”

“ဒါကတော့ သူ့မှာလည်း သူ့ကိုယ်ပိုင်အရက် ရှိဦးမှာပေါ့ကွာ၊ အနည်းဆုံး ရမ်တော့ ရှိမှာပဲကွ၊ ဘာပဲဖြစ်ဖြစ်လေကွာ တို့များရဲ့ ကံတရားပေါ့”

ဗစ်ကလီက အကြံပေးသဖြင့် ကျွန်ုပ်တို့သည် ကုန်းပတ်ပေါ်သို့ တက်၍ ကြည့်ကြ၏။ လေမှာ အလွန်ငြိမ်သက်နေပြီးလျှင် ရေပြင်မှာလည်း အတော်ပင် ငြိမ်သက်လျက်ရှိနေ၏။ ယင်းသည်ကား လေ၏လှုပ်ရှားမှုကို အကဲခတ်၍ ဆုံးဖြတ်ခြင်းဖြစ်၏။ ထို့ပြင် ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်လျက်ရှိသော်လည်း သင်္ဘောဦးနှင့် ပဲ့ပိုင်းတွင် ရွက်တိုင် ဆိုင်းကြိုးများ တင်နေသည့် လှေသားများ လှုပ်ရှားသွားလာနေသည်ကို ၎င်းတို့ကိုင်ဆောင်သော မီးအိမ်

များ အလင်းရောင်ဖြင့် တွေ့မြင်နေရ၏။ ကုန်းပတ်ပေါက်များကို ကတ္တရာသုတ်ရွက်ထည်များဖြင့် ဖုံးပိတ်လျက်လည်းကောင်း၊ ရွက်တိုင်ဆက်များကို ကြိုးများဖြင့် ရစ်ပတ်ချည်နှောင်လျက်လည်းကောင်း ရှိနေသည်ကို သတိပြုမိ၏။

မကြာမီပင် ဇက်စတင်သည် ဘုရားဝတ်ပြုပြီးသည့် ဟန်ဖြင့် ကုန်းပတ်ပေါ်သို့ ရောက်လာ၏။ ဇက်စတင်က ဤနေရာမှာ အလွန်သာယာ၍ ဖိမ်ရှိကြောင်းပြောရာ၊ ကျွန်ုပ်က စကားပြန်မပြောဘဲ ဆေးတံကိုသာ မီးခြစ်၍ ညှိလိုက်၏။ မီးမှာ မီးခြစ်ဆံကို ငြိမ်သက်စွာ တောက်လောင်လျက် ရှိလေသည်။ သို့ရှိစဉ် ဇစ်ကလီက "ဟယ် ဘာပါလိမ့်" ဟု အလန့်တကြား အော်လိုက်သဖြင့် သူညွှန်ပြရာသို့ ကြည့်လိုက်ရာ ကျွန်ုပ် ယခင်က မမြင်ဖူးသော အရာတစ်ခုကို မြင်လိုက်ရ၏။ ဘာနှင့် တူသနည်းဆိုပါမူ၊ အမှောင်တိုက် အတွင်းမှ ဖြူဖြူအစင်းကြောင်းကြီးတစ်ခု ရုတ်တရက် ထိုးထွက်လာသည်နှင့် တူပြီးလျှင် ၎င်းနောက်မှ တရှဲရှဲ မြည်ဟည်းသော အသံကြီးတစ်သံ ထက်ချပ်လိုက်ပါလာ၏။

သို့ရှိစဉ် ရွက်တိုင်ဆိုင်းကြိုးများဆီမှ ညည်းသံညူသံကဲ့သို့ အသံများထွက်ပေါ်လာပြီးလျှင် ထိုခဏ၌ သင်္ဘောသားတစ်ယောက်က "ပင်လယ်ထဲကျမသွားချင်ကြရင် ဆရာကြီးတို့ အောက်ကို မြန်မြန်ဆင်းကြဗျို့" ဟု ဟစ်အော်လိုက်သော အသံတစ်သံကို ကြားရ၏။ ဇက်စတင်မှာ မိမိတို့အား ဤကဲ့သို့ ရိုင်းပြစွာ ပြောရပါမည်လောဟု ပြောမည်ပြုသော်လည်း ကျွန်ုပ်က ၎င်းအား လှေကားဆီသို့ တွန်းပို့လိုက်သဖြင့် တော်မီက ရှေ့မှပြေးဆင်းကာ ကျွန်ုပ်တို့လည်း ဒရောသောပါး အောက်သို့ ဆင်းကြရတော့၏။ ထိုအချိန်၌ သင်္ဘောသားများသည် အောက်ထပ်သို့ ကုန်သွင်းရန် ဖောက်ထားသော အပေါက်ကြီးများကို တာလပတ်ကြီးများနှင့် ဖုတ်ပူမီးတိုက် ပိတ်ဆို့နေသံများကို ကြားရပြီးနောက် သူတို့လည်း လုံခြုံရာသို့ ဒရကြမ်း ပြေးလွှားသွားကြသံများကိုပါ ကြားလိုက်ရ၏။

နောက်တစ်ခဏ၌ ကျွန်ုပ်တို့အားလုံး ကြမ်းပြင်ပေါ်သို့ လဲကျကုန်၍ တော်မီကလေးသည် ကျွန်ုပ်၏ကိုယ်ပေါ်တွင် အမြိုင့်သား ရောက်နေသည်ကို တွေ့ရလေသည်။ မုန်တိုင်းသည် ကျွန်ုပ်တို့သင်္ဘောကို ရိုက်ခတ်လျက်ရှိရာ ပထမလေသံနှင့် လှိုင်းပုတ်သံများကိုပင် ဖုံးလွှမ်းလျက်ရှိနေတော့၏။ သို့ရှိစဉ် ဓာတ်မီးများ ရုတ်တရက် ငြိမ်းသွားပြီးနောက် သင်္ဘောမှာ တစ်ဖက် သို့ တိမ်းစောင်းသွားပြီးလျှင် တဖြင်းဖြင်းမြည်သော အသံများကို ကြားရ၏။ ယင်းတို့မှာ ရေပြင်ကို ရွက်တိုင်ထိပ်ဖျားက ရိုက်ခတ်သံများဖြစ်ပေမည်။ ထို

ခဏာဦ ဝုန်းခနဲ ကျိုးပဲ့သံကြီးတစ်ခုကို ကြားရပြန်ရာ၊ သဘော်လည်း ပြန်၍ တည့်မတ်သွားပြန်၏။

"အင်း . . . တစ်ခါဖြင့် ကိစ္စချောကြပြီထင်တယ် . . . အလို ဘုရားရေ၊ ဘာသံကြီးပါလိမ့်၊ နားထောင်ကြစမ်းဗျို့"

ဟု ဗစ်ကလီက အလန့်တကြားပြောလိုက်၏။

ကျွန်ုပ်က နားထောင်ကြည့်ရာ ကျွန်ုပ်တို့ရှိနေသော ကြမ်းပြင်အောက်မှ တရှီးရှီး တရှဲရှဲ အသံကြီးကို ကြားရ၏။ အသံမှာ နွားတစ်ကောင်အား အသက်ရှူပေါက်ကို ဖြတ်လိုက်သဖြင့် အသက်ရှူနိုင်ရန် ကြိုးစားနေသည့် အသံကြီးမျိုးနှင့်ပင် တူတော့၏။ မကြာမီ ဓာတ်မီးများ ပြန်လင်းလာသဖြင့် ကြည့်လိုက်ရာ ဗက်စတင်မှာ ကြမ်းပေါ်တွင် အစနှ့်သား လဲကျနေသည်ကို တွေ့ရ၏။

ထိုအခါ ကျွန်ုပ်က . . .

"ဟယ် . . . ဒီလူ ဇက်များ ကျိုးသွားပလား မသိဘူး"

ဟု ပြောလိုက်သဖြင့် ဗစ်ကလီလည်း ဗက်စတင်ထံ ကဗျာကရာ သွားရောက်ကြည့်ရှုလေသည်။

"ဟာ . . . ကိစ္စမရှိပါဘူး၊ ဘာမှဖြစ်တာမဟုတ်ဘူး၊ လှိုင်းမူးနေတာပါ၊ သူက လက်ဖက်ရည်တွေ သိပ်သောက်တော့ ဒီလိုဖြစ်လိမ့်မယ်လို့ ငါထင်သားပဲ"

"လှိုင်းမူးတာ ဟုတ်ကဲ့လားကွ"

"ဟုတ်ပါတယ်ကွာ၊ ဒီပြင် ဘာမှဖြစ်တာ မဟုတ်ပါဘူး၊ ဗိုက်က အကြောတွေက ဦးနှောက်ကြောတွေကို သွားပြီးဒုက္ခပေးတာပါ၊ ဒါမှမဟုတ်လည်း ပြောင်းပြန်ပေါ့ကွာ"

ဗက်စတင်ကမူ . . .

"ငါသေချင်ပါပြီကွာ"

ဟု တစ်ချက်ညည်းညူလိုက်လေသည်။

"အိုကွာ ဒီအတွက်တော့ မစိုးရိမ်ပါနဲ့၊ မကြာခင် မင်းသေမှာပဲ၊ ရော့ ဟောဒီ ဝီစကီကို နည်းနည်းသောက်လိုက်ကွ . . . အကောင်ကြီးရ"

ဗစ်ကလီက ဤသို့ပြောလိုက်သောအခါ ဗက်စတင်သည် ရုတ်တရက် ထထိုင်လိုက်ပြီးနောက် ပြောသည့်အတိုင်း လုပ်ရှာ၏။ ဝီစကီကို မော့ချလိုက်ပြီးနောက် ဗက်စတင်သည် ဗစ်ကလီအား စူးစူးဝါးဝါးကြည့်ကာ ချည့်နဲ့သောအသံဖြင့် . . .

"ဒါ မင်း ငါ့ကို ညစ်ပတ်လိုက်တာမဟုတ်လား"

"အေး . . . ဒါထက်ပိုပြီး ညစ်ပတ်တာကို မကြာခင်ပဲ လုပ်ပြရဦး မယ်ကိုယ့်လူ၊ မင်းဟာ အတော့်ကို နေမကောင်းဖြစ်နေတယ်ဆိုတာ သိရဲ့လား"

ဗက်စတင်၏ အခြေအနေမှာ မကောင်းသဖြင့် ကျွန်ုပ်တို့အားလုံး ကပင် သေလိမ့်မည်ဟု ထင်မိကြ၏။ ထို့နောက် ကျွန်ုပ်တို့သည် သူ၏အခန်း ရှိရာသို့ သူ့အား သယ်ယူသွားကြပြီးလျှင် မော်ဖီးယားကဲ့သို့ ဆေးတစ်မျိုးကို ဇစ်ကလီက ထိုးပေးလိုက်ရာ ဗက်စတင်မှာ သတိမရဘဲ အချိန်အတော်ကြာ အိပ်ပျော်လျက်ရှိနေတော့၏။

ထိုအချိန်၌ ရွက်သင်္ဘော၏ အင်ဂျင်စက်များ ခုတ်မောင်းသံကို ကြား ရပြန်ရာ သင်္ဘောမှာလည်း ဦးထောင်ပဲ့စိုက်၊ ဦးစိုက်ပဲ့ထောင်ဖြစ်၍နေ၏။ ထို့ နောက် အင်ဂျင်စက်များ ရုတ်တရက် ရပ်ဆိုင်းသွားပြီးလျှင် သင်္ဘောမှာလည်း ယိမ်းယိုင်ရွေ့လျားလျက်ရှိနေ၏။ သို့ရှိစဉ် မုန်တိုင်းသည် နောက်မှနေ၍ တစ် ချက်ဗွေ့ရမ်းလိုက်ရာ သင်္ဘောမှာ မုန်တိုင်းရှေ့မှ ဒရကြမ်း ပြေးသွားလျက် ရှိပြန်တော့၏။

"တို့တစ်တွေ ဘယ်ဆီများ သွားနေသလဲ မပြောတတ်ပါဘူးနော်"

ဟု ဇစ်ကလီအား ကျွန်ုပ်က စ၍မေးလိုက်၏။

"အိပ်ပျော်ခြင်း၏ နယ်မြေကိုပေါ့ကွ ဟာမ်ဖရီရ . . . ကိုင်း ငါ မင်း ကို နှုတ်ဆက်ခဲ့မယ်ဟေ့၊ မင်းနဲ့ငါနဲ့ဆိုတာ တကယ့်သူငယ်ချင်းတွေပါကွာ၊ မဟုတ်ဘူးလား၊ ငါက လူထူးတစ်ယောက်ဖြစ်ပေမဲ့လို့ တကယ်ချစ်တဲ့ သူ ငယ်ချင်းတွေပါနော်၊ ငါလိုချင်တာတစ်ခုကတော့ ဗက်စတင်ရဲ့ ခံယူချက်၊ ယူဆချက်တွေထဲမှာ အဓိပ္ပာယ်တစ်ခုခုတော့ ရှိစေချင်တာပါပဲ၊ ဒါပေမဲ့လို့ ဒီလိုဖြစ်မလာဘူးဟေ့၊ အေး . . . သနားစရာ တို့အကောင်တွေအတွက်တော့ ကောင်းသောညပါပဲပေါ့ကွာ၊ ဒါပါပဲ ဟာမ်ဖရီရေ့"

[ ၆ ]

# ကုန်းမြေ

နောက်ဆုံးတွင် လျှပ်စစ်မီးများ ငြိမ်း၍သွားတော့၏။ မီးမငြိမ်းမီ အတွင်း ကျွန်ုပ်၏ နာရီကို ကြည့်၍ သံပတ်ပေးလိုက်သေး၏။ အချိန်မှာ နံနက် ၃ နာရီနှင့် မိနစ် ၂၀ ရှိနေပြီဖြစ်၏။ ဗက်စတင်မှာ ထိုအချိန်တွင် အိပ်မော ကျလျက်ရှိရာ သင်္ဘောမှာ အလွန်လှုပ်ယမ်းနေသဖြင့် ကျွန်ုပ်တို့က သူ့အား အိပ်ရာပေါ်မှ လိမ့်မကျစေရန် သူ၏ကိုယ်ကြီးကို ခုတင်နှင့်ကပ်ကာ မျက်နှာ သုတ် ပုဝါကြီးတစ်ထည်ဖြင့် ချည်နှောင်ပေးထားလိုက်ရ၏။ ကျွန်ုပ်တို့ကိုယ် တိုင်ပင် လဲကျမသွားစေရန် အမာခံနေရာများကို ကိုင်ထားရ၏။ ကျွန်ုပ်၏ ခွေးကလေးမှာ သင်္ဘောစောင်း၍သွားတိုင်း နိမ့်ရာသို့ လျှောကျသွားတတ် သဖြင့် အလွန်ကြောက်ရွံ့နေရှာ၏။ ကျွန်ုပ်တို့အားလုံးမှာ လျှောကျမသွားစေ ရန် အထူးပင် သတိထား၍ နေရလေရာ အချိန်မရွေးသေရမည့်ဘေးကိုသာ မိုးလင်းသည်အထိ စောင့်မျှော်နေရတော့၏။ အတန်ကြာသောအခါ မှေးမှိန် သော အလင်းရောင်သည် အခန်း၏ ပြတင်းပေါက်မှ အခန်းတွင်းသို့ ထိုးဝင် လာရာ မကြာမီ နံနက်လင်းတော့မည့်အကြောင်း သိရတော့၏။

ဤအချိန်လောက်တွင် ငရဲပွက်သကဲ့သို့ တဝုန်းဝုန်း မြည်ဟည်း တိုက်ခတ်နေသည့် မုန်တိုင်းကြီးမှာ အတန်ငယ်ငြိမ်သက်သွားပြီဖြစ်၏။ ကျွန်ုပ် ၏စိတ်မှာ မုန်တိုင်း၏ အလယ်ဗဟိုသို့ ရောက်နေပြီထင်၏။ ကုန်းပတ်ပေါ်သို့ တက်ရန် ကျွန်ုပ်သည် ဗစ်ကလီနှင့် တိုင်ပင်ပြီးနောက် နှစ်ယောက်သားတက် မည်အပြုတွင် လှေကားအဝင်တံခါးမှာ အခိုင်အမာပိတ်ထားသည်ကို တွေ့ကြ ရလေသည်။ ကျွန်ုပ်တို့သည် တံခါးကို ပြင်းထန်စွာ ခေါက်ပြီးလျှင် ဟစ်၍ခေါ် သော်လည်း မည်သူကမျှ မထူး၊ မည်သည့်အသံကိုမျှလည်း မကြားရချေ။

သူတို့အားလုံးမှာ လှိုင်းရိုက်ခတ်သဖြင့် သင်္ဘောကုန်းပတ်ပေါ်မှ လွင့်စင်ကျ ကုန်လေပြီလောဟု တွေးမိ၏။

သို့နှင့် ကျွန်ုပ်တို့လည်း ခန်းမကြီးဘက်သို့ လာကြရာ ကြမ်းပြင်မှာ ခြောက်သွေ့လျက် ရှိနေသည်ကို တွေ့ရ၏။ ထိုအခါ ကျွန်ုပ်တို့မှာ အလွန်ဆာလောင်နေပြီဖြစ်၍ ဘီစကွတ်နှင့် တခြားစားစရာများကို ရှာဖွေစားသောက်ကြ၏။ သို့ရှိစဉ် မုန်တိုင်းကြီးမှာ ပြင်းထန်စွာ တိုက်ခတ်လာပြန်ရာ ဤအကြိမ်တွင် အခြားလမ်းကြောင်းဘက်မှ ပြောင်း၍ တိုက်ခတ်သကဲ့သို့ ထင်ရပြီးလျှင် သင်္ဘောမှာလည်း မုန်တိုင်းရှေ့တွင် အရှိန်ပြင်းစွာ ပြေးလျက်ရှိနေ၏။ ဤဒုက္ခကို တစ်နေ့လုံးခံ၍နေရလေရာ ကျွန်ုပ်မှာ သေချင်စိတ်များပင် ပေါက်၍လာမိတော့၏။ ကျွန်ုပ်၏ ယူဆချက်များမှာ ဗက်စတင်နှင့် အလုံးစုံမတူလျှင် ဗစ်ကလီ၏ အယူအဆနှင့်မူ လုံးဝမတူချေ။ ငယ်စဉ်မှစ၍ ကျွန်ုပ်၏ ယုံကြည်ချက်မှာ လူ၏ခန္ဓာကိုယ်အတွင်းမှ အသက်ထွက်သည်အထိ ငါပဟုခေါ်သော အတ္တမှာ မသေဟု ယခုအထိ ယုံကြည်လျက်ရှိနေ၏။ သို့နှင့် သေစရာရှိလျှင် မြန်မြန်သေပြီးနောက် သေသည်၏ အခြားဘက်တွင် မည်သည့်အရာရှိလေသနည်းဟု သိလိုလှပြီဖြစ်၏။

လေမှာ ပြင်းထန်စွာ တိုက်ခတ်နေသဖြင့် ကျွန်ုပ်တို့နှစ်ယောက် စကားပြော၍မရချေ။ သို့သော် ဗစ်ကလီကမူ သူ၏လုပ်ငန်းနှင့် ပါတနာများ အကြောင်းကို ကျယ်လောင်စွာ ပြောလျက်ရှိရာ ကျွန်ုပ်က ခေါင်းကိုသာ ညိတ်ပြနေရ၏။ သူတို့၏အလုပ်မှာ ကျွန်ုပ်နှင့် လုံးဝမသက်ဆိုင်၊ ဂရုစိုက်ရန်လည်း မရှိချေ။

သေခြင်းတရားနှင့် အနီးကပ်ဆုံးသို့ ရောက်လာလျှင် အများအားဖြင့် မည်သည့်အရာကိုမျှ ဂရုမစိုက်နိုင်ဘဲ မတည်မြဲသော မိမိကိုယ်မှာ ဘာမျှမဟုတ်ဟုသာ စဉ်းစားကြမည် မလွဲတည်း။ အမှန်သော် ယခုမိနစ်ပိုင်းအတွင်း၊ နာရီပိုင်းအတွင်း၌ပင် နေတာလီအား တွေ့ရပါမည်လောဟု စဉ်းစားနေမိသည့် အပြင် ကျွန်ုပ်၏ အိပ်မက်ထဲ၌ သူ့ဆီသို့လာရန် အကြိမ်ကြိမ် ခေါ်နေသဖြင့် ကျွန်ုပ်သေရမည့်အတွက် ဤသို့ ခေါ်နေခြင်းဖြစ်လေသလောဟုလည်း စဉ်းစားမိပြန်၏။

ကျွန်ုပ်တို့ သင်္ဘောမှာ လျင်မြန်စွာ ပြေးသွားလျက်ပင် ရှိနေ၏။ ညနေချိန်သို့ရောက်သောအခါ ဗက်စတင်၏ အခန်းမှ တေးသံကဲ့သို့ အသံများ ခပ်သဲ့သဲ့ကြားရသဖြင့် သွားရောက်ကြည့်ရှုရာ သူသည် ဝါသနာမပါဘဲနှင့် သီချင်းတစ်ပုဒ် ညည်းလျက်ရှိသည်ကို တွေ့ရ၏။ သူ၏သီချင်းမှာ "ပင်လယ်တွင် ဒုက္ခရောက်နေသူများအဖို့" ဟူသော သီချင်းဖြစ်လေသည်။ သီချင်း

သံမှာ တဖြည်းဖြည်း တိုး၍သွားသောကြောင့် သူ အိပ်ပျော်သွားလေပြီလော ဟုပင် ထင်မိ၏။

နောက်တစ်ကြိမ် မိုးမှောင်ကြီးကျ၍ လာပြီးနောက် ယခင်မည်သည့် အခါကမျှ ကျွန်ုပ်မကြုံဖူး၊ မကြားဖူးသော ကြောက်မက်ဖွယ်ကောင်းသည့် အသံကြီးများကို ကြားရပြီးလျှင် သင်္ဘောတစ်စင်းလုံး သွက်သွက်ခါမျှ တုန်လှုပ်သွားပြီးနောက် သင်္ဘောမှာ ပေ ၁၀၀ ခန့် ရေပေါ်သို့ မြောက်တက်သွားသည် ဟု ထင်လိုက်ရ၏။

"ဒီလှိုင်းကြီးနဲ့တူတယ်ဟေ့"

ဟု ဗစ်ကလီက ကျွန်ုပ်အား အော်၍ပြောလိုက်၏။ ဤသို့ ပြော၍မှ မဆုံးသေးမီ သင်္ဘောသည် မာကျောသော အရာတစ်ခုပေါ်သို့ ဝုန်းခနဲ ပြန်၍ ကျလာရာ ကျွန်ုပ်တို့မှာ သတိများ လစ်လုမတတ် ဖြစ်သွားရ၏။ ခန်းမကြီးမှာ ချာလပတ်လည်ရင်း ရှေ့သို့ ရွေ့လျားနေသည်ဟု ထင်ရ၏။ လေသည် ကျွန်ုပ်တို့ကိုယ်ပေါ်သို့ တိုးဝှေ့တိုက်ခတ်နေသည်ကို နောက်ဆုံး ခံစားလိုက်ရပြီးနောက် ကျွန်ုပ်မှာ တစ်ခါတည်း သတိလစ်၍ သွားတော့၏။ တော်မီသည် ကျွန်ုပ်၏မျက်နှာကို လျှာကလေးဖြင့် လျက် လျက်ရှိရာ "ဩော် . . . ငါတော့ သေရတော့မှာပါကလား၊ အားလုံး ကိစ္စချောပြီ၊ သိစရာရှိရင် မကြာခင် သိရမှာပေါ့လေ" ဟု တွေးလိုက်မိ၏။ ယင်းတွေးတောချက်မှာ ကျွန်ုပ်၏ နောက်ဆုံး တွေးတောချက်ပင်ဖြစ်တော့၏။

ကျွန်ုပ် သတိရလာသောအခါ တစ်ကိုယ်လုံးမှာ နာကျင်ကိုက်ခဲလျက် ရှိနေ၏။ တံခါးရွက်များ ပြုတ်ထွက်နေပြီဖြစ်၍ အလင်းရောင်သည် ထိုးနေရာမှ ဝင်လျက်ရှိရာ ကြမ်းပြင်နှင့် အခန်းနံရံမှ ပျဉ်ချပ်များ နေရာအနှံ့အပြား တွင် ကျိုးပဲ့ထွက်နေသည်ကို မြင်ရ၏။ စားပွဲမှာ ကြမ်းပြင်ပေါ်သို့ လဲကျလျက် ရှိနေ၏။

ဗစ်ကလီသည် ကူရှင်များကြားတွင် အစန့်သားလဲကျလျက် သူ၏ ဦးခေါင်းမှလည်း သွေးများ စီးကျနေသည်ကို မြင်ရ၏။ သူ့အား သေပြီထင်သဖြင့် ကျွန်ုပ်လည်း ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် သူ့ဆီသို့ သွား၍ စမ်းသပ်ကြည့်ရာ နှလုံးမှာ ခပ်မှန်မှန်ပင် ခုန်လျက်ရှိသည်ကို တွေ့ရသဖြင့် အတော်ပင် ဝမ်းသာ၍ သွားမိ၏။ စားပွဲအနီးတွင် လဲကျနေသော ဝီစကီပုလင်းမှာ ၃ ပုံ ၁ ပုံမျှ ကျန်ရှိနေသေးသဖြင့် ကျွန်ုပ်လည်း ဝီစကီအနည်းငယ်ကို ဗစ်ကလီ၏ ပါးစပ်ထဲသို့ လောင်းထည့်ရန် ကြိုးစားလျက်ရှိ၏။ သို့သော် ပါးစပ်ကို ဟ၍မရသဖြင့် သူ၏ ဦးခေါင်းမှ ဒဏ်ရာပေါ်သို့ ဝီစကီ အနည်းငယ် လောင်းထည့်လိုက်ရာ ထိုအခါမှ သူသည် သတိမေ့၍နေရာမှ ထလာတော့၏။

"ဟေ့ တို့အခု ဘယ်ရောက်နေသလဲကွ၊ ဇက်စတင်ပြောတဲ့အတိုင်း မှန်နေပြီလို့ မင်းပြောမလို့လား။ ဒါမှမဟုတ်လည်း တခြားတစ်နေရာရာ ရောက်နေကြပြီလား။ အေး . . . သူပြောတဲ့အတိုင်း မှန်နေရင်တော့ ငါအရှက်ကွဲတော့မှာပဲ။ မခံချင်ဘူးကွာ"

"တို့ တခြားနေရာ ရောက်နေသလား မနေဘူးလား ဆိုတာတော့ မသိဘူးကွ၊ ဒါပေမဲ့ တို့ဟာ တို့စီးလာတဲ့ သင်္ဘောထဲက အခန်းထဲမှာပါပဲကွ"

"အင်း ဘုရားသခင်ကို ကျေးဇူးတင်လိုက်တာကွာ။ ကိုင်း . . . ဇက်စတင်ကို တို့သွားရှာကြရအောင်၊ သူ ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းရတာပဲ"

ထိုအခါ ဇက်စတင်၏ အခန်းဘက်မှ အသံသြကြီးကို ကျွန်ုပ်တို့ ကြားလိုက်ရ၏။

"ဟေ့ကောင် ဇစ်ကလီ . . . မင်းဟာ အပြောတခြား အလုပ်တခြား လုပ်တဲ့အကောင်ပဲ၊ မင်းမယုံကြည်တဲ့ ဘုရားသခင်ကိုပဲ အခုတော့ ကျေးဇူးတင်သလေး ဘာလေး ပြောနေရုံမကသေးဘူး ဘုရားသခင်ရဲ့တပည့် ငါ့အတွက်ကိုတောင် ဆုတောင်းနေရသေးတယ် တယ်ဟုတ်တဲ့ကောင်ကွာ"

ဇစ်ကလီမှာ မည်သို့မျှ ပြန်၍ မချေပနိုင်ဘဲ မျက်နှာသေကလေးနှင့် ဖြစ်နေရှာ၏။ တံခါးမှာ ညပ်၍နေသဖြင့် ရုတ်တရက် ကျွန်ုပ်တို့ ဖွင့်၍မရနိုင်အောင် ရှိနေ၏။ ဇက်စတင်မှာ ကျွန်ုပ်တို့ထားခဲ့သည့်အတိုင်း သူ၏ ကြီးမားသော ကိုယ်ကြီးမှာ မျက်နှာသုတ်ပုဝါကြီးတွင် တွဲရရွဲချည်လျက်သား ဖြစ်နေရာ မျက်နှာတွင် ဖြူဖတ်ဖြူလျော်ဖြစ်နေသည်မှအပ ကောင်းမွန်စွာ ရှိနေသည်ကို ဝမ်းမြောက်စွာ တွေ့ကြရ၏။ ဇစ်ကလီသည် သူ့ဆီသို့ အပြေးအလွှား သွားရောက်ကာ စမ်းသပ်ကြည့်ရှုပြီးနောက် "သူ ဘာမှမကျိုးပဲ့ပါဘူး၊ အားလုံးကောင်းပါတယ်" ဟု ပြောလိုက်လေသည်။

"ဟေ့ကောင် ဇစ်ကလီ . . . မင်းသာ အခုလို ရာသီဥတု ဆိုးရွားတဲ့ အထဲမှာ ငါ့လို ကိုယ်သုတ်ပုဝါကြီးနဲ့ အချိတ်ခံနေရရင် မင်း ဒီလိုပြောမှာ မဟုတ်ဘူးကွ၊ ငါ့မှာ အတွင်းကြေ ကြေနေပြီ၊ နေပါဦး . . . ငါ့ကို ဖြေပေးကြစမ်းပါဦး"

"မင်း အခု တစ်ခုခုစားဖို့လိုနေတယ်၊ ကဲ . . . ဒီတော့ ဒါကို သောက်လိုက်ဦး၊ လိုနေတာက တစ်ခုခုစားဖို့ပဲ၊ မစားခင် ဒီဟာကို သောက်လိုက်"

သို့ပြောပြီးနောက် ဇစ်ကလီသည် ပြောပြောဆိုဆို ဝီစကီအကျန်ကို ဇက်စတင်ဘက်သို့ ထိုးပေးလိုက်၏။ ဇက်စတင်သည် ဝီစကီကို အကုန်မော့

ချလိုက်ပြီးနောက် သူ၏မျက်နှာမှာ ရွှင်ရွှင်လန်းလန်း ဖြစ်လာပြီးလျှင် အရက်ကို ဆေးဝါးအဖြစ် မလွှဲသာသဖြင့်သာ သောက်အပ်သည့် တရားများကို တဖျစ်တောက်တောက် ပြောချနေသေး၏။ ထို့နောက် ကျွန်ုပ်တို့လည်း စားသောက်စရာများကို လိုက်လံရှာဖွေကြရာ ဘီစကွတ်မုန့်နှင့် အခြားစားသောက်ဖွယ်များကို တွေ့ရသဖြင့် မြိန်ရှက်စွာ စားသောက်ကြလေသည်။

"အခုလို တို့များ ချမ်းသာရာ ရကြတာ ကပ္ပတိန်ကြီးရဲ့ ကျွမ်းကျင်မှုကြောင့်ပဲ"

သို့ ပြောပြီးနောက် ဗက်စတင်သည် သူ၏မျက်လုံးများကို ပွတ်သပ်ကာ ပတ္တာပြုတ်နေသော တံခါးဆီသို့ လှမ်း၍ ကြည့်လိုက်၏။ တံခါးရွက်မှာ အတော်ပင် ပွင့်လျက်ရှိနေလေပြီ။ တော်မီကလေးမှာ ကြောက်စိတ်ပြေသွားပြီဖြစ်၍ တဂီဂီ တဂိန်ဂိန် အော်ဟစ်မြူးတူးလျက်ရှိနေ၏။

"ထူးဆန်းတော့ ထူးဆန်းတာပဲဟေ့၊ ငါမျက်စိမှောက်နေသလားတော့ မသိဘူး၊ အခုကလေးတင်ပဲ ဟိုကောင်မလေးကို ငါမြင်လိုက်ရတယ် . . .၊ ငါကျိန်ပြောရဲပါတယ်ကွာ၊ ဟိုဓာတ်ပုံထဲက ကောင်မလေးပဲကွ။ သူက တံခါးကြားက ချောင်းကြည့်နေတယ်လေ . . . ဟိုကောင်မလေးပေါ့ကွာ သူ့ကိုယ်ပေါ်မှာ ပန်းတွေကို မလုံ့တလုံ ဖုံးထားတဲ့ စာအုပ်မျက်နှာဖုံးက ဓာတ်ပုံပေါ့။ သူ့ပုံပါတဲ့ မဟုတ်တမ်းတရားစာအုပ်ကြောင့် တို့တစ်တွေ ဒီဗရုတ်သုကၡခရီးကြီးကို ထွက်လာခဲ့ရတယ်မဟုတ်လား"

"အဝတ်အစား လုံလုံလဲလဲကလေး ဝတ်ထားရင်တော့ လာချင်လာပါစေကွာ ငါဂရုမစိုက်ပါဘူး၊ လှလှပပမှ ငါက ကြည့်ချင်တာ"

သို့ရှိစဉ် တံခါး၏ အခြားဘက်မှ မတိုးမကျယ် ပြောဆိုလျက်ရှိသော မိန်းမသံများကို ကြားရလေရာ တော်မီသည် ထိုနေရာဆီသို့ ဟောင်လျက်ရှိလေသည်။ ဗစ်ကလီက သွား၍ကြည့်ရန် ဟန်ပြင်လိုက်သည်နှင့် ကျွန်ုပ်က

"ဟေ့ သတိထားကွ၊ မိန်းမရှိရင် ယောကျ်ားလည်း ရှိနိုင်တယ်၊ တစ်ခုခုဖြစ်လာရင် တို့တစ်တွေ အသင့်ပြင်ထားရအောင်"

ဟု သူ့အား ဟန့်တားလိုက်ရ၏။

သို့နှင့် ကျွန်ုပ်တို့သည် သေနတ်ကိုယ်စီကိုင်ကာ ဗက်စတင်က ကျမ်းစာအုပ်ကြီးကိုကိုင်လျက် သုံးဦးသားတို့သည် တံခါးဆီသို့ လာကြပြီးလျှင် တံခါးကို ဆွဲ၍ဖွင့်လိုက်၏။ အခြားဘက်၌ကား ပန်းများကို ဝတ်ဆင်ထားသည့် မိန်းကလေးတစ်သိုက်မှာ ကျွန်ုပ်တို့ ပထမအသံကြားသည့်နေရာမှ ထွက်ပြေးသွားသည်ကို မြင်လိုက်ရ၏။ သူတို့သည် ကမ်းစပ်မှ သဲပြင်ကိုဖြတ်ကာ တုတ်များကိုင်ဆောင်ထားသည့် ယောကျ်ားများရှိရာသို့ ပြေးသွားကြလေသည်။

သို့နှင့် ကျွန်ုပ်လည်း သူတို့ ကြောက်လန့်သွားစေရန် သေနတ်ကို နှစ်ချက် ဆင့်၍ ဖောက်လိုက်ရာ ယောကျ်ား မိန်းမများပါ သစ်ပင်ချုံပုတ်များအတွင်း သို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားကြလေသည်။

"သူတို့ကြည့်ရတာ လူဖြူတွေနဲ့ အတွေ့အကြုံရှိကြဟန် မတူပါဘူး၊ သာသနာပြုတွေတောင် ခြေမချဖူးတဲ့ဒေသကို တို့ရောက်လာကြသလား မသိဘူး"

ဟု ဗစ်ကလီက ပြောလိုက်ရာ ဗက်စတင်က . . .

"အေး . . . ဒီလိုဆိုရင်လည်း ကောင်းတာပဲဟေ့၊ ဒါမှ ငါ့အတွက် သာသနာပြုဖို့ အခွင့်အရေးရမှာပေါ့"

ကျွန်ုပ်တို့သည် အခြေအနေကို အကဲခတ်လျက်ရှိရာ ကျွန်ုပ်တို့ ရွက် သင်္ဘောကြီး၏ ပဲ့ပိုင်းမှာ လုံးဝမရှိတော့ဘဲ သင်္ဘောကို အလယ်မှ တိတိရိရိ ဖြတ်ပစ်လိုက်သကဲ့သို့ ရှိတော့၏။ ကျွန်ုပ်တို့ ရောက်ရှိနေသောနေရာမှာ ပင် လယ်နှင့် မိုင်တစ်စိတ်ခန့်မျှ ဝေး၍ လှိုင်းများ ပုတ်ခတ်လျက်ရှိသော ပင်လယ် ကမ်းစပ်ကို မြင်ရ၏။ ကျွန်ုပ်တို့၏ နောက်ဘက်တွင် ကမ်းပါးကြီးရှိ၍ ကမ်း ပါးမှာ ချောက်ကမ်းပါးကြီးနှင့်တူသော်လည်း အပေါ်ယံမြေများ ဖုံးနေသဖြင့် သစ်ပင်များ ပေါက်လျက်ရှိလေသည်။ ကျွန်ုပ်တို့သင်္ဘောမှာ ထိုကမ်းပါးကြီး ကို ဦးတိုက်လျက် ရပ်တည်နေ၏။

ထိုအခါ ကျွန်ုပ်က . . .

"ကဲ . . . ဘာဖြစ်သလဲဆိုတာ သိကြပြီမဟုတ်လား၊ ဒီလှိုင်းက တို့သင်္ဘောကို ဒီနေရာရောက်အောင် တွန်းပို့ပြီး ရေဟာပြန်ကျသွားတယ်"

"ဟုတ်တာပေါ့"

ဟု ပြောကာ ဗစ်ကလီသည် ကမ်းစပ်တွင် ကျိုးပြတ်နေသော ထန်း ပင်၊ အုန်းပင်များကိုလည်းကောင်း၊ အစုလိုက် အပုံလိုက်ဖြစ်နေသည့် ချုံပုတ် နှင့် ပင်လယ်မှော်များကိုလည်းကောင်း လက်ညှိုးထိုး၍ပြလိုက်၏။ အနီးတစ် ဝိုက်တွင် သေနေသည့် ငါးများကို တွေ့ရသေးသည်။

ဗက်စတင်သည် သမ္မာကျမ်းစာအုပ်ကို ကြည့်ရာမှ ပတ်ဝန်းကျင် ကို ကြည့်ကာ . . .

"တို့ကပ္ပတိန်ကြီးနဲ့ သင်္ဘောသားတွေတော့ တစ်ယောက်တလေ တောင် မတွေ့ရတော့ဘူးဟေ့၊ သူတို့အားလုံး ရေနစ်သေကုန်ကြပြီဆိုရင်လည်း ကမ္ဘာလောကကြီးမှာ သူတို့အသုံးဝင်မယ့်အချိန်ဟာ ကုန်သွားကြလို့ ဖြစ်မှာပဲ"

"ကိုင်း . . . တို့တစ်တွေ အောက်ဆင်းပြီး အခြေအနေကို ကြည့်ကြ ရအောင်"

ကျွန်ုပ်က ဤသို့ပြောလိုက်သဖြင့် ကျွန်ုပ်တို့သည် ကျန်ရှိနေသေးသော သင်္ဘောရှေ့ပိုင်းပေါ်မှ အောက်သို့ ဆင်းခဲ့ကြရာ သောင်ပြင်သို့ရောက်လျှင် တော်မီမှာ ပျော်ရွှင်စွာ ခုန်ပေါက်ပြေးလွှားလျက်ရှိနေ၏။ ကျွန်ုပ်တို့သည် ခြေလမ်းကလေးတစ်ခုကို ရုတ်တရက် သွား၍တွေ့ရလေရာ လမ်းကလေးမှာ ကမ်းပါးပေါ်သို့ ထောင့်တန်းတက်သွားလေသည်။ ကမ်းပါးမှာ အမြင့်အား ဖြင့် ပေ ၅၀၊ ၆၀ ထက် မပိုချေ။ ဤနေရာသည် တစ်ချိန်က ကုန်းမြေသော်လည်းကောင်း၊ ရေအိုင်၏ ကမ်းစပ်သော်လည်းကောင်း ဖြစ်ခဲ့ဖူးလိမ့်မည်ဟု ယူဆရ၏။

ကျွန်ုပ်တို့လည်း လမ်းကလေးပေါ်တွင် လူခြေရာ အတော်များ တွေ့ရသဖြင့် ထိုလမ်းကလေးအတိုင်း တက်၍လာကြရာ ကမ်းပါးထိပ်သို့ အရောက်တွင် ပတ်ဝန်းကျင်ကို ကြည့်ရှုလျက်ရှိကြလေသည်။ နံနက်ခင်း နေကလေးမှာ သာတောင့်သာယာရှိလှသဖြင့် ကျွန်ုပ်တို့လည်း နေပူလှုံသကဲ့သို့ ဖြစ်နေသေး၏။ ကောင်းကင်မှာ ကြည်လင်သာယာလျက်ရှိနေ၏။ ကျွန်ုပ်တို့ သင်္ဘောအား ပျက်စီးစေသည့် မုန်တိုင်းကြီးကား လွင့်စင်ပျောက်ကွယ်သွား ခဲ့လေပြီ။

လွင်ပြင်၏ အောက်ဘက်တွင် စမ်းချောင်းကလေးတစ်ခု စီးဆင်းနေသည်ကို တွေ့ရသဖြင့် တော်မီသည် စမ်းချောင်းမှ ရေများကို အငမ်းမရ သွားရောက်သောက်လျက်ရှိရာ၊ ကျွန်ုပ်တို့လည်း တော်မီကဲ့သို့ပင် စမ်းချောင်းမှ ရေများကို အားပါးတရ သောက်သုံးလျက်ရှိကြတော့၏။ လွင်ပြင်၏ ဝဲယာတစ်ဖက်တစ်ချက်တွင် ချုံနွယ်ပိတ်ပေါင်းများဖြင့် ပြည့်လျက်ရှိနေ၏။ ထိုကုန်းပြင်၌ကား ထန်းပင်၊ အုန်းပင် အမြောက်အမြား ပေါက်ရောက်လျက်ရှိလေသည်။ သို့သော် ယင်းတို့မှာ မုန်တိုင်းဒဏ်ကြောင့် အတော်များ ကျိုးပဲ့ ပြတ်ထွက်လျက်ရှိကြ၏။

ကုန်း၏ အတွင်းပိုင်းကို မျှော်ကြည့်လိုက်သောအခါ မြေပြင်သည် ရေအိုင်ကြီးတစ်ခုရှိရာသို့ အရောက် မိုင်အတော်ဝေး တဖြည်းဖြည်း နိမ့်ကျလျှောဆင်းသွားသည်ကို တွေ့ရ၏။ ရေအိုင်ကြီး၏အလယ်တွင် တောင်ထွတ်တစ်ခုကဲ့သို့ ခပ်ညိုညိုအရောင်ရှိသည့် တောင်ထွတ်ကို မြင်ရပြီးလျှင် တောင်ထွတ်၏ အစွန်းဘက်တွင်မူ ဤမျှလောက်ဝေးသည့်နေရာမှ အကဲခတ်ရခြင်းအားဖြင့် ပြိုကျပျက်စီးနေသည့် အဆောက်အဦပျက်ကြီးကဲ့သို့ သဏ္ဍာန်တစ်ခုကို တွေ့မြင်ကြရလေသည်။

"အတော်တော့ စိတ်ဝင်စားစရာ ကောင်းတာပဲနော် . . . ကဲ ဒီတော့ မင်း ဘယ်လိုထင်သလဲ ဇစ်ကလီ"

"အသေအချာတော့ မသိဘူး၊ အမြင်နဲ့ ပြောရမယ်ဆိုရင်တော့ တို့များဟာ အခု မီးသေတောင်ကြီးတစ်ခုရဲ့ နှုတ်ခမ်းဝမှာ ရပ်နေကြတယ်ထင်တာပဲ ကြည့်ပါလား . . . နှုတ်ခမ်းဟာ တောင်နဲ့မြောက်ကို ကွေ့ဟိုက်သွားနေတယ်။ နောက်ပြီး မြေပြင်က အိုင်ကြီးအထိ နိမ့်ဆင်းနေတယ်မဟုတ်လား"

ကျွန်ုပ်က ဦးခေါင်းကို ငြိမ့်ပြလိုက်၏။

"ဒီလှိုင်းကြီးက ကမ်းပါးပေါ်အထိ တက်မလာတာပဲ ကံကောင်းတယ်၊ မဟုတ်ရင်တော့ ဒီကလူတွေ အားလုံး ရေနစ် သေကုန်ကြမှာ . . . ဒီလူတွေက အခု ဘယ်ရောက်သွားကြပါလိမ့်"

ထိုအခါ ဗက်စတင်သည် ကိုက်အတော်ဝေးသည့် နေရာမှ ချုံပုတ်တစ်ခုကို ညွှန်ပြလိုက်ရာ၊ ညိုသော အသားရောင်ရှိသည့် လူများ ထွက်လာကြသည်ကို မြင်လိုက်ရ၏။ သို့နှင့် ကျွန်ုပ်တို့ လာခဲ့သည့် လမ်းအတိုင်း လမ်းထိပ်သို့ ရောက်အောင် ပြန်၍သွားရလျှင် ကောင်းမည်ထင်ကြောင်း၊ သို့မှသာ အရေးကြုံက နောက်သို့ ပြန်ဆုတ်နိုင်မည်ဖြစ်ကြောင်း၊ ထိုနေရာမှနေ၍ အခြေအနေကို စောင့်ကြည့်ရန်အကြောင်း ကျွန်ုပ်က အကြံပေးသဖြင့် ကျွန်ုပ်တို့လည်း လမ်းထိပ်သို့ရောက်အောင် ပြန်လာခဲ့ကြ၏။ ထိုအချိန်၌ ခပ်ညို ညိုအသားရောင်ရှိသော လူများသည် လွင်ပြင်ထက်သို့ တက်လာကြရာ၊ ယောကျ်ားရော မိန်းမများပါ ပါရှိ၍ အရည်အတွက်အားဖြင့် ရာပေါင်းများစွာ ရှိလိမ့်မည်ဟု ခန့်မှန်းရ၏။

မိန်းမများမှာ ခါးတွင် လန်ကွတ်တီများ ဖုံးအုပ်လျက်၊ အခြားနေရာများတွင် ပန်းပွင့်များမှတစ်ပါး၊ အဝတ်အစားဟူ၍ မရှိချေ။ ကလေးသူငယ်များလည်း အတော်များပါပြီးလျှင် ၎င်းတို့မှာလည်း ကိုယ်လုံးတီးကလေးများသာ ဖြစ်ကြ၏။

ထိုလူများကြားတွင် အရပ်အမောင်းကောင်းသည့် လူကြီးတစ်ယောက်ပါရှိရာ၊ ၎င်းမှာ ငှက်မွေးတောင်များဖြင့် လုပ်ထားသည်ဟု ယူဆရသော ခံ့ညားသည့် ဝတ်ရုံကြီးကို ခြုံထား၏။ သူ့အား ဝိုင်းရံလျက် လူအချို့လိုက်ပါလာရာ၊ ၎င်းတို့မှာ ကြောက်မက်ဖွယ်ကောင်းသည့် မျက်နှာဖုံးစွပ်ကြီးများကို စွပ်ထားကြပြီးလျှင် ငှက်မွေးတောင်များ စိုက်ထားသော ခြင်းတောင်းသဏ္ဍာန် ဦးထုပ်ကြီးများကို ဆောင်းထားကြ၏။

ထိုအခါ ဗစ်ကလီက . . .

"အင်း . . . ဘုရင်လား စော်ဘွားလားပဲ၊ သူ့နံဘေးကို ဝိုင်းပြီးလာတဲ့သူတွေက ပုဏ္ဏားတွေပဲလား၊ ဒါမှမဟုတ် ဆေးဆရာတွေပဲလား မပြောတတ်ဘူး၊ ဟန်ကျလိုက်လေကွာ"

ဗက်စတင်ကမူ သူသာသနာပြုရမည့်လူများဟု သဘောထားကာ အားပါးတရ ကြည့်ရှုလျက်ရှိနေ၏။

သူတို့သည် သတိအနေအထားဖြင့် ရှေ့သို့ တိုး၍လာကြရာ၊ ၎င်းတို့နောက်မှ မိန်းမငယ်များသည် စားသောက်ဖွယ်များပါသည့် လင်ပန်းများကို ကိုင်ဆောင်လာကြသဖြင့် ကျွန်ုပ်တို့မှာ ဝမ်းမြောက်ရတော့မည်ကဲ့သို့ ရှိနေတော့၏။

ထိုအခါ ကျွန်ုပ်က . . .

"ပုံပန်းကြည့်ရတာကတော့ ဝမ်းသာစရာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ရန်မူဖို့ လာကြရင် စားစရာတွေ ယူလာမယ်မဟုတ်ဘူး"

ဟု ပြောလိုက်ရာ ဗစ်ကလီက . . .

"အစာထဲမှာ အဆိပ်ခတ်ထားနိုင်တယ်ကွ"

ဟု သံသယမကင်းသည့် ဟန်ဖြင့် ပြောလိုက်လေသည်။

လူများသည် ရှေ့သို့ တက်လာကြရာ၊ ကျွန်ုပ်တို့ကလည်း ရဲရင့်ကြံ့ခိုင်သည့် အမူအရာကို တတ်နိုင်သမျှဆောင်ကာ၊ အရပ်အမြင့်ဆုံးဖြစ်သော ကျွန်ုပ်က အလယ်မှနေ၍ မတ်တတ်ရပ်လျက် ရှိ၏။ ၂၅ ကိုက်ခန့် ဝေးသည့်နေရာသို့ ရောက်ကြသောအခါ တော်မီသည် မျက်နှာဖုံးစွပ် ပုဏ္ဏားများဆီသို့ ပြေးသွားကာ တဝုတ်ဝုတ် ဟောင်လျက်ရှိနေ၏။

သူတို့သည် ခွေးကို မြင်ဖူးကြဟန်မတူဘဲ၊ အလွန်ကြောက်ရွံ့ပြီး လျှင်ကစဥ့်ကလျားဖြစ်ကာ နောက်သို့ ဆုတ်ပြေးကြ၏။ တော်မီသည် အနီးဆုံးလူတစ်ယောက်၏ ခြေထောက်ကို မိသွားသဖြင့် ကိုက်လိုက်သေး၏။ သို့နှင့် ကျွန်ုပ်လည်း တော်မီအား ပြန်ခေါ်ပြီးလျှင် လက်ထဲတွင် ပွေ့၍ ထားလိုက်ရ၏။ ထိုအခါမှ သူတို့လည်း အကြောက်ပြေကာ ပြန်၍လာကြလေသည်။

ကျွန်ုပ်တို့၏အနီးသို့ ရောက်သောအခါမှ ၎င်းတို့မှာ အရပ်အမောင်းကောင်း၍ အချိုးအစားကျပြီးလျှင် ပြေပြစ်သူများဖြစ်ကြောင်း သတိပြုမိ၏။ ၎င်းတို့သည် ကပ္ပလီ (နီဂရိုး) လူမျိုးများနှင့် လုံးဝမတူချေ။ အချို့မိန်းမများမှာ ချောမောလှပသည်ဟုပင် ဆိုနိုင်လောက်၏။ ငှက်မွေးတောင်များ ဝတ်ဆင်ထားသော အကြီးအကဲ လူကြီးမှာမူ လည်ကုပ်မှ ပခုံးအထိ အဖုကြီးတစ်လုံးတွဲကျနေသဖြင့် ရုပ်ပျက်ဆင်းပျက်ပင် ဖြစ်နေတော့၏။ အဖုကြီးတွင် ခပ်သေးသေး အတံကလေးများ ထိုးထွက်လျက်ရှိ၏။ ဗစ်ကလီကမူ "ဒီအဖုကြီးကို ကျွန်ုပ် ပျောက်အောင် ကုပေးမယ်ဗျာ" ဟုပင် ပြောလိုက်သေး၏။

မိန်းကလေးနှစ်ယောက်သည် အစားအစာများပါသော လင်ပန်းများကို ကိုင်ကာ ရှေ့သို့ တိုးလာပြီးလျှင် ကျွန်ုပ်တို့ ရှေ့သို့ရောက်သောအခါ ဒူး

ထောက်လိုက်ပြီးနောက် လင်ပန်းများကို ရှိသေစွာ ကမ်းလေသည်။ လင်ပန်းတစ်ချပ်တွင် ဝက်သားကင်နှင့်တူသော အရာများပါ၍၊ အခြားတစ်ချပ်တွင် ငှက်ပျောသီးနှင့် သစ်တော်သီးသဏ္ဌာန် အသီးများ ပါရှိလေသည်။ ဗစ်ကလီက သူ၏ဝမ်းဗိုက်ကို ပွတ်သပ်ကာ သူ၏ကိုယ်ကို တွန့်လိမ်၍ ပြလျက်ရှိရာ၊ ထိုလူများမှာ အကင်းပါးသူများဖြစ်ကြသည့်အတိုင်း လူတစ်ယောက်က တစ်စုံတစ်ရာပြောလိုက်သည်တွင် မိန်းကလေးများသည် လင်ပန်းများကို ပြန်၍ ယူသွားကြ၏။ ထိုလူများသည် လင်ပန်းထဲမှ အစားအစာများကို နှိုက်၍စားပြကြ၏။ အစားအစာများတွင် အဆိပ်ခတ်မထားကြောင်း ပြလိုက်ခြင်းပင် ဖြစ်လေသည်။ ထို့နောက်မှ မိန်းကလေးနှစ်ယောက်သည် လင်ပန်းများကို ကျွန်ုပ်တို့ထံ ပြန်၍ ယူလာကြပြန်ရာ ကျွန်ုပ်က ဗစ်ကလီအား ပထမ စားစေ၏။ ထို့နောက်မှ ကျွန်ုပ်တို့က စားကြရာ အစားအစာများမှာ အနံ့အရသာနှင့် ပြည့်စုံလှပေ၏။ ဗစ်ကလီသည် ဆရာဝန်တစ်ယောက်ဖြစ်သည့်အတိုင်း အကယ်၍ သူအဆိပ်သင့်လျှင် သူ၏တာဝန်သာ ဖြစ်စေမည့် သဘောပင် ဖြစ်လေသည်။

တစ်ခဏမျှ ငြိမ်သက်စွာ ရှိနေကြပြီးနောက် ဗက်စတင်သည် သူကိုယ်တိုင် ကြိုးစားပမ်းစား သင်ခဲ့ရသည့် ပိုလီနီးရှင်း ဘာသာစကားဖြင့် ...

"ဒီနေရာကို ဘယ်လိုခေါ်သလဲ"

ဟု မေးလိုက်၏။

လူများသည် ပထမ နားမလည်သည့်ဟန်ဖြင့် ဦးခေါင်းများကို ခါယမ်းလျက်ရှိရာ ဗက်စတင်သည် စကားလုံးအသံထွက်များကို လေးနက်ပီသစွာ တစ်ကြိမ်ထပ်၍ မေးသောအခါမှ လူတစ်ယောက်က . . .

"အိုရိုဖီးနား"

ဟု ပြန်ပြောလိုက်၏။

"ဒီစကားရဲ့ အဓိပ္ပာယ်ကတော့ တောင်ကုန်း သို့မဟုတ် ကျွန်း၊ သို့မဟုတ် ကျွန်းပေါ်က တောင်ကုန်းလို့ အဓိပ္ပာယ်ရတယ်"

ဟု ဗစ်ကလီက ကျွန်ုပ်အား တီးတိုးပြောလိုက်၏။

ဗက်စတင်က ဆက်လက်၍ . . .

"သင်တို့ဘုရားက ဘယ်သူလဲ"

ဟု မေးပြန်လေသည်။ လူများသည် ဇဝေဇဝါဖြစ်နေကြဟန်တူ၏။ သို့သော် ချက်ချင်းလိုပင် အကြီးအကဲ လူကြီးဖြစ်သူ ကိုယ်တိုင်က . . .

"အိုရိုပါ . . . စစ်တိုက်တဲ့ဘုရားပါ"

ဟု အဖြေပေးလေသည်။ ထိုအခါ ဗစ်ကလီက . . .

"သူပြောလိုတာက အင်္ဂါဂြိုဟ်ကို ပြောတာ"

ဟု အဓိပ္ပာယ်ပြန်၏။

"သင်တို့ကို ဒီ့ထက်ကောင်းတဲ့ ဘုရားပေးမယ်"

ဟု ဇက်စတင်က ထပ်မံပြောလိုက်ရာ လူများသည် ဇက်စတင်ကိုယ်တိုင် ဘုရားဖြစ်နေသည့်အနေဖြင့် ပြောသည်ဟု ထင်မှတ်သဖြင့် မျက်နှာဖုံးစွပ်ဖြင့် ခြင်းတောင်းဦးထုပ်ဆောင်းထားသူများထဲမှ အကြီးအကဲနှင့်တူသူက

"ခင်ဗျား အဲဒီလို လုပ်ကြည့်ရင် အိုရိုက ခင်ဗျားကို စားပစ်လိမ့်မယ်"

ဟု ပြောလိုက်၏။ ထိုအခါ ဇစ်ကလီသည် ကျွန်ုပ်အား တထောင်ဖြင့် တွတ်ပြီးနောက် . . .

"ဒီလူက ပုဏ္ဏားပုရောဟိတ်ခေါင်းဆောင်နဲ့တူတယ် ဇက်စတင်ဟာ သတိထားနေဖို့ကောင်းတယ်၊ နို့မဟုတ်ရင်တော့ ဒီအကောင်ကြီးက ကိုက်သတ်ပြီး သူတို့ဘုရားအိုရိုက လုပ်တာပါလို့ ပြောလိမ့်မယ်"

တစ်ခဏမျှ ငြိမ်သက်စွာ ကြည့်နေကြပြီးနောက် ငှက်မွေးတောင်ဝတ်ရုံကြီးကို ဆင်မြန်းထားသော လည်ကုပ်မှ အဖုကြီးထွက်နေသူက . . .

"ကျွန်ုပ်နာမည်က မာရာမားလို့ ခေါ်တယ်၊ ကျွန်ုပ်က အိုရိုဖီးနားကျွန်းရဲ့ အကြီးအကဲဖြစ်တယ်၊ သင်တို့တစ်တွေဟာ လူသားဆိုရင်တော့ သင်တို့လို လူသားမျိုး ကျွန်ုပ် တစ်ခါမှ မတွေ့ဖူးဘူး၊ ဘာကိစ္စနဲ့ သင်တို့ ဒီကို ရောက်လာကြသလဲ၊ ပြီးတော့ အသံမြည်ပြီး ကိုက်လည်းကိုက်တဲ့ သတ္တဝါကို ဘာဖြစ်လို့ ယူလာကြတာလဲ"

ဟု မေးလေသည်။

ကျွန်ုပ်က တွေဝေစဉ်းစားလျက်ရှိစဉ် ဇစ်ကလီသည် ကျွန်ုပ်အား စကားပြောလိုဟန်ပြုလိုက်သဖြင့် ကျွန်ုပ်က သူ့အား တစ်စုံတစ်ရာ တီးတိုးပြောလိုက်ရ၏။

သို့နှင့် ဇစ်ကလီက . . .

"ကျွန်ုပ်တို့ အခု ဒီကိုရောက်လာတာဟာ လေနဲ့ ပင်လယ်စောင့်နတ်များက ပို့ဆောင်လို့ ရောက်လာရတာပဲ"

ဟု အဖြေပေးလိုက်၏။

ဇက်စတင်ကမူ ပင်လယ်စောင့်နတ်မရှိကြောင်းဖြင့် အရေးထဲတွင် ငြင်းခုန်နေသဖြင့် . . .

"ဟော့ကောင် . . . မင်းပါးစပ်ကြီး ပိတ်ထားလိုက်စမ်း"

ဟု ကျွန်ုပ်က ဝင်၍ ဟန့်တားလိုက်ရ၏။

သို့ရှိစဉ် အကြီးအကဲဖြစ်သူ မာရာမားက . . .

"သင်တို့ လာကြလိမ့်မယ်ဆိုတာကို ကျွန်ုပ်တို့ သိထားကြပါတယ်၊ ကျွန်ုပ်တို့ရဲ့ ဆေးဆရာတွေက လွန်ခဲ့တဲ့ တစ်လလောက်ကစပြီး ပြောထားကြတယ်၊ သို့သော် ဒီ့ထက်ပိုပြီး ညင်ညင်သာသာ လာကြရင် ကောင်းမယ်၊ အခုတော့ ကျုပ်တို့တိုင်းပြည်ဟာ ရေထဲပါသွားတော့မလို ဖြစ်သွားတယ်"

ဗစ်ကလီက ကျွန်ုပ်၏ မျက်နှာကို ကြည့်ပြီးနောက် . . .

"ကျွန်ုပ်တို့ဟာ သင်တို့ကို သနားကြင်နာတဲ့အတွက် မသေအောင်လုပ်ပေးတာကိုပဲ ကျေးဇူးတင်ဖို့ကောင်းတယ်၊ ပြီးတော့ ကျွန်ုပ်တို့ လာရောက်ရခြင်းဟာ သင်၏ လည်ကုပ်မှ အဖုကြီးကို ဖယ်ရှားပစ်ပြီး သင့်အား လှပလာအောင် လုပ်ပေးဖို့နဲ့ သင်၏ နာမကျန်းဖြစ်နေတဲ့လူများကို ကုစားပေးရန် လာရောက်ကြခြင်းဖြစ်တယ်"

"ဤသို့ဆိုလျှင် အဖုအကျိတ်များနှင့် နာဖျားမကျန်း ရှိသူများအား ပျောက်ကင်းအောင် မည်သည့်အချိန် လုပ်ပေးပါမည်လဲ၊ ဤသို့ လုပ်ပေးနိုင်မည်ဆိုပါက သင်တို့အား ကျွန်ုပ်တို့က နတ်များသဖွယ် ကိုးကွယ်ထားပါမည်၊ မယားအများကြီးလည်း ပေးပါမည်"

"မနက်ဖြန်ကစပြီး အဖုအကြိတ်ကို ထုတ်ယူ၍ ဖျားနာသူများအား ကုစားပေးမည်၊ သို့သော် ကျွန်ုပ်တို့အား သင်တို့ရန်မူလျှင် သင်တို့၏တိုင်းပြည်ကို ရေနစ်မြုပ်သွားအောင် လှိုင်းတမ်းပိုးကြီးများကို ခေါ်ယူလိုက်မည်၊ ဤအကြောင်းများကို သိထားကြ"

ဟု ဗစ်ကလီက ခြောက်လုံးလှန့်လုံးများဖြင့် ပြောလိုက်လေသည်။

ကျွန်ုပ်တို့ ပြောလိုက်သည့်အတိုင်း ဆေးဝါးကုသခြင်းကိစ္စကို သူတို့သည် တစ်စုံတစ်ရာ သံသယရှိဟန်မတူချေ။ သို့သော် ခြင်းကြားဦးထုပ်ကို ဆောင်းထားသူ အကင်းပါးဟန်တူသော လူတစ်ယောက်က . . .

"သင်တို့သည် သမုဒ္ဒရာကြီးကို စိုးမိုးနိုင်လျှင် ဘယ်အတွက်ကြောင့် လှေကောင်းဖြင့် မလာကြဘဲ တစ်ဝက်တပျက်သော လှေဖြင့် လာကြသလဲ"

ဤတွင် ဗစ်ကလီက . . .

"နတ်များသည် ၎င်းတို့ ဘုန်းတန်ခိုးကို ပြရန်အတွက် တစ်ဝက်တပျက်သော လှေဖြင့် သွားလာလေ့ရှိ၏"

ဟု ပြန်ပြောလိုက်၏။

ဤအဖြေကို အားလုံး သဘောကျသွားဟန်တူ၏။ ထို့နောက် ကျွန်ုပ်တို့သည် အမောအပန်းဖြေ၍ နားနေချင်ပြီဖြစ်ကြောင်း၊ သူတို့အား နောင်အခါမှ ထပ်မံ တွေ့ဆုံဦးမည်ဖြစ်ကြောင်း၊ ထိုအချိန်အတွင်း ကျွန်ုပ်တို့အတွက် အိမ်တစ်လုံး ဆောက်ပေးပြီးလျှင် ကျွန်ုပ်တို့အတွက် အစားအစာများကိုလည်း

ပြည့်ပြည့်ဝဝ ယူလာပေးရန်အကြောင်း ကျွန်ုပ်က ဖြည့်စွက်ပြောလိုက်လေသည်။

ထိုအခါ ၎င်းတို့အထဲမှ ပါးနပ်ဟန်တူသော လူတစ်ယောက်က ...

"နတ်ဆိုသည်မှာ အစားအစာများ စားပါသလား"

ဟု မေးလိုက်ရာ ကျွန်ုပ်က ဗစ်ကလီအား . . .

"ဒီအကောင်က ပြုပြင်ရေးသမားနဲ့တူတယ်၊ အိုရိုဖီးနားကို ရောက်လာရင် နတ်တွေလည်း အစားအစာကို စားတယ်လို့ ပြောလိုက်ကွာ"

ဟု ပြောလိုက်ရာ ဗစ်ကလီက ကျွန်ုပ်ပြောသည့်အတိုင်း ပြောလိုက်၏။ ထိုအခါ အကြီးအကဲဖြစ်သူက . . .

"တောင့်တင်းလှပသည့် မိန်းကလေးတစ်ယောက်ကို ချက်ပြုတ်၍ ပေးပါမည်၊ နတ်မင်းများ အလိုရှိပါသလား"

ဟု ကျွန်ုပ်တို့အား မေးလေသည်။

ထိုစကားများကို ကြားရသောအခါမှ ထိုလူများသည် လူသားစားလူရိုင်းများဖြစ်ကြောင်း သိရှိရသဖြင့် ဗက်စတင်သည် နံဘေးသို့ ရှောင်ထွက်သွားလေသည်။ သို့နှင့် ကျွန်ုပ်က မိန်းကလေးများကို အသက်ရှင်လျက် တွေ့လိုမြင်လိုကြောင်း၊ မနက်ဖြန်နံနက်တွင် သူတို့နှင့် တွေ့လိုကြောင်း၊ ထိုအချိန်တွင် ကျွန်ုပ်တို့ အဆောက်ခိုင်းထားသော အိမ်လည်း ပြီးစီးနေလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် ပြောလိုက်၏။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် တိုင်းရင်းသားများနှင့် ပထမအကြိမ် တွေ့ဆုံပြီးလျှင် ချောမောစွာ အဆုံးသတ်သွားသဖြင့် မိမိတို့ကိုယ်ကိုပင် မိမိတို့ ချီးကျူးမိကြ၏။

ရွက်သင်္ဘောထက်ပိုင်းကျိုးသို့ ကျွန်ုပ်တို့ ပြန်ရောက်သွား၍ ကျန်ရှိနေသော ပစ္စည်းများကို စာရင်းကောက်ကြရာ ပစ္စည်းအတော်များကိုပင် မပျက်မစီးတွေ့ရ၏။ သင်္ဘောမှာလည်း ခါးလယ်မှ ထက်ပိုင်းပြတ်၍သွားပြီးလျှင် ကျွန်ုပ်တို့ လိုက်ပါလာသောအပိုင်းမှာ သင်္ဘောဦးပိုင်းဖြစ်သဖြင့် ကျန်ရှိနေ၏။

ကျွန်ုပ်တို့၏ ရိက္ခာများနှင့် ပစ္စည်းများမှာလည်း ရှေ့ပိုင်းတွင် ထားရှိသောကြောင့် ၎င်းတို့အားလုံးကို ကောင်းမွန်စွာ ပြန်၍ ရလေသည်။ ယင်းပစ္စည်းများထဲတွင် ဗစ်ကလီ၏ ဆေးဝါးကိရိယာပစ္စည်းများ၊ ဗက်စတင်၏ ဘာသာရေးကျမ်းစာအုပ်များ၊ စည်သွတ်အစားအစာများနှင့် ဟင်းသီးဟင်းရွက်များလည်း ပါဝင်လေသည်။ ခန်းမကြီး၏ အပေါ်ထပ် ကုန်းပတ်ပေါ်တွင် အသက်ကယ်လှေကြီးနှစ်စင်းလည်း ရှိနေသေးရာ၊ ၎င်းတို့အနက် လက်ဝဲဘက်

လေ့မှာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးလျက် ရှိနေသည်ကို တွေ့ရ၏။ သို့သော် လက်ယာဘက်လှေမှာမူ အကောင်းပကတိ ရှိနေပြီးလျှင် ကျွန်ုပ်တို့အတွက် အသုံးချ၍ ရနိုင်သေး၏။

"အင်း အရေးကြုံရင် ပြေးစရာတစ်ခုတော့ ရှိပါသေးရဲ့"

ဟု ကျန်ရှိနေသော အသက်ကယ်လှေကို ကြည့်၍ ကျွန်ုပ်က ပြော လိုက်ရာ ဗက်စတင်က . . .

"အင်း . . . ပြေးမယ်တဲ့။ ဘယ်ကိုများ ပြေးမှာလဲကွ၊ တို့တစ်တွေ ဘယ်ကိုရောက်နေကြမှန်းလည်း မသိဘူး။ မိုင် ၁၀၀၀ အတွင်းမှာ တခြား ကုန်းမြေရှိသေးသလား ဆိုတာလည်း မသိဘူး။ ဘုရားအလိုတော်ရှိသလို ဒီမှာပဲ နေကြပါစို့ကွာ။ ငါ့မှာ အလုပ်လုပ်စရာတွေ အများကြီးရှိသေးတယ်"

ဟု ဝင်၍ ပြောလေသည်။

"ဟေ့ သတိထားပြီး စကားပြောကွ။ မင်းလုပ်မယ့်အလုပ်ကြောင့် တို့တစ်တွေအားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်။ လူရိုင်းတွေရဲ့ ဘာသာရေး မှာ ဝင်ရှုပ်တာ မကောင်းဘူးနော် . . . သဘာဝရဲ့ အရိုင်းအစိုင်းကလေးတွေ ဟာ သာသနာပြုတွေကိုလည်း စားပစ်ကြမှာပဲလို့ ထင်တယ်ကွ"

ဟု ဗစ်ကလီက ပြောလိုက်၏။

"ဟုတ်ပါတယ် ငါလည်း ကြားဖူးတယ်။ ဒီလူတွေဟာ ဝက်တွေကို ကင်သလို ဖုတ်သလိုလုပ်ပြီး လူသားကို စားတတ်ကြတယ် မဟုတ်လား။ ဒါ ပေမဲ့လို့ကွာ ငါ့လို အကောင်စားမျိုးကိုတော့ သူတို့ စားချင်မယ်မထင်ပါ ဘူး"

ဗစ်ကလီသည် ဗက်စတင်၏စကားကို ပြန်၍မပြောလိုသည့် ဟန် ဖြင့် ငါးဖမ်းရန် ထွက်သွားလေသည်။ ဒီလှိုင်းကြီး ကျသွားသောအခါ ကုန်း ပေါ်မှ ရေအိုင်ကလေးအချို့တွင် ငါးများတင်၍ ကျန်ရစ်ခဲ့၏။ ထို့နောက် ကျွန်ုပ် တို့သည် အခြေအနေအရ ရှေ့ကို မည်ကဲ့သို့ စခန်းသွားကြမည့်အကြောင်း တိုင်ပင်ကြ၏။ သင်္ဘော၏ ကျန်ရစ်သောအပိုင်းမှာ မြေပေါ်တွင် တည့်မတ် စွာ ရပ်တည်လျက်ရှိသဖြင့် ကျွန်ုပ်တို့လည်း အခန်းများကို လွယ်ကူစွာ ရှင်း လင်းနိုင်ကြလေသည်။ ထို့ပြင် သင်္ဘောစက်မီးများ ရုတ်တရက် ပျက်က ထွန်း ညှိနိုင်ရန် လက်ဆွဲမီးအိမ်များလည်း ပါရှိသဖြင့်၊ ၎င်းတို့အတွက် စတိုခန်းမှ ရေနံဆီများနှင့်တကွ မီးခြစ်နှင့် ဖယောင်းတိုင်များကို ထုတ်ယူခြင်း၊ တိုက် ခိုက်မည်ဆိုက ကောင်းစွာ ခုခံနိုင်ရန် သေနတ်များကိုလည်း အသင့်ပြင်ဆင် ထားခြင်း စသည်တို့ကို ဆောလျင်စွာ ပြုလုပ်ကြရ၏။ ထို့ပြင် ဗစ်ကလီမှာ လက်သမားအတတ်ကို ကောင်းစွာတတ်သဖြင့် စတိုခန်းတွင် တွေ့ရှိရသည့်

လက်သမားကိရိယာများကို ယူပြီးလျှင် ပျက်စီးနေသော အခန်းတံခါးကြီးကို ပြင်ဆင်လျက်ရှိလေသည်။

ထို့နောက် ဗစ်ကလီက . . .

“သင်းတို့လာဝိုင်းပြီး တိုက်ရင်တောင် ခံနိုင်ရည်ရှိသွားပါပြီကွာ၊ သဘော်ကိုယ်ထည်က သံကြီးဆိုတော့ မီးရှို့ပြီး တို့ထွက်လာအောင် လုပ်လို့ မရဘူး၊ နောက်ပြီးတော့ ဒီတံခါးကြီးကိုလည်း တော်ရုံအင်အားနဲ့ ဖွင့်လို့ မရနိုင်ဘူး၊ လိုအပ်လာရင် ကျားကန်ထားနိုင်သေးတယ်”

ဟု ကျွန်ုပ်တို့အား ပြောသကဲ့သို့ ရေရွတ်လျက်ရှိလေသည်။

ဗက်စတင်က . . .

“နေပါဦးကွ၊ စားစရာလေး ဘာလေး စားကြရအောင်၊ ငါတော့ လက်ဖက်ရည်ဆာတယ်ကွာ”

ဟု ပြောလိုက်ရာ ဗစ်ကလီက . . .

“ဒီလိုဆိုရင် ဘုန်းတော်ကြီးဘုရားက ရေသွားခပ်၊ ငါးတွေကို ဆေးကြောပြီး ကြော်ပေတော့”

ဗက်စတင်က . . .

“လုပ်ပါ့မယ်ကွာ၊ နို့ပေမဲ့ အရင်ကတော့ ငါတစ်ခါမှ မချက်ဖူး ဘူး၊ မကြော်ဖူးဘူး”

ဗစ်ကလီက . . .

“ဩော် နေပါစေတော့ကွာ၊ ရေကိုပဲ သွားဆွဲပြီး ငါးကိုသာ ဆေးကြောပေး၊ ကြော်တာပြုတာ ငါလုပ်ပါ့မယ်”

ကျွန်ုပ်နှင့် ဗက်စတင်သည် သတိဝီရိယထားကာ ရေခပ်ရန် ထွက်လာကြရာ ချောင်းကလေးတစ်ချောင်းကို ကံအားလျော်စွာ တွေ့ရ၍ ရေများမှာ လှပသော ကျောက်ခွက်တစ်ခုအတွင်းသို့ စီးဝင်လျက်ရှိနေသည်ကို တွေ့ရ၏။ မုန်တိုင်းကျသည့်အချိန်မှစ၍ ကျွန်ုပ်တို့မှာ ရေမချိုးဘဲ နေခဲ့ကြရသဖြင့် တစ်ယောက်က ချိုးလျှင် တစ်ယောက်က စောင့်ရင်း တစ်လှည့်စီ ရေချိုးကြရ၏။ အချိန်အတော်ကြာ ရေမချိုးဘဲနေပြီးမှ ရေချိုးရသည့် အရသာမှာ ကောင်းလှတော့၏။ သဘော်သို့ ပြန်ရောက်သောအခါ ဗစ်ကလီမှာ ငါးများကို ကြော်ပြီးပြီဖြစ်၍ စားပွဲကို အသင့်ပြင်ထားသည်ကို တွေ့ရ၏။

ဗစ်ကလီမှာ ကျွန်ုပ်တို့နှင့်အတူ ရေမချိုးရသဖြင့် အခန်းတွင်းသို့ ဝင်ကာ ရေဇလုံတစ်ခုဖြင့် ကိုယ်လက်သုတ်သင်လျက်ရှိရာ ဗက်စတင်ကမူ ရေနွေးအိုးတည်လျက်ရှိနေ၏။ သို့ရှိစဉ် ကျွန်ုပ်လည်း ဒိန်းမတ်လူမျိုး ‘ဂျက်ကော့ဆင်’ ရေးသောစာကို သွား၍ သတိရမိ၏။ ကျွန်ုပ်တို့ သဘော်ကြီးမှာ

ပျက်ပြီးပြီဖြစ်၍ ထိုစာကိုဖတ်ရန် အခါအခွင့်လည်း ရပြီမဟုတ်ပါလော၊ စာတွင် အောက်ပါအတိုင်း ပါရှိလေသည်။

**"လူကြီးမင်းခင်ဗျား . . .**

စက္ကူကို ကျွန်တော်ဆုတ်ဖြဲပစ်လိုက်သည့်ညက ဤသင်္ဘောကို ကျွန်တော် စွန့်ခွာ၍ သွားရသည့်အကြောင်းမှာ နတ်မေးကိရိယာကို စောင့်သောနတ်က ဤစကားများကို ရေးသားလိုက်၍ ဖြစ်ပါသည်။ 'ဆာမိုးဝါး' ကျွန်းမှ ထွက်ခွာလာခဲ့ပြီးနောက် 'စတားအော့(ဖ်)သည်ဆောက်' ရှက်သင်္ဘောကြီးသည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးလိမ့်မည်၊ 'အေ' 'ဘီ' နှင့် 'ဘီ' မှ လွဲပြီး ကျန်လူအားလုံး သေလိမ့်မည်၊ သင်္ဘောမှ ထွက်ခွာသွားလော့၊ သွားလေလော့၊ သင်မမိုက်နှင့်၊ ကျွန်ုပ်တို့စကားကို ယုံ၍ သင်္ဘောကို စွန့်ခွာသွားလျှင် သင် အသက်ချမ်းသာလိမ့်မည်။

**စကော(လ်)**

လူကြီးမင်းခင်ဗျား၊ ကျွန်တော်သည် သူရဲဘောနည်းသူမဟုတ်ပါ။ သို့သော် 'စကော(လ်)အမည်ရှိသော နတ်မှာ မည်သည့်အခါမျှ မလိမ်မညာတတ်ပါ။ အာပီးရားတွင် သင်္ဘောဆိုက်ထားရန် ကပ္ပတိန်အား ကျွန်တော် အရိပ်အမြွက် ပြောပြပါသေးသည်။ သို့သော် အရက်မူးနေသဖြင့် ကျွန်တော်၏စကားကို လက်မခံဘဲ ကျွန်တော့်အား ဆဲဆိုပါသည်။ သို့ဖြစ်၍ ကျွန်တော် ထွက်ပြေးရပါတော့သည်။ ဤသို့ ပြုလုပ်ရသဖြင့် ကျွန်တော် ရှက်လည်းရှက်ပါသည်။ သို့သော် ကျွန်တော် ရေနစ်၍ အသေမခံနိုင်သေးသဖြင့် ပြုလုပ်ရခြင်းဖြစ်ပါသည်။ ကျွန်တော့်မှာ လက်ထပ်မည့် မိန်းကလေးတစ်ယောက်နှင့် ကျွန်တော်ထောက်ပံ့ရမည့် အမေအိုကြီးလည်း ရှိနေပါသေးသည်။ လူကြီးမင်းကတော့ အသက်ချမ်းသာရာ ရပါလိမ့်မည်။ ကျွန်တော့်အပေါ်တွင် အထင်မလွဲရန် တောင်ပန်းပါသည်။

**ဂျေးကော့ ဂျက်ကော့ဆင်"**

"ကျွန်တော် ဆက်၍ပြောလိုသည်မှာ ရှေ့ဖြစ်ရပ်ကို ကြိုတင်သိနိုင်သည့်အတတ်မှာ ကြောက်စရာကောင်းလှပါသည်။ ဤအတတ်ပညာကို ဘယ်သောအခါမျှ မသင်ပါနှင့်ခင်ဗျား"

ဟု စာ၏အောက်တွင် မှတ်ချက်ရေးထား၏။

ဤစာကို ကျွန်ုပ်က ဗက်စတင်နှင့် ဗစ်ကလီတို့အား ပြလိုက်ပြီးလျှင် ၎င်းတို့၏ ထင်မြင်ချက်ကို မေးလိုက်၏။ ထိုအခါ ဗစ်ကလီက . . .

"ဒီဟာက တိုက်ဆိုင်မှုပါ၊ ဒီအကောင်က စိတ်ထားညံ့တဲ့ လူဖျင်းပဲ၊ ဆာမိုးဝါးမှာရှိတုန်းက မုန်တိုင်းကျလိမ့်မယ်လို့ သူတို့ ခန့်မှန်းကြတယ် မဟုတ်လား"

ဟု ပြောရာ ဗက်စတင်က . . .

"မကောင်းတဲ့ အကောင်များဟာ သူတို့ကိုယ်သူတို့ ဘယ်လိုစောင့်ရှောက်ရမယ်ဆိုတာ သိတတ်ကြတယ်၊ အင်း . . . ခဏတော့ ချမ်းသာရာရမှာပေါ့လေ၊ သူ့အတွက် ရေနစ်သေတာက ပိုကောင်းလိမ့်လို့ ငါတော့ ထင်တယ်"

ဟု ပြောသဖြင့် ကျွန်ုပ်က . . .

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီအကောင်ဟာ တာဝန်ဝတ္တရားကို ပစ်သွားတဲ့အကောင်၊ ဒီလိုအကောင်စားမျိုးအကြောင်း နောက်ထပ် ငါမကြားချင်ဘူးကွာ"

ဟု စကားပြတ်အောင် ကြားဖြတ်၍ ပြောလိုက်၏။

အမှန်ဆိုလျှင်လည်း သူ့အကြောင်းကို နောက်ထပ် ကျွန်ုပ်တို့ မကြားရတော့ချေ။

[ ၇ ]

## ဒို့ရှိုစီးနွားတိုင်းရင်းသားများ

ထိုညဥ့်က ကျွန်ုပ်တို့သည် ငါးကြော်၊ စည်သွတ်အစားအစာများဖြင့် ညစာကို ဟန်ကျပန်ကျ စားသောက်ကြရ၏။ သို့ စားသောက်ရသည်ကိုပင် ကျွန်ုပ်မှာ ရှက်မိသေး၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့က ဤသို့ စား သောက်နေစဉ် ကျွန်ုပ်တို့အဖော်ဖြစ်ကြသည့် သဘော်သားများမှာ ငါးမန်းကြီး များ၏ စားသောက်ဝါးမျိုခြင်းကို ခံ၍နေကြရရှာပေလိမ့်မည်။ အမှန်သော် ကျွန်ုပ်တို့ လွတ်မြောက်ချမ်းသာလာရသည့်အတွက် တစ်နည်းအားဖြင့် ဝမ်း မြောက်သည်မှန်၏။

ကပ္ပတိန် အက်စလီမှာ လူပျော်ကြီးတစ်ယောက်ဖြစ်သော်လည်း သူ့အား ကျွန်ုပ်တို့ မနှစ်သက်လှချေ။ သင်္ဘောပေါ်၌ ရှိစဉ်၊ ဇက်စတင်သည် တနင်္ဂနွေနေ့များ၌ ဓမ္မအစည်းအဝေးပြုလုပ်ရာ လူအတော်များ တက်ကြ၏။ ဇစ်ကလီကလည်း အတော်အသင့် နာမကျန်းရှိသူတို့အား ကုသပေး၏။ ဤသို့ ဖြင့် ကျွန်ုပ်တို့မှာ သင်္ဘောသားများနှင့် မေးတစ်ခွန်း ပြောတစ်ခွန်းလောက်သာ ရှိပြီးလျှင် ထိုမျှဖြင့်သာ သူတို့နှင့် ကျွန်ုပ်တို့ သိရှိခဲ့ရ၏။ ယခုမူ ကျွန်ုပ်တို့မှာ သူတို့အတွက် စိတ်မကောင်းဖြစ်မိကြရ၏။ ဇက်စတင်ကလည်း ဘုန်းကြီးပီပီ ထိုသူများအတွက် ကောင်းရာမွန်ရာသို့ ရောက်အောင် ဆုတောင်းပေးမည်ဟု ဆိုလေသည်။

ကျွန်ုပ်တို့၏ ညစာမှာ ရှန်ပိန်အရက်တစ်ပုလင်းလည်း ပါသဖြင့် အတော်ပင် ဟန်ကျပန်ကျဖြစ်တော့၏။ ဇက်စတင်သည် အရက်ကို မသောက် ဘဲ သူကြိုက်သော လက်ဖက်ရည်နှင့်သာ တင်းတိမ်လျက် ဤကဲ့သို့ အရက် ကို ရှောင်ကြဉ်ခြင်းမှာ မကြိုက်လို့မဟုတ်၊ မိစ္ဆာများထဲသို့ ရောက်သည့်အခါ

တွင် အရက်မသောက်ဘဲ မိမိကိုယ်ကို မိမိ စံနမူနာအဖြစ် ပြလိုသောကြောင့် မသောက်ခြင်းဖြစ်သည်ဆို၏။

"အေးကွာ ဗက်စတင်ရယ် . . . မင်းနဲ့ငါနဲ့ ဘယ်လိုပဲ သဘောကွဲလွဲနေပေမယ့် ဒီလို သဘောထားနိုင်တဲ့အတွက် ငါမင်းကို လေးစားပါတယ်"

"အံမယ် မင်းက ငါ့ကို လေးစားသလေး ဘာလေး လုပ်မနေစမ်းပါနဲ့၊ တကယ်လေးစားရင် မင်း ငါ့ရဲ့ စံနမူနာကို လိုက်ပါလားကွ"

ဤသို့ဖြင့် နှစ်ယောက်သား အချီအချ ပြောလျက်ရှိကြ၏။ ထိုညဥ့်၌ အခန်းတံခါးကို အတွင်းမှ အလုံပိတ်ထားပြီးလျှင် တော်မီကလည်း ရှိနေသဖြင့် ကျွန်ုပ်တို့မှာ သစ်တုံးကဲ့သို့ စိတ်ချလက်ချ အိပ်ကြလေသည်။ တော်မီမှာ အထူးလိမ္မာသော အစောင့်ခွေးကလေးဖြစ်၍၊ ကျွန်ုပ်တို့အား ရုတ်တရက် ရန်သူများက ဝင်၍ မစီးနိုင်ချေ။ အရုဏ်မတက်မီ အချိန်လောက်သို့ ရောက်သောအခါ တော်မီသည် မာန်ဖီလျက် အတော်ပင် ဟောင်နေသည်ကို သိလိုက်ရ၏။ ထို့နောက် သူသည် ကျွန်ုပ်တို့၏ အိပ်ရာပေါ်တွင် အိပ်စက်လျက်ရှိ ရာထိုညဥ့်၌ တစ်စုံတစ်ရာ မဖြစ်ချေ။ သို့သော် နံနက်လင်းသောအခါ သင်္ဘောနှင့် အနီးပတ်ဝန်းကျင်တွင် လူ ၂ ယောက် ၃ ယောက်တို့၏ ခြေရာများကို တွေ့ရသဖြင့် တိုင်းရင်းသားအချို့သည် ကျွန်ုပ်တို့အား တစ်စုံတစ်ရာပြုလုပ်ရန် လာရောက် ချောင်းမြောင်းကြောင်း သိရှိရ၏။

အိပ်ရာမှထပြီးနောက် ကျွန်ုပ်တို့သည် သတိဝီရိယဖြင့် ရေအိုင်ကလေးသို့ သွား၍ ရေချိုးကြပြီးလျှင် သောက်ရေအတွက်လည်း ရေများကို တိုင်ကီကြီးတစ်လုံး ပြည့်သည်အထိ သယ်ယူခဲ့ကြ၏။ ရန်သူ အဝိုင်းခံရလျှင် သောက်ရေ လုံလောက်စေရန် အရေးကြီးလှ၏။ ထို့နောက် နံနက်စာ စားကြပြီးလျှင် လောလောဆယ်အားဖြင့် ရှိရင်းစွဲနေရာ၌ပင် နေထိုင်ရန် ဆုံးဖြတ်လိုက်ကြ၏။ ဤသို့ဖြင့် ကျွန်းသားများမှာ ရန်သူဖြစ်လျှင် မိမိတို့ နေရာမှနေ၍ ခုခံကာကွယ်ရန် အကောင်းဆုံးဖြစ်သည့်ပြင် မိတ်ဆွေဖြစ်ကလည်း ၎င်းတို့ထံ အလွယ်တကူ သွားရောက်ရန် ဖြစ်လေသည်။

နံနက် ၁၀ နာရီလောက်တွင် ကျွန်ုပ်သည် သေနတ်များကို နံဘေးတွင် အသင့်ချထားပြီးနောက် ခွေးခြေများပေါ်တွင် ထိုင်ရင်း စကားစမြည်ပြောလျက် ရှိကြ၏။ သင်္ဘောဦးမှာ ကမ်းပါးထဲသို့ ထိုးစိုက်လျက်ရှိရာ၊ အပေါ်မှ ကျောက်ဖျာကြီး မိုးထားသကဲ့သို့ ရှိသောကြောင့် ရန်သူသည် အပေါ်မှနေ၍ တိုက်ခိုက်ခြင်းမပြုနိုင်ချေ။

သို့ရှိစဉ် တိုင်းရင်းသား အတော်များများသည် ဝဲယာနှစ်ဖက်မှနေ၍ ကျွန်ုပ်တို့ထံ ချဉ်းကပ်လာနေသည်ကို မြင်ရ၏။ သူတို့သည် ယခင်ကဲ့သို့ပင်

စားသောက်ဖွယ်ရာများပါသော လင်ပန်းများကို မိန်းမများအား ရွေ့မှနေ၍ သယ်ဆောင်စေလျက် အချင်းချင်း စကားစမြည်ပြောကာ ကျွန်ုပ်တို့ထံ ချဉ်းကပ်လာနေသည်ကို တွေ့ရှိရ၏။ မလှမ်းမကမ်းသို့ ရောက်လျှင် ရုတ်တရက် ရပ်လိုက်ကြရာ၊ ကျွန်ုပ်တို့က ၎င်းတို့အား ဂရုမစိုက်သကဲ့သို့ ထိုင်မြဲထိုင်နေကြ၏။ မကြာမီ ၄က်မွေးတောင် ဝတ်ရုံကြီးကို ဝတ်ထားသော အကြီးအကဲဖြစ်သူ မာရာမားသည် သူ၏ အခြွေအရံ ပုရောဟိတ်များနှင့်အတူ ကျွန်ုပ်တို့ထံသို့ ရောက်လာ၏။ သူတို့သည် ကျွန်ုပ်တို့အား အရိုအသေပေးပြီးနောက် မာရာမားက စကားစတင်ပြောဆိုရာ သူပြောသည့်စကားကို ကျွန်ုပ်တို့ နားလည်သမျှမှာ အောက်ပါအတိုင်းဖြစ်၏။

သူသည် ကျွန်ုပ်တို့အား မျှော်လင့်နေကြောင်း၊ သူ့ထံသို့ ကျွန်ုပ်တို့ မလာရောက်သည်ကို အပြစ်တင်စကားပြောရာ အခြေအနေ မည်သို့ဖြစ်မည်ကို အသေအချာသိရသည်အထိ ဤနေရာ၌ပင် နေသွားမည်ဖြစ်ကြောင်းဖြင့် ကျွန်ုပ်တို့က ပြောသောအခါ မာရာမားက ဤနေရာသို့ သူ၏ အဘိုးလက်ထက် နှစ်ပေါင်းအတော်ကြာက မည်သည့်နေရာမှ လာသည်မသိရသော လူသုံးယောက် ရောက်လာဖူးကြောင်း။ အချိန်မှာ ယခုကဲ့သို့ မုန်တိုင်းကျသည့် အချိန်မျိုးဖြစ်ကြောင်း။ ထိုလူများမှာ လူညိုလူမည်းများဖြစ်၍ ၎င်းတို့အား ချက်ချင်း ဖမ်းဆီးပြီးလျှင် အိုရိုနတ်ကြီးအား ပူဇော်ပသလိုက်ကြောင်း၊ ဤကဲ့သို့ ပြုလုပ်လိုက်သည်မှာ မှန်ကန်သည်ထင်ကြောင်းဖြင့် ကျွန်ုပ်တို့အား ပြောပြလေသည်။ ကျွန်ုပ်တို့ကိုလည်း ယဇ်ပူဇော်မည်လောဟု မေးရာ၊ သူက ကျွန်ုပ်တို့မှာ နတ်များဖြစ်ကြ၍ အင်အားကြီးမားသောကြောင့် သူတို့ မသတ်နိုင်ကြောင်း၊ အင်အားမရှိခဲ့သော် သတ်ရမည်ဖြစ်ကြောင်း၊ အသတ်မခံလိုက နှစ်ဦးနှစ်ဖက် အပေးအယူ လုပ်ကြရမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ထံမှ လက်ဆောင်ပဏ္ဏာများ အလိုရှိကြောင်း၊ ထို့ပြင် သူ၏ လည်ကုပ်မှ ရောဂါကိုလည်း ယခင်က ပြောခဲ့ဖူးသည့်အတိုင်း ကျွန်ုပ်တို့က ပျောက်အောင် ကုသပေးရမည်ဖြစ်ကြောင်း၊ ဤသို့ဆိုလျှင် အားလုံးကိစ္စများမှာ ကျွန်ုပ်တို့သဘောအတိုင်း ဖြစ်စေရမည်ဖြစ်၍ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်နှင့်တကွ ပစ္စည်းများကို မည်သူမျှ လက်ဖျားနှင့် မထိစေရ၊ မည်သူမျှ ကျွန်ုပ်တို့အား ရန်မမူစေရ၊ မည်သည့် ပစ္စည်းကိုမျှ ခိုးယူခြင်းမရှိစေရ၊ ရန်မူသူ ခိုးယူသူတို့အား သေဒဏ်ပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားလေသည်။

သူ၏လည်ကုပ်မှ တွဲကျနေသည့် အဖုကြီးကို ပထမ ကြည့်ရှုစစ်ဆေးရမည်ဖြစ်၍ ကုန်းပတ်ပေါ်သို့ အဖော်တစ်ယောက်တည်းသာ ခေါ်၍ တက်လာရန် ကျွန်ုပ်တို့က ဖိတ်ခေါ်လိုက်၏။ မာရာမားမှာ ပထမ ဆုတ်ဆိုင်းဆိုင်းလုပ်

နေပြီးနောက် အတန်ငယ်ကြာမှ အဖော်တစ်ယောက်နှင့် သင်္ဘောပေါ်သို့ တက်လာလေသည်။ ဗစ်ကလီက ကြည့်ရှုစစ်ဆေးသောအခါ အဖုကြီးမှာ အပေါ်ယံမျှသာ တွယ်ကပ်ပေါက်နေသည်ဖြစ်၍ ခွဲစိတ်ကုသ၍ ရနိုင်မည်ဖြစ်ကြောင်း၊ သို့သော် အတန်ငယ် စွန့်စားရမည်ဖြစ်ကြောင်း ပြောသဖြင့် မာရာမားသည် သူ၏လူများဖြင့် တိုင်ပင်ရာ၊ ပထမတွင် သူတို့က သဘောမတူကြချေ။ ထိုအခါ မာရာမားက သူ၏ ရောဂါကို မကုဘဲထားလျှင် ဤလေးလံလှသော အဖုကြီးကို တာရှည်စွာ ဆွဲထားနိုင်တော့မည် မဟုတ်ကြောင်း၊ ဆေးဝါးမကုဘဲ ထားသည်ထက် သေရသည်ကပင် ကောင်းသေးကြောင်းဖြင့် ပြောကာ ဝမ်းနည်းပက်လက် ငိုကြွေးရှာတော့၏။ ထိုအခါမှ သူ၏လူများမှာ မနေနိုင်တော့ဘဲ သဘောတူကြရတော့၏။

ထို့နောက် အကျဉ်းချုပ်မျှ ရေးသားဖော်ပြရမည်ဆိုသော်၊ မာရာမား ဆေးကုခံရန်ကိစ္စအတွက် သူတို့သည် မျက်နှာပေါက်ဆိုး၍ ကြောက်မက်ဖွယ်ကောင်းသော သစ်သားရုပ်တုကြီးတစ်ခုကို သစ်ရွက်နှင့် ငှက်မွေးငှက်တောင်များ ရစ်ပတ်ကာ သင်္ဘောပေါ်သို့ ယူဆောင်လာကြ၏။ ရုပ်တုကြီးမှာ သူတို့၏ နတ်ဘုရားဖြစ်၍ ၎င်း၏ရှေ့မှောက်တွင် သစ္စာဆိုရန် အဓိပ္ပာယ်ဖြစ်လေသည်။

သူတို့ထားရှိသော သစ္စာစကားမှာ . . . ကျွန်ုပ်တို့အား သူတို့သည် ဘေးအန္တရာယ် မပြုပါ။ အကြီးအကဲပုဂ္ဂိုလ်မှာ ရောဂါအကုအသခံယူရင်း သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ လုံခြုံရေးအတွက် အာမခံပါမည်။ သူတို့၏ နယ်မြေတွင် ကျွန်ုပ်တို့အား ဧည့်သည်တော်များအဖြစ် လက်ခံစောင့်ရှောက်ပါမည်။ အပြန်အလှန်သဘောအားဖြင့် ကျွန်ုပ်တို့က သူတို့အား အချက်နှစ်ချက်ကို လိုက်လျောရမည်။ ပထမအချက်မှာ သူတို့၏ နတ်ကို ကျွန်ုပ်တို့က မစော်ကားရ၊ ရန်မပြုရ။ ဒုတိယအချက်မှာ ရေအိုင်ကြီးအတွင်းရှိ ကျွန်းပေါ်သို့ ကျွန်ုပ်တို့ မသွားရ၊ ခြေမချရဟူသော အချက်နှစ်ခုဖြစ်၏။ ရေအိုင်ကြီးအတွင်းရှိ ကျွန်းဆိုသည်မှာ ထိုအိုင်ကြီး၏ ရေပြင်ထက်တွင် ပေါ်၍နေသော တောင်ထွတ်ကို ဆိုလိုခြင်းဖြစ်သည်ဟု ကျွန်ုပ်ထင်၏။

အထက်ပါ သူတို့တောင်းဆိုသည့်အချက်များနှင့် ပတ်သက်၍ သူတို့ကသာ စကားများ ပြောပြီးလျှင်၊ ကျွန်ုပ်တို့က တစ်စုံတစ်ရာ ပြန်၍မပြောချေ။ နောက်ဆုံးတွင် သူတို့၏ ကတိသစ္စာကို အတည်ပြုသည့်အနေဖြင့် သူတို့အထဲမှ ခေါင်းဆောင် ပုရောဟိတ်ဆရာကြီးက သူ၏လက်မောင်းသွေးကို ဖောက်ပြီးလျှင် သွေးကို နတ်ရုပ်ကြီး နှုတ်ခမ်းပေါ်တွင် သုတ်လိမ်းပေးလိုက်၏။ ပြီးလျှင် အကြီးအကဲဖြစ်သူ မာရာမား၏ နှုတ်ခမ်းကိုပါ ထိုသွေးကို သုတ်

လိမ်းပေးလိုက်လေသည်။ ရုပ်တုကြီးကို သင်္ဘောပေါ်သို့ တင်ဆောင်လာစ ကတည်းကပင် ဗက်စတင်မှာ လွတ်ရာသို့ ရှောင်တိမ်းသွားရာ ဤသို့ ထွက်သွားခြင်းကိုပင် ကျွန်ုပ်မှာ ကျေးဇူးတင်ရတော့၏။ သို့မဟုတ်က သူသည် မဖွယ်မရာ တစ်ခုခုကို လုပ်ကောင်း လုပ်ပေလိမ့်မည်။

ထိုနေ့ နေ့လယ်၌ပင် ဇစ်ကလီသည် သင်္ဘောကုန်းပတ်ပေါ်၌ပင် မာရာမား၏လည်ကုပ်မှ အဖုကြီးကို ခွဲစိတ်လေသည်။ ဆရာဝန်များ ဝတ်လေ့ရှိသည့် အင်္ကျီအဖြူကို ဝတ်၍ လက်များကို ဆေးကြောပြီးလျှင် ခွဲစိတ်ကိရိယာများကို ကိုင်တွယ်သောအခါ ကုန်းပတ်ပေါ်မှ ရပ်ကြည့်နေသည့် တိုင်းရင်းသားများမှာ အသံများထွက်အောင်ပင် တအံ့တဩ ကြည့်၍နေကြ၏။ ဇစ်ကလီသည် ကျွန်ုပ်၏ အကူအညီဖြင့် လူနာအား မေ့ဆေးပေးရာတွင် ရွက်ဖျင်တစ်ခုကို မိုး၍ပေးရ၏။

ဤကဲ့သို့ ပြုလုပ်ရခြင်းမှာ တိုင်းရင်းသားများက သူတို့၏ အကြီးအကဲအား ကျွန်ုပ်တို့က ဖိ၍ သတ်နေသည်ဟု မထင်မှတ်စေရန် ဖြစ်လေသည်။ အသေးစိတ်ကိုမူ ကျွန်ုပ်မဖော်ပြလိုပြီ။ သို့သော် လျှပ်စစ်ဘက်ထရီဓာတ်အိုးနှင့် အပူဓာတ်ပေးထားသည့် ဝိုင်ယာကြိုးတို့က ခွဲစိတ်မှုတွင် များစွာ အကူအညီပေးလေသည်။

သွေးကြောများကို ချည်နှောင်ခြင်း၊ လိုအပ်သည်တို့ကို ပတ်တီးစည်းပေးခြင်း စသည်တို့ကို ကျကျနန ဆောင်ရွက်ပြီးစီးသွားသောအခါ . . .

"ကိုင်း . . . စိတ်ချရပါပြီ၊ ပထမတော့ သွေးလွန်ပြီး သေများသွားမလားလို့ စိုးရိမ်မိသေးတယ်၊ ခုတော့ စိုးရိမ်စရာမရှိတော့ပါဘူး၊ ငါသေသေချာချာ လုပ်လိုက်တာပဲကွာ"

ဟု ဇစ်ကလီက ကျွန်ုပ်အား ပြောလိုက်၏။

ဤသို့ ပြောလိုက်ပြီးနောက် သူဖြတ်တောက်ပစ်လိုက်သော ကြောက်မက်ဖွယ်ကောင်းသည့် အသားတစ်ကြီးကို ကုန်းပတ်ပေါ်မှနေ၍ တိုင်းရင်းသားများအား မြှောက်၍ပြလိုက်ရာ ၎င်းကိုမြင်သည်နှင့်တစ်ပြိုင်နက် သူတို့သည် အံ့အားသင့်၍ တစ်ချက်အော်လိုက်ကြပြီးနောက် နဖူးပြင်ကို မြေနှင့်အပ်၍ ထားလိုက်ကြ၏။ ဤအသားတစ်ကြီးကား အိုရိဖီးနားဒေသ၏ 'ကိုးကွယ်စရာပစ္စည်း' သဖွယ် ဖြစ်သွားချေပြီတကား။

ဤသို့ ရောဂါပျောက်ကင်းသွားသောအခါ တိုင်းရင်းသားများသည် ဇစ်ကလီအား ပုရောဟိတ်ဆရာကြီး ဟူ၍လည်းကောင်း၊ ပျောက်စေဆရာကြီး ဟူ၍လည်းကောင်း ချီးကျူးခေါ်ဝေါ်ကြ၏။ ဤသို့ခေါ်ခြင်းကိုပင် ဗက်စတင်က မနာလိုချေ။ ဇစ်ကလီကလည်း ဤသို့ ခေါ်ဝေါ်ခြင်းကို မနှစ်သက်ချေ။

မာရာမားမှာ မေ့ဆေးပြယ်သွားပြီးနောက် အိပ်ပျော်သွားသည်မှာ ၁၂ နာရီမျှပင် ကြာရှိတော့၏။ သူ၏လူများမှာ အောက်မှနေ၍ တစ်ချိန်လုံး စောင့်ဆိုင်းလျက်ရှိကြရာ ဗစ်ကလီက သူတို့၏ အကြီးအကဲမှာ ခွဲစိတ်ပြီးနောက် အချိန်ကြာမြင့်စွာ အိပ်ပျော်သွားလိမ့်မည်ဟု ပြောထားပြီးဖြစ်သော်လည်း ဤမျှလောက် ကြာရှည်စွာ အိပ်ပျော်နေသည်ကို အိပ်သည်ဟု မယုံကြည်ဘဲ သေသည်ဟု အထင်ရောက်မည်ကို စိုးရိမ်ရ၏။ ထို့ကြောင့်လည်း ယင်းအချိန် သည် ကျွန်ုပ်တို့အတွက် အကြီးမားဆုံးသော အန္တရာယ်ကြီးပင်တည်း။

နောက်တစ်နေ့နံနက်၌ မာရာမားမှာ အိပ်ပျော်ရာမှ နိုးလာရာ ကျွန်ုပ်မှာ အတော်ပင် ဝမ်းမြောက်မိတော့၏။ မာရာမားမှာ ကောင်းစွာ ချမ်းသာရာရပြီဖြစ်ကြောင်း သူ၏ ပုရောဟိတ်ခေါင်းဆောင်ကြီးများ သိရှိသွားလေပြီ။ တဖြည်းဖြည်း အနာပျောက်ကင်းရန်ကား များစွာခဲယဉ်းသည့်အလုပ် မဟုတ်တော့ပေ။ သူ့အား ထိုနေရာ၌ပင် ငြိမ်သက်စွာ နေစေပြီးလျှင် သင့်လျော်မည့် အစားအစာများကို စားသောက်နေစေရန်သာ ဖြစ်တော့၏။ ထိုကိစ္စကို သူ၏ မိန်းမတစ်ယောက်ဟု ထင်ရသော တိုင်းရင်းသူတစ်ယောက်၏ အကူအညီ ဖြင့် ကျွန်ုပ်တို့ပြုလုပ်ရ၏။ ဤသို့ဖြင့် ၅ ရက်မျှအကြာတွင် မာရာမားမှာ ကတုန်ကယင်ဖြစ်နေသေးသည်မှအပ ကောင်းစွာ ကျန်းမာလာပြီးလျှင် နေကောင်းသွားပြီဖြစ်သောကြောင့် သူ၏လူများလက်သို့ ကျွန်ုပ်တို့က ပြန်၍ ပေးအပ်နိုင်ခဲ့လေသည်။

သူ၏လူများသည် မာရာမားအား ထမ်းစင်တစ်ခုပေါ်တွင် တင်၍ ယူဆောင်သွားရာ သူ၏လည်ကုပ်မှ ဖြတ်ပစ်လိုက်သည့် အသားတစ် အဖုလုံး ကြီးကို တိုင်းရင်းသူ အမျိုးသမီးတစ်ဦးက ခြင်းတစ်ခုနှင့်ထည့်၍ သယ်ဆောင် သွားရ၏။ ထိုအချိန်မှစ၍ ဗက်စတင်မှတစ်ပါး ကျွန်ုပ်နှင့် ဗစ်ကလီတို့မှာ အလွန်မျက်နှာပွင့်လန်းပြီးလျှင် ကျွန်းပေါ်တွင် တံခါးမရှိ ဓားမရှိ ဖြစ်၍နေ တော့၏။ ရှေ့တွင် ဗက်စတင် မည်ကဲ့သို့ ဖြစ်မည်ကိုလည်း ထိုအချိန်က ကျွန်ုပ်တို့မှာ မသိနိုင်သေးချေ။

ကျွန်ုပ်တို့မှာ တစ်ချိန်လုံး သင်္ဘောပေါ်တွင် နေကြရသဖြင့် တဖြည်းဖြည်း ငြီးငွေ့လာပြီဖြစ်ရာ အားလပ်သော အချိန်များတွင် ကျွန်ုပ်တို့က စကားပြောလိုသူများကို ရွေးချယ်ခေါ်ယူပြီးလျှင် စကားစမြည်ပြောရင်း အချိန်ကို ကုန်လွန်စေရ၏။ ဤသို့ဖြင့် ကျွန်ုပ်တို့မှာ စကားပြောတိုးတက်လာပြီးလျှင် သူတို့၏ ဘာသာစကားကို အတော်ပင် တတ်သိကျွမ်းကျင်လာတော့၏။ ဗစ် ကလီမှာ တိုင်းရင်းသားလူနာများနှင့် ဆက်ဆံနေရသောကြောင့် ကျွန်ုပ်ထက် ပို၍ပင် အလေ့အကျင့် ရလာတော့၏။ ပထမဆုံး သူ့ထံသို့ ရောက်လာသည့်

လူနာမှာ တော်မီက ကိုက်လိုက်သောသူဖြစ်ရာ သူ့အား သတိမေ့နေစဉ် ခေါ် ဆောင်လာခဲ့ကြခြင်း ဖြစ်၏။ သူ့အား ကြည့်ရသည်မှာ မြွေ၊ သို့မဟုတ် အဆိပ် ပြင်းထန်သည့် သတ္တဝါတစ်ကောင်ကောင် အကိုက်ခံရသဖြင့် အဆိပ်တက် နေသည့်ပုံသဏ္ဍာန်မျိုး ဖြစ်၏။

နောက်တွင်မှ ကျွန်ုပ်တို့ သိရှိရသည်မှာ တော်မီသည် အဆိပ်ပြင်း ထန်သော ကြောက်စရာအသံပြုတတ်သည့် ပုတ်သင်အမျိုးအနွယ် သတ္တဝါ မျိုးဖြစ်သည်ဟူသော အစွဲအလမ်းဖြင့် သူ့မှာ ဤကဲ့သို့ သတ္တဝါမျိုး အကိုက် ခံရသည်နှင့်မခြား အဆိပ်တက်၍ လာကြောင်း သိရှိရ၏။ ဗစ်ကလီက ကြိုး စားကုသပေးသော်လည်း မရလိုက်ချေ။ နောက်ဆုံးတွင် ထိုလူသည် မချိမဆန့် တွန့်လိမ်ကာ ဝေဒနာခံစားရင်း အသက်ထွက်သွားရှာလေသည်။

အမှန်ကိုဆိုရလျှင် ယင်းအချက်ကို အခွင့်ကောင်းယူပြီးလျှင် ကျွန်ုပ် တို့က တော်မီသည် သာမန်သတ္တဝါမဟုတ်၊ ယဉ်အောင်ဖန်ဆင်းထားသည့် ဘီလူးဖြစ်ကြောင်း၊ သူ၏သခင်များကို ရန်ပြုရန် ကြံရွယ်သူ၊ သခင်များ၏ ပစ္စည်းများကို ခိုးယူသူ၊ သို့မဟုတ် ညဉ့်မှောင်မိုက်ချိန်များ၌ သူ့သခင်များထံ တိတ်တဆိတ် လာရန် ကြံရွယ်သူများကိုသာလျှင် ကိုက်သတ်တတ်ကြောင်း၊ ဤမျှသာမကသေး၊ တော်မီ၏ အကိုက်ခံရလျှင် မည်မျှကြောက်စရာကောင်း သနည်းဆိုပါမူ ပုရောဟိတ်ဆရာကြီး ဗစ်ကလီပင် မည်သို့မျှ မတတ်နိုင်။ ကိုက်သည်ကို မဆိုထားဘိဦး၊ သူ၏ အဟောင်ကို ခံရလျှင်ပင် သားစဉ်မြေး ဆက် ကျိန်စာသင့်နိုင်ကြောင်းဖြင့် ကျွန်ုပ်တို့က ဝါဒဖြန့်ထားလိုက်လေသည်။

ဤကဲ့သို့ ဝါဒဖြန့်ခြင်းကို ဗက်စတင်၏ ကွယ်ရာ၌သာ ပြုလုပ်ကြ ရ၏။ ဗက်စတင်မှာ ပင်လယ်ကမ်းစပ်တွင် ခရုကောက်ရန်ဆို၍ မကြာခဏ ထွက်သွားတတ်ရာ အမှန်အားဖြင့်မူ သူသည် လှိုင်းလုံးကြီးများကို သူ၏ တရား နာပရိသတ်ဟု သဘောထားကာ ပိုလီနီးရှင်းဘာသာစကားဖြင့် တရားဟော လေ့ကျင့်ရန်သာ ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရ၏။ ပုရောဟိတ်များက ကျိန် တွယ်၍ အာမခံသည်များကို အားမကိုးဘဲ ကျွန်ုပ်တို့၏ လုံခြုံမှုအတွက် သူ တို့ကြောက်ရွံ့နေကြသော တော်မီကိုသာ ပို၍အားကိုးမိ၏။

နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ကုန်းအတွင်းသို့ ပြောင်းရွှေ့နိုင် သည့်အခြေသို့ ရောက်ရှိလာခဲ့၏။ သင်္ဘောပေါ်မှ ကျွန်ုပ်တို့ အခန်းတံခါးကို သော့ခလောက်ဖြင့် ပိတ်ထားခဲ့ရာ ယင်းကိရိယာမှာ လူဆိုးသူခိုးများ မဝင် ရောက်နိုင်ရန် ပဉ္စလက်နည်းဖြင့် ပြုလုပ်ထားသည့်ကိရိယာဖြစ်ကြောင်းဖြင့် တိုင်းရင်းသားများအား ကျွန်ုပ်တို့က ပြောထား၏။ ထို့နောက် ကျွန်ုပ်တို့လည်း တိုင်းရင်းသား လူစုလူဝေးဖြင့် သင်္ဘောမှ ထွက်ခွာလာခဲ့ကြ၏။ ပုရောဟိတ်

များနှင့် သီချင်းဆိုသူများက ရှေ့ဆုံးမှ သွားပြီးလျှင် သူတို့၏နောက်မှ ပလွေနှင့်တူသော အရာများကို တီးမှုတ်လာကြသော ဂီတသမားများ၊ ထို့နောက်မှ ကျွန်ုပ်တို့နှင့်တကွ ကျွန်ုပ်တို့၏ ပစ္စည်းများကို သယ်ဆောင်လာကြသည့် အထမ်းသမားများ လိုက်ပါလာကြလေသည်။

ကျွန်ုပ်တို့အား ခေါ်ဆောင်သွားသော နေရာမှာ လှပသည့် တောင်၏ ခင်တန်းကလေးတစ်ခုဖြစ်၍ ထန်းပင် အုန်းပင်များလည်း တောကလေးတစ်ခုသဖွယ် ပေါက်ရောက်လျက်ရှိရာ ထိုအပင်များထဲတွင် ပိန္နဲပင်များလည်း ပေါက်လျက်ရှိသေး၏။ ကျွန်ုပ်တို့နေထိုင်ရန် အိမ်ကို အုန်းပင် ထန်းပင်များကြားတွင် ရွှံ့အုတ်များဖြင့် ဆောက်လုပ်ထား၍ အမိုးကို အုန်းလက် ထန်းလက်များဖြင့် မိုးထားလေသည်။ အိမ်တွင် ဝရန်တာ တပ်ဆင်ထား၍ အိမ်ပတ်လည်၌ ခြံစည်းရိုးများ ကာထား၏။ ထိုဒေသရာသီဥတုမျိုးနှင့် အိမ်ကလေးမှာ လွန်စွာပင် ပဏာရလှပေသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ထိုအိမ်ကလေးတွင် နေထိုင်ရင်း တစ်ခါတစ်ရံ သင်္ဘောဆီသို့ သွားရောက်ကာ အခြေအနေကို အကဲခတ်ကြရလေသည်။

ဤအိမ်သို့ ရောက်ပြီးနောက် မကြာမီမှာပင် ဗစ်ကလီမှာ အလုပ်များရတော့၏။ လူဦးရေမှာ ခန့်မှန်းရသလောက် ငါးထောင်မှ တစ်သောင်းအထိဖြစ်သဖြင့် လူနာများမှာ တစ်နေ့တခြား ပို၍ များလာပြီးလျှင် အများအားဖြင့် မျက်စိရောဂါများဖြစ်၏။ မာရာမားကဲ့သို့ အဖုအကြိတ်ထွက်သည့် ရောဂါမျိုးလည်း ရှိ၏။ ထို့ပြင် ခွဲစိတ်ကုသရန် လိုအပ်သော မတော်တဆ ထိခိုက်မှုများလည်း ပါဝင်လေသည်။ ဗစ်ကလီမှာ 'အပူပိုင်းဒေသ ရောဂါဝေဒနာများ' ဟူသော ဆေးစာအုပ်များ၏ အကူအညီဖြင့်လည်းကောင်း၊ သူ့တွင် အမြောက်အမြား ပါလာသော ဆေးဝါးများဖြင့်လည်းကောင်း ကုသပေးနိုင်လေသည်။

ဗစ်ကလီမှာ ဤသို့ နေ့စဉ်ကုသပေးရသည်ကိုပင် ပထမ ပျော်ရွှင်လျက်ရှိနေ၏။ သို့သော် သုံးပတ်ခန့်ကြာသောအခါ တစ်နေ့တွင် ၁၀ နာရီလုံးလုံး အလုပ်လုပ်ရပြီးနောက် သူသည် အလုပ်မှ အနားယူအပန်းဖြေရန် ထွက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုမူ အပန်းမဖြေနိုင်ဘဲ ဤသို့သာဆိုလျှင် မိမိအလုပ်ခွင်သို့ ပြန်၍သွားက ပို၍ အကျိုးရှိမည်ဖြစ်ကြောင်း၊ သူ့အလုပ်ခွင်၌ တစ်နှစ်လျှင် ငွေထောင်ပေါင်းများစွာ ရရှိနိုင်မည်ဖြစ်ကြောင်းဖြင့် အသံထွက်၍ လာလေသည်။ ဤသို့ ညည်းညူ၍မျှ မဆုံးသေးမီ တက်၍နေသော ကလေးငယ်ကို ပိုက်လျက် မိန်းမတစ်ယောက် ရောက်လာပြန်သဖြင့် ညစာကိုပင် မစားနိုင်ဘဲ ထ၍ ကုသပေးရပြန်၏။ ကလေးငယ်၏ကိစ္စ ပြီးသွားသောအခါ ထန်းပင်ပေါ်မှ လိမ့်ကျ၍ ခြေကျိုးသွားသော လူနာတစ်ယောက် ပေါ်လာပြန်၏။

ကျွန်ုပ်ကိုယ်တိုင်ပင် အငြိမ်မနေရပါ။ ကျွန်ုပ်မှာ ပညာရှိကြီးတစ်ယောက်အဖြစ် နာမည်ကျော်၍ နေပြီးလျှင် သူတို့၏စကားကို အတော်ရေရေလည်လည် တတ်သွားသည်နှင့်တစ်ပြိုင်နက် သူတို့၏ လူမှုရေးရာများကို တရားသူကြီးတစ်ယောက်အနေဖြင့် ဆုံးဖြတ်ပေးရသည့်အနေသို့ ရောက်ရှိလာတော့၏။ ကျွန်ုပ်မှာ သူတို့၏ တရားသူကြီးအဖြစ် လုပ်ကိုင်ဆောင်ရွက်ရသည့်သဘောပင် ဖြစ်တော့၏။ ၎င်းမှာ လွယ်ကူသော အလုပ်မဟုတ်ချေ။ သူတို့၏ တိုင်းရင်းသားဥပဒေကို နားလည်ရန်လို၍ အထူးသဖြင့် ၎င်းတို့၏ ထိမ်းမြားလက်ထပ်ခြင်းဥပဒေမှာ ရှုပ်ထွေးလှတော့၏။

ဤကဲ့သို့ ကျွန်ုပ်တို့နှစ်ယောက် အလုပ်လုပ်နေကြသည်ကို ဗက်စတင်သည် မှုန်တေတေကြည့်ကာ . . .

"ဟေ့ မင်းတို့နှစ်ယောက်ကတော့ အတော်အလုပ်များနေကြတယ်ထင်ပါရဲ့ . . . ငါ့မှာတော့ လုပ်စရာမရှိဘူးကွ၊ သူတို့က ငါ့ကို အလိုရှိဟန်မတူဘူး။ မင်းတို့က ဝီစကီတို့၊ သူတို့ တိုင်းရင်းသားအရက်တို့ မျိုးဆိုပြီး ဖိမ်တွေ့နေကြတုန်း ငါ့မှာတော့ စံနမူနာကောင်း ပြနိုင်အောင်ဆိုပြီး ရေနဲ့ လက်ဖက်ရည်ပဲ ဖိသောက်ပြနေရတယ်။ ငါ့အလုပ်က တယ်ပြီး မနိပ်လှပါဘူးကွာ။ ငါ့မှာက ခြံထဲမှာ အပင်တွေကို စိုက်ရတာနဲ့၊ သင်္ဘောပျက်ကြီးဆီ သွားပြီး စန္ဒလီ စောင့်ရတာကလည်း အမောပဲကွ၊ ငါနဲ့စာရင် တော်မီကမှ တော်သေးတယ်"

ဟု တစ်ညနေတွင် စကားစလိုက်တော့၏။

ဗစ်ကလီက . . .

"ဒီမယ် . . . ဟေ့လူ၊ တို့က တို့ရဲ့အလုပ်ကို လုပ်နေကြတာ၊ အာဗူနော့က ဝတ်လုံ၊ ဒီတော့ သူက တရားသူကြီးလုပ်တယ်။ ငါက ဆရာဝန်၊ ဒီတော့ ဆေးကုတယ်။ မင်းက ဘုန်းကြီးမဟုတ်လား၊ ဘုန်းကြီးဆိုတော့ ဘုန်းကြီးရဲ့အလုပ်ကို လုပ်ပေါ့ကွ။ ဒီကျွန်းမှာ လူဦးရေ တစ်သောင်းလောက်ရှိ တယ်။ အခုထိ တစ်ယောက်ကလေးတောင်မှ ခရစ်ယာန်ဘာသာထဲကို မင်းဆွဲမသွင်းနိုင်သေးဘူးဆိုတာ ငါသတိထားမိတယ်"

ဗစ်ကလီက ဤသို့ ပြန်ပြောလိုက်လေသည်။ အမှန်သော် ဗက်စတင်မခံချင်အောင် ဗစ်ကလီက ရန်စလိုက်ခြင်းမျှသာ ဖြစ်၏။ သို့သော် ဤသို့စလိုက်ခြင်းကြောင့် ရှေ့တွင် မည်ကဲ့သို့ ဖြစ်မည်ကို မတွေးမိချေ။

ဗက်စတင်က . . .

"လူတစ်ယောက်ရဲ့ စိတ်ကို တက်ကြွလာအောင် နှိုးဆွပေးဖို့ ဘုရားသခင်က အမျိုးမျိုး ဖန်တီးပေးလိုက်တယ်။ မလိမ်မိုး မလိမ်မာ ကလေးတွေ

ဆီက အသိတရားဟာ စမ်းရေအလျဉ်လို စီးဆင်းတယ်ဆိုရင် ဘုရားမရှိ တရားမရှိတဲ့ လူ့ဗာလဆီကလည်း အသိအလိမ္မာတရား မစီးဆင်းဘူးလို့ မပြောနိုင်ဘူးကွ"

ဗစ်ကလီက . . .

"သဘာဝတရားအရတော့ ရေဆိုတာ ရေတွင်းထဲက ဘယ်တော့မှ အပြင်ကို စီးမထွက်နိုင်ဘူး"

ဗက်စတင်က . . .

"ဟော့ . . . မင်းပြောတဲ့ဟာသက ရှေ့နောက်မညီလှပါဘူးကွာ၊ အရူးဆန်သလို ဖြစ်နေတယ်။ ငါပြောချင်တာက မင်းဟာ ငါ့ကို အကြံတစ်ခု ပေးတယ်၊ ဒါဟာ မင်းရဲ့ ရည်ရွယ်ချက်ပဲ မဟုတ်လား၊ ဥပမာပြောရရင် ငါဟာ အစွမ်းကုန်ကြိုးစားပြီး မိစ္ဆာဒိဋ္ဌိဆိုတဲ့ အမှောင်တိုက်ကြီးကို ဖြိုခွင်းဖို့ အလင်းရောင်ပေးမယ့် မီးရှူးတိုင်ကြီးကို ကိုင်တော့မယ်"

ဗစ်ကလီက . . .

"ဟေ . . . ဟုတ်ကဲ့လား၊ ဟုတ်မှလုပ်ပါကွာ"

ဗက်စတင်သည် ဗစ်ကလီအား ပြန်၍ အဖြေမပေးတော့ချေ။ ထိုနေ့ တစ်ညနေလုံး သူသည် တစ်စုံတစ်ရာကို နက်နဲစွာ စဉ်းစားနေသည့်ဟန်ဖြင့် ငြိမ်သက်စွာ ရှိနေလေသည်။

နောက်တစ်နေ့နံနက်၌ပင် သူသည် မာရာမားထံ ချဉ်းကပ်ပြီးလျှင် နတ်များ အကြောင်းကို တိုင်းရင်းသားများအား ဟောပြောခွင့်ပြုရန် ခွင့်ပန်လေသည်။ ထိုအခါ မာရာမားက 'နတ်' ဆိုသည်မှာ ကျွန်ုပ်တို့ကို ဆိုလိုသည်ဟု ထင်မှတ်သဖြင့် အသာတကြည်ပင် ခွင့်ပြုလိုက်၏။ ထို့ပြင်သာမက ဗက်စတင်သွားလိုရာ သွားစေရန်၊ သူပြောလိုသူများအား လွတ်လပ်စွာ ပြောနိုင်ရန်နှင့် သူပြောသောစကားများကို လေးစားစွာ နားထောင်ကြရန် အမိန့်ထုတ်ပြန်လိုက်၏။

ဤသို့ဖြင့် အိုရိုဖီးနားတွင် ဗက်စတင်၏ သာသနာပြုလုပ်ငန်းကြီး စတော့၏။ သူ၏ကြိုးပမ်းမှုများကို ဗစ်ကလီကပင် ချီးမွမ်းရလေသည်။ သူသည် ကလေးများအတွက် ကျောင်းဖွင့်ပေး၏။ ကျောင်းမှာ သစ်ပင်ကြီးတစ်ပင်အောက်တွင် ဖြစ်၏။ ကလေးများကလည်း နားထောင်သင်အံကြရာ မကြာမီပင် အတော်အတန် တတ်မြောက်လာကြ၏။ သို့သော် ကိုယ်လုံးတီးနေကြသည့်ဘဝမှ အဝတ်များဝတ်ရန် ဖျောင်းဖျပြောဆိုသောအခါ အောင်မြင်မှုမရှိလှချေ။ အတော်ပင် ကြိုးစားပြောဆိုတိုက်တွန်းသောအခါမှ မိန်းကလေးများမှာ သူတို့၏လည်တွင် ပန်းပုတီးများ ဆွဲ၍ လာကြတော့၏။

သူသည် သက်ကြီးရွယ်အိုများကိုလည်း တရားဟောသေးရာ ထိုသူများသည် သူဟောသမျှကို အလုံးစုံ နားမလည်သော်လည်း နားလည်သမျှဖြင့် မေးခွန်းထုတ်ခြင်း၊ ဆင်ခြေပေးခြင်းများကို ပြုလုပ်ကြ၏။

သူတို့ မဟုတ်မဟပ်မေးသည့် မေးခွန်းများကိုပင် ဗက်စတင်ကလည်း ကြိုးစားဖြေဆို၏။ ဗက်စတင်က ဤကမ္ဘာကြီး စတင်ဖြစ်ပေါ်လာပုံ၊ လူများကို ဖန်ဆင်းပုံ၊ ရေကြီးလွှမ်းမိုးပုံ၊ တောတောင်ရေမြေ ဖြစ်ပေါ်လာပုံ စသည်တို့ကို ဟောပြောသောအခါ လူများမှာ အတော်ပင် သဘောကျကြတော့၏။

သူတို့အထဲမှ လူကြီးတစ်ယောက်က ဗက်စတင်ပြောသည်မှာ မှန်ကန်ကြောင်း၊ ဤအကြောင်းများကို သူ၏ဘိုးဘေးများက ပြောခဲ့ဖူးကြောင်း၊ ရှေးလွန်ခဲ့သော အချိန်တစ်ချိန်က အိုရိဖီးနားပတ်ဝန်းကျင်တွင် ရေကြီး လွှမ်းမိုးဖူး၍ တိုင်းကြီးပြည်ကြီးများမှာ ရေနစ်မြုပ်၍ကုန်ကြောင်း၊ သူတို့မှာ တရားနှင့်ပြည့်ဝကြသဖြင့်သာ အသက်ချမ်းသာရာ ရကြောင်းဖြင့် ထောက်ခံပြောဆိုလေသည်။

ဗက်စတင်မှာ အံ့အားကြီးသင့်ကာ ဤသို့ ရေလွှမ်းမိုးအောင် မည်သူက ပြုလုပ်သနည်းဟု မေးလိုက်ရာ ထိုလူကြီးက အိုရိုအမည်ရှိ သူတို့၏နတ်ကြီးက ပြုလုပ်ကြောင်း၊ အိုရိုသည် ရေအိုင်ကြီးအတွင်းရှိ တောင်ပေါ်တွင် စံနေတော်မူကြောင်း၊ နတ်ကြီး၏ ကိုယ်စား သူ၏ရုပ်တုများကို သူတို့ ကိုးကွယ်ကြကြောင်းဖြင့် အဖြေပေးလေသည်။

ဘုရားသခင်သည် ကောင်းကင်၌နေသည်ဟု ဗက်စတင်က ပြောသောစကားကို လူကြီးက ချေပလိုက်ခြင်းဖြစ်၏။ ဤယုံကြည်မှုကြောင့်လည်း သူတို့သည် ရေအိုင်ကြီးနှင့် ထိုတောင်ကြီးအနီးသို့ မချဉ်းကပ်ဝံ့ကြခြင်းဖြစ်လေသည်။

ထိုအခါ ဗက်စတင်က ဘုရားသခင်၏အမည်မှာ အိုရိုဖြစ်၍ သူသည် တောင်ပေါ်၌လည်းကောင်း၊ အခြားနေရာ၌လည်းကောင်း စံနေတော်မူပါလိမ့်မည်ဟု ဆိုကာ သူတို့၏စကားကို လိုက်လျောလိုက်ရ၏။ ထိုအခါမှ ဗက်စတင်၏ တရားကို သူတို့ နာယူကြပြီးလျှင် ဗက်စတင်မှာ သူတို့အပေါ်တွင် အတော်ပင် ဩဇာညောင်း၍ သွားလေသည်။ ဤကဲ့သို့ ဗက်စတင်က ဩဇာညောင်းလာကြောင်းသိသောအခါ ပုရောဟိတ်များသည် ဗက်စတင်အပေါ်တွင် မနာလို ဝန်တိုဖြစ်လာကြ၏။ ဗက်စတင်ကမူ ကျွန်း၏ လူဦးရေထက်ဝက်ကို တစ်နှစ်အတွင်း ရေဖျန်းမင်္ဂလာ ပေးနိုင်တော့မည့်အကြောင်းဖြင့် ကြုံးဝါးလျက်ရှိလေသည်။

"အင်း . . . ဒီမယ်ပေ့ာကောင်၊ တစ်နှစ်အတွင်း မင်းက ဒီလိုလုပ်နိုင်ရင် ငါကလည်း ကျွန်းပေါ်မှာဖြစ်နေတဲ့ မျက်စိရောဂါနဲ့ တခြားရောဂါ တွေကို တစ်နှစ်အတွင်း ကုပေးနိုင်တယ်ကွ"

ဤနေရာတွင် ကျွန်ုပ်တို့ရောက်ရှိနေသည့် ကျွန်းအကြောင်းကို ကျွန်ုပ်တို့ ကိုယ်တွေ့နှင့်တကွ၊ မာရာမားထံမှ ကြားသိရသမျှ ပေါင်းစပ်၍ အကျဉ်းချုပ်မျှ ရေးသားဖော်ပြလိုပါသည်။ အိုရိုဖီးနားကျွန်းမှာ အတော်ပင် ကြီးသော ကျွန်းကြီးဖြစ်၍ စက်ဝိုင်းပုံသဏ္ဍာန်ရှိပြီးလျှင်၊ အလယ်၌ ရေအိုင်ကြီး တစ်ခုရှိ၏။ ရေအိုင်၏အလယ်တွင် တောင်ထွတ်ကြီးတစ်ခု ထိုးထွက်လျက် ရှိနေရာ၊ ကျွန်း၏ နံဘေးပတ်ဝန်းကျင်တွင် မည်သည့်ကျွန်းမျှ မရှိဘဲ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်ကသာ လူစိမ်းများ ရောက်လာခဲ့ဖူးသည်ဆို၏။

တစ်ကျွန်းလုံးလိုလိုပင် တောကြီးများ ဖုံးလွှမ်းလျက်ရှိရာ၊ တိုင်းရင်း သားများသည် သစ်ပင်များကို ခုတ်လှဲရန် ပစ္စည်းကိရိယာမရှိ၍လည်းကောင်း၊ သို့မဟုတ် ပျင်းရိ၍လည်းကောင်း ခုတ်လှဲခြင်းမပြုဘဲ ထားကြဟန်တူ၏။ လူများမှာ အလွန်ပျင်းရိ၍ သူတို့ စားနိုင်ရုံမျှ ငှက်ပျောသီး၊ ပိန္နဲသီး အစရှိသည့် အစားအစာပင်များကိုသာ စိုက်ပျိုးလုပ်ကိုင်ကြ၏။

မိုးခေါင်၍ဖြစ်စေ၊ ရာသီဥတု မညီညွတ်၍ဖြစ်စေ၊ သီးနှံများ ရှားပါး သောအခါတွင် လူများမှာ ငတ်မွတ်ခေါင်းပါးခြင်း ဘေးနှင့်ကြုံ၍ ရာပေါင်း များစွာ သေကြေပျက်စီးရသည်။ ကျွန်း၌ရှိသော သတ္တဝါမှာ ဝက်များသာဖြစ် ၍ မွေးမြူရသည်ဟူ၍မရှိဘဲ ကျွန်းပေါ်တွင် အနှံ့အပြား သွားလာလျက်ရှိ၏။ သို့ဖြစ်၍ သူတို့တွင် စားသောက်ရန် အစားအစာနည်းပါးလျက်ရှိသည်။

သူတို့ကိုယ်တိုင် ဤကျွန်းသို့ မည်ကဲ့သို့ ရောက်လာကြသည်ကို မသိကြဘဲ၊ သူတို့၏ ဘိုးဘွားမိဘများ ဤကျွန်းတွင် တစ်ချိန်လုံး ရှိနေခဲ့ ကြသည်ဟုသာ ထင်မှတ်ကြ၏။ သူတို့ကိုယ်တိုင် မသိနားမလည်သော ဘာ သာစကားဖြင့် တေးဂီတများကို သီဆိုတတ်ကြသောကြောင့် ကဗျာဆန်သော လူမျိုးဟုလည်း ဆိုရပေမည်။ သူတို့တွင် ရှေးရိုးအစဉ်အလာ ဓလေ့ထုံးစံများ အများအပြားရှိရာ ဇာစ်မြစ်ကို သူတို့မသိကြချေ။ ကျွန်ုပ်နှင့် ဗစ်ကလီတို့ကမူ ၎င်းတို့သည် တစ်ချိန်က ကြီးကျယ်ခဲ့သော လူမျိုးစုတစ်ခု၏ အကြွင်းအကျန် များဖြစ်ပြီးလျှင် အချင်းချင်း ပြန်လည်လက်ထပ်ခဲ့ကြသဖြင့်တစ်ကြောင်း၊ နှစ် ပေါင်းများစွာမှစ၍ တည်ရှိခဲ့သည့် ရှေးကျသော လူမျိုးဖြစ်သည်ကတစ် ကြောင်း ယခုအခါ တိမ်ကော ပျောက်ကွယ်လုမတတ် ဖြစ်နေသည့် လူမျိုး တစ်မျိုးဖြစ်သည်ဟု ယူဆလေသည်။ ၎င်းတို့၏ ရိုင်းစိုင်းသောအချက်မှာ အခြားပိုလီနီးရှင်းလူမျိုးများ၏ ရိုင်းစိုင်းပုံနှင့်များစွာ တူသည်ဟု ဆိုရသော်

လည်း ထူးခြားချက်တစ်ခုမှာ ရေးခေတ်အမူအရာဆန်ခြင်းပင် ဖြစ်လေသည်။ သူတို့သည် ရှေးပဝေသဏီခေတ်က ဖြစ်ပျက်ခဲ့သည့် အကြောင်းများကို သိကြဟန်တူသည်ဟု ထင်မှတ်ရန် ရှိသော်လည်း သူတို့ကိုယ်တိုင်ကမူ ဤအကြောင်းများကို သတိမရကြတော့ချေ။ သူတို့၏စကားကို ကျွန်ုပ်တို့ ရေလည်စွာ တတ်မြောက်လာသောအခါ သူတို့၏ ဘာသာစကားမှာ အလွန်ကြွယ်ဝ၍ နက်နဲသော အဓိပ္ပာယ်ရှိကြောင်း သိရ၏။

ကျွန်ုပ်၏ အတွေ့အကြုံတစ်ခုကို ဖော်ပြရမည်ဆိုသော် တစ်နေ့တွင် ကျွန်ုပ် လမ်းလျှောက်ထွက်လာရာ၊ အလွန်ကြီးမားသော တွင်းကြီးများကို တွေ့ရ၏။ အချို့မှာ ကိုက် ၁၀၀ မျှ ရှည်၍၊ အနက်မှာ ပေ ၅၀ ကျော်ခန့်နက်၏။ ယင်းတို့မှာ မြေပျော့တွင်မဟုတ်ဘဲ ကျောက်သားများတွင် ဖြစ်နေသည့် တွင်းကြီးများဖြစ်၍ ကျွန်ုပ်မှာ ဘူမိဗေဒပညာရှင်တစ်ယောက်မဟုတ်သဖြင့် ကျောက်သားအမျိုးအစားကို မခွဲခြားနိုင်သော်လည်း နှမ်းဖတ်ကျောက် အမျိုးအစား ထဲက ဖြစ်သည်ဟု ယူဆမိ၏။ ကမ်းခြေတစ်လျှောက်ရှိ သန္တာကျောက်မျိုးကား မဟုတ်ချေ။ တွင်းကြီးများ မည်သည့်အတွက်ဖြစ်နေကြောင်း မာရာမားအား မေးသောအခါ မာရာမားက သူကိုယ်တိုင် မသိကြောင်း၊ သို့သော် ရှေးပဝေသဏီခေတ်က ကောင်းကင်မှ ကျလာသည့် ကျောက်တုံးကြီးများကြောင့် ဖြစ်သည်ဟု သူ၏ ဘိုးဘွားများက ပြောသံကြားဖူးကြောင်းဖြင့် ပြောပြ၏။ ဤသို့ ဆိုလျှင် ကောင်းကင်မှ ကျလာသော ဥပါများ ဖြစ်ဟန်တူ၏။ သို့နှင့် ဗစ်ကလီအား တွင်းကြီးများအကြောင်းကို ပြောပြသောအခါ တစ်နေ့တွင် သူသည် တွင်းကြီးများကို ကျွန်ုပ်နှင့်အတူ လိုက်၍ ကြည့်၏။

“မင်းယူဆတဲ့အတိုင်း ကောင်းကင်က ဥပါတွေဆိုရင် ဟိုရှေးအခါ တစ်ချိန်တုန်းက ကမ္ဘာကြီးကို ဥပါတွေ ကျရောက်ထိခိုက်တယ်ဆို မဟုတ်လား၊ သက်ရှိတွေအားလုံး ထိခိုက်ပျက်စီးကုန်ရမယ်၊ နောက်ပြီးတော့ ကျရောက်လာတဲ့ ဥပါတွေရဲ့ အပျက်အစီး အစအနတွေဟာ တွင်းကြီးတွေရဲ့ အောက်မှာ ရှိနေရမယ်။ ဒီတော့ ငါယူဆတာဟာ တွင်းကြီးတွေဟာ ဥပါတွေကြောင့် မဟုတ်ဘဲ၊ အင်မတန်ပြင်းထန်တဲ့ လက်နက်တစ်မျိုးမျိုးကြောင့် ဖြစ်ရမယ်။ နို့ပေမဲ့ . . . ငါပြောတာလည်း မဖြစ်နိုင်သေးဘူးကွာ၊ လက်နက်ကြောင့် မဟုတ်ရင် ဘာ့ကြောင့်လဲဆိုတာတော့ မပြောတတ်ဘူး”

သူသည် ရှေးဟောင်းအဖြစ်အပျက်များနှင့် ပတ်သက်သည့် အဖြစ်အပျက်များကို စိတ်မဝင်စားဘဲ သူ၏ ဆေးကုလုပ်ငန်းကိုသာ လုပ်ကိုင်လျက်ရှိနေတော့၏။ သူ့တွင် အတိတ်ဘဝဟူ၍ မရှိ၊ တမလွန်ဟူ၍လည်း မရှိ၊ ပစ္စုပ္ပန်နှင့် ပစ္စုပ္ပန်ပြဿနာများကိုသာ စိတ်ဝင်စားသူဖြစ်၏။

ကျွန်ုပ်မှာမူ ရှေးဟောင်းပစ္စည်းများကို သုတေသနလုပ်လိုသူ ဖြစ်သည့်အတိုင်း တစ်နေ့တွင် တွင်းကြီးတစ်ခု၏ အောက်ခြေသို့ ရောက်အောင် ကုပ်ကပ်၍ ဆင်းကြည့်၏။ ကျွန်ုပ်နှင့်အတူ တိုင်းရင်းသားအချို့သည် သစ်သားလက်နက်များကိုယူ၍ ပါလာ၏။ အောက်ခြေ၌ကား အထက်မြေပြင်မှ တိုက်စားဆင်းကျလာသည့် မြေများ၊ သို့မဟုတ် ကျောက်မှုန့်များကို တွေ့ရပြီးလျှင် ထိုမြေ၌ မည်သည့်သစ်ပင်တစ်ပင်တလေမျှ ပေါက်ရောက်ခြင်းမရှိချေ။ မြေကို တိုင်းရင်းသားများအား ကျွန်ုပ်က တူးဆွစေသောအခါ မီးတောင်ဝတွင်ရှိသော ကျောက်သားမျိုးနှင့်မတူသည့် လူသားတို့လက်ဖြင့် လုပ်ကိုင်ထားဟန်တူသော ကျောက်တုံးကြီးတစ်တုံးကို တွေ့ရ၏။ ထိုမျှသာမက ကျောက်တုံးပေါ်တွင် သစ်ရွက်နှင့် ပန်းပုံများ ဖော်ထားသော လှပစွာ ထုလုပ်ထား သည့် ပန်းပုရုပ်လုံးများကို တွေ့ရသဖြင့် အလွန့်အလွန် အံ့သြ၍ နေမိ၏။ ထိုမျှသာမက တူးဆွထားသည့် မြေထဲတွင် သက်ရှိမိန်းမတစ်ယောက်၏ လက်အချိုးအစားအတိုင်း ထုလုပ်ထားသည့် လက်တစ်ဖက်ကိုပါ တွေ့ရှိရ၏။ ကျောက်သားလက်မှာ လက်ရာပြောင်မြောက်စွာ ထုလုပ်ထားပြီးလျှင် ရှေး ဂရိတ်ပန်းပုပညာသည်ကြီးများ ထုလုပ်ထားသည့် ကျောက်ရုပ်တုတစ်ခုမှ ကျိုးပဲ့ထွက်ကျနေသော လက်တစ်ဖက်ပင် ဖြစ်ဟန်တူလေသည်။ အခြားအချက်တစ်ချက်မှာ ထိုလက်၏ တတိယလက်ချောင်းတွင် လက်စွပ်သဏ္ဍာန် ထုလုပ်ထားသည့် အရာတစ်ခုကိုပါ တွေ့ရ၏။ သို့သော် ထိုလက်စွပ်၏ ထိပ်ဝချိုင့်နေရာမှာ ပွန်းပဲ့ပျက်စီးလျက် ရှိနေသည်ကို တွေ့ရ၏။

ကျွန်ုပ်သည် ထိုလက်ကို ကျွန်ုပ်၏ အင်္ကျီအိတ်ထဲတွင် ထည့်၍ ယူခဲ့၏။ အချိန်မှာ မှောင်စပြုလာပြီဖြစ်၍ ကျွန်ုပ်လည်း ဆက်လက်ရှာဖွေခြင်း မပြုနိုင်တော့ဘဲ တွင်းပေါ်သို့ တက်ခဲ့ရ၏။ နောက်တစ်နေ့နံနက်၌ ဆက်လက်တူးဖော်မည်ပြုသောအခါ မာရာမားက ဤအလုပ်ကို ပုရောဟိတ်များက ကြိုက်မည်မဟုတ်ကြောင်း၊ မြေတွင် မြုပ်နေသည့် အရာများကို သွားရောက်နှောင့်ယှက်က နတ်များ စိတ်ဆိုးပြီးလျှင် နှောင့်ယှက်သူမှာ ဒုက္ခရောက်လိမ့်မည်ဖြစ်ကြောင်း ပြောဆိုကာ ကျွန်ုပ်အား အနူးအညွတ် တောင်းပန်လေတော့၏။

ကျွန်ုပ်က ဇွတ်အတင်းသွားရန် ကြိုးစားသောအခါ မာရာမားက ကျွန်ုပ်အား သွားလိုလျှင် တစ်ယောက်တည်းသွားနိုင်ကြောင်း၊ သို့သော် တိုင်းရင်းသားများ တစ်ယောက်တလေမျှ လိုက်လိမ့်မည်မဟုတ်ကြောင်း ပြောဆိုပြီးလျှင် ကျွန်ုပ်ကိုလည်း မသွားရန် အတန်တန် တားမြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်မှာ သွားရောက်ဆက်လက်ရှာဖွေရန်အကြံကို ဝမ်းနည်းစွာနှင့်ပင် လက်လွှတ်လိုက်ရတော့၏။

[ ၈ ]

## သာသနာ့အဇာနည်ဖြစ်ရန် ဇာတ်စတင်ကြိုးစားခြင်း

တွင်းကြီး၏ အောက်ခြေတွင် ရုပ်လုံးများ ထုထားသည့် ကျောက်တုံးကြီးနှင့် ကျောက်သားလက်ပြတ်ကလေးတစ်ခု တွေ့ရသည့်အတွက် ကျွန်ုပ်မှာ အတော်ပင် စိတ်ဝင်စား၍နေမိ၏။ တွင်းကြီးအနီးရှိ ကြီးမားသော ရှေးဟောင်းအဆောက်အဦကြီးတစ်ခုမှ ပြိုကျပျက်စီးသွားခဲ့ခြင်း ဖြစ်လေသလော၊ ကျွန်ုပ်တွေ့ရသော ကျောက်တုံးမှာလည်း အလွန်ကြီးမားသော ကျောက်တုံးကြီးတစ်ခု၏ တစ်စိတ်တစ်ဒေသ အကျိုးအပဲ့မျှသာဖြစ်၍ ကျောက်တုံးကြီးတစ်ခုလုံးမှာ အလွန်ကြီးမား၍ တန်ချိန်များစွာ လေးလံပေလိမ့်မည်။ ဤမျှလောက် ကြီးမားသည့် ကျောက်တုံးကြီးကို မည်သည့်သင်္ဘောကမျှ တင်ဆောင်လာမည် မဟုတ်ပေ။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ အတွင်း ဤကျွန်းသို့ သင်္ဘောတစ်စင်းတလေမျှ ဆိုက်ရောက်ရှိခဲ့ခြင်းမရှိ။ အကယ်၍ ရှိလျှင်လည်း တိုင်းရင်းသားများ၏ ဘိုးဘွားများ သိရှိမှတ်မိကြပေလိမ့်မည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဤနေရာတွင် ရုပ်လုံးရုပ်တုများ ထွင်းထုထားသည့် ရှေးဟောင်းအဆောက်အဦကြီးတစ်ခု ရှိခဲ့ဟန်တူ၍ ၎င်းမှာ ယခု ပျောက်ကွယ်သွားပြီဖြစ်သော ရှေးပဝေသဏီခေတ်မှ ယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်ရပေမည်။ ဗစ်ကလီ၏ အယူအဆမှာ ကျွန်ုပ်တို့ကမ္ဘာကြီးသည် သက်တမ်းရှည်ကြာလှပြီဖြစ်၍ လူသားများ မှတ်တမ်းမတင်ခဲ့သည့် အဖြစ်အပျက်များ များစွာ ရှိခဲ့ဖူးလိမ့်မည်ဟု ဆို၏။ ဗက်စတင်သည်ပင် အတော်အတန် စိတ်ဝင်စားလျက် . . .

"အိုကွာ . . . ဒါတွေဟာ တစ်ယောက်ယောက်က ထားပစ်ခဲ့တာတွေပဲဖြစ်မှာပေါ့၊ ဘာများအရေးကြီးလို့လဲကွ၊ မဟုတ်ဘူးလား"

ဟု ပေါ့ပေါ့ဆဆ ပြောလိုက်၏။ သို့သော် သူ၏စိတ်ဝင်စားမှုမှာ တစ်ခဏတာမျှသာ ဖြစ်လေသည်။

ကျွန်ုပ်မှာမူ ရှေးဟောင်းပစ္စည်းများနှင့် ခက်ခဲနက်နဲသော အရာများကို အထူးစိတ်ဝင်စားသူဖြစ်သဖြင့် ၎င်းတို့ကို အလွယ်တကူ မေ့ပျောက်၍ မရနိုင်ချေ။ ထိုအခါ ရေအိုင်ကြီးအလယ်မှ မရောက်မပေါက်နိုင်သည့် တောင်ကြီးကို သွား၍ သတိရမိ၏။ ဤတောင်ကြီးကိုသာမက ကမ်းပါး၏ထိပ်မှနေ၍ မှန်ပြောင်းဖြင့် ကြည့်ရာတွင် ထိုတောင်၌မြင်ရသော အပျက်အစီးများ သဖွယ်ဖြစ်နေသည့် အရာများကိုပါ သွား၍သတိရလိုက်မိ၏။ သို့နှင့် ထိုအရာ များကို သွားရောက်ကြည့်ရှုရန် ဆန္ဒပြင်းပြလျက်ရှိနေတော့၏။

တစ်နေ့သောနံနက်တွင် ကျွန်ုပ်သည် မည်သူ့ကိုမျှ မပြောဘဲ ရေအိုင်စပ်ဆီသို့ တစ်ယောက်တည်း လျှောက်လာခဲ့ရာ ခရီးမှာ ၅ မိုင်၊ ၆ မိုင်ခန့်ဝေး၍ အသွားအလာ ခက်ခဲလှ၏။ ရေအိုင်စပ်သို့ရောက်လျှင် ရေအိုင်အလယ်ရှိ ကတော့သဏ္ဌာန် တောင်ထွတ်မှာ ထင်သည်ထက် ပို၍ကြီးမားပြီးလျှင် အဝန်းကျယ်လျက် အမြင့်မှာ ပေ ၃၀၀ ခန့် ရှိမည်ထင်ရ၏။ ၎င်းမှာ ရေအိုင်စပ်မှ ၁ မိုင်ခန့်ဝေးရာ တောင်ထွတ်၏နံဘေး တောင်စောင်းတွင် တစ်ခါက လှေကားထစ်များရှိခဲ့ဟန်တူ၍ ကျယ်ပြန့်သည့် အထစ်ကြီးတစ်ခုမှာ တောင်ထွတ်၏အလယ်တွင် ရှိနေလေသည်။ နေကို မျက်နှာမူလျက်ရှိနေသည့် အထစ်ကြီးပေါ်တွင်ကား အပျက်အစီးများ ပုံလျက်ရှိနေသည်ကို မြင်ရ၏။ မှန်ပြောင်းဖြင့် အသေအချာကြည့်သောအခါ အရောင်ရှိသော ကျောက်များဖြင့် တည်ဆောက်ထားသည့် အလွန်ကြီးမားသော အဆောက်အဦမှ အပျက်အစီးများ ဖြစ်ဟန်တူသည်ကို တွေ့ရလေသည်။ ၎င်းမှာ မြေငလျင်ကြောင့်သော်လည်းကောင်း၊ ပေါက်ကွဲမှုတစ်ခုခုကြောင့်သော်လည်းကောင်း ပျက်စီးခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ထို့ပြင် ကြီးမားသော ဝင်းပေါက်ကြီးတစ်ခု၏ ကျောက်တိုင်လုံးကြီးများနှင့် ပျက်စီးနေသော နံရံတံတိုင်းများကိုလည်း တွေ့မြင်ရလေသည်။

ထိုအရာများကို ကြည့်ရင်း ကျွန်ုပ်မှာ အလွန်အမင်း အံ့ဩကာ ဤတောင်ထွတ်သို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီးလျှင် ကြည့်ရှုလေ့လာလိုသော ဆန္ဒပြင်းပြလျက်ရှိနေ၏။ တောင်ခြေရင်းတွင် ချုံပုတ်များ ဖုံးအုပ်နေသည့် ဆိပ်ခံကျောက်တံတားလိုလို ပျက်စီးနေသည့် ကျောက်တန်းတစ်ခုကိုလည်း တွေ့ရ၏။ ကျောက်တန်း၏ အဆုံးတွင် ပေ ၂၀၀၊ ၃၀၀ မျှ ကျယ်ပြန့်သော ကျောက်ပြားကြီးတစ်ခုရှိရာ ထိုနေရာသို့ရောက်အောင်ပင် ရေကူးသွားရန်မှာ ဝေးလွန်းရုံမျှမက ရေထဲတွင် မိကျောင်းများလည်း ရှိကောင်းရှိပေလိမ့်

မည်ဟု စဉ်းစားမိ၏။ သို့နှင့် စဉ်းစားရင်း ရေအိုင်စပ်တွင် ခေါက်တုံ့ခေါက် ပြန် လျှောက်၍နေရာမှ ခြေသွားလမ်းကလေးတစ်ခုကို တွေ့ရသဖြင့် ကျွန်ုပ် လည်း ၎င်းလမ်းကလေးအတိုင်း လိုက်သွားရာ လှေများထားရန် ထန်းလက် များမိုးထားသည့် တဲကလေးတစ်ခုဆီသို့ ရောက်သွား၏။ တဲကလေးအတွင်း ၌ကား လှော်တက်အပြည့်အစုံဖြင့် ရှိနေသည့် လှေကလေး ၂ စင်းကို တွေ့ရ လေသည်။

သို့နှင့် ကျွန်ုပ်လည်း ရေအိုင်အလယ်ရှိ ကျွန်းသို့ရောက်အောင် လှေတစ်စင်းဖြင့် လှော်ခတ်သွားတော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်ပြီးနောက် လှေတစ်စင်းပေါ်သို့ တက်မည်အပြု၌ တဲပေါက်ဆီမှ အရိပ်ကြီးတစ်ခု ထိုးဝင် လာပြီးနောက် လူတစ်ယောက် ဝင်လာသဖြင့် ကျွန်ုပ်မှာ ခိုးထုပ်ခိုးထည်နှင့် အမိခံရသကဲ့သို့ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားတော့၏။ ဝင်လာသူကား အခြား သူမဟုတ်၊ မာရာမားပင် ဖြစ်တော့၏

"ပင်လယ်မှလာသောမိတ်ဆွေ . . . ဘယ်လိုလဲ၊ သင် ဒီမှာ ဘာလာ လုပ်နေတာလဲ"

(ကျွန်ုပ်အား ဤကျွန်းမှ တိုင်းရင်းသားများက 'ပင်လယ်မှလာသော မိတ်ဆွေ' ဟု အမည်ပေးထား၏။)

"ရေအိုင်ထဲမှာ လှေလှော်ထွက်မလို့ပဲ စော်ဘွားကြီးရဲ့"

"ဟုတ်ကဲ့လား မိတ်ဆွေ၊ သင့်ကို ကျွန်ုပ်တို့က ကောင်းစွာမပြုစုတဲ့ အတွက် သင် လောကကြီးကို ငြီးငွေ့သွားပြီလား"

"ဘာကို ဆိုလိုတာလဲဗျ"

"ကျွန်ုပ်ရှင်းပြပါမည်၊ နေရောင်ထဲကို ထွက်ခဲ့ပါလေ"

ပထမတွင် ကျွန်ုပ်သည် ခပ်ဆိုင်းဆိုင်းလုပ်နေသေး၏။ သို့သော် မာရာမားက သူ၏ လေးလံလှသော သစ်သားလှံကြီးကို မြှောက်လိုက်သည် ကို မြင်သောအခါမှ ကျွန်ုပ်အတွက် လက်နက်မပါကြောင်း သတိရသည့်အတိုင်း အသာထွက်လာခဲ့၏။

ကျွန်ုပ်က ဒေါသထွက်လျက် . . .

"ဒါက ဘာသဘောလဲ စော်ဘွားကြီး"

"ဒီလိုပါမိတ်ဆွေ သည်းညည်းခံပြီးတော့သာ နားထောင်ပါ။ ဒီကနေ့ မနက် သင်ရွာက ထွက်သွားတာကို ကျွန်ုပ်တွေ့လိုက်ရတဲ့အတွက် သင်္ကာ မကင်းဖြစ်ပြီး သင့်နောက်ကို လိုက်လာခဲ့တယ်၊ ပုရောဟိတ်တွေကို ဘာမှ မပြောဘဲ ကျွန်ုပ်တစ်ယောက်တည်း လိုက်လာခဲ့တယ်။ ပုရောဟိတ်တွေကတော့ ဟို 'ဦးအာကျယ်' (တရားဟောလွန်းသော ဗက်စတင်အား ပေးထားသည့်

အမည်) ကို သူတို့အကြောင်းနဲ့ သူတို့ စောင့်ကြည့်နေကြလေရဲ့။ ကြီးတဲ့ဟာကို ငယ်အောင်၊ ငယ်တဲ့ဟာကို ကြီးအောင်၊ အဝေးမှာရှိတဲ့ဟာကို နီးလာအောင် လုပ်လို့ရတဲ့ သင့်ရဲ့ ဓာတ်ပြောင်းကြီးတွေနဲ့ သင်ဟာ တောင်ကြီးရဲ့ လျှို့ဝှက်ချက်တွေကို စုံစမ်းနေတာကို ကျွန်ုပ်တွေ့ရတယ်၊ နောက်ပြီးတော့ လေ့တွေ ဆီသွားတာ တွေ့ရလို့ အခုလိုက်လာခဲ့တယ်"

"ဘာကြောင့် ဒီလိုလိုက်လုပ်နေရတာလဲ"

"ပင်လယ်ကလာတဲ့ မိတ်ဆွေ၊ ဟောဟိုက တောင်ကြီးဟာ အိုရိုဖီးနားလို့ခေါ်တယ်၊ အဲဒီနာမည်ကို အစွဲပြုပြီး ဒီကျွန်းကိုလည်း အိုရိုဖီးနားကျွန်းလို့ ခေါ်တယ်၊ ဒီတောင်ကြီးဟာ မြင့်မြတ်တဲ့ တောင်ကြီးရယ်လို့ သင့်ကို ကျွန်ုပ် ပြောထားဖူးတယ်မဟုတ်လား"

"ဟုတ်တယ် ပြောဖူးတယ်လေ၊ အဲဒါဘာဖြစ်သလဲ"

"ဘာဖြစ်သလဲဆိုရင် အဲဒီအပေါ်မှာ ခြေချတဲ့လူဆိုရင် သေတတ်တယ်၊ သင်ဟာ ဘယ်လောက်ပဲ ကြီးကျယ်ပေမယ်လို့ တခြားလူတွေလို သေရမှာပဲ၊ သင့်ကိုတော့ ကျွန်ုပ် ချစ်ပါတယ်၊ တဲထဲက သင်ထွက်မလာရင်တော့ သင်သေမသေ ကျွန်ုပ် သိရတော့မှာပဲ"

"ဒီလိုဆိုရင် လေ့တွေက ဘာလုပ်ဖို့ထားတာလဲ"

"ဒီမယ် မိတ်ဆွေ ဟောဟိုက ကျောက်ပြားကြီး မြင်တယ်မဟုတ်လား၊ အဲဒါရဲ့ ဟိုဘက်မှာ အပေါက်တစ်ပေါက် ရှိတယ်လေ၊ ဒါဟာ ဂူကြီးရဲ့ အပေါက်ဝပဲ၊ သင်တို့ကို ဒီကျွန်းရောက်အောင် ဆောင်ယူလာတဲ့ လေမုန်တိုင်းကြီးကြောင့် ဒီဂူဝကြီး အခုပေါ်ပြီးလာတာ။ တဲထဲက လေ့တွေကတော့ ယဇ်ပသဖွယ်ရာ ပစ္စည်းတွေကို သယ်ယူဖို့ပဲ၊ ယူသွားပြီး အဲဒီကျောက်ပြားကြီးပေါ်မှာ တင်ထားခဲ့ရတယ်၊ ကျောက်ပြားကြီးကို လွန်ပြီး ဘယ်သူမှ ဟိုဘက် မသွားရဘူး၊ ရှေးပဝေသဏီအစကတည်းက ဘယ်သူမှလည်း မသွားဖူးဘူး"

"ဘယ်သူ့ကို ပူဇော်ပသဖို့လဲ"

"အဲဒီမှာနေတဲ့ အိုရိုမားတူးဝါးလို့ခေါ်တဲ့ ကွယ်လွန်သူတွေရဲ့ ဝိညာဉ်တွေအတွက်ပဲ"

"အိုရိုမားတူးဝါး . . . အိုရို . . . ဘယ်လိုလဲ၊ စကားလုံးတွေက အိုရိုဆိုတဲ့စကား ပါနေတာချည်းပါပဲလား၊ အိုရိုဆိုတာက ဘာလဲ၊ ဘယ်သူလဲဗျ"

"ဒီမှာ မိတ်ဆွေရဲ့၊ အိုရိုဆိုတာ နတ်ပါ၊ ပုရောဟိတ်တွေရဲ့ အဆိုကတော့ ဒီနတ်ရဲ့ အထက်မှာ နတ်ကြီးတစ်ပါးရှိသေးတယ်တဲ့။ ဒီနတ်ကြီးကိုတော့ 'ဒေဂိုင်း' လို့ ခေါ်တယ်။ အဓိပ္ပာယ်ကတော့ ဖန်ဆင်းသူအရှင်၊ ကံကြမ္မာ

ကို စီမံသူအရှင်ပေါ့။ သူက အားလုံးကို ဖန်ဆင်းပြီး အားလုံးကို စီမံခန့်ခွဲကြိုးကိုင်တယ်"

"ထားပါတော့လေ၊ သို့သော် ဒေဂိုင်းရဲ့ လက်အောက်က နတ်၊ အိုရိုဟာ ဒီတောင်ကြီးမှာနေတယ်လို့ သင်က ဘာကြောင့် ပြောရတာလဲ၊ ကျွန်ုပ်ထင်တာကတော့ အိုရိုနတ်ဟာ ဟောဟို သစ်ပင်အုပ်မှာ နေတယ်လို့ ထင်နေတာ။ သူ့ရုပ်တုကို သင့်ပုရောဟိတ်တွေက အဲဒီမှာထားတယ် မဟုတ်လား"

"တောင်ပေါ်မှာနေတယ်လို့ အစကတည်းက ယုံကြည်လာခဲ့ကြတာပါ၊ သစ်ပင်အုပ်ထဲမှာရှိတဲ့ ရုပ်တုဆီကိုတော့ နတ်က တစ်ခါတစ်ရံ လာတတ်တယ် . . . ကိုင်းပါလေ၊ သင် ဒီကိုရောက်နေတယ်ဆိုတာကို ပုရောဟိတ်တွေ သိမသွားခင် ပြန်ကြပါစို့။ လှေတွေကိုလည်း မေ့ပစ်လိုက်ပါတော့"

သူ၏အလိုကို လိုက်လျောလျှင် ကောင်းလိမ့်မည်ဟု ထင်သည့်အတိုင်း ကျွန်ုပ်လည်း သူနှင့်အတူ ရွာသို့ ပြန်လာခဲ့၏။ သိလိုသော အချက်များကိုလည်း သူ့အား လမ်းတွင် မေးကြည့်၏။ သို့သော် တောင်ပေါ်၌ ပျက်စီးနေသည့် အဆောက်အဦကြီးများကို မည်သူတည်ဆောက်ခဲ့သည်၊ မည်သူက ဖျက်ဆီးပစ်သည်၊ တောင်နံဘေးစောင်းမှ အထစ်ကြီးများ မည်ကဲ့သို့ဖြစ်လာသည် စသည်တို့ကို သူမသိသဖြင့် မပြောနိုင်ချေ။ သို့သော် သူသိသမျှမှာ ကျွန်ုပ်တို့၏ ရွက်သင်္ဘောကို ကျွန်းပေါ်သို့ ရောက်အောင် ရိုက်ခတ်လိုက်သော ဒီလှိုင်းကြီး၏ သွက်သွက်ခါအောင် တုန်သွားသည့် သဘာဝ လှုပ်ရှားမှုကြီးကြောင့်ဖြစ်ကြောင်း၊ ယင်း လှုပ်ရှားမှုကြီးကြောင့် တောင်ကြီးမှာ သစ်ပင်တစ်ပင်ကဲ့သို့ လှုပ်ရှားယိမ်းယိုင်ပြီးလျှင် တောင်၏အတွင်းပိုင်းမှနေ၍ တစ်စုံတစ်ရာ ရှန်းကန်ထိုးထွက်လာသကဲ့သို့ တောင်ကြီးမှာ ရေပြင်မှ အထက်သို့ ပေပေါင်းများစွာ ထိုးတက်လာသည်ကို တွေ့မြင်ရကြောင်း။ ထိုအခါ ဂူဝကြီးလည်း ထွက်ပေါ်၍လာကြောင်း။ ပုရောဟိတ်များ၏ အဆိုအရ တောင်ကြီးတွင်နေသည့် အိုရိုမားတူးဝါးများ လှုပ်ရှားလာသဖြင့် ဤသို့ဖြစ်ရကြောင်း၊ ကြီးကျယ်သော အဖြစ်အပျက်များ ဖြစ်လာမည့် ရှေ့ပြေးနိမိတ်ဟု သူတို့က ပြောကြောင်း၊ သူတို့၏ ကျွန်းသို့ ကျွန်ုပ်တို့ ဆိုက်ရောက်လာခြင်းမှာ ကြီးကျယ်သော ဖြစ်ရပ်တစ်ခုဖြစ်သဖြင့် သူတို့ပြောသည်မှာ မှန်ကန်နေကြောင်း စသည်ဖြင့် မာရာမားက သူသိသမျှ ပြောပြလေသည်။

သူ့ထံမှ နောက်ထပ်တစ်စုံတစ်ရာ မကြားရသဖြင့် ကျွန်ုပ်က ကျေးဇူးတင်ကြောင်း ပြောပြပြီးလျှင် စကားလက်စ ဖြတ်လိုက်၏။ သို့သော် ကျွန်ုပ်စိတ်ထဲ၌ကား သေမင်းနှင့် ရင်ဆိုင်စေရကာမူ၊ တောင်ကြီးဆီသို့ အရောက်သွားမည်ဟုကား စိတ်ကို ပိုင်းဖြတ်လိုက်၏။ သံလိုက်ဓာတ်သည် သံကို ဆွဲ

ငင်သကဲ့သို့ ကျွန်ုပ်ကိုလည်း ထိုတောင်ကြီးဆီသို့ သွားရန် တစ်စုံတစ်ခုသော တန်ခိုးသတ္တိက ဆွဲငင်နေသကဲ့သို့ ကျွန်ုပ်၏ စိတ်တွင် ခံစားနေရ၏။

ထို့နောက် မကြာမီပင် ကျွန်ုပ်လည်း တောင်ကြီးဆီသို့ ရောက်ရန် အောက်ပါအတိုင်း မမျှော်လင့်ဘဲ အကြောင်းတစ်ခု ဖြစ်ပေါ်လာလေသည်။ တစ်ညတွင် ဗက်စတင်အား ကျွန်ုပ်က သူ့သာသနာပြုလုပ်ငန်း အခြေအနေ အကြောင်း မေးမြန်းရာ၊ သူက အခြေအနေကောင်းကြောင်း။ သို့သော် အနှောင့် အယှက်တစ်ခုရှိနေကြောင်း။ ထိုအနှောင့်အယှက်မှာ အခြားမဟုတ် သစ်ပင် အုပ်ကြီးအတွင်းရှိ နတ်ရုပ်ကြီးပင် ဖြစ်ကြောင်း၊ ဤနတ်ရုပ်ကြီးသာမရှိလျှင် တစ်ကျွန်းလုံး ခရစ်ယာန်များ ဖြစ်လာနိုင်ကြောင်း ပြောပြလေသည်။

"ခက်တာက ဒီလိုကွ . . . ခရစ်ယာန် လုပ်ချင်တဲ့လူတွေက ဒီအရုပ် ကြီးရှိနေသမျှ သူတို့ရေဖျန်းမခံဝံ့ကြဘူးတဲ့၊ အရုပ်ကြီးထဲမှာ ရှိတဲ့နတ်ဟာ သူတို့ကို ဖမ်းစားလိမ့်မယ်။ ဒီလိုမှမဟုတ်ဘဲ ညအချိန်မှာ တောအုပ်ထဲက ထွက်လာပြီး သူတို့ကို သတ်လိမ့်မယ်လို့ ယုံကြည်နေကြတယ်"

"အဲဒီနတ်ဆိုတာက ဟို ပုရောဟိတ်ကောင်တွေပဲ မဟုတ်လားကွ"

"ဟုတ်တာပေါ့ အာဗူနော့ရ၊ မိုးခေါင်တဲ့အခါများဆိုရင် ဒီပုရောဟိတ် ကောင်တွေက လူကိုတောင်သတ်ပြီး ရုပ်တုကြီးကို ပူဇော်ကြသေးတယ်ဆိုပဲ"

"ဟုတ်လိမ့်မယ်ကွ၊ ဒီနတ်ရုပ်တုကို ပြပြီး ကျွန်းသားတွေအပေါ် သူတို့ ဩဇာ လွှမ်းမိုးနိုင်အောင် သူတို့က လုပ်မှာပေါ့။ ဒီတော့ ဒီရုပ်တုကို ဘယ်နည်းနဲ့မှ သူတို့ မပူဇော်ဘဲ နေကြမှာမဟုတ်ဘူး။ တို့ကတော့ ယဇ် အပူ ဇော် မခံနိုင်ဘူး မဟုတ်လား။ ကိုင်းပါလေ ဒီကိစ္စ ဒီတင်ပဲ ရပ်လိုက်ပါတော့"

သို့ရှိစဉ် တစ်စုံတစ်ယောက်က ခေါ်သဖြင့် အပြင်သို့ ထွက်လာရာ ဗက်စတင်မှာ အာဇာနည်သူရဲကောင်း ဖြစ်လိုလှသည့်အတိုင်း နှုတ်မှလည်း ဤအကြောင်းများကို ရေရွတ်ရင်း ကျန်ရစ်ခဲ့၏။ သူ၏ဆန္ဒမှာ အလွန်ပြင်း ထန်လျက် ထိုအရုပ်ကြီးကို အခြားသူများ ဖယ်ရှားမပစ်က သူကိုယ်တိုင် ဖယ် ရှားဖျက်ဆီးပစ်မည်ဟူသော အကြံရှိဟန်တူ၏။

သို့သော် သူ၏အကြံကို ကျွန်ုပ်တို့အား တစ်ခွန်းတလေမျှ ဖွင့်ဟ မပြောချေ။ တရားဟောခြင်း၊ စာသင်ခြင်း စသည်တို့ကို ဟန်မပျက် လုပ်မြဲ လုပ်လျက် ရှိလေသည်။ တစ်နေ့တွင် ဗက်စတင်သည် အိတ်ထဲတွင် ဝီစကီ ပုလင်းနှင့်တူသော ပုလင်းတစ်လုံးကို ထည့်ကာ လမ်းသလား၍ နေသည်ကို ဗစ်ကလီက မြင်လိုက်သဖြင့် . . .

"ဟော့ မင်းရဲ့ သီလ ကျိုးသွားပလားကွ၊ အခု မင်း ခွက်ပုန်းခုတ်နေ တယ်ဆိုတာ မသိပါဘူးကွာ"

"ဟေ့ ငါက အရက်ကို ပုန်းလျှိုးကွယ်လျှိုး ချနေတယ်လို့ မင်းပြောရင်တော့ ဒီတစ်ခါ မင်းဟာ အမှားကြီး မှားနေတာပေါ့ကွာ၊ ဒီပုလင်းထဲမှာ စကော့ဝီစကီ မပါဘူး။ ရေနံဆီပဲ ပါတယ်ကွ၊ ပုလင်းပတ်စက္ကူကို မြင်လို့ မင်းက ပြောနေတာမဟုတ်လား"

"နေပါဦး ရေနံဆီကို မင်းက ဘာလုပ်မလို့လဲ"

ဇက်စတင်မှာ အမူအရာပျက်ကာ မျက်နှာနီ၍သွားပြီးလျှင် . . .

"ဟေ့ ရေနံဆီ အနံ့ကိုသာ ခံနိုင်လို့ အသားပေါ်မှာ ရေနံဆီသုတ်ထားရင် ခြင်မကိုက်ဘူးကွ၊ နို့ပေမဲ့ ဒီလိုလုပ်ဖို့ ငါယူလာတာမဟုတ်ဘူး။ အမှန်ကတော့ ငါစမ်းသပ်မှု တစ်ခုလုပ်နေတယ်၊ သစ်သားနဲ့ မီးအိမ်တစ်ခု ငါ လုပ်ထားတယ်၊ ဒီမီးအိမ်ကို စမ်းကြည့်ဖို့ကွ"

ဟု ပြောလိုက်ပြီးနောက် ကမန်းကတန်း ထွက်သွားလေသည်။

"တယ်ခက်တဲ့အကောင်ပဲကွာ၊ ရေနံဆီများ သူက ဘာလုပ်ဖို့ ယူလာသလဲမသိဘူး။ ရေနံဆီကို ဆေးဝါးအဖြစ်နဲ့ သောက်နိုင်တယ်လို့တောင် မနေ့က သူပြောတယ်"

"သူကိုယ်တိုင်သောက်ပြီး သူမှန်တယ်ဆိုတာကို ပြချင်လို့နဲ့ တူပါရဲ့ကွာ"

နောက်တစ်နေ့နံနက် အရုဏ်မတက်မီပင် ကျွန်ုပ်သည် အိပ်ရာမှ နိုးလာ၏။ ကျွန်ုပ်မှာ နက္ခတ္တဗေဒကို အခြေခံမှု တတ်ထားသဖြင့် ကြယ်များကို ကြည့်ပြီးလျှင် ကျွန်ုပ်တို့ မည်သည့်နေရာသို့ ရောက်နေသည်ကို တွက်ကြည့်ရန် အိပ်ရာမှ စောစောထခြင်းဖြစ်၏။ ဤကျွန်းသို့ ကျွန်ုပ်တို့ ရောက်လာခဲ့သည့်အချိန်ကလည်း ကျွန်ုပ်ယူလာခဲ့သော စွယ်စုံကျမ်းနှင့် တိုက်ဆိုင်ကြည့်မိသေး၏။ သို့သော် ကြယ်များကို ကြည့်၍ တွက်ချက်ခြင်းကိုမူ ကျွန်ုပ်ကောင်းစွာ မတတ်ကျွမ်းသဖြင့် နေရာကို အတိအကျ မသိချေ။

အိမ်မှအထွက်တွင် ကျွန်ုပ်သည် ဇက်စတင်အိပ်သော အခန်းဘက်သို့ လှမ်း၍ကြည့်မိရာ ဇက်စတင်မှာ အိပ်ရာပေါ်တွင် မရှိချေ။ ဤကဲ့သို့ အချိန်မတော်ကြီးတွင် သူသည် မည်သည့်နေရာသို့ သွားလေသနည်း။ ကြယ်များကို ကြည့်ရန် ကျွန်ုပ် ရွေးချယ်ထားသော နေရာမှာ ကွင်းပြင်တစ်ခုအတွင်း ထိုးထွက်နေသော ကုန်းမြင့်တစ်ခုဖြစ်ရာ ကျွန်ုပ်နှင့်အတူ တော်မီလည်းပါလာ၏။ ထိုနေရာသို့ရောက်၍ မှန်ပြောင်းဖြင့်ကြည့်လိုက်ရာ ကုန်းမြင့်၏ အောက်ခြေတွင် အပြေးအလွှား ဖြတ်သန်းသွားနေသည့် တိုင်းရင်းသားများကို အံ့သြစွာ တွေ့မြင်လိုက်ရ၏။ သူတို့သည် သစ်ပင်အုပ်ကြီးရှိရာသို့ ပြေးသွားလျက်ရှိရာ တစ်စုံတစ်ယောက်က ကျွန်ုပ်အား ပြောဖူးသည်ကို ပြန်၍သတိရမိ၏။

ငှင်းမှာ အခြားမဟုတ်၊ ယခုနေ့ နံနက် အရဏ်တက်တွင် အိုရိုနတ်ကြီးအား ယဇ်ပူဇော်မည်ဟု မာရာမားက ကျွန်ုပ်အား ပြောထားဖူးခြင်းပင် ဖြစ်ပေမည်။ ထို့နောက် ကျွန်ုပ်လည်း ထိုအကြောင်းများကို မစဉ်းစားဘဲ ကြယ်များကိုသာ အာရုံစိုက်ကာ ကြည့်ရှုလျက်ရှိလေသည်။ သို့သော် ကြည့်ရှုတွက်ချက်မရတော့သဖြင့် ထိုအလုပ်ကို ရပ်ပစ်လိုက်ရတော့၏။

ကုန်းမြင့်ကလေးပေါ်မှ ပြန်၍မဆင်းမီ ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုမိရာတွင် နတ်ရုပ်ကြီးရှိသည့် မိုင်ဝက်ခန့်ဝေးသော သစ်ပင်အုပ်ကြီးဆီမှ မီးတောက်မီးလျှံများ ရုတ်တရက် ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။ အိုရိုနတ်ကြီးအား ငှက်မွေး ငှက်တောင်များဖြင့်လည်းကောင်း၊ တခြား ဝတ်စားတန်ဆာများဖြင့်လည်းကောင်း ဆင်ယင်ထားသည်ကို ကျွန်ုပ်သိပြီးဖြစ်၏။ မီးတောက်ကြီးမှာ ကောင်းကင်သို့ ထိုးတက်သွားပြီးလျှင် ပေါက်ကွဲသံကြီး တစ်ခုကိုလည်း ထိုနေရာမှ ကြားရ၏။ ထို့နောက် ရုတ်တရက် မီးငြိမ်းသွားပြီးလျှင် ဒေါသထွက်နေသော လူအုပ်ကြီး၏ အော်ဟစ်ဆူညံသံများကိုပါ ကြားရလေသည်။

ကုန်းမြင့်ကလေးအောက်ခြေသို့ ရောက်သောအခါ ကျွန်ုပ်မှာ ထိုအသံများ ဖြစ်ပေါ်လာသည့်အကြောင်းကို ထိုအခါမှ ရိပ်စားမိတော့၏။

ထိုအချိန်လောက်တွင် ဗစ်ကလီမှာ လူနာများကို ကြည့်ရှုလျက်ရှိရာမှ ရောက်လာပြီးလျှင် ယမ်းတောင့်များကို မည်သူပစ်ဖောက်နေသနည်းဟု မေးရာ ကျွန်ုပ်က ဘာကိုမျှ မသိရသေးကြောင်းဖြင့် ပြောလိုက်ရ၏။ ထိုအခါ ဗစ်ကလီက . . .

"မင်းမသိပေမဲ့ ငါသိပြီဟေ့ . . . ဟို ဗက်စတင်အကောင်ပဲ ဖြစ်ရမယ်၊ ဒီကောင် တစ်ခုခုတော့ အကြံထုတ်နေပြီ၊ ရေနံဆီကို ဘာဖြစ်လို့ ယူသွားသလဲဆိုတာ အခု ငါသဘောပေါက်ပြီဟေ့၊ ကိုင်း . . . ဆူဆူညံညံသံတွေကို မင်းနားထောင်စမ်း၊ ဒီအကောင်တွေ ဘာများ လုပ်နေကြပါလိမ့်"

"ဟ . . . ဒီအကောင်တွေ ဗက်စတင်ကို သတ်ပြီး ယဇ်ပူဇော်တာ ဖြစ်မှာပေါ့"

ကျွန်ုပ်က နောက်သလို ပြောလိုက်ပြီးနောက် ဆက်လက်၍ . . .

"မင်းမှာ ပစ္စတိုပါသလား"

ထိုအခါ ဗစ်ကလီက ဦးခေါင်းကို ညိတ်ပြလေသည်။ ကျွန်ုပ်တို့မှာ အိမ်ပြင်သို့ အချိန်မတော်ထွက်လျှင် ပစ္စတိုများကို ဆောင်ကြစမြဲဖြစ်၏။

ကျွန်ုပ်တို့သည် အသံကြားရာသို့ အပြေးအလွှားလာခဲ့ကြ၍ ကိုက် ၁၀၀ ခန့်အရောက်တွင် ကျွန်ုပ်တို့ထံသို့ အော်ဟစ်ပြေးလွှားလာသော တိုင်း

ရင်းသူ မိန်းကလေးတစ်ယောက်ကို မြင်လိုက်ရ၏။ မိန်းကလေးမှာ ဗက်စတင်၏ တရားများကို ယုံကြည်သက်ဝင်၍ ခရစ်ယာန်ဖြစ်လာသူ မိန်းကလေးဖြစ်၏။

"ကယ်ကြပါရှင် . . . ကယ်ကြပါ၊ ဦးအာကျယ်ကို သူတို့ မီးနဲ့ သတ်ပြီး ဝက်လိုကင်ပါတော့မယ်"

"အင်း . . . ငါထင်တဲ့အတိုင်းပါပဲ"

အချိန်မရှိတော့သဖြင့် ကျွန်ုပ်တို့လည်း ထိုနေရာသို့ အပြေးအလွှား သွားကြရတော့၏။ သို့ပြေးလွှားသွားစဉ် မိန်းကလေးက အိုရိုနတ်အား ယဇ် ပူဇော်ပသရန် သူတို့ပြင်ဆင်နေကြစဉ် ဆရာကြီး ဗက်စတင် ရောက်လာ၍ နတ်ရုပ်ကြီးကို သူက မီးနှင့်ရှို့ကြောင်း၊ နတ်ရုပ်ကြီးမှာ ချက်ချင်း မီးလောင် သွားပြီးလျှင် ဗက်စတင် ထွက်ပြေးသွားကြောင်း၊ ထိုအချိန်၌ ပေါက်ကွဲသံ ကြီး ထွက်ပေါ်လာပြီးလျှင် နတ်ရုပ်ကြီးမှာ အစိတ်စိတ် အမွှာမွှာ ကွဲထွက် သွားကြောင်း၊ မီးစွဲတောက်လောင်နေသော နတ်ရုပ်၏ ခေါင်းကြီးမှာ လေထဲ သို့ မြောက်တက်သွားပြီးလျှင် ပြန်၍ကျလာသောအခါ ပုရောဟိတ်တစ်ယောက် ၏ ဦးခေါင်းပေါ်သို့ ကျသဖြင့် ထိုပုရောဟိတ်မှာ သေသွားကြောင်း၊ ထိုအခါ အခြား ပုရောဟိတ်များနှင့် လူများက ဦးအာကျယ်အား ဝိုင်းဝန်းဖမ်းဆီးကြ ကြောင်း၊ ယခုအခါ သူ့အား မီးဖို၌ ကင်ပြီးလျှင် သူ၏အသားကို စားကြတော့ မည်ဖြစ်ကြောင်းဖြင့် ပြောပြလေသည်။

ထိုအခါ ဗစ်ကလီက . . .

"ဒီအကောင် ဒီလိုခံရတာပဲ ကောင်းတယ်၊ သူများတွေ ပူဇော်တဲ့ နတ်ကို သူတို့ဘာသာ နေပါစေလား၊ ဘာကြောင့် သွားပြီး ဖောက်ခွဲပစ်ရ တာလဲ"

"မသိတော့ပါဘူးကွာ၊ တို့များ အချိန်မီရောက်ဖို့ အရေးကြီးသကွ"

"ဘာလဲ . . . ဗက်စတင်နဲ့အတူ မီးကင်ပြီး အစားခံရအောင်လား"

ကံအားလျော်စွာပင် ကျွန်ုပ်တို့မှာ အချိန်မီ ရောက်သွားသဖြင့် တော် ပေသေး၏ဟု အောက်မေ့ရ၏။ ထိုအချိန်၌ သူတို့သည် ကျောက်တုံးမီးဖိုကြီး ကို ရဲရဲနီအောင် မီးကင်လျက်ရှိရာ ဗက်စတင်အား မီးဖိုကြီးအနီးတွင် ခြေနှင့် လက်တို့ကို အုန်းဆံကြိုးများဖြင့် တုပ်နှောင်ထားသည်ကို မြင်ရ၏။ သူသည် မတုန်မလှုပ် ကျွန်ုပ်တို့ကိုကြည့်၍ ပြုံးနေသဖြင့် ကျွန်ုပ်တို့မှာ ဒေါသပင် ထွက် မိသေး၏။ ပုရောဟိတ်များသည် သူ့အား ဝိုင်းရံက,ခုန်လျက်ရှိကြရာ တိုင်း ရင်းသားများက ဘေးမှ ဆူညံစွာ ဟစ်အော်ကြည့်ရှုလျက်ရှိကြလေသည်။ ကျွန်ုပ်တို့သည် လူအုပ်ကြီးကို အတင်းတိုးဝှေ့ ဝင်သွားပြီးနောက် ဗက်စတင်

၏ တစ်ဖက်တစ်ချက်တွင် နေရာယူကာ ပစ္စတိုများကို ထုတ်လိုက်ကြ၏။ ထိုအခါ ဇက်စတင်က . . .

"မင်းတို့လာတာ ကျေးဇူးတင်ပါတယ်ကွာ။ ဒါပေမယ့်လို့ အကြောင်းတော့ ထူးမယ်မထင်ပါဘူး။ ရေးက အာဇာနည်တွေဟာ တချို့ ပွက်ပွက်ဆူနေတဲ့ ရေထဲ ပစ်အချခံကြရတယ်။ ငါ့လို မီးကင်ပြီး အစားခံရတာ မရှိသေးဘူး၊ အခု သူတို့ ငါ့ကို စားတော့မှာက သူတို့ရဲ့ ထုံးစံအတိုင်း ရိုးရိုးလူသားစားတာမျိုးမဟုတ်ဘူး၊ ယဇ်ပူဇော်တဲ့အနေနဲ့ စားကြမှာ။ တစ်နည်းအားဖြင့် တော့ သူတို့ဘာသာရေးထုံးစံတစ်မျိုးပေါ့"

ဟု ခပ်အေးအေးပင် ကျွန်ုပ်တို့အား ပြောလေသည်။

ထိုအခါ ဇစ်ကလီက . . .

"အစားခံရခြင်းအတူတူကွာ ဘာများခြားနားသေးလို့ မင်းက ပြောနေတာလဲ"

"ခြားနားတာပေါ့ကွ၊ ဘာ့ကြောင့်လည်းဆိုတော့ ပြောလို့လဲ မင်းနားလည်မှာ မဟုတ်ပါဘူး။ ကိုင်း . . . ငြိမ်ငြိမ်နေကြ ငါဆုတောင်းလိုက်ဦးမယ်။ ကျောက်မီးဖိုကြီးဟာ သူလုပ်ရမယ့်အလုပ်ကို ပြီးအောင် လုပ်ပါလိမ့်မယ်။ ဒီအချိန်လောက်ဟာ ကြာတာမဟုတ်ပါဘူး"

ထိုအချိန်၌ မာရာမားသည် ဒေါသချောင်းချောင်းထွက်ကာ ပုရောဟိတ်များနှင့်အတူ ရောက်လာ၏။ ပုရောဟိတ်များသည် ဇက်စတင်အား ဝိုင်းရံလှည့်ပတ်ကာ၊ မျက်လုံးကြီးများကို လှည့်လျက်လည်းကောင်း၊ လျှာများကို ထုတ်လျက်လည်းကောင်း အလွန်ရိုင်းစိုင်းသည့် အမူအရာမျိုးဖြင့် ခုန်ပေါက်ကခုန်ရင်း သစ်သားဓားကြီးများကို ကိုင်မြှောက် လှုပ်ခါလျက်ရှိကြ၏။

ကျွန်ုပ်က ခက်ထန်စွာဖြင့် မာရာမားအား . . .

"ဒါက ဘာဖြစ်ကြတာလဲ"

"ဒီလိုပါ ပင်လယ်ကလာသော မိတ်ဆွေ။ အိုရိုနတ်အား အရဏ်တက်ချိန်တွင် ယဇ်ပူဇော်ပသဖို့ လုပ်နေကြတုန်းမှာ ဒီက ဦးအာကျယ် အတင်းဝင်လာပါတယ်၊ ဝင်လာပြီး တစ်စုံတစ်ခုကို နတ်ရုပ်တုကြီးရဲ့ ခြေကြားထဲ ထိုးသွင်းလိုက်ပါတယ်၊ နောက်ပြီး ရုပ်တုကြီးရဲ့ ကိုယ်ပေါ်ကို ဝါဝါအရည်တွေ လောင်းလိုက်ပါတယ်၊ နောက်ပြီး မီးရှို့ပါတယ်၊ ဒီနောက် ထွက်ပြေးရင်း နတ်ကို ပြောင်လှောင်ပါတယ်၊ ခဏအတွင်းမှာပဲ ပေါက်ကွဲသံကြီးထွက်လာပြီး နတ်ရုပ်ကြီးဟာ ကွဲထွက်ပျက်စီးသွားပါတယ်။ လူတစ်ယောက်လည်း သေသွားရပါတယ်၊ အဲဒီအတွက်ကြောင့် ဦးအာကျယ်ကို ယဇ်ပူဇော်ရပါလိမ့်မယ်"

"ဘယ်သူ့ကို ပူဇော်မှာလဲ၊ ရုပ်တုကြီးလည်း အခုမရှိတော့ဘူး၊ ရုပ်တုကြီးရဲ့ အပိုင်းအစတစ်ခုဟာလည်း အပေါ်မြောက်တက်သွားပြီး ပြန်ကျလာတဲ့အခါ၊ ဦးအာကျယ်အပေါ် မကျဘဲ ပုရောဟိတ်တစ်ယောက်ရဲ့ အပေါ်ကို ကျပြီး အဲဒီ ပုရောဟိတ်သေသွားရတယ်မဟုတ်လား။ တကယ်လို့ နတ်က ဦးအာကျယ်ကို စိတ်ဆိုးတယ်ဆိုရင် ဦးအာကျယ်ပေါ်ကျပြီး သတ်ပစ်လိုက်မှာပေါ့။ အဲဒီတော့ ဟိုပုရောဟိတ်ဟာ ယဇ်ပူဇော်ပြီးသား ဖြစ်သွားပြီ။ စားခြင်းစားရင် သူ့အသားကိုပဲ စားဖို့ရှိတယ်။ ဦးအာကျယ်ကို မဟုတ်ဘူး၊ ဦးအာကျယ်က နတ်ခိုင်းတာကို လုပ်ရုံလုပ်တာပဲ"

ဤသို့ ပညာသားပါပါဖြင့် ကျွန်ုပ်က ချေပလိုက်သောအခါ မာရာမားမှာ ဇဝေဇဝါဖြစ်သွား၏။

ပုရောဟိတ်တို့ကမူ ကျွန်ုပ်၏ စကားကို လုံးဝ ဂရုမစိုက်ဘဲ "သူတို့အားလုံးကို စားပစ်၊ သူတို့ဟာ အိုရိုရဲ့ ရန်သူတွေ၊ အိုရိုကို စော်ကားတဲ့လူတွေ" ဟု အသံကုန် ဟစ်အော်ကြလေသည်။

ပရိသတ်သည် ပုရောဟိတ်များပြောသည့်စကားကို သဘောကျ နှစ်သက်လျက်ရှိကြောင်း ကျွန်ုပ် အကဲခတ်မိ၏။ ပုရောဟိတ်များသည် သစ်သားလက်နက်ကြီးများကို တဝင့်ဝင့် ကိုင်မြှောက်ကာ တစ်ဟုန်ထိုး ပြေးလာပြီးနောက် ရှေ့ဆုံးမှတစ်ယောက်သည် ဗစ်ကလီအား တအားလွှဲ၍ ရိုက်လိုက်၏။ သို့သော် သီသီကလေး လွဲသွားလေသည်။

ထိုအခါ ဗစ်ကလီက . . .

"ဒီမယ် မိတ်ဆွေ၊ သင်ဟာ ကျွန်ုပ်ကို ပုရောဟိတ်ကြီး ဆေးကုဆရာကြီးလို့ ခေါ်တယ်မဟုတ်လား၊ ကောင်းပြီ သင်သတိထားနေ။ ကျွန်ုပ်ဟာ ဆေးကုနိုင်သလို သေအောင်လည်း လုပ်နိုင်တယ်"

သို့သော် ထိုသူသည် ဗစ်ကလီပြောသည်ကို နားမထောင်ဘဲ ရှေ့သို့ ပြေးလာပြီးလျှင် ဗစ်ကလီ၏ဦးခေါင်းကို ချိန်၍ ရိုက်ရန် သူ၏လက်ကို ကောင်းကင်သို့ တအားမြှောက်လိုက်၏။ ထိုအချိန်၌ ဗစ်ကလီသည် ပစ္စတိုကိုထုတ်ကာ ထိုသူအား တစ်ခါတည်း ပစ်သတ်လိုက်တော့၏။ ကျည်ဆံသည် ထိုသူ၏ ရင်ကို ဖောက်ထွင်းသွားပြီးနောက် ထိုသူသည် လေထဲသို့ အတန်ငယ် မြောက်တက်သွားပြီးလျှင် ပြန်၍ကျကာ ချက်ချင်း အသက်ထွက်သွားတော့၏။

ယခင်က ကျွန်ုပ်တို့သည် မည်သည့်နေရာတွင်မျှ သေနတ်ကို ပစ်ခတ်ခြင်း မပြုခဲ့ဖူးချေ။ ၎င်းတို့မှာ သေနတ်ကို သာမန်သံမဏိကိရိယာကလေးတစ်ခုဟု ထင်မှတ်ကာ သေနတ်၏ စွမ်းအင်ကို မသိကြသဖြင့် အံ့သြ၍သွား

ကာ အလွန်အမင်း ကြောက်ရွံ့တုန်လှုပ်လျက် ရှိကြကုန်၏။ ဗစ်ကလီသည် ပစ္စတိုကို ယမ်းတောင့်များ ထပ်၍ ထည့်သွင်းပြီးနောက် အလောင်းကို ဆွဲယူပြီးလျှင် မီးဖိုကြီးအတွင်းသို့ ထိုးထည့်လိုက်၏။

"ဒီအကောင်တွေကို ဆုံးမပေးဖို့ အချိန်တန်ပြီကွ"

"မင်းပြောတာတော့ ဟုတ်တယ်၊ နို့ပေမဲ့ ဒီကောင်တွေ ကြောက်စိတ်ပြေသွားရင် တို့များဆီ လှည့်လာပြီး တို့များကို ဆုံးမကြမှာကွ"

ဇက်စတင်ကမူ တစ်စုံတစ်ရာမျှ ဝင်၍မပြောဘဲ၊ တွေတွေကြီး ကြည့်လျက်သာ ရှိနေ၏။

"ဒါဖြင့် ဘာလုပ်ကြရင် ကောင်းမလဲ အာဗူနော့"

"ပြေးရင်ကောင်းမယ်"

"ဘယ်ကိုလဲ တို့သင်္ဘောဆီလား၊ အင်း . . . တို့များ အဲဒီကနေပြီး ကောင်းကောင်းပြန်ချနိုင်တယ်"

"သင်္ဘောဆီကို မဟုတ်ဘူးကွ၊ တို့များ အဲဒီကို ပြေးမယ်ဆိုတာ သူတို့က တွက်ပြီးသား၊ အဲဒီဘက်ကို တို့ပြေးမယ်ထင်လို့ လမ်းပိတ်ထားပြီလေ။ အခုပြေးမှာက ရေအိုင်ကြီးထဲက ကျွန်းဆီကို ပြေးရမယ်။ အဲဒီအထိ သူတို့ မလိုက်ရဲကြဘူး။ ဒီကျွန်းက သူတို့အတွက် မြင့်မြတ်တဲ့နယ်မြေ"

"နို့ပေမဲ့ ဟိုကျွန်းပေါ်မှာ တို့ဘယ်လိုလုပ်ပြီး နေကြမလဲ"

"ဒါတော့ မသိဘူးပေါ့ကွာ . . . နောက်ဖြစ်သလိုပေါ့၊ ဒီမှာ နေရင်တော့ တို့များ မုချသေရမှာပဲ"

"ဒီလိုဆိုရင် ပြေးကြည့်ရအောင်"

ဤသို့ နှစ်ယောက်သား စကားပြောဆိုလျက်ရှိကြစဉ် ဇက်စတင် အား ချည်ထားသည့် ကြိုးများကို ကျွန်ုပ်တို့က ဖြတ်ပေးလျက်ရှိနေ၏။

"သိပ်ပြီး ကျေးဇူးတင်တယ်ကွာ။ အခုလို ဖြေပေးလိုက်တော့ အတော် အညောင်းပြေသွားတယ်။ ဒါပေမဲ့ ငါ့ခေါင်းမှာ ဆောင်းရမယ့် သာသနာ့ သရဖူကြီးကိုတော့ လက်လွတ်သွားပြီ"

ဗစ်ကလီမှာ စိတ်တိုလာသဖြင့် . . .

"ဟေ့ကောင် . . . မင်း နောက်ထပ်စကားပြောရင် မင်းကိုလည်း ငါ မီးဖိုထဲထည့်လိုက်မယ်၊ အဲဒီမှာ မင်းရဲ့သရဖူကို သွားပြီးရှာပေတော့၊ တို့ ကို ဒီလောက် ဒုက္ခပေးရရင် တော်ရောပေါ့"

"ဟေ့ . . . မင်းက ပစ်သတ်လိုက်တဲ့အပြစ်ကို ငါ့ခေါင်းပေါ်ပုံချ. . ."

သို့ ပြောဆိုစဉ်၌ပင် အုပ်နှင့်ချီ၍တက်လာသော တိုင်းရင်းသားများ ကို မြင်ရသဖြင့် . . .

"ကိုင်း စကားရှည်မနေနဲ့ ပြေးမှာသာပြေး၊ မင်း တရားပြနေတဲ့ လူတွေကို ဓားစာခံအဖြစ်နဲ့ ရှေ့ကထားပြီးပြေး။ သူတို့လာနေကြပြီ"

သို့နှင့် ကျွန်ုပ်တို့သုံးယောက်သား ပြေးခဲ့ကြရာ ဗက်စတင်မှာ နတ်ရုပ်၏ ဦးခေါင်းပြတ်ကြီးကိုပင် ပြေးရင်းလွှားရင်း ကောက်ယူခဲ့သေး၏။ သူ၏ အဆိုမှာ ထိုမီးလောင်ထားသည့် နတ်ရုပ်ခေါင်းကို ပြုပြင်မွမ်းမံ၍ အခြားကိုယ်၌ တပ်လျှင် ဖြစ်နိုင်သေးသဖြင့် ကောက်ယူခဲ့ခြင်းဖြစ်သည်ဆို၏။

ကျွန်ုပ်တို့က ပြေးသော်လည်း သူတို့သည် ကျွန်ုပ်တို့အား မီအောင်မလိုက်ဘဲ ခပ်ဖြည်းဖြည်းသာ လာနေသည်ကို တွေ့ရ၏။ အမှန်သော် ပုရောဟိတ်များက ကျွန်ုပ်တို့အား မုန်းတီးသည်ဆိုစေကာမူ တိုင်းရင်းသားများကမူ ကျွန်ုပ်တို့အား ချစ်ခင်လေးစားကြ၏။ ထို့ပြင် သူတို့လူနှစ်ယောက် သေသွားသည်ကို မြင်ရသဖြင့် သူတို့လည်း ထိုလူနှစ်ယောက်ကဲ့သို့ သေရမည်ကို ကြောက်ရွံ့ကြသောကြောင့်လည်း ဖြစ်ဟန်တူ၏။

မကြာမီပင် ကျွန်ုပ်တို့လည်း တိုင်းရင်းသား လှေကလေးများထားရာသို့ ရောက်ရှိလာကြ၏။ ကျွန်ုပ်တို့ နှစ်ယောက်က အပြင်မှ စောင့်ကြည့်လျက်ရှိစဉ် ဗက်စတင်သည် တဲအတွင်းရှိ လှေနှစ်စင်းအနက်မှ ကောင်းရာတစ်စင်းကို ရွေးချယ်ယူပြီးလျှင် ရေထဲသို့ ချကြ၏။ ထိုလှေပေါ်၌ကား ကံအားလျော်စွာပင် အိုရိုနတ်ကြီးအား ပူဇော်မည့် ပစ္စည်းများကို တွေ့ရ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် လှေပေါ်သို့ တက်ကြရာ၊ တော်မီကနောက်ဆုံးမှ ခုန်၍ တက်လိုက်၏။ ထို့နောက် ကျွန်ုပ်တို့လည်း တောင်ထွတ်ကြီးရှိသော ကျွန်းဘက်သို့ လှေကို လှော်ခတ်လာကြလေသည်။

ကမ်းမှနေ၍ လုံ့တစ်ပစ်ခန့်အရောက်တွင် ကျွန်ုပ်တို့လည်း လှေကိုခေတ္တရပ်ဆိုင်းလျက် ကမ်းဘက်သို့ ကြည့်လိုက်ရာ၊ တိုင်းရင်းသားများသည် ကမ်းစပ်သို့ ပြေးလာပြီးနောက် ကျွန်ုပ်တို့အား တအံ့တဩ ငေးမောကြည့်ရှုနေသည်ကို မြင်ရ၏။ ဗက်စတင်ကမူ ထိုသူများကြားအောင် ခေါင်းပြတ်သွားသော နတ်ရုပ်ကြီး၏ မမြဲသောသဘောကို တရားများပင် ဟော၍ နေလိုက်သေး၏။

သူတို့ ကြည့်ရှုနေပုံမှာ ယခင်က သူတို့ ကြားသိခဲ့ဖူးသည့် နိမိတ်လက္ခဏာတစ်ခုကို ယခုလာ၍ တွေ့ရသည့်ဟန်မျိုးဖြင့် ကြည့်နေကြခြင်းဖြစ်၏။ သို့ရှိစဉ် ပုရောဟိတ်တစ်ဦးက တစ်စုံတစ်ရာကို ရွတ်ဆိုအသံပြုလိုက်ရာ အားလုံးက ထိုအသံကို သံပြိုင်လိုက်၍ ဆိုကြလေသည်။ ပြီးသောအခါ သူတို့သည် ဆံပင်များကို ကမ်းစပ်မှ ရွှံ့နွံများဖြင့် ပွတ်သပ်ပြီးလျှင် ရေအိုင်မှ ရေကို လက်ခုပ်ဖြင့် ယူကာ ကိုယ်ပေါ်သို့ သွန်းလောင်းကြ၏။ ထို့နောက်

တောင်ထွတ်ကြီးရှိရာဘက်သို့ ဒူးထောက်အရိုအသေပြုပြီးလျှင် ကုန်းဘက်သို့ လှည့်၍ ပြန်သွားကြတော့၏။

ဖက်စတင်က . . .

"ဟော့ တို့ပြန်သွားရင် မကောင်းဘူးလားကွ ဗစ်ကလီရ . . . ငါ ဟောလိုက်တဲ့ တရားဟာ သူတို့စိတ်နှလုံးကို ထိသွားပြီး အမှန်တရားကို သိလာကြပါပြီ"

"ဟာ သိပ်ကောင်းပေါ့ကွာ၊ ပြန်သွားရင် တို့လည်း မင်းလို အတုပ်ခံရပြီး မီးပုံထဲရောက်မှာ သေချာတာပေါ့"

"ဒါကတော့ ပုရောဟိတ်ကို မင်းပစ်သတ်လိုက်တဲ့အတွက် အခုလို ဖြစ်ရတာပါကွာ၊ အမှန်တော့ သူတို့က မင်းကိုသတ်ချင်တဲ့ စိတ်မရှိပါဘူး၊ ပြီးတော့ သာသနာ့အာဇာနည်ရဲ့ သရဖူဆိုတာ လူတစ်ယောက်က အတင်းဝင်လုပြီး ဆောင်းလို့ ရတာမျိုး မဟုတ်ဘူးကွ"

"အင်း . . . အခုထက်ထိ မင်းက အရေးထဲ တရားဓမ္မတွေ ပြနေတုန်းရှိသေးတယ်"

ဗစ်ကလီသည် ဒေါသထွက်လာသဖြင့် လှေကို ဆောင့်၍ လှော်လိုက်ရာ၊ လှေမှာ မှောက်မတတ်ဖြစ်သွားတော့၏။ ထို့နောက် မကြာမီပင် ကျွန်ုပ်တို့လည်း ပူဇော်ပသသည့် ပစ္စည်းများတင်ထားရန် နေရာဖြစ်သော ကျောက်ပြားကြီးဆီသို့ လှေကို ဆိုက်ကပ်မိကြရာ၊ ၎င်းမှာ ကစားကွင်းနှစ်ခုစာမျှ ကျယ်ပြီးလျှင် အလျားပို၍ရှည်၏။

ကျောက်ပြားကြီး၏ အစွန်းဘက်ကွေ့နေရာတွင် ဘုထုံးကြီးများကို မြင်ရသဖြင့် . . .

"ဟော့ ဒါတွေက ဘာတွေပါလိမ့်"

ဟု ကျွန်ုပ်က မေးလိုက်ရာ၊ ဗစ်ကလီက . . .

"ငါထင်တာကတော့ ဒါတွေဟာ ကမ်းကို သင်္ဘောဆိုက်တဲ့အခါမှာ ကြိုးချည်တဲ့ငုတ်တိုင်တွေ ဖြစ်မယ်လို့ ယူဆတယ်၊ နှစ်ပရိစ္ဆေဒက နှစ်ပေါင်းများစွာ ကြာလာတော့၊ ရာသီဥတုဒဏ်ကြောင့် အခုလို ဘုထုံးကြီးတွေ ဖြစ်ကျန်ရစ်တာနဲ့တူတယ်၊ ဟိုမှာကြည့်ပါလား၊ ဘုထုံးတစ်ခုရဲ့ အောက်ခြေမှာ သံကြိုးချည်တဲ့ အရာကြီးတွေ တွေ့တယ်မဟုတ်လား . . . အင်း သံကြိုးကြီးတွေကတော့ အင်မတန်ကြီးတဲ့ ဟာကြီးတွေဖြစ်ရမယ်"

ကျွန်ုပ်နှင့် ဗစ်ကလီတို့မှာ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြ၏။ ဖက်စတင်ကမူ နတ်ရုပ်တုကြီး၏ ခေါင်းကိုသာ စူးစိုက်ကြည့်ရှုလျက်ရှိနေလေသည်။

# ရေဒိုင်၏ အလယ်ကျွန်း

လှေကို ခိုင်မြဲစွာ ချည်ထားလိုက်ပြီးနောက် ကျွန်ုပ်တို့သည် ကျောက်ဖျာကြီးပေါ်သို့ တက်ကြရာ၊ ကျောက်ဖျာကြီးမှာ ကျွန်းဆွယ်ကြီးဖြစ်နေသည်ကို တွေ့ရ၏။ ကျောက်ဖျာကြီးနှင့် ကုန်းမြေကို ပေ ၅၀ ခန့် ရှည်လျားသည့် လမ်းကြီးတစ်ခုက ဆက်နေသဖြင့် ကျွန်းဆွယ်ဟု ကျွန်ုပ်ခေါ်ခြင်းဖြစ်၏။ ထိုလမ်းကြီးမှာ ကုန်းမြေပေါ်ရှိ ဂူဝတွင် အဆုံးသတ်သွားလေသည်။ လမ်းမကြီးပေါ်၌ အလွန်ထူးခြားသည့် အရာတစ်ခုကို ကျွန်ုပ်တို့ သတိပြုမိ၏။ ၎င်းသည်ကား တစ်ဖက်နှင့်တစ်ဖက် ၉ ပေတိတိ ခြားနေသည့် ချိုင့်ဖြစ်နေသော လမ်းကြောင်းနှစ်ခုကို တွေ့ရပြီးလျှင် ယင်းလမ်းကြောင်းကြီးနှစ်ခုမှာ ဂူဝတွင် အဆုံးသတ်သွားခြင်းဖြစ်၏။

ထိုအခါ ဗစ်ကလီက . . .

"ကိုင်း . . . မင်း စဉ်းစားကြည့်စမ်း . . . အာဗူနော့ . . . ဒါဟာဘာလဲ"

"ဒါတွေဟာ လမ်းကြောင်းတွေပေါ့ကွ၊ နှစ်ပေါင်းထောင်ပေါင်းများစွာက မရေတွက်နိုင်တဲ့ လူတွေ လျှောက်သွားလို့ထင်ပြီး ကျန်ရစ်တဲ့ လမ်းကြောင်းရာတွေ ဖြစ်မှာပေါ့"

ဤတွင် ဗက်စတင်က ဝင်၍ . . .

"ငါကတော့ ဘာမှမပြောချင်ပါဘူးကွာ၊ လူတွေ လျှောက်လွန်းအားကြီးလို့ လမ်းဖြစ်ရအောင်ဆိုတာကလည်း ဒီမှာ လူတစ်ယောက်မှ မရှိဘူး၊ နောက်ပြီး ဒီကျွန်းကိုလာရင် သေရမှာကြောက်လို့ သူတို့တစ်ယောက်မှ မလာကြဘူးလို့ တိုင်းရင်းသားတွေက ပြောတယ်မဟုတ်လား။ ဒါကတော့ အစွဲ

အလမ်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ၊ မင်းထင်တာ ပြောစမ်းကွာ ငါတော့ ဆာလှပြီ”

ဗစ်ကလီက . . .

“မင်းမှာက ဆာနေတာချည်းပဲ၊ တခြားလူတွေမှာ ဆာဖို့နေနေသာသာ စားချင်စိတ်တောင် မရှိတော့ဘူး။ မင်းကတော့ တဆာတည်း ဆာနေတာပဲ . . .ကောင်းပြီ။ ဒီကျောက်ပျဉ်ကြီးဟာ တစ်ချိန်တုန်းက လေယာဉ်ပျံတွေ ဆင်းသက်တဲ့ ကွင်းကြီးဖြစ်ရမယ်လို့ ငါထင်တယ်၊ နောက်ပြီး ဟိုက အပေါက်ကြီးကတော့ လေယာဉ်ပျံရုံကြီး ဖြစ်ရမယ်”

ဗက်စတင်သည် ဗစ်ကလီအား စိုက်၍ကြည့်နေ၏။

ဗက်စတင်က . . .

“ဟေ့ . . . တို့မနက်စာ စားလိုက်ရင် မကောင်းဘူးလားကွ။ လှေထဲမှာ ဝက်ကင်နှစ်ကောင်နဲ့ တခြားစားစရာတွေ တစ်ပုံကြီးပဲ။ တစ်ပတ်စားလို့တောင် ကုန်မှာမဟုတ်ပါဘူး။ မင်းက လူတစ်ယောက်ကို သတ်လိုက်မိတော့ မစားချင်မသောက်ချင် ဖြစ်နေမယ်ဆိုတာ ငါသိပါတယ်ကွာ။ နောက်ပြီး စိတ်ကိုလည်း ထိခိုက်သွားတယ်မဟုတ်လား။ ဒါကတော့ လူဆိုးတစ်ယောက်မဟုတ်ရင် ဖြစ်တတ်တာမျိုးပဲ။ ဒီမယ် ကိုယ့်လူ လေယာဉ်ပျံဆိုတာက မကြာသေးမီကမှ အမေရိကန်က ‘ရိုက်’ ညီနောင် တီထွင်တာမဟုတ်လား”

ဗစ်ကလီက . . .

“ဟော့ကောင် ဗက်စတင် . . . မင်းကို ဟိုဘက်ကမ်းမှာ လုပ်နေတဲ့ နံနက်စာ စားပွဲကြီးမှာ ထားပြီး မပစ်ခဲ့မိတာ မှားသကွာ၊ မင်းအသားဟာ အခုလောက်ဆိုရင် ဟင်းကြီးဟင်းကောင်းတစ်ခွက် ဖြစ်နေပြီ”

ဗက်စတင်က . . .

“ဟေ့ ငါ့ကို ‘ဟင်း’ မဖြစ်အောင် ကာကွယ်ပေးတာက ဘုရားကွ၊ မင်းမဟုတ်ဘူး။ ဒီလိုကယ်တင်လိုက်တာကတော့ ထူးထူးမြတ်မြတ်ဘဝနဲ့ နိဂုံးချုပ်သွားဖို့ မထိုက်တန်သေးလို့ ဖြစ်မှာပဲ”

ဗစ်ကလီက . . .

“ဒီလိုဆိုရင် ဘုရားက သေနတ်ပစ်လက်ဖြောင့်တယ် ဆိုရမှာပေါ့လေ။ ဟေ့ မင်း မဟုတ်တရုတ်တွေ လျှောက်ပြောမနေနဲ့ကွာ။ ငါပြောတာ နားထောင်စမ်း။ ဒီလမ်းကြောင်းကြီးတွေဟာ လူလျှောက်လို့ ထင်ကျန်ရစ်တဲ့ လမ်းကြောင်းကြီးတွေသာဖြစ်ရင် သူတို့ဟာ ကျောက်ဖျာကြီးရဲ့ အစွန်းကို သွားရမယ်။ အခုတော့ မသွားဘူး။ လမ်းကြောင်းကြီးတွေက ဟောဟို ခပ်ပြေပြေ ချိုင့်နေရာက စတယ်၊ ဒီ့နောက် အထက်ကိုတက်သွားတယ်။ ပြီးတော့ လေ

ယာဉ်ပျံတွေကလည်း အကြီးစားကြီးတွေဖြစ်ရမယ်။ သူတို့ဟာ မြေပေါ်ကို ငှက်များဆင်းသလို ဟိုချိုင့်နေရာမှာ ဆင်းကြတယ်။ နောက်ပြီးတော့ ဘီးနဲ့၊ ဒါမှမဟုတ်လည်း စွတ်ဖားနဲ့ လမ်းကြောင်းကြီးအတိုင်း လိုက်သွားပြီး တောင်ထဲက လေယာဉ်ပျံရုံထဲကို ဝင်တယ်။ လာ . . . ဂူထဲ သွားကြမယ်။ ဟိုကျ မင်းတွေ့မှာပဲ”

ဗက်စတင်က . . .

“နေဦးကွာ၊ မနက်စာစားပြီးမှ သွားကြတာပေါ့၊ ငါ ဆာလှပြီ။ ဝက်တစ်ကောင်ကို သွားယူလိုက်မယ်။ ငါမနေ့ညက ညစာ မစားခဲ့ရဘူးကွ၊ ကလေးတွေကို စာသင်ပေးနေလို့”

ကျွန်ုပ်သည် လေတစ်ချက် ချွန်လိုက်၏။ ဗစ်ကလီပြောသည့်အတိုင်း ဖြစ်နိုင်ပါမည်လော။ ကျွန်ုပ်တို့သည် လှေမှ စားစရာများကို ယူပြီးလျှင် ၃ ယောက်သား စားသောက်ကြ၏။ ယခုရှိသော စားစရာများ ကုန်လျှင် နောက်ထပ်စားစရာ ရရန်မသေချာသဖြင့် ချွေချွေတာတာစားကြရန် ကျွန်ုပ်က သတိပေးရ၏။ ဗက်စတင်ကမူ “ပူမနေကြပါနဲ့ကွာ၊ နောက်ထပ်ရဦးမှာပေါ့” ဟု ပြောကာ အားပါးတရ စားသောက်လျက်ရှိလေသည်။

ဗက်စတင်မှာ လွန်ခဲ့သည့် ၂ နာရီလောက်ကပင် ယဇ်ပူဇော်ခြင်း ခံရမည့်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့သော်လည်း သူသည် တစ်စုံတစ်ရာမဖြစ်သကဲ့သို့ ပျော်ပျော်ရွှင်ရွှင် ရှိနေ၏။ ဘာသာတရားကို သူကဲ့သို့ လုံးလုံးလျားလျား ယုံကြည်သူမျိုးကို ကျွန်ုပ် မတွေ့ဖူးချေ။ သူ၏ယုံကြည်မှုနှင့် သူ၏သတ္တိကို ကျွန်ုပ် ချီးကျူးမိ၏။ သူ၏ခန္ဓာကိုယ်ကြီးအား အစားခံရမည် ကိုပင် မတုန်မလှုပ်နေနိုင်သော သတ္တိအရည်အချင်းမှာ အာဂသတ္တိ အရည်အချင်းပါပေ။

ဗက်စတင်က ငါးများကိုဖမ်း၍ ထင်းရှိလျှင် ဖုတ်ကင်စားရန် ပြော၍နေပြန်၏။ ထိုအခါ ဗစ်ကလီက . . .

“ဟော့လူ . . . အစားအကြောင်း ရပ်လိုက်စမ်း၊ လှေကို ဆွဲတင်ထားရအောင် လာကူလှည့်စမ်း”

သို့နှင့် ကျွန်ုပ်တို့လည်း စားသောက်ဖွယ်များကို စိတ်မချသဖြင့် ၃ ယောက်သား လှေကို ကမ်းပေါ်သို့ ဆွဲ၍ တင်ထားလိုက်ကြ၏။ ထို့နောက် တော်မီကိုလည်း စားကြွင်း စားကျန်များ ပေးပြီးလျှင် ဂူကြီးဆီသို့ လျှောက်လာခဲ့ကြလေသည်။ ဗစ်ကလီမှာ ကမ္ဘာဦးအစမှ လူသားများ မည်ကဲ့သို့ နေထိုင်ကြပုံ၊ ထိုအချိန်မှစ၍ ယခု ပစ္စုပ္ပန်ခေတ်သို့ ရောက်သည်အထိ ယဉ်ကျေးမှုနှင့် လူသားတို့၏ အတွေးအခေါ် မည်ကဲ့သို့ တိုးတက်လာပုံ စသည်တို့ကို

သိပ္ပံနည်းကျကျ ယခု လက်တွေ့လေ့လာရတော့မည်ဖြစ်သဖြင့် ၎င်း၏မျက်နှာမှာ ကြည်လင်ရွှင်ပျနေသည်ကို ကျွန်ုပ် အကဲခတ်မိ၏။

ဗက်စတင်မှာမူ များစွာ စိတ်မဝင်စားလှဘဲ သူ၏စိတ်မှာ အခြားဘက်ကမ်းရှိ သူ၏ တပည့်တိုင်းရင်းသားများထံသို့သာ ရောက်နေသည်ဟု ကျွန်ုပ်ထင်၏။

ဗက်စတင်နှင့် ဗစ်ကလီ နှစ်ယောက်စလုံးပင် ပစ္စုပ္ပန်ကိုသာ ပဓာနထား၍ အတိတ်နှင့် အနာဂတ်ကို ဂရုစိုက်ကြသူများ မဟုတ်ချေ။ သို့သော် ဗစ်ကလီ၏ ရှုထောင့်မှာ လောကီမျက်စိဖြင့် ကြည့်သော ရှုထောင့်ဖြစ်၍ ဗက်စတင်ကမူ အတိတ်ကို မဆိုထားဘိဦး အနာဂတ်ကိုပင် တရားခံမှုအားဖြင့် လုံးဝဂရုစိုက်ခြင်း မရှိသော ယုံကြည်မှုဖြင့် လောကုတ္တရာရှုထောင့်မှ ကြည့်ခြင်းဖြစ်၏။

သို့နှင့် ဗက်စတင်သည် ဗစ်ကလီ၏ အယူအဆမှာ မှားယွင်းသည်ဆိုကာ သူ၏အစွဲကို တစ်နေ့နေ့တွင် အပြီးချွတ်မည်ဟု စိတ်ကူးထား၏။ သူသည် ဗစ်ကလီအား ပုဂ္ဂိုလ်အနေဖြင့် အလွန်ပင် ခင်မင်ရင်းနှီး၏။ သို့သော် သူ၏ မှားယွင်းသော အယူအဆအတွက် ခွင့်လွှတ်နိုင်ပြီးလျှင် အချစ်မပျက်ချေ။

ကျွန်ုပ်၏စိတ်မှာမူ တောင်ကြီးဆီမှ အင်အားကြီးမားသော တန်ခိုးသတ္တိတစ်ခုက ဆွဲငင်နေသကဲ့သို့ ထင်မိ၏။ ကျွန်ုပ်တို့မှာ တိုင်းရင်းသား လူရိုင်းများဘေးရန်မှ ထွက်ပြေးလွတ်မြောက်၍ ဤကျွန်းသို့ ရောက်ခဲ့ရပေပြီ။ သို့သော် လှေပေါ်တွင် ပါလာသည့် အစားအစာလေးများ ကုန်ခမ်းက မည်သည့်နည်းနှင့်မျှ နောက်ထပ်ရရန် အကြောင်းမရှိချေ။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့မှာ အရှင်လတ်လတ် အစာငတ်၍ သေကြရပေတော့မည်။ ကျွန်ုပ်တို့ ရောက်ရှိနေသော ကျွန်းနှင့် ဤတောင်ထွတ်ကြီးနေရာမှာ ကမ္ဘာ့မြေပုံတွင်ပါမည့် ကျွန်းဟုတ်ချင်မှ ဟုတ်ပေမည်။ သို့သော် ကျွန်ုပ်မှာ တောင်ထွတ်ကြီးဆီသို့သာ အာရုံစိုက်၍ နေမိတော့၏။

ဤသို့ဖြင့် ကျွန်ုပ်တို့သုံးဦးစလုံးမှာ မည်သည့်ဘေးအန္တရာယ်ကိုမျှ မတွေးဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ်သာ ရှိနေကြ၏။ ဗက်စတင်သည် ကောင်းကင်ဘုံမှလည်းကောင်း၊ သို့မဟုတ် ကွယ်လွန်သူ သူ၏ဇနီးကလည်းကောင်း သူ့အား စောင့်ဆိုင်းနေမည်ဟုသာ စွဲလမ်းယုံကြည်နေသူဖြစ်၏။ ဗစ်ကလီမှာ ပစ္စုပ္ပန်၏ သားကောင်၊ အတတ်ပညာ၏ ကျေးကျွန်တစ်ဦးအနေဖြင့် အနာဂတ်အတွက် စိုးရိမ်ကြောင့်ကြသူမဟုတ်။ အနာဂတ်ရှိသည်ဟူ၍လည်း မယုံကြည်။ အတိုချုံး၍ဆိုရလျှင် သူသည် မည်သည့်အချိန်၌ပင် ဘဝနိဂုံးချုပ်ရစေ၊

ဂရုစိုက်သူ မဟုတ်ချေ။ ကျွန်ုပ်မှာမူ ကျွန်ုပ်ဖြစ်ခဲ့သည့်အတိတ်နှင့် ရှေ့တွင်ဖြစ်မည့် အနာဂတ်တို့မှာ ကျွန်ုပ်၏ လက်တစ်ကမ်းစီတွင် ရှိနေကြသည်ဟု စွဲမြဲယုံကြည်သူဖြစ်၏။ ထိုအနာဂတ်သို့ရောက်ရှိရန်မှာ သေခြင်းတည်းဟူသော မုခ်ပေါက်ကြီးကို ဝင်သွားမှ ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့ ယခုတွေ့မြင်နေရသည့် ဂူဝကြီးမှာ နှစ်ပေါင်းထောင်ပေါင်းများစွာ ခေတ်အဆက်ဆက်က ပိတ်ဆို့နေခဲ့ခြင်း ဖြစ်ဟန်တူ၏။ ဤနေရာတွင် မာရာမားပြောခဲ့သော စကားများကို မှတ်မိကြပေလိမ့်မည်။ ကျွန်ုပ်တို့၏ ရွက်သင်္ဘောကြီးကို ပျက်စီးသွားအောင် ဖျက်ဆီးပစ်လိုက်သည့် မုန်တိုင်းကြီး၏ ဒဏ်ကြောင့် ရေအိုင်ထဲမှ တောင်ကြီးမှာ ပို၍မြင့်တက်လာကြောင်း၊ ဤကဲ့သို့ တက်၍လာသည်နှင့်အမျှ ယခင် မည်သည့်အခါကမျှ မတွေ့မမြင်ခဲ့ဖူးသော ဂူဝကြီးမှာ ရေပြင်ပေါ်သို့ ပေါ်ထွက်လာကြောင်း စသည်တို့ဖြစ်၏။ တောင်၏ နံဘေးစောင်းမှ အမှတ်အသားများကို ကြည့်ရခြင်းအားဖြင့် မာရာမားပြောသည့်အတိုင်း မကြာသေးမီအချိန်ကမှ ဖြစ်ပေါ်လာခဲ့သည်မှာ ထင်ရှားလှ၏။

ရှေးပဝေသဏီအချိန်က ဤဂူကြီးမှာ ကျွန်ုပ်တို့ ယခုမြင်တွေ့နေရသည့်အတိုင်းပင် ရှိနေခဲ့ပေလိမ့်မည်။ ထို့နောက် တစ်စုံတစ်ခုသောအကြောင်းကြောင့် ဂူကြီးသည် ရေထဲသို့ နစ်မြုပ်သွားပြီးလျှင် ဂူ၏အဝကြီးကို ကျောက်ဖျာကြီးက ပိတ်ထားလိုက်ခြင်းဖြစ်ပေလိမ့်မည်။ ကျွန်ုပ်ဖော်ပြခဲ့သည့်အတိုင်း လမ်းကြောင်းရာကြီးများသည် တချို့နေရာများတွင် အတန်ငယ်ပြတ်နေသည့်တိုင်အောင် ဂူဝ၏အတွင်းသို့ ဝင်ရောက်သွား၏။ ဂူထဲသို့ ဝင်သည့်အပိုင်းမှာ အတန်ငယ်မြင့်ပြီးလျှင် ကျောက်ဖျာပေါ်မှ လမ်းကြောင်းပိုင်းမှာ နိမ့်နေသည်ကိုတွေ့ရ၏။ ဂူဝတွင် အရုပ်ကြီးများကို ရုပ်လုံးဖော်လျက် ထွင်းထုထားသည်ကို တွေ့ရ၍ ရေအောက်တွင် ၎င်းတို့နစ်မြုပ်စဉ်အခါက ကျောက်ဖျာကြီး ကာဆီးလျက်ရှိနေသည့်တိုင်အောင် အချိန်တည်းဟူသော အရာက ပွတ်တိုက်သွားသဖြင့် အချို့နေရာများတွင် ပွန်းပဲ့ပျက်စီးလျက်ရှိနေ၏။ မည်သို့ပင်ဖြစ်စေ၊ ဤကျွန်းသို့ ကျွန်ုပ်တို့ရောက်စဉ်အခါ၌မူ ထိုရုပ်လုံးကြီးများကို ထင်ရှားစွာတွေ့မြင်၍နေရလေပြီ။

ကျွန်ုပ်တို့သည် ပွန်းတီးနေသော ရုပ်လုံးများကို မကြည့်နိုင်ဘဲ ဂူဝမှ အတွင်းသို့ ဝင်သွားကြ၏။ ဤသို့ဝင်ရာတွင် နက်ရှိုင်းစွာ ချိုင့်နေသည့်လမ်းကြောင်းများအတိုင်း လျှောက်၍သွားကြရလေရာ မကြာမီ လမ်းကြောင်းကြီးမှာ အခန်းကြီးတစ်ခုဆီသို့ ရောက်သွား၏။ အခန်းကြီးမှာ အလွန်ကြီးမားကျယ်ပြန့်၍ တစ်ဖက်စွန်းကိုသော်လည်းကောင်း၊ အမိုးကိုသော်လည်း

ကောင်း မမြင်ရချေ။ ကျွန်ုပ်တို့ပြောသော စကားသံများမှာ အလွန်ဝေးသော အရပ်မှ ပဲ့တင်ရိုက်ခတ်လာသဖြင့် အခန်းကြီးမှာ အလွန်ကြီးမားကျယ်ပြန့် သော အခန်းကြီးဖြစ်ကြောင်း ခန့်မှန်းရ၏။ ဗစ်ကလီနှင့် ကျွန်ုပ်မှာ တအံ့ တသြ ငေးမောတွေဝေလျက်ရှိစဉ် ဗက်စတင်က . . .

"မင်းတို့ အော်လင်ပီယာဇာတ်ရုံကို ရောက်ဖူးကြသလား၊ တစ်ခါက ပြဇာတ်တစ်ခုကြည့်ဖို့ အဲဒီကို ငါရောက်သွားတယ်။ ဇာတ်ထဲမှာ ဇာတ်ကောင်တွေက အဝတ်အစား ကောင်းကောင်းမွန်မွန်တွေဝတ်ပြီး ဟိုပြေးဒီပြေး လုပ်နေတာကလွဲလို့ စကားတစ်ခွန်းမှ မပြောကြဘူး။ သူတို့ကပြတဲ့ဇာတ်ဟာ ဘာသာရေးဆန်ဆန်ဇာတ်လို့ ပြောတာပဲ၊ တို့လို ဘုန်းကြီးတွေ လေ့လာအပ်တဲ့ ဇာတ်မျိုးပေါ့ကွာ။ နို့ပေမဲ့ ဒီဇာတ်ဟာ ဘာသာရေးမဆန်ပါဘူးကွာ။ ဇာတ်လမ်းက ကလေးရသွားတဲ့ သီလရှင်တစ်ယောက်အကြောင်းကွ"

"အဲဒါ ဘာဖြစ်သလဲ"

"ဘာမှတော့ မဖြစ်ပါဘူး၊ သို့သော် သီလရှင်ဆိုတာမျိုးက ကလေး မရကြဘူး၊ မရနိုင်ဘူး မဟုတ်လား။ ငါစဉ်းစားနေတာက ဇာတ်လမ်း အကြောင်း မဟုတ်ပါဘူး။ ဒီနေရာကြီးဟာ မြေအောက် အော်လင်ပီယာဇာတ်ရုံ ကြီးနဲ့ တူပါကလားလို့ စဉ်းစားနေတာ"

"အိုကွာ . . . ငြိမ်ငြိမ်နေစမ်းပါ"

ဟု ကျွန်ုပ်က ကြားဖြတ်ပြောသောအခါမှ ဗက်စတင်မှာ တိတ်၍ သွားတော့၏။ ထိုအခါ ဗစ်ကလီက . . .

"မင်းတို့ သတိထားပြီး လျှောက်ကြဟေ့ . . . မြေပြင်မှာ တွင်းတွေ ဘာတွေ ရှိချင်ရှိနေမယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က . . .

"အေး . . . တို့များမှာ မီးအိမ်တို့ ဘာတို့ရှိရင် ကောင်းမှာပဲ"

ဟု ပြန်၍ပြော၏။

ထိုအခါ ဗက်စတင်က . . .

"ဖယောင်းတိုင်လိုချင်ရင်တော့ ရမယ်၊ ငါ့အိတ်ထဲမှာ တစ်ထုပ်ပါ လာတယ်၊ ဒီကနေ့မနက် ငါကိစ္စတစ်ခုရှိလို့ ဖယောင်းတိုင်တစ်ထုပ် ထည့်လာ တာရှိတယ်ကွ"

"မင်းကိစ္စက ရေနံဆီရယ်၊ နတ်ရုပ်ကြီးကို မီးရှို့ပစ်တာရယ်နဲ့ ဆက် စပ်နေတယ်မဟုတ်လား၊ ကိုင်း . . . ဖယောင်းတိုင်တွေ ငါ့ပေးစမ်းကွာ"

ဟု ဗစ်ကလီအား ပြန်၍ပြောလိုက်လေသည်။

"အေး . . . ဟုတ်တယ်၊ ငါ့ကို အချိန်နည်းနည်းပေးရင် ငါဆက်ပြီး"

"ဆက်ပြီး ရှည်မနေပါနဲ့တော့ကွာ၊ မင်းဘာလုပ်လိုက်တယ်ဆိုတာ တို့သိပြီးပြီပဲ"

သို့ပြောပြီးနောက် ဗစ်ကလီသည် ဖယောင်းတိုင်ထုပ်ကို ဗက်စတင်၏လက်မှ ဆွဲယူလိုက်ပြီးလျှင် စက္ကူပတ်ကို ဖြေရင်း တစ်စုံတစ်ခုကို သတိရသည့်ဟန်ဖြင့် . . .

"ဩော် . . . ဘုရားရေ၊ ငါ့မှာ မီးခြစ်ပါမလာပါလား၊ အာဗူနော့ မင်းမှာလည်း ပါမလာဘူး မဟုတ်လား"

ဟု ပြောလိုက်လေသည်။ ထိုအခါ ဗက်စတင်က . . .

"ဒီဘက်က အင်္ကျီအိတ်ထဲမှာ မီးခြစ်ဘူး တစ်ဒါဇင်လောက် ပါသေးတယ်ကွ၊ မီးခြစ်က သာမန်မဟုတ်ဘူး၊ ဥတုသုံးပါးခံတဲ့ မီးခြစ်မျိုး၊ ဟိုနတ်ရုပ်ကြီးကို ငါမီးရှို့တုန်းက ဒါတွေနဲ့ပေါ့။ အဲဒီအချိန်က မြူတွေ သိပ်ပြီး ကျနေတာပေါ့ကွာ"

ကျွန်ုပ်မှာ ဤအချိန်မျိုးတွင် ဤမျှလောက် အဖိုးတန်သော ပစ္စည်းများကို ဗက်စတင်နှင့် လက်လွတ်စပယ် ပစ်မထားရဲသဖြင့် ကျွန်ုပ်လည်း ဗက်စတင်ထံမှ တောင်း၍ သိမ်းထားလိုက်ရ၏။ ကျွန်ုပ်တို့သည် ဖယောင်းတိုင် ၂ တိုင်ကို ထွန်းညှိပြီးနောက် ရှေ့သို့ လျှောက်လာကြ၏။ သို့သော် ၎င်းတို့ မှာ များစွာ အလင်းရောင်မရလှချေ။ ဂူကြီး၏ အမိုးနှင့် နံရံတို့ကိုပင် ထို အလင်းရောင်ဖြင့် မမြင်ရချေ။ ကျွန်ုပ်တို့ လျှောက်လာခဲ့သော လမ်းမှာ ယခင်က လျှောက်ခဲ့သည့် လမ်းကြောင်းအတိုင်းဖြစ်၍ ၎င်းသည် တစ်နေရာတွင် ရုတ်တရက် ဆုံးသွား၍ ကျွန်ုပ်တို့ရောက်ရှိနေသော နေရာမှာ ညီညာပြံ့ပျူးသော ကျောက်ဖျာကြီးတစ်ချပ်ကဲ့သို့ ဖြစ်နေလေသည်။ ယင်းကျောက်ဖျာကြီးမှာ ဖုန်မှုန့်များဖြင့် ထူထပ်စွာ ဖုံးအုပ်လျက်ရှိရာ၊ ယင်းတို့မှာ နံရံများမှ နှစ်ပေါင်းများစွာ ကြွေကျနေသည့် အမှုန့်များ ဖြစ်ဟန်တူ၏။ ဖုန်မှုန့်များကို ဖယ်ရှားကြည့်သောအခါ အောက်တွင် ပြောင်လက်အောင်တိုက်ထားသည့် ကျောက်ပြားပြင်ကို တွေ့ရ၍ အချို့နေရာများ၌ အက်ကြောင်းကလေးများကိုပင် ဖာထေးထား၏။

အက်ကြောင်းများကို ကျွန်ုပ်ကြည့်နေစဉ် ဗစ်ကလီသည် ရှေ့သို့ အတန်ငယ် တိုးသွားပြီးနောက် ကျွန်ုပ်အား အော်၍ခေါ်လိုက်ရာ တော်မီမှာ ထိုနေရာကြီးကို မနှစ်သက်သည့်ဟန်ဖြင့် ကျွန်ုပ်အနီးမှ မခွဲဘဲ ထက်ကြပ်လိုက်ပါလာ၏။

ဗစ်ကလီသည် ဖယောင်းတိုင်ကို ကိုင်၍မြှောက်လိုက်ပြီးနောက် ...

"ဒါကိုကြည့်ပြီး ဘာလဲဆိုတာ ပြောစမ်း"

ကျွန်ုပ်၏ရှေ့၌ကား ထူးဆန်းသော အရာဝတ္ထုကြီးတစ်ခုရှိ၍ ၎င်းမှ တိုင်များမှာ ကျောက်ပြောင်လျက် အဝါရောင်သတ္တုတစ်မျိုးဖြင့် လုပ်ထားပြီးလျှင် တိုင်တစ်ခုနှင့်တစ်ခုကို နန်းကြိုးများဖြင့် ဆက်ထားသည်ကို တွေ့ရ၏။ ယင်းအရာဝတ္ထုကြီးမှာ အမြင့်ပေ ၄၀၊ အလျားပေ ၁၀၀ ခန့်ရှိ၍ အောက်ပိုင်းမှာ ဖုန်မှုန့်များထဲတွင် နစ်မြုပ်လျက်ရှိနေ၏။

ဗစ်ကလီက ကျွန်ုပ်အား "ဒါက ဘာကြီးလဲကွ" ဟု တစ်ဖန် မေးလိုက်ပြန်ရာ၊ ကျွန်ုပ်မှာ အဖြေမပေးတတ်သဖြင့် စဉ်းစားနေစဉ် ဗက်စတင်က . . .

"ဒီမီးရောင်လောက်နဲ့တော့ ပြောဖို့ မလွယ်ဘူး။ သို့သော် ငါထင်တာကတော့ ဒါကြီးဟာ တစ်ခါတုန်းက လှောင်အိမ်ကြီးဖြစ်လိမ့်မယ်။ ဒီနေရာမှာ နေသွားတဲ့ လူတွေဟာ ဒီအထဲမှာ မျောက်တွေ ဘာတွေကို လှောင်ချင်လှောင်ထားလိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း ငှက်လှောင်အိမ်ကြီးဖြစ်ချင်ဖြစ်မယ်။ ကြည့်ပါလား၊ လှေကားထစ်တွေ ဘာတွေနဲ့ မျောက်တွေထိုင်ဖို့၊ ငှက်တွေနားဖို့ လုပ်ထားတာ"

ဟု ဝင်၍ ပြောလိုက်လေသည်။

ဗစ်ကလီက ဗက်စတင်အား တစ်စုံတစ်ရာ ပြန်ပြောမည်ပြုစဉ် ကျွန်ုပ်က ကြားဝင်၍ . . .

"လေယာဉ်ပျံကွ"

ဟု ဗစ်ကလီအား တီးတိုးပြောလိုက်လေသည်။

"အေး မင်းပြောတာ မှန်တယ် . . . ဒါက လေယာဉ်ပျံရဲ့ ဘောင်ဆိုပါတော့ကွာ၊ အတော့်ကို ကြီးတာပဲ။ တစ်ခုရှိတာက ဘာ့ကြောင့် အချေးမတက်သလဲ မဆိုနိုင်ဘူး"

"ဟာ . . . ဒါက အချေးမတက်နိုင်တဲ့ သတ္တုတစ်ခုခုနဲ့ လုပ်ထားလို့ဖြစ်မှာပေါ့။ ဥပမာဆိုရင် ရွှေကွာ၊ ရွှေဟာ အချေးမတက်ဘူး မဟုတ်လား"

"အင်း . . . ဒါကြီးကို အသေအချာကြည့်ချင်ရင်တော့ အောက်ကို တူးပြီး ကြည့်မှ သိမယ်။ နို့ပေမဲ့ ကျောက်မှုန့် သဲမှုန့်တွေ့ အတော်ထူနေ တော့ ပေါက်ပြားတွေ ဘာတွေရှိမှ ဖြစ်မယ်။ ကိုင်း . . . လာ၊ ရှေ့ဆက်ပြီး သွားကြည့်ကြရအောင်"

သို့နှင့် ကျွန်ုပ်တို့လည်း ရှေ့သို့ ဆက်လက်သွားကြရာ ဤအရာဝတ္ထုကြီး၏အဆုံး၌ အလားတူ နောက်တစ်ခုကို တွေ့ရပြန်၏။ ရှေ့သို့ ဆက်၍ တစ်ဖန်သွားပြန်ရာ အလားတူပင် နောက်တစ်ခု ထပ်မံတွေ့ရပြီးလျှင် အားလုံးမှာ တန်းစီလျက်ရှိနေလေသည်။

"ကိုင်း . . . ငါမပြောဘူးလား၊ လေယာဉ်ပျံရုံကြီး တစ်ရုံစာ အပြည့် ပဲကွ"

ထိုအခါ ဗက်စတင်က . . .

"အို . . . မဟုတ်တယုတ်တွေ ပြောနေတာပဲ၊ အိုရိုဖီးနားကျွန်းသား တွေ ဒါမျိုး ဘယ်လုပ်နိုင်မှာလဲကွ၊ သူတို့မှာ သတ္တုတို့ ဘာတို့မှ မရှိဘဲဟာ။ ဝက်လည်ပင်းကို လှီးတာတောင် သူတို့ရဲ့ သစ်သားဓားကြီးတွေနဲ့ လှီးရတယ် မဟုတ်လား"

ဟု ဝင်၍ပြောလိုက်၏။

ကျွန်ုပ်သည် ယခင်လာခဲ့သည့် လမ်းကြောင်းအတိုင်း မလိုက်လို သဖြင့် လက်ဝဲဘက်သို့ တိမ်းပြီးလျှင် လမ်းကြောင်းပြောင်း၍ လျှောက်သွား ၏။ မကြာမီပင် ကျွန်ုပ်၏ရှေ့၌ မားမားကြီး ရပ်နေသည့် အရာတစ်ခုကို မြင် ရသဖြင့် ထိုနေရာသို့ ခပ်သုတ်သုတ်လျှောက်သွားရာ ကျွန်ုပ်၏ ရှေ့ ပေ ၃၀ ခန့်အကွာ ဂူဝမှနေ၍ ကိုက် ၃၀၀ ခန့်အကွာတွင် လူကြီးတစ်ယောက် ရပ်နေ သည်နှင့်တူသော အရာကြီးတစ်ခုကို ဘွားခနဲ သွား၍တွေ့လိုက်ရသောကြောင့် ကျွန်ုပ်၏ခြေလှမ်းများပင် ရုတ်တရက် တန့်၍သွားမိ၏။ တော်မီသည်ပင် အလန့်တကြား ထိုး၍ဟောင်လျက် ရှိနေ၏။ ရှေ့သို့တိုး၍ အသေအချာကြည့်မိ သောအခါ ၎င်းမှာ အလွန်ကြီးမားသော ရုပ်တုကြီးတစ်ခုဖြစ်ကြောင်း သိရှိ ရလေသည်။

ရုပ်တုကြီးမှာ အောက်ခံခုံမြင့်ပေါ်တွင် တည်ရှိ၍ ခုံကြီး၏ ထိပ်သို့ အရောက် လှေကားရှစ်ထစ်ရှိ၏။ ခုံကြီး၏ အောက်ခြေမှာ စတုရန်းပေ ၅၀ ခန့်ရှိ၍ မတ်တတ်ရပ်နေသည့် ရုပ်တုရှိသောနေရာမှာ စတုရန်း ၆ ပေခန့် ကျယ်ဝန်း၏။ ရုပ်တုကြီးမှာ သက်ရှိလူတစ်ယောက် သာသာမျှသာရှိ၍ ခန့် မှန်းခြေအားဖြင့် ၇ ပေခန့်မျှ မြင့်လေသည်။

ထူးခြားချက်မှာ ရုပ်တုကြီး၏ ကိုယ်ပေါ်တွင် လူသေအလောင်းကို လွှမ်းခြုံထားသကဲ့သို့ အဝတ်တစ်ခု လွှမ်းခြုံထားသဖြင့် ကိုယ်လုံးကိုယ်ထည် ကို မမြင်ရချေ။ သို့သော် အဝတ်ကြားမှ လက်ယာဘက်လက်ထွက်နေ၍ ထို လက်မှာ မီးရှူးတိုင်တစ်တိုင်ကို ကိုင်စွဲလျက်ရှိနေ၏။ ဦးခေါင်းကိုမူ အတော် အတန် မြင်နိုင်သဖြင့် ပါးလွှာသော နှုတ်ခမ်းနှင့် ရှည်သောနှာခေါင်းရှိပြီးလျှင် ခက်ထန်သော အမူအရာရှိ၏။ ပတ်ဝန်းကျင်မှာ အလွန့်အလွန် တိတ်ဆိတ် ငြိမ်သက်၍ ကြောက်မက်ဖွယ်ပင် ကောင်းလှတော့၏။ ရုပ်တုကြီး၏ တည်ငြိမ် ပုံမှာ ဗုဒ္ဓရုပ်ပွားများ၏ ငြိမ်သက်အေးချမ်းသည့် တည်ငြိမ်ပုံမျိုး မဟုတ်ချေ။ နဖူးပေါ်တွင် အရှေ့တိုင်းသားများပေါင်းသည့် ခေါင်းပေါင်းများကဲ့သို့ ခေါင်း

စည်းတစ်ခုကို စည်းထားပြီးလျှင် ၎င်းမှ အတောင်ပံကလေး ၂ ခု ထွက်လျက် ရှိရာ အတောင်ပံများမှာ ဟစ်(ပ်)နို့(စ်) ခေါ် ဂရိနတ်တစ်ပါး၏ ဦးခေါင်းမှ ထွက်နေသော တောင်ပံများနှင့် ခပ်ဆင်ဆင်တူလေသည်။ ထို့ပြင် ကျောဘက်မှလည်း လေထဲသို့ ပျံတော့မည့် ငှက်တစ်ကောင်၏ တောင်ပံကဲ့သို့ တောင်ပံ ၂ လက် ခပ်ကုပ်ကုပ် ထွက်နေ၏။ ထုလုပ်ထားသည်မှာ အနက်ရောင်ကျောက်သားဖြစ်ပြီးလျှင် လက်ရာမှာ အထူးပြောင်မြောက်၍ ဖုံးအုပ်ထားခြင်းမရှိသော ခြေထောက်များနှင့် မီးရှူးတိုင်ကို ကိုင်ထားသည့် လက်တွင် ကြွက်သားဖုကြီးများသာမက အကြောကြီးများပင် ပြိုင်းပြိုင်းထ၍နေသည်ကို တွေ့ရ၏။ အားလုံးကိုခြုံ၍ကြည့်သော် ထုလုပ်ပုံမှာ ပကတိလူသားနှင့် တူလွန်းလှသည်ဖြစ်၍ လူ၏ ခြေလက်အင်္ဂါ စသည်တို့ကို ခွဲစိတ်ကုသခြင်းတွင် ကောင်းစွာတတ်ကျွမ်းသော ဗစ်ကလီပင် လက်ဖျားခါ၍ ယူရလေသည်။ ဤမျှလောက်မာကြောလှသည့် ကျောက်သားကို ဤကဲ့သို့ အသေးစိတ် တိကျမှန်ကန်စွာ ထုလုပ်ထားနိုင်သည့် အနုပညာရှင်မှာ ထူးခြားသော ပါရမီရှင်တစ်ဦးပင် ဖြစ်ပေလိမ့်မည်ဟု ဗစ်ကလီက ပြောပြလေသည်။

သို့နှင့် ရုပ်တုကြီး၏ ထူးခြားချက်များကို တစ်ယောက်တစ်မျိုး ဝေဖန်လျက်ရှိကြရာ ဗက်စတင်က ကျွန်ုပ်တို့ ပထမတွေ့ခဲ့ရသည့် အရာများသာ အကယ်၍ လေယာဉ်ပျံများ ဖြစ်ခဲ့ပါမူ ဤရုပ်တုကြီးမှာ တောင်ပံများ တပ်ဆင်ထားသောကြောင့် ပျံတက်ခြင်း၏ သဘောကို ဆောင်ကြောင်း၊ ထို့ပြင် မျက်နှာပေါက်နှင့် ဦးခေါင်းမှာ ကုန်းပေါ်တွင် သူဖျက်ဆီးခဲ့သော နတ်ရုပ်၏ ဦးခေါင်း၊ မျက်နှာပေါက်တို့နှင့် တူ၍နေကြောင်း၊ သို့ဖြစ်၍ ဤရုပ်တုကြီးမှာ အိုရိုနတ်၏ ရုပ်တုကြီးဖြစ်ရမည်ဟု ဆိုကာ တိုင်းရင်းသားများမရောက်မီ ယခု ကျောက်ရုပ်ကြီးကို ဖျက်ဆီးပစ်လျှင် ကောင်းမည်ဟု ဆို၍ နေချေသေး၏။

ဗစ်ကလီက အံကိုကြိတ်လျက် . . .

"ဘာကွ . . . ဖျက်ဆီးရမယ် ဟုတ်လား၊ တယ်လေ . . . မင်း မင်း တယ်ခက်တဲ့အကောင်ကြီးပဲ"

ဗက်စတင်က သူဖျက်ဆီးခဲ့သည့် နတ်ရုပ်နှင့် တူသည်ဆိုခြင်းမှာ မှန်၏။ သူယူခဲ့သော နတ်ရုပ်ခေါင်းနှင့် ယခုတွေ့ရသော ကျောက်သားရုပ်တုကြီး၏ ဦးခေါင်းမှာ မျက်နှာအနေအထားနှင့်တကွ ဟန်ပန်အသွင်အပြင်တို့ပါ တူညီနေသည်ကို နောင်အခါ ကျွန်ုပ်တို့ တွေ့ရှိရလေသည်။ ကျွန်ုပ်၏ ယူဆချက်မှာ ဤရုပ်တုမျိုးသည် ရှေးပဝေသဏီခေတ်မှစ၍ အိုရိုဖီးနားကျွန်းတွင် ရှိခဲ့ခြင်းကြောင့်သာ ဤကဲ့သို့ တူညီခြင်းဖြစ်ပေလိမ့်မည်။ ဤသို့မဟုတ်လျှင်လည်း ကျွန်းသားတစ်ယောက်ယောက်က ဤကျွန်းသို့ စွန့်စားလာရောက်

ကာ ဂူကြီးအတွင်းမှ ရုပ်တု၏ ပုံစံကို ယူ၍ ထိုနတ်ရုပ်ကို ထုခဲ့ခြင်းပေလော မပြောတတ်ချေ။

ဗစ်ကလီကမူ ဤရုပ်တုကြီးမှာ အီဂျစ်ပြည်မှ နတ်ဘုရား 'အိုဆီးရစ်' နှင့်တူနေသည်ကို အံ့သြလျက်ရှိနေ၏။ သို့သော် တစ်ခုခြားနားသည်မှာ အီဂျစ်နတ်ဘုရားရုပ်မှာ တုတ်ကောက်နှင့် ကြိမ်ကို ကိုင်ဆောင်၍ ယခုရုပ်တုကမူ မီးရှူးတိုင်ကို ကိုင်၍နေခြင်းဖြစ်၏။ အီဂျစ်နတ်ရုပ်တုမှာ သရဖူကိုဆောင်းထား၍ ယခုရုပ်တုကြီးကမူ ဦးခေါင်းကိုစည်းလျက် အတောင်ပံများ တပ်ဆင်ထားလေသည်။ အီဂျစ်ပြည်၏ အမှတ်အသားဖြစ်သော တောင်ပံတပ်ထားသည့် စက်ဝိုင်းပုံနှင့် ခပ်ဆင်ဆင်တူသော်လည်း ယခုရုပ်တုကြီး၏ ကျောမှ ထွက်နေသည့် အတောင်များမှာ အီဂျစ်မဆန်ဘဲ 'ဘေဘီလိုနီးယား' သို့မဟုတ် 'အက်ဆီးရီးယား' ဆန်၍နေ၏။ မည်သို့ဆိုစေ အဓိပ္ပာယ်ကား အသို့နည်း။

နောက်ဆုံးတွင် အဖြေကို ကျွန်ုပ်တို့ ရရှိတော့၏။ ယင်းသည်ကား ရုပ်တုကြီးသည် သေခြင်းတရားကို ကိုယ်စားပြု၍ သရုပ်ဆောင်နေသည့် ရုပ်တုကြီးပေတည်း။ ဝတ်ဆင်ထားသည့်အဝတ်မှာ လူသေအလောင်းကို ဖုံးလွှမ်းသည့် အဝတ်ဖြစ်၍ မျက်နှာထား အသွင်အပြင်မှာ အေးစက်မာကြောပြီးလျှင် လျှို့ဝှက်နက်နဲသော အဓိပ္ပာယ်များကို ဆောင်လျက်ရှိ၏။ မီးရှူးတိုင်မှာ ဘဝကူးပြောင်းသွားသည့် ဝိညာဉ်များကို အလင်းရောင်ပေးကာ ထိုဝိညာဉ်များ ဘဝတစ်ပါးသို့ ကူးပြောင်းရာတွင် တောင်ပံကို စီး၍သွားရန်ဖြစ်၏။ ရုပ်တုကြီးကို ထုလုပ်ထားရှိခြင်းမှာ နောင်တမလွန်ဘဝကို ရည်ရွယ်ထုလုပ်ထားခြင်းဖြစ်မည်ဟု ကျွန်ုပ် ယုံကြည်မိ၏။

ဗက်စတင်သည် ကျွန်ုပ်၏အယူအဆကို သဘောမကျ လက်မခံ ချေ။ သူသည် သူ၏ဘာသာတရားမှလွဲ၍ အခြားမည်သည့်အရာကိုမျှ တရားသဘော သက်ဝင်သည်ဟု ယုံကြည်သူမဟုတ်ချေ။ ဗစ်ကလီကမူ သေခြင်းတရားကို သရုပ်ဆောင်သည်ဟု ဆိုခြင်းကို သဘောကျသော်လည်း တောင်ပံနှင့် မီးရှူးတိုင်၏ အဓိပ္ပာယ်ကို လက်မခံချေ။ အဘယ့်ကြောင့်ဆိုသော် သူသည် တမလွန်ဘဝကို ယုံကြည်သူ မဟုတ်သောကြောင့်ပေတည်း။

မည်သို့ဆိုစေ ကျွန်ုပ်တို့ နားမလည်နိုင်သည့်အချက်မှာ ဤကဲ့သို့ ရုပ်တုမျိုးကို မည်သည့်အတွက် လေယာဉ်ပျံများ ထားသည့်နေရာ၌ လာ၍ထားရသနည်းဆိုသည့် အချက်ဖြစ်၏။ ဤဂူကြီးကို လေယာဉ်ပျံများထား သည့်နေရာအဖြစ် အသုံးမပြုမီ နှစ်ပေါင်းများစွာကပင် ဤရုပ်တုကြီးသည် ဤနေရာ၌ ရှိကောင်း ရှိပေလိမ့်မည်။ ဤနေရာကြီးမှာ မူလက ဝတ်ကျောင်းတော်ကြီးတစ်ဆောင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့သော် နောင် နှစ်ပေါင်း

များစွာ ကြာရှိ၍၊ အဖြစ်အပျက်များ ပြောင်းလဲလာသည့် အခြေအနေများကြောင့် လူများမှာ စရိုက်ပြောင်း၍လာပြီးလျှင် ဘာသာအယူအဆလည်း ပြောင်းလဲလာသည်ဟု တွေးဆနိုင်၏။

ရုပ်တုကြီးကို ဖယောင်းတိုင်နှစ်တိုင်မီးဖြင့် အသေးစိတ်ကြည့်ရှုလေ့လာပြီးနောက် ရှေ့သို့ ဆက်လက်သွားကြရာ၊ အလှမ်း ၂၀ ခန့်အရောက်တွင် တွင်းတစ်ခုကို ရုတ်တရက် တွေ့ရသဖြင့် ဗစ်ကလီမှာ အားလွန်၍ ကျသွားလုမတတ် ဖြစ်သွား၏။ သို့ရှိစဉ် ဗက်စတင်က သူ့မှာ အလွန်ပူအိုက်၍ ရေငတ်ပြီးလျှင် ဆာလည်း ဆာလောင်လှပြီဖြစ်ကြောင်းဖြင့် ညည်းညူလျက် ရှိနေ၏။ ဗစ်ကလီသည် ဗက်စတင်ပြောသည်ကို ဂရုမစိုက်ဘဲ ကျွန်ုပ်ဘက်သို့လှည့်ကာ

"ဒီမယ် . . . အာဗူနော့၊ ဖယောင်းတိုင်တွေလည်း ကုန်တော့မယ်။ အရေးမကြီးဘဲနဲ့ နောက်ထပ် အကုန်ခံလို့ မဖြစ်သေးဘူး။ နောက်အရေးကြီးတဲ့ကိစ္စတွေမှာသုံးဖို့ ချန်ထားဦးမှဖြစ်မယ်။ ငါယူလာခဲ့တဲ့ ခါးပိုက်ဆောင် အိမ်မြောင်အရဆိုရင် ဂူဝကြီးဟာ အနောက်ဘက်စူးစူးမှာ ရှိနေတယ်။ ဒီကနေ့ မနက်တို့များ ကျောက်ဖျာကြီးပေါ်သွားတဲ့အချိန်တုန်းက ရှိတဲ့ နေရဲ့ အနေအထားအရဆိုရင် နေဟာ ဂူဝကြီးနဲ့ မျက်နှာချင်းဆိုင်ဖြစ်တဲ့ ဘက်ကနေပြီး ထွက်ရမယ်။ ဒီတော့ မနက်ဖြန် အရုဏ်တက်ချိန်လောက်ကျရင် နေရောင် ဟာ ဒီရုပ်တုကြီးအထိ တိုးဝင်လာနိုင်တယ်။ ဒါ့ထက်လွန်ပြီးတောင် ဝင်လာနိုင်လိမ့်မယ်။ ဒီတော့ မနက်ဖြန် အရုဏ်တက်ချိန်အထိ စောင့်ပြီး အလင်းရောင်ရတော့မှ နောက်တစ်ခေါက် စုံစမ်းကြသေးတာပေါ့"

ဟု ပြောလိုက်၏။

ကျွန်ုပ်ကိုယ်တိုင်ပင် လူမပင်ပန်းသော်လည်း အတော်ပင် စိတ်ပင်ပန်းနေပြီဖြစ်၍ ကျွန်ုပ်တို့လည်း လှည့်၍ပြန်ခဲ့ကြ၏။ ထိုအခါ တော်မီကို မတွေ့သဖြင့် ၎င်းအား လိုက်လံရှာလျက်ရှိရာ ဗက်စတင်က . . .

"ဒီအကောင် ဘာမှမဖြစ်ပါဘူးကွ၊ ဟိုရုပ်တုကြီး ခြေရင်းမှာ အနံ့လိုက်ခံနေတာကို မြင်လိုက်ရတယ်၊ ကြွက်လား၊ မြွေလားတော့ မသိဘူး။ တစ်ကောင်ကောင်တော့ သူတွေ့နေပြီနဲ့ တူတယ်"

ဟု ပြောသဖြင့် သွားရောက်ကြည့်ရှုရာ၊ တော်မီမှာ ရုပ်တုအောက်ခံခုံကြီး၏ ခြေရင်းတွင် နှုတ်သီးကို ထိုးသွင်းကာ တရှူးရှူး အနံ့ခံပြီးလျှင် မြေများကို လက်သည်းဖြင့် ခြစ်ကုတ်နေသည်ကို တွေ့လိုက်ရ၏။ သို့နှင့် ကျွန်ုပ်လည်း ၎င်းအား မနည်းချော့၍ ပြန်ခေါ်လာရလေသည်။ ထိုအခြင်းအရာကို ပထမ၌ ကျွန်ုပ် ဂရုမပြုမိဘဲ နောင်အခါတွင်မှ ထိုနေရာသို့ သွားရောက်စုံစမ်းဦးမည်ဟု အောက်မေ့လိုက်၏။

လေယာဉ်ပျက်များကို ဖြတ်ကျော်လာခဲ့ပြီးနောက် ကျွန်ုပ်တို့လည်း ဂူအပြင်သို့ ပြန်လည်ရောက်ရှိလာကြရာ တစ်ခဏမျှ အမောအပန်းဖြေ၍ ရိက္ခာ ပစ္စည်းများနှင့်တကွ လှေကိုပါ ဂူဝအထိ ဆွဲယူပြီးလျှင် ဝှက်ထားလိုက်ကြ၏။

သို့ပြုလုပ်ပြီးနောက် ကျွန်ုပ်တို့လည်း တောင်ကြီး၏ အောက်ခြေကို လှည့်ပတ်ကြည့်ရှုရာ အောက်ခြေသည် ကျွန်ုပ်တို့မှန်းဆသည်ထက် ပို၍ ကြီးပြီးလျှင် အဝန်းအားဖြင့် ၂ မိုင်ကျော်ခန့် ရှိနေသည်ကို တွေ့ရ၏။ ပတ်လည်တစ်လျှောက်မှာ သစ်ပင်များ ပေါက်ရောက်နိုင်သည့်မြေမျိုး ဖြစ်၍ တောကလေးတစ်ခုသဖွယ် ဖြစ်နေပြီးလျှင် အိုင်စပ်၌မူ ရွှံ့ပြင်များ ရှိနေလေသည်။ ယင်းရွှံ့ပြင်များမှာ မုန်တိုင်းကြီး ကျရောက်စဉ်အခါက ရုတ်တရက် ဖြစ်ပေါ်လာဟန်တူ၏။ တောင်ကြီး၏ ခြေရင်းမှ အထက်ကျသော အပိုင်းများတွင် ကျွန်ုပ် ဖော်ပြခဲ့သည့်အတိုင်း မီးတောင်ဝနှင့်တူသည့် တွင်းကြီးများကို တွေ့မြင်ရ၏။ အချို့မှာ ကျွန်းဘက်တွင် တွေ့ရသည့် တွင်းကြီးများနှင့်ပင် တူလေသည်။ ထိုအခြင်းအရာများကို ထောက်ခြင်းအားဖြင့် တောင်ကြီးမှာ တစ်ချိန်က ပြင်းထန်စွာ ပစ်ခတ်ခြင်း ခံခဲ့ရသည်ဟု ယူဆနိုင်လေသည်။

ကျွန်ုပ်တို့သည် အောက်ခြေကို တစ်ပတ်ပတ်ပြီးနောက် မှန်ပြောင်းဖြင့် ယခင်ကြည့်စဉ်က မြင်ခဲ့သော လှေကားထစ်များဖြစ်နေသည့် အပျက်အစီးများရှိရာ နေရာသို့ သွားရောက်ကြည့်ရှုရန် အပေါ်သို့ တက်ခဲ့ကြ၏။ ကျောက်သား လှေကားထစ်များမှာ လူတို့လက်ဖြင့် ကျောက်သားပြင်ကို ခဲယဉ်းစွာ ပြုလုပ်ထား၍ အပေါ်တွင် မြို့ကြီး တည်ဆောက်ခဲ့ဟန်တူ၏။ သို့သော် ထိုမြို့ကြီးမှာ ယခုအခါ အပျက်အစီး အကျိုးအပဲ့များနှင့် ဖုန်မှုန့်များသာ ကျန်ရှိတော့၏။

သို့နှင့် ကျွန်ုပ်တို့လည်း ဝတ်ကျောင်းကြီးဟု ယူဆရသော အဆောက်အဦပျက်ကြီး၏ ကျောက်တုံးကြီးများပေါ်သို့ ခဲယဉ်းစွာ တက်၍ ကြည့်ကြ၏။ ကျောင်းတော်ကြီးမှာ မီးတောင်နှုတ်ခမ်းတွင် ရှိသည်ကို ထောက်သဖြင့် တောင်ကြီးမှာ တစ်ချိန်က မီးရှင်တောင်ကြီးဖြစ်ခဲ့ရာမှ မီးသေတောင်အဖြစ်သို့ ပြောင်းလဲသွားခဲ့ဟန် တူလေသည်။ ကျောက်တုံးပေါ်မှ ကြည့်ကြသောအခါ လှေကားထစ်အကျိုးအပဲ့များ လဲကျနေသော တိုင်ကျိုးတိုင်ပဲ့များနှင့် ကျယ်ဝန်းသော မြေကွက်ကြီးများကို တွေ့မြင်ရ၏။

တိုင်များတွင် ရုပ်လုံးများ ဖော်ထားခဲ့ဟန်တူသော်လည်း နှစ်ပရိစ္ဆေဒ ကြာညောင်းလှပြီဖြစ်သဖြင့် ပွန်းပဲ့ပျက်စီးလျက် ရှိနေလေပြီ။ တိုင်များ၏ အောက်ခြေ၌ ရုပ်လုံးပန်းကွမ်များ ရှိမရှိကိုမူ ဖုန်နှင့် ကျောက်မှုန့်များ ထူထပ်စွာ အုပ်နေသဖြင့် မသိရချေ။ ဤသို့ ရစရာမရှိအောင် ပျက်စီးနေခြင်းမှာ ဇစ်ကလီ

၏ အဆိုအရ သိပ္ပံနည်းကျ တီထွင်သည့် အလွန်ပြင်းထန်သော လက်နက်မျိုး ဖြင့် ပစ်ခတ်ချေမှုန်းပစ်သဖြင့်သာ ဖြစ်နိုင်ပေမည်။

ထို့နောက် ကျွန်ုပ်တို့သည် ကျောက်တုံးထိပ်မှ ဆင်းခဲ့ပြီးလျှင် ယခင်က လမ်းတစ်လမ်းဖြစ်ခဲ့ဟန်တူသော လမ်းကြောင်းလေးမှ လိုက်ခဲ့ရာ၊ မီးတောင်ထိပ်ဝဆီသို့ ရောက်လာခဲ့ကြ၏။ ထိုနေရာ၌ အောက်သို့ လျှောဆင်းသွားသော ချိုင့်ကြီးကို တွေ့ရလေရာ၊ ၎င်းမှာ တစ်ချိန်က ချော်မြှုပ်များ၊ မီးများ ထွက်၍ နေခဲ့ဟန်တူ၏။ ယခုသော် ထိုချိုင့်ကြီးမှာ မိုင်တစ်မတ်ခန့် ကျယ်ဝန်းသည့် ရေအိုင်ကလေးဖြစ်ပြီးလျှင် ရေစပ်သို့ ဆင်းသည့်နေရာမှာလည်း လှေကားသဖွယ် အထစ်ကလေးများကို တွေ့ရ၏။ ၎င်းကို ထောက်ခြင်းအားဖြင့် စကြာကြီးပေါ်တွင် အဆောက်အဦကြီးများ ရှိနေစဉ်အချိန်ကလည်း ရေအိုင်ကလေးပင် ဖြစ်တန်ရာ၏။ ထို့နောက် ယင်းမြင်ကွင်းများကို အတန်ကြာကြည့်ရှု၍ ငြီးငွေ့လာပြီဖြစ်သောကြောင့် ကျွန်ုပ်တို့လည်း ဂူဝဆီသို့ ပြန်ခဲ့ကြလေသည်။

[ ၁၀ ]

# ထူးဆန်းသောသချိုင်းဂူကြီး

ကျွန်ုပ်တို့ ပြန်ထွက်လာချိန်မှာ နေဝင်လုနီးပြီဖြစ်၍ ထိုညဥ့်အတွက် ပြင်ဆင်ရတော့၏။ ကမ်းစပ်တွင် ထင်းများ ပေါလှသဖြင့် မီးဖိုရန် ကျွန်ုပ်တို့သည် ထင်းများကို ရှာဖွေကောက်ယူ၍ နေရသော်လည်း ချက်ပြုတ်ရန်ဟူ၍ ကား ဘာမျှမရှိချေ။

ထိုစဉ် ကျောက်ဖျာကြီးဆီသို့ လှေတစ်စင်း ချဉ်းကပ်လာရာ၊ လှေထဲတွင် စော်ဘွားကြီး မာရာမားနှင့် ပုရောဟိတ်တစ်ယောက်လည်း ပါလာ၏။ သူတို့သည် ခေတ္တမျှ လှေကို ရပ်လိုက်ပြီးနောက် ကျွန်ုပ်တို့ရှိရာသို့ လှော်ခတ်လာ၏။ စကားပြော၍ ကြားနိုင်လောက်သည့်နေရာသို့ ရောက်လာသောအခါ၊ ကျွန်ုပ်တို့က ဂရုမစိုက်ဘဲ နေလိုက်သဖြင့် မာရာမားက ကျွန်ုပ်အား ခေါင်းတည်ပြီးလျှင် စ၍ စကားပြောလေသည်။

"ပင်လယ်ကလာသော အိုမိတ်ဆွေ . . . သင်နှင့် ဆေးကုဆရာကြီးကို ယခင်ကလိုပဲ ကျွန်ုပ်တို့ဧည့်သည်အဖြစ် ကျွန်ုပ်တို့ထံ ပြန်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ကျွန်ုပ်တို့တွင် သင်၏ ပညာဉာဏ်မရှိတော့တဲ့အတွက် လူအများမှာ အမှောင်၏ဖုံးလွှမ်းခြင်းကို ခံနေရပါတယ်။ ဖျားနာကြသူတွေကလည်း ဆေးကုဆရာကြီးကို တောင့်တပြီး နေကြပါတယ်။ သူ၏ဓားဖြင့် ခွဲထားသော လူနာနှစ်ယောက်မှာ သေမတတ်ဖြစ်နေပါပြီ"

ထိုအခါ ကျွန်ုပ်က . . .

"ဒါဖြင့် ဦးအာကျယ်အတွက်ကကော"

"သူ့ကိုလည်း ပြန်လာစေချင်ပါတယ်။ ဒါပေမဲ့ သူကတော့ ကျွန်ုပ်တို့ရဲ့နတ်ကို မီးနဲ့ ဖျက်ဆီးပစ်လိုက်တာက တစ်ကြောင်း၊ သူ့အတွက်ကြောင့်

ဆေးကုဆရာကြီးက နတ်၏ ပုရောဟိတ်ကို သတ်ပစ်လိုက်တာက တစ်ကြောင်းတို့ကြောင့်၊ သူ့ကိုတော့ ယဇ်ပူဇော်ပြီး စားပစ်ရပါလိမ့်မယ်"

ထိုအခါ ဗက်စတင်က . . .

"ဟာ ဒါကတော့ မတရားတာကြီးပဲ၊ သွေးထွက်သံယိုဖြစ်ရတဲ့အတွက် ကျုပ်စိတ်မကောင်းပါဘူး၊ ဒါကလည်း မဖြစ်သင့်ဘဲနဲ့ ဖြစ်သွားရတာပါ"

"ဟေ့ . . . ဒီလိုဆိုရင်လည်း ပြန်ပြီး ဖြေတဲ့သဘောနဲ့ လိုက်ခဲ့ပေါ့။ အားလုံးက သဘောကျမှာပဲ"

ဟု ဗစ်ကလီက ဝင်၍ ပြောလိုက်လေသည်။ ထိုအခါ ကျွန်ုပ်က စကားမပြောကြရန် လက်ပြလိုက်ပြီးနောက် မာရာမားအား . . .

"ဒီမယ် မာရာမား . . . ကျွန်ုပ်တို့ကို သတ်ဖို့ကြိုးစားတဲ့လူတွေဆီကို ပြန်ပြီး လာနေဖို့ခေါ်တာဟာ ခင်ဗျားရူးလို့ဖြစ်လိမ့်မယ်။ ကျွန်ုပ်တို့ကို ဘာလို့သတ်ချင်သလဲ၊ ဒီက ဦးအာကျယ်က သစ်သားရုပ်တုကို မီးရှို့ပြီး ခေါင်းကြီးပြုတ်ထွက်သွားအောင် လုပ်လိုက်လို့မဟုတ်လား။ ဒီလိုလုပ်ပြလိုက်တာကလည်း ဒီရုပ်တုဟာ သူ့ကိုယ်သူ မြဲအောင် မလုပ်နိုင်ဘူးဆိုတာ ပြချင်လို့ပဲ။ မြဲအောင်မလုပ်နိုင်တဲ့ ရုပ်တုကိုပဲ သင်တို့က နတ်လို့ ခေါ်နေကြတယ်။ ကျွန်ုပ်တို့တော့ ပြန်မလာတော့ဘူး၊ သင်တို့ထိုက်နဲ့ သင်တို့ကံပဲ။။ ကျွန်ုပ်တို့ကတော့ ကျွန်ုပ်တို့သွားမယ့်လမ်းကို သွားမှာပဲ။ ဘယ်အထိသွားမလဲဆိုရင် သင်တို့အားလုံး ကံဆိုးမိုးမှောင်ကျပြီး ဘေးဒုက္ခနဲ့ တွေ့ရလို့ ကျွန်ုပ်တို့ဆီ လာပြီး ပစ္စည်းတွေနဲ့ ပူဇော်ပသ တောင်းပန်ရတဲ့နေ့အထိ ဒီမှာနေမယ်။ အဲဒီ တော့မှ ကျွန်ုပ်တို့ပြန်လာမယ်"

ကျွန်ုပ်၏စကား မည်မျှလောက် ထိရောက်မည်ကို သိရှိရန် ခေတ္တရပ်၍ နေလိုက်၏။ မာရာမားနှင့် သူ၏ ပုရောဟိတ်ကြီးသည် တစ်ယောက်လက်ကို တစ်ယောက်ကိုင်ကာ ညည်းညူသံကြီး ထွက်ပေါ်လာသဖြင့် ကျွန်ုပ်လည်း ကျေနပ်နစ်သိမ့်ကာ ဆက်လက်၍ . . .

"သင့်ကို ကျွန်ုပ် ပြောစရာတစ်ခုရှိတာက ဘယ်လူသားမှ ခြေမချဝံ့ဘူး၊ ခြေမချဘူးလို့ သင်တို့ပြောတဲ့ ဂူကြီးအတွင်းကို ကျွန်ုပ်တို့ ဝင်ကြည့်ပြီးပြီ။ ဂူကြီးထဲမှာ စံပယ်တဲ့ နတ်အစစ်ကို ကျွန်ုပ်တို့ တွေ့ပြီးပြီ"

ဤနေရာတွင် ဗက်စတင်က ဝင်၍ပြောမည်ပြုသဖြင့် ဗစ်ကလီက ဟန့်၍တားလိုက်ရ၏။

ထိုအခါ သူတို့လည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီးလျှင် သက်ပြင်းရှည်ကြီးများ တစ်ချက်စီ ချလိုက်ကြလေသည်။

ကျွန်ုပ်က ဆက်လက်၍ . . .

"အဲဒီနတ်ကြီးက သင်တို့ ဒီကိုလာမယ်ဆိုတဲ့အကြောင်း ပြောတယ်။ သင်တို့အတွက် အမိန့်အမှာစကားလည်း ပြောလိုက်တယ်၊ အဲဒီအမိန့်အမှာစကားကို ပြောဖို့ ကျွန်ုပ်တို့ ဒီကမ်းစပ်ကို လာခဲ့တာပဲ"

ဗက်စတင်က ဝင်၍ ပြောဦးမည်အပြုတွင် ဗစ်ကလီက အတော်ပင်ဟန့်တားလိုက်ရ၏။

"သင်တို့အတွက် နတ်ကြီးရဲ့ အဆိုအမိန့်မှာ . . . . 'ကျွန်ုပ်၏ မျက်နှာ၊ ကျွန်ုပ်၏ သွင်ပြင်မူရာတို့ကို အတုယူထားသည့် ကုန်းပေါ်မှ အိုရို နတ်ရုပ်ကြီး ပျက်စီးသွားသည့်အတွက် အိုရိုအစစ်အမှန်ဖြစ်သော ကျွန်ုပ်က ဝမ်းမြောက်မိသည်။ သင်တို့သည် ကျွန်ုပ်အား ပူဇော်ပသရန် ရိက္ခာအမြောက်အမြားကို နေ့စဉ်နေ့တိုင်း ယူဆောင်ပြီးလျှင် ပူဇော်ပသရာ ပလ္လင်ထက်၌ ကောင်းစွာ တင်ထားရမည်။ ထို့ပြင် လတ်ဆတ်သော ငါးများကိုလည်း ပင်လယ်မှ ယူခဲ့ရမည်။ ထို့နောက် ဧည့်သည်များ နေထိုင်ရန် ပေးထားသောအိမ်တွင်ရှိသော သူတို့ကျန်ရစ်ခဲ့သည့် ပစ္စည်းများကိုပါ သယ်ဆောင်ခဲ့ရမည်။ ဤသည်ကား ကျွန်ုပ်၏ အမိန့်တော်ဖြစ်သည်' . . . လို့ သင်တို့အား ပြောကြားရန် ကျွန်ုပ်တို့ကို မှာကြားလိုက်တယ်"

"ကျွန်ုပ်တို့က မလိုက်နာငြင်းဆန်လျှင် မည်သို့နည်း"

"ဤသို့ဆိုလျှင် အိုရိုက သင်တို့အား သေကြေပျက်စီးစေလိမ့်မယ်။ သင်တို့၏ စားရေရိက္ခာများ ပျက်စီးကုန်လိမ့်မယ်။ ရောဂါကပ်ကြီးနဲ့တကွ ခေါင်းပါးခြင်း၏ ဘေးအန္တရာယ်နှင့် တွေ့ကြုံရလိမ့်မယ်။ ထို့နောက် ကွယ်လွန်သူများ၏ ဝိညာဉ်ဖြစ်သော 'အိုရိုမားတူးဝါးများ' က သင်တို့အိပ်နေစဉ် ချောက်လှန့်ရုံမက အိုရိုကိုယ်တိုင်က သင်တို့၏ ဝိညာဉ်တွေကို စားပစ်လိမ့်မယ်"

ကျွန်ုပ်က ဤသို့ စကားများပြောလိုက်သောအခါ သူတို့နှစ်ယောက်စလုံးပင် အလွန်ကြောက်ရွံ့သွားပုံရ၏။

ထို့နောက် မာရာမားက . . .

"ပင်လယ်မှလာသော မိတ်ဆွေ၊ အကယ်၍ ကျွန်ုပ်တို့က သဘောတူခဲ့သော် အဘယ်နည်း"

"ဤသို့ဆိုက တစ်နေ့တွင် ကျွန်ုပ်တို့သည် သင်တို့ထံပြန်လာပြီး လျှင် ကျွန်ုပ်၏ ပညာဉာဏ်အားဖြင့် ကျွန်ုပ်က သင်တို့အား ကူညီမည်။ ဆေးကုဆရာကြီးက နာဖျားမကျန်းရှိသူများကို ကုသပေးမည်။ ဦးအာကျယ်က သင်တို့အား သူ၏ တံခါးပေါက်မှ ထွက်စေမည်"

ကျွန်ုပ်နောက်ဆုံးပြောလိုက်သော အပိုဒ်ကို ပုရောဟိတ်မှာ သဘော ကျဟန်မတူချေ။ သို့သော် တစ်ခဏမျှ တိုင်ပင်ကြပြီးနောက် မာရာမားက နတ်ကြီး၏အလိုကျ ဖြစ်စေမည်ဖြစ်ကြောင်း၊ ထိုအတောအတွင်း ဂူတွင်းရှိ အိုရိုနတ်ကြီးအား သူတို့အပေါ်တွင် ဘေးအန္တရာယ်များ ကျရောက်ခြင်းမှ ကာ ကွယ်ပေးရန် တောင်းပန်ပေးစေလိုကြောင်း ပြောကြားလေသည်။ ထိုအခါ ကျွန်ုပ်က သူအလိုရှိသည့်အတိုင်း နတ်ကြီးအား တောင်းပန်ပေးမည်ဖြစ် ကြောင်း။ သို့သော် သူတို့၏မိုက်မဲမှုမှာ ကြီးမားလှသဖြင့် မည်သည့်အရာကို မျှ ယခုအချိန်တွင် အတိအကျ ကတိမပေးနိုင်သေးကြောင်းဖြင့် နောက်ဆုံးပြန် ပြောလိုက်၏။

ထို့နောက် ကျွန်ုပ်တို့လည်း စကားလက်စပြတ်ပြီဟူသောသဘောဖြင့် ဣန္ဒြေကြီးစွာဖြင့် ပြန်ခဲ့၏။ ဤကဲ့သို့ ပြန်ခဲ့ကြရာတွင် အမှန်တရား လွန်ကဲ လွန်းသော စကားများကို ဗက်စတင်က ရုတ်တရက် ပြောလိုက်မည်စိုးသဖြင့် သူ့အား ကျွန်ုပ်တို့ရှေ့မှ သွားစေရ၏။

မာရာမားတို့ မကြားနိုင်သည့်နေရာသို့ ရောက်သောအခါ ဗစ်ကလီ က . . .

"ဟန်ကျသကွာ၊ ရန်သူကတော့ လက်မြှောက်သွားပြီ၊ ကျွန်းဘက် က စားရေရိက္ခာတွေနဲ့ ဒီမှာ တို့နေချင်သလောက် နေနိုင်တယ်။ ပြီးတော့ အကြောင်းတစ်ခုခုကြောင့် တို့ပြန်သွားချင်တယ်ဆိုလည်း ပြန်သွားနိုင်ပြီ"

ထိုအခါ ဗက်စတင်က . . .

"ဟန်ကျတယ်လို့ ပြောတဲ့ မင်းစကားက ဘာလဲကွ၊ အာဗူနော့ ပြော လိုက်တဲ့ မုသာဝါဒစကားကြောင့် တို့အပေါ် အပြစ်ကျရောက်တော့မှာပဲ၊ ငါ တော့ မာရာမားနဲ့တောင် ပြန်လိုက်သွားပြီး အမှန်ကို ရှင်းပြလိုက်ချင်တယ်"

"အမယ်လေးကွာ . . . ကိုယ့်ကိုယ်ကို ဟင်းအဖြစ်နဲ့ ချက်ပြီး အစား ခံချင်တဲ့ မင်းလိုလူစားမျိုး ငါတစ်ခါမှ မတွေ့ဖူးပေါင်ကွာ၊ ဒါပေမဲ့ မာရာ မားတို့လှေက ကိုက် ၁၀၀ လောက် ရောက်သွားပြီကွ၊ ဒီက လှေကိုတော့ မင်းကို မပေးနိုင်ဘူး။ ဒီမယ် ဟိုစကားပုံကို မင်းမှတ်မိတယ်မဟုတ်လား၊ မလွဲ သာ၍ လုပ်ရခြင်းတွင် အပြစ်မရှိဆိုတာရယ်၊ နောက်ပြီး အချစ်နှင့် စစ်ပွဲတွင် အစစအရာရာ လျော်ကန်သည်ဆိုတာရယ်"

ဗက်စတင်က ဗစ်ကလီအား ပြန်၍ပြောမည်အပြုတွင် စကားရှည် နေမည်စိုးသဖြင့် ကျွန်ုပ်က . . .

"ဟေ့လူ . . . မီးသွားမွေးပါဦး"

ဟု ပြောကာ သူ့အား အတင်းတွန်းထိုး၍ လွှတ်လိုက်ရ၏။

ကျွန်ုပ်တို့သည် ထိုညဥ့်၌ ကျောက်ဆွယ်ချပ်ကြီး မိုး၍နေသော ဂူဝ၏ တစ်ဖက်တွင် အိပ်စက်ကြရာ ရာသီဥတုသာယာသဖြင့် စောင်များပင် မရှိသော်လည်း ကောင်းစွာ အိပ်စက်ရလေသည်။ ဗက်စတင်မှာ သေတွင်းမှ လက်မတင်ကလေး လွတ်မြောက်ခဲ့ရသော်လည်း တခေါခေါ အိပ်ပျော်လျက် ဗစ်ကလီမှာလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိရာ ကျွန်ုပ်မှာမူ တစ်နေ့လုံး မောပန်းသည့်ပြင် နေ့လယ်ခင်းက တွေ့မြင်ခဲ့ရသည့် ထူးဆန်းသောအရာများကိုလည်းကောင်း၊ ရှေ့တွင် မည်ကဲ့သို့ ဖြစ်ကြရဦးမည် အကြောင်းများကိုလည်း စဉ်းစားနေမိသဖြင့် ရတ်တရက် အိပ်၍မပျော်ချေ။

ဤသို့ တောင်စဉ်ရေမရ တွေးတောလျက်ရှိစဉ် ဘာသာတစ်မျိုးဖြင့် သာယာညင်းပြောင်းစွာ သီဆိုလိုက်သော သီချင်းသံကလေးနှင့်အတူ လိုက်ဖက်ညီညာလှသည့် ဂီတသံတစ်မျိုးကိုပါ မကွဲမပြား ခပ်သဲ့သဲ့ ကြားလိုက်ရ၏။ အသံမှာ မိန်းမသံဖြစ်၍ တစ်ယောက်တည်းသီဆို၍ နေလေသလော၊ သို့မဟုတ် နက်ရှိုင်းသောဂူကြီး၏ ပဲ့တင်သံများနှင့် ရောပြွမ်းလျက် ခပ်ဝါးဝါး ထွက်ပေါ်လာခြင်းပေလော ခွဲခြား၍မရချေ။ ဂူထဲတွင် ကျွန်ုပ်တို့မှလွဲလျှင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိသဖြင့် သီချင်းသံကြားရသည်မှာ ကျွန်ုပ်၏ စိတ်ကူးယဉ်မှုပင် ဖြစ်လေသလော။

ကျွန်ုပ်သည် ရေထဲမှ ငါးကြီးတစ်ကောင် ပွက်သည့်အသံကြောင့် ခပ်မှေးမှေးအိပ်ပျော်လျက်ရှိရာမှ ဖျတ်ခနဲ လန့်နိုးလာ၏။ ကမ်းဘက်မှ တိုင်းရင်းသားများ လာရောက်တိုက်ခိုက်နိုင်သည့် အချက်ကို စွဲလမ်းနေသဖြင့် ထိုအသံကို လှော်တက်ခတ်သံဟုလည်း ထင်မိ၏။ ကမ်းဘက်သို့ ကြည့်လိုက်ရာ ဝိုးတဝါးမြင်ရသော အခြားဘက်မှ ကမ်းရိုးတန်းနှင့် အရောင်မှုန်ဝါးလာပြီဖြစ်သော ကြယ်ကလေးများကိုမြင်ရသဖြင့် မကြာမီ မိုးစင်စင်လင်းတော့မည့်အကြောင်း သိရ၏။ သို့နှင့် ကျွန်ုပ်လည်း ၎င်းတို့နှစ်ယောက်ကို နှိုးပြီးလျှင် ကိုယ်လက်သုတ်သင်ကြပြီးနောက် စားစရာများကို စားကြရင်း နေထွက်မည်ကို စောင့်မျှော်လျက် ရှိကြလေသည်။

မိုးစင်စင်လင်း၍ နေသည် ကျွန်ုပ်တို့ထင်သည့်အတိုင်း ဂူကြီး၏ မျက်နှာချင်းဆိုင်ဘက်မှ ထွက်ပေါ်လာသဖြင့် ကျွန်ုပ်တို့လည်း သစ်ကိုင်းကြီးများကို ကုတ်များ၊ တူရွင်းများသဖွယ် ပြုလုပ်ကြ၏။ ထို့နောက် ယင်းတို့နှင့်အတူ ဖယောင်းတိုင်များကိုပါ ယူပြီးလျှင် ဂူတွင်းသို့ ဝင်ခဲ့ရာ တော်မီလည်း ပေါ့ပါးဖြတ်လတ်စွာ လိုက်ပါလာ၏။ သူ အဘယ့်ကြောင့် ပေါ့ပါးဖြတ်လတ်စွာ ရှိနေသည်ကို ရပ်တုရှိရာနေရာသို့ ရောက်သောအခါမှ ကျွန်ုပ်သိရတော့၏။ ဗက်စတင်မှာမူ ကမ်းဘက်တွင် သူတရားဟောခဲ့သော တိုင်းရင်းသား

များအပေါ်၌သာ စိတ်ဝင်စားနေပုံရပြီးလျှင် ကျွန်ုပ်တို့ လှုပ်ရှားမှုများကို အား တက်သရော စိတ်ပါဝင်စားခြင်း ရှိပုံမရချေ။ သူသည် ယမန်နေ့က မီးရှို့ခဲ့ သည့် နတ်ရုပ်ကြီး၏ ဦးခေါင်းကို ထိုညဥ့်က ခေါင်းအုံး၍အိပ်ခဲ့ရာ သစ်သား ခေါင်းကြီးမှာ ကျောက်တုံးထက် ပျော့ကြောင်းဖြင့်ပင် ပြောလိုက်သေး၏။

ထိုအချိန်တွင် ရုပ်တုကြီးပေါ်သို့ တိုက်ရိုက်ထိုးဝင်ကျရောက်လျက် ရှိသော နေ၏အလင်းရောင်မှာ ၎င်း၏ မျက်နှာသွင်ပြင် အမူအရာကို ပိုမို ခံ့ညားထင်ရှားစေလျက် ရှိနေ၏။ ကိုယ်ကို ဖုံးအုပ်ထားသည့် အဝတ်အထက် မှ ပေါ်၍နေသော မျက်နှာကြီးမှာ ကြောက်မက်ဖွယ်အသွင်ကို ဆောင်လျက် ရှိသော်လည်း ခံ့ညားသည်ဟု ဆိုရပေမည်။ ကျွန်ုပ်၏ထင်မြင်ချက်မှာ ရုပ်တု ကြီးကို ဤနေရာတွင် ထားရှိခြင်းမှာ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ် ရက်ဆိုဘိသကဲ့သို့ အချို့ရက်များ၌သာ ၎င်းအား ကိုးကွယ်ဆည်းကပ်သူများ စုရုံးရောက်ရှိလာသဖြင့် ၎င်းတို့ရောက်ရှိချိန်နှင့် ရုပ်တုကြီးပေါ်သို့ နေမင်း ကြီး၏ အလင်းရောင် တိုက်ရိုက်ကျရောက်ချိန် ကိုက်ညီအောင် ဤသို့ ထားရှိ ခြင်းဖြစ်ပေလိမ့်မည်။ ဥပမာပြရမည်ဆိုလျှင် အီဂျစ်ပြည် နိုင်းမြစ်ကမ်းပေါ် ရှိ "အဗူဆင်ဘဲ" ဝတ်ကျောင်းတွင်လည်း အတွင်းအကျဆုံးနေရာ၌ ထားသည့် နတ်ဘုရားရုပ်တု ၃ ခုအပေါ်သို့ နေရောင်ခြည်ကျရောက်သည့် အချိန်နှင့် ဘုရားဖူးများ လာရောက်သည့်အချိန်ကို ကိုက်ညီအောင် ပြင်ဆင်ထားလေ သည်။

ကျွန်ုပ်နှင့် ဗစ်ကလီတို့သည် ရုပ်တုကြီးကို ထပ်မံကြည့်ရှုလျက်ရှိ ရာ ဗက်စတင်ကလည်း ရုပ်တုကြီး၏ ဦးခေါင်းနှင့် သူယူလာခဲ့သည့် သစ်သား ရုပ်တု၏ ခေါင်းပြတ်ကြီးကို နီးကပ်စွာ နှိုင်းယှဉ်ကြည့်ရှုပြီးနောက် . . .

"အင်း . . . အတော့်ကို တူတာပဲ၊ ဟဲ့ . . . ဟဲ့ . . . တော်မီ ဟို အကောင် ဘာလုပ်နေပါလိမ့်။ ရူးများနေသလား"

ဟု ပြောရင်း တော်မီရှိရာသို့ ညွှန်ပြလိုက်လေသည်။ တော်မီမှာ ရုပ်တုကြီးပေါ်သို့တက်သော အောက်ဆုံးလှေကားထစ်နေရာတွင် နှုတ်ခမ်းဖြင့် အနံ့ခံကာ မြေများကို လက်နှစ်ဖက်ဖြင့် အတင်းယက်ထုတ်လျက်ရှိသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့ တောလိုက်သည့်အချိန်များ၌ သစ်ပင်အောက်ရှိ ယုန် တွင်းများကို အမဲလိုက်ခွေးများ ယက်ထုတ်နေသည်နှင့် တူတော့၏။

တော်မီသည် ဤကဲ့သို့ မြေကြီးများကို ယက်ထုတ်လျက်ရှိရာ အကူ အညီတောင်းသည့်ဟန်ဖြင့် ကျွန်ုပ်ထံ ပြေးလာပြီးလျှင် တစ်ဖန်ပြန်၍ ပြေးသွား ပြီးနောက် ဖွဲ့နဘဲကြီးစွာဖြင့် ယက်ထုတ်လျက်ရှိပြန်ရာ၊ ကျွန်ုပ်တို့မှာ ၎င်းအား ဂရုမပြုဘဲ မနေနိုင်တော့ချေ။ ဗစ်ကလီသည် ဒူးထောက်လိုက်ပြီးနောက် တွင်း

ငယ်တစ်ခုကဲ့သို့ ဖြစ်နေသည့်နေရာမှ ကျောက်သားများကို ငုံ့၍ နမ်းကြည့်လိုက်၏။

"ဟော့ ဟမ်ဖရီရ ထူးဆန်းတယ်ကွ . . . ဒီနေရာကနေ အမွှေးနံ့တစ်မျိုး ထွက်နေတယ်။ ကရမက်နံ့လိုလို နှင်းဆီနံ့လိုလိုပဲ"

ကျွန်ုပ်သည် ဗစ်ကလီ၏ နံဘေးတွင် ဒူးထောက်ပြီးနောက် ၄ ပေခန့် ထုတက်နေသည့် ဖုန်မှုန့်များကို ဖယ်ရှားကာ သစ်ကိုင်းပြတ်ကို ပြုလုပ်ထားသည့် တူရွင်းဖြင့် ထိုးကြည့်လိုက်၏။ ထိုခဏ၌ ကျွန်ုပ်တို့မှာ အံ့သြခြင်းမကာ အံ့သြ၍ သွားရတော့၏။ ကြီးမားလှသော ကျောက်တုံးကြီးသည် ဝင်ရိုးတိုင်တစ်ခုမှ လည်၍ စောင်းကျလာသကဲ့သို့ ကျွန်ုပ်တို့ဘက်သို့ စောင်းကျလာရာ၊ ကျွန်ုပ်က ဗစ်ကလီ၏ ကော်လာကို ဆွဲကာ သူ့အား နံဘေးသို့ လှဲချလိုက်ပြီးလျှင် ကျွန်ုပ်နှင့်အတူ နောက်သို့ လှိမ့်၍ ဆုတ်လိုက်သဖြင့်သာ ကျွန်ုပ်တို့မှာ ကျောက်တုံးကြီးပိ၍ မသွားခြင်းဖြစ်လေသည်။ ကျောက်တုံးကြီးမှာ တန်ချိန်များစွာ လေးပြီးလျှင် အကယ်၍ ကျွန်ုပ်တို့အား ဖိညှပ်သွားပါက အရိုးအသားပင် ရှာ၍တွေ့တော့မည် မဟုတ်ချေ။ တော်မီသည်လည်း ၎င်းကို မြင်သဖြင့် နံဘေးသို့ ပြေးထွက်လိုက်၏။ သို့သော် ကျောက်တုံးစွန်းဖြင့် ပွတ်တိုက်သွားရာ ကံကောင်းထောက်မသဖြင့် သီသီကလေးမျှသာ လွတ်မြောက်သွားလေသည်။ ကျွန်ုပ်တို့ဘက်သို့ ကျလာသော ကျောက်တုံးကြီး၏ နောက်ဘက်တွင် ဟာလာဟင်းလင်းပွင့်နေသည့် အပေါက်ကြီးကို နေရောင်ဖြင့် ကောင်းစွာမြင်လိုက်ရသဖြင့် တအံ့တသြ ငေးမောကြည့်ရှု၍နေမိ၏။

ထိုခဏ၌ ကျွန်ုပ်တွေးမိသည်မှာ ရှေးသူတော်စင်များအား အမှတ်တရဖြစ်စေရန် ထားရှိခဲ့သည့် အဖိုးတန် ကျောက်မျက်ရတနာများ သိုမှီးရာနေရာများပင် ဖြစ်လေသလောဟု တွေးမိ၏။ ဤကဲ့သို့ ဠာပနာတိုက်ကြီးအချို့မှာ ကမ္ဘာအရပ်ရပ်တွင် အများအပြားရှိ၍ အချို့မှာ လူဆိုးသူခိုးများ ဖောက်ထွင်းခြင်းခံရ၍၊ အချို့လည်း ၎င်းတို့၏ဘေးမှ လွတ်ကင်းခဲ့လေသည်။ ဟင်းလင်းပွင့်လျက်ရှိသော တွင်းကြီးမှာ စိန်ရောင် ရွှေရောင် ပတ္တမြားရောင်များ ရောယှက်ကာ ပြိုးပြိုးပြက်ပြက် အရောင်ထွက်လျက်ရှိနေ၏။ အမှန်သော် စိန်ရောင် ရွှေရောင်များမဟုတ်ဘဲ၊ ရှေးဟောင်းသတ္တုတစ်မျိုး (သို့မဟုတ် ပြဒါးနှင့်စပ်ထားသည့် သတ္တုတစ်မျိုးမှ) ထွက်နေသည့် အရောင်များပင် ဖြစ်တော့၏။ လေယာဉ်ပျံတိုင်ကြီးများကိုလည်း ယင်းသတ္တုမျိုးဖြင့် ပြုလုပ်ထားဟန်တူ၍ ထိုသတ္တုမျိုးမှာ ယခုအခါ ကမ္ဘာပေါ်တွင် မရှိတော့ချေ။ ယင်းသတ္တုတွင် ရွှေလည်း ပါလိမ့်မည်ထင်ရ၍ အရောင်မှာ ခပ်ဖျော့ဖျော့ ဖြစ်သော်လည်း ရွှေထက်ပင် ခိုင်ခံ့လှပသကဲ့သို့ ရှိနေ၏။

အပေါက်ကြီးမှာ လူသေများထားရာ သချိုင်းဂူကြီးနှင့်တူ၍ ရုပ်တုကြီး၏ အောက်တွင် ကျယ်ဝန်းသော အခန်းကြီးတစ်ခန်းကဲ့သို့ ဖြစ်နေ၏။ ယင်းအခန်းကြီးထဲတွင် အခြား မည်သည့်အရာမျှမရှိဘဲ၊ အရောင်တလက်လက်ထွက်နေသည့် အရာဝတ္ထုနှစ်ခုကိုသာ ကျွန်ုပ်တို့ တွေ့မြင်ရ၏။ ထိုအရာဝတ္ထုနှစ်ခုမှာ တိုက်ခန်းကြီး၏ နံရံတစ်ဖက်တစ်ချက်တွင် ယှဉ်လျက်ရှိနေကြ၏။

ကျွန်ုပ်မှာ အလွန်အံ့ဩနေသဖြင့် နှုတ်မှ စကားမပြောနိုင်ဘဲ လက်ညှိုးထိုးကာ ဗစ်ကလီအား ညွှန်ပြလိုက်၏။ ထိုအခါ ဗစ်ကလီက တီးတိုးလေသံဖြင့် . . .

"ဟာ လူသေခေါင်းကြီးတွေပဲ၊ မှန်ခေါင်းလား၊ ကျောက်သလင်းခေါင်းလားတော့ မသိဘူး . . . ပြီးတော့ အထဲမှာ အလောင်းတွေနဲ့ပါကလား၊ လာ သွားကြည့်ရအောင်"

သို့နှင့် ကျွန်ုပ်တို့လည်း မြေတိုက်ခန်းကြီးအတွင်းသို့ ဆင်းကြရာ၊ ဗက်စတင်ကမူ ကျွန်ုပ်တို့နောက်သို့ မလိုက်သေးဘဲ၊ ခေါင်းပြတ်ကြီးကို ပိုက်လျက် ကျန်ရစ်ခဲ့ပြီးလျှင် အမွန်အမြတ်ထားသည့် သချိုင်းဂူများကို ဘာသာရေးအရ မလေးစားရာ ရောက်ကြောင်းဖြင့်လည်း မြည်တွန်တောက်တီးလျက်ရှိနေ၏။

အတွင်းသို့ရောက်သောအခါ နေမှာ အတန်ငယ် မြင့်လာသဖြင့် အလင်းရောင်မှာ မှေးမှိန်လျက်ရှိနေ၏။ ဗစ်ကလီသည် ဖယောင်းတိုင်များကို မီးထွန်းရန် မီးခြစ်ဘူးကို စမ်းသပ်လျက်ရှိစဉ် ကျွန်ုပ်သည် အချက်နှစ်ချက်ကို သတိပြုလိုက်မိ၏။

ပထမအချက်မှာ နံ့သာပန်းပေါင်း အမွှေးအကြိုင်များ ရောင်းသောဆိုင်တစ်ဆိုင်ကဲ့သို့ မွှေးကြိုင်သည့် ရနံ့များကို ရှူရှိုက်မိခြင်း ဖြစ်၍ ဒုတိယအချက်မှာ မီးမရှိဘဲ လူသေခေါင်းများမှ အလင်းရောင်ထွက်နေသည့် အချက်ဖြစ်၏။ ဗစ်ကလီသည် ဖယောင်းတိုင်များကိုထုတ်၍ မီးညှိလိုက်ရာ၊ ကျွန်ုပ်တို့လည်း ယခင်ကထက် ပို၍မြင်ကြရတော့၏။

မြေတိုက်အတွင်းသို့ ကျွန်ုပ်တို့ ဆင်းသက်ခဲ့သော နေရာ၏ လက်ဝဲဘက်မှ လူသေခေါင်းအတွင်းတွင် အဘိုးအိုတစ်ယောက်၏ ရုပ်အလောင်းရှိနေ၍ တောက်ပသော ပန်းပွင့်များထိုးထားသည့် ဝတ်ရုံကြီးကို ဝတ်ဆင်ထား၏။ ဦးခေါင်းတွင် ပုလဲများစီထားသည့် သံပုရာခွံဦးထုပ်ကို ဆောင်းထား၍ ဦးထုပ်၏ အစွန်းပိုင်းတွင် ဆံပင်မှာ ပေါ်လျက်ရှိရာ၊ ဆံပင်မှာ ရှည်လျား၍ အလယ်မှ ခွဲထား၏။ မုတ်ဆိတ်ကြီးမှာ ဖြူဖွေး၍ ရှည်လျားလှ၏။ ၆ ပေ ၄ လက်မ

ခန့် အရပ်ရှည်ပြီးလျှင် ကိုယ်လုံးကိုယ်ပေါက်မှာ ပိန်ပိန်ပါးပါး ဖြစ်လေသည်။ လက်များမှာ ရှည်လျားသေးသွယ်၍ ခြေထောက်များမှာလည်း ထိုအတိုင်းပင် ဖြစ်၏။

သူ၏မျက်နှာမှာ နတ်တစ်ပါး၏မျက်နှာကဲ့သို့ ကျက်သရေရှိပြီးလျှင် အပေါ်မှ ရုပ်တုကြီးနှင့် တူသည်ကို သတိပြုမိ၏။ နဖူးကျယ်ပြီးလျှင် နှာခေါင်းမှာ တည့်မတ်၍ ပါးစပ်မှာ ခက်ထန်သည့်ပုံကို ဆောင်လျက်ရှိ၏။ ပါးရိုးများ မောက်ပြီးလျှင် ကွေးညွတ်လျက်ရှိရာ ယင်းတို့မှာ အထက်တန်းကျသည့် ရုပ်ရည်ချောမောသော အဘိုးကြီးများ၏ သွင်ပြင်လက္ခဏာများပင် ဖြစ်တော့၏။

အီဂျစ်ပြည်မှ မံမီအလောင်းကောင်ကြီးများလည်း ဤနည်းအတိုင်းပင်ဖြစ်၍ သူ၏မျက်နှာမှာ ခံ့ညားသလောက် ကြောက်မက်ဖွယ်လည်း ကောင်းပြီးလျှင် သူ့ကို ကြည့်ရသည်မှာ ကောင်းကင်သို့ တက်တော့မည့်ဆဲဆဲဖြစ်သော 'ပရောဖက်အီလိုက်ဂျား' ၏ ပုံကို ကျွန်ုပ်သွား၍ သတိရမိ၏။ သို့သော် အီလိုက်ဂျား၏ မျက်နှာမှာ သိမ်မွေ့သော ပုံသွင်ရှိသော်လည်း ယခုအဘိုးကြီး၏ မျက်နှာအမူအရာမှာ သိမ်မွေ့သည့် သွင်ပြင်ထက် ရဲရင့်သည့်အားမာန်နှင့် အပြည့်အဝရှိသော ဟန်အမူအရာမျိုး ရှိလေသည်။

သေ၍နေသော အလောင်းပင်ဖြစ်သော်လည်း ကျွန်ုပ်သည် သူ၏ မျက်နှာသွင်ပြင် မူရာများကို ကြောက်ရွံ့၍နေမိ၏။ မျက်နှာ၏ အခြားနေရာများတွင် ဖြူဆွတ်လျက်ရှိသော်လည်း အလောင်းကို ဤကဲ့သို့ ပျက်စီးပုပ်သိုးခြင်းမရှိအောင် ထားခဲ့သည်မှာ အံ့ဘနန်းပေတည်း။

အံ့သြဖွယ်ကောင်းသော အဘိုးကြီး၏အလောင်းကို ကျွန်ုပ်ငေးစိုက်ကြည့်ရှုလျက်ရှိစဉ် ဗစ်ကလီက . . .

"ဟော့ ဒီမှာ ကြည့်စမ်း . . . နောက်ခေါင်းတစ်ခု"

သူပြောသဖြင့် လှည့်၍ကြည့်လိုက်မိရာ ကျွန်ုပ်မှာ ကြမ်းပေါ်သို့ မူးမေ့၍ လဲကျမတတ်ပင် ဖြစ်သွားတော့၏။ မိန်းမချော မိန်းမလှတစ်ယောက်၏အလှကြောင့် ကျွန်ုပ်၏စိတ်ကို သတိလက်လွတ်ဖြစ်သွားအောင် အစွမ်းပြလိုက်ခြင်းပေတည်း။ ကျွန်ုပ်၏မျက်စိရှေ့တွင် ပကတိလှပသည့် သဘာဝအလှမျိုး၊ နှိုင်းယှဉ်တုပ၍ မမီနိုင်သည့် အလှမျိုး၊ အလှတကာတို့ စုပေါင်းရာ အလှထိပ်ခေါင်တင်ဟု ခေါ်လောက်သည့် အလှမျိုးကို မြင်လိုက်ရသဖြင့် "ဩော် သူ သေနေရရှာတယ်နော်" ဟု လွှတ်ခနဲပင် အသံထွက်သွားမိ၏။

ခေါင်းအတွင်း၌ကား အလွန့်အလွန် ချောမောလှပသော အသက် ၂၅ နှစ်ခန့်ဟု ခန့်မှန်းရသည့် မိန်းမပျိုကလေးတစ်ယောက်၏အလောင်း ရှိ

နေ၏။ သွယ်လျခံ့ထည်သည့် ကိုယ်လုံးကိုယ်ပေါက်ကလေးပေါ်တွင် နီညို ရောင်ရှိသော ဆံပင်များဖြင့် တစ်ဝက်တပျက် လှပစွာ ဖုံးအုပ်လျက်ရှိနေ၏။ ဆံပင်မှာ ရွှေမှုန့်လိမ်းကျံထားသကဲ့သို့ မောင်းသောအရောင်ရှိပြီးလျှင် ဆံပင် များကြားမှ ပေါ်ထွက်နေသည့် မျက်နှာကလေးမှာ မိုးကျနတ်မယ်တမျှ ပြောပ၍ မကုန်နိုင်လောက်အောင် လှပတင့်တယ်လှပေ၏။ ရှည်လျားကော့ညွတ်သော မျက်တောင်၊ ပြုံးချိုချိုရှိနေသည့် သွင်ပြင်လက္ခဏာများသည် သူ၏ မျက်နှာကလေးပေါ်တွင် အပြည့်အစုံ ရှိနေရုံမျှမက ပြုံးယောင်သမ်းနေသည့် မျက်နှာထားကလေးမှာ ကြင်နာသည့်သဘောရှိသောအသွင်ကို ဆောင်လျက် ရှိနေလေသည်။ တစ်ဖက်တွင် တွေ့ရသော အဘိုးကြီး၏ ခက်ထန်မာကြောသော သွင်ပြင်နှင့် လုံးဝမတူချေ။

မိန်းမပျိုမှာ ကိုယ်ကျပ် ရွှေချည်ထိုးဝတ်ရုံဖြူကို ဝတ်ဆင်လျက် ကျော့ရှင်းသောလည်တိုင်မှ ပုလဲကုံးများသည် သူ၏မို့မောက်သော ရင်ပေါ်တွင် လှပစွာ ကျရောက်လျက်ရှိနေ၏။ သေးသွယ်သော ခါးတွင် ကျောက်သံပတ္တမြားများ စီခြယ်ထားသည့် ရွှေခါးပတ်ဖြင့် ပတ်ထား၏။ ခြေထောက်၌ကား ပတ္တမြားများ စီခြယ်ထားသည့် ခြေနင်းကို စွပ်ထားလေသည်။ တုလွတ်ကင်းသော အလှမျိုးဖြင့် အစွမ်းကုန် လှပလျက်ရှိသော သူ၏အလှမှာ လူသားတို့၏ အလှမျိုးမဟုတ်သကဲ့သို့ ရှိနေတော့၏။ လူသားနှင့်ဆက်စပ်၍မရသော အလှမျိုးဟု ဆိုနိုင်၏။ သူ၏အလှသည် ကျွန်ုပ်၏ အတိတ်မှ အဖြစ်အပျက်များကို သတိရစေသကဲ့သို့ ကျွန်ုပ်၏ စိတ်နှလုံးကို အစွမ်းကုန်ဆွဲငင်လျက် ရှိရာ ဤနတ်မိမယ်ကလေးအား လွန်ခဲ့သော အတိတ်ဘဝတစ်ခုခုတွင် တွေ့ဆုံခဲ့ဖူးသကဲ့သို့ စိတ်ထဲတွင် ထင်ယောင်မြင်ယောင်လျက်ရှိနေ၏။

ကျွန်ုပ်၏ နှုတ်မှ လွှတ်ခနဲ အသံထွက်သွားသဖြင့် ဗက်စတင်သည် ကျွန်ုပ်တို့ရှိရာသို့ ဆင်း၍လာပြီးလျှင် မှန်ခေါင်းကို အသေအချာ ကြည့်ရှုလျက် ရှိနေ၏။

"အမယ်လေး . . . ကြံ့ဖူးပေါင်ကွာ၊ အထဲက အမျိုးသမီးကလေးဟာ လူသားရယ်လို့ မင်းထင်သလားကွ"

"အခုတော့ သေနေပြီပေါ့။ နို့ပေမဲ့ အသက်ရှင်စဉ်တုန်းကတော့ လူသားပေါ့"

"အခုတော့ သေနေတာဖြစ်မှာပေါ့ ဟကောင်ရ၊ ခေါင်းထဲကိုမထည့်ခင် သူ့ကို သရဏဂုံတင်လိုက်ချင်မှ တင်လိုက်ကြမှာ၊ ငါသရဏဂုံတင်ပေးလိုက်စမ်းချင်တယ်ကွာ"

ထိုအခါ ဗစ်ကလီက ကြားဖြတ်၍ . . .

"သူသေနေတယ်ဆိုတာ မင်း ဘယ်လိုလုပ် သိသလဲ၊ လူသေအလောင်းတွေ၊ မံမီအလောင်းတွေ ရာနဲ့ချီပြီး တွေ့ခဲ့ဖူးပြီ၊ နို့ပေမဲ့ ဒီကအလောင်းတွေနဲ့တူတာ ငါ တစ်ခါမှ မတွေ့ဖူးသေးဘူး"

ဟု ပြောလိုက်လေသည်။

စိတ်၏တန်ခိုးနှင့်တကွ အတိတ်နှင့် အနာဂတ်ဘ၀ ရှိသည်များကို မယုံကြည်သောလူတစ်ယောက်က ဤကဲ့သို့ ထင်မြင်ချက်ပေးလိုက်သဖြင့် သူ့အား အံ့အားသင့်၍ ကြည့်နေပြီးနောက် ကျွန်ုပ်က . . .

"သူတို့ ဒီရောက်နေကြတာ ကြာပြီနဲ့တူတယ်၊ လူသားဆိုပေမဲ့လို့ ဒီကနေ့ ကမ္ဘာမှာရှိနေကြတဲ့ လူသားတွေနဲ့ လုံးဝမတူဘူး၊ သူတို့ဝတ်စား ထားတဲ့ အဝတ်အစားတွေဟာလည်း လွန်ခဲ့တဲ့ နှစ်ပေါင်း ထောင်ပေါင်းများ စွာက ရှိခဲ့တဲ့ လူတွေဖြစ်ရမယ်"

"မှန်တယ် . . . မင်းပြောတာ ငါလည်းသဘောတူတယ်၊ တို့များ မသိတာ မတတ်တာကို သိတဲ့တတ်တဲ့ လူမျိုးတစ်မျိုးထဲကရင်လည်း ဖြစ်ရင် ဖြစ်ရမယ်၊ ဥပမာကွာ . . . လူပ်ရှားမှုကို အချိန်အကြာကြီး ရပ်ဆိုင်းထားနိုင်တဲ့ ပညာကို တတ်တဲ့လူမျိုး"

ကျွန်ုပ်ကမူ ဇစ်ကလီအား တစ်စုံတစ်ရာ ပြန်၍မပြောချေ။ ဇက်စတင်သည်လည်း နှုတ်ဆိတ်လျက်ရှိနေ၏။ သို့သော် ဇစ်ကလီမှာ ဖယောင်းတိုင်အသစ်တစ်တိုင်ကို ထွန်းညှိပြီးလျှင် ခေါင်းများကို စေ့စပ်သေချာစွာ ထပ်မံကြည့်ရှု စစ်ဆေးလျက်ရှိလေသည်။ တော်မီသည်ပင် မိန်းမပျို့ထည့်ထားသည့် မှန်ခေါင်းမှ အဆက်နေရာများကို အနံ့ခံလျက် ရှိနေ၏။ ဇစ်ကလီသည် တော်မီအား တွန်းဖယ်ပစ်လိုက်ပြီးနောက် သူအနံ့ခံသည့် နေရာကို ထပ်မံကြည့်ရှုလျက်ရှိပြန်လေသည်။

"အင်း . . . ငါထင်တဲ့အတိုင်းပဲ၊ ဟောဒီမှာ လေဝင်ပေါက်တွေ ကြည့်စမ်း"

ကျွန်ုပ်လည်း ဇစ်ကလီညွှန်ပြသော နေရာသို့ ကြည့်လိုက်ရာ အလောင်း၏မျက်နှာနှင့် တစ်တန်းတည်း နေရာများတွင် မှန်သားကိုဖောက်ထားသော သေးငယ်သည့် အပေါက်ကလေးများကို အံ့ဩစွာ တွေ့မြင်ရတော့၏။ ထိုအပေါက်ကလေးများမှာ လူ၏နှုတ်ခမ်းပုံသဏ္ဍာန်ကဲ့သို့ ဖြစ်နေ၏။

"ဒီအပေါက်တွေဟာ လေလုံပေါက်တွေမဟုတ်ဘူး၊ လေလုံပေါက် မဟုတ်ရင် သက်မဲ့အသားအရေဟာ ဒီလောက်အကြာကြီး မခံနိုင်ဘူး"

ထို့နောက် သူသည် အခြားတစ်ဖက်သို့ ဆက်လက်စစ်ဆေးလျက် ရှိပြန်၏။

"ဒီမှန်ခေါင်းရဲ့ အဖုံးမှာ ပတ္တာတပ်ထားတယ်၊ ပတ္တာတွေက ဟော ဒီမှာ၊ မှန်သားနဲ့ လုပ်ထားတဲ့ ပတ္တာတွေပဲ၊ မှန်ခေါင်းထဲဝင်အိပ်တဲ့ သက်ရှိ လူဟာ သူသတိလစ်မသွားမီ အဖုံးကို ဆွဲပိတ်နိုင်တယ်"

"မဟုတ်ဘူးကွ၊ ဒီမှာကြည့် . . . ခေါင်းရဲ့အဆုံးမှာ မှန်သားဂလန့် ကလေး၊ သူ့ကို အပြင်ကနေ ပိတ်ထားတာ"

ဟု မှန်သားဂလန့်ကလေးကို ကျွန်ုပ်က ပြလိုက်၏။

ကျွန်ုပ်ပြောလိုက်သဖြင့် ဗစ်ကလီမှာ အတော်ပင် ခေါင်းရှုပ်သွားပုံ ရ၏။ သူသည် အဘိုးကြီး၏ခေါင်းကို ထပ်မံကြည့်ရှုစစ်ဆေးလျက်ရှိရာမှ ...

"ဟော့ . . . ငါညာဏ်ရပြီကွ၊ ဒီအထဲက နတ်ဘိုးဘိုးကြီး (ကျွန်ုပ်တို့ အားလုံးက ဤအဘိုးကြီးအား သာမန်လူသားမဟုတ်ဟု ယူဆထားကြသည်) က 'အရောင်တောက်ပတဲ့ အမျိုးသမီး' ရဲ့ မှန်ခေါင်းကို ပထမပိတ်လိုက်ပြီး အပြင်ကနေ ဂလန့်ထိုးလိုက်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှန်ခေါင်းမှာ ဂလန့်ရှိလျက်နဲ့ ပိတ်ထားတာ မတွေ့ရဘူး။ ဒီတော့ သူက ခေါင်းထဲဝင်၊ နောက်တော့ အဖုံးကိုဆွဲချ၊ အဲဒီလိုဖြစ်ရမယ်။ အိုကွာ . . . ငါ ဘာတွေလျှောက် ပြောနေမှန်း မသိတော့ပါဘူး၊ ဒါမျိုးတွေဟာ ဘယ့်နှယ်လုပ်ပြီး ဖြစ်နိုင်မှာ လဲ၊ ကိုင်း တို့များ ခဏတဖြုတ် ထွက်ပြီး စဉ်းစားကြရအောင်"

ကျွန်ုပ်တို့သည် သင်္ချိုင်းဂူအတွင်းမှ ထွက်လာခဲ့ကြရာ ဂူတွင်းရှိ ထွက် နေသည့် မွှေးကြိုင်သောအနံ့များက မခံမရပ်နိုင်အောင် ရှိနေခဲ့၏။ ထို့နောက် ကြမ်းပြင်တစ်နေရာတွင် ထိုင်လိုက်ကြပြီးနောက် မည်သူမျှ စကားမပြောဘဲ တစ်ခဏမျှ အေးချမ်းစွာ အနားယူလျက်ရှိနေကြ၏။ သို့ရှိစဉ် ဗက်စတင်က

"ငါတော့ ရေငတ်လာပြီကွာ၊ ဟိုအမွှေးနံ့တွေ ရှူရတာ အာခြောက် လာပြီ၊ ငါ လက်ဖက်ရည်မဟုတ်ပါဘူး၊ ရေသွားသောက်လိုက်ဦးမယ်၊ လက် ဖက်ရည်မရှိတာ နာသကွာ"

ထို့နောက် ကျွန်ုပ်တို့လည်း အပြင်မှ လေကောင်းလေသန့်ကို တစ်ဝ ရှူရန်လည်းကောင်း၊ ထို့ပြင် သင်္ချိုင်းဂူကြီးအတွင်းရှိ အဖိုးတန်ပစ္စည်းများ လည်း မပျောက်မရှ စိတ်ချရသည်ဟု ယုံကြည်သဖြင့်လည်းကောင်း ဂူဝသို့ ထွက်ခဲ့ကြ၏။

ဂူပြင်သို့ရောက်လျှင် ကျွန်ုပ်တို့သည် သာယာသောနံနက်ခင်း၏ အရသာကို ခံစားကာ သင်္ချိုင်းဂူကြီးနှင့်တကွ အလောင်း ၂ လောင်း၏ လျှို့ ဝှက်နက်နဲပုံများကို စဉ်းစားရင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍နေမိ ကြ၏။ ဗက်စတင်၏ စိတ်မှာ သူသောက်လိုသော ရေနှင့် လက်ဖက်ရည်ဆီ သို့သာ ရောက်၍နေပေလိမ့်မည်။ သူသည် ကျွန်ုပ်တို့ တွေ့ရှိခဲ့ရသည့် ထူး

ဆန်းအံ့ဩဖွယ်ကောင်းသည့် အလောင်း ၂ လောင်းနှင့် ယင်းတို့၏ လျှို့ဝှက်နက်နဲပုံများကို နှစ်ရက်လောက်ကြာသောအခါမှ သူသိကောင်း သိပေလိမ့် မည်။

မကြာမီ ကျောက်ဖျာကြီးအစွန်းဆီမှ ဗက်စတင်၏ အော်သံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့လည်း သွားရောက်ကြည့်ရှုရာ ကျွန်ုပ်တို့အားလုံး ဝမ်းသာကျေနပ်သည့် မြင်ကွင်းတစ်ခုကို မြင်လိုက်ရ၏။ ယင်းသည်ကား အခြားမဟုတ် တိုင်းရင်းသားများသည် စားရေရိက္ခာ အမြောက်အမြားနှင့်တကွ ကျွန်ုပ်တို့ပစ္စည်းများအားလုံးကိုပါ သယ်ဆောင်၍ ကျောက်ဖျာကြီးပေါ်သို့ စုပုံထားခြင်းကို ဝမ်းပမ်းတသာ တွေ့ရခြင်းပင် ဖြစ်လေသည်။ ကျွန်ုပ်တို့ပစ္စည်းများထဲမှ မည်သည့်အရာမျှ ပျောက်ရှသည်ကို မတွေ့ရချေ။ စာအုပ်များ၊ ဖင်ပိုင်းမရှိတော့သော သံစည်ဘူး၊ အိတ်ဆောင်မှန်ကလေးမှ မှန်ကွဲစကလေးများ အပြင် ကျွန်ုပ်တို့ထံမှ ပထမခိုးယူထားသော မောင်းချခားကလေး အပါအဝင်ပစ္စည်းအားလုံးကို တစ်ခုမကျန် အသေအချာ လာရောက်ပို့ထား၏။ ယင်းပစ္စည်းများကို နောက်မှ ကျွန်ုပ်တို့ မြင်ရခြင်းမှာ လေယာဉ်ပျံဘီးရာနှင့်တူသည်ဆိုသော လမ်းကြောင်းကြီးတစ်ခုထဲတွင် စုပုံချထားခဲ့သောကြောင့် ဖြစ်လေသည်။

ကျွန်ုပ်တို့သုံးဦးမှာ မိမိတို့ လိုရာပစ္စည်းများကို ပထမဆုံး ရှာဖွေဆွဲငင်ယူကြ၏။ ကျွန်ုပ်က ကျွန်ုပ်၏ ဒိုင်ယာရီမှတ်တမ်းကိုလည်းကောင်း၊ ဇစ်ကလီက သူ၏အရေးကြီးသော ဆေးဝါးပစ္စည်းများကိုလည်းကောင်း ရှာဖွေယူခဲ့ကြရာ ဗက်စတင်ကမူ သူကြိုက်နှစ်သက်သည့် လက်ဖက်ခြောက်တစ်ထုပ်ကို ယူပြီးလျှင် ချက်ချင်း မီးဖို၍ လက်ဖက်ရည်ဖျော်ပြီးနောက် ၄ ခွက်တိတိ သောက်ချလိုက်တော့၏။ ကျွန်ုပ်နှင့် ဇစ်ကလီတို့မှာ လက်ဖက်ရည်မကြိုက်သော်လည်း အသင့်ရှိနေသဖြင့် လက်ဖက်ရည်သောက်ကြရ၏။

ကျွန်ုပ်နှင့် ဇစ်ကလီတို့မှာ ဂူတွင်းမှ အလောင်းများကိုသာ စိတ်ဝင်စားလျက်ရှိနေသဖြင့် ဤအကြောင်းများကို ဆွေးနွေးလျက်ရှိကြ၏။ ဇစ်ကလီသည် စပါယ်ရှယ်ကော်ဖီဖျော်ကိရိယာကလေးဖြင့် ကော်ဖီခါးခါးဖျော်ပြီးလျှင် ဓာတ်ဘူးထဲသို့ လောင်းထည့်ပြီးနောက် ဘရန်ဒီအနည်းငယ်ကို လောင်းထည့်လိုက်၏။ သူ၏ ဆေးထိုးအပ်ကိုလည်း မီးပေါ်၌ပြုတ်ပြီးလျှင် အဆို့ပါသည့် ပုလင်းထဲတွင် ထည့်ထားလိုက်လေသည်။

ဤသို့ ပြင်ဆင်ပြီးနောက် စားကြွင်းစားကျန်များကို ကျွေးရန် တော်မီအား ခေါ်လိုက်ကြ၏။ သို့သော် ၎င်းအား အနီးအနားတွင် မတွေ့ရတော့ချေ။ ၎င်းမှာ ကမ်းစပ်သို့ ဆင်းသွားပြီဟု ထင်မိကြ၏။

ကျွန်ုပ်တို့ ပစ္စည်းများထဲတွင် အလင်းရောင်အင်အားကောင်းသော

ဟာရီကိန်း မီးအိမ်ကြီးများ ပါလာပြီဖြစ်၍ ဂူ၏အတွင်းကို ဆက်လက်ရှာဖွေရန် ပြင်ဆင်ကြတော့၏။ ဗက်စတင်သည် ၅ ခွက်မြောက် လက်ဖက်ရည်ကို သောက်ရင်း . . .

"ဟော့ . . . ငါတော့ ဒီမှာပဲ နေရစ်မယ်ကွာ၊ ဟိုအလောင်းကောင်နှစ်ခုဟာ စိတ်ဝင်စားစရာတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ မကြာမကြာသွားကြည့်လို့ ဘာအကြောင်းထူးမှာလဲ၊ အချိန်မရွေး ကြည့်နိုင်တဲ့ဟာ။ ငါ ဂူကြီးထဲကို မင်းတို့နဲ့အတူသွားနေလို့ မာရာမားကိုတောင် ငါပြောချင်တာရှိတာ မပြောလိုက်ရဘူး၊ နောက်တစ်ခါ သူလာရင် ငါအလွတ်မခံနိုင်ဘူး"

ဗစ်ကလီက . . .

"ဘာဖြစ်လို့ သူတို့ လာရမှာလဲ . . .၊ လက်ဖက်ခြောက်တွေကို စားဖို့လာကြမှာလား"

"ဒီလိုကွ ဒီကောင်တွေဟာ လက်ဖက်ခြောက်ကို သိပ်ကြိုက်ကြတယ်၊ ဒါကို သူတို့ ဆေးဝါးလို့ ထင်နေကြဟန် တူပါတယ်၊ ဒါပေမဲ့ ဒီဟာစားဖို့ ကလေးလောက်နဲ့တော့ လာကြမယ် မထင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ငါတော့ ဒီမှာပဲ နေရစ်မယ်ကွာ"

"အေး . . . အေး၊ မင်းနေချင်ရင် နေရစ်ပေါ့ကွာ၊ ကဲ . . . ဟမ်ဖရီမင်း အသင့်ဖြစ်ပလား"

ကျွန်ုပ်က ခေါင်းကိုညိတ်၍ပြလိုက်ရာ သူက ကျွန်ုပ်အား ရေနွေးအပြည့်ထည့်ထားသော အဝတ်အုပ် ဓာတ်ဘူးတစ်လုံး၊ စည်သွတ်နို့တစ်ဘူးနှင့် အဆီထုတ်ပြီး အသားတစ်ဘူးကို ပေးကာ သယ်ယူစေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်သည် "ဟာရီကိန်း" မီးအိမ်ကြီး ၂ လုံးကို ရေနံဆီအပြည့်ထည့်၍ မီးထွန်းညှိကာ ဂူတွင်းသို့ ဝင်ခဲ့ကြလေသည်။

# ဖြန့်လည်အသက်ဝင်လာခြင်း

ကျွန်ုပ်တို့သည် လေယာဉ်ပျံကြီးများကိုလည်းကောင်း၊ သချိုင်းဂူကြီး၏အထက်ရှိ ရုပ်တုကြီးကိုလည်းကောင်း ကြည့်ရှု၍မနေကြတော့ဘဲ သချိုင်းဂူကြီးဆီသို့သာ တန်း၍လာခဲ့ကြ၏။ ဂူကြီး၏အနီးသို့ ရောက်သောအခါ အတွင်းမှ လိုဏ်သံထွက်နေသည့် ဟောင်သံများကို ကြားကြရသဖြင့် ခေတ္တရပ်ကာ နားစွင့်၍ထောင်လိုက်ကြ၏။

"သားရဲတိရစ္ဆာန်တစ်ကောင်ကောင် အထဲရောက်နေပြီဟ၊ ဟာ ... မဟုတ်ဘူးကွ၊ အသံက တော်မီရဲ့ ဟောင်သံပဲ၊ ဒီအကောင် ဘာများလုပ်နေပါလိမ့်"

သို့နှင့် ကျွန်ုပ်တို့လည်း အတွင်းသို့ ချောင်းမြောင်းကြည့်ရှုရာ တော်မီဖြစ်နေကြောင်းတွေ့ရ၏။ သူသည် အမျိုးသမီး၏ မှန်ခေါင်းပေါ်သို့ တက်ပြီးလျှင် ကျယ်လောင်စွာ ဟောင်လျက်ရှိရာ သူ၏ကိုယ်ပေါ်မှ အမွေးများပင် ထောင်ထလျက်ရှိနေ၏။ ကျွန်ုပ်ကို မြင်သည်နှင့်တစ်ပြိုင်နက် ခေါင်းပေါ်မှ ခုန်ဆင်းပြေးလာပြီးနောက် ကျွန်ုပ်၏လက်ကို လျက်၍နေတော့၏။

"ဟာ တယ်ထူးဆန်းပါကလား"

"တခြားဟာတွေထက်တော့ ပိုပြီး မထူးဆန်းပါဘူးကွာ"

"အခု မင်းဘာလုပ်မလို့လဲ"

"ဒီမှန်ခေါင်းတွေကို ဖွင့်မလို့၊ ငါဖွင့်မှာက နတ်ဘိုးဘိုးကြီးရဲ့ခေါင်းပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ပထမဆုံး စမ်းသပ်ကြည့်ချင်တယ်။ အဲသလို စမ်းသပ်လိုက်ရင် အဘိုးကြီး အလောင်းတော့ အမှုန့်ဖြစ်ပြီး ကြေမွသွားလိမ့်မယ်၊ နို့ပေမဲ့ အဲသလို ဖြစ်မသွားဘူးဆိုရင်တော့ 'စထရစ်ချနင်း' (Strych-

nine) ဆေး နည်းနည်းထိုးပေးလိုက်မယ်။ ဒီဆေးကို တခြားဆေးအမည်တွေနဲ့ စပ်ထားတယ်၊ ဒီဆေးအမည်တွေရဲ့ နာမည်တွေကိုတော့ မင်းသိမယ် မဟုတ်ပါဘူး။ ထိုးမှာက သူ့အကြောထဲကို ထိုးမှာ၊ ထိုးပြီးရင် ဘာဖြစ်လာမလဲဆိုတာကို စောင့်ကြည့်မယ်၊ ဘာမှမဖြစ်ဘူးဆိုရင်လည်း သူ့အတွက်တော့ မထူးပါဘူးကွာ၊ တကယ်လို့ တစ်ခုခု ထူးခြားလာရင်တော့ ဘယ်သိနိုင်မလဲ၊ ကိုင်းငါ့ကို နည်းနည်းလောက် ကူစမ်းပါဦး"

ကျွန်ုပ်တို့သည် လက်ဝဲဘက်ရှိ အဘိုးကြီး၏ ခေါင်းဆီသို့ သွားကြ၏။ ကျွန်ုပ်အိတ်ထဲတွင် မောင်းချစားကလေး တစ်ချောင်းပါလာရာ၊ အနောင့်ဘက်တွင်ရှိသော ကိရိယာကလေးများထဲတွင် သေးငယ်သောအရာများကို ကော်ထုတ်နိုင်သည့် ချိတ်ကောက်ကလေးတစ်ခု ပါရှိ၏။ သို့နှင့် ကျွန်ုပ်လည်း ဂေါက်ကလေးကို လေဝင်ပေါက် တစ်ခုအတွင်းသို့ ထိုးသွင်းကာ မှန်ဖုံးကို အပေါ်သို့ တဖြည်းဖြည်း ကော်ထုတ်လေသည်။ ထို့နောက် အဖုံးပွင့်၍ လာသည့်နေရာ၌ သစ်သားကလေးတစ်ခုကို ထိုးသွင်းကာ စုစ်ထားလိုက်၏။ ထို့နောက် ဖန်ပတ္တာများမှာ သံချေးမတက်သဖြင့် ကျွန်ုပ်တို့လည်း အဖုံးကို အသာမ,၍ ဖွင့်လိုက်သောအခါ ကောင်းစွာပွင့်၍ သွားတော့၏။

အဖုံးပွင့်သွားသည်နှင့်တစ်ပြိုင်နက် အတွင်းမှ ပူနွေးသော လေနှင့်အတူ အလွန့်အလွန် မွှေးကြိုင်စူးရှလှသည့် အနံ့တစ်မျိုး ထွက်လာသဖြင့် ကျွန်ုပ်တို့မှာ ရုတ်တရက်နောက်သို့ ဆုတ်လိုက်ကြရ၏။ ထို့နောက် ဗစ်ကလီသည် သူ၏လက်တွင် ကိုင်ထားသည့် အိတ်ဆောင်ပြဒါးတိုင်ကလေးဖြင့် အပူချိန်ကို စမ်းသပ်ကြည့်ရှုရာ သချိုင်းဂူကြီးအတွင်းရှိ အပူချိန်မှာ ၈၂ ဒီဂရီရှိသည်ကို တွေ့ရ၏။ ဤအချက်ကို မှတ်သားပြီးလျှင် သူသည် ပြဒါးတိုင်ကလေးကို အလောင်းနှင့် အခေါင်းမှ မှန်သားနံရံကြားတွင် ထိုးသွင်းခဲ့ပြီးနောက်၊ ကျွန်ုပ်တို့လည်း အပြင်သို့ ထွက်လာခဲ့ကြ၏။ အခန်းတွင်းမှ မွှေးကြိုင်စူးရှလှသည့် အနံ့များကို ခံခဲ့ရသဖြင့် ကျွန်ုပ်တို့မှာ ထိုအချိန်ထိ မူးဝေထိုင်းမှိုင်းသကဲ့သို့ပင် ရှိနေသေး၏။

ငါးမိနစ်ခန့်ကြာသောအခါ ကျွန်ုပ်တို့သည် ဂူတွင်းသို့ ပြန်၍ ဝင်ခဲ့ပြီးနောက် ပြဒါးတိုင်ကို ကြည့်လိုက်ရာ အပူဒီဂရီမှာ ၉၈ ဒီဂရီ ရှိနေသည်ကို တွေ့ရ၏။ ယင်းအပူချိန်မှာ လူတစ်ဦး၏ ခန္ဓာကိုယ်တွင် သဘာဝအားဖြင့် ရှိနေသည့် အပူချိန်ပင်ဖြစ်လေသည်။

ဗစ်ကလီက လေသံဖြင့် . . .

"ဒီအဘိုးကြီး သေနေပြီဆိုရင် ဒီလိုအပူချိန် ရှိနေနိုင်ပါ့မလား၊ မင်းဘယ်လိုထင်သလဲ"

ကျွန်ုပ်က ခေါင်းခါ၍ ပြလိုက်၏။ ထို့နောက် ကျွန်ုပ်တို့လည်း တိုင်ပင်ထားသည့်အတိုင်း အဘိုးကြီး၏ အလောင်းကို နှစ်ယောက်သား မှန်ခေါင်းအတွင်းမှ ချီမထုတ်ယူပြီးလျှင် အဝတ်တစ်ထည်ခင်းထားသော ကြမ်းပြင်ပေါ်သို့ အသာအယာ ချထားလိုက်ကြ၏။

အလောင်းမှာ အတော်ပင်လေးလံ၍ ကျွန်ုပ်စိတ်ထင်အားဖြင့် ၁၁ စတုံခန့် ရှိပေလိမ့်မည်။ ထူးဆန်းသည်မှာ ရိုးရိုး လူသေအလောင်းများကဲ့သို့ တောင့်တင်း၍ မနေဘဲ သယ်ယူချီမသည့်အခါတွင် တင်ပါးအရိုးဆက်များ ကွေးညွတ်လာသည်ကို တွေ့ရ၏။ ဤသို့ ချထားလိုက်စဉ် ကျွန်ုပ်သည် တစ်စုံတစ်ခုကို မြင်လိုက်ရသဖြင့် အလောင်းကို လက်ထဲမှ လွှတ်ချလုမတတ်ပင် ဖြစ်သွား၏။

အလောင်း၏ဦးခေါင်း၊ ကျော၏ အလယ်နှင့် ခြေထောက်အောက်တွင် ရှစ်လက်မပတ်လည်ခန့်ရှိ ဖန်ဘူး၊ သို့မဟုတ် ဖန်တုံးကလေးများ ကပ်၍ပါလာသည်ကို တွေ့ရ၏။ ၎င်းတို့၌ အပေါက်မရှိချေ။ ထိုဖန်တုံးကလေးများမှ အလင်းရောင်အနည်းငယ် ထွက်နေပြီးလျှင် လက်ဖြင့် စမ်းသပ်ကြည့်သော အခါ အတော်ပင် ပူနွေးလျက်ရှိနေသည်ကို တွေ့ရ၏။

"အလို ဘုရားရေ . . . ဒါဟာ စုန်းကဝေ အတတ်နဲ့လား၊ ဒါမှမဟုတ် မှော်အတတ်နဲ့ လုပ်ထားတာပဲလား မပြောတတ်ဘူး"

"ဒါမျိုးတွေ မရှိပါဘူးကွာ။ မှော်အတတ် စုန်းအတတ် မဟုတ်ဘူး၊ ရေဒီယမ်ဓာတ်လို ဓာတ်တစ်မျိုးပဲကွ၊ ဒါ့ကြောင့် အပူချိန်ဒီဂရီကို ထိန်းထားနိုင်တာပေါ့၊ အင်း . . . ဒီလူကြီးဟာ သာမညလူကြီးမဟုတ်ဘူး ကိုယ့်လူ"

ပြင်ပလေထိသွားသည့်အတွက် အလောင်းမှာ အမှုန့်ဖြစ်၍ ကြေမွသွားလေမည်လောဟု ကျွန်ုပ်တို့လည်း ခေတ္တမျှ ရပ်ဆိုင်းနေလိုက်ကြ၏။ ကျွန်ုပ်ကလည်း ကြေမွပျက်စီးမသွားမီ အလောင်းကောင်၏ ပုံပန်းသဏ္ဌာန်ကို ပုံကြမ်းရေးဆွဲရန် အိတ်ဆောင်မှတ်စု စာအုပ်ကလေးကို ထုတ်ပြီးလျှင် အသင့်ပြင်ဆင်ထား၏။ သို့သော် အလောင်းမှာ မည်သို့မျှမဖြစ်ဘဲ ပထမတွေ့စဉ်ကအတိုင်းပင် ရှိနေ၏။

"ဟုတ်ပြီ၊ သူ့မှာ အသက်ဆိုတာ ရှိနေသေးရင် မှန်သေတ္တာထဲမှာ နှစ်ပေါင်းမရေမတွက်နိုင်အောင် နေလာခဲ့ရတော့ ဖြုန်းခနဲ အပြင်ကို ထုတ်ယူလိုက်တဲ့အတွက် အဆုတ်အအေးမိသွားနိုင်တယ်၊ ဒီတော့ အခုလုပ်ရင်လုပ် မလုပ်ရင်တော့ ဘယ်တော့မှ လုပ်လို့ ရတော့မှာမဟုတ်တော့ဘူး"

ဤသို့ ဗစ်ကလီကပြောပြီးနောက် အဘိုးကြီး၏ လက်မောင်းကို ကိုင်ထားရန် ကျွန်ုပ်အား ပြောသဖြင့် ကျွန်ုပ်ကကိုင်ထားရာ သူသည် ပြုတ်ထား

သည့် ဆေးထိုးအပ်ကို ယူပြီးလျှင် လက်ကောက်ဝတ်အထက်နားရှိ သွေးကြော တစ်ခုအတွင်းသို့ ဆေးရည်များကို ထိုးသွင်းလိုက်လေသည်။

"ကောင်းတာကတော့ နှလုံးပေါ်မှာ ထိုးပေးရင် ပိုကောင်းတယ်၊ ဒါပေမယ့် အခုတော့ လက်မောင်းကိုပဲ ပထမစမ်းကြည့်ရင် ကောင်းမယ်ဆိုပြီး ထိုးပေးလိုက်ရတာပဲ"

ကျွန်ုပ်က တစ်စုံတစ်ရာ ပြန်၍မပြောချေ။ နှစ်ယောက်သား ဆက်လက်စောင့်ဆိုင်း ကြည့်ရှုလျက်ရှိနေကြ၏။ သို့ရှိစဉ် . . .

"ဘုရား ဘုရား လက်ချောင်းကလေးတွေတောင် နည်းနည်းလှုပ်လာနေပြီ"

ဟု ကျွန်ုပ်က အလန့်တကြား အော်၍ပြောလိုက်လေသည်။

ဗစ်ကလီသည် အလောင်းပေါ်သို့ ကုန်းပြီးလျှင် သူ၏နားကို ကပ်၍ထားလိုက်၏။ စောစောကပင် ဗစ်ကလီသည် အဘိုးကြီး၏ နှလုံးသားရှိရာ နေရာကို နားကြပ်ဖြင့် စမ်းသပ်ခဲ့ရာ နှလုံးခုန်သည်ကို မတွေ့ရကြောင်း ကျွန်ုပ်အား ပြောခဲ့ဖူးသည်ကို ဖော်ပြရန် ကျွန်ုပ်မေ့နေခဲ့၏။ ယခုသော် နှလုံးကား ခုန်လျက်ရှိပြီဖြစ်ကြောင်း ဗစ်ကလီသည် ကျွန်ုပ်အား မျက်ရိပ်မျက်ခြေ ပြလိုက်ပြီးနောက် . . .

"ဟုတ်ပြီ ဟုတ်ပြီ၊ ခုန်နေပြီ . . . ခုန်နေပြီ"

ဟု တအံ့တသြ ပြောလိုက်လေသည်။

ထို့နောက် ဂွမ်းစတစ်ခုကို ယူပြီးလျှင် လူကြီး၏ နှာခေါင်းဝအထက် နှုတ်ခမ်းပေါ်တွင် တင်ထားလိုက်ရာ မကြာမီပင် ဂွမ်းစကလေး လှုပ်လာ၍ နှာခေါင်းမှ ခပ်ညင်းညင်း အသက်ရှူလာသည်ကို တွေ့လိုက်ရ၏။ ထို့နောက် သူသည် ဂွမ်းစအသစ်တစ်စကို ယူပြီးလျှင် သူ၏ဆေးသေတ္တာထဲမှ ဆေးရည် အနည်းငယ်ကို ဂွမ်းစပေါ်သို့ လောင်းထည့်လိုက်ပြီးနောက် ထိုဂွမ်းစကို လူကြီး၏ နှာခေါင်းဝတွင် တေ့ထားလိုက်ပြန်၏။ ဂွမ်းစပေါ်တွင် သူလောင်းထည့်လိုက်သော ဆေးရည်မှာ 'ဆာ(လ်)ဗော်လေတိုင်' (Salvolatile) ခေါ် မူးမေ့နေသော လူနာကို အမူးအမေ့ပျောက်စေရန် ပေးသော ရှူဆေးဖြစ်သည် ဟု ကျွန်ုပ်ထင်၏။

တစ်စုံတစ်ရာ ထူးထူးခြားခြားဖြစ်မလာသေးသဖြင့် ကျွန်ုပ်လည်း စိတ်သက်သာရာရစေရန် ဟင်းလင်းဖြစ်နေသည့် မှန်ခေါင်းကြီးကို ကြည့်လိုက်ရာ၊ ကျွန်ုပ်တို့ ပထမက သတိမပြုမိခဲ့သော အရာဝတ္ထုတစ်ခုကို မြင်လိုက်ရသဖြင့် သွားရောက်ကြည့်ရှုသောအခါ အဖြူရောင် သတ္တုပြားကလေး ၂ ချပ်ကို တွေ့ရလေသည်။ ထိုအပြားကလေး ၂ ချပ်ပေါ်၌ကား မြေပုံဆွဲထားသည်

ကို တွေ့ရ၏။ ထိုသတ္တုပြားကလေး ၂ ချပ်နှင့် အရောင်တောက်နေသည့် ဖန်တုံးကလေးများအပြင်၊ ခေါင်းထဲ၌ အခြားမည်သည့်အရာဝတ္ထုမျှ မရှိချေ။ သတ္တုချပ်ကလေးများကို ကောင်းစွာ မစစ်ဆေးနိုင်သေးမီ၊ အဘိုးကြီး၏ ပါးစပ်မှာ ဟ၍ လာပြီးလျှင် အသက်ကို စ၍ရှူနေသည်ကို တွေ့လိုက်ရ၏။ လေကင်းမဲ့နေသော သူ၏ အဆုတ်များအတွင်းသို့ လေများ ဝင်လာသောအခါ ပထမတွင် မသက်မသာ အသက်ရှူကြပ်နေသကဲ့သို့ ဖြစ်နေဟန်တူ၏။ ထို့နောက် မျက်ခွံများ လှုပ်ရှားလာပြီးလျှင် မည်းနက်တောက်ပြောင်သော မျက်လုံးများ ဖြည်းညင်းစွာ ပွင့်လာလေသည်။ ထို့နောက် သူသည် အားယူ၍ထရန် ကြိုးစားလျက်ရှိရာ၊ အကယ်၍ ဗစ်ကလီသာ သူ့အား ဖေးမ မထားလိုက်က နောက်သို့ အမှန်လဲကျသွားမည်ဖြစ်လေသည်။

သို့သော် သူ၏မျက်စေ့များထဲသို့ ရုတ်တရက် အလင်းရောင် တိုးဝင်လာသဖြင့် ဗစ်ကလီအား မြင်ပုံမရဘဲ သတိလစ်သကဲ့သို့ ဖြစ်သွားသည်ကို မြင်လိုက်ရ၏။ ထိုအချိန်၌ ကျွန်ုပ်တို့ လုပ်ကိုင်နေပုံကို စောင့်ကြည့်နေသော တော်မီသည် အနီးသို့ ချဉ်းကပ်လာပြီးနောက်၊ အဘိုးကြီး၏ မျက်နှာကို လျှာဖြင့်လျက်လေရာ၊ ကျွန်ုပ်တို့မှာ အံ့သြခြင်းမက အံ့သြ၍ သွားမိတော့၏။ ခွေး၏ လျှာထိသွားသဖြင့် အဘိုးကြီး၏ မျက်လုံးများ တစ်ဖန်ပွင့်လာရာ၊ ထိုအချိန်၌ကား သူသည် တော်မီကို မြင်သွားဟန်တူ၏။ သူ၏မျက်နှာမှာ ပြုံးရောင်သမ်းသကဲ့သို့ ဖြစ်သွားပြီးနောက်၊ လက်တစ်ဖက်ဖြင့် တော်မီ၏ ဦးခေါင်းပေါ်သို့ပင် အသာအယာ တင်ထားလိုက်၏။ ဤတွင်မှ ဗစ်ကလီကို မြင်သွားဟန်တူပြီးလျှင် သူ၏မျက်နှာမှာလည်း ခက်ထန်သောအမူအရာသို့ ရုတ်တရက် ပြောင်းသွားလေသည်။

ဗစ်ကလီသည် ဓာတ်ဘူး၏ထိပ်မှ ခွက်ထဲသို့ ဘရန်ဒီကို စပ်ထားသည့် ကော်ဖီပူပူကို လောင်းထည့်ပြီးလျှင် ကျွန်ုပ်လက်သို့ ကမ်းပေးလိုက်သဖြင့် ကျွန်ုပ်လည်း ခွက်ကို အဘိုးကြီး၏ နှုတ်ခမ်းဝသို့ တေ့ပေးလိုက်၏။ အဘိုးကြီးသည် ပထမတွင် ကော်ဖီကို ခပ်မျှင်းမျှင်း သောက်ကြည့်ရာမှ နောက်ဆုံးတွင် အားလုံးကို မော့ချလိုက်တော့၏။ အားတိုးဆေး၏ တန်ခိုးအာနိသင်ကား အံ့ဖွယ်ကောင်းလှတော့၏။ အဘိုးကြီးသည် အကူအညီမပါဘဲ ချက်ချင်းလိုပင် ထ၍ထိုင်လိုက်လေသည်။

အဘိုးကြီးသည် ကျွန်ုပ်တို့နှင့်တကွ ကျွန်ုပ်၏ ပစ္စည်းများကို ဣန္ဒြေကြီးစွာဖြင့် အတော်ကြာ အကဲခတ်ကြည့်ရှုလျက်ရှိရာ၊ ဆေးသေတ္တာထဲမှ ဆေးဘူး၊ ဆေးပုလင်းများကို ပို၍ အာရုံစိုက်နေဟန်တူ၏။ သူသည် အလုံးစုံကို သိသည့်ဟန်ဖြင့် လက်မောင်းမှ ဆေးထိုးသည့်နေရာကို ကြည့်လိုက်ပြီးလျှင်

စောင်ပေါ်တင်ထားသည့် ဆေးထိုးအပ်ကို ကြည့်ရှုလိုက်ပြီးနောက် ဦးခေါင်းကို ညင်သာစွာ တစ်ချက်ညိတ်လိုက်၏။ သူသည် ကျွန်ုပ်တို့ကို စိတ်ဝင်စားသည်ထက် ကျွန်ုပ်တို့ဝတ်ထားသည့် အဝတ်အစားများကို ပို၍ စိတ်ဝင်စားဟန်တူ၏။ ထို့နောက် တော်မီအား စိတ်ဝင်စားသည့်ဟန်ဖြင့် ကြည့်ရှုလျက်ရှိရာ၊ ကျွန်ုပ်မှာ တိရစ္ဆာန်တို့တွင် ရှိသည့် အတွင်းစိတ်ကို လေ့လာသိရှိခဲ့ရသည့်အတိုင်း အဘိုးကြီးအား တော်မီက လက်ခံသည်ကိုသတိပြုမိ၏။ အကယ်၍ အဘိုးကြီးသာ ကျွန်ုပ်တို့ကဲ့သို့ သွေးနှင့်ကိုယ် သားနှင့်ကိုယ် လူသားတစ်ယောက်မဟုတ်က တော်မီသည် ယခုကဲ့သို့ အဘိုးကြီး၏ အပြုအမူနှင့် ယုယကြင်နာမှုမျိုးကို လက်ခံမည်မဟုတ်ချေ။ ခွေးတို့၏ သဘာဝမှာ သည်းခံတတ်သည့်စိတ်မျိုးရှိ၍၊ လူဆိုးတစ်ယောက်ကိုပင် ချစ်ခင်တတ်၏။ သို့သော် အကယ်ပင် သဘောထား ယုတ်ညံ့သော လူဆိုးတစ်ယောက်သည် ခွေးကိုသော်လည်းကောင်း၊ ကလေးသူငယ်များကိုသော်လည်းကောင်း၊ အလှအပ ပစ္စည်းများကိုသော်လည်းကောင်း ချစ်မည်မဟုတ်ပေ။

(မှန်ခေါင်းအတွင်းတွင် လူသေအလောင်းကဲ့သို့ ရှိနေစဉ်က ကျွန်ုပ်တို့က 'ဘိုးဘိုးနတ်' ဟု ခေါ်ခဲ့သည့် အဘိုးကြီးမှာ နောင်တွင် ကျွန်ုပ်တို့နှင့် ဆက်ဆံသည့်အခါမှ သူသည် တော်မီအား အရေးပေးရုံမှတစ်ပါး ကျွန်ုပ်တို့မျှော်လင့်သကဲ့သို့ ချစ်ခင်ကြင်နာတတ်သူ မဟုတ်။ ချစ်မြတ်နိုးဖွယ်ကောင်းသည့်လူ မဟုတ်ကြောင်း ကျွန်ုပ်တို့ သိရှိလာရ၏။)

ကျွန်ုပ်တို့သည် အတန်ကြာမျှ တစ်ဦးနှင့်တစ်ဦး ကြည့်၍နေမိကြ၏။ သူသည် ရှည်လျားသော မုတ်ဆိတ်ကြီးကို လက်ဖြင့် သပ်လျက်ရှိရာမှ တော်မီသည် မုတ်ဆိတ် အစွန်းပေါ်တွင် ထိုင်နေသည်ကို သိသွားသည့်ဟန်ဖြင့် ချက်ချင်း မတ်တတ်ရပ်လိုက်ပြီးလျှင် သူ၏ အရပ်လောက် ရှည်လျားနေသော မုတ်ဆိတ်ကြီးကိုလည်း စမ်းသပ်ကာ တအံ့တသြ ဖြစ်နေဟန်တူ၏။ ထို့နောက် သူသည် စကားပြောရန် ကြိုးစားသော်လည်း နှုတ်ခမ်းနှင့် လျှာများမှာ လေးလံဆိုင်းတွနေသည့်ဟန်ဖြင့် ရုတ်တရက် အသံမထွက်ချေ။ ထို့နောက်တွင်မှ မကွဲမပြားအသံ ထွက်လာရာ၊ သူ၏အသံမှာ ဂီတသံပါ၍ အောင်မြင်လှ၏။ သို့သော် သူပြောလိုက်သည့် ဘာသာစကားမှာ ကျွန်ုပ်တို့ နားလည်သော မည်သည့်ဘာသာစကားနှင့်မျှ မတူသဖြင့် ကျွန်ုပ်က ဦးခေါင်းကို ခါ၍ ပြလိုက်၏။ ထို့နောက် ကျွန်ုပ်လည်း သတိရပြီးလျှင် 'အိုရိဖီးနား' ဘာသာစကားဖြင့် "ကောင်းသောနေ့ပါခင်ဗျား" ဟု နှုတ်ဆက်လိုက်၏။ သူသည် ထိုဘာသာစကားကို ကြားဖူးသည့်ဟန်ဖြင့် တစ်ခဏမျှ စဉ်းစားပြီးနောက် ကျွန်ုပ်ပြောသည့်အတိုင်းပင် ပြန်၍ ပြောလိုက်လေသည်။ သူပြောပုံမှာ ကျွန်ုပ်

ပြောသည်နှင့်မတူဘဲ၊ သံနေသံထားတစ်မျိုး ဖြစ်နေသည်ကို ချက်ချင်း ကျွန်ုပ် သတိပြုလိုက်မိ၏။ ဤမျှသာ တစ်ယောက်နှင့်တစ်ယောက် ပြောနိုင်ကြသေးရာ၊ ထိုအခိုက် သူသည် တစ်စုံတစ်ခုကို သွား၍ ရုတ်တရက် သတိရသွားဟန် တူ၏။

သူသည် မိန်းမပျိုကလေး၏ မှန်ခေါင်းကို ကျောခိုင်းထားသဖြင့် နောက်သို့ တဖြည်းဖြည်း လှည့်ကြည့်လိုက်၏။ သို့သော် အလွန်အားနည်းနေသဖြင့် ရုတ်တရက် မလှည့်နိုင်ဘဲရှိရာ၊ ကျွန်ုပ်က ဖေးမကူညီလိုက်ရ၏။ ဗစ်ကလီကလည်း သူ၏ အလိုဆန္ဒကို သိသည့်ဟန်ဖြင့် မီးအိမ်ကို မြှောက်၍ ပြထားလိုက်၏။ သူသည် မှန်ခေါင်းအတွင်းရှိ မိန်းမပျိုကို မြင်လိုက်သောအခါမှ စိတ်သက်သာရာ ရသွားဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

အဘိုးကြီးသည် ဓာတ်ဘူးအဖုံးခွက်ကို လက်ညှိုးထိုး၍ ပြလိုက်သဖြင့် ဗစ်ကလီက အရက်ရောထားသော ကော်ဖီကို နောက်တစ်ခွက် သူ၏ ပါးစပ်ထဲသို့ လောင်းထည့်လိုက်ပြန်၏။ ထို့နောက် သူသည် မိန်းမပျို၏ မှန်ခေါင်းမှ အဖုံးကို မ,ရန် ခြေဟန်လက်ဟန်ပြပြီးလျှင် ကန့်လန့်တွင်ရှိသည့် ခလုတ်နေရာများကိုပင် ပြလေသည်။ သို့သော် ခလုတ်မှာ အသေပိတ်ထားသည်ဖြစ်၍ ဖွင့်၍မရချေ။

သို့နှင့် ကျွန်ုပ်တို့လည်း အဘိုးကြီး၏ မှန်ခေါင်းကို ဖွင့်စဉ်က ပြုလုပ်ခဲ့သည့်နည်းအတိုင်း ဖွင့်ရတော့၏။ အဖုံးပွင့်သွားသည်နှင့် တစ်ပြိုင်နက် ခေါင်းတွင်းမှ မခံမရပ်နိုင်အောင် မွှေးကြိုင်စူးရှသည့် အနံ့များ ထောင်းခနဲ ထွက်လာသဖြင့် ကျွန်ုပ်တို့သည် တစ်ခဏမျှ အပြင်ဘက်သို့ထွက်၍ နေလိုက်ရ၏။ တော်မီသည်ပင် အနီးမှ ထွက်ပြေးသွားလေသည်။

ကျွန်ုပ်တို့ ပြန်ဝင်သွားသောအခါ အဘိုးကြီးသည် ခေါင်းနံဘေးတွင် ဒူးထောက်ကာ မိန်းမပျို၏မျက်နှာကို စူးစိုက်ကြည့်ရှုရင်း လက်များကို အလောင်း၏ ကိုယ်ပေါ်သို့ ဖွဲ့ယမ်းလျက် ရှိနေသည်ကို တွေ့ရ၏။

ဗစ်ကလီက ကျွန်ုပ်အား တီးတိုးလေသံဖြင့် "ဒါက အိပ်မွေ့ဖြေနေတာနဲ့ တူတယ်ကွ" ဟု ပြောလိုက်ပြီးနောက် ဆေးထိုးအပ်ကို ကိုင်ရင်း အဘိုးကြီး၏ မျက်နှာအရိပ်ကဲကို ကြည့်ရှုလျက်ရှိရာ အဘိုးကြီးက ခေါင်းခါ၍ ပြလိုက်၏။ ထို့နောက် ယခင်ကအတိုင်း အလောင်းပေါ်သို့သာ လက်များကို ဖွဲ့ချည်ယမ်းချည် ပြုလုပ်လျက်ရှိလေသည်။

သို့ရှိစဉ် ကျွန်ုပ်သည် မိန်းမပျို၏ လှပသော မျက်နှာကလေးကို နီးကပ်စွာ ကြည့်ရှုနိုင်ရန် ခေါင်းရင်းဘက်သို့ လှည့်၍သွားပြီးလျှင် မတ်တတ်

ရပ်၍နေလိုက်ရာ ဗစ်ကလီကမူ မှန်ခေါင်း၏ ခြေရင်းဘက်တွင် သူ၏ ဆေးထိုးကိရိယာများဖြင့် အလုပ်ရှုပ်လျက်ရှိနေလေသည်။ သို့ရှိစဉ် လုပသော မိန်းမပျို၏ မျက်နှာမှာ လူသေ၏ မျက်နှာကဲ့သို့ ယခင်က ရှိနေသော်လည်း အဘိုးကြီး၏ အိပ်မွေ့ဖြေဆေးကြောင့်ပေလောမသိ၊ သွေးမရှိရာမှ သွေးများဝင်လာပြီးလျှင် လန်းလန်းဆန်းဆန်း အသက်ဝင်လာသကဲ့သို့ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာသည်ကို မြင်ရ၏။

သူ၏ မျက်နှာကလေးမှာ တဖြည်းဖြည်း ပြောင်းလဲလျက်ရှိရာ ပြောင်းလဲသည်ဟုဆိုရာ၌ တစ်ချိန်နှင့်တစ်ချိန်မတူဘဲ တစ်ချိန်တွင် အလှတစ်မျိုး၊ နောက်တစ်ချိန်တွင် အလှတစ်မျိုးဟု ဆိုရမည်ကဲ့သို့ပင် ရှိတော့၏။ အနီးကပ်ဆုံး ရေးသားဖော်ပြရမည်ဆိုသော် သူ၏ ကိုယ်တွင်းသို့ ဝင်ရောက်လာသောအသက်မှာ တဖြည်းဖြည်းခြင်း ဝင်ရောက်လာသကဲ့သို့ ရှိနေ၏။ ပြောင်းလဲသည်ဆိုရာ၌လည်း တစ်ကြိမ်ပြောင်းလျှင် မိန်းမပျိုတစ်ယောက်၏ အသွင်၊ နောက်တစ်ကြိမ်ပြောင်းလျှင် အခြားမိန်းမပျိုတစ်ယောက်၏ အသွင်ဖြစ်ပြီး လျှင် တစ်မျိုးနှင့်တစ်မျိုး အလှချင်းမတူဘဲ ပြောင်း၍ပြောင်း၍သွားရာ ကျွန်ုပ် နှင့် ဗစ်ကလီတို့မှာ အံ့သြခြင်းမက အံ့သြ၍သာ နေမိတော့၏။

ဤသို့ကြည့် နေစဉ်၌ သူ၏ရင်ကလေးမှာ ဖိုလိုက်ဟိုက်လိုက်ဖြစ်၍ လာပြီးလျှင် မျက်လုံးများ တဖြည်းဖြည်းပွင့်၍လာရာ ယင်းတို့တွင် အံ့သြခြင်း၊ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ဖြင့် ရောပြွမ်းလျက်ရှိနေ၏။ လုပရွှန်းလဲ့သော မျက်လုံးများ၏ အရောင်မှာ မည်သည့်အရောင်ဟူ၍ပင် မပြောနိုင်ဘဲ မည်းနက်သော အပြာရောင်ဖြစ်လေမလား မသိ၊ တောက်ပလျက်ရှိနေ၏။ မျက်လုံးများမှာ ပွင့်လာသော်လည်း အလင်းရောင်ကြောင့် ကျိန်းစပ်နေသည့်ဟန်ဖြင့် တဖြည်းဖြည်း ပြန်၍ပိတ်သွားကာ မည်သည့်အရာကိုမျှလည်း မြင်ဟန်မတူချေ။

ကျွန်ုပ်သည် အတန်ငယ် ကိုယ်ကိုညွတ်၍ ကြည့်ရှုနေရာမှ နောက်တစ်ကြိမ် သူ၏မျက်လုံးများကို ပြန်၍ အဖွင့်နှင့် မျက်လုံးချင်းဆုံ၍သွားတော့၏။ သူ၏နှလုံးသားမှ အသိစိတ်ဓာတ်သည် သူ၏မျက်လုံးတွင် ပါလာသကဲ့သို့ ကျွန်ုပ်ထင်မိ၏။ မျက်နှာတွင် ကြောက်ရွံ့နေသည့်ဟန်မှ ပြုံးလဲ့လဲ့ အမူအရာကလေးပေါ်လာရာ ထိုအပြုံးကလေးမျိုးမှာ မေ့ဆေးပေးထားရာမှ မေ့ဆေးပြယ်သွားသောအခါ ချစ်သူကို တွေ့လိုက်ရသည့် မိန်းကလေးတစ်ယောက်၏ အပြုံးမျိုးနှင့်ပင် တူတော့၏။ သူသည် ကျွန်ုပ်၏မျက်နှာကို စူးစမ်းရှာဖွေလိုသည့်ဟန်မျိုးဖြင့် တစ်ခဏမျှ စိုက်ကြည့်လိုက်ပြီးနောက် လက်နှစ်ဖက်ကို မြှောက်ကာ ကျွန်ုပ်၏လည်ပင်းကို လှမ်း၍ ဖက်လိုက်လေတော့၏။

အဘိုးကြီးသည် ထိုအခြင်းအရာကို မြင်သော်လည်း မျက်မှောင် ကြုတ်သွားသည်မှတစ်ပါး မည်သို့မျှ မပြုလုပ်ချေ။ ဗစ်ကလီကလည်း သဘော မကျသည့်ဟန်ဖြင့် ကြည့်ရှုလျက်ရှိလေသည်။ ကျွန်ုပ်မှာ ငြိမ်သက်၍သာ နေရ တော့၏။ ကျွန်ုပ်မှာ ချစ်သူကို တွေ့ရသကဲ့သို့ ပွေ့ဖက်နမ်းရှုပ်၍သာ ပစ် လိုက်ချင်တော့၏။ သို့သော် ကျွန်ုပ်၏တစ်ကိုယ်လုံးမှာ လှုပ်ရှား၍မရဘဲ အကြောအချဉ်များ ဆိုင်းကာ ကျောက်ရုပ်ကဲ့သို့ ဖြစ်၍နေတော့၏။

ဤကဲ့သို့ ဖြစ်နေသည်မှာ အချိန်မည်မျှ ကြာသည်မသိ၊ ဗက်စတင် ၏ အသံကြီးကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ အခန်းတွင်းသို့ ခေါင်းပြူ၍ဝင်လာသော ဗက်စတင်ကို တွေ့လိုက်ရ၏။

"အင်း . . . မကြုံဖူးပေါင်ဗျာ၊ မင်းတို့ သူ့ကို နှိုးလိုက်တာ အံ့စရာ ပဲဟေ့၊ ဒါပေမဲ့လို့ ဟေ့ . . . အာဗူနော့၊ မိန်းကလေးနဲ့ အခုလိုဆိုရင်တော့ ပြဿနာတွေ ဖြစ်ကုန်ဦးမှာ ငါမြင်သေးသကွာ"

ကျွန်ုပ်မှာ စိတ်ကူးယဉ် အိပ်မက်မက်နေရာမှ ရုတ်တရက် လှုပ်၍ အနှိုးခံရသကဲ့သို့ သူ့အား သတ်ပစ်လိုသောစိတ်ပင် ပေါ်၍လာမိ၏။ သို့ရှိစဉ် ဗစ်ကလီက သူ့အား မီးဖိုရန်ကိစ္စအတွက် ထင်းများကို အသယ်ခိုင်းလိုက် သဖြင့် ဗက်စတင်လည်း အဘိုးကြီးအား တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ပြီး လျှင် ကြောက်ရွံ့သည့်အမူအရာဖြင့် ချက်ချင်းလိုပင် ထွက်သွားပြီးနောက် ထင်း များကို ယူ၍ပြန်ရောက်လာလေသည်။

ကျွန်ုပ်၏ အိပ်မက်ကမ္ဘာကလေးကား ပျက်စီး၍ သွားခဲ့လေပြီ။ မိန်းမ ပျိုကလေးသည် သူ၏လက်ကလေးများကို အလန့်တကြား လွှတ်ချလိုက်ပြီး နောက် မျက်လုံးများလည်း ပြန်၍ပိတ်သွားတော့၏။ သို့နှင့် ဗစ်ကလီလည်း 'ဆာ(လ်)ဗော်လတိုင်' ဆေးရည် ဆွတ်ထားသော ဝွမ်းစကလေးကို ရေးကြီး သုတ်ပြာ မိန်းမပျို၏နှာဝတွင် တေ့ပေးလိုက်၏။ သို့သော် အဘိုးကြီးကမူ ဗစ်ကလီ၏ စိတ်ရင်းစေတနာကို သိရှိထားပြီး ဖြစ်သကဲ့သို့ မည်သို့မျှ ဝင် ရောက် နှောင့်ယှက်ခြင်းမပြုဘဲ ကျေနပ်စိတ်ချသည့် ဟန်ဖြင့် ကြည့်၍သာ နေလေသည်။

ယခုအကြိမ်၌ ဗစ်ကလီသည် ဘရန်ဒီရောထားသည့် ကော်ဖီကို မတိုက်ဘဲ ရေနွေးဖြင့် ရောစပ်ထားသော အသားဆီနှင့် နွားနို့ကို တဖြည်း ဖြည်း တိုက်ပေးရာ ၎င်း၏အာနိသင်မှာ မိနစ်အနည်းငယ်အတွင်း၌ပင် သိသာ လာတော့၏။ သူသည် မှန်ခေါင်းအတွင်းတွင် အိပ်နေရာမှ ထ၍ထိုင်လိုက်၏။ သို့နှင့် ကျွန်ုပ်တို့လည်း နှစ်ပေါင်းမည်မျှကြာအောင် အိပ်ပျော်နေခဲ့သည် မသိ သော မိန်းမပျိုအား ချီမပြီးလျှင် ကြမ်းပြင်ပေါ်၌ ခင်းထားသည့် စောင်ပေါ်

သို့ အသာအယာချထားလိုက်၏။ ထို့နောက် ထွေးထွေးနွေးနွေးဖြစ်စေရန် စောင်နှင့် ရစ်ပတ်ပေးထားလိုက်လေသည်။ သူ၏ကိုယ်အောက်တွင် အလင်းရောင်တောက်၍ အနွေးဓာတ်ပေးထားသော ဖန်တုံးကလေးများကိုလည်း ခေါင်းထဲတွင် တွေ့ရ၏။

တော်မီသည် မိတ်ဟောင်းဆွေဟောင်းတစ်ယောက်ကို ပြန်လည်တွေ့ရသကဲ့သို့ အနီးတွင် တရစ်ဝဲဝဲရှိနေရာမှ သူ၏ခေါင်းကလေးကို မိန်းမပျို၏ဒူးပေါ်သို့ တင်ကာ ဝပ်၍နေလေသည်။ ထိုအခါမှ သူသည် တော်မီအား ပထမအကြိမ် သတိပြုမိသည့်ဟန်ဖြင့် တော်မီ၏ခေါင်းကို ယုယစွာ ပွတ်သပ်ရင်း ပထမအကြိမ် ပြုံးရယ်လိုက်ရာ သူ၏အပြုံးမှာ ချိုသာသိမ်မွေ့လှတော့၏။

ဗစ်ကလီက နောက်ထပ် တစ်ခွက်တိုက်မည်ပြုသောအခါ မိန်းကလေးသည် သောက်ရန်ငြင်းဆန်လျက် တော်မီကိုသာ တိုက်ရန် ခြေရန် လက်ဟန်ပြလိုက်၏။ သို့သော် အားဆေးမှာ ဤတစ်ခွက်သာ ကျန်တော့သဖြင့် ဗစ်ကလီက မတိုက်ချေ။ မကြာမီပင် သူတို့နှစ်ယောက်စလုံးမှာ ခိုက်ခိုက်တုန်အောင် ချမ်းလာသည်ကို မြင်ရသဖြင့် စောင်များဖြင့် ရစ်ပတ်ပေးထားရ၏။ ဗစ်ကလီကလည်း မီးဖို၍ မပြီးသေးသည့်အတွက် ဗက်စတင်အား ကြိမ်းမောင်းရေရွတ်လျက်ရှိလေသည်။

ဗစ်ကလီသည် တစ်စုံတစ်ရာကို တွေးမိသည့်ဟန်ဖြင့် ခေါင်းဆီသို့ သွားပြီးလျှင် ခေါင်းအတွင်းရှိ အရောင်တောက်နေသော ဘူးကလေးများကို စစ်ဆေးကြည့်ရှုလျက် ရှိနေ၏။ ဘူးကလေးများမှာ ခေါင်းတွင် အသေတပ်ထားခြင်းမဟုတ်ဘဲ အံဝင်ခွင်ကျ တွင်းကလေးများ၌သာ ထည့်ထားသဖြင့် သူ၏လက်ကို လက်ကိုင်ပဝါဖြင့် ရစ်ပတ်ချည်နှောင်ပြီးလျှင် ဘူးကလေးများကို တစ်ခုချင်း ထုတ်ယူလိုက်၏။ ထို့နောက် ဖန်တုံးကလေးများကို ယူပြီးလျှင် သူတို့နှစ်ယောက်စလုံးအနီးသို့ သွားရောက်ချထားပေးလိုက်ရာ၊ အဘိုးကြီးမှာ ထိုအခြင်းအရာကို သဘောကျဟန်ဖြင့် ဦးခေါင်းကို ညိတ်လျက်ရှိနေ၏။ ထိုအခိုက် ဗက်စတင်သည် ထင်းပုံကို မီးခြစ်၍ မီးမွှေးနေပြီဖြစ်သဖြင့် အဘိုးကြီးသည် မီးခြစ်ကို တအံ့တဩ ကြည့်ရှုနေကြောင်း ကျွန်ုပ် သတိပြုမိ၏။

ခေါင်းအတွင်းမှရသော ဖန်ဘူးကလေးများကြောင့်လည်းကောင်း၊ ဗက်စတင်ဖိုပေးသည့် မီးဖိုမှ အပူရှိန်ကြောင့်လည်းကောင်း သူတို့သည် အတော်အတန် ထွေးထွေးနွေးနွေး ဖြစ်လာဟန်တူ၏။ အချိန်မှာ မွန်းတည့်လုနီးပြီ ဖြစ်၍၊ သူတို့အား နေစာလှုံစေရလျှင် ပို၍ ကောင်းမည့်အကြောင်း ဗစ်ကလီ နှင့် တိုင်ပင်ကြည့်ရာ၊ သူကလည်း သဘောတူသဖြင့် ကျွန်ုပ်က အဘိုးကြီးအား

ဂူဝဘက်သို့ ညွှန်ပြလိုက်ပြီးနောက် 'အိုရိုဖီးနား' ဘာသာစကားဖြင့် "နေ ... နေ ... နေ ... နေ ..." ဟု ထပ်ခါ ထပ်ခါ ပြောလိုက်၏။ ပထမ၌ သူသည် အတန် ငယ်စဉ်းစားပြီးနောက် ကျွန်ုပ်ပြောသည်ကို သဘောပေါက်နားလည်သွားပြီး လျှင် မိန်းမပျိုလေးကပါ ဂူပေါက်ဆီသို့ သွားလိုဟန်ဆန္ဒရှိကြောင်း ကျွန်ုပ် အကဲခတ်လိုက်မိ၏။

သို့သော် သူ၏ခြေထောက်များကို ကြည့်ပြီးလျှင် သနားစဖွယ် ခေါင်းခါလျက်ရှိလေသည်။ သို့နှင့် ကျွန်ုပ်လည်း ချက်ချင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

အထက်က ရေးသားလာရာတွင် ကျွန်ုပ်သည် သန်မာကြောင်း အရပ် အမောင်းကောင်းကြောင်းများကို ရေးသားဖော်ပြခဲ့ဖူးလေသလော မပြောတတ် ပေ။ မိန်းကလေးမှာ အရပ်မြင့်၍ အချိုးကျန ပြေပြစ်တောင့်တင်းဟန်လက္ခဏာ ရှိသော်လည်း အစားအစာ မစားခဲ့ရသည်မှာ ကြာပြီဖြစ်၍ ဤမျှလောက် အလေးချိန်ကို ဂူဝသို့အရောက် ချီမသယ်ဆောင်သွားနိုင်လိမ့်မည်ဟု မိမိကိုယ် ကိုမိမိ ယုံကြည်သည့်အတိုင်း သူ့အား တစ်ခါတည်း ချီမပွေ့ယူလိုက်တော့၏။ ထို့နောက် ကျွန်ုပ်၏ လည်ပင်းကို ဖက်ထားရန် ခြေဟန်လက်ဟန်ဖြင့် ပြလိုက် သဖြင့် သူကလည်း ကျွန်ုပ်ပြောသည့်အတိုင်း ပြုလုပ်ပြီးလျှင် ကျွန်ုပ်၏ ရင် ပတ်ကို ခေါင်းကလေးဖြင့် အသာအယာမှီရင်း လိုက်ပါလာ၏။ မြေပေါ်သို့ သူ၏ ရှည်လျားသော ဆံပင်များ ကျ၍ ဖုန်များပေမည်စိုးသဖြင့် သူ၏ရှည် လျားသော ဆံပင်များကို ကျွန်ုပ်၏လည်ပင်းတွင် ရစ်ပတ်ထားလိုက်ရသေး ၏။ အဘိုးကြီးအား တွဲခေါ်လာရန်လည်း ဗစ်ကလီနှင့် ဗက်စတင်တို့အား ပြောလိုက်ရ၏။

မွှေးကြိုင်လှသော ပန်းစည်းကြီးတစ်စည်းကို ပွေ့ဆောင်လာရသကဲ့ သို့ ကျွန်ုပ်၏စိတ်တွင် ကြည်နူးသာယာလျက်၊ သူ၏ နူးညံ့သော အတွေ့အထိ မှာလည်း ကျွန်ုပ်အား ကျင်စက်နှင့် တို့သကဲ့သို့ တစ်ကိုယ်လုံး ဖိန်းရှိန်းထူပူ လျက် ရှိတော့၏။ ဂူပြင်ဘက် နေရောင်အောက်သို့ ရောက်သောအခါ ကျွန်ုပ် လည်း ဂူအတွင်းမှ ထိုးထွက်နေသည့် ကျောက်ဆောင်ကြီး အရိပ်အောက်တွင် အသာအယာ ချထားလိုက်၏။ ထို့နောက် ကျွန်ုပ်၏ပစ္စည်းများထဲတွင် ပါလာ သည့် ရွက်ဖျင်ကုလားထိုင်ပေါ်သို့ သူ့အား တင်ပြီးလျှင် လေစိမ်းတိုက်၍ အအေးမမိစေရန် စောင်တစ်ထည်ဖြင့်လည်း ရစ်ပတ်၍ ခြုံပေးလိုက်သေး၏။ သူသည် ကျေးဇူးတင်သည့်ဟန်ဖြင့် ကျွန်ုပ်အား ကြည့်ပြီးနောက် မျက်စိကို မှိတ်လိုက်ပြီးလျှင် လတ်ဆတ်ချိုအေးသော လေကို ခပ်ဖြည်းဖြည်း ရှူရှိုက် လျက်ရှိကြောင်း ကျွန်ုပ် သတိပြုမိ၏။

ဇစ်ကလီနှင့် ဇက်စတင်တို့သည် လက်ချင်းယှက်ကာ အဘိုးကြီးအား လက်ယှက်ပေါ်တွင် ထိုင်စေလျက် ဂူပြင်သို့ အရောက်ခေါ်လာခဲ့ကြ၏။ သူ၏ မုတ်ဆိတ်ကြီးမှာ မြေနှင့်ထိလုမတတ် ဖားလျား ကျလျက်ရှိနေ၏။ ဂူဝ၏ အပြင်သို့ ရောက်ခါနီးတွင် ဇက်စတင်သည် ဇစ်ကလီနှင့် လက်ချင်းယှက်ထား ရာမှ လက်တစ်ဖက်ကို ဖြုတ်ချလိုက်သဖြင့် အဘိုးကြီးမှာ ရှေ့သို့ စိုက်၍ကျ သွားမည်ကဲ့သို့ ဖြစ်သွားတော့၏။ အဘိုးကြီးသည် ဇက်စတင်အား ခက်ထန် စွာ ကြည့်လိုက်ရာ၊ သူကြည့်ပုံမျက်နှာထားကို ကျွန်ုပ်တစ်သက်တွင် မေ့နိုင် တော့မည် မဟုတ်ချေ။ ထိုအချိန်မှစ၍ သူသည် ဇက်စတင်အား မုန်းတီးသွား တော့ဟန် တူလေသည်။ ဇစ်ကလီကိုမူ ပညာတတ် တစ်ယောက်အနေဖြင့် ထင်မှတ်ဟန်လက္ခဏာရှိ၏။ သို့သော် သူ၏ပညာနှင့် နှိုင်းစာလျှင် ဇစ်ကလီ ၏ အတတ်ပညာမှာ မပြောပလောက်ချေ။ ကျွန်ုပ်ကိုမူ စိတ်ရှည်လက်ရှည် သည်းခံလေးစား၏။ ကျွန်ုပ်တို့အထဲတွင် သူအချစ်ဆုံးမှာ တော်မီသာဖြစ်လေ သည်။

အတန်ကြာသောအခါ ကျွန်ုပ်တို့လည်း သူတို့နှစ်ယောက်စလုံးအား နေပူထဲတွင် ချထားပေးလိုက်၏။ နေပူထဲ၌ သူတို့နှစ်ဦး နေခြည်ကို ခံစားနေ ပုံမှာ စိတ်ဝင်စားဖွယ် ကောင်းလှတော့၏။ ဇစ်ကလီကမူ မိန်းမပျိုလေးမှာ ဘောက်ဖတ်တည်းဟူသော သက်ရှိသချိုင်းဂူအတွင်းမှ ဖောက်ခွဲ၍ ထွက်လာ ကာ ပူနွေးသော လင်းရောင်ခြည်အတွင်းသို့ ဝင်ရောက်လာသည့် လိပ်ပြာ လောင်း ကောင်ကလေးနှင့်ပင် တူကြောင်း၊ နောက်တစ်နာရီ နှစ်နာရီခန့်အကြာ တွင် ပကတိ အင်္ဂါစုံသည့် လိပ်ပြာကောင်ကလေးအဖြစ်သို့ ကူးပြောင်းသွား ပြီးနောက် ဘဝကိုရင်ဆိုင်ရန် အသင့်ဖြစ်နေတော့မည်ဖြစ်ကြောင်းဖြင့် ဥပမာ ပေးလေသည်။

သူတို့နှစ်ယောက်ကား ဇစ်ကလီ ဥပမာပေးသည် လိပ်ပြာကောင် များသဖွယ် နေရောင်အောက်တွင် တဖြည်းဖြည်း အားအင်ပြည့်ဖြိုးလာကြ ဟန်တူ၏။ ထိုနေ့နံနက် တိုင်းရင်းသားများထံမှ ချိုမြိန်သော သစ်သီးများမှာ လည်း တောင်းနှင့်အပြည့်ရှိနေသဖြင့် ဇစ်ကလီ၏ ခွင့်ပြုချက်အရ ကျွန်ုပ် လည်း သစ်သီးအချို့ကို အခွံနွှာ၍ ပေးလိုက်ရာ မြိန်ယှက်စွာ စားကြလေ သည်။ စားပြီးနောက် နာရီဝက်ခန့်အကြာတွင် အားအင်ပြည့်ဖြိုးလာကြသည့် ဟန်ဖြင့် "အရောင်အဆင်းတောက်ပသည့် မိန်းမပျို" (သူ၏နာမည်ကို မသိ သေးသဖြင့် ကျွန်ုပ်က ဤသို့ခေါ်ရ၏။) သည် ကျွန်ုပ်၏အကူအညီဖြင့် ကုလား ထိုင်မှထကာ ကျွန်ုပ်ကို အားပြုလျက် ရှေ့သို့ တုန်တုန်ချည့်ချည့် လျှောက် ၍လာ၏။ သူသည် ကောင်းကင်ကိုလည်းကောင်း၊ မိုးကောင်းကင်အောက်ရှိ

လှပသော သဘာဝရှုခင်းကိုလည်းကောင်း စိတ်ဝင်စားစွာ ကြည့်ရှုလျက် ဝတ်ပြုရှိခိုးသကဲ့သို့ လက်ကို ရှေ့ကို ဆန့်တန်းထား၏။

နေရောင်ခြည်သည် သူ၏ လှပသော မျက်နှာပေါ်သို့ ထိုးကျလျက် ရှိလေရာ ထိုခဏ၌ သူ၏အသံကို ပထမဦးစွာ ကြားလိုက်ရလေသည်။ သူ၏ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် ရွှေရောင်ဝတ်စားတန်ဆာများကို ထွန်းလင်းတောက်ပစေသော နေမင်းကြီးကို ညွှန်ပြကာ ကျွန်ုပ်နားမလည်သော ဘာသာစကားမျိုးဖြင့် 'နေ' ၏ အမည်ကို ပြောလိုက်၏။ ကျွန်ုပ်က နားမလည်သည့်သဘောဖြင့် ခေါင်းခါ၍ ပြလိုက်လေလျှင် နောက် ဘာသာစကားတစ်မျိုးဖြင့် ပြောပြန်၏။ ဒုတိယအကြိမ် ခေါင်းခါ၍ ပြပြန်သောအခါ သူက တတိယအကြိမ် စကားတစ်မျိုးဖြင့် ပြောပြန်လေသည်။ တတိယအကြိမ် သူ ပြောလိုက်သည့်စကားမှာ အိုရီဖီးနားစကားနှင့် တစ်ထပ်တည်းတူသည်ကို တွေ့ရသဖြင့် ကျွန်ုပ်မှာ အလွန်ပင် ဝမ်းသာ၍ သွားမိတော့၏။ သူ၏အသံကလေးမှာ နူးညံ့သိမ်မွေ့၍ သြဇာသံပါပြီးလျှင် အဝေးမှ လွင့်ပါလာသည့် ခေါင်းလောင်းသံကလေးနှင့်ပင် တူတော့၏။

"ဟုတ်ပါတယ်၊ ဒီနာမည်ဟာ ဒီကျွန်းကလူတွေခေါ်တဲ့ နာမည်အတိုင်းပါပဲ"

ဟု ကျွန်ုပ်က ပြောသဖြင့် သူသည် ကျွန်ုပ်ပြောသည်ကို နားလည်သွားဟန်တူ၏။

သို့နှင့် သူက ထိုဘာသာစကားဖြင့်ပင် ဆက်လက်၍ . . .

"နေကို သင့်ဘာသာစကားနဲ့ ဘယ်လိုခေါ်ပါသလဲ"

"အင်္ဂလိပ်ဘာသာစကားနဲ့ နေကို 'ဆန်း' လို့ ခေါ်ပါတယ်"

"ဆန်း . . . အင်္ဂလိပ် . . . ခရီးသည်အစ်ကို၊ သင့်နာမည်ကကော ဘယ်လိုခေါ်ပါသလဲ"

"ဟမ်ဖရီလို့ခေါ်ပါတယ်"

"ဟမ် . . . ဖ . . . ရီ . . . ဟိုလူတွေရဲ့ နာမည်ကကော"

ဟု သူသည် ကလေးများကို စာသင်နေသကဲ့သို့ တစ်လုံးချင်းရွတ်ဆိုလေသည်။

ကျွန်ုပ်က သူတို့၏နာမည်များကို ပြောပြရာ သူလိုက်၍မရွတ်တော့ချေ။ သူ့တွင် ခက်ခဲနေဟန်တူ၏။

"အိပ်၍နေခဲ့သူ သင့်အမည်ကကော ဘယ်လိုခေါ်ပါသလဲ"

"**အီဗာ**လို့ ခေါ်ပါတယ်"

"လှပသူတစ်ယောက်အတွက် လှပတဲ့ နာမည်ပါပဲ"

ကျွန်ုပ်မှာ အိုရိုဖီးနား ဘာသာစကားကို ကောင်းစွာ တတ်မြောက်နေပြီဖြစ်၍ ဒွာန်ကရိုဏ်းကျကျ ပြန်၍ပြောလိုက်နိုင်၏။ သူသည် တစ်ခဏမျှ စဉ်းစားပြီးနောက် သူ၏မျက်နှာကလေးမှာ နီမြန်းသွားပြီးလျှင် သူ၏ဖခင်ရှိရာသို့ ညွှန်ပြလျက် . . .

"ကျွန်ုပ်၏ ဖခင် အိုရို . . . ကြီးမြတ်တဲ့ပုဂ္ဂိုလ် . . . ကြီးမြတ်တဲ့ဘုရင် . . . ကြီးမြတ်တဲ့ဘုရားသခင်"

ဟု တစ်လုံးချင်း ပြောလိုက်လေသည်။

ထိုစကားကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်မှာ ထိတ်လန့်အံ့သြ၍ သွားမိတော့၏။ မူလ 'အိုရို' ဆိုသူမှာ သူပင်ဖြစ်နေကြောင်းကို ထိုအခါမှ သိရတော့၏။

ကျွန်းသားများ ကိုးကွယ်နေသည့် အိုရိုနတ်ကြီးမှာ နှစ်ပရိစ္ဆေဒ ကြာညောင်းလှပြီဖြစ်၍ အသက်ထင်ရှားရှိနေသည်ကို သူတို့မသိကြချေ။ အဘိုးကြီးမှာ သူ၏ဖခင်ဖြစ်၍ သူ၏သက်ကြားအို ခင်ပွန်းမဟုတ်ကြောင်း သိရသဖြင့်လည်း ကျွန်ုပ်မှာ အလွန်အမင်း ဝမ်းမြောက်ရတော့၏။

ကျွန်ုပ်က သချိုင်းဂူကြီးဘက်သို့ လက်ညှိုးညွှန်ပြလျက် . . .

"သင်အိပ်နေခဲ့သည်မှာ ဘယ်လောက်ကြာပြီလဲ အီဗာ"

သူသည် ခေတ္တမျှ စဉ်းစားတွေဝေလျက် . . .

"အိုရိုကို ကြယ်တွေက ဒီကနေ့ည ပြောလိမ့်မယ်"

ဤသို့ဆိုလျှင် အိုရိုသည် နက္ခတ္တဗေဒဆရာကြီး၊ ဘုရင်ကြီး၊ နတ်ကြီးပင် ဖြစ်ပေတော့သည်။ မှန်ခေါင်းထဲမှ မြေပုံများပါသော သတ္တုချပ်များကို တွေ့ရသည်အခါကပင် ဤအဘိုးကြီးမှာ နက္ခတ်တာရာများကို ကျွမ်းကျင်မည့်အကြောင်း ကျွန်ုပ် အကဲခတ်မိ၏။

ထိုအချိန်တွင် အဘိုးကြီးသည် ဗစ်ကလီ၏လက်မောင်းကို အားပြုလျက် ကျွန်ုပ်တို့ရှိရာသို့ လျှောက်လာသဖြင့် ကျွန်ုပ်တို့မှာ စကားလက်စ ရပ်လိုက်ရတော့၏။ ထိုအချိန်က ဗစ်ကလီမှာ ဗက်စတင်နှင့် အခြေအတင် ပြောဆိုနေဆဲပင်ဖြစ်၏။

"ဟော့ကောင် . . . တစ်ဆိတ် ကျေးဇူးပြုပြီး မင်းဘာသာရေးကိစ္စကို အသာထားလိုက်စမ်းပါဦး၊ အခုနေ အဘိုးကြီး စိတ်မကောင်းအောင်လုပ်လိုက်လို့ သူဒေါသထွက်ပြီး သေသွားနိုင်တယ်ကွ"

"အံမယ်ကွာ . . . လူတစ်ယောက်က သူဟာ သူ့ကိုယ်သူ နတ်ပါ၊ ဘုရားပါလို့ ငါ့ကိုလာပြောလို့ရှိရင် ငါ့တာဝန်က သူဟာ အလိမ်အညာကောင်လို့ ပြောရမယ့်တာဝန်ရှိသကွ"

"အဲဒါကိုပဲ မင်းပြောလိုက်တယ်မဟုတ်လားကွ ဗက်စတင်ရ၊ မင်းပြောတဲ့စကားကို သူနားမလည်တာဘဲ ကံကောင်းတယ်ဟေ့၊ မင်းကို ငါ တစ်ခုပြောထားမယ်နော်၊ သူ့ကိုတော့ မင်းသွားပြီး မလေးမခန့်မလုပ်နဲ့၊ သူလိုလူစားက ကလေးကလားလုပ်လို့ရတဲ့ လူစားမျိုး မဟုတ်ဘူးဆိုတာ မင်းမှတ်ထား။ အဘိုးကြီး ရေဆာနေပြီနဲ့တူတယ်။ ကိုင်း . . . မိုးရေကန်ထဲက မိုးရေကို ယူခဲ့စမ်းပါ၊ အိုင်ထဲက ခပ်မလာနဲ့"

မကြာမီပင် ဗက်စတင်သည် မိုးရေအပြည့်ပါသော သတ္တုချိုင့်တစ်ခုနှင့် ဖန်ခွက်တစ်လုံးကို ယူ၍ ပြန်လာပြီးလျှင် ဗစ်ကလီအား ပေးလိုက်၏။ ဗစ်ကလီသည် ဖန်ခွက်ထဲသို့ ရေကို လောင်းထည့်လိုက်ပြီးလျှင် ဖန်ခွက်ကို အီဗာလက်သို့ လှမ်းပေးလိုက်၏။ အီဗာသည် ကျေးဇူးတင်သည့်ဟန်ဖြင့် ဗစ်ကလီထံမှ ဖန်ခွက်ကို ယူပြီးလျှင် ထူးဆန်းသော အပြုအမူတစ်ခုကို ပြုလုပ်လိုက်လေသည်။ သူသည် ဖန်ခွက်ကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ၊ ကောင်းကင်သို့ စက္ကန့်အနည်းငယ်မျှကြာအောင် မြှောက်လိုက်ပြီးနောက်၊ ကိုယ်ကို လှည့်လိုက်ပြီးလျှင် ရိုသေစွာဖြင့် သူ့ဖခင်၏ ခြေရင်းတွင် ရေအနည်းငယ်ကို လောင်းချလိုက်လေသည်။

ဤအပြုအမူကား ရေစက်ချခြင်း၊ ရေကို ပေးလှူခြင်းဟု ကျွန်ုပ်ယူဆမိရာ ဗက်စတင်ကလည်း ဤသို့ပင် ယူဆ၏။ သို့နှင့် သူက . . .

"ဒါဟာ မိစ္ဆာဒိဋ္ဌိတွေရဲ့ ပူဇော်ပသတဲ့ အလုပ်ပဲ၊ သူဟာ ဒီအလုပ်ကို လုပ်နေတယ်လို့ ငါယုံကြည်တယ်"

ဟု ပြောလိုက်လေသည်။

ဗက်စတင်ထင်သည့်အတိုင်း မှန်နေကြောင်း တွေ့ရ၏။ အဘိုးကြီးသည် ပူဇော်ခြင်းကို လက်ခံသည့်အနေဖြင့် ဦးခေါင်းကို ညိတ်ပြလိုက်ရာ၊ အီဗာသည် ဖန်ခွက်ထဲမှ ရေကို သောက်လိုက်၏။ ထို့နောက် ဖန်ခွက်ကို ထပ်မံရေဖြည့်ပြီးလျှင် ဖခင်အားပေးပြန်ရာ အဘိုးကြီးသည် ဖန်ခွက်ကို ကောင်းကင်သို့ မြှောက်လိုက်ပြီးနောက် ရေကို တစ်ခါတည်း ၂ ခွက်ဆင့်၍ သောက်ချလိုက်တော့၏။

ထိုအချိန်၌ ဂူကြီးပေါ်သို့ ကျရောက်နေသည့် နေရောင်မှာ ရွေ့လျားသွားသဖြင့် အပူရှိန် လျော့ပါးသွားသော်လည်း သားအဖနှစ်ယောက်တို့မှာ အေး၍ နေသေးသည့်ဟန်ဖြင့် အတန်ငယ် တုန်လှုပ်လျက်ပင် ရှိနေ၏။ ထိုအချိန်၌ သားအဖနှစ်ယောက်တို့မှာ အချိန်အတော်ကြာမျှ ကျွန်ုပ်နားမလည်သော ဘာသာစကားမျိုးဖြင့် စိတ်ရောကိုယ်ပါ ဆွေးနွေးပြောဆိုလျက် ရှိကြရာ၊ သူတို့ ဆွေးနွေးသော ကိစ္စမှာ ကျွန်ုပ်တို့အား ချက်ချင်းဖျောက်ဖျက်ပစ်

ရန် ဖြစ်ကြောင်း။ ထိုအခါ အီဗာက ဤသို့မလုပ်သင့်ဟု ဖခင်ဖြစ်သူအား အတိုက်အခံ ပြန်၍ပြောကြောင်း နောင်အခါမှ ကျွန်ုပ်တို့ သိရှိရလေသည်။

ဤသို့ တစ်ခဏမျှ ငြိမ်သက်လျက်ရှိကြစဉ်၊ တော်မီသည် ပန်းခက်ကလေးတစ်ခက်ကို ကိုက်ချီလာပြီးလျှင် အဘိုးကြီးခြေရင်း၌ ချထားလိုက်၏။ ထိုပန်းခက်ကလေးမှာ တိုင်းရင်းသားများက ကျွန်ုပ်ထံသို့ စားရေရိက္ခာနှင့် သစ်သီးများကို တောင်းများဖြင့် ထည့်၍ယူလာရာတွင် သူတို့ထုံးစံအရ အရိုအသေပြုသည့် အထိမ်းအမှတ်အဖြစ် တောင်းတစ်တောင်းပေါ်တွင် ထိုးစိုက်ပါလာသည့် ပန်းခက်ကလေးပင်ဖြစ်၏။

သခင်ဖြစ်သူက အရာဝတ္ထုတစ်ခုကို အဝေးသို့ လွှင့်ပစ်လိုက်သောအခါ တော်မီသည် ၎င်းကို လိုက်၍ ကောက်ပြီးနောက် သခင့်ထံသို့ ပြန်၍ချီလာရန် ကျွန်ုပ်က သင်ကြားထားခဲ့၏။ ယခုလည်း ဤကဲ့သို့ ပြုလုပ်ရန် အဘိုးကြီးရှေ့၌ ချထားဟန်တူလေသည်။ အဘိုးကြီးကမူ ခွေးကလေးသည် သူ့အား ဤပန်းခက်ဖြင့် ပူဇော်သည်ဟု ထင်၍ပေလော၊ သို့မဟုတ် တော်မီ၏ အပြုအမူအတွက် နိမိတ်လက္ခဏာတစ်စုံတစ်ရာကို မြင်၍ပေလောမသိ။ တော်မီ၏ ဦးခေါင်းကို တစ်ခဏမျှ အသာအယာ ပွတ်သပ်လျက်ရှိနေ၏။ ထို့နောက် ပန်းခက်ကလေးကို သူ့အားကောက်၍ပေးရန် ဗက်စတင်အား မျက်ရိပ်ပြလိုက်လေသည်။ ထို့နောက် အဘိုးကြီးသည် သမီးဘက်သို့ လှည့်၍ တစ်စုံတစ်ရာ ပြောလိုက်ရာ၊ ထိုအခါမှ သမီးဖြစ်သူက စိတ်သက်သာရာ ရသွားသည့်ဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်တော့၏။ သူပြောသည်ကို ဖခင်ဖြစ်သူက လိုက်လျောသည့် လက္ခဏာနှင့် တူလေသည်။

သားအဖနှစ်ယောက်တို့မှာ စကားမပြတ်သေးဘဲ ဆက်လက်ပြောဆိုကြပြန်ရာ၊ ဤအကြိမ်၌မူ သံနေသံထားနှင့်တကွ အမူအရာပါ တစ်မျိုး တစ်ဖုံ ထူးခြားသည်ဟုသာ ကျွန်ုပ် အကဲခတ်မိ၏။ ထို့နောက် ကျွန်ုပ်အား သမီးဖြစ်သူ အီဗာက . . .

"ကျွန်ုပ်တို့ အနားယူရန် ပြန်မည်၊ သင်တို့ လိုက်မလာကြလေနှင့်။ ယနေ့ညတွင်လည်းကောင်း၊ သို့မဟုတ် နောက်တစ်နေ့ညတွင်လည်းကောင်း ကျွန်ုပ်တို့ ပြန်လာမည်။ ကျွန်ုပ်တို့ ဘာမျှဖြစ်မည်မဟုတ်၊ သင်တို့လည်း အိုရိ၏ အရိပ်အာဝါသအောက်တွင် ဘာမျှဖြစ်မည်မဟုတ်၊ အိုရိသည် သင်တို့ အား စောင့်ရှောက်နေလိမ့်မည်၊ ကျွန်ုပ်ပြောသည်ကို နားလည်ပါ၏လော"

ကျွန်ုပ်က နားလည်ကြောင်း ပြန်၍ပြောလိုက်သောအခါ အီဗာက

"ကောင်းပြီ . . . ကျွန်ုပ်တို့ သွားတော့မည် ဟမ်ဖရီ"

"သွားပေတော့ အီဗာ"

ဟု နှုတ်ဆက်ရင်း ကျွန်ုပ်က ကိုယ်ကိုကိုင်းညွတ်၍ ပြောလိုက်လေသည်။

သားအဖနှစ်ယောက်တို့သည် ကျွန်ုပ်တို့၏ အကူအညီကို မယူဘဲ တစ်ယောက်ကိုတစ်ယောက် ဖေးမယှဉ်တွဲလျက် ဂူဝကြီးရှိရာသို့ တဖြည်းဖြည်း လျှောက်သွားကြပြီးနောက် ဂူထဲသို့ ဝင်ကာ ပျောက်ကွယ်သွားကြလေတော့သတည်း။

[ ၁၂ ]

## နှစ်ယောင်းနှစ်သိန်းငါးသောင်း

သူတို့နှစ်ယောက်သည် ကျွန်ုပ်နှင့် မိန်းမပျိုအား သက်ာမကင်းဖြစ်နေကြပြန်တူ၏။ ဗက်စတင်က . . .

"ဟုတ်တယ်ကွ၊ သူတို့ချင်း တစ်ယောက်နဲ့တစ်ယောက် နာမည်တွေဘာတွေတောင် မေးလို့" ဟု မကြားတကြား ပြောလိုက်သည်ကို ကျွန်ုပ် ကြားလိုက်ရ၏။ မကြာမီ ဗက်စတင်သည် စားဖိုဆောင်သို့သွား၍ ချက်ပြုတ်လျက်ရှိရာ ဗစ်ကလီက စားသောက်ဖွယ်များကို ယူလာလေသည်။ ကျွန်ုပ်တို့လည်း ငြိမ်သက်စွာ စားသောက်လျက်ရှိကြရာ ကျွန်ုပ်တို့ ယခုတွေ့ရသည့် အဖြစ်အပျက်များနှင့် ပတ်သက်၍ မည်ကဲ့သို့ သဘောရကြောင်း၊ ယခု သူတို့သားအဖနှစ်ယောက် မည်သည့်နေရာသို့ သွားသည်ထင်ကြောင်း ဗစ်ကလီအားမေးလိုက်၏။ သူမဖြေမီ ဗက်စတင်က ကြားဖြတ်၍ . . .

"ဒုတိယမေးခွန်းကိုတော့ ငါဖြေနိုင်ပါတယ်ကွာ . . . သမ္မာကျမ်းစာကို လေ့လာတဲ့ လူဆိုရင် သိတာပေါ့။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ သူတို့ဟာ အပူကိုတော့ နှစ်သက်ပုံရတယ်၊ ကြည့်ပါလား . . . မှန်ခေါင်းထဲမှာတောင် အပူဓာတ်တွေ ထည့်ထားတယ်၊ ဟိုမိန်းကလေးဟာ အပြင်ပန်းမှာ ဘယ်လိုပဲလှလှ သူတို့ဟာ တကယ်တော့ လူသားမဆန်ဘူး"

ဗစ်ကလီသည် ဗက်စတင်၏စကားကို လက်မခံသည့်အနေဖြင့် ကျွန်ုပ်ဘက်သို့ လှည့်ကာ . . .

"ငါတော့ ဘယ်လိုထင်ရမှန်းမသိတော့ပါဘူးကွာ။ ဒါပေမယ့် အခုတို့တစ်တွေ တွေ့ကြုံနေတာတွေဟာ သဘာဝနဲ့ ဆန့်ကျင်နေတယ်ကွ။ လောကကြီးတစ်ခုလုံးမှာ ဘာမဆို သဘာဝရဲ့ အဖြေရှိတာချည်းပဲ။ ငါ့အထင်

ကတော့ တို့တစ်တွေဟာ အိပ်မက်ထဲမှာလို မြင်ချင်ရာတွေ လျှောက်မြင်နေတယ် ထင်တာပဲ။ အဲဒါဟာလည်း သဘာဝတစ်ခုပဲ။ ဒါပေမဲ့ သူတို့နှစ်ယောက်ဟာ မှန်ခေါင်းထဲဝင်ပြီး နေခဲ့ကြတယ်၊ ရေဒီယမ်လို ဓာတ်တစ်မျိုးနဲ့ အပူငွေ့ပေးထားတယ်။ နောက်ပြီး နှစ်ပေါင်း မရေမတွက်နိုင်အောင် အိပ်ပျော်နေကြတယ်၊ ဒီနောက် အိပ်ရာကနိုးပြီး ကျန်းကျန်းမာမာ ထလာကြတယ်၊ ဒါတွေကတော့ သဘာဝနဲ့ ဆန့်ကျင်နေတယ်ကွ"

"မင်းပြောသလိုဆိုရင် မိုက်ကရုတ်ပိုးတွေဟာ ကမ္ဘာတည်သရွေ့ အသက်ရှင်နေနိုင်ကြတယ်ဆို မဟုတ်လား၊ အဲဒါကော သဘာဝနဲ့ ဆန့်ကျင်မနေဘူးလား"

"ဒါကတော့ ဟုတ်တယ်၊ တချို့ဟာ ဖန်ဘူးထဲ အလုံပိတ်ထား တောင် အတိုင်းအတာမရှိ အသက်ရှင်နေနိုင်တယ်၊ အေး . . . ရေဒီယမ်ဟာ လည်း ဒီအတိုင်းပဲ။ နို့ပေမဲ့ ဒီလူတွေက မိုက်ကရုတ်လည်း မဟုတ်ဘူး၊ ရေဒီယမ်ဓာတ်လည်း မဟုတ်ဘူး။ တို့တွေ့ရတဲ့ အခြေအနေမျိုးနဲ့ဆိုရင် သူတို့ဟာ လအနည်းငယ်လောက်ပဲ အသက်ရှင်နေနိုင်ကြမယ်"

"ဒီတော့ မင်းက ဘယ်လိုဆိုချင်သလဲ"

"ငါဆိုချင်တာကတော့ သူတို့ကို တို့များ တကယ်မြင်တာမဟုတ်ဘူး၊ တို့တစ်တွေ အိပ်မက် မက်နေကြတာပဲလို့ ပြောရမှာပဲ။ တချို့ဓာတ်ငွေ့များဟာ ရှူမိရှိုက်မိရင် လူ့စိတ်ကို တစ်မျိုးတမည် ပြောင်းသွားစေတယ်။ မျက်စိတွေက တွေ့ကရာတွေ လျှောက်မြင်တယ်၊ လူကို အရူးလို ရယ်အောင် ငိုအောင် လုပ်နိုင်တဲ့သတ္တိ ရှိတယ်။ ဒီဓာတ်ငွေ့မျိုးတွေဟာ ဂူကြီးတွေထဲမှာ ရှိတတ်တယ်။ ဟိုရုပ်တုကြီးအောက်က ထွက်လာတဲ့အနံ့ကို မင်းသတိရသေးတယ် မဟုတ်လား။ အဲဒီအနံ့ကို ရှူမိကြပြီးတဲ့နောက် တို့တစ်တွေဟာ အခုလို မြင်လာကြတာပဲ။ ဒါမှမဟုတ်လည်း တန်ခိုးဣဒ္ဓိပတ်တစ်ခုခုက တို့ကို လှည့်စားပြီး တန်ခိုးပြနေတာ ဖြစ်ရမယ်။ ငါဆိုတဲ့အကောင်က ဒါမျိုးတွေကို နည်းနည်းမှ အယုံအကြည်မရှိဘူး"

ထိုအခါ ဗက်စတင်က ကြားဝင်၍ . . .

"ငါတော့ ယုံတယ်ဟေ့၊ သမ္မာကျမ်းစာကို နည်းနည်းပါးပါး မင်း ဒုက္ခခံပြီးကြည့်ရင် မဖြစ်နိုင်ဘဲနဲ့ ဖြစ်တဲ့ အဖြစ်အပျက်တွေကို အများကြီး တွေ့ရလိမ့်မယ်။ မင်းက ဘာဖြစ်လို့ ဓာတ်ငွေ့တွေ ဘာတွေ မဟုတ်တယုတ်တွေ လျှောက်ပြောနေရတာလဲ"

"ဟေ့ကောင် . . . ဓာတ်ငွေ့လို ဓာတ်မျိုးကသာ တို့စိတ်ကို လှည့်စားနိုင်တာကွ"

“မဟုတ်သေးပါဘူး ဗစ်ကလီရာ . . . ဒီလူတွေဟာ တကယ်ရှိတာကွ။ တို့ကျွေးတဲ့ သစ်သီးတွေကို သူတို့မစားကြဘူးလား၊ ငါခပ်ပေးတဲ့ ရေသောက်တော့ အဘိုးကြီးက ကျေးဇူးတင်ပါတယ်လို့တောင် ပြောလိုက်သေး။ အေး . . . တစ်ခုရှိတာက သူတို့ဟာ လူသားစင်စစ်မဟုတ်ဘူးဆိုတာပဲ၊ ဖုတ်ပြိတ္တာတွေ ထင်တယ်၊ ငါတော့ သူတို့ကို နောက်ထပ် မတွေ့ချင်တော့ဘူး။ ဟို အာဗူနော့ဆိုတဲ့ အကောင်ကတော့ မိန်းမချောလေးက သူ့လည်ပင်းကို ဖက်လိုဖက်၊ နှစ်ယောက်သား အကြည်ဆိုက်နေလို့ တွေ့ချင်မှာပဲ။ အဘိုးကြီးက သူ့ကိုယ်သူ နတ်တဲ့၊ နာမည်က ‘အိုရို’ တဲ့၊ ကျွန်းသားတွေ ကိုးကွယ်တဲ့ နတ်ကလည်း အိုရို၊ ကျွန်းနာမည်ကလည်း အိုရိုဖီးနားဆိုတော့ ဒါတွေဟာ မဆန်းဘူးလားကွာ”

ဗစ်ကလီက ဗက်စတင်၏စကားများကို ဂရုမစိုက်ဘဲ ဆက်လက်၍ . . .

“သူတို့ ဘယ်ကိုသွားမယ်ဆိုတာတော့ ငါမပြောနိုင်ဘူး။ ဒါပေမဲ့ နက်ဖြန် သင်္ချိုင်းဂူကြီးထဲကို တို့များ သွားကြည့်ရင် သူတို့ကို တွေ့ရတော့မယ် မဟုတ်ဘူး၊ မှန်ခေါင်းကြီးတွေတောင် တွေ့ရလိမ့်မယ်လို့ ငါမထင်ဘူး၊ နို့ပေမဲ့ အခုသွားမကြည့်ကြနဲ့ဦး။ ကိုင်း . . . တို့စိတ်တွေ ကြည်ကြည်လင်လင်ဖြစ်သွားအောင် ခဏအနားယူကြဦးစို့”

သို့နှင့် ကျွန်ုပ်က . . .

“နေဦးကွ၊ ငါတစ်ခု မေးပါရစေဦး၊ တော်မီကကော တို့လိုပဲ အိပ်မက်မက်သလို မြင်ချင်ရာတွေ လျှောက်မြင်နေတာပဲလား”

“မြင်တာပေါ့ကွ၊ ဘာကြောင့် မမြင်ရမှာလဲ။ သူလည်း တို့လို သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲ”

ထို့နောက် ကျွန်ုပ်တို့လည်း အကြံတစ်ခုရသည်နှင့် တိုင်းရင်းသားများ လှေနှင့် ယူဆောင်လာခဲ့သော တောင်းတစ်ခုပေါ်တွင် ပန်းနီနီနှင့် သစ်ခက်တစ်ခက်ကို ဗက်စတင်သည် ကျောက်ဖျာပေါ်သို့ ပစ်ချလိုက်သောအခါ ထိုပန်းခက်ကို တော်မီက ကိုက်ချီသွားကြောင်း၊ ထို့နောက် အိုရိုက ဗက်စတင်အား ထိုပန်းခက်ကို သူ့လက်သို့ အပေးခိုင်းကြောင်း သတိရသဖြင့် ကျွန်ုပ်က . . .

“ကောင်းပြီ ဒီလိုဆိုရင် အဲဒီပန်းခက်ကို ဟိုနေရာမှာ မတွေ့ရင်တော့ ပထမပစ်ချထားခဲ့တဲ့နေရာ ကျောက်ဖျာပေါ်မှာပဲ ရှိရမယ်။ လေလည်းမတိုက်ဘူး၊ တခြား တိရစ္ဆာန်တစ်ကောင်တလေမှလည်း မရှိဘူး”

ဟု ပြောလိုက်ရာ ဗစ်ကလီက ဦးခေါင်းကို ညိတ်ပြလိုက်၏။

သို့နှင့် ဆက်လက်၍ . . .

"ဒီတော့ကာ တော်မီချီလာတဲ့ ပန်းခက်ဟာ အဲဟိုနေရာမှာ မရှိရင်တော့ တို့တစ်တွေမြင်ရတဲ့ အရာအားလုံးဟာ မြင်ရတယ်လို့ ထင်တာမဟုတ်ဘဲ တကယ့်ကို မြင်တာဖြစ်ရမယ်"

"အေး ဟုတ်တာပေါ့ . . . ဒီပန်းခက်နဲ့ ဆက်စပ်ကြည့်ရင်တော့ မင်းပြောတာမဟုတ်ဘူးလို့ ငါမငြင်းနိုင်ဘူး"

ထို့နောက် ကျွန်ုပ်တို့လည်း ပန်းခက်ကို လိုက်ရှာကြရာ ရှိသင့်သည့် နေရာတွင် မတွေ့ရသဖြင့် ကျောက်ဖျာဘက်သို့ သွား၍ ကြည့်သောအခါ တော်မီကိုက်သဖြင့် ကြေမွပြတ်ကျကျန်ရစ်ခဲ့သည့် ပန်းနီပွင့်ကလေးအတော်များကို တွေ့ရတော့၏။ ထို့ပြင် အနီး၌လည်း အထက်က ကျွန်ုပ်ရေးသားခဲ့ဖူးသည့် အတိုင်း အီဗာ၏ ခြေနင်းမှ ပြုတ်ကျခဲ့ဟန်တူသော ပတ္တမြားနှင့်တူသည့် ကျောက်နီကလေးတစ်လုံးကိုလည်း တွေ့လိုက်ရ၏။ ၎င်း၏ အပေါက်ကလေးမှ ချည်မျှင်ကလေးများသည်ပင် ဆွေးမြည့်၍ နေလေပြီ။ ကျွန်ုပ်က ဗစ်ကလီအား ပြုံး၍ကြည့်လိုက်၏။

ထူးဆန်းအံ့သြဖွယ်ကောင်းသည့်အရာများကို တစ်ခုပြီးတစ်ခု ဆက်တိုက်တွေ့ရသဖြင့် ကျွန်ုပ်တို့မှာ ငြီးငွေ့၍ လာကြတော့၏။ သို့နှင့် တောင်ခြေရင်းရှိ မြေပြန့်ဘက်ဆီသို့ လမ်းလျှောက်ထွက်ခဲ့ကြရာ ယခင်က ကျွန်ုပ်တို့တွေ့ဖူးမြင်ဖူးသည့် ပေါင်မုန့်ပင်များနှင့် မျောက်ဥပင်များကိုလည်းကောင်း၊ တစ်နေရာတွင် ချောင်းရေစီးဝင်သဖြင့် ဖြစ်နေသည့် အိုင်ကလေးတစ်အိုင်ကိုလည်းကောင်း တွေ့ရ၏။

အိုင်အတွင်း၌ကား ငါးအတော်များ ရှိနေသည်ကို တွေ့ရသဖြင့် ဗက်စတင်မှာ သူ၏ဝါသနာအတိုင်း ထန်းလက်များကို ဆန်ကာတစ်ခု ချက်ချင်း ယက်လုပ်ပြီးလျှင် ငါးများကို ဖမ်းယူရာ ၂ ပေါင် ၃ ပေါင်ခန့်ရှိမည့် ငါးလေးကောင်ကိုပင် အလွယ်တကူ ရရှိလေသည်။ သူသည် ယခုကဲ့သို့ ရှေးရိုးထုံးစံများအတိုင်း လုပ်ကိုင်ရာတွင် အလွန်ကျွမ်းကျင်သူဖြစ်၍ ဗစ်ကလီကပင် လက်ဖျားခါရ၏။

ရက်အနည်းငယ်အတွင်း၌ပင် သူ၏လက်ရာဖြင့် ထန်းလက်မိုးတဲကလေးတစ်လုံး ဆောက်လုပ်ပေးရာ ထိုတဲကလေးတွင် သူနှင့် ဗစ်ကလီတို့အိပ်၍ ကျွန်ုပ်ကမူ ရွက်ဖျင်တဲကလေးတွင် အိပ်၏။ သူသည် ငါးများကို ငါးမျှားချိတ်များဖြင့် မျှား၍လည်းကောင်း၊ တစ်ခါတစ်ရံ ရေကြက်များကို ထောင်ချောက်ဖြင့်လည်းကောင်း ရမိအောင် ဖမ်းဆီးပေးသဖြင့် ကျွန်ုပ်တို့မှာ စားရေးသောက်ရေးအတွက် မပူပင်ရတော့ဘဲ များစွာအဆင်ပြေလျက်ရှိလေသည်။

စခန်းသို့ ပြန်ရောက်သောအခါ အတော်ပင် နေစောင်း၍နေပေပြီ။ ကျွန်ုပ်တို့လည်း ချက်ပြုတ်စားသောက်ကြပြီးနောက် အိပ်ရာသို့ ဝင်ကြရာ တစ်နေ့လုံး ခရီးပန်းခဲ့သဖြင့် ချက်ချင်းလိုပင် အိပ်ပျော်၍သွားကြတော့၏။

ကျွန်ုပ်တို့မှာ မာရာမားနှင့် အကျေအလည် စကားပြော၍ ပြီးသည့်အချိန်မှစ၍ ပုရောဟိတ်များမှတစ်ပါး သူနှင့်တကွ ကျွန်းသားများသည် ကျွန်ုပ်တို့အပေါ်၌ အတော်ပင် စေတနာထားသည်ကို တွေ့ရ၏။ သို့သော် ဗက်စတင်က သူတို့၏နတ်ဘုရားကို ဖျက်ဆီးပစ်လိုက်သဖြင့်တစ်ကြောင်း၊ ဗစ်ကလီ က ပုရောဟိတ်တစ်ယောက်ကို သတ်ပစ်လိုက်သဖြင့် တစ်ကြောင်း၊ ပုရောဟိတ်များသည် ကျွန်ုပ်တို့အပေါ်တွင် အခဲမကြေနိုင်အောင် ရှိကြ၏။ အခြားအကြောင်းတစ်ခုမှာလည်း ဗက်စတင်ဟောသော တရားများကို ကျွန်းသားများလိုက်နာ၍သွားကာ ပုရောဟိတ်များ၏ အယူအဆမှာ ကျွန်းသားများအပေါ်တွင် သူတို့ဩဇာညောင်းကြတော့မည်မဟုတ်ချေ။

ဤသို့ဖြင့် ပုရောဟိတ်များသည် ကျွန်ုပ်တို့အားလုံးအား ယဇ်ပူဇော်ရန် ကြံစည်အားထုတ်လျက်ရှိနေ၏။ သူတို့သည် ယခင်က နတ်ကြီးအား ယဇ်ပူဇော်ပသသည့် အချိန်မှလွဲ၍ အခြားအချိန်များတွင် ကျွန်ုပ်တို့ကျွန်းဘက်သို့ မကူးဝံ့ကြချေ။ သို့သော် အတင့်ရဲ၍လာကာ တစ်ညတွင် မာရာမားမသိစေဘဲ လဝင်ချိန် နံနက် ၃ နာရီခန့်တွင် လှေသုံးစင်းဖြင့် ပုရောဟိတ်များအပါအဝင် ကျွန်းသား ၂၀ ခန့်တို့သည် ကျွန်ုပ်တို့ ကျွန်းဘက်သို့ ကူး၍လာပြီးလျှင် ကျွန်ုပ်တို့ အိပ်မောကျနေခိုက် တစ်ခါတည်း ဝင်၍စီးတော့၏။

ထိုညက ကျွန်ုပ်တို့သည် မည်သူမျှ ကင်းလှည့်မယူဘဲ စိတ်ချလက်ချအိပ်ကြရာ၊ ကျွန်ုပ်တို့အား ဝိုင်းဝန်းဖမ်းဆီး၍ လျှော်ကြိုးများဖြင့် တုပ်နှောင်သောအခါမှ အိပ်ရာမှ နိုးကြရတော့၏။ ကျွန်ုပ်တို့ ပါးစပ်များထဲသို့ မြက်ခြောက်များ ထိုးသွင်းထားသဖြင့် တစ်စုံတစ်ရာ ဟစ်အော်ခြင်းလည်း မပြုနိုင်ချေ။ အနီးတွင် သေနတ်များရှိသော်လည်း ကျွန်ုပ်တို့မှာ ခုခံရန် အချိန်မရဘဲ သားသတ်ရုံသို့ ခေါ်ဆောင်သွားခြင်းခံရသည့် နွားငယ်လေးများပမာ မည်သို့မျှ မတတ်နိုင်အောင်ရှိတော့၏။ ဗက်စတင်မှာ သူ၏ပါးစပ်ထဲမှ မြက်ခြောက်များကို ထွေးပစ်လိုက်နိုင်သဖြင့် ဗစ်ကလီဘက်သို့ လှည့်ကာ . . .

"ဟေ့ကောင် ဗစ်ကလီ၊ တို့ အခုလို ဒုက္ခရောက်နေတာ ဘာကြောင့်လဲ သိလား၊ ပြတိုက်ဗီရိုထဲက မကောင်းဆိုးဝါးမလေးနဲ့ ဟို အာဗူနော့ဆိုတဲ့အကောင်နဲ့ နှစ်ပါးသွားကြလို့ကွ"

ဟု မပီမသပြောလိုက်သေး၏။ စကားပြောသံကြားသဖြင့်လူရိုင်းများသည် ဗက်စတင်၏ပါးစပ်ထဲသို့ မြက်ခြောက်များထိုးထည့်လိုက်ပြန်လေသည်။

လွန်ခဲ့သည့် ၄၈ နာရီလောက်က ကျွန်ုပ်သည် သေရမည်ကို အနည်းငယ်မျှ မကြောက်သော်လည်း ယခု ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်နှင့် ကိုယ်တွေ့ကြုံရသောအခါ၊ ကျွန်ုပ်မှာ ဤကမ္ဘာလောကကြီးမှ ထွက်ခွာသွားရတော့မည့်အကြောင်းနှင့် ကျွန်ုပ်၏ ကိုယ်အတွင်း ကိန်းအောင်းနေသည့် ဝိညာဉ်သည်လည်း ခန္ဓာကိုယ်မှ လွင့်စင်ထွက်ခွာသွားရပေမည်ဟု ယူကြုံးမရ ဖြစ်မိတော့၏။

တိုင်းရင်းသားလူမည်းများသည် ဗက်စတင်အား လှေ့ထဲသို့ ကြမ်းတမ်းစွာ ပစ်ချလိုက်သံကို ကြားရသောအခါ ကျွန်ုပ်မှာ စိတ်မကောင်းဖြစ်မိသော်လည်း "တို့တစ်တွေ ဒုက္ခတွေ့ရတာ ဒီအကောင်ကြောင့်" ဟု ဝမ်းသာသကဲ့သို့ပင် ဖြစ်သွားမိသေး၏။ မျက်နှာတွင် ဆေးရောင်ခြယ်ထားသော ပုရောဟိတ်နှစ်ယောက်သည် ဗက်စတင်အား လှေ့ထဲသို့ ပစ်ချလိုက်သကဲ့သို့ ကျွန်ုပ်အား ပစ်ချမည်ပြုစဉ် သူတို့သည် ရုတ်တရက် ရပ်တန့်သွားပြီးနောက် ကျွန်ုပ်အား နေရာ၌ပင် လွှတ်ချလိုက်၏။

သို့ရှိစဉ် ကျွန်ုပ်၏ မြင်ကွင်း၌ အဘိုးကြီး၏ ကိုယ်အထက်ပိုင်းပေါ်လာပြီးနောက် 'အိုရိ' ဟု အော်သံများကို ကြားလိုက်ရ၏။ ကျွန်ုပ်မှာ ဦးခေါင်းကို မထောင်နိုင်သဖြင့် သူ၏ကိုယ်အထက်ပိုင်းကိုသာ မြင်ရ၏။ သူသည် တောက်ပသည့် အပြာရောင်ဝတ်ရုံကြီးကို ခံ့ညားစွာ ဝတ်ဆင်လျက်၊ ဦးခေါင်းပေါ်တွင် ကတ္တီပါအနက်ဖြင့် ချုပ်ထားဟန်တူသော သံပုရာခွံဦးထုပ်ကို ဆောင်းထား၏။ မုတ်ဆိတ်ကြီးကို အနေတော်ဖြတ်ထားပြီးလျှင် မျက်နှာလည်း ပိုမိုဝဖြိုးလာသကဲ့သို့ ထင်ရပြီးလျှင် အိုမင်းရင့်ရော်သည့် အဘိုးကြီးတစ်ယောက် မဟုတ်ဘဲ၊ သန်မာဖျတ်လတ်၍ နုပျိုလန်းဆန်းသည့် အဘိုးကြီးတစ်ယောက်သာ ဖြစ်၏။ မျက်လုံးများမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပင် အရောင်များ တဖျတ်ဖျတ် တောက်ပလျက်ရှိရာ၊ မြင်ရသူများမှာ ရှိသေလေးစားရုံမျှမက စိမ့်၍ပင် ကြောက်လောက်စေ၏။ ရှိသေထိုက်သော ပုဂ္ဂိုလ်ကြီးတစ်ဦး၏ သွင်ပြင်မူရာမျိုးရှိသည့် ဥပမိရုပ်မျိုးပါပေတည်း။

အဘိုးကြီးအိုရိသည် မြင်ကွင်းကို တစ်ချက်လှမ်း၍ ကြည့်ရှုလိုက်ပြီးနောက် . . .

"ဟဲ့ ကျွန်ကောင်တွေ ဘာလုပ်နေကြတာလဲ"

ဟု အိုရိဖီးနားဘာသာစကားဖြင့် ခက်ထန်စွာ မေးလိုက်၏။

မည်သည့်အသံမျှ ထွက်ပေါ်၍မလာချေ။ အိုရိမှာ ယခင်က သစ်သားရုပ်ကဲ့သို့ ဖြစ်နေရာမှ လူသားစင်စစ်အဖြစ်သို့ ယခု ကူးပြောင်းလာသည်ကို မြင်ရသောအခါ၊ ကျွန်းသားလူရိုင်းများမှာ အကြောက်ကြီးကြောက်ကာ

ကြက်သေသေလျက် ရှိနေကြကုန်၏။ သူတို့သည် လှည့်၍ ပြေးတော့မည်ကဲ့သို့ ပြုရာမှ ကျောက်ရုပ်များကဲ့သို့ ရုတ်တရက် ရပ်တန့်သွားလေသည်။

"ဟဲ့ . . . လူရဲ့ ကိုယ်ခန္ဓာနဲ့ မြွေတွေ ဝက်တွေက မွေးထုတ်လိုက်တဲ့အကောင်တွေ နင်တို့ရဲ့ ဘေးဘိုးဘီဘင်တွေလို လူတွေကို သတ်စားချင်ကြသလား။ ဒီလူတွေဟာ နင်တို့ထက် ပညာကောင်းလို့ သူတို့ကိုမုန်းပြီး သတ်ကြမယ်ပေါ့လေ။ သူတို့ဟာ ငါ့အရိပ်အာဝါသကို ခိုလှုံနေကြတာ နင်တို့ မသိကြဘူးလား။ ဟဲ့ ဟိုအကောင် . . . ငါ့ဆီလာခဲ့စမ်း"

ဩဇာသံပါလှသော အဘိုးကြီး၏အသံသည် သူတို့အားလုံးအား ဖိန့်ဖိန့်တုန်၍ သွားစေ၏။ လက်ညှိုးထိုးခြင်းခံရသော ပုရောဟိတ်သည် စက်ရုပ်တစ်ရုပ်ကဲ့သို့ ခြေကို ခုန်ဆွခုန်ဆွလုပ်ကာ အဘိုးကြီးရှေ့သို့ ရောက်လျှင် မျက်လုံးဝိုင်းကြီးဖြင့် အိုရီအား မဝံ့မရဲ ကြည့်ရှုလျက်ရှိနေ၏။

"ဟဲ့ . . . အိုရီကို ကိုးကွယ်ဆည်းကပ်တဲ့လူ အိုရီ၏ ကျိန်စာကို နာယူလော့။ သင့်အား ကျိန်စာသင့်စေလော့"

သို့ပြောလိုက်သည်နှင့် တစ်ပြိုင်နက် မကြုံစဖူး အံ့ဩဖွယ်ကောင်းလှသည့် အခြင်းအရာများကို ကျွန်ုပ်တို့မြင်လိုက်ရ၏။ ပုရောဟိတ်သည် လေထဲသို့ တအားခုန်လိုက်ပြီးလျှင် ပြန်ကျလာရာ နေရာတွင် ချာလပတ်လည်၍ နေတော့၏။

ထို့နောက် ရှေ့တိုးနောက်ငင် ဒယိမ်းဒယိုင်ဖြစ်ကာ သူ၏လက်မောင်းမှ အသားများကို ပါးစပ်ဖြင့် အတင်းကိုက်ဖဲ့လျက်ရှိလေသည်။ သွေးများခြင်းခြင်းနီအောင် စီးကျလာ၏။ ထို့နောက် တစ်ဖန် ငယ်သံပါအောင် ဟစ်အော်လိုက်ပြီးလျှင် သူ၏နဖူးကို ကျောက်ဆောင်တစ်ခုနှင့် အတင်းဝင်၍ ဆောင့်လေရာ မကြာမီ လဲကျကာ အသက်ပျောက်၍သွားလေတော့၏။

အခြားပုရောဟိတ်များသည်လည်း ထိုသူကဲ့သို့ ရူးသွပ်သွားပြီးလျှင် ၎င်းတို့အနက် သုံးယောက်မှာ မတုန်မလှုပ် မတ်တတ်ရပ်လျက်ရှိနေကြ၏။ အခြားပုရောဟိတ်များသည်လည်း တွေ့ရာလက်နက်ကို စွဲကိုင်ကာ အချင်းချင်း သတ်ပုတ်လျက် ရှိရာမှ နောက်ဆုံးတွင် လူချင်းကွဲကာ ရေနက်ထဲသို့ ခုန်ဆင်းလိုက်ကြပြီးနောက် ကျောက်တုံးများကဲ့သို့ စုံးစုံးမြုပ်၍ သွားကြလေတော့၏။

အဖြစ်အပျက်လေးမှာ ၅ မိနစ်မျှပင် မကြာချေ။ ကုန်းပေါ်တွင် တိုင်းရင်းသား ၃ ယောက်သာ ကျန်ရှိတော့ရာ ၎င်းတို့မှာ အသားများ ဆတ်ဆတ်တုန်ကာ အကြောက်ကြီးကြောက်လျက် ရှိနေကြတော့၏။ အဘိုးကြီးသည် လက်ညှိုးတစ်ချောင်းဖြင့် ၎င်းတို့အား လက်ယပ်ခေါ်လိုက်ပြီးလျှင် ကျွန်ုပ်တို့

ကိုယ်ပေါ်မှ ကြိုးများကိုဖြေရန် အမိန့်ပေးလေရာ ကျွန်ုပ်တို့ အားလုံးမှာ တစ်မိနစ်အတွင်းတွင် အနှောင်အဖွဲ့မှ လွတ်မြောက်ကြလေသည်။

အိုရိုသည် ကျောက်ဖျာပေါ်တွင် လဲကျနေသော ပုရောဟိတ်ကြီးကို လက်ညှိုးညွှန်လျက် . . .

"ဒီအသေကောင်ကြီးကို ကျွန်းဘက်က တခြားပုရောဟိတ်တွေ မြင်ရအောင် ယူသွားကြ၊ နင်တို့မြင်သမျှအားလုံးကို ပြန်ပြောကြ၊ ပြီးတော့ အရင်က နှစ်ပေါင်းများစွာ ကျိန်းစက်နေခဲ့တဲ့ တောင်တော်စောင့်နတ်ကြီး အိုရိုဟာလည်း အခု နိုးကြားလာပြီဆိုတာ ပြောလိုက်။ သူ့အမိန့်အာဏာကို မထီမဲ့မြင်ပြုတဲ့လူ၊ သူ့အရိပ်အာဝါသကို မှီခိုနေတဲ့လူများအား ရန်မူတဲ့ လူမှန်သမျှ ကျိန်စာသင့်မည်ဆိုတာ ပြောလိုက်။ သူတို့အတွက် စားရေရိက္ခာများ နေ့တိုင်း ပို့ရန်လည်းပြောလိုက်၊ ကိုင်း သင်တို့သွားကြ"

အိုရို၏အမိန့်သံကို ကြားရသောအခါ ထိုသူ ၃ ယောက်တို့သည် ပုရောဟိတ်ကြီး၏ ကြောက်မက်ဖွယ်ကောင်းသော အလောင်းကို လှေတစ်စင်းပေါ်သို့ တင်ပြီးနောက် လှေတစ်စင်းကို လူတစ်ယောက်ကျစီ လှော်ခတ်ကာ ကမ်းမှ ဒရောသောပါး ထွက်ခွာသွားကြတော့၏။ အချိန်မှာ လဝင်ချိန်ဖြစ်သဖြင့် လှေ ၃ စင်းလည်း မကြာမီ မှောင်ရိပ်တွင် ပျောက်ကွယ်သွားလေရာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ကျန်ရစ်တော့၏။

ဗက်စတင်မှာ ဖိနပ်ပျောက်နေသဖြင့် ရှာဖွေလျက်ရှိရာ ဗစ်ကလီကလည်း လည်ပင်းတွင် ပွန်းပဲ့သွားသည့် ဒဏ်ရာများကို စမ်းသပ်လျက်ရှိရာမှ . . .

"ဒီအကောင်တွေ ကိစ္စချောသွားတာ ငါတော့ ဝမ်းသာတယ်ဟေ့"

ဟု ကျွန်ုပ်ဘက်သို့ လှည့်၍ ပြောလိုက်၏။

ဖိနပ်ရှာရန် ဗက်စတင် ထွက်သွားသောအခါ ကျွန်ုပ်နှင့် ဗစ်ကလီတို့သည် အဘိုးကြီးအား မယောင်မလည် အကဲခတ်လျက်ရှိရာ အိုရိုသည် တစ်စုံတစ်ရာ မဖြစ်သကဲ့သို့ ကောင်းကင်မှ နက္ခတ်တာရာများကိုသာ စိတ်ဝင်စားစွာ ကြည့်ရှုလျက်ရှိနေသည်ကို တွေ့ရ၏။

သို့ရှိစဉ် နောက်မှ ခြေသံလိုလို ကြားသဖြင့် လှည့်၍ကြည့်လိုက်ရာ လှပစွာ ဝတ်စားဆင်ယင်လာသည့် အီဗာကို ဝမ်းမြောက်စွာ တွေ့မြင်ရလေသည်။

အီဗာသည် သူ့အား ခေါင်းထဲတွင် ကျွန်ုပ်တို့ ပထမတွေ့စဉ်က ဝတ်သည့် ဝတ်စုံမဟုတ်ဘဲ ရွှေရောင်ဝတ်ရုံကို ဝတ်ဆင်လျက်ရှိရာ ကြယ်ရောင်များအောက်တွင် ပြိုးပြိုးပြက်ပြက် တောက်ပ လျက်ရှိနေ၏။ မျက်နှာမှာ အား

အင်ပြည့်ဖြိုး အလှတိုးလာသကဲ့သို့ ရှိနေ၏။ သူ၏မနေ့းမမြန် ခတ်မှန်မှန် လျှောက်၍လာပုံမှာ ရေပေါ်တွင် ရွေ့လျားလာသည့် ငန်းမကလေးတစ်ကောင် ကဲ့သို့ ကြည့်၍မငြီးနိုင်အောင် ရှိတော့၏။ ခြေတစ်ချက်လှမ်းတိုင်း သူ၏ ကိုယ် ကလေးမှာ မိုးမခပင်ကလေးကဲ့သို့ ကိုင်းကာ ညွတ်ကာ ရှိနေ၏။

အနီးသို့ရောက်သောအခါ လက်ထဲတွင် အိုရိုး၏ မှန်ခေါင်းအတွင်း၌ ကျွန်ုပ်တို့တွေ့ခဲ့သည့် သတ္တုပြားကလေး ၂ ချပ်ရှိနေ၏။

သူသည် ကျွန်ုပ်တို့အား လူမည်းများက ချည်နှောင်ခဲ့သည့် ကြိုးစ ကြိုးနများနှင့် ကျွန်ုပ်၏လက်ကောက်ဝတ်မှ ပွန်းပဲ့သည့် ဒဏ်ရာများကို ကြည့် ပြီးနောက် . . .

"သင်တို့ ယခုဘေးရန်မရှိတော့ပြီ"

"ဟုတ်ပါတယ် အီဗာ၊ ဒါဟာ သင့်ဖခင်ရဲ့ ကျေးဇူးပါပဲ"

"ကျေးဇူးတင်ရမှာက ကျွန်ုပ်ကို တင်ရမှာပါ။ ဟိုအကောင်တွေ သင် တို့ကို သတ်ဖို့လာနေကြတာ ကျွန်ုပ်ရှိနေတဲ့ နေရာက နေပြီး မြင်နေရတယ်"

"ဩော် ဟောဟို တောင်ထိပ်ကနေပြီး မြင်ရတယ်ထင်ပါရဲ့"

အီဗာက အတန်ငယ်ပြုံးကာ ခေါင်းခါလျက် . . .

"ကျွန်ုပ်က မျက်စိနဲ့ကြည့်မှ မြင်နိုင်တာမဟုတ်ပါဘူး၊ အလိုရှိခဲ့ရင် မြင်နိုင်တဲ့ အခြားနည်းတွေလည်းရှိတယ်"

ထိုအခါ ဗစ်ကလီက ကြားဖြတ်၍ . . .

"မဖြစ်နိုင်တာပဲကွာ . . . သူ ဘာကို ဆိုလိုသလဲ မပြောတတ်ပါဘူး၊ စိတ်တန်ခိုးနဲ့ သိနိုင်တာကို ပြောတာများလား"

ဟု အင်္ဂလိပ်ဘာသာဖြင့် ရေရွတ်လိုက်လေသည်။

"အဲဒီလို သူတို့လာနေကြတာမြင်တော့ ကျွန်ုပ်က ဖခင်ကြီးကို ပြော ပြလိုက်တယ်၊ ဒီတော့ ဖခင်ကြီးလည်း အပြင်ထွက်သွားပြီး သူတို့ကို သတ် လိုက်သလား မသိဘူး"

"ဟုတ်ပါတယ်၊ အခု ဒီအကောင်တွေ ရေအိုင်ထဲ ရောက်ကုန်ကြပါ ပြီ၊ ၃ ယောက်ကိုတော့ သူတို့အကြောင်းကို ပြန်ပြောဖို့ အသက်ချမ်းသာပေး လိုက်တယ်"

"အင်း . . . ကျွန်ုပ်ထင်တဲ့အတိုင်းပါပဲလေ၊ လူမိုက်လူရိုင်းတွေကို ဆုံးမဖို့ ဒီလက်နက်ကိုပဲ အသုံးပြုရတယ်"

ထိုကိစ္စကို စကားဖြတ်လိုသဖြင့် သူကိုင်ဆောင်လာသော သတ္တုပြား ကလေးများနှင့်ပတ်သက်၍ အဘိုးကြီးက မည်သို့ ပြုလုပ်ပါသနည်းဟု စကား လမ်းကြောင်း ပြောင်း၍မေးလိုက်၏။

“ဩော် ဒါလား၊ သူ အခု ကောင်းကင်က နက္ခတ်တွေကို လေ့လာနေတယ် ဟမ်ဖရီ၊ နှစ်ပေါင်း ဘယ်လောက်ကြာအောင် ကျွန်ုပ်တို့ အိပ်စက်ခဲ့သလဲဆိုတာ တွက်ချက်လို့ရအောင်ပေါ့။ ကျွန်ုပ်တို့ မအိပ်စက်မီအချိန်မှာ ထွက်ပေါ်နေတဲ့ နက္ခတ်တာရာတွေရဲ့ အနေအထားကို သူရေးဆွဲထားပြီး အခု ကျွန်ုပ်တို့ နိုးလာမယ့် အချိန်မှာရှိမယ့် နက္ခတ်များရဲ့ အနေအထားနဲ့ ချိန်ကိုက်ထားတယ်၊ သင်တို့ မကြာခင် သိရပါလိမ့်မယ်”

အီဗာ၏ စကားများကို ကြားရသောအခါ ဤကဲ့သို့ ရှေးနှစ်ပေါင်းများစွာက ထွက်ပေါ်ခဲ့သည့် နက္ခတ်တာရာပုံစံများနှင့် ယခု ထွက်ပေါ်နေသည့် နက္ခတ်တာရာများ၏ ပုံစံကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် နှစ်ပရိစ္ဆေဒအပိုင်းအခြားကို တွက်ချက်နိုင်ပါမည်လောဟု သံသယဖြစ်မိ၏။ သို့သော် အိုရိမှာ အခြားသူများ မပြုလုပ်နိုင်သည်ကို ပြုလုပ်နိုင်မည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပေလိမ့်မည်ဟူ၍လည်း တွေးမိပြန်၏။

ဗစ်ကလီက မယုံကြည်သည့်ဟန်ဖြင့် . . .

“ဟာ . . . သင်တို့ နိုးလာမယ့်အချိန်ကို ချိန်ကိုက်ပေးတာက ကျွန်ုပ်တို့ပါ၊ ကျွန်ုပ်တို့ရောက်လာလို့ သင်တို့နိုးလာရတာ မဟုတ်လား”

အီဗာက တစ်ချက်ပြုံးလိုက်ပြီးနောက် . . .

“အို ဗစ်ကလီကလည်း ဒီလိုမဟုတ်ပါဘူး။ ချိန်ကိုက်တယ်ဆိုတာက အိုရိရဲ့ ဦးခေါင်းထဲမှာရှိပါတယ်၊ သင်တို့ရောက်လာပြီး ကျွန်ုပ်တို့ကို အိပ်ရာက နိုးလာအောင်၊ ဆောင်ရွက်ပေးခြင်းသာဖြစ်ပါတယ်”

ထိုအခါက ကျွန်ုပ်က . . .

“ဒီလိုဆိုရင် အချိန်ဘယ်လောက်ကြာကြာ သင်တို့အိပ်စက်နေမယ်လို့ သူက ချိန်ကိုက်ထားပါသလဲ”

ထိုအခါ အီဗာသည် စကားပြောရန် ရုတ်တရက် စကားလုံးရှာမရသဖြင့် တစ်ခဏမျှ ရပ်တန့်ပြီးလျှင် လက်နှစ်ဖက်ကို မြှောက်လိုက်ပြီးနောက် ၁၀ ဟု ဆိုလိုက်၏။ သူ၏လက်ချောင်းကလေးများကိုလည်း တစ်ချောင်းစီ ရေတွက်ကာ ဦးခေါင်းကိုညွှတ်၍ ညိတ်လိုက်၏။ ထို့နောက် ဗစ်ကလီ၏ လက်ကို ဆွဲယူလိုက်ပြီးလျှင် လက်ချောင်းကလေး ၁၀ ချောင်းကို အစဉ်လိုက် ရေတွက်ပြလေသည်။

ထိုအခါ ဗစ်ကလီက . . .

“၁၀ နှစ် ဟုတ်လား . . . ဟာ ဒါကတော့ မဖြစ်နိုင်တာဘဲ၊ အင်းလေ ထားပါတော့”

အီဗာက ခပ်ပြုံးပြုံး မျက်နှာလေးဖြင့် ဆက်လက်၍ . . .

"၁၀ ဆယ်ခါ"

ဟု ဆိုလိုက်ပြန်၏။

"၁၀ ဆယ်လီဆိုပါတော့၊ ဒါဖြင့် ၁၀၀ ပေါ့၊ အမယ်လေးဗျာ ဖြစ်နိုင်ပါ့မလား"

အီဗာက ဆက်လက်၍ . . .

"တစ်ရာဆယ်လီ"

"တစ်ထောင်"

"တစ်ထောင်ဆယ်လီ"

"တစ်သောင်း"

"တစ်သောင်းဆယ်လီ"

"တစ်သိန်း"

အီဗာသည် မရပ်သေးချေ။ တစ်ဖန် ဆက်လက်၍ . . .

"တစ်သိန်းနှစ်ခါနဲ့ တစ်ဝက်"

"ဒါဖြင့် ၂ သိန်း ၅ သောင်းပေါ့၊ အမယ်လေး ဟုတ်မှလည်း လုပ်ပါဗျာ"

"အဲဒီအချိန်အပိုင်းအခြားဟာ ကျွန်ုပ်နဲ့ ဖခင်ကြီး အိုရိုတို့ ကိုက်ထားတဲ့အချိန်ပဲ"

"အလိုလေး၊ ဘုရား . . . ဘုရား . . . ဖြစ်နိုင်ပါ့မလား ဟမ်ဖရီရယ် . . ."

[ ၁၃ ]

# အိုရီက နက္ခတ်များနှင့် တွက်ချက်ခြင်း

အီဗာသည် အဘိုးကြီးထံ၌ရှိနေသော သတ္တုပြားကလေးကို ကျွန်ုပ် အား ညွှန်ပြလျက်ရှိလေသည်။

ဗစ်ကလီသည် ပါးစပ်မှ တဗျစ်ဗျစ်ပြောပြီးနောက် နေရာမှ ထွက် သွားလေရာ ကျွန်ုပ်မှာ မရယ်မိအောင် အတော်ပင် အောင့်အီး၍ ထားလိုက် ရတော့၏။ အီဗာကမူ အားပါးတရ ရယ်မောလိုက်လေသည်။ သူ၏ရယ်သံ မှာ ငွေဆည်းလည်းသံကလေးတမျှ ကြည်လင်၍ သာယာလှပေ၏။

"သူက မယုံဘူး၊ သူက တတ်လွန်းအားကြီးတော့ အကုန်သိသနဲ့ တူတယ် . . . သို့သော် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂ သိန်း၊ ၅ သောင်း တုန်းကဆို ရင် ကျွန်ုပ်တို့ သူ့ကို လူရိုင်းလူမိုက်တစ်ယောက်လို့ ထင်မှာပဲ . . .၊ အဲဒီတုန်း က ကျွန်ုပ်တို့ဟာ နက္ခတ်တာရာတွေကို လေ့လာနိုင်ကြတယ်၊ ပြီးတော့ သူတို့ ရဲ့ ရွေ့လျားသွားလာမှုတွေကိုလည်း တွက်ချက်နိုင်ကြတယ်"

ထိုအခါ ကျွန်ုပ်က မခံချင်စိတ်ဖြင့် . . .

"ကျွန်ုပ်တို့လည်း တွက်ချက်နိုင်ပါတယ်" ဟု ပြောလိုက်မိ၏။

"ဝမ်းသာလိုက်တာ ဟမ်ဖရီရယ်၊ ဒီလိုဆိုရင် ကျွန်ုပ်ရဲ့ ဖခင်ကြီး တွက်ချက်တဲ့နေရာမှာ တစ်ခုခု မှားသွားရင် သင်က ထောက်ပြနိုင်မှာပေါ့နော်"

သို့နှင့် ဤတာဝန်ကြီး ကျွန်ုပ်အပေါ်သို့ ကျရောက်၍ မလာစေရန် ကျွန်ုပ်မှာ ကျိတ်၍ ဆုတောင်းမိလိုက်၏။ ထိုအချိန်တွင် ခေတ္တထွက်သွားသော ဗစ်ကလီ ပြန်ရောက်လာရာ ဗက်စတင်လည်း သူပျောက်သော ဖိနပ်ကို တွေ့ ပြီဖြစ်သဖြင့် ကျွန်ုပ်တို့ရှိရာသို့ ရောက်လာလေသည်။ ထိုအခါ လူစုံပြီဖြစ် သဖြင့် ကျွန်ုပ်က ယခင် ပြောလက်စ စကားကို ဆက်လက်၍ အီဗာအား...

“နှစ်ပေါင်း ၂ သိန်းနဲ့ ၅ သောင်း သင်အိပ်စက်လို့ လာခဲ့တယ်၊ သို့မဟုတ် ဤမျှလောက်အချိန်အထိ အိပ်စက်နေတာ ဖြစ်ရမယ်လို့ သင်က ဆိုတယ်မဟုတ်လား”

ဟု မေးလိုက်၏။

ထိုစကားကိုကြားသောအခါ ဗက်စတင်မှာ မျက်လုံးပြူး၍ သွားလေသည်။

သို့နှင့် ကျွန်ုပ်က ဆက်လက်၍ အီဗာအား . . .

“ဤသို့ဆိုလျှင် သင်၏စိတ်က အဘယ်ကို ရောက်နေပါသလဲ”

“သင်ပြောတဲ့စိတ် ဆိုတာဟာ ဝိညာဉ်ကို ဆိုလိုတာဆိုရင် ခုလောလောဆယ်တော့ ကျွန်ုပ် အသေအချာမပြောနိုင်သေးဘူး ဟမ်ဖရီ၊ သို့သော် ဒီဝိညာဉ်က တခြားတစ်နေရာရာကို ရောက်နေလိမ့်မယ်လို့ ထင်တာပဲ။ ဒီကမ္ဘာလောကကြီးမှာပဲဖြစ်ဖြစ်၊ တခြား ကမ္ဘာလောကကြီးမှာပဲဖြစ်ဖြစ်၊ ခန္ဓာကိုယ်တစ်ခုခုထဲမှာ ဝင်ပြီး ကိန်းအောင်းနေကောင်း နေလိမ့်မယ်လို့ ထင်ပါတယ်။ တစ်ခုသိနေတာကတော့ ကျွန်ုပ်ရဲ့ နှလုံးသားထဲမှာ သတိရသလိုလို ဖြစ်နေတဲ့အရာတွေ အများကြီးပဲ ရှိနေတယ် ဆိုတာကိုတော့ သိနေတယ်၊ သို့သော် ဒီအရာတွေဟာ ဘာတွေလဲဆိုတာတော့ အခုချက်ချင်း ဖော်ထုတ်လို့ မရသေးဘူး”

ထိုအခါ ဗစ်ကလီက . . .

“ဖြစ်မှဖြစ်ရလေ . . . မဟုတ်တာတွေဘဲဗျာ”

ဟု ဝင်၍ပြောလိုက်၏။

“သင်တို့လူသားတွေက မဟုတ်တာတွေ၊ မဖြစ်နိုင်တာတွေလို့ အထင်ရှိနေတဲ့အရာတွေ အများကြီးရှိနေတယ်၊ ဒါတွေဟာ တကယ့်အမှန်တရားတွေပဲ၊ အဲဒီ အမှန်တရားအချို့ကို သင်တို့အား မကြာခင်မှာပဲ ကျွန်ုပ်ပြနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်”

ဗစ်ကလီက . . .

“ဟုတ်ကဲ့ဗျာ . . . ပြနိုင်ရင် ပြစေချင်ပါတယ်”

ဤသို့ ပြောဆိုလျက်ရှိစဉ် အိုရိုက သမီးဖြစ်သူအား ခေါ်လိုက်ရာ အီဗာက ကျွန်ုပ်တို့အား သူနှင့်အတူလိုက်ခဲ့ရန် ခေါ်သဖြင့် ကျွန်ုပ်တို့လည်း အီဗာနောက်မှ လိုက်ပါသွားကြ၏။

အဘိုးကြီးရှိရာသို့ ကျွန်ုပ်တို့ရောက်သောအခါ ကြယ်တာရာပုံစံချပ်များကို မီးရောင်အောက်တွင် လေ့လာလိုသဖြင့် ကျွန်ုပ်တို့က မီးအိမ်တစ်လုံး ယူလာစေရန် အီဗာအား ပြောကြားလိုက်၏။

ထိုအခါ ဗစ်ကလီသည် သူ၏အိတ်ထဲမှ လက်နှိပ်ဓာတ်မီးကို ထုတ်ယူလိုက်ပြီးလျှင် အဘိုးကြီး၏မျက်နှာကို မီးရောင်ဖြင့် ထိုးလျက် . . .

"ဒီမီးရောင်နဲ့လည်းပဲ ရနိုင်ကောင်းပါရဲ့"

ဟု ရုတ်တရက် ပြောချလိုက်တော့၏။

ဤသို့ ပြုလုပ်ခြင်းမှာ သူ့အပေါ်တွင် သားအဖနှစ်ယောက်က အတန်ငယ် ထိခိုက်ပြောဆိုခဲ့သည်များကို မခံချင်သဖြင့် အရွဲ့တိုက်လိုက်ခြင်းပင်ဖြစ်ဟန်တူ၏။

အိုရိုတို့ ခေတ်အခါက ပညာရှင်ကြီးများ အများအပြားပင် ရှိမည်မှန်သော်လည်း လက်နှိပ်ဓာတ်မီးကဲ့သို့ အသေးအဖွဲ့ပစ္စည်းကလေးများကို ထုတ်လုပ်ရန် မေ့လျော့၍ နေကောင်းနေပေမည်။ သူသည် ဓာတ်မီးကလေးကို အတန်ငယ် ချီးကျူးပြီးနောက် . . .

"ကဲ . . . သမီးက ဒီမီးရောင်နဲ့ ပြစမ်း"

အဘိုးကြီးသည် ကျွန်ုပ်အား သတ္တုပြားတစ်ချပ်ကို ပေးပြီးနောက် ကောင်းကင်သို့ညွှန်ပြကာ . . .

"ဒီဟာက 'အိုရီရွန်' (Orion) လို့ ခေါ်တဲ့ ကြယ်စုပဲ။ အဲဒီ ကြယ်စုထဲက 'ကတ်စတို' (Castor) နဲ့ 'ပိုလု' (Pollus) ကို ကြည့်ပြီး ဒီနက္ခတ်တွေရဲ့ အနေအထားကို စစ်ဆေးရတယ်"

ထို့နောက် တီးတိုးလေသံဖြင့် . . .

"ရှေးပဝေသဏီခေတ်က ကျွန်ုပ်တွက်ချက်ခဲ့တဲ့ နက္ခတ်တာရာတွေဟာ မှန်ကန်၍နေပေပြီ။ သူတို့၏ လမ်းကြောင်းအတိုင်း မသွေမဖည်သွားလျက်အချိန်တည်းဟူသော ကာလအားဖြင့်ဆိုလျှင် ၁ နာရီခန့်လောက်ပင် ကြာရှိပေမည်။ အသင်ဧည့်သည် . . . သင်၏အမည်ကို ဟမ်ဖရီလို့ ခေါ်သည် မဟုတ်လော"

"မှန်ပါသည်"

"သင်သည် နက္ခတ္တဗေဒတွင် ကျွမ်းကျင်သည်ဆိုက နှစ်ပေါင်း ၅ ထောင်မှ ၁ သောင်းအတွက် အမှားအယွင်းမရှိအောင် မည်သို့ တွက်ချက်နိုင်ပါသနည်းဟု သင်က မေးပေလိမ့်မည်။ တာရာများ၏ သွားလာမှုတစ်ခုတည်းသာ တွက်ချက်ရသည်မဟုတ်၊ ထိုနက္ခတ်ကြီးနှစ်လုံး (စနေဂြိုဟ်နှင့် ကြာသာပတေးဂြိုဟ်တို့ကို ညွှန်ပြလျက်) ပူးမည့်အချိန်ကို ပထမ တွက်ချက်ရ၏။ ထိုတောက်ပနေသည့် ကြယ်ကလေးတစ်လုံး၏အနီးတွင် ဖြစ်ရမည်ဟု တွက်ချက်၍သိရ၏။ [ဤနေရာတွင် ကောင်းကင်၌ တောက်ပနေသည့် စပီကာ (Spica) ခေါ် နက္ခတ်တစ်လုံးကို ညွှန်ပြလေသည်။] ထို့ကြောင့် ယင်းကာလ

သည် ကျွန်ုပ်အိပ်ရာမှ နိုးမည့်အချိန် ဖြစ်ရမည်ဟု ဆုံးဖြတ်လိုက်၏။ ဟုတ် မဟုတ် အသင်ကြည့်လော"

သူသည် ကောင်းကင်မှ နက္ခတ်များနှင့် သူ၏ သတ္တုပြားပေါ်တွင် ပါသော ပုံများကို ကျွန်ုပ်အား နှိုင်းယှဉ်ပြပြီးနောက် သမီးဖြစ်သူ အီဗာဘက်သို့ လှည့်လျက် . . .

"ငါ၏ ပညာဉာဏ်သည် ယခုတိုင် မဆုတ်ယုတ်သေးပါကလား။ သမီးနှင့် ဖခင်တို့ အိပ်စက်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာကြီးသည် နေကို လှည့်လည်နေခဲ့သည်မှာ အကြိမ်ပေါင်း ၂ သိန်း ၅ သောင်းထက် မပို၊ လျော့လည်း မလျော့ခဲ့ချေ"

ဟု ပြောလိုက်လေသည်။

ထိုအခါ ကျွန်ုပ်မှာ အဘိုးကြီးအား ကြည်ညို လေးစားရုံမျှမက ကြောက်ရွံ့၍ပင် လာမိတော့၏။ သာမန်လူသားတစ်ယောက်နှင့်မခြားသော လူတစ်ယောက်က သူသည် နှစ်ပေါင်း ၂ သိန်း ၅ သောင်း ကြာရှိအောင် အိပ်စက်နေခဲ့သည်ဆိုခြင်းကို ရှေးပဝေသဏီခေတ်က သူကိုယ်တိုင်ရေးဆွဲထားခဲ့သည့် နက္ခတ်မြေပုံ အထောက်အထားများဖြင့် အခိုင်အမာပြ၍ပင် နေတော့၏။ ဤကဲ့သို့သော လူတစ်ယောက်အား တွေ့ရမြင်ရ ကြည့်ရသည်မှာ ကြောက်မက်ဖွယ်ပင် ကောင်းလှတော့၏။ ကျွန်ုပ်မှာ ထိုအချိန်က နက္ခတ္တဗေဒ ပညာရပ်တွင် ကျွမ်းကျင်မှုမရှိသေးသဖြင့် ကောင်းစွာ နားမလည်ခဲ့ချေ။ သို့သော် နောက်ပိုင်းတွင် ပြန်လည်စစ်ဆေးကြည့်ရှုသောအခါ အားလုံး တိကျမှန်ကန်ကြောင်း တွေ့ရ၏။

အိုရိုဆိုသူ အဘိုးကြီးနှင့် သမီး အီဗာတို့သည် နှစ်ပေါင်း ၂၅၀,၀၀၀ မျှ အိပ်စက်၍ နေခဲ့ကြသည်ဆို၏။ ဘုရား . . . ဘုရား၊ အံ့ဖွယ်သူရဲ ထူးကဲ ဆန်းကြယ်လှပေ၏တကား။

[ ၁၄ ]

# အိုရိအား ဗက်စတင်က ဆောဒကတက်ခြင်း

ကျွန်ုပ် ယခုရေးသားထားသည်များကို ဖတ်ရှုသူများက ကျွန်ုပ်၏ မှတ်တမ်းမှာ ထူးထူးဆန်းဆန်း အံ့မခန်းဖြစ်ကြောင်း ဖြစ်နိုင်စရာ အကြောင်း မရှိ။ ယုံကြည်နိုင်စရာလည်း အကြောင်းမရှိကြောင်းဖြင့် ဝေဖန်ကြပေလိမ့် မည်။ ဤသို့ဆိုက ဝေဖန်သူသာ မှားပေလိမ့်မည်။ ကျွန်ုပ်တို့ ဘဝအတွေ့အကြုံ များမှာ အလွန်ကျဉ်းမြောင်းလှသေး၍ ယင်းတို့ထက် ပိုမိုနက်ရှိုင်းသည့် ထူးထူး ဆန်းဆန်း အံ့ဘနန်းဖွယ် အကြောင်းများလည်း လောကကြီးတွင် ရှိသေး၏။ ဖြစ်ပြီးနောက် ပျက်ကြပြန်ကုန်၏။

ဤမျှအထိ ကျွန်ုပ်ရေးသားသည်များကို မယုံကြည်လျှင် ကျွန်ုပ်ရှေ့ တွင် ဆက်လက်ရေးသားမည့် အကြောင်းများကိုလည်း ယုံကြည်မည်မဟုတ် ပေ။ ကျွန်ုပ်သည် လျှော့ပေါ့၍ ရေးခြင်း၊ ထိမ်ဝှက်၍ရေးခြင်းများကို မလိုလား ပါ။ ယခုရေးသားမည့် အဖြစ်အပျက်များမှာ မည်သည့်အတွက်ဖြစ်ရသည်ဟု အဖြေကိုလည်း ကျွန်ုပ် မရှာလိုပါ။ ကျွန်ုပ်မျက်မှောက်တွင် အမှန်ဖြစ်ပျက်ခဲ့ သည်ကိုသာ ကျွန်ုပ်သိပါသည်။ သို့ဖြစ်၍ ကျွန်ုပ်မျက်စိဖြင့် မြင်ရသမျှ၊ နားဖြင့် ကြားရသမျှကိုသာ အပိုအလိုမရှိ ရေးသားခြင်းဖြစ်၏။

အိုရိသည် နက္ခတ်တာရာများကို ကျွန်ုပ်တို့အား ပြပြီးနောက် ဂူတွင်း သို့ ဝင်သွားရာ အီဗာက နောက်မှ ရုတ်တရက် မလိုက်သေးဘဲ ကျွန်ုပ်တို့အနီး သို့ ရောက်လာသောအခါ ဗက်စတင်အား . . .

"ကျွန်ုပ်တို့မှာ သင်ကြားမှတ်သားရန် အများကြီးရှိနေပါတယ် ဗက် စတင်၊ သင်၏ ဘာသာရေးတရားများနဲ့ အခြားအကြောင်းများကိုပါ ကျွန်ုပ် တို့အား သင်ကြားပြသပေးပါ၊ ကျွန်ုပ်တို့ မကြာခင် ပြန်ခဲ့ပါမည်"

ဟု တီးတိုးမှာကြားခဲ့၏။ ဇက်စတင်မှာ အံ့အားသင့်၍ သွားကာ အီဇာထွက်သွားသည်နှင့်တစ်ပြိုင်နက် . . .

"ဟော့ . . . မင်းတို့နှစ်ယောက်ထဲက ဘယ်သူက ငါဟာ ဘုန်းကြီးဖြစ်တယ်ဆိုတာ သွားပြောလိုက်သလဲ"

ကျွန်ုပ်တို့နှစ်ယောက်စလုံးက ခေါင်းခါ၍ ပြလိုက်၏။ ထိုအခါ ဇက်စတင်က သူကိုယ်တိုင်လည်း မပြောမိဘဲ အီဇာနှင့် စကားပြောခွင့်ပင် မရခဲ့ကြောင်း။ သူ၏အဝတ်အစားများမှာလည်း အလွန်ပင် ဟောင်းနွမ်းနေ၍ ဘုန်းကြီးနှင့်ပင် မတူတော့ကြောင်း။ သို့နှင့်ပင် သားအဖနှစ်ယောက်တို့က မိမိဘုန်းကြီးဖြစ်သည်ကို သိနေကြောင်း ပြောပြလျက်ရှိလေသည်။

ဇစ်ကလီက . . .

"ဟာ . . . ဒါကတော့ သူတို့မှာ သိနိုင်တဲ့နည်းလမ်းတွေ ရှိမှာပေါ့ကွ၊ ပြီးတော့ မင်းကလည်း နတ်ရုပ်ကြီးရဲ့ ခေါင်းပြတ်ကို လက်ထဲမှာပိုက်ပြီး လမ်းသလားနေသေးတယ် မဟုတ်လား"

ဇစ်ကလီ၏ စကားများကို ကြားရသောအခါ ဇက်စတင်က . . .

"ဟာ . . . ဒီလိုဆိုရင် မဖြစ်ဘူး၊ ငါချက်ချင်းသွားရှင်းမှဖြစ်မယ်"

ဟု ပြောကာ ဂူတွင်းသို့ ဝင်မည်အပြုတွင် ကျွန်ုပ်တို့က . . .

"ဒီမယ်ကွ၊ အိုရှိရဲ့ စကားကို နားမထောင်ရင် မင်း ဒုက္ခဖြစ်မှာပေါ့"

ဟု အတင်းဆွဲ၍ ထားလိုက်ကြရတော့၏။

အမှန်လည်း ဇက်စတင်သာမဟုတ် ကျွန်ုပ်တို့သုံးယောက်စလုံးပင် ကြည့်ရှု၍မကောင်းအောင် အဝတ်အစားများ စုတ်ပြတ်လျက်ရှိရာ ကျွန်ုပ်တို့လည်း ချက်ချင်းပင် ဆံပင်များကို သခြင်း၊ မုတ်ဆိတ်များကို ဖြတ်ခြင်း၊ အင်္ကျီဝတ်စုံအသစ်များကို လဲလှယ်ဝတ်ဆင်ခြင်းများကို ပြုလုပ်ကြတော့၏။ တိုင်းရင်းသားများ လာ၍ပို့ဆောင်ကြသည့် ပစ္စည်းများထဲတွင် ကျွန်ုပ်တို့၏ အပိုအဝတ်အစားများသာမက ဆံပင်များနှင့် မုတ်ဆိတ်ရိတ်ရန် ပစ္စည်းများလည်း ပါရှိ၏။ သို့ရှိစဉ် ကမ်းခြေဘက်သို့ လှေတစ်စင်း လှော်ခတ်လာသည်ကို မြင်ရသဖြင့် ကြည့်လိုက်ရာ လှေပေါ်တွင် မာရာမားလိုက်ပါလာသည်ကို တွေ့ရ၏။ သူသည် သစ်ခက်တစ်ခက်ကို ဝှေ့ရမ်းပြလျက်ရှိရာ ကျွန်ုပ်တို့ကလည်း သေနတ်များကိုင်လျက်နှင့်ပင် သူ့အား တွေ့ဆုံလေသည်။ သူသည် ကျွန်ုပ်တို့အား ပုရောဟိတ်များနှင့် ကျွန်းသားအချို့ လာရောက်တိုက်ခိုက်သည့်ကိစ္စတွင် မပါဝင်ကြောင်း။ ယခုလာခြင်းမှာ တောင်ပေါ်နတ်ကြီးအား ရှင်းလင်းပြရန်နှင့် တောင်းပန်ပေးရန် လာခြင်းဖြစ်ကြောင်း တရိုတသေ ပြောကြားလေသည်။

ထိုအခါ ကျွန်ုပ်တို့က သူ့အား အမြန်ပြန်သွားစေလိုသဖြင့် ဤကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိကြောင်း၊ မိမိတို့ကပင် သူ၏ကိုယ်စား တောင်းပန်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် နတ်ကြီး၏အမိန့်အရ ကျွန်ုပ်တို့နေထိုင်ရန် အိမ်ကလေးတစ်လုံး ဆောက်ပေးပြီးလျှင် စားရေရိက္ခာများကိုလည်း အချိန်မှန်ပေးပို့စေလိုကြောင်း ပြောပြလေသည်။

သို့နှင့် သူသည် ကျွန်ုပ်တို့ဆန္ဒအတိုင်း ဖြစ်ပါစေမည်ဟု ပြောဆိုဝန်ခံပြီးလျှင် နတ်ကြီးနှင့် တွေ့မည်စိုးသဖြင့် တစ်စုံတစ်ရာ ဆက်လက်မေးမြန်းပြောဆိုခြင်းမပြုတော့ဘဲ ချက်ချင်းပင် ထွက်ခွာသွားတော့၏။

ကျွန်ုပ်တို့ သုံးယောက်အနက် တစ်ယောက်မှာ တောင်စောင့်နတ်ကြီးဖြစ်သည်ဟု မာရာမားက ထင်သွားလေသလော မပြောတတ်ပေ။ (ကျွန်ုပ်ထင်မှတ်သည့်အတိုင်းပင် ဖြစ်ကြောင်း နောင်အခါ သူက ဝန်ခံသဖြင့် သိရ၏။) အိုရိုက အသက်ချမ်းသာပေး၍ ပြန်လွှတ်လိုက်သည့် ပုရောဟိတ်များမှာ အကြောက်လွန်နေသဖြင့် အဖြစ်အပျက်မှန်ကို ရေလည်စွာ ပြန်၍ ပြောနိုင်ကောင်းမှ ပြောနိုင်ကြပေမည်။ သို့သော် ရေအိုင်ကမ်းစပ်ရှိ ရေထဲတွင် နစ်မြုပ်နေသည့် အလောင်းကောင်များမှာ ထင်ရှားသော သက်သေခံများပင် မဟုတ်ပါလော။

မာရာမားထွက်သွားပြီးနောက် မကြာမီပင် အိုရိုနှင့် သမီးဖြစ်သူ အီဗာတို့သည် ဂူထဲမှထွက်လာ၍ ကျွန်ုပ်တို့ထံ ရောက်လာ၏။

အိုရိုက . . .

"ကျွန်ုပ်တို့သည် သင်တို့ထံမှ ပညာများကို သင်ကြားရန် လာရောက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အား သင်ကြားပေးပါလော့"

ထိုအချိန်၌ အီဗာသည် အဝတ်အစားများကို တစ်မျိုးတစ်ဖုံ လှပစွာ ဝတ်ဆင်လာရာ ယင်းတို့ကို မည်သည့်နေရာ၌ ထား၍ ဝတ်ဆင်လာသည်ကို မသိရချေ။

အိုရိုက ဤကဲ့သို့ မေးလိုက်သောအခါ အီဗာက ကြားဖြတ်၍ . . .

"နေပါဦး ဖခင်၊ ပထမ ကျွန်ုပ်မေးခွန်းတစ်ခု သူတို့ကို မေးချင်ပါတယ်။ ဒီမေးခွန်းကတော့ တခြားမဟုတ်ပါဘူး၊ သင်တို့ ဧည့်သည်များသည် ဘယ်က လာကြပါသလဲ၊ ဤနေရာသို့ ဘယ်ပုံဘယ်နည်း ရောက်ရှိ၍ လာကြပါသလဲ"

ထိုအခါ ကျွန်ုပ်က . . .

"ကျွန်ုပ်တို့ဟာ အင်္ဂလန်အမည်ရှိ တိုင်းပြည်မှ ဖြစ်ပါတယ်။ ကြီးကျယ်သော လေမုန်တိုင်းကြီးကြောင့် ကျွန်ုပ်တို့ရွက်သင်္ဘောကြီး ပျက်စီးပြီး

ဒီကိုရောက်လာရခြင်းဖြစ်ပါတယ်။ လေမုန်တိုင်းကြီး၏ဒဏ်ကြောင့် ဂူ၏အဝ ဟာ ဤကျောက်ဖျာကြီး၏အထက်သို့ ထိုးထွက်မြင့်တက်လို့ လာရတယ်လို့ ကျွန်ုပ်ထင်ပါတယ်”

ထိုအခါ အိုရိုက မိမိကိုယ်ကို မိမိပြောသကဲ့သို့ . . .

“အပေါ်သို့ ဂူဝကြီး ထိုးထွက်မြင့်တက်လာဖို့ အချိန်စေ့ရောက်၍ ဤသို့ မြင့်တက်လာရခြင်းဖြစ်သည်”

“နေပါဦး . . . အင်္ဂလန်ဆိုသည့် တိုင်းပြည်က ဘယ်မှာလဲ”

ကျွန်ုပ်တို့ သယ်ယူလာခဲ့သည့် စာအုပ်များထဲတွင် ခရီးဆောင်မြေပုံ စာအုပ်တစ်အုပ်လည်း ပါလာသဖြင့် ကျွန်ုပ်လည်း ကမ္ဘာ့မြေပုံစာရွက်ကို လှန် လှောပြီးလျှင် အင်္ဂလန်နိုင်ငံကို လက်ဖြင့် ထောက်ပြလိုက်၏။ မြေပုံစာအုပ်ကို မြင်ကြသောအခါ သားအဖနှစ်ယောက်တို့မှာ အတော်ပင် စိတ်ဝင်စားသွားဟန် တူ၍ ကျွန်ုပ်ပြသော မြေပုံစာအုပ်ကိုလည်း ကောင်းစွာသိရှိနားလည်ပြီး ဖြစ် ဟန်တူလေသည်။ ထိုမျှသာက မြေပုံတွင် ကမ္ဘာကြီးကို ခွဲခြားပြထားသည် များကိုလည်း ကောင်းစွာသိရှိနားလည်ထားဟန်တူ၏။ အိုရိုက ပို၍စိတ်ဝင် စားသည်မှာ ကုန်းမြေနှင့် ပင်လယ်ပြင်တို့၏ အကျယ်အဝန်းနှင့် အနေအထား များကို ပြထားသည့် မြေပုံပင် ဖြစ်လေသည်။

အိုရိုသည် ထိုမြေပုံကို ထောက်ပြပြီးနောက် . . .

“ဤအချက်နဲ့ ပတ်သက်၍ သင်တို့အား ပြောရန် ကိစ္စများ များစွာ ရှိနေသည်။ သို့သော် ပထမဦးစွာ သင်တို့၏စာအုပ်ထဲမှ မြေပုံများကို လေ့လာ ကြည့်ရဦးမည်။ ထို့နောက် ကျွန်ုပ်တို့တွင်ရှိသည့် စာအုပ်များထဲမှ ပုံများနှင့် တိုက်ဆိုင်ကြည့်ရဦးမည်”

ထိုအခါ ဗစ်ကလီက ကျွန်ုပ်အား အင်္ဂလိပ်ဘာသာဖြင့် . . .

“ဟော့ ဒီလိုဆိုရင် သူ့မှာလည်း မြေပုံတွေ၊ နက္ခတ်တာရာပုံတွေ ရှိ နေတာပေါ့။ ဒါတွေကို သူ ဘယ်မှာများ ထားပါလိမ့်”

ဟု တအံ့တသြ ပြောလိုက်လေသည်။

ဗက်စတင်က ဝင်၍ . . .

“ဒါကတော့ကွာ . . . သူ့အဝတ်အစားတွေနဲ့ အတူတူထားမှာပေါ့ ကွ”

အိုရိုသည် ကျွန်ုပ်တို့ပေးသော မြေပုံစာအုပ်ကို သူ၏ဝတ်ရုံကြီးထဲ သို့ ထည့်သွင်းလိုက်၏။ အီဗာက . . .

“ကောင်းပြီ . . . သင်တို့ အင်မတန်ဝေးတဲ့ အင်္ဂလန်က နေပြီး ဒီကို ဘာလို့ လာကြရတာလဲ”

အီဗာ၏အမေးကို ကျွန်ုပ်တို့ ၃ ယောက်က တစ်ယောက်တစ်မျိုးစီ အောက်ပါအတိုင်း အဖြေပေးကြလေသည်။

ကျွန်ုပ်က . . .

"တိုင်းသစ်နိုင်ငံသစ်တွေကို ရောက်ဖူးချင်လို့ပါ"

ဗစ်ကလီက . . .

"လေမုန်တိုင်းကြီးက ဒီနေရာကို ရောက်အောင် ပို့လိုက်လို့ပါ"

ဗက်စတင်က . . .

"မိစ္ဆာဒိဋ္ဌိများကို ကျွန်ုပ်၏ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းပေးဖို့ပါ"

"သင်ဘာသာတရားက ဘာကိုဆိုသလဲ"

"ဆိုတာကတော့ ဘာသာတရားရဲ့ ချမှတ်ထားတဲ့ လမ်းစဉ်အတိုင်း လိုက်မယ်ဆိုရင် ဒီလူဟာ စင်ကြယ်မြင့်မြတ်တဲ့ အထက်ကောင်းကင်ဘုံကြီးမှာ ထာဝရနေသွားရမယ်လို့ ဆိုပါတယ်"

ထိုစကားကို ကြားလိုက်ရသောအခါ အိုရိုသည် ဖျတ်ခနဲ ဖြစ်သွားကာ ဗက်စတင်အား စိုက်၍ကြည့်လိုက်၏။

အီဗာက . . .

"နေပါဦး မိစ္ဆာဒိဋ္ဌိတွေ ဆိုတာက ဘယ်သူတွေကို ခေါ်တာလဲ"

ဗစ်ကလီက ကြားဖြတ်၍ . . .

"ဗက်စတင်ရဲ့ ဘာသာရေးအယူအဆကို လက်မခံတဲ့ လူမှန်သမျှ မိစ္ဆာဒိဋ္ဌိလို့ ခေါ်ပါတယ်"

ဗက်စတင်က ဆက်လက်၍ . . .

"အသိတရားမရှိ၍လည်းကောင်း၊ စိတ်နှလုံး ခက်ထန်၍လည်းကောင်း မမှန်သောကိုးကွယ်မှုကို ဆည်းကပ်သူ မှန်သမျှ မိစ္ဆာဒိဋ္ဌိများသာ ဖြစ်ပါတယ်။ ဥပမာပြရမည်ဆိုရင် သင်နှင့် သင်၏ဖခင်တို့ဟာ မိစ္ဆာဒိဋ္ဌိများ ဖြစ်ကြပါတယ်"

ဟု ပြောင်ပြောင်ကြီး ပြောချလိုက်လေသည်။

ဗက်စတင်၏စကားများမှာ သားအဖနှစ်ယောက်တို့အား အံ့အားသင့်ကာ တုန်လှုပ်၍သွားစေ၏။

အိုရိုက . . .

"ယုံကြည်ကိုးကွယ်မှုအကြောင်းကို ကျွန်ုပ်တို့ နောင်မှ ဆွေးနွေးကြမည်။ ဤပြဿနာမှာ ယခုမှသာ မဟုတ်၊ ရှေးပဝေသဏီခေတ်မှစ၍ ပေါ်ပေါက်ခဲ့သော ပြဿနာဖြစ်သည်"

ထို့နောက် အီဇာက ဤမျှလောက်ဝေးသည့် ခရီးကြီးကို လေထဲမှ ဖြတ်၍မလာဘဲ၊ အဘယ့်ကြောင့် အလွယ်တကူ ပျက်စီးနိုင်သည့် သင်္ဘောဖြင့် လာကြသနည်းဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့ကိုယ်ကို အိပ်ပျော်အောင် ပြုလုပ်ပြီးလျှင် လေဟာပြင်ကို ဖြတ်၍ အဘယ့်ကြောင့် မလာသည့် အကြောင်းများကိုလည်းကောင်း မေးမြန်းလေသည်။ ကျွန်ုပ်က . . .

"ပထမမေးခွန်းကို ဖြေရမည်ဆိုလျှင် ဤမျှဝေးသောခရီးကို သွားနိုင်မည့် လေယာဉ်မျိုး မရှိသေးပါ"

ဇစ်ကလီက . . .

"ဒုတိယမေးခွန်းကို ကျွန်ုပ်ဖြေရမည်ဆိုလျှင် လူသားများအဖို့ ခန္ဓာကိုယ်နှင့် အတူသော်လည်းကောင်း၊ ခန္ဓာကိုယ်ကို ထားခဲ့၍သော်လည်းကောင်း လေဟာပြင်ကို ဖြတ်၍ မသွားလာနိုင်ပါ"

အီဇာက မျက်ခုံးကလေး ချီကာ ပြုံးလိုက်ရာ အိုရိုက ဆက်လက်၍

"ဤသို့ဆိုလျှင် သင်တို့၏ ကမ္ဘာသစ်ကြီးတွင် ပညာဉာဏ် တိုးတက်မှုများစွာ မရှိသေးဟု ကျွန်ုပ်ထင်သည်"

သို့ရှိစဉ် ဇက်စတင်က တစ်စုံတစ်ရာ ဝင်၍ပြောတော့မည် ပြုသဖြင့် ကျွန်ုပ်လည်း စကားမပြတ်အောင် မေးခွန်းများ ဆက်၍ မေးနေရတော့၏။

"ကျွန်ုပ်တို့အကြောင်းကို သင်တို့အား ပြောသင့်သလောက် ပြောပြီးပါပြီ၊ ထပ်၍သိလိုလျှင်လည်း ပြောရန်အသင့်ရှိပါသည်။ သို့သော် ကျွန်ုပ်တို့သိလိုသည်မှာ သင်တို့သည် မည်သူမည်ဝါဖြစ်၍ မည်သည့်အမျိုးအနွယ်မှ ဆင်းသက်လာပါသလဲ၊ မည်သည့်အတွက် ဤနေရာတွင် အချိန်ကြာမြင့်စွာ အိပ်စက်နေကြပါသလဲ"

အိုရိုသည် တစ်ခဏမျှ စဉ်းစားပြီးနောက် တည်ငြိမ်သည့်အသံဖြင့်

"ကျွန်ုပ်သည် တစ်ချိန်က ကမ္ဘာကြီးတစ်ခုနီးပါးမျှ စိုးစံခဲ့သူ ဘုရင်တစ်ဆူဖြစ်သည်။ သို့သော် မှူးမတ် ကျေးကျွန်များနှင့် လူအချို့က ဆန့်ကျင်ပုန်ကန်သဖြင့် ထိုအချိန်က ရှိနေသည့် ကမ္ဘာကြီးကို နေရာအနည်းငယ်သာ ချန်၍ ကျွန်ုပ်အတတ်ဖြင့် ဖျက်ဆီးပစ်လိုက်သည်။ ဤသို့ နေရာအနည်းငယ် ချန်ထားသည်မှာလည်း တိုင်းသစ်ပြည်သစ်များတွင် လူမျိုးများ ဆက်လက်ပြန့်ပွားစေရန်ဖြစ်သည်။ သို့ဖျက်ဆီးပြီးနောက် ကျွန်ုပ်နှင့်တကွ သမီး အီဇာကိုပါ နှစ်ပေါင်း ၂ သိန်း ၅ သောင်း အိပ်စက်စေရန် ပြုလုပ်ခဲ့သည်။ ဤသို့ ပြုလုပ်ခြင်းမှာလည်း ထိုမျှကြာသည့် နှစ်ပရိစ္ဆေဒအတွင်း အသစ်အသစ်ဖြစ်မည့် ယဉ်ကျေးမှုများ ပေါ်ထွန်းလာရန်ဖြစ်သည်။ သို့သော် သင်တို့ ယခုပြောဆိုသည့် စကားများကို ထောက်၍ ကျွန်ုပ်ထင်ခဲ့သည့်အတိုင်း မဖြစ်သေး။

လူသားများ၏ ဉာဏ်ပညာတိုးတက်မှုများမှာ နုံသေး၊ ညံ့သေး၊ မကြွယ်ဝသေးဟု ကျွန်ုပ်ထင်သည်”

ဟု ပြောလိုက်လေသည်။

ဇက်စတင်သည် အဘိုးကြီး၏စကားကို မယုံကြည်သည့်ဟန်ဖြင့်

“ကျွန်ုပ် နားမလည်၍သော်လည်းကောင်း ဖြစ်ကောင်းဖြစ်ပေမည်။ သင်သည် လူသားတစ်ယောက်သာဖြစ်သည့်အတွက် ကမ္ဘာကြီးကို ဖျက်ဆီးပစ်နိုင်လိမ့်မည် မဟုတ်ပါ။ ကမ္ဘာကြီးကို ဖန်ဆင်းသော တန်ခိုးတော်အရှင်ကသာ ပြုလုပ်နိုင်စွမ်း ရှိပါလိမ့်မည်”

ကျွန်ုပ်မှာ ဇက်စတင်၏ စကားများ လွန်၍သွားလေပြီလောဟု တွေး၍ စိုးရိမ်မိ၏။ သို့သော် အိုရိုကမူ တစ်စုံတစ်ရာ မဖြစ်သကဲ့သို့ အေးဆေးစွာဖြင့် . . .

“အို ဘုန်းကြီး၊ သင်သည် ပညာရှိစကားကို ဆို၏။ သင်ပြောသော တန်ခိုးတော်အရှင်သည် သူ၏ဆန္ဒဖြည့်စွမ်းနိုင်ရန် လက်နက်ကိရိယာ တစ်စုံတစ်ခုကို အသုံးပြုကောင်း ပြုပေမည်။ ကျွန်ုပ်သည်ကား ထိုလက်နက်ကိရိယာပင်ဖြစ်တော့၏”

“သင်သည် ကျွန်ုပ်ထင်မှတ်သည်ထက်ပင် ပို၍ အမှန်တရားကို သိနေပါသည်။ မည်သို့ဆိုစေ ကမ္ဘာကြီးကို သင် မည်ကဲ့သို့ ဖျက်ဆီးခဲ့ကြောင်း ကျွန်ုပ်သိပါရစေ”

“ဤကမ္ဘာကြီးအတွင်းရှိ အင်အားများကို ကျွန်ုပ်၏ ပညာစွမ်းအားဖြင့် အသုံးပြုပြီးလျှင် ရေကြီး လွှမ်းမိုးစေခဲ့၏။ ထို့နောက် ကမ္ဘာကြီး၏ တစ်ပိုင်းကို ရေတွင်နေစေပြီး တစ်ပိုင်းကို ရေတွင် ပေါ်စေ၏။ ထို့အတွက် ရာသီဥတုများ ပရမ်းပတာဖြစ်ကုန်၍ ကမ္ဘာဖျက်လုပ်ငန်းကို အပြီးတိုင်လုပ်ခဲ့သည်”

“မှန်ပါသည်၊ ရေကြီးလွှမ်းမိုးသည့်ကိစ္စကို ကျွန်ုပ်တို့အားလုံးသိပြီးဖြစ်ပါသည်။ သို့သော် ထိုကိစ္စတွင် သင်၏အမည်ကို ဖော်ပြထားခြင်းမရှိပါ။ အသက် ၆၀၀ ရှိသူ ‘နိုအာ’ ဆိုသူ လူတစ်ယောက်အကြောင်းကိုသာ ကျမ်းစာမှာ ဖော်ပြထားပါတယ်”

“အသက် ၆၀၀ . . . ဟုတ်ကဲ့လား၊ ဒါက ဘာကြီးသေးလဲ၊ ကျွန်ုပ်ကိုယ်တိုင် အိပ်စက်ခဲ့စဉ် အသက်တစ်ထောင်ပင် ရှိခဲ့လေပြီ”

“အသက် တစ်ထောင်ရှိတယ်ဆိုတာကတော့ ထူးခြားတယ်လို့ ဆိုရပေမဲ့၊ ကျွန်ုပ်သိထားတဲ့ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးအချို့ဟာ ၉၀၀ ကျော်အထိ နေရတယ်လို့ ဆိုပါတယ်”

ထိုအခါ ဇစ်ကလီက ကျွန်ုပ်ဘက်သို့ လှည့်၍ . . .

"သူဆိုလိုတာက လပေါင်း ၉၀၀ ဖြစ်ပါလိမ့်မယ်"

အိုရိုက ဆက်လက်၍ . . .

"သင်ပြောသည့် နိအာကိုတော့ ကျွန်ုပ် မသိ၊ ကျွန်ုပ်၏ ခေတ်နောက်ပိုင်းတွင် ပေါ်ထွန်းသူဖြစ်ပြီး တခြားတစ်နေရာ တစ်ဒေသမှ ရေလွှမ်းမိုးစေခြင်းဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ယခု ကျွန်ုပ် ဤမြေပုံများကို လေ့လာလိုသည်။ ကျွန်ုပ်မသွားမီ သင်တို့ ဘာများ မေးမြန်းလိုကြသေးလဲ"

ဗက်စတင်က . . .

"ကျွန်ုပ်မေးစရာ ရှိပါတယ်။ ရေလွှမ်းမိုးအောင် လုပ်ရန် သင့်အားတန်ခိုးတော်ရှင်က ဘာကြောင့် ခွင့်ပြုပါသလဲ"

"ကျွန်ုပ်၏ တန်ခိုးတော်အရှင်ကို မရိုသေ မလေးစား၊ သူ့အမိန့်ကိုမနာခံသည့်အတွက်ဖြစ်သည်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဒီလိုဆိုရင် နိအာလက်ထက်ကဖြစ်ရပ်နဲ့ တစ်ထပ်တည်းကျနေပါတယ်"

အိုရိုသည် ထိုင်ရာမှ ထလိုက်ပြီးနောက် . . .

"ယခုအကြိမ်၌မူ တစ်ထပ်တည်းကျမည်မဟုတ်ပေ။ မနက်ဖြန်ကျွန်ုပ်ပြန်လာမည်၊ မလာဖြစ်လျှင် ကျွန်ုပ်၏သမီး လာရောက်၍ သင်တို့နှင့်ပြောစရာရှိသည်များကို ပြောလိမ့်မည်"

အိုရိုထွက်သွားသောအခါ အီဗာလည်း နောက်မှ ခပ်ခွာခွာ လိုက်သွား၏။ သို့နှင့် ကျွန်ုပ်လည်း သူနှင့်အတူ စကားပြောရင်း ဂူဝအထိ လိုက်သွားလေသည်။

"သင့်ဖခင်အိုရိုက သူအသက်တစ်ထောင်ရှိခဲ့ပြီဆိုတာ အမှန်ပဲလားအီဗာ"

"ဟုတ်ပါတယ် . . . ဟမ်ဖရီ၊ တကယ်တော့ ဒီအသက်ထက်တောင်ကြီးကောင်းကြီးလိမ့်မယ် ထင်ပါတယ်"

"ဒီလိုဆိုရင် သင်ဟာလည်း အသက်တစ်ထောင်ရှိပြီပေါ့"

"မဟုတ်ပါဘူး၊ ကျွန်ုပ်ဟာ အများကြီးငယ်ပါတယ်၊ ဘာ့ကြောင့်ဆိုတော့ ကျွန်ုပ်အိပ်နေတဲ့အချိန်ကို ထည့်မှ မတွက်ဘဲ"

"မှန်ပါတယ်၊ သင့်ကိုကြည့်ရတာ ငယ်တဲ့ပုံပါပဲ။ သို့သော် ငယ်တယ်လို့ သင်ပြောတာက ဘယ်လိုကြောင့်ပါလဲ"

"နေပါဦး . . . ကျွန်ုပ် ယခုရောက်ရှိနေတဲ့အရွယ်မှာ သင်တို့တိုင်းပြည်က မိန်းမတွေဟာ ဘယ်အသက်လောက်ရှိပြီလဲ"

"ကျွန်ုပ်တို့ဆီက မိန်းမတွေဟာ သင်နဲ့တူတာ တစ်ယောက်မှ မရှိ

ပါဘူး အီဗာ၊ ဒါပေမဲ့ ပြောရမယ်ဆိုရင်တော့ အသက်အစိတ်က သုံးဆယ်လောက်ရှိကြပါလိမ့်မယ်”

“သြော် . . . သတိရပြီ၊ ကျွန်ုပ်၏ဖခင်က ကျွန်ုပ်အား အိပ်ပျော်သွားအောင် လုပ်လိုက်စဉ်အခါက ကျွန်ုပ်ဟာ အသက် ၂၇ နှစ်ပဲ ရှိပါသေးတယ်။ အို . . . မဟုတ်သေးဘူးလေ၊ သင့်ကို ကျွန်ုပ် မလိမ်ချင် မညာချင်ပါဘူး၊ ၂၇ နှစ်နဲ့ သုံးလရှိပြီ”

သို့ပြောပြီးနောက် အီဗာသည် ဂူကြီးအတွင်းသို့ ဝင်၍သွားလေရာ ကျွန်ုပ်လည်း လာခဲ့သည့်အတိုင်း လှည့်၍ ပြန်ခဲ့၏။ တော်မီမှာ ကျွန်ုပ်တို့နောက်သို့ တကောက်ကောက်လိုက်နေရာမှ ဂူကြီးအတွင်းသို့ အီဗာဝင်သွားသောအခါ ၎င်းသည်လည်း အီဗာ့နောက်သို့ လိုက်သွားသည်ကို ထိုအချိန်က ကျွန်ုပ် သတိမပြုလိုက်မိချေ။ အီဗာပြောသည့် စကားများကို ဗက်စတင်နှင့် ဗစ်ကလီတို့အား ကျွန်ုပ်က ပြန်ပြောသောအခါ ဗက်စတင်က . . .

“သူဟာ အသက် ၂၇ နှစ်ပဲ ရှိသေးတယ်ဆိုရင်တော့ သူ့အဖေဟာ အသက်ကြီးခါမှ မိန်းမယူတာဖြစ်ရမယ်၊ ဒါမှမဟုတ်ရင်လည်း မိန်းမရပြီး အချိန်အတော်ကြီးကြာမှ ကလေးရတာလည်း ဖြစ်နိုင်တယ်”

ဗစ်ကလီမှာ တစ်ချိန်လုံး စကားမပြောဘဲ နှုတ်ဆိတ်လျက်ရှိနေခဲ့ရာမှ သူ့ဝမ်းထဲ ရှိသမျှကို အောက်ပါအတိုင်း အန်ချလိုက်တော့၏။

“ဟော့ . . . ဒီမယ် ဗက်စတင်၊ ဒီမဟုတ်တရုတ် စကားတွေကို မင်းယုံသလားကွ၊ ငါဆိုလိုတာကတော့ကွာ၊ ဟိုလူကြွားအဘိုးကြီးက သူ့ကိုယ်သူ အသက်တစ်ထောင်ရှိပြီလို့ ပြောတာရယ်၊ ပြီးတော့ သူကပဲ ရေလွှမ်းမိုးအောင် လုပ်ပစ်လိုက်တယ်တို့၊ ဘာတို့ ပြောတာတွေရယ်၊ အဲဒီဟာတွေကို မင်းက ယုံများနေသလားကွ”

“ခုလောလောဆယ်မှာတော့ မယုံစရာ၊ သံသယရှိစရာ အကြောင်းမရှိသေးဘူး။ မင်းတစ်ခုစဉ်းစားကြည့်လေ။ ရေဒီယံဓာတ်ကို မှန်ခေါင်းထဲ ထည့်၊ အပူငွေ့ရအောင် လုပ်ပြီး ခေါင်းထဲဝင်အိပ်နိုင်တဲ့လူ၊ နောက်ပြီးတော့ အိပ်ရာက သူနိုးလာတဲ့အချိန်မှာ ရှိနေရမယ့် နက္ခတ်တာရာများရဲ့ အနေအထား မြေပုံကို ဆွဲနိုင်တဲ့လူ၊ အဲသလို ဉာဏ်ပညာရှိတဲ့ လူမျိုးဟာ ဘာမဆိုလုပ်နိုင် ရမယ်၊ ဖြစ်လည်းဖြစ်နိုင်ရမယ် မဟုတ်လား”

“ရေလွှမ်းမိုးအောင် သူလုပ်နိုင်မယ်လို့ မင်းက ဆိုချင်တာလားကွ”

“လုပ်ချင်ရင်လည်း လုပ်နိုင်မှာပဲ၊ တို့ခေတ်ကို မရောက်ခင် ဟိုလွန်ခဲ့တဲ့ ရှေးပဝေသဏီခေတ်ကို တို့များ အခုမှန်းဆလို့ ဘယ်ရနိုင်မလဲကွာ။ မင်းမှာ ခက်နေတာတစ်ခုကတော့ မင်းမဖြစ်နိုင်ဘူးလို့ ထင်တာဆိုရင် တစ်ခါတည်း

မဖြစ်နိုင်လို့ ပြောချလိုက်တာပဲ၊ ခွဲစိတ်ကုသမှု ပညာပေးတဲ့ တန်ခိုးတော်အရှင်ဟာ ရေလွှမ်းမိုးအောင်လုပ်တဲ့ အတတ်ပညာကို အဘိုးကြီးကို ပေးချင်ပေးမှာပဲ ဗစ်ကလီ"

"ဒီတော့ မင်းပြောတဲ့ အတိုင်းဆိုရင် လူသားတစ်ယောက်ဟာ အသက်တစ်ထောင်ထိအောင် နေနိုင်တယ်ဆိုတာကိုလည်း ယုံကြည်ရမယ်ပေါ့ ဟုတ်လား . . .၊ လူတစ်ယောက်ဟာ အသက်တစ်ရာ ပတ်ဝန်းကျင်ထက်ပိုပြီး မနေနိုင်ဘူးဆိုတာ တို့များ သိထားတယ်မဟုတ်လား"

"မင်းဘာမှ မသိပါဘူးကွာ . . . မင်းသိထားက တို့တစ်တွေ သိထားတဲ့ နှစ်ပေါင်းတစ်သောင်း ပတ်ဝန်းကျင်က သမိုင်းကလေးကို လေ့လာပြီး သိထားတာပဲ။ အဲဒီအချိန် တစ်လျှောက်မှာတော့ လူသားတစ်ယောက်ဟာ နှစ်ပေါင်း ၁၀၀ လောက်သာ အသက်ရှင်နေနိုင်တယ် မဟုတ်လား၊ ဒါပေမဲ့ မင်းကြည့်စမ်း၊ ကမ္ဘာကျောက်သား ကျောက်စိုင်ကြီးတွေဟာ ဘာကို ပြနေကြသလဲ . . .၊ ဒီကမ္ဘာကြီးရဲ့ သက်တမ်းဟာ နှစ်ပေါင်း သန်းပေါင်းများစွာကြာခဲ့ပြီဆိုတာ ပြနေတာပဲမဟုတ်လား။ အဲဒီတော့ ကမ္ဘာသမိုင်းတစ်လျှောက် တစ်ခုသောအချိန်မှာ လူတွေဟာ အနှစ်တစ်ထောင်အထိ အသက်ရှည်ပြီး မနေနိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ ဒီအဘိုးကြီးအိုရိုနဲ့ သူ့သမီး အီဗာဟာ အဲဒီကမ္ဘာသမိုင်းရဲ့ တစ်ချိန်သောအခါက ပေါက်ဖွားဖြစ်ပေါ်ခဲ့တဲ့ လူမျိုးတစ်မျိုးရဲ့ ကျန်ရစ်တဲ့လူနှစ်ယောက် မဟုတ်ဘူးလို့ မင်းပြောနိုင်သလား"

"ဘယ်မှာလဲ သက်သေအထောက်အထား. . .တစ်ခုမှလည်း မရှိပါကလား"

"သက်သေအထောက်အထားတွေ ဘာတွေ ငါနားမလည်ဘူး၊ သို့သော် ပလေတိုရေးတဲ့ ကျမ်းတစ်စောင်ထဲမှာ အတ္တလန်တစ် (Atlantis) ဆိုတဲ့ တိုက်ကြီးဟာ ရေအောက်နစ်မြုပ်ပြီး ပျောက်ကွယ်သွားတယ်ဆိုတဲ့အကြောင်း ဖတ်ဖူးတယ်။ တကယ်ဆိုရင်တော့ကွာ မင်းလိုချင်တဲ့ အထောက်အထားတွေဟာ သမ္မာကျမ်းစာအုပ်ထဲမှာ တစ်ပုံတခေါင်းကြီးပါ၊ မင်းကသာ ကျမ်းစာအုပ်ကို ပစ်ပယ်ထားလို့ မသိတာပါ"

"အံမယ် . . . ငါ့အကောင်က ဘယ်ဆိုးလို့တုန်း၊ အေး . . . မင်းပြောတာတွေဟာ ယုတ္တိတန်တယ်၊ စကြဝဠာကြီးဟာ အတိုင်းမသိ ကျယ်ပြန့်ကြီးမားတယ်၊ ဘာမဆိုဖြစ်နိုင်တယ်။ ဒီကမ္ဘာကလေးမှာပဲ ဖြစ်နိုင်တာပဲ။ ချိန်သီးလွဲသွားလို့ ကမောက်ကမဖြစ်သွားရင် ပြောင်းလဲမှုကြီးတွေ ဖြစ်လာနိုင်တယ်။ ဟို ရေခဲခေတ်ကြီးတုန်းက ကြည့်ပါလား။ ဒါပေမဲ့လို့ကွာ . . . ငါတော့ အိုရိုဆိုတဲ့ အဘိုးကြီးဟာ 'လူလိမ်တကောင်ဘုရင်' လို့ ငါယုံကြည်တယ်"

သူတို့နှစ်ယောက် စကားပြောနေသည်ကို ကျွန်ုပ်က ကြားဖြတ်၍

"အဲဒါ မင်းသက်သေအထောက်အထား ပြနိုင်ရမယ်ကွ၊ ငါသိသမျှ ဆိုရင်တော့ ဒီအဘိုးကြီးဟာ လက်ဖျားခါရလောက်အောင် ဉာဏ်ပညာကြီး ကျယ်တယ်၊ ဥပမိရုပ်ကလည်း ပြောစရာမရှိဘူး၊ သူ့သမီးကလည်း သူ့လောက် ချောတာလှတာ ငါတော့ တစ်သက်မမြင်ဖူးပါဘူးကွာ"

ဟု ပြောလိုက်၏။

"အေး ဒီအချက်ကိုတော့ ငါလည်း သဘောတူတယ်၊ ချောသလောက် လည်း ဉာဏ်ထက်ပုံရတယ်၊ ကိုင်း . . . ကိုင်း . . . တို့များ တစ်ရေးလောက် အိပ်ကြရအောင်၊ ဗက်စတင်က ညစာပြင်ပြီးရင် တို့ကိုနိုးကွာ"

[ ၁၅ ]

## ရေမြှအောက်ကမ္ဘာ

အိုရိုဖီးနား တိုင်းရင်းသားများမှာ သင်ခန်းစာရသွားကြပြီဖြစ်သဖြင့် ကျွန်ုပ်တို့အား နောက်ထပ် ရန်မူဝံ့ကြတော့မည် မဟုတ်ချေ။ သို့နှင့် စိတ်ချလက်ချအိပ်ကြရတော့၏။ သို့သော် ထိုနေ့ ညစာ စားချိန်အထိ တော်မီကို မတွေ့ရသဖြင့် ကျွန်ုပ်မှာ အတော်ပင် စိတ်ပူမိ၏။ ဗက်စတင်ကမူ တော်မီသည် အီဗာနောက်သို့ လိုက်သွားသည်ကို သူမြင်လိုက်မိကြောင်းဖြင့် ပြောပြလေသည်။ တော်မီသည် အီဗာနှင့်တကွ သူ၏ဖခင်ကြီးကိုလည်း အတော်ပင် ချစ်ခင်နေပြီဖြစ်၍ ဗက်စတင်ပြောသော စကားများမှာ ဖြစ်နိုင်သည်ဟု ယူဆမိ၏။ အဘိုးကြီးသည် ခွေးကလေး၏ ဦးခေါင်းအား ပွတ်သပ်နေသည်ကို မကြာခဏ ကျွန်ုပ်မြင်ဖူးသဖြင့် အဘိုးကြီးနှင့်ပတ်သက်၍ ဤအချက်တစ်ခုတည်းသာ လူသားဆန်ဆန် ပြုမူပုံမျိုး ဖြစ်လေသည်။ (ဤအချက်ကို အထက်က ကျွန်ုပ်ရေးသားဖော်ပြခဲ့သည်ဟု ထင်မိ၏။) သို့ဖြစ်၍ ကျွန်ုပ်တို့လည်း တော်မီကို နောက်ထပ် မရှာတော့ချေ။

နောက်တစ်နေ့နံနက်၌ အီဗာသည် ဂူတွင်းမှ ခပ်စောစော ထွက်၍လာရာ သူ့နောက်မှ တော်မီပါလာသည်ကို တွေ့မြင်ရ၏။ တော်မီမှာ ပြေးလိုက်လွှားလိုက်ဖြင့် မြူးမြူးကြွကြွ ဖြစ်နေရာမှ ကျွန်ုပ်တို့ထံသို့ နှုတ်ဆက်သည်ဆိုရုံမျှ နှုတ်ဆက်သည့်ဟန်ဖြင့် လာရောက်ပြီးလျှင် အီဗာ၏အနီးသို့ သွားရောက်ကာ ဝပ်လျက်ရှိ၏။ ထူးခြားသည်မှာ တော်မီ၏အမွေးအမှင်များသည် ယခင်ကကဲ့သို့ မဟုတ်ဘဲ နေရောင်အောက်တွင် အထူးပြောင်လက်တောက်ပနေခြင်းဖြစ်လေသည်။

ကျွန်ုပ်က . . .

"ဒီအကောင်ကလေးရဲ့ အမွေးအမှင်တွေဟာ ဘာဖြစ်လို့ အခုလို တောက်တောက်ပြောင်ပြောင် ဖြစ်လာတာလဲ အီဇာ"

အီဇာက ရယ်မောလျက် . . .

"ဪ . . . ဒါလား၊ တခြားကြောင့်မဟုတ်ပါဘူး။ ကျွန်ုပ်တို့မှာ ရှိတဲ့ ရေတစ်မျိုးနဲ့ သူ့ကို ချိုးပေးပြီး သုတ်သင်ပေးလို့ လှပပြီး တောက်ပြောင် လာတာပါ၊ အနံ့အသက်ကလည်း မွှေးကြိုင်နေတာပေါ့"

ကောင်ကလေးမှာ ယခင်ကနှင့်မတူဘဲ အမွေးအမှင်များ တောက် ပြောင်နေသည့်ပြင် မွှေးကြိုင်သော ရနံ့တစ်မျိုးလည်း ထွက်နေ၏။ ကျွန်ုပ်တို့ ကျွေးသော အစားအစာများကို မစားဘဲ နှာခေါင်းကိုပင်လွှဲ၍ ပစ်လိုက်၏။

ထိုအခါ အီဇာက . . .

"အခု ဘယ်စားတော့မလဲ . . . သူ့ကို အာယုဝဍ္ဎနရေ တိုက်ထား တော့ ၂ ရက်လောက် သူမစားဘဲ နေလိမ့်မယ်"

ထိုစကားကို ကြားရသောအခါ ဗစ်ကလီမှာ ဖျတ်ခနဲ ဖြစ်၍သွား သည်ကို ကျွန်ုပ်မြင်လိုက်၏။ အီဇာက ဗစ်ကလီဘက်သို့ လှည့်၍ . . .

"ဪ . . . ဗစ်ကလီ . . . ဗစ်ကလီ . . . သင်က မယုံဘဲကိုး၊ ကျွန်ုပ်တို့သားအဖ ပြောနေတာတွေဟာ အလိမ်အညာတွေလို့ သင်ထင်နေ တယ်။ ဟောဒီက ဗက်စတင်ကတော့ အားလုံးကို ယုံတယ်။ ဟမ်ဖရီကတော့ ယုံရကောင်းမလား၊ မယုံရကောင်းမလားလို့ သံသယဖြစ်နေတယ်ဆိုပါတော့"

ထိုစကားကို ကြားရသောအခါ ဗစ်ကလီမှာ အတန်ငယ် ရှက်သွား သည့်ဟန်ဖြင့် ယခု မိမိတို့ တွေ့ကြုံနေရသည့်အရာများမှာ သဘာဝနှင့် များ စွာဆန့်ကျင်လျက်ရှိကြောင်း၊ တော်မီသည်ပင် စားနေကျ အစားအစာကို မစား ဘဲရှိနေသည်ကို တွေ့ရကြောင်း စသည်ဖြင့် ယခင်က မိမိစကား လွန်သွားခဲ့ သည်များကို ဖာထေးသည့်သဘောဖြင့် ပြောလိုက်လေသည်။

"ဟုတ်တယ် ဗစ်ကလီ၊ သင်လည်းပဲ အာယုဝဍ္ဎနရေ ကိုသောက်သုံး ပြီးရင်တော့ အစားအစာကို သိပ်ပြီး ဂရုစိုက်တော့မယ် မဟုတ်ဘူး"

ဗက်စတင်က ကြားဖြတ်၍ . . .

"ကောင်းပါလေရဲ့ ခင်ဗျာ၊ ဒီလိုကြားရတာ သိပ်ပြီး ဝမ်းသာပါတယ်၊ ကျွန်ုပ်မှာလည်း သူတို့အတွက် ချက်ရပြုတ်ရလွန်းလို့ ငြီးစော်နံနေပါပြီ"

ထိုအခါ ဗစ်ကလီက အီဇာအား . . .

"နေပါဦး၊ သင်လည်း အစားအစာ စားတာပဲမဟုတ်လား"

"စားပါတယ် . . . သို့သော် ဒီရေကို သောက်ပြီးရင် ရက်သတ္တပတ် အတော်များများ မစားဘဲ နေနိုင်ပါတယ်။ ဪ ဒါထက် ကျွန်ုပ်ဖခင်ကြီးက

သင်တို့ကို ပြောဖို့ မှာလိုက်တာတစ်ခု ရှိပါသေးတယ်။ ကျွန်ုပ်တို့နေထိုင်တဲ့ နေရာကို သင်တို့ တွေ့မြင်လိုပါသလားတဲ့၊ မတွေ့လိုဘူး ဆိုရင်တော့ လာဖို့ မလိုပါဘူးတဲ့၊ နောက်ပြီး ဘေးအန္တရာယ်ဖြစ်မှာ ကြောက်လို့ မလာချင်ဘူးဆို ရင်လည်း မလာဘဲနေနိုင်ပါတယ်လို့ မှာလိုက်ပါတယ်”

ထိုအခါ ကျွန်ုပ်တို့အားလုံးကပင် များစွာလာလိုကြောင်းဖြင့် အဖြေ ပေးလိုက်လေသည်။ သို့နှင့် အီဗာက ဆက်လက်၍ . . .

“ဒီမယ် ဗက်စတင် ကျွန်ုပ်တို့ကို တွေ့ရတဲ့ သချိုင်းဂူအခန်းကြီးထဲ မှာပဲ ကျွန်ုပ်တို့နေတယ်လို့ သင်က ထင်နေသလား၊ ဒီအခန်းကြီးက သင်တို့ ရောက်လာမည်ကို စောင့်မျှော်ရင်း ကျွန်ုပ်တို့ လဲလျောင်းအိပ်စက်နေတဲ့ အခန်း ကြီးပါ”

“ဤသို့ဆိုလျှင် သင်တို့နေတဲ့ နေရာဟာ ဂူကြီး၏ အတွင်းကျကျ ဖြစ်မည်ထင်ပါသည်။ တောင်ထိပ်မှာတော့ နေရာရှိမည်မထင်ပါ”

“သင်ပြောတာမှန်ပါသည်။ တောင်ထိပ်တွင်နေ၍ မဖြစ်သည်မှာ နှစ် ပေါင်းအတော်ကြာခဲ့ပါပြီ၊ ဘာကြောင့်ဆိုတာ နောက်တော့ ကျွန်ုပ်ပြပါမည်။ သို့သော် ကျွန်ုပ်နှင့် လိုက်မလာမီ သင်တို့ စဉ်းစားကြပါဦး၊ သင်တို့အားလုံး မည်သည့်ဘေးအန္တရာယ်မှ ကျရောက်မည် မဟုတ်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သို့သော် ထူးဆန်းသည့်အရာများကိုကား သင်တို့ မုချတွေ့ရပါလိမ့်မည်။ ဟမ် ဖရီကတော့ ဒီဟာတွေကို တွေ့ရလို့ အလွန်ဝမ်းသာပြီး စောင့်မျှော်တမ်းတနေ လိမ့်မယ်၊ (ကျွန်ုပ်ဘက်သို့ လှည့်၍) ဒီမယ် ဟမ်ဖရီ သင်ဘာကို စောင့်မျှော် နေပါသလဲ”

ဤတွင် ကျွန်ုပ်က ရဲဝံ့ပြတ်သားစွာဖြင့် . . .

“ကျွန်ုပ်တမ်းတ၍ နေသည်မှာ အခြားမဟုတ်၊ ကျွန်ုပ်ဆုံးရှုံးသွား ခဲ့ပြီး နောင်တွင် ဘယ်အခါမျှ ပြန်တွေ့ရမည် မဟုတ်သောအရာကို တမ်းတ ၍နေပါသည်”

“သင်ဆုံးရှုံးခဲ့သောအရာများ များစွာရှိသည်ကို ကျွန်ုပ်သိပါသည်။ ဥပမာဆိုသော် ယမန်နေ့ညက တော်မီကို သင်ဆုံးရှုံးခဲ့သည်။ သူ ညက ကျွန်ုပ် နှင့်အိပ်သောအခါ သူက သင်၏အကြောင်းများကို အများကြီးပြောပါသည်။ တခြားအကြောင်းအရာများကိုလည်း ပြောပါသေးသည်”

ထိုအခါ ဗက်စတင်က ကြားဖြတ်၍ . . .

“ဟာ မဟုတ်တာကြီးဘဲဗျာ၊ ခွေးက လူစကားပြောနိုင်မလားဗျ”

“ဒီလိုပါ ဗက်စတင် အားလုံးသောအရာများဟာ စကားပြောနိုင်ကြ ပါတယ်၊ သူတို့ရဲ့စကားကို နားလည်ဖို့သာ လိုပါတယ်။ (ကျွန်ုပ်ဘက်သို့

တစ်ဖန်လှည့်၍) သို့သော် ဟမ်ဖရီ သင့်စိတ်အားကိုသာ တင်းထားပါ။ သတ္တိရှိရှိနဲ့ ရှာဖွေတဲ့လူဟာ အဆုံးကျတော့ သူရှာဖွေတဲ့လူကို တွေ့ရမှာပါပဲ၊ ကိုင်းသြော့သည်တော်များ မြေအောက်ကမ္ဘာကြီးဆီကို သင်တို့ လိုက်ခဲ့ကြမလား၊ တော်မီသည်ပင် လိုက်ဖို့မကြောက်ပါ။ သို့တည်းမဟုတ် နေရောင်အောက်မှာပဲ သင်တို့နေရစ်ကြမည်လား၊ နေရောင်အောက်မှာ နေသည်က သင်တို့အတွက် သင့်လျော်မည်လို့ ထင်ပါတယ်။ မြေအောက်ကမ္ဘာကြီးဟာ ကြောက်စရာကောင်းလှပါတယ်။ စိတ်ခတ်ပျော့ညံ့တဲ့ လူစားများနဲ့ မကိုက်ဘူး"

ဗက်စတင်က စိတ်အားထက်သန်စွာဖြင့် . . .

"ကိုင်း ဒီလိုဆိုရင် ငါကတော့ ငါ့လက်နှိပ်ဓာတ်မီးကို ယူခဲ့မယ် ဟော့ . . . မင်းတို့ကလည်း မင်းတို့ မင်းတို့လက်နှိပ်ဓာတ်မီးတွေ ယူခဲ့ကြ။ မြေအောက်လိုဏ်ခန်းတွေ ဘာတွေဆိုရင် ငါသိပ်ကိုမုန်းတာ၊ ရောမမြို့ကြီးက မြေအောက်လိုဏ်ခန်းတွေက ပိုပြီးဆိုးသေးတယ်၊ နို့ပေမဲ့ အဲဒီအခန်းတွေထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့ ပစ္စည်းတွေနဲ့ အပြည့်ရှိတယ်"

သို့နှင့် ကျွန်ုပ်တို့လည်း စထွက်လာကြရာ၊ တော်မီကလေးမှာ ကျွန်ုပ်တို့ရှေ့တွင် မြူးတူးခုန်ပေါက်ကာ လိုက်ပါလာ၏။ သူ့အား ကြည့်ရသည်မှာ သူစိမ်းတစ်ယောက်အိမ်သို့ အလည်အပတ်သွားပြီးနောက်၊ မိမိအိမ်သို့ ပြန်ခဲ့သည့်အခါ ပျော်မြူးနေသကဲ့သို့ပင် ရှိတော့၏။ အီဗာသည် ရှေ့ဆုံးမှ လျှောက်သွား၍ လေယာဉ်ပျက်များအနီးသို့ ရောက်သောအခါ ဗစ်ကလီက . . .

"ဒီဟာတွေက ဘာတွေလဲ"

ဟု မေးလိုက်၏။

အီဗာက တစ်စုံတစ်ရာ ထူးထူးခြားခြား မဖြစ်သည့်ဟန်ဖြင့် . . .

"သြော် . . . ဒါတွေက တစ်ခါတုန်းက ကျွန်ုပ်တို့ ဝေဟင်ကိုဖြတ်ပြီး ခရီးသွားတဲ့အခါ စီးရတဲ့ ယာဉ်ကြီးတွေပေါ့။ နောက်တော့ ဒီယာဉ်ကြီးတွေစီးပြီး ခရီးသွားတာထက် ကောင်းတဲ့နည်းကို တွေ့ရပြန်တော့၊ ဒါတွေဟာ အသုံးမကျတော့ဘူး။ နို့ပေမဲ့ အဲဒီနည်းကို မသိတဲ့လူတွေကတော့ ဒါတွေကိုပဲ အသုံးပြုပြီး ဆက်လက်စီးနေကြတာပေါ့"

ထို့နောက် ကျွန်ုပ်တို့သည် ရပ်တုကြီးနှင့် ၎င်းအောက်ရှိ သင်္ချိုင်းဂူကြီးထဲသို့ ချောမောစွာ ရောက်ရှိ၍ လာခဲ့ကြ၏။ ဂူကြီးအတွင်းသို့ ရောက်၍ ဗက်စတင်က လက်နှိပ်ဓာတ်မီးဖြင့် ထိုးရမ်းကြည့်သောအခါ ယခင်က မှန်ခေါင်းကြီးနှစ်လုံးမှာ မူလအတိုင်းပင် ရှိနေသည်ကို တွေ့ရ၏။ သို့သော် ရေဒီယံဘူးကလေးများမှာ မရှိတော့ချေ။

ထိုအချိန်တွင်မူ အီဗာက . . .

“ကိုင်း ဇက်စတင်၊ သင့်လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်ပါတော့။ ဒီမယ် ဟမ်ဖရီ၊ သင်က သင့်ညာဘက်လက် ကျွန်ုပ်ကိုပေး၊ သင့်ဘယ်ဘက် လက်ကို ဇစ်ကလီက ကိုင်ပေစေ၊ ဇက်စတင်က ဇစ်ကလီရဲ့ နောက်က တွယ် ပြီးလိုက်၊ ဘာကိုမှ မကြောက်ကြနဲ့ . . .”

ဟု ကျွန်ုပ်တို့အား ညွှန်ကြားပြောဆိုလိုက်၏။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် သင်္ချိုင်းဂူကြီးအဆုံးသို့ ရောက်သည်အထိ မှောင်ထဲတွင် တစ်ယောက်လက်ကို တစ်ယောက် တွဲယူပြီးလျှင် လျှောက်၍ သွားကြလေရာ အဆုံးသို့ ရောက်လျှင် ရှေ့၌ ကျောက်နံရံကြီးတစ်ခု ခံနေသည် ကို တွေ့ရ၏။ ကျွန်ုပ်တို့မှာ သူညွှန်ကြားသည့်အတိုင်း လူချင်းပူးကပ်၍ သွား ကြရ၏။

အီဗာက ထပ်မံ၍ . . .

“ဘာကိုမှ မကြောက်ကြနဲ့နော် . . .”

သို့သော် နောက်တစ်စက္ကန့်အတွင်း၌ပင် ကျွန်ုပ်မှာ မည်သည့်အခါ ကမျှ မကြောက်စဖူး အကြောက်ကြီးကြောက်၍ သွားရပါတော့၏။ အကြောင်း မူကား ကျွန်ုပ်တို့မှာ အောက်သို့ အရှိန်ပြင်းစွာဖြင့် တဝိုးဝိုး ကျဆင်းလျက်ရှိ သောကြောင့်ပင်ဖြစ်၏။ မည်မျှလောက် အရှိန်ပြင်း၍ မြန်ပါသနည်းဟူမူ အမေ ရိကန်ဓာတ်လှေကား မောင်းသမားသည်ပင် မျက်နှာတွင် သွေးမရှိလောက် အောင် ကြောက်ရွံ့ဖွယ်ကောင်းသည့် အရှိန်အဟုန်မျိုး ဖြစ်သောကြောင့်ပေ တည်း။

“ဟော့ . . . ငါ့လည်ပင်း အစ်နေပြီကွ”

ဟု ဇစ်ကလီက ဇက်စတင်အား ပြောလိုက်ရာ ဇက်စတင်က . . .

“ဒီလို ရွေ့လျားစက်လှေကားမျိုးတို့၊ ဓာတ်လှေကားတို့ကို ငါစီးလို့ မရဘူးကွ၊ ဒါတွေစီးမိရင် ငါဖျားချင်သလို ဖြစ်တတ်တယ်”

ဟု ပြန်၍ ပြောသံကြားလိုက်ရ၏။

ကျွန်ုပ်ကိုယ်တိုင်မှာလည်း မအီမသာဖြစ်၍နေရာ အီဗာ၏လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားရ၍ သူကလည်း လွတ်၍နေသော သူ၏လက်တစ် ဖက်ကို ကျွန်ုပ်၏ ပခုံးပေါ်သို့ တင်လိုက်ပြီးလျှင် . . .

“မကြောက်ပါနဲ့လို့ ကျွန်ုပ်ပြောထားတယ်မဟုတ်လား”

ဟု ပြောလိုက်လေသည်။

ထိုစကားကို ကြားလိုက်ရလျှင် ကျွန်ုပ်အား ဘေးရန်ကျရောက်စေ ရန်သော်လည်းကောင်း၊ ဖျက်ဆီးပစ်ရန်သော်လည်းကောင်း၊ မည်သည့်နည်း နှင့်မျှ ပြုလုပ်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့ယုံကြည်ပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်

မှာ အတော်ပင် စိတ်သက်သာရာ ရသွားတော့၏။ တော်မီကလေးမှာလည်း ခေါင်းကလေးကို ကျွန်ုပ်၏ ခြေထောက်တွင် မှီလျက်ရှိနေရှာ၏။ သူသည် လုံးဝကြောက်ရွံ့စိတ် မရှိသကဲ့သို့ ဖြစ်နေသဖြင့် ကျွန်ုပ်မှာ သူ့အတွက် စိတ်ချရပြန်၏။ ကျွန်ုပ်တို့အထဲတွင် မကြောက်မရွံ့ ဥပေက္ခာသဘောဖြင့် လျစ်လျူရှု၍ နေနိုင်သူမှာ ဗစ်ကလီပင် ဖြစ်လေသည်။ သူကား ကျွန်ုပ်တို့ကဲ့သို့ပင် ကြောက်ရွံ့နေမည်ကား မှန်၏။ သို့သော် သေခါမှ သေစေ၊ ကြောက်စိတ်ကို မပြဟူသော သတ္တိရှိသည့် လူစားမျိုး ပါပေတည်း။

တစ်စုံတစ်ရာ ခါယမ်းတုန်လှုပ်ခြင်းမရှိ။ ခရီးလမ်းဆုံးသို့ ချောမွေ့ညင်သာစွာ ကျွန်ုပ်တို့ ရောက်ရှိသွားကြသောအခါ ဗစ်ကလီက . . .

"ဒီစက်ကြီးက လေသွင်းစက်ကြီးနဲ့တူသကွ"

ဟု ပြောလိုက်၏။ မည်၍မည်မျှ ဝေးလံစွာ အောက်သို့ ကျဆင်းလာခဲ့သည်ကိုမူ ကျွန်ုပ် လုံးဝမသိချေ။ သို့သော် လျင်မြန်သော အဟုန်ဖြင့် ကျဆင်း၍ လာခဲ့သည်ကို ထောက်လျှင် အနည်းဆုံး ပေပေါင်း လေးငါးထောင်မျှ ဆင်းသက်လာခဲ့ရလေပြီ။

ဇက်စတင်ကမူ . . .

"အခုငြိမ်သွားပြီး မလှုပ်မရှား ဖြစ်သွားပုံထောက်တော့ ဒီဓာတ်လှေကားကြီးဟာ ရပ်သွားပြီနဲ့ တူတယ်ကွ၊ ဒါပေမဲ့ ထူးဆန်းတာတစ်ခုက ဓာတ်လှေကားနဲ့ တူတာဆိုလို့ ဘာတစ်ခုမှလည်း မတွေ့ပါကလား"

ဟု ပြောလိုက်လေသည်။ ဗစ်ကလီက . . .

"ထူးဆန်းတာတစ်ခုကလည်း အရာဝတ္ထုအားလုံးကို တို့များ ကောင်းကောင်းကြီး မြင်နေရတယ်၊ မြေအောက် ပေပေါင်းထောင်ပေါင်းများစွာ ရောက်နေရပေမယ်လို့ ဘယ်ကများ အလင်းရောင် ရနေရပါလိမ့်နော်"

ဇက်စတင်က . . .

"ငါတော့ မသိဘူးကွ၊ ဒီမြေအောက်ကြီးမှာ သဘာဝဓာတ်ငွေ့များ ရှိနေသလား မဆိုနိုင်ဘူး၊ ကနေဒါပြည် 'မက်ဒီဇင်းဟက်' ဆိုတဲ့ မြို့မှာတော့ အဲသလို ဓာတ်ငွေ့မျိုး ရှိတယ်ဆိုတာ ကြားဖူးတယ်"

ဗစ်ကလီက . . .

"မင်းအဘ . . . ဘယ်ကလာ သဘာဝဓာတ်ငွေ့ရမှာလဲကွ . . .၊ ကြည့်ပါလား အလင်းရောင်က လရဲ့ အလင်းရောင်နဲ့တူတယ်၊ လရောင်ထက် ဆယ်ဆလောက် ပိုလင်းနေတာတစ်ခုပဲ"

သူတို့ပြောစကားများကား မှန်ပေ၏။ နေရာတစ်ခုလုံး အလင်းရောင်သည် ခပ်ဖျော့ဖျော့ လင်းလျက်ရှိရာ မွန်းတည့်ချိန်တွင် ထွန်းလင်းတောက်ပ

သည့် နေရောင်နှင့်တူ၏။ သို့သော် နေရောင်ကဲ့သို့ ပြင်းပြပူလောင်ခြင်းမရှိ၊ လရောင်အောက်တွင် ရှိနေသကဲ့သို့ သာယာအေးမြလှ၏။

ကျွန်ုပ်က အီဗာအား . . .

"ဒီအလင်းရောင်က ဘယ်ကလာပါသလဲ အီဗာ"

"ဪ ဒါလား၊ ဒါက ကျွန်ုပ်တို့ မည်သို့မည်ပုံ အသုံးချရမည့် အကြောင်းကို သိထားတဲ့ မြေအောက်ကမ္ဘာကြီးက အလင်းရောင်ပါပဲ။ ကမ္ဘာမြေကြီးဟာ အလင်းရောင်တွေနဲ့ အပြည့်ရှိနေတယ်၊ ကမ္ဘာကြီးရဲ့ အလယ်ဗဟိုမှာက မီးရှိတော့ ဒါဟာလည်း အံ့ဩစရာ မကောင်းလှပါဘူး၊ ကိုင်း အခုသင့်ပတ်ဝန်းကျင်ကို ကြည့်လိုက်စမ်း"

ကျွန်ုပ်လည်း သူပြောသည့်အတိုင်း ကြည့်လိုက်ရာ အလွန့်အလွန် ထူးဆန်းအံ့ဩဖွယ်ကောင်းသည့် မြင်ကွင်းကျယ်ကြီးကို တအံ့တဩ မြင်လိုက်ရ၏။ ကျွန်ုပ်တို့ကား အလွန်ကျယ်ပြန့်လှသည့် နေရာကြီးတစ်ခုတွင် ရောက်ရှိနေ၍ ခပ်ခုံးခုံးရှိနေသည့် အမိုးသဏ္ဌာန်မှာ ကောင်းကင်တမျှ ဝေးလံလှသဖြင့် မှုန်တိမှုန်မွှားသာ မြင်ရ၏။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ အထက်က ဖော်ပြခဲ့သည့် ကြည်လင်အေးမြနူးနယ်လှသော အလင်းရောင်ဖြင့် ပက်ဖျန်းလျက်ရှိရာ မိုင်ပေါင်းများစွာ ကျယ်ပြန့်လိမ့်မည်ဟု ထင်ရပြီးလျှင် ထိုနေရာကြီးမှာ အလွန်ကြီးမားလှသည့် မြို့ကြီးတစ်မြို့ပင် ဖြစ်တော့၏။ လန်ဒန်မြို့ရှိ 'ပစ်ကာဒီလီ' လမ်းထက်၊ ကျယ်ပြန့်သောလမ်းကြီးများ ရှိပြီးလျှင် ၎င်းတို့ နံဘေးတစ်လျှောက်တွင် အိမ်များကို မြင်ရ၏။ အိမ်များမှာ အိမ်ကြီးအိမ်ကောင်းများ ဖြစ်သော်လည်း အမိုးဟူ၍မရှိဘဲ အချို့မှာ အုတ်ကျောက်များဖြင့် တည်ဆောက်ထား၏။ ခပ်လှမ်းလှမ်းဆီ၌ကား ဈေးကွက်နေရာတစ်ခုရှိ၍ ထိုမှလွန်သော် ဧကတစ်ရာ၊ နှစ်ရာခန့်မျှ ကျယ်ဝန်းသည့် ဝင်းကြီးတစ်ခုကို မြင်ရပြီးလျှင် ထိုဝင်းကြီးအတွင်း၌ကား ကြီးမားသော အဆောက်အဦကြီးများ ရှိလေသည်။ ၎င်းတို့မှာ နန်းတော်ကြီးများပမာ ခံ့ညားထည်ဝါလျက် ၎င်းတို့၏ အလယ်၌ကား ကြီးမားသော ဝတ်ကျောင်းတော်ကြီးတစ်ခုရှိလေသည်။ ဝတ်ကျောင်းကြီး၏ အလယ်ဗဟိုတွင် အမိုးခုံးကြီးတစ်ခုကို တွေ့မြင်ရ၏။ အဆောက်အဦကြီးမှာ အမိုးတပ်စရာ မလိုသော်လည်း ကျွန်ုပ်တို့၏ မြေပေါ်ကမ္ဘာထုံးစံကို လိုက်၍ အမိုးများ တပ်ဆင်ထားသည်ကို မြင်ရလေသည်။

ကျွန်ုပ်တို့ကား ကမ္ဘာမြေကြီး အလယ်ဗဟိုသို့ အရှိန်ပြင်းစွာဖြင့် ဆင်းခဲ့ရသည်ထက်ပင် ပို၍ကြောက်မက်ဖွယ်ကောင်းသော အစိတ်အပိုင်းသို့ ယခုရောက်လာခဲ့ကြချေပြီ။ မြို့ကြီးတစ်မြို့လုံးမှာ လူသူမရှိ တိတ်ဆိတ်၍ နေပြီးလျှင် မြို့ 'သေ' ကြီးတစ်မြို့ ဖြစ်၍နေတော့၏။ အကယ်၍ ဤမြို့ကြီးသာ

လကမ္ဘာပေါ်၌ တည်ရှိစေကာမူ ယခုထက်ပို၍ ဆိတ်သုဉ်းနိုင်မည်မဟုတ်ပေ။ လမ်းများပေါ်တွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မမြင်ရ။ မည်သည့်လူသား၊ မည်သည့်သက်ရှိသတ္တဝါ၊ မည်သည့်လှုပ်ရှားမှုကိုမျှ မမြင်ရ။ အိမ်များပေါ်၌လည်းကောင်း၊ ဈေးကွက်၌လည်းကောင်း၊ ဝတ်ကျောင်းကြီး၌လည်းကောင်း၊ လမ်းများပေါ်၌လည်းကောင်း လူသူလေးပါးဟူ၍ အရိပ်အယောင်မျှပင် မတွေ့မမြင်ရချေ။ တစ်ချိန်က ဤမြေအောက်မြို့ကြီးမှာ လူသူလေးပါး သက်ရှိသတ္တဝါများဖြင့် စည်ကား၍ နေပေလိမ့်မည်။ သို့သော် ယခုမူ လူသူမရှိ၊ ပကတိခြောက်သွေ့ဆိတ်သုဉ်းနေသည့် မြို့ကြီးပင် ဖြစ်နေတော့၏။ မည်သို့ ဆိုစေ မြို့ကြီးမှာ သက်ရှိဟူ၍ မရှိစေကာမူ အဆောက်အဦတို့မှာ ယခင်က အတိုင်း တည်လျက်ရှိနေ၏။

အထက်ပါရှုမြင်ခင်းကို တအံ့တသြကြည့်ရှုရင်း စဉ်းစားလျက်ရှိစဉ် ဗက်စတင်က . . .

“ငါ့အဖို့ကတော့ မြေအောက်နေရာတွေကို တယ်ပြီး စိတ်ဝင်စားလှတယ် မဟုတ်ပါဘူးကွာ။ ဒါပေမဲ့လို့ စိတ်မကောင်းစရာတစ်ခုကတော့ အခုလောက် ခမ်းနားတဲ့ အိမ်ခြေအဆောက်အဦတွေမှာ နေမယ့်လူမရှိ ဗလာဟင်းလင်းနဲ့ အသုံးမဝင်ဖြစ်နေတဲ့အချက်ပဲ။ ကေန္ဒတော့ ဒီကလူတွေဟာ လေကောင်းလေသန့်ရမယ့်နေရာကို ရှာရအောင် ထွက်သွားကုန်ကြပြီနဲ့ တူပါရဲ့”

ဟု ပြောလိုက်ရာ သူ၏အသံသြကြီးမှာ ဆိတ်ငြိမ်သည့်နေရာတွင် ပဲ့တင်ထပ်၍ သွားတော့၏။

ကျွန်ုပ်က . . .

“နေပါဦး အီဗာ . . . လူတွေဟာ ဒီမြို့ကြီးက ဘာဖြစ်လို့ ထွက်သွားကြတာလဲ”

အီဗာက . . .

“ဘာ့ကြောင့်ဆို အားလုံး သေကုန်ကြလို့ပေါ့၊ အသက်တစ်ထောင်နေရတဲ့ လူတွေတောင်မှ တစ်နေ့ကျရင် သေကြရတာပဲ။ နောက်ပြီး သူတို့မှာ ကလေးသားမြေးတွေ ပေါက်ပွားတယ်လို့မှ မရှိဘဲ။ ဒီတော့ အမျိုးလည်း တုံးသွားရတာပေါ့”

“ဒီလိုဆိုရင် သင်တို့သားအဖနှစ်ယောက်ဟာလည်း အဲဒီလူမျိုးရဲ့ နောက်ဆုံးကျန်ရစ်ခဲ့တဲ့ လူနှစ်ယောက်ပဲပေါ့”

“ဒါကိုတော့ ကျွန်ုပ်ရဲ့ ဖခင်ကြီးကို သင် မေးကြည့်ပါ ဟမ်ဖရီ”

ထို့နောက် အီဗာသည် ကျွန်ုပ်တို့အား ဝင်းကြီးတစ်ခု၏အတွင်းသို့ ခေါ်ဆောင်သွားလေသည်။ ဝင်းကြီး၏အတွင်း၌ကား ကျောက်ဖြူဖြင့် ထုလုပ်

ထားသည့် မိန်းမရုပ်တုတစ်ခုရှိရာ ယင်းရုပ်တုကို အနက်ရောင် ကျောက်သား ဂူကလေးတွင် ထည့်သွင်းထား၏။ ရုပ်တု၏မျက်နှာမှာ ခက်ထန်မာကြော သည့်အသွင် ဆောင်ပြီးလျှင် ကိုယ်ကို အဝတ်ဖြင့် လွှမ်းခြုံထား၏။ မျက်လုံး များမှာ အထက်သို့ မော့ကြည့်လျက် လက်နှစ်ဖက်ကို ဆန့်တန်းကာ လက်ယာ ဘက်ဘက်တွင် အမည်းရောင်ကျောက်ခွက်တစ်ခုကို ကိုင်ထားလေသည်။ ဘယ်ဘက်လက်၌မူ အဖြူရောင်ကျောက်ခွက်ကို ကိုင်ထား၏။ ထိုခွက်နှစ်ခုမှ ရေများအောက်သို့ ယိုစီးလျက်ရှိနေ၏။ ထိုနှစ်ခုမှ ရေများသည် အောက်ဘက် ၃ ပေခန့်တွင်ရှိသော သတ္တုဇလုံကြီးတစ်ခုအတွင်းသို့ ပေါင်းဆုံစီးဝင်လျက် ရှိ၏။ ထိုသတ္တုဇလုံခွက်မှာ ထုအားဖြင့် တစ်ပေခန့်ထူသော်လည်း အစဉ်တစိုက် စီးကျလာသည့် ရေလုံးများဒဏ်ကြောင့် ဟက်တက်ကွဲလျက်ရှိနေ၏။ ထိုဇလုံ ခွက်မှ ရေများသည် ခွက်အောက်ရှိ ရေပိုက်ထဲသို့ တစ်ဖန် စီးဝင်ပြန်ရာ တော်မီ ကလေးသည် ထိုသတ္တုဇလုံရှိရာသို့ ခုန်ပေါက်ပြေးသွားပြီးနောက် ရေများကို အငမ်းမရ သောက်၍နေတော့၏။

ကျွန်ုပ်က အီဗာအား . . .

“အာယုဝဍ္ဎန ရေဆိုတာများလား”

ဟု မေးလိုက်၏။ အီဗာသည် ကျွန်ုပ်အား ခေါင်းညိတ်ပြလိုက်ပြီး နောက် . . .

“ဒီရုပ်တုက ဘာရုပ်တုလဲ၊ ဘာသဘောကို ဆောင်နေတယ် ထင် သလဲ”

ပထမတွင် ကျွန်ုပ်မှာ အဖြေမပေးနိုင်သေးဘဲ ခပ်ဆိုင်းဆိုင်းဖြစ်နေ ရာ နောက်တွင်မှ ရုတ်တရက် သတိရသကဲ့သို့ ဖြစ်လာ၍ သူ၏မေးခွန်းကို အဖြေပေးလိုက်နိုင်တော့၏။ ထိုအဖြေမှာ ကျွန်ုပ်၏ ပင်ကိုဉာဏ်အသိစိတ် ဖြင့် ပေးရခြင်းဖြစ်ဟန်မတူဘဲ သူ၏ကိုယ်တွင်း စိတ်ဓာတ်တန်ခိုးအင်အား ဖြင့် ဆက်သွယ်ပေးလိုက်၍သာရသည့် အဖြေဖြစ်သည်ဟု ထင်မိ၏။

“ဟာ အဖြေကတော့ လွယ်ပါတယ်”

ဟု ကျွန်ုပ်က ကောင်းစွာသိသည့် ဟန်မျိုးဖြင့် ပြောလိုက်ပြီးနောက် ဆက်လက်၍ . . .

“ဒီရုပ်တုဟာ အသက်(ဇီဝ)ကို သရုပ်ဆောင်တဲ့ ရုပ်တု၊ အဝတ်နဲ့ ဖုံးအုပ်ထားတာကတော့ ကျွန်ုပ်တို့ဟာ အသက်ဇီဝ၏ မျက်နှာကိုပဲ ကြည့်လို့ မြင်ရတဲ့သဘော၊ ကျန်တာတွေကို ကျွန်ုပ် မမြင်နိုင်ဘူး၊ ဖုံးကွယ်ထားတယ်။ လက်တွေမှာ အဝတ်ဖုံးမထားတာကတော့ အသက်ဇီဝဟူသည် တကယ်ထင် ရှားစွာ ရှိပြီး သက်ဝင်လှုပ်ရှားမှုရှိတဲ့သဘော။ ရေခွက်တစ်ခုက အမည်း၊ တစ်ခု

က အဖြူကို ကိုင်ထားတာကတော့ အသက်ဇီဝဟူသည် ကောင်းကျိုးရော၊ ဆိုးကျိုးပါ ပေးနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်။ အဲဒီအတွက် အပေါ်က ရေစီး ကြောင်းနှစ်ခုဟာ ပေါင်းဆုံရတယ်၊ ပြီးတော့ သေခြင်းတည်းဟူသော အမှောင် တိုက်ထဲ ဝင်ပြီး ပျောက်ကွယ်သွားရတယ်။ ရုပ်တုရဲ့ အသွင်မူယာဟာ ချော မွေ့ရမယ့်အစား ခက်ထန်မာကြောနေတယ်။ ဒါကတော့ အသက်ဇီဝရဲ့သဘော ဆိုသည်မှာ ဒီအတိုင်းပဲ မဟုတ်လား။ မျက်လုံးတွေက အထက်ကို မော့ကြည့် နေတဲ့ သဘောကတော့ တကယ့်အသက်ဇီဝဟူသည် ဒီကမ္ဘာလောကမှာ မရှိ ဘူးဆိုတဲ့ သဘောပဲ”

ဤကဲ့သို့ ကျွန်ုပ်က သူ၏မေးခွန်းကို ဖြေကြားလိုက်သောအခါ၊ အီဗာသည် ကျွန်ုပ်အား ထုတ်ဖော်ချီးကျူးသည့်ဟန်ဖြင့် . . .

“သင်ဟာ တကယ်တော်တဲ့ လူတစ်ယောက်ပဲလို့ သိရပါပြီ ဟမ် ဖရီ။ အဖြေမှန်ကို သင်ဘယ်ကရသလဲ ဆိုတာကိုတော့ ကျွန်ုပ်မသိ၊ သို့သော် ရုပ်တုနှင့်တကွ ရေခွက်များ၏ သဘောသကန်ကတော့ သင်ပြောတဲ့ အတိုင်း ပါပဲ။ ဒီအဖြေကို ကျွန်ုပ် ကိုယ်တိုင်က ပေးရင်တောင် သင့်လောက် ကောင်း မွန်ပြေပြစ်ပြီး မှန်ကန်အောင် ပြောနိုင်မယ်မထင်ဘူး”

ဟု ပြောကာ ကျွန်ုပ်အား လှပသောမျက်လုံးကြီးများဖြင့် တစ်ချက် ဖူ့ယမ်းကြည့်လိုက်လေသည်။

ထို့နောက် ဆက်လက်၍ . . .

“ကိုင်း . . . ဧည့်သည်တော်များ ဒီရေကို သောက်ကြမည်လား။ တစ်ချိန်တုန်းက ဆိုရင် ဒီရေကို သာမန်လူတွေ မသောက်သုံးရဘူး၊ အစောင့် အကြပ်တွေ အတော်များများ ချထားတယ်။ အင်မတန် အထက်တန်းကျတဲ့ ပုဂ္ဂိုလ်ကြီးတွေတောင် အဖိုးအခ အမြောက်အမြား ပေးလို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ဆုလာဘ်အတွက်ရတဲ့အခါမှာဖြစ်ဖြစ် အဲဒီအခါကျမှ သောက်ကြရတယ်။ ဒီရေ ကြောင့်လည်းပဲ နောက်ဆုံးအကြိမ်ဖြစ်တဲ့ စစ်ပွဲကြီး ဖြစ်ပွားခဲ့ရတယ်။ ဟိုအချိန် ဟိုအခါက တည်ရှိခဲ့တဲ့ ကမ္ဘာကြီးတစ်ခုလုံးဟာ ဒီရေကို အလိုရှိခဲ့ကြတယ်။ အခုဆိုရင်တော့ ကြည့်စမ်း ခွေးကလေးတစ်ကောင်ကတောင် အဆီးအတား မရှိ ဝင်ပြီး သောက်နေပြီကော”

ဟု ကျွန်ုပ်တို့အားလုံးဘက်သို့ လှည့်၍ပြောလိုက်လေသည်။

ထိုအခါ ဗစ်ကလီက . . .

“ဒီမယ်ခင်ဗျာ၊ ဒီရေရဲ့တန်ခိုးက ဘယ်လိုလဲ၊ တစ်ဆိတ် သိပါရစေ ခင်ဗျာ”

ဟု မေးလိုက်၏။

"ဒီရေဟာ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းတို့နဲ့ ပြည့်စုံတဲ့ရေပဲ။ သူ့ကို ရက်ပေါင်း ၃၀ မှာ တစ်ကြိမ်ကျ မှန်မှန်သောက်ပေးရင် ရောဂါဘယ မကပ်ရောက်နိုင်ဘူး၊ ဆာလောင်မွတ်သိပ်ခြင်း နည်းပါးစေတယ်။ သေခြင်း တရားကို နှစ်ပေါင်းများစွာ ရွှေ့ဆိုင်းလို့ ထားနိုင်တယ်။ ဒါကြောင့်လည်း တခြားတိုင်းပြည်က လူတွေဟာ ဒီရေကို အလိုရှိကြတဲ့အတွက် စစ်ကြီးဖြစ် ရတယ်။ ဒီရေဟာ သောက်လို့ အန္တရာယ်မဖြစ်ပါဘူး။ ကိုင်း ဟုတ်မဟုတ် သိရအောင် ကျွန်ုပ်ကပဲ ပထမသောက်ပြပါ့မယ်"

အီဗာသည် သတ္တုခွက်ကလေးတစ်ခုကို ဇလုံခွက်ကြီးထဲမှ ကောက် ယူလိုက်ပြီးလျှင် အပေါ်မှ ယိုစီးကျဆင်းနေသည့် ရေများကို ခံယူကာ ကျွန်ုပ် တို့အား ဦးညွှတ်ပြပြီးနောက် ရေကို သောက်လိုက်လေသည်။ သို့ရှိစဉ် သူ၏ မျက်လုံးအစုံမှာ ကျွန်ုပ်တစ်ယောက်တည်းကိုသာ စိုက်ကြည့်နေသဖြင့် သူ သောက်ပြနေသည်မှာ အခြားသူများအတွက်မဟုတ်ဘဲ ကျွန်ုပ်တစ်ဦးတည်း အတွက်သာ သောက်ပြနေသကဲ့သို့ ရှိတော့၏။ ကျွန်ုပ်မှာ ပီတိဖြာပြီးလျှင် ဝမ်းသာအားရဖြစ်ကာ ထူပူဖိန်းရှိန်း၍ နေမိ၏။ သူသောက်၍ပြီးသောအခါ အီဗာသည် ရေကိုဖြည့်ပြီးလျှင် ကျွန်ုပ်အား ကမ်း၍ပေးလိုက်၏။

ကျွန်ုပ်သည် သူ့အား ဦးညွှတ်ပြလိုက်ပြီးနောက် တစ်ခါတည်း သောက်ချလိုက်ရာ သောက်လိုက်ရသောအရည်မှာ ရေသာ ဖြစ်သော်လည်း ရှန်ပိန်ပြင်းပြင်းကို သောက်လိုက်ရသကဲ့သို့ ရှိတော့၏။ ရှိရုံမျှသာမက ကျွန်ုပ် ကိုယ်တွင်းရှိ အကြောအချဉ်များထဲသို့ အမျိုးအမည် မသိနိုင်သော ဓာတ်တစ်ခု လျှောက်ဝင်သွားသကဲ့သို့ ဖြစ်သွားလေသည်။ ထိုဓာတ်၏ စွမ်းအင်ကြောင့် ပေလောမသိ၊ ကျွန်ုပ်၏စိတ်ကို ယခင်က ရှုပ်ထွေးနေစေခဲ့သည့် ပြဿနာများ ကို နားလည်စပြုလာပြီးနောက် အဖြေကို ရသကဲ့သို့ ဖြစ်သွားတော့၏။ သို့ သော် တစ်ခဏမျှသာဖြစ်၍ ရုတ်ခြည်းလိုပင် ပျောက်ကွယ်သွားတော့၏။ ထို မျှသာမက ကျွန်ုပ်၏ အနီးတွင် မတ်တတ်ရပ်လျက်ရှိသည့် အီဗာ၏ နှလုံး သားတံခါးမှာလည်း ပွင့်၍သွားသည်ဟု ကျွန်ုပ်ထင်မှတ်ခံစားလိုက်ရသကဲ့သို့ ဖြစ်သွားမိသေး၏။ ဤမျှနှင့်ပင် မတန်သေး။ ကျွန်ုပ်၏ နှလုံးသားမှာလည်း သူ့ဆီသို့ ပွင့်ထွက်သွားသည်ဟုပင် အောက်မေ့လိုက်မိ၏။ ထိုအဖြစ်များကို သူသည် နားလည်သိရှိသွားသကဲ့သို့ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက် သည်ကို ကျွန်ုပ်ကြားလိုက်ရ၏။

ကျွန်ုပ်၏ကိုယ်တွင်းသို့ အထက်ပါစိတ်ဓာတ်များ ဝင်လာပြီးနောက် ပျောက်ကွယ်သွားခြင်းမှာ စက္ကန့်ပိုင်းမျှသာ ဖြစ်၍၊ အားအင်များ ပြည့်ဖြိုးလာ ရုံမျှမက ကျွန်ုပ်၏ စိတ်မှာလည်း အထူးပျော်ရွှင်လျက်ရှိနေ၏။ ကျွန်ုပ်က

နောက်ထပ်တစ်ခွက် တောင်းသည်ကို အီဗာသည် ခေါင်းခါလိုက်ပြီးနောက် ကျွန်ုပ်၏ လက်ထဲမှ ရေခွက်ကို ယူပြီးလျှင် ဗစ်ကလီအား တစ်ခွက်ခပ်၍ ပေးလိုက်လေသည်။

ရေကိုသောက်ပြီးနောက် ဗစ်ကလီက . . .

"ထူးဆန်းတယ်ကွ၊ လူနာတစ်ယောက်ကို ခွဲတဲ့နေရာမှာ ဘယ်သူ့အကူအညီမှ မယူဘဲ တစ်ယောက်တည်းလုပ်နိုင်ပြီ"

ဟု ပြောလိုက်လေသည်။

ဇက်စတင်၏အလှည့်သို့ ရောက်သောအခါ သူသည် ရေကိုသောက်ပြီးနောက် သီချင်းတစ်ပုဒ်ကို အသံကြောင်ကြီးဖြင့် သီဆိုလျက်ရှိနေ၏။ ထို့နောက် ကျွန်ုပ်တို့ဘက်သို့လှည့်၍ . . .

"ငါဒီမှာနေတဲ့ အချိန်အတွင်း သေရည်သေရက်ကို လုံးဝမသောက်ပါဘူးလို့ စိတ်ကို ပိုင်းဖြတ်ထားတာ အခုတော့ ငါ့အမိဋ္ဌာန် ပျက်ရပြီကွာ"

ဟု ညည်းလိုက်၏။ အီဗာက . . .

"ကိုင်း လာကြပါလေ၊ ကျွန်ုပ်ဖခင်ကြီးက သင်တို့ကို မျှော်နေပါတယ်"

သို့နှင့် ကျွန်ုပ်တို့လည်း တဖြည်းဖြည်း လျှောက်လာကြရာ နောက်ဆုံးတွင် ကြီးမားခံ့ထည်သည့် ပန်းပုလက်ရာ မြောက်မြားစွာဖြင့် မွမ်းမံထုလုပ်ထားသည့် ဆင်ဝင်ကြီးတစ်ခုအောက်သို့ ရောက်လာကြလေသည်။

"ဒါက ဘုရင်ကြီးရဲ့ နန်းတော်ပဲ ဟမ်ဖရီ"

"ဟုတ်လား . . . ဆန်းကြယ်ပါပေတယ်"

ဆင်ဝင်၏နောက်တွင် ခန်းမဆောင်ကြီးရှိ၍ အဆောက်အဦကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်ကာ ထီးထီးကြီး တည်ရှိလျက်ရှိနေ၏။ အဝေးဘက်အစွန်တွင် အကာအရံရှိသည့် စင်မြင့်တစ်ခုရှိ၍ ရှေ့တွင် ပလ္လင်တစ်ခုရှိ၏။ ပလ္လင်မှာ အောက်မှ မြွေရုပ်ကြီးများ ခံပြီးလျှင် မြွေ၏ အမြီးပိုင်းသည် ပလ္လင်၏ နောက်မှီးသဖွယ်ဖြစ်ကာ ခေါင်းပိုင်းမှာ လက်ရမ်းနှစ်ဖက်သဖွယ် ဖြစ်နေ၏။

ပလ္လင်ကြီးပေါ်၌ကား အိုရှိသည် ထူးထွေခံ့ညားသည့် ဝတ်ရုံကြီးကို ဝတ်ဆင်ကာ ဣန္ဒြေကြီးစွာဖြင့် ထိုင်လျက် ဦးခေါင်းတွင် ကျောက်မျက်ရတနာများ စီခြယ်ထားသည့်ဦးထုပ်ကို ဆောင်းထားပြီးလျှင် မုတ်ဆိတ်ဖြူကြီးမှာလည်း ဝတ်ရုံပေါ်တွင် ဖားလျားကျလျက်ရှိနေ၏။ ရှေ့တွင် စားပွဲတစ်လုံးရှိ၍ စားပွဲပေါ်တွင် ဖန်လုံးကြီးတစ်လုံးနှင့် မြေပုံများ ဆွဲထားသည့် သတ္တုချပ်ကလေးများ ရှိနေ၏။ ကြီးရင့်သော ဣန္ဒြေကိုဆောင်ကာ ပလ္လင်ထက်တွင်

ပကတိ နတ်ကြီးတစ်ပါး စံပယ်သကဲ့သို့ ရှိနေ၏။ ကျွန်ုပ်မှာ သူ့ကိုမြင်လျှင် မြင်ခြင်း ကြောက်စိတ်များဖြစ်ပေါ်လာ၍ လူသားမဟုတ်သည့် ပုဂ္ဂိုလ်ကြီး တစ်ဦးရှေ့သို့ ရောက်၍ပင်နေလေပြီလောဟု အောက်မေ့မိ၏။

အခြားသူများမှာလည်း ဤနည်းအတိုင်းပင် ဖြစ်မည်ဟု ထင်မိ၏။ သို့နှင့် ကျွန်ုပ်လည်း မိမိစိတ်ကိုမိမိအားတင်းကာ ဗစ်ကလီအား လှမ်း၍ကြည့် လိုက်မိ၏။ ဗက်စတင်ကမူ အာယုဝဍ္ဍနရေ၏ တန်ခိုး ပျက်ပြယ်သွားပြီဖြစ်၍

"အင်း . . . ခန်းမဆောင်ကြီးကတော့ ကြောက်စရာကောင်းလိုက် တာကွာ၊ ငရဲပြည်လားမှ မသိဘဲ"

ဟု မကွဲမပြား ရေရွတ်လိုက်လေသည်။

တော်မီသည် မြူးတူးခုန်ပေါက်ရင်း ရှေ့သို့ ပြေးသွားပြီးနောက် စင် မြင့်ပေါ်သို့ ခုန်တက်ကာ အိုရို၏ခြေရင်းတွင် အမြီးကုတ်သား ဝပ်၍နေလေတော့ ၏။

အိုရိုသည် အောင်မြင်သော အသံကြီးဖြင့် . . .

"သင်တို့အား ကျွန်ုပ် နှုတ်ခွန်းဆက်သပါသည်"

ဟု ပြောပြီးနောက် အီဗာအား . . .

"သမီး ဧည့်သည်တော်များအား ကျွန်ုပ်ထံသို့ ခေါ်ဆောင်ခဲ့လော့၊ ကျွန်ုပ် သူတို့နှင့် စကားပြောရန် ရှိသည်"

ဟု လှမ်း၍ ပြောလိုက်လေသည်။

[ ၁၆ ]

# နန်းတော်တွင်းမှ အိုရှီ

ကျွန်ုပ်တို့သည် စင်မြင့်ပေါ်သို့ ကျောက်လှေကားထစ်များဖြင့် တက်ကြရ၏။ စင်မြင့်ပေါ်၌ကား အိုရှီ၏ ပလ္လင်ပုံစံအတိုင်း ကုလားထိုင်များရှိရာ အောက်မှ စပရင်များ တပ်ထားသဖြင့် ထိုင်ရသည်မှာ ဖိမ်ရှိလှတော့၏။ စင်မြင့်ပေါ်သို့ တက်စဉ် ဗက်စတင်က . . .

"ဒါလောက် ကြီးကျယ်တဲ့ နေရာကြီးမှာ ဒီလို သန့်ပြန့်ပြီးနေတာ အစေခံတွေ အများကြီးလိုမှာပဲကွ၊ ဒါပေမဲ့ တစ်ယောက်မှလည်း မတွေ့ရ ဘူး၊ ဒီနေရာမှာ ဖုန်မှုန့်တွေ မရှိဘူးနဲ့ တူတယ်"

ဟု ပြောလိုက်သေး၏။ အဘိုးကြီး ညွှန်ပြသည့်အတိုင်း အီဗာနှင့် ကျွန်ုပ်က လက်ယာဘက်မှလည်းကောင်း၊ ဗက်စတင်နှင့် ဗစ်ကလီတို့က လက်ဝဲဘက်မှလည်းကောင်း နေရာယူ၍ ထိုင်ကြရ၏။

"ဒီမြို့ကြီးနဲ့ပတ်သက်ပြီး သင်ရဲ့ ထင်မြင်ချက်ကို ပြောစမ်းပါဦး"

အိုရှီသည် ကျွန်ုပ်ကို ကြည့်၍ မေးလိုက်သဖြင့် ကျွန်ုပ်က . . .

"ကျွန်ုပ်တို့ မသိပါ၊ အံ့သြဖွယ်ချည်းပင် ဖြစ်ပါတော့တယ်၊ ကျွန်ုပ်တို့ဆီမှာ ဒီလိုကြီးကျယ်တဲ့ မြို့ကြီးမျိုး မရှိပါ။ ကျွန်ုပ်တို့ သိလိုသည်မှာ ဒီမြို့ကြီးကို တည်ဆောက်တဲ့ လူတွေဟာ ကမ္ဘာမြေပြင်ပေါ်မှာ မတည်ဘဲ၊ ဘာဖြစ်လို့ မြေအောက်မှာ တည်တယ်ဆိုတာ သိချင်ပါတယ်"

"ဒီလိုပါလေ . . . ဒီမြို့ကြီး တည်တာကတော့ သူတို့ဆန္ဒအရ တည်ချင်ကြလို့ မဟုတ်ဘဲ မတည်မဖြစ်လို့ လာပြီး တည်ကြရတာကလား၊ သူတို့ဟာ နေရောင်ကို ကြောက်လို့ မုန်းလို့ မဟုတ်ဘူး။ စစ်မက်အင်္ဂါဖြစ်ပွားလာသည့်အချိန်မှာ လာရောက်ခိုလှုံနိုင်ရန်အတွက် တည်ထားခြင်းဖြစ်တယ်။

လူရိုင်းတွေ လာပြီး မတိုက်ခိုက်မီက သူတို့ဟာ အေးချမ်းသာယာတဲ့ 'ပါဏီ' (Pani) ဆိုတဲ့ မြို့ကြီးမှာ နေကြတယ်။ ဒီ ပါဏီဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကတော့ 'အထက်၊ အပေါ်' လို့ ရတယ်။ ဒီမြို့ကြီးရဲ့ အပျက်အစီး အကြွင်းအကျန်တွေကို တောင်ပေါ်နဲ့တကွ ကျွန်းတစ်ဝိုက်မှာ သင်တို့ တွေ့မြင်ခဲ့ရမှာပေါ့။ ရန်သူတွေက ကောင်းကင်မှနေပြီး လက်နက်တွေနဲ့ ပစ်ခွင်းတော့ မြို့ကြီးပျက်သွားရတယ်။ ပျက်သွားတော့ မြေအောက်မှာရှိတဲ့ ဒီမြို့ကြီးကို လာပြီး နေကြရတယ်။ ဒီမြေအောက်မြို့ကြီးကိုတော့ 'နီယို' (Nyo) လို့ ခေါ်တယ်။ အဓိပ္ပာယ်ကတော့ 'အောက်' လို့ ရတယ်"

"နောက်တော့ ဘာဖြစ်သွားသလဲခင်ဗျာ"

"နောက်တော့ လူတွေအားလုံး သေကုန်ကြတယ်။ အာယုဝဍ္ဎနရေကတော့ အသက်ရှည်အောင် စွမ်းဆောင်နိုင်ပါရဲ့။ ဒါပေမဲ့ မိန်းမတွေကို ကလေးမရအောင် ဖြစ်စေတယ်။ သဘာဝတရားကြီး ဖန်ဆင်းထားတာကလည်း ကလေးဆိုတာ မိုးကောင်းကင်ရဲ့ ရင်ခွင်မှာသာ ကြီးပြင်းပြီး လာရမယ်။ ကမ္ဘာမြေကြီးရဲ့ ဝမ်းခေါင်းထဲမှာ ကြီးပြင်းလာလို့ မဖြစ်နိုင်အောင် ဖန်ဆင်းထားတယ်မဟုတ်လား။ ဒီမယ် ဗစ်ကလီ . . . သင်က ဆေးဆရာကြီးတစ်ယောက်ဖြစ်လေတော့ ကျွန်ုပ်မေးချင်ပါတယ်။ ဒီလိုခန်းမဆောင်ကြီးအထဲမှာ ကလေးများရဲ့ အသံဗလံတွေဟာ ဘယ်လိုနေပါ့မလဲ"

"ကျွန်ုပ် မတွေးတတ်တော့ပါ။ အကယ်၍ ဒီနေရာမျိုးမှာ ကလေးများမွေးဖွားလို့ ရှိရင်လည်း သေကုန်မှာပါပဲ"

ဤအဖြေကိုကြားလျှင် အိုရိုက ဦးခေါင်းကို ညိတ်လိုက်၏။

"မှန်ပေသည်၊ ကလေးတွေဟာ သေ၍ကုန်ကြသည်။ အထက်ကမ္ဘာ ပါဏီမြို့ကြီးကို သွားရင်လည်း ရန်သူ့လက်ချက်နဲ့ သေကြရပြန်တယ်။ ဒီနည်းအတိုင်း နှစ်ပရိစ္ဆေဒ ကြာမြင့်လာတော့ ကလေးမွေးတဲ့ အလေ့အထဟာ တစ်စတစ်စနဲ့ ပျောက်ကွယ်သွားတော့တယ်။ နောက်တော့ လူမျိုးလည်း တစ်စတစ်စတုံးသွားတာပါပဲ။ နောက်ဆုံးတော့ ကျွန်ုပ်ရယ်၊ ကျွန်ုပ်ရဲ့ သမီးရယ်ပဲ ကျန်နေတော့တယ်"

"နောက်တော့ ဘယ်လိုဖြစ်ပြန်သလဲ ခင်ဗျာ"

"ဒီမယ် ဟမ်ဖရီ၊ နောက် ဘယ်လိုဖြစ်သလဲဆိုရင် ကျွန်ုပ်မှာ အတတ်ပညာရှိတယ်၊ ကျွန်ုပ်အရင်က ကြုံးဝါးထားတဲ့အတိုင်း ကျွန်ုပ်ရဲ့ အတတ်ပညာကို အသုံးပြုပြီး ကျွန်ုပ်ရဲ့ ရန်သူတွေကို သုတ်သင်ပစ်လိုက်တယ်။ ကျွန်ုပ်သုံးလိုက်တဲ့နည်းကတော့ ကမ္ဘာ့ရဲ့ ဗဟိုအချက်အချာမှာရှိတဲ့ အင်အားတွေကို နှောင်ကြိုးက လွှတ်ပေးပြီး ကမ္ဘာကို ဖျက်ဆီးပစ်လိုက်တာပဲ။ သေလိုက်တဲ့

လူတွေကတော့ သောက်သောက်လဲပဲ။ သန်းနဲ့ကုဋေနဲ့ချီပြီး သေကုန်ကြတယ်။ သူတို့နဲ့တကွ သူတို့ရဲ့ စွမ်းပကားနဲ့ လုပ်ကိုင်ဆောင်ရွက်ခဲ့တာတွေ ပျက်စီးသွားတာပေါ့။ အဲဒီနောက်တော့ ကျွန်ုပ်တို့ အိပ်စက်ကြတယ်။ ကျန်ရစ်ခဲ့တဲ့ လူတွေကိုတော့ သူ့ထိုက်နဲ့သူ့ကံဆိုပြီး ထားခဲ့ရတာပဲ။ သူတို့လည်း အချိန်ကျတော့ သေကြရတာပေါ့။ ရိုးရိုးသေရင်သေ မသေရင်လည်း ရန်သူ့လက်ချက်နဲ့ သေကြရတာပေါ့။ ကျန်တဲ့အပိုင်းကိုတော့ သင်တို့ သိကြပြီးဖြစ်တယ်”

“ဒီလိုအဖြစ်မျိုး နောက်ထပ်ကော ဖြစ်နိုင်ပါသေးသလား ခင်ဗျာ”

ဟု ဗစ်ကလီက မေးလိုက်ပြန်၏။ သူမေးလိုက်သည့် လေသံမှာ အဘိုးကြီးပြောလိုက်သည့်စကားကို သူမယုံကြည်ပါဟူသော သဘောကို ဖုံးကွယ်၍ မရချေ။

“ကျွန်ုပ်ပြောသည်များကို မယုံဘဲ ဘာကြောင့်များ မေးခွန်းထုတ်နေရတာလဲ ဗစ်ကလီ၊ ယခုလို မယုံကြည်ဘဲ မေးခြင်းဖြင့် အဘယ့်ကြောင့် ကျွန်ုပ်ကို ဒေါသထွက်အောင် ပြုလုပ်ရတာလဲ။ သို့သော် ကျွန်ုပ် တစ်ခုပြောလိုသည်။ ယခင်က ကျွန်ုပ်လုပ်လိုက်သလို ယခုလည်း လုပ်နိုင်သေးသည်။ တစ်ကြိမ်တစ်ခါ ထပ်၍ လုပ်နိုင်သေးသည်။ အားလုံးကိုစွချောမကုန်မီ သင်သိသွားရလိမ့်မည်ဟုထင်သည်။ သင် အခုလို မယုံကြည်သည့်အတွက် ယခု အလင်းရောင် ဘယ်ကလာသည်ကိုလည်းကောင်း၊ အာယုဝဍ္ဎနရေထဲမှာ ဘာများ ပါရှိသည်ကိုလည်းကောင်း၊ အိပ်မက်မမက်သော အိပ်ပျော်ခြင်းမျိုးတွင် ဇီဝတည်းဟူသော အသက်ကို မပျောက်မပျက်ရလေအောင် ထိန်းသိမ်းထားနိုင်သည့် အတတ်ကိုလည်းကောင်း၊ အခြားနက်နဲလှသည့် ပြဿနာများကိုလည်းကောင်း ကျွန်ုပ်မပြောတော့ပြီ။ ဗစ်ကလီက ကျွန်ုပ်တို့အား ပြက်ရယ်ပြုနေသည့်အတွက် သမီးကလည်း ဤကိစ္စရပ်တွေနှင့်ပတ်သက်ပြီး ဆိတ်ဆိတ်သာနေပါ၊ ဘာမှ မပြောလေနှင့်၊ မှန်၏။ သူ၏ ပတ်ဝန်းကျင်တွင် ခပ်သိမ်းကုန်သော အရာများကို တွေ့မြင်ရပါလျက် မှန်ခေါင်းအတွင်းမှ ကျွန်ုပ်တို့ ထ၍လာသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ပါလျက် သူသည် ယခုတိုင် ကျွန်ုပ်တို့အား သူ့စိတ်ထဲတွင် ပြက်ရယ်ပြုနေဆဲဖြစ်၏။ ထို့အတွက် သူနှင့်တကွ သူ့အဖော်များသည် လူ့အန္တများအဖြစ်ဖြင့်သာ သေတွင်းသို့ ဝင်ကြပါစေတော့”

အိုရိုသည် အေးစက်မာကျောသော အသံကြီးဖြင့် အောက်ပါအတိုင်း ပြောလိုက်ပြီးလျှင် သူ၏မျက်လုံးများမှာလည်း မီးတဖျတ်ဖျတ် ထွက်နေဘိသကဲ့သို့ ရှိနေ၏။ ဤသို့ဖြစ်ရသည့်အတွက် ကျွန်ုပ်မှာ ဗစ်ကလီအား စိတ်ထဲတွင် ကြိတ်၍အပြစ်တင်မိ၏။ သို့သော် ဗစ်ကလီကမူ အနည်းငယ်မျှ မဖြုံချေ။ ထို့နောက် သူက ဆက်လက်၍ သဘာဝတည်းဟူသော တရားကို မည်

သူမှု မလွန်ဆန်နိုင်ကြောင်း၊ ထူးဆန်းသော အရာများဆိုသည်မှာ မျက်စိတွင် မြင်ရရုံဖြင့် မပြီး။ မည်သို့ဖြစ်လာသည့်အကြောင်းရင်းကို ရှင်းပြမှသာ ယုံနိုင်မည်ဖြစ်ကြောင်း၊ သို့မဟုတ်က မြင်သူ၏စိတ်ထဲတွင် ထင်ယောင်ထင်မှားဖြစ်ခြင်းလော၊ သို့မဟုတ် စိတ်၏လှည့်စားမှုများလောဟုသာ ထင်မှတ်နေမည်ဖြစ်ကြောင်းဖြင့် ပြောချလိုက်လေသည်။

အိုရိုသည် ဇစ်ကလီ၏ စကားများကို သည်းခံ၍ နားထောင်ပြီးနောက် . . .

“ကောင်းပြီ ဇစ်ကလီ . . . သင်ထင်သည့်အတိုင်း စိတ်၏လှည့်စားမှုများဖြစ်သည်ဟုပင် ထားဘိဦး။ ကျွန်ုပ်ကိုယ်တိုင်ဟာလည်း စိတ်၏လှည့်စားမှု၊ ကျောက်ဖျာကြီးပေါ်မှာ အရိုင်းကောင်တွေ သေသွားတာလည်း စိတ်၏လှည့်စားမှု၊ သင့်ရှေ့မှာ ယခုရှိနေတဲ့ လှပသော မိန်းမပျိုဟာလည်း စိတ်၏လှည့်စားမှု၊ ဒီခန်းမဆောင်ကြီးတစ်ခုလုံးဟာလည်း စိတ်၏လှည့်စားမှု ဟုတ်ကဲ့လား။ အို . . . သိပ္ပံပညာကို တတ်သည်ဆိုတဲ့ အသင်လူသားကလေး၊ မျက်နှာကလေးတစ်ခုသာ မြင်ရုံနှင့် ခန္ဓာကိုယ်အတွင်းမှ နှလုံးသားကို သိသည်ဟု ထင်မှတ်နေရာသည်။ ခန္ဓာကိုယ်အတွင်း၌ ကိန်းအောင်းနေသော ဝိညာဉ်ကိုပါ သင်သိသည်ဟု ထင်မှတ်နေသည်။ သင်ဟာလည်း ယခင်ရှေးအထက်က ကွယ်လွန်ပျောက်ကွယ်သွားကြတဲ့ ထောင်ပေါင်းသောင်းပေါင်းများစွာသော သင့်အဆက်အနွယ်တို့၏ သားကောင်လေးတစ်ကောင်ပါကလား”

ဟု ညည်းတွားပြောဆိုလိုက်၏။

ဇစ်ကလီသည် စိတ်ပြောင်းသွားကာ နောက်ထပ် စောဒကတက်လျှင် အန္တရာယ်များမည်စိုးသဖြင့် ဆိတ်ဆိတ်နေလိုက်ခြင်း ဖြစ်ဟန်တူ၏။

အိုရိုက ဆက်လက်၍ . . .

“ဇစ်ကလီ သင်နှင့် ကျွန်ုပ် သဘောကွဲလွဲနေ၏။ တစ်ကမ္ဘာလုံးရှိ သင်ကဲ့သို့ ဆေးပညာရှင်ကြီးများ အားလုံး၏ ဦးနှောက်တွင်ရှိသော ပညာဉာဏ်များသည် ကျွန်ုပ်၏လက်ဖျားတွင်ရှိသည့် ပညာဉာဏ်လောက်မျှပင် ရှိမည်မဟုတ်။ သို့တစေ . . . ကျွန်ုပ်အား အသိပညာ ပေးစွမ်းနိုင်သည့် မည်သည့်ပုဂ္ဂိုလ်ထံမှမဆို ကျွန်ုပ်သင်ကြားလိုသော ဆန္ဒရှိ၏။ (ဗက်စတင်ဘက်သို့ လှည့်၍) အို . . . ဗက်စတင်၊ ကျွန်ုပ်သမီးထံမှ စကားအရ သင်သည် ကျွန်ုပ်အဖို့ အသစ်အဆန်းဖြစ်သော ဘာသာတရားတစ်ရပ်ကို ဟောပြောနေကြောင်း သိရ၏။ ထိုတရားသည် ကမ္ဘာပေါ်ရှိ လူသားများအတွက် ထာဝရအသက်ကို ပေးမည်ဖြစ်ကြောင်း သိရ၏။ ဟုတ်ပါသလား”

“မှန်ပါသည်၊ ကျွန်ုပ်ရှင်းပြလို . . .”

စကားမဆုံးမီ အိုရိုက ကြားဖြတ်၍ . . .

"သင်ပြောမည့်စကားကို ဗစ်ကလီ၏ရှေ့တွင် မပြောပါနှင့်၊ သင့်ဘာသာတရားကို သူက ယုံကြည်မည်မဟုတ်။ သို့သော် ကျွန်ုပ်ကတော့ နားကြားလိုပါသည်။ ထို့နောက် ကျွန်ုပ်ဘာသာဆုံးဖြတ်မည်"

"ဒီလိုဆိုရင် ဝမ်းသာပါတယ်ခင်ဗျာ။ ဒါနဲ့ သင်က ဘာ့ကြောင့် လေ့လာလိုပါသလဲ၊ လျောင်ပြောင်သရော်ချင်လို့တော့ ဟုတ်မည်မထင်ပါ"

"လူတစ်ယောက်၏ ယုံကြည်မှုကို ကျွန်ုပ်လေးစား၏။ မည်သည့်အခါမျှ ပြက်ရယ်မပြု၊ အဘယ့်ကြောင့် လေ့လာလိုသည်ကို ကျွန်ုပ်ပြောပြမည်။ ကျွန်ုပ်သည် ဉာဏ်ပညာနှင့် ပြည့်စုံသည်၊ အသက်ကလည်း ကြီးလှပေပြီ။ တစ်နေ့တွင် သေရပေဦးမည်၊ သို့သော် ကျွန်ုပ်မသေလို။ သို့ဖြစ်၍ လူသားများ ထာဝရအသက်ကို ပေးစွမ်းနိုင်သည်ဟု သင်ဟောပြောသော ဘာသာတရားကို ကျွန်ုပ်ကြားနာလိုခြင်းဖြစ်၏။ မနက်ဖြန် ကျွန်ုပ်အား စတင်ဟောကြားပါလော့။ သို့သော် ယခုသွားကြပေဦးလော့၊ ကျွန်ုပ်တွင် လုပ်ကိုင်ရန် ကိစ္စများ ရှိနေသေးသည်"

ထိုအခါ ကျွန်ုပ်တို့လည်း နေရာမှထ၍ သူ့အား အရိုအသေပြုပြီးလျှင် သွားကြတော့မည်အပြု၌ . . .

"ခေတ္တနေကြဦး . . . သင်တို့အား ကျွန်ုပ် စကားအနည်းငယ် ပြောရန်ရှိသေးသည်။ ကျွန်ုပ်သည် ဤမြေပုံစာအုပ်ကို လေ့လာလျက်ရှိသည်။ (ဤနေရာတွင် ကျွန်ုပ်ပေးထားသော မြေပုံစာအုပ်ကို လက်ညှိုးဖြင့် ညွှန်ပြရင်း) ဤစာအုပ်ကို များစွာ ကျွန်ုပ် စိတ်ဝင်စားနေမိသည်။ သင်တို့၏တိုင်းပြည်သည် လွန်စွာမှပင် သေးငယ်လှ၏။ ဤတိုင်းပြည်ကို ရေပြင်အထက် မြင့်တက်လာအောင် လုပ်လိုက်စဉ်က အတော်ပင်ကြီးလိမ့်မည်ဟု အောက်မေ့ခဲ့သည်။ သို့သော် ထိုအချိန်မှစပြီး ပင်လယ်ရေများ ဝင်ရောက်လာခြင်းဖြစ်ပေလိမ့်မည်"

ဤတွင် ဗစ်ကလီသည် တစ်ချက်ညည်းညူ၍ သက်ပြင်းချသံကို ကျွန်ုပ် ကြားလိုက်ရ၏။ အိုရိုသည် ဗစ်ကလီအား တစ်ချက်ကြည့်လိုက်ပြီးလျှင် မြေပုံ ပေါ်ရှိ ဂျာမဏီနိုင်ငံ၊ ဩစတြီးယားနှင့် ဟန်ဂေရီနိုင်ငံများကို ထောက်ပြရင်း ဆက်လက်၍ . . .

"ဒီတိုင်းပြည်ကတော့ တော်တော်ပဲ ကြီးတယ်၊ ဒီတိုင်းပြည်က လူတွေအကြောင်းကို ကျွန်ုပ် ဘာမျှမသိရဘူး၊ သို့သော် သင်တို့သည် ထိုတိုင်းထိုပြည်များမှ လူမျိုးတစ်မျိုးဖြစ်၍ ကျွန်ုပ်၏ ဧည့်သည်တော်များဖြစ်ကြသည့်အားလျော်စွာ သင်တို့၏ လူမျိုးသည် စစ်ကို အောင်နိုင်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်သည်"

ကျွန်ုပ်တို့သုံးဦးတို့က တစ်ပြိုင်နက် . . .

"ဘာစစ်လဲခင်ဗျ"

"ကျွန်ုပ်သိသမျှ ပြောရမည်ဆိုလျှင် ယခု ဤတိုင်းပြည်နှင့် ထိုတိုင်းပြည်တို့ စစ်ပြုနေကြသည် (သူက ဂရိတ်ဗြိတိန်နိုင်ငံနှင့် ဂျာမဏီနိုင်ငံတို့ကို မြေပုံတွင် ထောက်ပြသည်) နောက်ပြီး အခြားနိုင်ငံများလည်း ပါဝင်နေကြသေးသည်"

ထိုအခါ ကျွန်ုပ်က ဖြစ်နိုင်စရာ အကြောင်းများကို သတိရလျက်...

"ဒါကတော့ ဖြစ်နိုင်ပါတယ်၊ သို့သော် စစ်ဖြစ်ပွားနေပြီလို့ သင်ဘယ်လိုနည်းအားဖြင့် သိပါသလဲ"

"ကျွန်ုပ်က သင့်အားပြောလျှင် ဇစ်ကလီက ယုံကြည်မည်မဟုတ်၊ ထို့ကြောင့် ကျွန်ုပ်မပြောလို၊ သို့ရာတွင် ကျွန်ုပ်ပြောသည်ကား အမှန်ပင်ဖြစ်၏"

ဇက်စတင်က . . .

"ဒီလိုဆိုရင် ဘယ်ဘက်က နိုင်ပါ့မလဲ ခင်ဗျာ"

"ကျွန်ုပ်သည် အနာဂတ်ကို မသိနိုင်ပါ။ အနာဂတ်ကို သိနိုင်သူဖြစ်လျှင် မြေပေါ်မှ နတ်မဟုတ်တော့ဘဲ၊ တကယ့်နတ်အစစ် ဖြစ်နေပေရော့မည်"

ဇက်စတင်က . . .

"ကျွန်ုပ်တို့သည် သင်တို့အား အိပ်ပျော်နေရာမှ နှိုးပေးရန် ရောက်လာကြလိမ့်မည်ကို သင်သိထားသည်ဟု သင်ပြောဖူးပါသည်။ ဤသည်မှာ ရှေ့ဖြစ်ကို ဖတ်နိုင်ခြင်းမဟုတ်ပါလား"

"ဤသို့ကား မဟုတ်ပါ။ သင်တို့လာကြလိမ့်မည်ဟု ကျွန်ုပ်မသိ၊ ကျွန်ုပ်သိသည်မှာက လူသားတစ်ဦးဦး၏ အကူအညီဖြင့် ကျွန်ုပ်တို့ နိုးလာကြလိမ့်မည်ဟူ၍သာ သိသည်။ နိုး၍လာသင့်ပြီဟု သတ်မှတ်ထားသည့် အချိန်တွင်မှ မည်သူတစ်စုံတစ်ယောက်မျှ ရောက်မလာခဲ့လျှင် ကျွန်ုပ်တို့မှာ သေဖွယ်ရာသာ ရှိတော့သည်"

ဤနေရာတွင် ဇစ်ကလီက . . .

"သင်၏ဆင်ခြေကို ကျွန်ုပ် လုံးဝလက်မခံနိုင်"

ဟု ဝင်၍ပြောလိုက်၏။ သို့သော် သူပြောသည်များကို မည်သူကမျှ ဂရုမစိုက်ချေ။

ထိုအချိန်တွင် အီဗာသည် နေရာမှထကာ ဖခင်ကြီးအား အရိုအသေ ပြုပြီးနောက် . . .

"ဖခင်ကြီး၏ အမိန့်အတိုင်း ဧည့်သည်တော်များအား ဝတ်ကျောင်းတော်ကြီးကို လိုက်ပြရန် ရှိနေပါသည်။ ထို့နောက် ကျွန်ုပ်တို့၏ အတိတ်ဖြစ်

ရပ်များကို လိုက်ပြရန်လည်း ရှိနေပါသေးသည်။ ဖခင်ကြီး ယခုခွင့်ပြုလျှင် ကျွန်ုပ်တို့ သွားပါတော့မည်”

ဟု အိုရှိအား ခွင့်တောင်းလိုက်လေသည်။

“ကောင်းပြီ အီဗာ . . . နောင်တွင် ကျွန်ုပ်၏ အမိန့်တစ်စုံတစ်ရာ မရှိဘဲ ဇက်စတင်ကလွဲ၍ အခြားတစ်စုံတစ်ယောက်ကိုမျှ ကျွန်ုပ်ထံ ခေါ်မလာလေနှင့်။ နက်ဖြန် အထက်ကမ္ဘာ၌ ၄ နာရီအချိန်တွင် သူ့အား ကျွန်ုပ်ထံသို့ တရားဟောစေရန် လွှတ်လိုက်။ နောင်တွင်လည်း သူအလိုရှိက ကျွန်ုပ်ထံ လာနိုင်သည်။ အကယ်၍ ဒီမှာ သူအိပ်စက်နေလိုလျှင်လည်း နေနိုင်သည်”

ဤတွင် ဇက်စတင်က သူအိပ်စက်၍ မနေရစ်ခဲ့လိုကြောင်း ပြောလိုက်သဖြင့် ကျွန်ုပ်တို့အားလုံးလည်း အဘိုးကြီး၏ မျက်မှောက်မှ ထွက်လာခဲ့ကြ၏။ အာယုဝဍ္ဍနရေစင်ရှိရာ နေရာသို့ ပြန်၍ရောက်သွားကြသောအခါ အီဗာက ရေစင်ကို နောက်ထပ် မသောက်သင့်သေးကြောင်း ပြောသဖြင့် ကျွန်ုပ်တို့လည်း မသောက်ကြရချေ။ တော်မီကိုလည်း မသောက်နိုင်စေရန် ဆွဲခေါ်၍ သွားလေသည်။

ဇစ်ကလီကမူ ရပ်တုကို နောက်ထပ် လေ့လာလိုသေးသည်ဟု အကြောင်းပြပြီးလျှင် နောက်ချန်၍ နေရစ်ခဲ့၏။ သူသည် အင်္ကျီအိတ်ထဲမှ ကွီနိုင်ဆေးပုလင်းကို ထုတ်၍ ပုလင်းထဲမှ ဆေးပြားများကို ထုတ်ယူလိုက်ပြီးလျှင် ပုလင်းလွတ်ထဲသို့ အာယုဝဍ္ဍနရေထည့်နေသည်ကို ကျွန်ုပ်မြင်လိုက်ရ၏။ မည်သည့်ရည်ရွယ်ချက်ဖြင့် ထည့်နေကြောင်းကိုလည်း ကျွန်ုပ်ရိပ်မိ၏။ သို့သော် ကျွန်ုပ်က တစ်စုံတစ်ရာ မပြောချေ။ အီဗာနှင့်ဇက်စတင်တို့ကလည်း အမှတ်မဲ့ နေလိုက်ကြလေသည်။

အီဗာက ရှေ့မှ ဦးဆောင်လျှက်လာကြရာ နောက်ဆုံးတွင် အဆောက်အဦကြီးတစ်ခုသို့ ကျွန်ုပ်တို့ ရောက်လာကြ၏။ ဤအဆောက်အဦကြီးမှာ လန်ဒန်မြို့ရှိ စိန့်ပေါဘုရားရှိခိုးကျောင်းကြီးထက်ပင် ကြီးမားလှသေး၏။ ပွင့်နေသော ကြီးမားလှသည့် တံခါးကြီးများမှ ဝင်၍လာကြရာ မကြာမီပင် အမိုးခုံးကြီးရှိရာအောက်သို့ ရောက်လာခဲ့ကြ၏။ ပြတင်းပေါက်ဟူ၍ကား လုံးဝမရှိ၊ သို့သော် အလင်းရောင်ရှိနေသဖြင့် မည်သည့်နေရာမှ အလင်းရောင်ရသည်ကို မသိရချေ။ အမည်းရောင်နံရံကြီးများမှ လွဲ၍ တစ်စုံတစ်ရာ ပြင်ဆင်မွမ်းမံထားခြင်းမရှိသော်လည်း အဆောက်အဦကြီးတစ်ခုလုံးမှာ ထည်ဝါခံ့ညားသည့် အသွင်ကို ဆောင်လျှက်ရှိနေ၏။

“ဒီနေရာမှာ ရှေးရှေးက ဘုရင်ကြီးတွေကို မြှုပ်နှံသင်္ဂြိုဟ်ထားခဲ့ကြတယ်။ ဘုရင်တစ်ပါး သင်္ချိုင်းဂူတစ်ခုစီ ရှိတယ်။ အဲဒီဂူတွေဆီကို သွားဖို့လမ်း

ကတော့ ဟောဟိုမှာ (အီဗာသည် လက်ယာဘက်သို့ လက်ညှိုးဖြင့် ညွှန်ပြလျက်) သင်တို့သွားပြီး ကြည့်ချင်ကြသေးသလား"

ကျွန်ုပ်က သွား၍ကြည့်လိုသော်လည်း ဗစ်ကလီနှင့် ဗက်စတင်တို့မှာ ကြည့်လိုဟန်မတူကြောင်း အီဗာက ရိပ်မိသဖြင့် သချိုင်းဂူများဆီသို့ မသွားတော့ဘဲ ခုံးကြီး၏ အောက်တည့်တည့်ရှိ ရုပ်တုဆီသို့ ကျွန်ုပ်တို့အား ခေါ်သွားလေသည်။ ဤရုပ်တုမှာ ခေါင်းရောကိုယ်ပါ အဝတ်များဖြင့် လွှမ်းခြုံထားသောကြောင့် ယောကျ်ားမိန်းမဟူ၍ မခွဲခြားနိုင်ချေ။ မျက်နှာမှာ ယောကျ်ားဆိုလျှင် ဆိုနိုင်၍ မိန်းမဟုဆိုလျှင်လည်း ဆိုနိုင်၏။ ရုပ်တု၏ ဘေးတစ်ဖက်တစ်ချက်တွင် ဒူးထောက်နေသည့် အခြားရုပ်တုနှစ်ခုလည်း ရှိသေး၏။ ရုပ်တုတစ်ခုမှာ အဘိုးကြီးတစ်ယောက်၏ပုံဖြစ်၍ အသားအရေများ တွန့်လိပ်နေပြီးလျှင် မျက်နှာတွင် သေမင်း၏ တံဆိပ် ခပ်နှိပ်ထားပြီးဖြစ်သကဲ့သို့ ရှိနေသည်။ အခြားရုပ်တုတစ်ခုမှာ လှပသော ကိုယ်လုံးတီးမိန်းမတစ်ယောက်၏ ပုံဖြစ်ပြီးလျှင် လက်နှစ်ဖက်ကို ယှက်ခါ ရှိခိုးလျက်ရှိနေ၏။ သူ၏ဟန်ပန်မှာ ကြောက်ရွံ့စိုးရိမ်နေသည့် ဟန်ပန်မျိုးဖြစ်လေသည်။ အလယ်၌ရှိသော ရုပ်တုကြီးမှာ 'ကံကြမ္မာ' ကို သရုပ်ဆောင်ထားသည့်ပုံဖြစ်၏။ သူ့အား ဒူးထောက်နေသည့် ရုပ်တုနှစ်ခုအနက် တစ်ခုမှာ 'သေမင်း' ဖြစ်၍ အခြားတစ်ခုမှာ အသက်(ဇီဝ) ကို သရုပ်ဆောင်သည့်ဟန်ဖြစ်လေသည်။

ရုပ်တုများကို ကြည့်ရှုလျက်ရှိကြစဉ် အီဗာက . . .

"ကိုင်း . . . ယခု ကျွန်ုပ်တို့လူမျိုးရဲ့ သမိုင်းစဉ်တချို့ကို သိလိုကြသလား"

ဟု မေးရာ ဗက်စတင်က . . .

"အလွန်ပဲ သိလိုလှပါတယ်၊ သို့သော် ပြောခြင်းပြောလျှင် အပြင်ကိုထွက်ပြီး တစ်နေရာရာမှာ ပြောပါလားခင်ဗျာ"

ဟု ပြောလိုက်လေသည်။

"ဒါကတော့ မဖြစ်နိုင်ဘူး၊ ဒီနေရာမှာပဲ ဖြစ်နိုင်တယ်။ တခြား ဘယ်နေရာမှာမှ ပြောလို့ရတဲ့ကိစ္စ မဟုတ်ဘူး။ ကိုင်း ဒီကိုလာပြီး ကျွန်ုပ်အနားမှာ ရပ်နေကြ . . . တိတ်တိတ်နေကြနော်၊ မလှုပ်မရှားကြနဲ့။ အခု ကျွန်ုပ်ဟာ ရှေးပဝေသဏီက ဝိညာဉ်တွေ၊ လိပ်ပြာတွေကို ခေါ်ပြီး လှုပ်ရှားပြအောင် လုပ်တော့မယ်။ သူတို့ကို နှောင့်ယှက်ရင် အန္တရာယ်ရှိတယ်"

[ ၁၇ ]

## အတိတ်၏အရိပ်

အီဗာသည် ကျွန်ုပ်တို့အား ရုပ်တုကြီးနောက်သို့ ခေါ်သွားပြီးလျှင် တစ်နေရာစီ ငြိမ်သက်စွာ မလှုပ်မရှားရပ်နေရန် နေရာချထားပေး၏။ ထို့နောက် သူသည် ထောင့်ကျကျနေရာတစ်ခု၌ ရပ်ပြီးလျှင် ငြိမ်သက်စွာ နေရန် ပြော ပြီးနောက် . . .

"ယခု ကျွန်ုပ်တို့လူမျိုးများ အထွတ်အထိပ်သို့ ရောက်ခဲ့စဉ်က ဖြစ်ရပ် တစ်ခုကို သင်တို့အား ပြတော့မည် . . . သင်တို့ ရှေ့ကိုသာ ကြည့်ကြ"

သူညွှန်ပြသည့်အတိုင်း ကြည့်ရှုလျက်ရှိရာ မြင်ကွင်းမှာ တဖြည်း ဖြည်း မှုန်ဝါးဝါးဖြစ်လာလျက် ၎င်းအတွင်း၌ အရိပ်သဏ္ဍာန်အမျိုးမျိုး မထင် မရှား ပေါ်လာ၏။

ပထမတွင် ယင်းတို့အား ဝိုးဝါးမှုသာ မြင်ရသော်လည်း တဖြည်း ဖြည်း ကွဲပြားလာရာ တော်မီသည် ရှေ့သို့ အတင်းထိုး၍ ဟောင်နေသဖြင့် ကျွန်ုပ်က ခြေဖြင့် တစ်ချက်ကန်လိုက်တော့မှ ငြိမ်သက်သွားတော့၏။

ကျွန်ုပ်တို့ရှေ့တွင် မြင်ကွင်းတစ်ခု ပေါ်၍လာတော့၏။ ဘုရင်တစ် ပါးသည် မင်းမြောက်တန်ဆာများကို ဆင်ယင်ပြီးလျှင် ပလ္လင်ပေါ်တွင် ထိုင် လျက်ရှိနေ၏။ ဘုရင်ကြီး၏အနီးတွင် မှူးကြီးမတ်ရာ သေနာပတိများသည် တပြောင်ပြောင် တလက်လက် တောက်ပသည့် ဝတ်စားတန်ဆာများကို ဝတ် ဆင်ကာ ခစားလျက်ရှိနေကြ၏။ လှပချောမောသော မိန်းမများသည် ဘုရင် ကြီး၏ ဝဲယာတစ်ဖက်တစ်ချက်မှနေ၍ ယပ်လေခတ်လျက်ရှိကြ၏။ နောက် ဘက်ခပ်ကျကျ၌ကား စိန်၊ ရွှေ၊ ကျောက်သံပတ္တမြား လက်ဝတ်လက်စားများကို ဝတ်ဆင်ထားသည့် မိန်းမချောတစ်စု ထိုင်လျက်ရှိကြရာ ၎င်းတို့မှာ ဘုရင်ကြီး

၏ မိဖုရားများသော်လည်းကောင်း၊ သမီးတော်များသော်လည်းကောင်း ဖြစ်တန်ရာ၏။ ထိုအခိုက် အီဗာက . . .

"ရာဇဘိသေက ခံပြီးဖြစ်သော နန်းတက်စ ဘုရင်ကြီးသည် ကမ္ဘာက ဦးခိုက်အကန်တော့ကို ယခု ခံယူတော်မူနေသည်"

ဟု စကားစ၍ ဇာတ်လမ်းကို ပြောပြလေသည်။

သို့ရှိစဉ် သရဖူဆောင်း အခြားမင်းများသည် ပလ္လင်ရှေ့သို့ ရောက်လာကြပြီးလျှင် ဒူးထောက်လျက် ပလ္လင်ထက်ရှိ ဘုရင်ကြီး၏ ခြေတော်စုံကို ဦးခိုက်လျက်ရှိကြ၏။ ဤသို့ လာရောက်ဦးခိုက်ကြသည့် မင်းများမှာ စုစု ပေါင်း ၅၀ ခန့် ရှိမည်ဟု ခန့်မှန်းရရာ အချို့မှာ အသားဖြူ၊ အသားမည်း၊ အချို့မှာ အသားဝါ၊ အသားနီဖြစ်၍ လူမျိုးပေါင်းစုံလှပေ၏။

ဤသို့ ဦးခိုက်ကန်တော့ကြပြီးနောက် ၎င်းတို့၏ မှူးကြီးမတ်ကြီးများသည် လက်ဆောင်ပဏ္ဏာများကို သယ်ယူကာ ရှေ့တော်သို့ ဝင်လာကြ၏။ ဤသို့ ကြည့်ရှုလျက်ရှိစဉ် မတော်တဆ ဖြစ်ပွားသည့် ကိစ္စကလေးတစ်ခုကို မြင်လိုက်ရကြောင်း သတိရမိ၏။ ယင်းသည်ကား အခြားမဟုတ်၊ ဤကဲ့သို့ လက်ဆောင်ပဏ္ဏာများကို သယ်ယူလာကြသည့် မှူးကြီးမတ်ကြီးများထဲတွင် ခြေမသန်သည့် အဘိုးကြီးတစ်ယောက်လည်း ပါလာ၏။ အဘိုးကြီးသည် မတော်တဆ ခြေချော်လက်ချော်ဖြစ်ကာ သူ၏လက်တွင် ကိုင်ထားသော ရွှေလင်ပန်းထဲမှ လက်ဆောင်ပဏ္ဏာများသည် နန်းတော်ရင်ပြင်ပေါ်သို့ လွင့်စဉ်ကျသွားတော့၏။ ထိုအခါ အဘိုးကြီးသည် အောက်သို့ကျသွားသော ပစ္စည်းများကို ဒယိမ်းဒယိုင် မသန်မစွမ်းဖြင့် တစ်နေရာမှ တစ်နေရာသို့ ပြေးလွှားကောက်ယူလျက်ရှိလေရာ ၎င်း၏အမူအရာမှာ ရယ်စရာကောင်းသကဲ့သို့ ရှိနေသဖြင့် ပလ္လင်ထက်မှ ဘုရင်ကြီးသည်ပင် ရာဇဣန္ဒြေကို မဆည်နိုင်ဘဲ အပြုံးကြီး ပြုံးလိုက်ရလေသည်။

ဤဖြစ်ရပ်ကလေးကို ကျွန်ုပ်ဖော်ပြရသည်မှာ အခြားကြောင့်မဟုတ်၊ အီဗာက ကျွန်ုပ်တို့အား ပြ၍နေသော ရှုခင်းမှာ တမင်လုပ်ကြံ၍ ပြနေသည့် ရှုခင်းမဟုတ်၊ ထိုအချိန် ထိုအခါက အကယ်ပင်ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်တစ်ခုကို တမင်လုပ်ကြံပြသမည်ဆိုက ဤမျှလောက် ကြီးကျယ်ခမ်းနားသည့် မဟာဘိသေက အခါတော်ပွဲကြီးတွင် ခြေမသန်သည့် အဘိုးကြီးတစ်ယောက်၏ ရယ်ဖွယ်ဖြစ်ရပ်ကို ထည့်သွင်းပြသမည်မဟုတ်ချေ။

နောက် တင်ပြသည့် ရှုခင်းတစ်ရပ်မှာ သေနင်္ဂဗျူဟာ ခင်းကျင်း၍ ဗိုလ်ရှုသဘင် ဆင်ယင်ကျင်းပသည့် အခမ်းအနားဖြစ်၏။ ပထမ ခြေလျင်တပ်ကြီး ချီတက်လာပြီးလျှင် စစ်သည်တော်များက ဓားများ၊ လှံများအပြင်

အချို့က ပြောင်းကြီးများကို ဆွဲကိုင်လာကြ၏။ ထိုပြောင်းကြီးများကို မည်သို့မည်ပုံ အသုံးချမည်ကို ကျွန်ုပ်မဖော်ပြတတ်ပေ။ လက်နက်များတွင် အမြောက်မပါ၊ သို့သော် ပြွန်ချောင်းတပ်အိတ်ကြီးများ တင်ဆောင်ထားသည့် ရထားများပါရှိ၏။ ယင်းအိတ်ကြီးများတွင် အဆိပ်ငွေ့များ ထည့်သွင်းထားလိမ့်မည်ဟု ယူဆရ၏။ ထို့နောက် မြင်းတပ်၊ ထို့နောက် ယန္တရားတပ်၊ ထို့နောက်၌ ဗိုလ်ရှုသဘင်တစ်ခုလုံး၏ အခမ်းနားဆုံးဖြစ်သည့် လေယာဉ်များ ပျံသန်းလာကြခြင်းဖြစ်၏။ လေယာဉ်များမှာ အမြောက်အများပါဝင်၍ တစ်ခါတစ်ရံ အုပ်စုဖွဲ့၍လည်းကောင်း၊ တစ်ခါတစ်ရံ တစ်စင်းချင်း၊ တစ်ခါတစ်ရံ စီတန်း၍လည်းကောင်း၊ တစ်ခါတစ်ရံလည်း အဖွဲ့လိုက် အုပ်စုခွဲ၍လည်းကောင်း အကွာအဝေးညီမျှစွာ အနေအထားဖြင့် ပျံသန်းလာကြလေသည်။ လေယာဉ်များမှာ ပျံလွှားငှက်ငယ်များကဲ့သို့ လွန်စွာပင် မြန်လှတော့၏။ လေယာဉ်များ ပျံကြသည်မှာလည်း ငှက်များ တောင်ပံခတ်သကဲ့သို့ တောင်ပံကြီးများကိုခတ်ကာ ပျံသန်းကြလေသည်။

သေနင်္ဂဗျူဟာ ခင်းကျင်းပွဲကြီး ပြီးဆုံးပြီးနောက် ထိန်လင်းတောက်ပလျက်ရှိသည့် ခန်းမဆောင်ကြီးအတွင်းတွင် ပျော်ပွဲသဘင် ဆင်ယင်ကျင်းပပုံရှုခင်း ပေါ်၍လာ၏။ ဘုရင်ကြီးသည် စင်မြင့်ပေါ်တွင် စံပယ်တော်မူလျက်စင်မြင့်အောက် ခင်းကျင်းထားသည့် စားပွဲများ၌ကား အပြည်ပြည်မှ မင်းပရိသတ်များဖြင့် ပြည့်နှက်လျက်ရှိလေသည်။ ဘုရင်ကြီး၏ နောက်ဘက်၌မူ ခပ်စောစောက ကျွန်ုပ်တို့အား အီဗာကပြခဲ့ဖူးသည့် 'ကံကြမ္မာ' သို့မဟုတ် 'ကံတရား' ကို သရုပ်ဆောင်သည့် ရုပ်တုကြီးမျိုးရှိ၏။ ဘုရင်ကြီးသည် ထိုရုပ်တုကြီးရှေ့တွင် သုံးကြိမ်သုံးခါမျှပင် ဦးညွှတ်အရိုအသေပြု၍ ဆုတောင်းလိုက်၏။ ထို့နောက် ဘုရင်ကြီးသည် မိမိ၏ပလ္လင်ပေါ်သို့ ပြန်၍ စံပယ်တော်မူပြီးလျှင် မင်းပရိသတ်အား ဝိုင်အရက်ခွက်ကို ကိုင်မြှောက်ပြကာ သစ္စာဆိုတော့၏။ ပရိသတ်ဗိုလ်ပါအပေါင်းကလည်း ဘုရင်ကြီး၏အပေါ်တွင် သစ္စာရှိကြောင်းအထိမ်းအမှတ်အဖြစ် ၎င်းတို့၏ ဝိုင်အရက်များကို တစ်ပြိုင်နက်သောက်လိုက်ကြပြီးနောက် ဘုရင်ကြီးအား ပြားပြားဝပ် အရိုအသေပြုကြလေသည်။

မင်းပွဲသဘင် ရှုခင်းကြီး ပြီးဆုံးသွားပြီးနောက် ဘုရင်ကြီး နတ်ရွာစံတော်မူသည့် ရှုခင်း ရောက်လာ၏။ ဘုရင်ကြီးကား အိုမင်းရင့်ရော်လှလေပြီ။ သလွန်ပေါ်တွင် လှဲလျောင်းကာ ဝေဒနာကို ခံစားနေရ၏။ အနီး၌ကား ဘုရင့်သမားတော်ကြီးများ၊ မင်းမိဖုရားများ၊ မှူးကြီးမတ်ရာ သေနာပတိများသည် ဘုရင်ကြီး ကံတော်ကုန်တော့မည့် အချိန်ကို စောင့်မျှော်လျက်ရှိနေကြ၏။ ဤရှုခင်း ပျောက်ကွယ်သွားပြီးနောက် ထီးနန်းကို ဆက်လက်စိုးစံသည့် မင်း

ကလေး၏ ပုံနှင့် ၎င်းအား အားရဝမ်းသာကြိုဆိုလျက် သောင်းသောင်းဖျဖျ ကောင်းချီးပေးကာ ကြွေးကြော်နေသော ပြည်သူပရိသတ်များ၏ပုံ ပေါ်လာလေသည်။

ထိုအချိန်တွင် အီဗာက ကျွန်ုပ်တို့ဘက်သို့ လှည့်၍ . . .

“ဤသို့အားဖြင့် မင်းတစ်ပါးပြီးတစ်ပါး ဆက်လက်စိုးစံလာခဲ့ကြ တာ စုစုပေါင်း မင်းအရေအတွက်အားဖြင့် ၈၀၊ တစ်ပါးတစ်ပါးလျှင် ထီးနန်း သက်နှစ်ပေါင်း ၇၀၀ မျှ ကြာခဲ့တယ်။ အဲဒီအချိန်ရောက်မှာ ကမ္ဘာကြီးမှာ အစုကြီး ၂ ခု ကွဲသွားတယ်။ တစ်ခုက ဘုရင်များနဲ့ သူတို့ရဲ့ မှူးမတ်များဖြစ် လို့ စည်းစိမ်ယစ်မူးနေကြပြီး အာယုဝဍ္ဎနရေ၏ တန်ခိုးသတ္တိကြောင့် အသက် ရှည်ရှည်နေကြရတယ်။ ကျန်တဲ့တိုင်းသူပြည်သားများမှာတော့ ပင်ပန်းဆင်းရဲ စွာ နေကြရပြီး သေကြေပျက်စီးကြရတယ်။ ဒီလိုနဲ့ ကမ္ဘာ့လူသားတွေဟာ အုပ်ချုပ်တဲ့ မင်း မှူးမတ်များအပေါ် မကျေမနပ် အာဃာတထားပြီး တော်လှန် ပုန်ကန်ရန် ကြံစည်ကြတယ်။ ဒါနဲ့ ကမ္ဘာသူ ကမ္ဘာသားတွေက သူတို့မင်းစိုး ရာဇာတွေက အနည်းစု၊ တို့တစ်တွေက အများစု၊ တို့တစ်တွေကို သူတို့ ဘယ် လောက်ပဲသတ်သတ် သတ်ပါစေ၊ သူတို့သတ်လို့ မကုန်နိုင်ပါဘူးဆိုပြီး နောက် ဆုံးမှာ ကမ္ဘာ့လူသားတွေက တော်လှန်ပုန်ကန်ကြပါလေရော။ အဲဒါနဲ့ စစ်ကြီး ဖြစ်လာရတယ် . . . ကဲ ကြည့်ကြပါလေ”

ဟု အီဗာက ပြောပြီးလျှင် နောက်ရှုခင်းတစ်ခုကို ပြပြန်၏။

ကောင်းကင်တစ်ပြင်လုံး လေယာဉ်များဖြင့် ပြည့်နှက်လျက်ရှိနေ၏။ လေယာဉ်များပေါ်မှနေ၍ မြေပေါ်ရှိ မြို့ကြီးများကို လက်နက်များဖြင့် ပစ်ခွင်း ဖျက်ဆီးလျက်ရှိနေ၏။ မြေပြင်ပေါ်ရှိ မြို့ကြီးများမှလည်း လက်နက်များ တက်၍တက်၍ လာကာ ကောင်းကင်တွင် ပျံသန်းနေသည့် လေယာဉ်များကို ဖျက်ဆီးပစ်ချလျက်ရှိနေ၏။ လေယာဉ်များမှာ မီးအိမ်မှ မီးလောင်မြိုက်ခြင်း ခံရသည့် ပိုးဖလံများပမာ အတုံးအရုံး မြေပေါ်သို့ ကျကြကုန်၏။ သို့သော် လေယာဉ်များမှာ ကုန်ခမ်းသွားသည်မရှိဘဲ ထပ်၍ထပ်၍ လာနေကြဆဲဖြစ်ရာ နောက်ဆုံးတွင် လေယာဉ်များ၏ ဖျက်ဆီးမှုဒဏ်ကို မခံနိုင်တော့ဘဲ မြို့ကြီး များမှာ ပျက်စီးခြင်းမက ပျက်စီးကြရလေကုန်တော့၏။ ဤသို့ဖြင့် ဘုရင်များ မှာ ကစဉ့်ကလျား ထွက်ပြေးကြရလေသည်။

ထို့နောက် တစ်ခန်းပြောင်း၍ သွားပြန်ရာ ကျွန်ုပ်တို့ ယခုရောက်ရှိ နေကြသည့် မြေအောက်ခန်းမဆောင်ကြီး ပေါ်လာ၏။ ခန်းမဆောင်ကြီး အတွင်းဝယ် နန်းတွင်းသူ နန်းတွင်းသားများ သွားလာလှုပ်ရှားလျက် ရှိနေ ကြ၏။ အပြင်ဘက်ရှိ မြို့ကြီးအတွင်းတွင် အိမ်များ၌လည်းကောင်း၊ ဈေးများ

ဥ္စလည်းကောင်း၊ လမ်းမကြီးပေါ်ဥ္စလည်းကောင်း လူများ သွားလာလှုပ်ရှား လျက်ရှိနေကြ၏။ ထူးဆန်းသည်မှာ ထိုလူများထဲတွင် ကလေးသူငယ်ဟူ၍ မတွေ့ရခြင်းပင်ဖြစ်လေသည်။

ရှုမြင်ခင်းသည် တစ်ဖန် ပြောင်းလဲသွားပြန်ရာ စာစာက ကျွန်ုပ် တို့ ရောက်သွားကြသည့် အိုရိုရှိရာ ခန်းမဆောင်ကြီးပေါ်လာ၏။ အိုရိုသည် ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသည့် အတိုင်းလိုပင် စင်မြင့်ထက်ရှိ ပလ္လင်ပေါ်တွင် ထိုင်လျက် ပတ်ဝန်းကျင်တွင် မှူးကြီးမတ်ကြီးများ သွားလာလှုပ်ရှားလျက်ရှိ နေ၏။ စင်မြင့်၏ တစ်ဖက်တစ်ချက်တွင်ကား စစ်ဝတ်စုံဖြင့် လူများရှိရာ ၎င်း တို့လက်တွင် တုတ်များကိုင်စွဲလျက် ရှိနေကြလေသည်။

ထိုရှုခင်းပေါ်လာသောအခါ အီဗာက . . .

"ကမ္ဘာမြေအောက်ဆင်းပြီး နေကြရတဲ့လူတွေအတွက် အခြေအနေ မလှ ဖြစ်နေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာမြေပြင်ပေါ်ရှိ ရန်သူက စား ရေရိက္ခာမှန်သမျှကို ချုပ်ကိုင်ထားနိုင်တဲ့အတွက်ပဲ။ ဒီမြေအောက်ကမ္ဘာမှာ အာယုဝဍ္ဎန ရေစင်ကတော့ ရှိပါရဲ့၊ သို့သော် ရေစင်ကို သောက်နေရုံနဲ့ မပြီး သေးဘူး၊ ဒါကြောင့် ဒီမြေအောက်မှာရှိတဲ့ လူသားတွေဟာ တဖြုတ်ဖြုတ် သေ ကုန်ကြတော့တာပဲ။ ဒီအချိန်မှာ မြေထက်မှ ဘုရင်က လွှတ်လိုက်တဲ့ တမန် တော်အဖွဲ့တစ်ဖွဲ့ ရောက်လာတယ်၊ အခု အဲဒီတမန်တော်အဖွဲ့ဟာ ခန်းမဆောင် ကြီးထဲ ဝင်လာပြီ . . .၊ ကဲ ကြည့်ကြပေတော့"

တမန်တော်အဖွဲ့၏ ရှေ့ဆုံးတွင် အရပ်ထောင်ထောင်မောင်းမောင်း စစ်သွေးစစ်ရည် အပြည့်အဝရှိသည့် လူရွယ်တစ်ယောက်က ဦးဆောင်၍ ဝင် လာ၏။ ထိုလူရွယ်ကို ကြည့်ပြီးလျှင် သူ့အား ယခင်က တွေ့ဖူးမြင်ဖူးသကဲ့ သို့ ကျွန်ုပ်၏စိတ်တွင် ထင်မိ၏။ လူရွယ် ဝတ်စားဆင်ယင်ပုံကို ထောက်၍ မင်းညီမင်းသား တစ်ပါးပါးဖြစ်ရမည်ဟု ယူဆနိုင်ဖွယ်ရှိလေသည်။ သူ့နောက် မှ ပါလာသူများမှာ သက်ကြီးပိုင်းမှ ဖြစ်ကြ၍ သံတမန်တို့၏ အဆောင် အယောင်များကို ဝတ်စားဆင်ယင်လျက်ရှိရာ အချို့မှာ စစ်ဗိုလ်ကြီးများ ဖြစ် ဟန်တူ၏။ ထိုမြင်ကွင်းကို ကျွန်ုပ်တို့မြင်ရသောအခါ အီဗာက . . .

"ဒီလူရွယ်ကတော့ မြေထက်ဘုရင်ကြီးရဲ့ သားတော် မင်းသားပဲ၊ သူက ဘုရင်ကြီးအိုရိုကို အရိုအသေပြုပြီး "အို . . . အရှင်မင်းကြီးနှင့်တကွ ကျန်ရစ်သူများမှာ အခြေအနေ အလွန်ကျပ်တည်း ဆိုးရွားလျက်ရှိနေပါပြီ။ သို့ပင်ဖြစ်လင့်ကစား အထက်ကမ္ဘာရှိ နိုင်ငံအသီးသီးတို့၏ ကိုယ်စား သင် မင်းကြီးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပြီးလျှင် ရွှေလမ်း ငွေလမ်း ဖောက်ရန် စေ လွှတ်သဖြင့် ရောက်လာရခြင်းဖြစ်ပါသည်။ သို့သော် သင်မင်းကြီး၏ အရိုက်

အရာကို ဆက်ခံမည့် သင်၏သမီးတော် ဘုရင်မလောင်း၏ ရှေ့မှောက်၌သာ ဤစကားကို ပြောကြားလိုပါသည်” ဟု လျှောက်တင်လိုက်တယ်”

ဤတွင် အိုရိုက လက်ပြလိုက်ရာ နောက်ဘက်မှနေ၍ အီဗာသည် ရံရွေတော်များ ခြံရံကာ ရှေ့သို့ ထွက်လာပြီးနောက် မင်းသား၏ ရှေ့သို့ရောက်လျှင် အီဗာက ဦးညွှတ်လိုက်၏။ ထိုအခါ မင်းသားနှင့်တကွ သံအဖွဲ့ဝင်များကလည်း အီဗာအား ပြန်၍ ဦးညွှတ်လိုက်ကြလေသည်။ အီဗာနှင့် မင်းသားတို့ တစ်ဦးနှင့်တစ်ဦး အကြည့်တွင် တစ်ဦးကိုတစ်ဦး မှတ်မိသိရှိသွားသည့် အသွင် ပေါ်လာသည်ကို ကျွန်ုပ် သတိပြုလိုက်မိ၏။

ထိုအခါ ကျွန်ုပ်တို့အနီးရှိ အီဗာက ကျွန်ုပ်တို့မြင်ရသော အရိပ်သဏ္ဍာန် အီဗာအား လက်ဖြင့် ညွှန်ပြလျက် . . .

“အိုရိုရဲ့သမီးတော် ထွက်လာတော့ မင်းသားက ဦးညွှတ်နှုတ်ဆက်တယ်၊ မင်းသားအား အိုရိုက ငြိမ်းချမ်းရေးအတွက် ဘာများ တောင်းဆိုပါသလဲလို့ မေးတော့ မင်းသားက မြေထက်ရှိ ပညာရှိကြီးများအား မြေအောက်ရှိ ပညာသည်ကြီးများက မိမိတို့ တတ်သမျှ ပညာများကို သင်ကြားပေးရ မည်၊ အာယုဝဍ္ဍန ရေစင်ကို ပေးရမည်၊ မြေထက် လူသားတွေကို ဆက်လက်ဒုက္ခပေးမနေရ စသည်ဖြင့် တောင်းဆိုတယ်။ ဒီတော့ အိုရိုက သင်မင်းသားရဲ့ တောင်းဆိုချက်ဟာ ဤမျှသာပဲလားလို့ မေးတော့ မင်းသားက ဤမျှသာ မဟုတ်သေး . . .၊ သမီးတော်နှင့် သူချစ်ကြိုက်နေပြီဖြစ်၍ သမီးတော်အား သူနှင့်လက်ဆက်ပေးရန်လည်း တောင်းဆိုလိုက်တယ်၊ ဒီတော့ အိုရိုက သမီးတော်ကို ဟုတ်မဟုတ် မေးမြန်းကြည့်တော့ (ဤတွင် ကျွန်ုပ်၏ နံဘေးမှ တကယ့်အီဗာက ကျွန်ုပ်၏မျက်နှာကို တည့်တည့်ကြီး ကြည့်လျက်) သမီးတော်ကလည်း မင်းသားပြောသည့်အတိုင်း ဟုတ်မှန်ကြောင်း။ မင်းသားကို သူမေတ္တာမျှနေကြောင်း၊ သူ့ရဲ့ အသက် နှစ်ပေါင်းတစ်သန်းပင် နေရသော်လည်း ဤမင်းသားကိုမှ မရလျှင် ဘယ်ယောကျ်ားကိုမှ ကြင်ဖက်တော်မလုပ်လိုပါလို့ လျှောက်တင်လိုက်တယ်။

“အဲဒီလို သမီးတော်က လျှောက်တင်လိုက်တော့၊ အိုရိုဟာ တစ်ခါတည်း ရွှေစိတ်တော်ညို အလိုတော်မကျ ဖြစ်သွားပြီး လူရိုင်းမျိုးတွေက သမီးတော်နဲ့ လက်ဆက်လိုသည်ပြောသည်မှာ သူ့ကို စော်ကားရာ ရောက်တဲ့အကြောင်း၊ လူရိုင်းမျိုးနဲ့ ပေးစားမည့်အစား မျောက်တစ်ကောင်နဲ့သာ ပေးစားမည့်အကြောင်း မိန့်ကြားရင်းက ဒေါသကို မချုပ်တည်းနိုင်ဘဲ ကြိမ်းလားမောင်းလားလုပ်ပါလေရော၊ ဘယ်လိုကြိမ်းဝါးသလဲဆိုတော့ လူရိုင်းမျိုးတွေကို သုတ်သင်ပစ်ရန် သူ့မှာ အားအင်ရှိနေသေးတဲ့အကြောင်း အချိန်ကြာကြာ

တိုက်ရမည့် စစ်ပွဲမျိုးမဟုတ်ဘဲ၊ တစ်မုဟုတ်ခြင်း လူတွေကို သန်းနဲ့ချီပြီး သေကုန်အောင် လုပ်ပစ်နိုင်တဲ့အကြောင်း၊ သူတို့အားလုံးကို မြေပေါ်မှ တစ်ယောက်မျှ မကျန်အောင် လုပ်ပစ်မည့်အကြောင်း၊ ဘယ်လိုလုပ်မလဲဆိုရင် ရန်သူတွေနေထိုင်ကြတဲ့ တိုင်းနိုင်ငံအားလုံးကို ရေတွေလွှမ်းမိုးသွားအောင် လုပ်ပစ်နိုင်တဲ့အကြောင်း ပြောဆိုပြီး ကြုံးဝါးလိုက်တယ်။ ဒီတော့ သူတို့တစ်တွေဟာ အကြောက်ကြီး ကြောက်ကုန်ကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အိုရိုမှာ ဒီလိုလုပ်ပစ်နိုင်တဲ့ တန်ခိုးအင်အားတွေ ရှိနေတဲ့အကြောင်း သူတို့ သိထားကြလို့ပဲ။ ဒီ့နောက် အိုရိုက သူ့အား နောင်ကို ဘယ်တော့မှ စစ်မပြုဖို့၊ သူ့အား သစ္စာတော်ခံဖို့ သူ့အမိန့်အာဏာကို ထာဝရရိုကျိုးဖို့ သူက တောင်းဆိုလိုက်တယ်။ အဲဒီလိုတောင်းဆိုလိုက်တော့ ဒီလူတွေဟာ ဘယ်လိုပြောရဆိုရမှန်းမသိ ဖြစ်ကုန်ကြတယ်။ ဒါပေမဲ့ မင်းသားကလေးကတော့ မတုန်မလှုပ်နေရာက ဒေါသထွက်လာပြီး မျောက်ရဲ့ သစ္စာစကားဆိုသည်မှာ တန်ဖိုးမရှိတဲ့အကြောင်း၊ မျောက်ဟာ သစ်ရွက်တွေကို နင်းချေပစ်သလို သူကလည်း အိုရို၏ လူမျိုးတစ်မျိုးလုံးကို နင်းချေပစ်မယ့်အကြောင်း၊ ဒီ့နောက် အိုရိုရဲ့ သမီးတော်ကို သိမ်းပိုက်မည့်အကြောင်းနဲ့ ပြန်ပြီး ကြုံးဝါးလိုက်တယ်။

"အဲဒီလို ကြုံးဝါးလိုက်တော့ အိုရိုက အေးစက်စက်အမူအရာကြီးနဲ့ ပြုံးလိုက်ပြီး ချက်ချင်းပဲ သူ့ကိုယ်ရံတော် သက်တော်စောင့်တွေကို အချက်ပြလိုက်တယ်၊ အဲဒီလို အချက်ပြလိုက်ရော သူ့ကိုယ်ရံတော် သက်တော်စောင့်တွေက သူတို့ကိုင်ဆောင်ထားကြတဲ့ သေမင်းလက်နက်လို့ခေါ်တဲ့ တုတ်မည်းမည်းကြီးတွေကို မြှောက်လိုက်ကြတယ်၊ ဒီလိုလည်း မြှောက်လိုက်ရော တုတ်မည်းမည်းကြီးထဲက မီးတွေ ပန်းထွက်လာပြီး အိုရိုကို သစ္စာခံမယ့် လူတွေကလွဲလို့ မင်းသားလေးနဲ့တကွ ကျန်တဲ့လူတွေအားလုံးဟာ ဒီလက်နက်ကထွက်တဲ့ လောင်မီးဒဏ်ချက်ကြောင့် အတုံးအရုံး မီးသွေးတုံးဖြစ်ပြီး သေကုန်ကြရတယ်။ ကျန်ရစ်တဲ့ လူတွေအားလုံးကိုတော့ အထက်ကမ္ဘာ ပြန်ပြီး ဒီသတင်းကို ပြောကြားဖို့ ပြန်လွှတ်လိုက်တယ်။ အမှန်လည်း တစ်ကမ္ဘာလုံးဟာ မကြာခင်ပဲ သေကြေပျက်စီးကြရတော့မှာကိုး"

ထို့နောက် ရှုမြင်ခင်းအသစ်တစ်ခု ပေါ်လာပြန်ရာ ထိုမြင်ကွင်းကို မူ ကျွန်ုပ် ရေလည်စွာ ဖော်ပြခြင်းငှာ မစွမ်းပါ။ ဖြစ်ပွားသည့်နေရာမှာ မြေအောက်ကမ္ဘာရှိ ကြီးမားကျယ်ပြန့်လှသော နေရာကြီးတစ်ခုဖြစ်၍ ထိုနေရာ၌ တောင်လုံးကြီးတစ်မျှ ကြီးမားလှသည့် သံထုသံခဲကြီးသည် အရောင်တပြောင်ပြောင် တောက်ကာ ချာလပတ်လည်လျက် နိမ့်ရာဘက်သို့ တဖြည်းဖြည်း လျှောကျလာလျက်ရှိ၏။ နိမ့်ရာချိုင့်ဘက်၌ကား လမ်းကို အလယ်မှ

ခွဲထားသကဲ့သို့ နက်ရှိုင်းသော ချိုင့်ကြီးတစ်ခုဖြစ်နေ၏။ အိုရိုသည် သူ၏ကိုယ်ပေါ်တွင် ထုတ်ချင်းခတ် မြင်နိုင်သည့် အပူရှိန်မကူးဟပ်နိုင်သော အင်္ကျီကြီးကို ဝတ်ဆင်ကာ ထိုလမ်းခွဲ၏ အလယ်ဗဟိုတွင် ရပ်လျက်ရှိနေ၏။ သူနှင့်အတူ သမီးဖြစ်သူလည်း ရှိ၍ သမီးဖြစ်သူက သူ့နောက်ဘက်ရှိ ကျောက်နံရံအတွင်းမှ တစ်စုံတစ်ရာကို ဖခင်ကြီး၏ ညွှန်ကြားချက်အတိုင်း လက်ဖြင့်တဖြည်းဖြည်း လှည့်၍နေသည်ကို မြင်ရ၏။ တစ်ခဏအတွင်း၌ပင် မျက်စိများကန်းမတတ် လျှပ်ပြက်ရောင်မက ထွန်းလင်းတောက်ပလှသည့် အလင်းရောင်ကြီးတစ်ခု ထွက်လာပြီးနောက် မြင်ကွင်းတစ်ခုလုံးမှာ တစ်ခါတည်းပျောက်ကွယ်သွားတော့၏။

ထိုထူးဆန်းသောမြင်ကွင်း ပျောက်ကွယ်သွားသောအခါ အီဗာက...

"ဒါကတော့ အိုရိုဟာ သူတစ်ဦးတည်းသာ သိထားတဲ့ လျှို့ဝှက်တဲ့နည်းနဲ့ ကမ္ဘာကြီးရဲ့ ချိန်သီးကို ကမောက်ကမဖြစ်အောင် လုပ်လိုက်တာဖြစ်တယ်။ ဒီလိုနဲ့ ကုန်းမြေတွေဟာ ပင်လယ်ဖြစ်သွားပြီး ပင်လယ်ဟာ ကုန်းမြေဖြစ်သွားတာပဲ"

ထို့နောက် အခြားမြင်ကွင်းတစ်ခု ပေါ်လာပြန်၏။ ယင်းမြင်ကွင်းမှာ တိုင်းပြည်များနှင့် နိုင်ငံများမှာ ရေလွှမ်းမိုး၍ ရေနစ်ကုန်ပြီးလျှင် တိုက်တာအိမ်ရာများ ပြိုကျပျက်စီးလျက် မြို့ကြီးပြကြီးများ ပျက်စီးကြတော့၏။ မီးတောင်များမှလည်း မီးတောက်မီးလျှံများ ထွက်ပေါ်လာကြကုန်၏။ ကမ္ဘာကြီးတစ်ခုလုံး ပျက်သုဉ်းပြီဟုပင် ထင်ရတော့၏။ ထောင်ပေါင်းများစွာသော လူသားများသည် ပုရွက်ဆိတ်အုံကို တုတ်ဖြင့် ထိုးသကဲ့သို့ အလန့်တကြား ဆောက်တည်ရာမရ ပြေးလွှားလျက်ရှိကြကုန်၏။ ထို့နောက်၌ကား ပေပေါင်းရာထောင်မက မြင့်မားလှသည့် လှိုင်းလုံးကြီးများသည် လိမ့်၍လိမ့်၍ လာကာ မကြာမီပင် ကုန်းပြင်တစ်ခုလုံးကို ဝါးမြို ဖုံးအုပ်၍သွားတော့၏။ အလွန်ကြောက်မက်ဖွယ်ကောင်းသော မြင်ကွင်းပါပေတည်း။

"သူ့ကို တော်လှန်တဲ့ ကမ္ဘာ့လူသားတွေကို ဖျက်ဆီးပစ်မယ်ဆိုတဲ့ ကြုံးဝါးချက်အတိုင်း အိုရိုက လုပ်ပစ်လိုက်တာပါပဲ။ တစ်ကမ္ဘာလုံးလိုလိုပဲ ရေမှာနစ်မြုပ်ကုန်ကြရပြီး ရေမြုပ်ကုန်တဲ့ နေရာတွေမှာ တခြားကုန်းမြေတွေ ပေါ်လာကြတယ်။ ဒါကတော့ ရေလွှမ်းမိုးခြင်းဘေးမှ လွတ်မြောက်ရတဲ့ ကုန်းပြင်တွေပေါ်မှာ ကျန်ရစ်နေခဲ့တဲ့ လူသားတွေရဲ့ မျိုးစေ့များ သွားရောက်နေ ထိုင်ဖို့ ပေါက်ပွားဖို့ ဖြစ်တယ်"

နောက်ထပ် မြင်ကွင်းတစ်ခု ပေါ်လာပြန်၏။ ဤမြင်ကွင်းတွင်ကား အိုရိုသည် သူ၏သမီးဟု ယူဆရသည့် မိန်းမပျို၏အလောင်းထည့်ထားရာ

မှန်ခေါင်းကြီး၏ဘေးတွင် မတ်တတ်ရပ်လျက်ရှိ၏။ အိုရိုသည် မိန်းမပျိုအား စူးစိုက်၍ ကြည့်လိုက်ပြီးနောက် ဆေးရည်တစ်ခွက်ကို သောက်လိုက်ပြီးလျှင် သူ့အတွက် ပြင်ဆင်ထားသည့် အခြားမှန်ခေါင်းထဲသို့ ဝင်ကာ ကိုယ်ကို အသာ အယာလှဲချလိုက်၏။ ထိုမှန်ခေါင်းမှာ သူ့အား ကျွန်ုပ်တို့ တွေ့ရသော မှန်ခေါင်း ပင်ဖြစ်လေသည်။

ထို့နောက် မြင်ကွင်းများ ကွယ်ပျောက်သွားပြီးနောက် အီဗာသည် သတိမေ့၍နေရာမှ ပြန်လည်သတိဝင်လာသကဲ့သို့ သူ၏ ပကတိအသံဖြင့် ကျွန်ုပ်တို့ ကြည့်ရှု၍ အားရကြပါပြီလောဟု မေးလိုက်လေသည်။ ကျွန်ုပ်က

"အားရကြပါပြီ"

ဟု ပြောလိုက်၏။ ထိုအခါ အီဗာက . . .

"သင်တို့ ဘာကိုမြင်ကြသလဲဆိုတာ ကျွန်ုပ်မသိဘူး ဟမ်ဖရီ၊ ကျွန်ုပ် ကိုယ်တိုင်က ဘာမျှမသိ၊ ဘာ့ကြောင့်လဲဆိုတော့ ကျွန်ုပ်မှတစ်ဆင့် သင်တို့က မြင်ကြရတာကိုး၊ နောက်ပြီး သင်တို့မြင်ကြရတဲ့အခါမှာ ကျွန်ုပ်က သင်တို့ ကိုယ်တွင်းမှနေပြီး မြင်တာဖြစ်တယ်"

"ဟုတ်ကဲ့လား . . . မြင်ရတာတွေကို နောက်တော့မှ ကျွန်ုပ် ပြော ပြပါ့မယ်"

ထိုအခါ ဗစ်ကလီက ဝင်၍ . . .

"နေပါဦးဗျာ . . . ဒါတွေမြင်ရအောင် သင်က ဘယ်လိုလုပ်လိုက် တာလဲ"

"ဒါတော့ ကျွန်ုပ်မသိဘူး၊ သို့သော် တစ်ခုရှိတာက ကမ္ဘာကြီးတစ်ခု လုံးမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို နေရောင်က စုပ်ယူထိန်းသိမ်းထား တဲ့အတွက် မပျောက်မပျက်ဘဲ တည်ရှိနေတယ်။ ဒါတွေဟာ လဟာပြင်ကြီး ထဲမှာ ရှိနေကြတယ်။ နေရောင်က ဆောင်ယူလာတာပဲ။ ဒါတွေကို ပြန်ပြီး ကြည့်နိုင်တဲ့ အတတ်ကို တတ်ထားတဲ့ လူဟာ မှန်ကိုထောင်ပြီး ကြည့်သလို ကြည့်လို့မြင်နိုင်တယ်။ လဟာပြင်ကြီးကနေပြီး ဒီဟာတွေကို ပြန်ပြန်ပြီး လွှတ် ပေးနေတော့၊ လိုတာက မှန်ကို ဘယ်လိုဘယ်ပုံ ကိုင်ပြီး ကြည့်ရမယ်ဆိုတဲ့ အတတ်ကို တတ်ဖို့သာ လိုတာပဲ။ အို ဗစ်ကလီ သင်ဟာ ပညာရှိတစ်ယောက် ပဲဟာ၊ ဒီလောက်ပြဿနာကလေးမျိုးလောက်တော့ ကိုယ့်ဘာသာ ဖြေရှင်းဖို့ ရနိုင်ကောင်းပါတယ်"

ထိုအခါ ဗက်စတင်က ကြားဖြတ်၍ . . .

"ဩော် တစ်ဆိတ်ဗျာ၊ ကျွန်ုပ်မှာက မနက်ဖြန်ကိုလည်း ဒီကို တစ် ခေါက်ပြန်လာရဦးမယ်။ နောက်ပြီး ချက်စရာပြုတ်စရာ၊ လုပ်စရာအလုပ်တွေ

က အများကြီးရှိနေတဲ့အတွက် ပြန်ချင်ပါပြီ။ အထက်ကမ္ဘာကို တက်တဲ့ ခါတ်လှေကား ခေါ်မလား ရွေ့လျားတဲ့ လှေကား ခေါ်မလား၊ အဲဒီဆီကိုသာ ပြန်ပို့ပေးပါတော့ခင်ဗျာ"

ဟု ပြောလိုက်လေသည်။

အီဗာသည် တစ်ချက်ပြုံးရယ်လိုက်ပြီးနောက် . . .

"ကိုင်း . . . လာကြ"

ဟု ပြောကာ ကျွန်ုပ်တို့အား ပြန်ပို့ပေးရန် ခေါ်ဆောင်သွားတော့၏။ မြေပြင်မှ ကျွန်ုပ်တို့ ဆင်းသက်လာခဲ့ကြသည့် နေရာသို့ ရောက်လျှင် အီဗာက

"ကဲ . . . ဒီနေရာမှာ ရပ်နေကြ"

ဟု ပြောသဖြင့် ကျွန်ုပ်တို့လည်း သူပြောသည့်အတိုင်းရပ်နေကြရ၏။

တစ်ခဏခြင်း၌ပင် ကျွန်ုပ်တို့ ဆင်းသက်လာခဲ့သည့်အချိန်က အရှိန်အဟုန်မျိုးနှင့်ပင် အထက်သို့ ပြန်၍ တက်နေသည်ကို အံ့သြစွာ တွေ့ကြရ၏။ ကျွန်ုပ်၏အထင်မှာ အီဗာသည် ကျွန်ုပ်တို့နှင့်အတူ ပါ၍လာသည်ဟု ထင်မိ၏။ သို့သော် ထူးဆန်းသည်မှာ အထက်မြေပြင်သို့ရောက်၍ သင်္ချိုင်းဂူကြီးအတွင်းသို့ ဝင်မိကြသောအခါ အီဗာမှာ ဂူကြီးအတွင်းသို့ ရောက်နှင့်နေသည်ကို တွေ့ရ၏။

ဗက်စတင်နှင့် ဗစ်ကလီတို့သည် နှစ်ယောက်သား စကားတပြောပြောနှင့် ရှေ့မှ ထွက်သွားကြ၍ ဂူကြီးအတွင်းတွင် ကျွန်ုပ်နှင့်အီဗာသာ ကျန်ရစ်ခဲ့သောအခါ အီဗာက . . .

"ကျွန်ုပ် သင့်ထံက အင်္ဂလိပ်စကားသင်လိုတယ် ဟမ်ဖရီ . . . သင်ပေးမယ်မဟုတ်လား"

"သင်ချင်တယ်ဆိုရင်တော့ နေရောင်ရတဲ့ နေရာမှာပဲ သင်ပေးပါရစေ . . . အီဗာ၊ မြေအောက်ကမ္ဘာကြီးထဲကိုတော့ ဆင်းမလိုက်ပါရစေနဲ့"

"ကောင်းပါပြီလေ . . . ဗက်စတင်ကတော့ ဖခင်ကြီးကို မြေအောက်မှာ သင်ပေး၊ သင်ကတော့ ကျွန်ုပ်ကို မြေပေါ်မှာပဲ သင်ပေးတာပေါ့"

"သို့သော် တစ်ခုရှိတာက ဒီမြေပေါ်လာဖို့ သင့်ကို ဖခင်ကြီးက ခွင့်ပြုပါ့မလား"

"ဒီလိုကိစ္စမျိုးမှာ ကျွန်ုပ်ကိုယ်ကျွန်ုပ် ပိုင်ပါတယ်လေ၊ ကိုင်း . . . မနက်ဖြန် သုံးနာရီထက်လည်း မစောရ၊ နောက်လည်း မကျစေဘဲ ဒီနေရာကို အရောက်လာခဲ့ဖို့ ဗက်စတင်ကို ပြောလိုက်ပေတော့"

ထို့နောက်တွင် ကျွန်ုပ်လည်း အီဗာအား ထိုနေရာ၌ပင် ထားခဲ့ပြီးလျှင် ထွက်လာခဲ့တော့၏။

[ ၁၈ ]

## အီဗာ၏ရှင်းလင်းချက်

ဂူတွင်းမှ ထွက်ခဲ့၍ ကျောက်ဖျာကြီးပေါ်သို့ ရောက်သောအခါ မာရာမားနှင့် သူ၏လူများသည် ကျွန်ုပ်တို့နေထိုင်ရန်အတွက် အိမ်ကလေးတစ်လုံး ဆောက်လုပ်နေသည်ကို တွေ့မြင်ရသဖြင့် အတော်ပင် ဝမ်းမြောက်၍ သွားမိတော့၏။ သူတို့၏ ဓလေ့ထုံးစံအတိုင်း အိမ်တစ်ဆောင် ဆောက်လုပ်ရန် ကိစ္စမှာ များစွာ ခဲယဉ်းလှသည် မဟုတ်ချေ။ သူတို့ဆောက်လုပ်လျက်ရှိသော အိမ်ကလေးမှာ ပြီးစီးလုနီးပါးပင် ဖြစ်၍ နေလေပြီ။ အိမ်မှာ ပေ ၃၀ ခန့်ရှည်ပြီးလျှင် အခန်းနှစ်ခန်း ခွဲထားရာ တစ်ခန်းမှာ အိပ်ခန်းဖြစ်၍ အခြားတစ်ခန်းမှာ ဧည့်ခန်းဖြစ်လေသည်။ ဇက်စတင်ကလည်း သူ၏ချက်ပြုတ်ရန်ကိစ္စများအတွက် စားဖိုဆောင် တဲကလေးတစ်လုံး ထိုးထားပြီးဖြစ်၏။

မာရာမားနှင့်တကွ သူ၏လူများက ကျွန်ုပ်တို့အား အထူးကျိုးနွံရိုသေမှုကိုပြပြီးလျှင် သူတို့ကျွန်းဘက်သို့လည်း အလည်အပတ်လာကြရန် ဖိတ်ခေါ်ရုံမျှမက ဇက်စတင်ကိုပါ သူ၏ တရားဓမ္မများကို ကျွန်းဘက်မှ လူများအား လာရောက်ဟောကြားရန် ဖိတ်ခေါ်သေး၏။ ဤဖိတ်ခေါ်ချက်နှင့် ပတ်သက်၍ ဇက်စတင်အား ကျွန်ုပ်က တိကျသောအဖြေကို ယခုမပေးလိုက်ရန် တားမြစ်လိုက်ရ၏။ အဘယ့်ကြောင့်ဆိုသော် အိုရိ၏ ခွင့်ပြုချက်မရဘဲ သွားရောက်ရန် မသင့်သောကြောင့်ဖြစ်၏။

ညနေချမ်းအချိန်သို့ ရောက်သောအခါ မာရာမားနှင့် သူ၏ လူများပြန်သွားကြသဖြင့် သူတို့ထားခဲ့သည့် ပစ္စည်းများထဲမှ စားသောက်ဖွယ်များကို ချက်ပြုတ်ကြရ၏။ ဤနေရာတွင် ကျွန်ုပ် တစ်ခုပြောလိုသည်မှာ အာယုဝဍ္ဎနရေစင်နှင့် ပတ်သက်၍ အီဗာပြောခဲ့သည့်စကားများ မှန်နေသည်ကို တွေ့

ရသည့်အကြောင်းပင် ဖြစ်၏။ ထိုရေစင်အကြောင်းကို အဘယ့်ကြောင့် သိရသနည်းဆိုပါမူ စားဖွယ်ရာများ မြင်တွေ့နေရသည့်တိုင်အောင် ကျွန်ုပ်တို့မှာ စားလိုစိတ် များစွာ မရှိလှသောကြောင့် ဖြစ်၏။

သို့သော် နောက်တစ်နေ့သို့ ရောက်သောအခါ၌မူကား ခါတိုင်းကဲ့သို့ပင် စားချင်သောက်ချင်စိတ်များ ဝင်၍လာသည်ကို တွေ့ရ၏။ မည်သို့ဆိုစေ ထိုရေစင်ကို သောက်ပြီးစ အချိန်တိုင်း၌ အစာစားလိုစိတ် ခေါင်းပါးသည် မှန်သော်လည်း ရေစင်၏ တန်ခိုးသတ္တိကြောင့် ကျွန်ုပ်တို့အားလုံးမှာ နှစ်ပေါင်းများစွာအတွင်း ယခုလောက် ကျန်းမာခြင်းသုခနှင့် မပြည့်စုံခဲ့ဖူးချေ။

သို့နှင့် ကျွန်ုပ်တို့လည်း တော်ရုံလျော်ရုံမျှသာ စားသောက်ကြပြီးနောက် ဆေးတံများကို မီးညှိကာ ထွေရာလေးပါး စကားများကို ပြောဆိုလျက်ရှိနေကြ၏။ အိုရီ၏ အကြောင်းသို့ စကားရောက်သွားသောအခါ ဗက်စတင်က သူ့တွင် အိုရီအား တရားဟောရန် တာဝန်ရှိသည်မှန်သော်လည်း ဤကိစ္စကို သူမဆောင်ရွက်လိုလှကြောင်း၊ သို့သော် မဆောင်ရွက်၍လည်း မဖြစ်သဖြင့်ဆောင်ရွက်ရမည်သာဖြစ်ကြောင်း၊ သူ့တွင် တရားဓမ္မဟောပြောရန် ယခုလောလောဆယ်အချိန်တွင် ဉာဏ်မထွက်သေးကြောင်း၊ ကိုယ်စိတ်နှလုံး ပေါ့ပါးပြီးလျှင် တရားဟောရာ၌ သွက်လက်ချက်ချာစွာ ဟောပြောနိုင်ဖို့အတွက် ဉာဏ်မွေးရဦးမည်ဖြစ်ကြောင်းဖြင့် ကျွန်ုပ်တို့အား ပြောဆိုပြီးလျှင် အပြင်သို့ ထွက်သွားတော့၏။

ဗက်စတင်ထွက်သွားပြီးနောက် ဗစ်ကလီသည် ကျွန်ုပ်ဘက်သို့ လှည့်ကာ ညည်းညူသည့်လေသံဖြင့် . . .

"အာဗူနော့ရေ . . . ငါတော့ ငါ့ကိုယ်ငါ ရူးပြီရယ်လို့ စိတ်ကိုဒုံးဒုံးချလိုက်ပြီကွာ။ ငါဟာ လူသတ်ချင်စိတ်များ ပေါက်လာလို့ ဂမူးရှူးထိုးများဖြစ်လာရင် မင်းက တော်သလိုသာကြည့်ပြီး ငါ့ကို အုပ်ထိန်းပေးကွာ၊ ဟုတ်လား။ တကယ်လို့ လိုအပ်တယ်လို့ မင်းထင်ရင် ငါ့ကို တော်ရာကို မောင်းသာထုတ်လိုက်"

"ဟော့ကောင် . . . မင်း ဘာတွေလျှောက်ပြောနေတာလဲကွ၊ မင်းကိုကြည့်ရတာက လူကောင်းကြီးပဲဟာ"

"ဟ အကောင်ရ . . . မဖြစ်နိုင်တာတွေကို ငါမြင်နေရ၊ ကြားနေရ၊ တွေ့နေရ၊ ကြုံနေရတာတွေက ဘာလဲ။ အေး . . . အဖြေက တစ်ခုတည်းပဲရှိတယ်၊ ဘာလဲဆိုတော့ ငါဟာ အခုသတိမရှိသလို တွေဝေယောင်မှားနေပြီး မဟုတ်တာကို အဟုတ်လို့ ငါ့စိတ်ထဲမှာ ထင်နေတာပဲဖြစ်ရမယ်"

"ဒီလိုဆိုရင် ဗက်စတင်နဲ့ ငါလည်း တွေဝေယောင်မှားပြီး နေကြတယ်လို့ မင်းပြောမလား၊ ငါ့ကိုလည်း ရူးနေပြီလို့ မင်းဆိုမှာလား"

"အေး မင်းရူးဖို့ကောင်းတယ် အာဗူနော့၊ မင်းရူးလိုက်ဖို့သာ ကောင်းတော့တယ်။ ဒီလိုကွာ . . . မဖြစ်တကာ့ မဖြစ်နိုင်တဲ့ မြေအောက်ကမ္ဘာရဲ့ မြို့ကြီးထဲမှာ တကယ့်ကို မဖြစ်နိုင်တဲ့ မိန်းကလေးတစ်ယောက်က တကယ့်ကို မဖြစ်နိုင်တဲ့ ရုပ်ရှင်လိုပြပြီး အဲဒီရုပ်ရှင်ထဲမှာ မင်းနဲ့ ချွတ်စွပ်တူတဲ့ လူတစ်ယောက်ကို ပြလိုက်တာတောင်မှ မင်းမရူးသေးဘူးဆိုရင်တော့ ငါတော့ အံ့သကွ အာဗူနော့ရာ"

"မင်း . . . ဘာကိုဆိုလိုတာလဲကွ"

"ဟေ . . . ဟကောင်ရ၊ ဒါကို မင်းသတိမပြုမိဘူး ဟုတ်လား၊ ဒီလိုဆိုရင် မင်းမှာ မျှော်လင့်ချက်ရှိသေးတယ်ဟေ့"

"ဘာကို သတိပြုမိရမှာလဲကွ . . . ကိုယ့်လူရ"

"ဟာကွာ . . . ဟိုသံတမန်တွေ ရောက်လာတဲ့ အခန်းလေကွာ၊ အဲဒီအခန်းမှာ အီဗာပေါ်လာတယ်မဟုတ်လား၊ မင်း ဝန်ခံစမ်းပါကွာ"

"ဟုတ်တယ် . . . ငါ ဝန်ခံပါတယ်၊ အီဗာပါပဲ၊ မှားစရာအကြောင်း ဘာမှမရှိဘူး"

"ကောင်းပြီ . . . နောက်ပြီး မင်းသားဆိုလား ဘာလား၊ သူက လာပြီး ငြိမ်းချမ်းရေးစကားပြောတယ်။ နောက်ပြီး အီဗာနဲ့ လက်ဆက်လိုတယ် ပြောတယ်၊ မဟုတ်ဘူးလား"

"မှန်တယ်"

"ဒီတော့ အဲဒီမင်းသားဆိုတဲ့လူကိုကော မင်းမမှတ်မိဘူးလားကွ"

"ဟင့်အင်း . . . ငါသတိပြုမိတာကတော့ ဒီလူဟာ ချောတယ်၊ သူ့ကိုကြည့်ပြီး ငါလူတစ်ယောက်ယောက်ကိုတော့ သတိရလိုက်မိသလိုပဲ"

"ဒီလိုဆိုရင်တော့ လူများဟာ ကိုယ့်ကိုယ်ကို မမှတ်မိဘူးဆိုတဲ့စကားဟာ မှန်နေပြီလို့ ထင်တယ်"

"အေး ဒါနဲ့ပတ်သက်ပြီး ရှေးဂရိတ်ပညာရှိကြီးတစ်ပါးက အဆိုအမိန့်ရှိခဲ့တယ်မဟုတ်လား။ ဘာတဲ့၊ အဲ 'ကိုယ့်ကိုယ်ကို ကိုယ်သိပါ' တဲ့လေ"

"ဟကောင် . . . ငါပြောနေတာက ရုပ်ပိုင်းနဲ့ ဆိုင်တဲ့ လူအကောင်ကို ပြောနေတာကွ၊ စိတ်ပိုင်းဆိုင်ရာ မဟုတ်ဘူး။ ဟိုမင်းသားဟာ မင်းရဲ့ နှစ်ကိုယ်ခွဲဖြစ်နေတာကို မင်းမသိလိုက်ဘူးဆိုတာ တကယ်ပဲလားကွ။ မင်းရဲ့ မုတ်ဆိတ်တွေ ရိတ်ပစ်လိုက်၊ ပြီးတော့ မင်းသားရဲ့အင်္ကျီတွေကို ဝတ်လိုက်ရင် မင်းတို့နှစ်ယောက်ကို ခွဲခြားလို့ရမှာ မဟုတ်ဘူးကွ"

ဤတွင် ကျွန်ုပ်လည်း နေရာမှထ၍ ခုန်လိုက်မိရာ ကျွန်ုပ်၏ ဆေးတံမှာ ပါးစပ်မှ ကျွတ်၍ကျသွားတော့၏။

"အေး . . . မင်းပြောလိုက်တော့ ငါသတိရပြီ။ ဟုတ်တယ် မင်းသားနဲ့ငါ တူတယ်ကွ။ သူ့ကို ငါက သိပ်ပြီး ဂရုတစိုက် ကြည့်နေတာမဟုတ်ဘူး၊ ငါက အီဗာနဲ့တူလှတဲ့ မင်းသမီးကိုပဲ အာရုံစိုက်နေမိတာ"

"မင်းသားကလေးကတော့ မင်းအစစ်ပဲကွ၊ တကယ်လို့ ငါသာ အယူသီးမှုတွေ ဘာတွေရှိမယ်ဆိုရင်တော့ ဒါဟာ နိမိတ်တစ်ခုခု ပြတာပဲလို့ ဆိုမှာပဲ၊ ဒါပေမယ့် ငါက အယူတွေဘာတွေသီးတဲ့ အကောင်မဟုတ်တော့ ငါရူးနေပြီလို့ ဆိုရတော့မှာပေါ့"

"တစ်ခုကတော့ ဟိုရှေးပဝေသဏီအခါကာလက လူတစ်ယောက်နဲ့ အခုခေတ်လူတစ်ယောက် ဘာကြောင့် လာပြီး တူနိုင်ရသလဲကွာ . . ."

"အဲဒါ ငါတွေးလို့ရတဲ့ အဖြေတစ်ခုတော့ ရှိတယ်၊ ဘာလဲဆိုတော့ အီဗာဟာ အဲဒါတွေကိုပြတဲ့ အခါတုန်းက တို့များကို အိပ်မွေ့ချပြီး ပြတာနဲ့တူတယ်ကွ။ သူကကွာ လူတစ်ယောက်ယောက်ကို စိတ်ဝင်စားနေတယ်၊ အဲဒီလူနဲ့တူတဲ့ လူတစ်ယောက်ကို သူ့ချစ်သူအဖြစ်နဲ့ ဇာတ်လိုက်လုပ်ခိုင်းပြီး သူပြတဲ့ အရိပ်ပြပွဲမှာ ထည့်ပြမှာပေါ့ကွ၊ ဒါ့ကြောင့် မင်းသားကလေးက မင်းနဲ့လာပြီးတူနေတာလို့ ဆိုနိုင်တယ်"

"မင်းကတော့ ကြံကြံဖန်ဖန်ကိုတွေးတဲ့ အကောင်ပဲ။ မင်းပြောသလိုသာ သူက တို့ကို အိပ်မွေ့ချထားတယ်ဆိုလို့ရှိရင် လူသုံးယောက်ကို တစ်ပြိုင်နက် အတူတူမြင်အောင် ပြတာရယ်၊ မြင်တာကလည်းပဲ တစ်ယောက်တစ်မျိုးစီ မဟုတ်ဘဲ တူညီတဲ့အမြင် မြင်တာရယ် . . . အဲဒါတွေကို သူဘယ်လိုလုပ်တတ်နိုင်မှာလဲကွ။ မင်းသားနဲ့ ငါနဲ့ တူတယ်ဆိုတာလည်း မင်းစိတ်ထင်လို့ဖြစ်ပါလိမ့်မယ်။ ငါကိုယ်တိုင်က သတိမပြုမိရုံမကဘူး ဗက်စတင်လည်း သတိမပြုမိဘူး"

"ဒီဗက်စတင်ဆိုတဲ့ အကောင်က ဘာကိုများ သတိပြုမိတာ ရှိလို့လဲ။ အေး . . . မင်း သံသယရှိနေရင် အီဗာကိုသာ မေးကြည့်လေကွာ။ ကိုင်း ငါလည်း ဟိုအာယုဝဍ္ဍနရေစင်လို့ ခေါ်တဲ့ ရေကို သွားပြီး ဓာတ်ခွဲကြည့်လိုက်ဦးမယ်။ ပစ္စည်းကိရိယာက သိပ်မစုံလင်တော့ အကြမ်းဖျင်းပဲ ဓာတ်ခွဲကြည့်ရမှာပဲ"

နောက်တစ်နေ့နံနက်၌ ဗက်စတင်အား အိုရိုထံသွားရန် လွှတ်လိုက်ရ၏။ မလွှတ်လျှင် သူသည် ထိုကိစ္စကို မေ့ကောင်းမေ့နေမည်ဟု ထင်ရ၏။ ထိုအချိန်၌မူ ဗက်စတင်သည် ယခင်ကကဲ့သို့ တက်တက်ကြွကြွမရှိလှဘဲ သာ

သနာပြုဆရာကြီး လုပ်ချင်လှဟန်မတူချေ။ သူသည် ကျွန်ုပ်တို့တစ်ယောက် ယောက်ကို သူနှင့်လိုက်လာစေလိုဟန်တူ၏။ ဗစ်ကလီ လိုက်လာမည်ဆိုက သူငြင်းဆန်မည် မဟုတ်ချေ။ သို့သော် သာသနာရေးကိစ္စမှာ ကျွန်ုပ်တို့နှင့် မသက်ဆိုင်ကြောင်း၊ ထို့ပြင် အိုရိုကလည်း မည်သူ့အားမျှ အဖော်မခေါ်ဘဲ သူတစ်ယောက်တည်းသာ လာစေလိုသည်ဟု ပြောထားသဖြင့် တစ်ကြောင်း၊ သို့ဖြစ်၍ ကျွန်ုပ်တို့ မလိုက်လိုကြောင်း ပြောလိုက်ရ၏။

"အေး . . . ကောင်းကွာ၊ မင်းတို့နှစ်ကောင်ကတော့ မြေပြင်ပေါ် မှာ မိန်းမအဖော်နဲ့ ပျော်ပါးနေကြ၊ ငါကတော့ မြေအောက် ပေထောင်ပေါင်း များစွာဆင်းပြီး မိစ္ဆာဒိဋ္ဌိကြီးကို သွားပြီးတော့ ချွတ်ရပေဦးမယ်ပေါ့"

"ဒီလို မိစ္ဆာဒိဋ္ဌိမျိုးကို သွားချွတ်ရတာ ဂုဏ်မယူဘူးလားကွ"

ဟု ဗစ်ကလီက စကားဖြတ်ပြီးလျှင် ခနဲ့တဲ့တဲ့ ပြောလိုက်လေသည်။

"ဒါက မြေပြင်အထက်မှာဆိုရင် ဟုတ်တာပေါ့၊ အခုကိစ္စက တခြား ပဲဟာ။ အေး . . . အချိန်တန်လို့မှ ငါပြန်တက်မလာရင် မင်းတို့ ငါ့အလောင်း ကို ရအောင်ရှာပြီး ကောင်းကောင်းမွန်မွန်သာ သင်္ဂြိုဟ်ပေးကြပါကွာ။ နောက် ပြီးတော့ ငါဘယ်လို ဘဝနိဂုံးချုပ်သွားတယ် ဆိုတာကိုလည်း ဂိုဏ်းချုပ်ကြီး ကို အကြောင်းကြားနိုင်ရင် ကြားပေးကြကွာ ဟုတ်လား"

"ဟော့ . . . သွားမှာသာသွားစမ်း၊ နောက်ကျနေပါဦးမယ်၊ နောက် ကျနေရင် မင်းတပည့်ကြီး ဒေါကန်နေလိမ့်မယ်ကွ"

ဟု ဗစ်ကလီက နောက်ဆုံးပြောချလိုက်လေသည်။

ဗက်စတင်သည် တိုင်းရင်းဘာသာဖြင့် ပုံနှိပ်ထားသော သမ္မာကျမ်း စာအုပ်ကြီးကို ချိုင်းကြားတွင် ညှပ်လျက် ထွက်သွားလေတော့၏။

ဗက်စတင်ထွက်သွားပြီးနောက် တစ်ခဏမျှအကြာတွင် အီဗာသည် ယခင်ကထက် ပိုမိုလှပသည့် ဝတ်စားတန်ဆာများကို ဆင်ယင်ပြီးလျှင် ကျွန်ုပ် တို့ထံသို့ ရောက်ရှိလာရာ ကျွန်ုပ်နှင့် ဗစ်ကလီတို့မှာ သူ၏ဝတ်စားဆင်ယင်ပုံ များကို တအံ့တဩ ငေးမောကြည့်ရှု၍ နေမိကြ၏။ အီဗာသည် ကျွန်ုပ်တို့ ကြည့်ရှုနေသည်ကို ရိပ်မိသည့်ဟန်ဖြင့် ကျွန်ုပ်တို့၏တိုင်းပြည်မှ အမျိုးသမီး များ မည်ကဲ့သို့ ဆင်ယင်ဝတ်စားထားသည်ကို မေးမြန်းလေသည်။ သို့နှင့် ကျွန်ုပ်တို့ အမျိုးသမီးများ ဝတ်စားဆင်ယင်ပုံကို တတ်နိုင်သမျှ ရှင်းလင်းပြော ပြ၏။ သို့သော် အသေးစိတ်ကိုမူ စေ့စေ့စပ်စပ် ပြောမပြနိုင်ချေ။

"ဒီလိုဆိုရင် အခု သင်တို့ဟာ ဟိုကမ္ဘာဟောင်းက ယောကျ်ားတွေ နဲ့ ဘာမှ မထူးပါဘူး၊ (အီဗာသည် ပြုံးရယ်ရင်း ခေါင်းခါခါ လည်ခါခါ ပြော လိုက်ပြီးနောက် ဆက်လက်၍) သင်တို့ အသိအကျွမ်းထဲက မိန်းမတစ်ယောက်

ယောက်ရဲ့ပုံတော့ ပါလာလိမ့်မယ် ထင်ပါတယ်၊ အဲဒီပုံ ကျွန်ုပ်ကို ပြစမ်းပါလား”

ကျွန်ုပ်တွင် ဇနီးဖြစ်သူ၏ ဓာတ်ပုံနှင့် လော့ကတ်သီးတွင် ထည့်ထားသော ၎င်း၏ ပုံကလေးတစ်ပုံ ပါလာ၏။ ဓာတ်ပုံကို အိတ်တွင် ဆောင်ထားပြီးလျှင် လော့ကတ်သီးပုံကလေးကိုမူ ကျွန်ုပ်၏ လည်ပင်းတွင် အမြဲဆွဲထား၏။

ထိုအချိန်တွင် ဗစ်ကလီမှာ အာယုဝဍ္ဎနရေစင်ကို ဓာတ်ခွဲရန်ကိစ္စနှင့် ပတ်သက်၍ အလုပ်များရှိသောကြောင့် ထွက်သွားလေရာ ကျွန်ုပ်လည်း ဇနီးဖြစ်သူ၏ ပုံနှစ်ပုံကို ထုတ်၍ အီဗာအား ပြလိုက်လေသည်။

“သူက သင့်ဇနီးနော် . . . ပန်းကလေးလိုပဲ လှတယ်၊ သို့သော် ကျွန်ုပ်လောက် အရပ်မရှည်ဘူးနဲ့ တူပါရဲ့”

“ဟုတ်ပါတယ် . . . သူက အရပ်မမြင့်လှဘူး၊ အရပ်ကလေးနည်းနည်းမြင့်ရင် တကယ့်ကို လှမယ့် မိန်းမတစ်ယောက်ဖြစ်မှာပါပဲ”

“မိန်းမတွေ အရပ်မြင့်သင့်တယ်လို့ သင်က ဆိုတဲ့အတွက် ဝမ်းသာပါတယ်၊ နောက်ပြီး သူ့မျက်လုံးတွေက ကျွန်ုပ်မျက်လုံးတွေလိုပဲ၊ မျက်လုံးရောင်ချင်း တူတယ်နော်”

“ဟုတ်ပါတယ်၊ တူလည်းတူပါတယ် . . . သို့သော် သင့်မျက်လုံးက ပိုပြီး ဝိုင်းစက်တယ်”

ထိုအချိန်၌ ဗစ်ကလီပြန်ရောက်လာရာ အီဗာသည် ဓာတ်ပုံနှစ်ပုံကို ကျွန်ုပ်လက်သို့ ပြန်၍ ကမ်းပေးလိုက်ရင်း . . .

“ဒီပုံကို သင်၏ နှလုံးသားရဲ့အပေါ်မှာရော၊ နှလုံးသားရဲ့ အတွင်းမှာရော ဆွဲချိတ်ထားတဲ့အတွက် သင်ဟာ သစ္စာရှိယောကျ်ားတစ်ယောက်ဆိုတာ သိရတယ်၊ ဒီအတွက် ကျွန်ုပ် ဝမ်းသာမိတယ်”

ဗစ်ကလီက ကြားဖြတ်၍ . . .

“သင်ဟာ ထူးခြားတဲ့ မိန်းမတစ်ယောက်ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်အပေါ်မှာ သစ္စာရှိတာကို ဘယ်မိန်းမမျိုးကမှ ဝမ်းသာစကားပြောတာ ကျွန်ုပ် မကြားဖူးပါဘူး”

“တန်တော့ ဗစ်ကလီဟာ အချစ်ကိစ္စမှာ စိတ်မချမ်းသာစရာနဲ့ တွေ့ခဲ့ဖူးသနဲ့တူပါတယ်၊ ဒါ့ကြောင့် ကျွန်ုပ်တို့ မိန်းမသားတွေအပေါ်မှာ စိတ်ဆိုးနေတာကိုး၊ ဒါနဲ့ သင့်ရဲ့ ဓာတ်ခွဲကိစ္စ အောင်မြင်ပါရဲ့လား”

“သင်က ကျွန်ုပ်ရဲ့ ဓာတ်ခွဲကိစ္စကို ဘယ်လိုလုပ်ပြီး သိသလဲ . . .၊ ဗက်စတင်ကများ သင့်ကို ပြောထားသလား”

"ဗက်စတင်က ဘာမျှမပြောပါ၊ သူပြောသည်ကတော့ မြေအောက်ကမ္ဘာကို ဆင်းရမှာ ကြောက်တဲ့အကြောင်း၊ မုန်းတဲ့အကြောင်း၊ နောက်ပြီး ကျွန်ုပ်၏ ဖခင် အိုရိုဟာ နတ်ဆိုး၊ နတ်မိစ္ဆာ၊ ငရဲပြည်ကလာတဲ့ မကောင်းဆိုးဝါးကြီးလို့သာ ပြောတာပဲ"

"ဗက်စတင်ဆိုတဲ့လူက ပွင့်လင်းတဲ့နှလုံးသားနဲ့ ပွင့်လင်းတဲ့ ပါးစပ်ရှိတယ်ခင်ဗျ၊ ဒါကြောင့် သူ့ကို ကျွန်ုပ် လေးစားတယ်။ သင်လည်းပဲ သူ့နမူနာကိုယူပြီး သင်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်၊ အိုရိုဟာ ဘယ်သူဘယ်ဝါဆိုတာ တစ်ဆိတ် ပွင့်ပွင့်လင်းလင်း ပြောပြပါလားခင်ဗျာ"

"ဒါကို ကျွန်ုပ်ပြောပြီးပြီမဟုတ်လား၊ နို့ပေမဲ့ မပြောရသေးဘူးဆိုရင်လည်း အခု ပြောပါ့မယ်လေ . . .၊ အိုရိုနဲ့ ကျွန်ုပ်ဟာ ရှေးပဝေသဏီကတည်းက အသက်ရှင် တည်ရှိလာခဲ့တယ်။ ဟိုတစ်ခါတုန်းက ကမ္ဘာနဲ့ အခုကမ္ဘာဟာ ခြားနားတယ်၊ သို့သော် ခြားနားတယ် ဆိုပေမယ့်လည်း မထူးပါဘူး၊ အတူတူပါပဲ။ သူဟာ လူသားတစ်ယောက်ပါ၊ နတ်မဟုတ်ပါဘူး။ ကျွန်ုပ်ဟာလည်း မိန်းမသားတစ်ဦးပါ၊ အိုရိုဟာ သူ့ဘိုးဘေးစဉ်ဆက်က အတတ်ပညာရပ်တွေကို ရရှိခဲ့ပါတယ်၊ သူ့တန်ခိုးသတ္တိဟာ အင်မတန် ကြီးမားတယ်၊ သင်တို့မလုပ်နိုင်တာကို သူလုပ်နိုင်တယ်။ သူဟာ တခြားလူတွေကို ခေါ်ပြီး လဟာပြင်ထဲကို ဖြတ်သန်းသွားနိုင်တယ်၊ နောက်ပြီး ပြန်လာနိုင်တယ်၊ ကမ္ဘာရဲ့ ဝေးလံတဲ့နေရာမှာ ဖြစ်ပွားနေသည်များကို သူ သိစွမ်းနိုင်တယ်၊ သူဟာ လူတွေကို သတ်ပစ်နိုင်တယ်၊ ဟို လူရိုင်းကောင်တွေကို သတ်ပစ်ပုံကို သင်တို့မြင်ခဲ့တယ်မဟုတ်လား။ နောက်ပြီး ကမ္ဘာကြီး၏ လျှို့ဝှက်ချက်တွေကို သူသိထားတယ်၊ အကယ်၍ သူအလိုရှိခဲ့ရင် ကမ္ဘာကြီး လည်ပတ်နေတာကို ပြောင်းသွားအောင်လုပ်ပြီး မြေငလျင်ကြီးတွေ ဖြစ်ပေါ်လာအောင် လုပ်နိုင်တယ်။ အဲဒီအခါ ပင်လယ်ဟာ မြေပြင်ဖြစ်ပြီး မြေပြင်ဟာ ပင်လယ်ဖြစ်သွားစေနိုင်တယ်၊ ပူတဲ့ ဒေသတွေကို အေးအောင်၊ အေးတဲ့ဒေသတွေကို ပူအောင်လုပ်နိုင်တယ်"

"ဟာ . . . ဒါမျိုးတွေက ကမ္ဘာ့သမိုင်းတစ်လျှောက်မှာ သူ့ဘာသာသူဖြစ်ပေါ်လာခဲ့တာပဲ . . . အိုရိုရဲ့ အကူအညီ မလိုပါဘူး"

"ဒီလိုအတတ်ပညာမျိုးကို ကျွန်ုပ်ရဲ့ အရင်အထက်က လူတွေ တတ်သိထားကြလို့ နောက်လူတွေလည်း တတ်ကြမှာပါပဲ၊ ကျွန်ုပ်တောင်မှ အတော်အတန် တတ်သိထားပါတယ်၊ အတတ်ပညာသည် အင်အားဆိုမဟုတ်လား"

"သင်ပြောတာ မှန်ပါတယ်၊ သို့သော် သင့်ဖခင်မှာ ရှိတယ်ဆိုတဲ့ အတတ်ပညာမျိုးကို လူသားတစ်ယောက်က တတ်နိုင်မယ် မဟုတ်ပါဘူး"

ဟု ကျွန်ုပ်က ဝင်၍ ပြောလိုက်၏။

"သင်ဆိုလိုတာက ဗက်ကလီလို လူသားမျိုးကို ဆိုလိုတာ ဖြစ်ပါလိမ့်မယ်။ သူထင်နေတာက သူတတ်စရာရှိသမျှကို အားလုံးသူတတ်ပြီးပြီ၊ နောက်ထပ် သင်စရာမလိုဘူးလို့ သူက ထင်နေတယ် . . . ဒီလိုဘယ်ဟုတ်မလဲ။ လွန်ခဲ့တဲ့နှစ် ထောင်ပေါင်းသောင်းပေါင်းများစွာက လူတွေဟာ၊ အခုခေတ်လူတွေထက် ၁၀ ဆမက ပိုပြီး တတ်ကြတယ်၊ ၁၀ ဆမက အသက်လည်း ပိုပြီးရှည်ကြတယ်"

"လူသားတွေဟုတ်လား"

"ဟုတ်တယ်လေ လူသားတွေပဲ၊ နတ်တွေဘာတွေ မဟုတ်ပါဘူး။ ကျွန်ုပ်၏ဖခင်ဟာ လူသားတစ်ဦးပါ၊ လူသားတစ်ဦးအနေနဲ့ သူ့မှာ စိုးရိမ်မှုတွေ၊ မျှော်လင့်မှုတွေ ရှိတာပေါ့၊ သူလိုချင်တာက တန်ခိုးအာဏာ စွမ်းအင်သတ္တိသာ လိုချင်တာပါ။ ကမ္ဘာက သူ့သြဇာအာဏာကို တော်လှန်တော့ သူ့ကိုတော်လှန်တဲ့ ကမ္ဘာရဲ့ အစိတ်အပိုင်းကို သူဖျက်ဆီးပစ်လိုက်တယ်။ ဒါဟာဘာကိုပြသလဲဆိုရင် လူသားတစ်ဦးအနေနဲ့ တန်ခိုးအာဏာကို လိုချင်တယ်၊ တော်လှန်တဲ့လူက သူ့ကိုတော်လှန်တော့ ကလဲ့စားချေပစ်လိုက်တယ်၊ ဒါပဲမဟုတ်လား။ နောက်တစ်ချက်က သူဟာ သေရမှာကို အင်မတန်ကြောက်တယ်၊ ဒါ့ကြောင့် မသေရအောင် အချိန်ကို ဆွဲထားတဲ့အနေနဲ့ နှစ်ပေါင်း ၂၅၀,၀၀၀ ကြာအောင် အိပ်လိုက်တာပဲ၊ အိပ်နေနိုင်အောင်လုပ်ဖို့ သူ့မှာ ပညာရှိတယ်မဟုတ်လား"

"သေရမှာကို သူက ဘာ့ကြောင့် ကြောက်ရတာလဲ . . . သေခြင်းနဲ့အိပ်ခြင်းဟာလည်း အတူတူပဲမဟုတ်လား"

"ဒါကတော့ သူ့ပညာက အိပ်ခြင်းနဲ့ သေခြင်းမတူဘူး ဆိုလို့ ဖြစ်မှာပေါ့။ သူဟာ ဒါလောက်တောင် ပညာအတတ်ကြီး တတ်နေပေမဲ့လို့ သေပြီးတဲ့နောက်ပိုင်းမှာ လူတစ်ယောက်ဟာ ဘာဖြစ်သွားမယ်ဆိုတာကိုတော့ သူမသိဘူး။ ဒါ့ကြောင့် သေရမှာကို သူကြောက်နေတာ၊ ဒါကြောင့်လည်းပဲ ဘုန်းကြီးဗက်စတင်ကို ခေါ်ပြီး ဆွေးနွေးတာပေါ့။ ဗက်စတင်က အနာဂတ်ရဲ့ လျှို့ဝှက်ချက်ကို သူသိတယ်လို့ ပြောတယ်မဟုတ်လား"

ကျွန်ုပ်က ကြားဝင်၍ . . .

"နို့ . . . သင်ကော သေရမှာကို မကြောက်ဘူးလား"

ဟု မေးလိုက်ရာ အီဗာက . . .

"မကြောက်ပါဘူး ဟမ်ဖရီ၊ ကျွန်ုပ်အနေနဲ့ကတော့ သေခြင်းဆိုတာ မရှိဘူးလို့ ထင်တယ်၊ နောက်ပြီး မကောင်းမှုကိုလည်း မလုပ်ခဲ့လေတော့ ဘာ

ကိုမှလည်း မကြောက်ဘူး။ နို့ပေမယ့် အိပ်တဲ့အခါများမှာတော့ အိပ်မက်တွေ ဘာတွေ မက်တယ် . . . ဩော် ဟမ်ဖရီ ကျွန်ုပ်ထင်မိတယ်”

ထိုနေရာသို့ရောက်လျှင် အီဗာသည် ခေတ္တရပ်လိုက်ပြီးနောက် ကျွန်ုပ်၏လည်ပင်းတွင် ဆွဲထားသော လော့ကတ်သီးဆီသို့ စူးစိုက်ကြည့်ရှုကာ ...

“ကိုင်းပါလေ . . . သင်တို့ရဲ့ ကမ္ဘာ့သမိုင်းနဲ့တကွ ဘာသာစကားတွေ ကမ္ဘာမှာ ဖြစ်ပျက်ခဲ့တာတွေကို ပြောပြကြစမ်းပါဦး . . . ကျွန်ုပ်သိလိုပါတယ်”

ကျွန်ုပ်သည် သူသိလိုသမျှအားလုံးကို ဗစ်ကလီ၏ အကူအညီဖြင့် ပြောပြလျက်ရှိရာ ကျွန်ုပ်ပြောသမျှ အကြောင်းအရာများကို သူက ကျွန်ုပ်ထက်ပင် ပို၍သိနေသေးသည်ကို တွေ့ရ၏။ သို့သော် သိသည်ဟု ဆိုသည်မှာ ယခုကျွန်ုပ်တို့ခေတ် ခေတ်မီအသိမျိုး မဟုတ်သည်သာ ခြားနားလျက်ရှိလေသည်။ ဥပမာအားဖြင့် သူတို့အိပ်ပျော်ခဲ့သည်မှာ နှစ်ပေါင်း ၂၅၀,၀၀၀ ရှိခဲ့ပြီဖြစ်၍ သူ၏အသိမှာ ထိုရှည်လျားလှသော နှစ်ပရိစ္ဆေဒအတွင်းကပင် ရပ်တန့်သွားခဲ့ပြီဖြစ်၏။ သို့သော် ကမ္ဘာကြီး၏ ယဉ်ကျေးမှုမှာ ထိုစဉ် ထိုအချိန်ကပင် အထွတ်အထိပ်သို့ ရောက်ရှိနေခဲ့လေပြီ။ သို့ဖြစ်၍ ပျောက်ကွယ်သွားပြီဖြစ်သော သူတို့လူမျိုးသည် နက္ခတ္တဗေဒ၊ သဘာဝ သံလိုက်ဓာတ်၊ ကမ္ဘာ၏ ဆွဲငင်ဓာတ်၊ ရေနွေးငွေ့၏ စွမ်းအင်၊ လျှပ်စစ်ဓာတ်အား၊ ဗိသုကာပညာ၊ ပန်းချီပန်းပု စသည့် ပညာရပ်များကို သိရှိတတ်ကျွမ်းရုံ မျှသာမက ဝေဟင်တွင် လေယာဉ် စီးသည့်အတတ်ကိုပါ တတ်ကျွမ်းပြီးဖြစ်၍ နေလေပြီ။

ထိုမျှသာမဟုတ်၊ သူတို့အထဲမှ အချို့ပုဂ္ဂိုလ်များသည် မိမိတို့ရှေ့တွင် ရှိသည့် အရာဝတ္ထုများကို ထိုးဖောက်သွားနိုင်သည့် အတတ်ပညာကိုပင် တတ်သိ၍ထားကြ၏။ ဤပညာမှာ နှစ်ပိုင်းရှိ၏။ ပထမပိုင်းမှာ မိမိ၏ခန္ဓာကိုယ်ကို ကွဲသွားအောင် ပြုလုပ်ပြီးလျှင် ရှေ့တွင်ခံနေသည့်အရာကို ထိုးဖောက်ဝင်ရောက် သွားပြီးနောက် ဒုတိယပိုင်းမှာ အခြားဘက်သို့ ရောက်သောအခါ ခန္ဓာကိုယ်ကို မူလအတိုင်း တစ်ဖန်ပြန်၍ စုစည်းခြင်းပင် ဖြစ်လေသည်။ အခြားပညာရပ်တစ်ခုမှာ ခန္ဓာကိုယ်ထဲမှ မိမိ၏ဝိညာဉ်ကို ခွဲထုတ်ခါ သွားလိုရာသို့ စေလွှတ်နိုင်ခြင်း ဖြစ်၏။ ဝိညာဉ်သည်သာ ခွဲထွက်သွားသော်လည်း အာရုံငါးပါးကို ခံစားနိုင်စွမ်းရှိသည့်အပြင် အမှတ်သညာလည်း ရှိသဖြင့် တွေ့ကြုံခံစားခဲ့ရသမျှ အားလုံးကို မှတ်မိသိရှိနိုင်လေသည်။

အီဗာ ပြောပြသည့် အထဲတွင် သူတို့၏ လူမျိုးများထဲမှ အချို့သည် လဟာပြင်ထဲရှိ အခြားကမ္ဘာများသို့ပင် သွားရောက်နိုင်ကြောင်းလည်း ပါရှိလေသည်။

ထိုအခါ ဇစ်ကလီက ကြားဝင်၍ . . .

"ဒီလိုခရီးမျိုးကို သင်ကော သွားဖူးသလား"

"တစ်ခါနှစ်ခါ အိပ်မက်ထဲမှာတော့ ကျွန်ုပ်သွားဖူးပါတယ်"

"အိုဗျာ . . . ဒါကတော့ လူတိုင်း အိပ်မက်မက်နိုင်ကြတဲ့ဟာ"

ဤထူးဆန်းသော ကိစ္စလေးမှာ ကျွန်ုပ်၏ ကုသိုလ်ကံ စီမံဖန်တီးသဖြင့် နောင်တွင် ဆက်လက်တွေ့ရအံ့ဆဲဆဲ ဖြစ်သောကြောင့် ယခု ဤနေရာတွင် အကျယ်ချဲ့၍ မရေးလိုတော့ပါ။

ထို့နောက် အီဗာက သူတို့၏လူမျိုးတွင် စိတ်တစ်ခုနှင့်တစ်ခု ဆက်သွယ်စကားပြောနိုင်သည့် အတတ်ကိုလည်း ပေါက်မြောက်အောင်တတ်ထားကြသည့်လူများလည်း ရှိသေးကြောင်း၊ ဤအတတ်ကို တတ်ထားသူတစ်ဦးသည် အခြားလူတစ်ဦး၏ စိတ်ကူးကို သိထားကြောင်း၊ သို့ဖြစ်၍ လိမ်ညာ၍မရနိုင်ကြောင်းများကို ပြောပြလေသည်။ ဇစ်ကလီက . . .

"သြော် . . . အဲဒါကြောင့် ကျွန်ုပ် အာယုဝဍ္ဎနရေစင်ကို ခတ်ခဲ့ကြည့်ဖို့ ကြံစည်နေကြောင်း သင်သိထားတယ်ဆိုပါတော့"

"မှန်တယ် . . . ဇစ်ကလီ"

"ထားပါတော့လေ၊ ဒါပေမဲ့ ကျွန်ုပ် တွေးတောကြံဆတာက အင်္ဂလိပ်လို ကြံစည်စိတ်ကူးပြီး လုပ်တယ်၊ သင်က အင်္ဂလိပ်ဘာသာစကားလည်း မတတ်ဘဲနဲ့ ကျွန်ုပ်စိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို ဘယ့်နှယ်လုပ်သိနိုင်မှာလဲ ခင်ဗျာ"

"ဒီလိုပါလေ ကျွန်ုပ်သိနေတာက သင့်ရဲ့ စိတ်အကြံအစည်ကို သိနေတာပဲ၊ ဘာသာစကားနဲ့ မဆိုင်ပါဘူး။ စိတ်ကူးဆိုတာမျိုးက သင့်စိတ်ကူးဟာ ကျွန်ုပ်ဆီကို ရောက်လာနိုင်တယ်။ သင့်ရဲ့စိတ်ကူးဟာ ဘာဖြစ်တယ်ဆိုတာကို ကျွန်ုပ်အလိုရှိခဲ့ရင် ကျွန်ုပ်၏ ဘာသာစကားနဲ့ဖြစ်စေ၊ တခြားဘာသာစကားနဲ့ဖြစ်စေ ပြန်ပြီး ပြောလို့ရနိုင်တယ်"

"တော်ပါသေးရဲ့ဗျာ . . . သင်က အလိုရှိခဲ့ရင်ဆိုလို့ နို့မဟုတ်ရင် ခက်ရချည်သေးရဲ့။ ဘာ့ကြောင့်လဲဆိုတော့ လူတစ်ယောက်ရဲ့ စိတ်ကူးဆိုတာဟာ သူ့ကိုယ်ရေးကိုယ်တာ ကိုယ်ပိုင်ကိစ္စ မဟုတ်လား"

"သင်ပြောတာ မှန်တယ် . . . ဒါ့ကြောင့် သင်၏စိတ်ကူးကို နောင်ဘယ်တော့မှ ကျွန်ုပ် ဝင်မကြည့်တော့ဘူး၊ သင်ဟာ တယ်ပြီး ယုံကြည်မှုကင်းမဲ့တဲ့လူတစ်ယောက်ပဲ"

ဤတွင် ဇစ်ကလီလည်း ဒေါသတကြီးဖြင့် အပြင်သို့ ထွက်သွားတော့၏။

ထိုအခါ အီဗာက . . .

"သူစိတ်ဆိုးသွားတာ ကျွန်ုပ်မအံ့ဩပါဘူး။ သူ့လို အင်မတန်တော်တဲ့ လူတစ်ယောက်အဖို့ သူအကုန်လုံးသိတယ်၊ သူအကုန်လုံးတတ်တယ်လို့ အထင်ရောက်နေတယ်။ နောက်တော့မှ သူဟာ ဘာမှမသိသေး၊ မတတ်သေးပါကလားလို့ သိသွားတော့ အခံရခက်သွားတာပေါ့၊ သူ့အတွက် ကျွန်ုပ် ဝမ်းနည်းမိပါတယ်။ သူ့ကိုလည်း ကျွန်ုပ် များစွာ ခင်မင်ပါတယ်"

"ဒီလိုဆိုရင် ကျွန်ုပ်အတွက်လည်း သင်စိတ်မကောင်းဖြစ်ရမှာပဲ အီဗာ"

"အို မဟုတ်တာဘဲ၊ သင်က သိချင်တယ် တတ်ချင်တယ်၊ အစာကိုတောင့်တတဲ့ ငှက်ငယ်လို ပါးစပ်ကိုဟထားတယ်မဟုတ်လား၊ ကျွန်ုပ်ဟာ သိပ်ပြီး တတ်လှတယ်လို့တော့ မဟုတ်ပါဘူး။ သို့သော် သင်သိလိုတာကိုတော့ ဖြည့်စွမ်းပေးနိုင်လိမ့်မယ် ထင်ပါတယ်"

"ကောင်းပြီ . . . ကျွန်ုပ်တစ်ခု မေးပါရစေ၊ သင်ဟာ နှစ်ပေါင်း ၂၅၀,၀၀၀ အိပ်စက်လို့ လာခဲ့တယ်လို့ အဆိုရှိတယ်။ နောက်ပြီးတော့ သင့်ကိုယ်၌က ပြောတာနဲ့၊ ဒါမှမဟုတ်လည်း အရိပ်အမြွက်အားဖြင့် ကျွန်ုပ်သိအောင် လုပ်ထားတာက ဤမျှလောက် နှစ်ပရိစ္ဆေဒကြာညောင်းအောင် သင်အိပ်နေတဲ့အတွင်းမှာ သင်ဟာ အခြားခန္ဓာကိုယ်အတွင်းမှာ ဝင်ရောက်ပြီး အသက်ရှင်နေခဲ့ကောင်း နေခဲ့လိမ့်မယ်တဲ့။ ဒီတော့ သေပြီးသည့်နောက်ကောကျွန်ုပ်တို့ တစ်ဖန်ပြန်ပြီး လူသားအဖြစ်နဲ့ပဲဖြစ်ဖြစ် နေနိုင်တယ်ဆိုတာကို သံသယရှိပါသလား"

"ဒီလိုလေ အတတ်ပညာအားဖြင့် အိပ်စက်ခြင်းဆိုတာကတော့ သေခြင်းမဟုတ်ပါဘူး။ အိပ်စက်နေစဉ် အတောအတွင်းမှာ ခန္ဓာကိုယ်ကြီးအတွင်းက ဝိညာဉ်ဟာ လှည့်လည်သွားလာနေပြီး တစ်စုံတစ်ခုသော အသွင်သဏ္ဌာန်အတွင်းမှာ ကိန်းအောင်းနေနိုင်တယ်။ အဲဒီဝိညာဉ်ဟာ အလကားမနေဘူး။ နောက်ပြီး သေခြင်းဆိုတာဟာလည်း သေတာမဟုတ်ဘဲ အိပ်ပျော်ခြင်းတစ်မျိုးပဲ။ ဒီနောက် အိပ်ရာက နိုးလာတော့ အခြားအသွင်သဏ္ဌာန်တစ်ခုကို ယူထားတာဖြစ်နိုင်တယ်။ သို့သော် အဆုံးမှာတော့ တကယ့်သေခြင်းဆိုတာကတော့ တစ်နေ့နေ့ တစ်ချိန်ချိန် လာရမှာပဲ။ အဲဒီအခါမှာ ဝိညာဉ်ဟာ တစ်ခါတည်း ချုပ်ငြိမ်းရမယ်။ ဒါက ကျွန်ုပ်တို့လူမျိုး သိထားတာဖြစ်လို့ ကျွန်ုပ်လည်း သိထားတာပဲ"

"ဒီလိုဆိုရင် လူတွေဟာ ကမ္ဘာကို အဖန်တလဲလဲ ပြန်ရောက်နိုင်တယ်ဆိုတဲ့ သဘောပေါ့"

"ဟုတ်ပါတယ် ဟမ်ဖရီ . . . သံသရာကြီးဆိုတာ ရှိတယ်။ ဘဝသံသရာဆိုတာပေါ့။ သို့သော် နောက်ဆုံးမှာတော့ တကယ့်သေခြင်း . . . နောက်တော့ . . ."

"အို . . . ဒီဟာကိုတော့ ကျွန်ုပ်မသိဘူး၊ ဗက်စတင်ကိုမေးမှ ဖြစ်မယ်"

"နေပါစေလေ . . . မမေးပါနဲ့တော့၊ သင်နဲ့ ကျွန်ုပ်က စိတ်သဘောချင်း တိုက်ဆိုင်နေတော့ သင်ပြောသမျှလောက်နဲ့ ကျွန်ုပ်မှာ လုံလောက်ပါပြီ။ ကိုင်း ဗစ်ကလီလည်း ပြန်လာတော့မယ်၊ တခြားစကားကို ကျွန်ုပ်တို့ ပြောကြရအောင် . . . ကျွန်ုပ်ဖခင်ကြီး ပြောတဲ့အတိုင်း စစ်တိုက်နေရပြီလို့ ဆိုတဲ့ သင်တို့လူမျိုးရဲ့သမိုင်းကို ပြောပြစမ်းပါဦး"

[ ၁၉ ]

## တုတ်နှင့်အဝစ်ခံရခြင်း

မကြာမီပင် ဗစ်ကလီရောက်လာ၍ ကျွန်ုပ်တို့သုံးဦးသားတို့လည်း ပျော်ပျော်ရွှင်ရွှင် စကားစမြည် ပြောဆိုလျက်ရှိကြကုန်၏။ အီဗာကဲ့သို့ ရုပ်ရည် ချောမောလှပသည့် မိန်းကလေးတစ်ယောက်အပေါ်တွင် မည်သူမျှ ကြာရှည်စွာ စိတ်ဆိုးနိုင်မည် မဟုတ်ပေ။ ကျွန်ုပ်တို့က သူသိလိုသမျှ ပြောပြရုံမျှမက အင်္ဂလိပ်စာကိုလည်း အစမှနေ၍ သင်ကြားပေးလျက်ရှိရာ၊ အီဗာမှာ အလွန် ဉာဏ်ထက်မြက်သူဖြစ်သည့်အတိုင်း ကျွန်ုပ်တို့ သင်ကြားသမျှကို ကောင်းစွာ လိုက်နာကြောင်း တွေ့ရ၏။ တစ်မနက်တည်းနှင့်ပင် သူသည် အင်္ဂလိပ် အက္ခရာများကိုသာမက စာရေးနည်းကိုပါ တတ်မြောက်လာလေသည်။ ဤသို့ဖြင့် သူ့အား စာသင်ပေးရင်း စကားပြောရင်းဖြင့် နံနက်စာ စားရန် အချိန်သို့ ရောက်ရှိလာတော့၏။ သူသည် အခြားအစားအစာများကို မစားဘဲ၊ သစ်သီးကိုသာစား၍ ကျွန်ုပ်တို့ကမူ မာရာမားတို့ ပေးပို့ထားသည့် အသားများ ကို စားကြ၏။ အီဗာနှင့် သူ၏ဖခင်တို့မှာ အသားဟူသမျှကို ရွံမုန်း၍ မလွှဲသာသော အချိန်ကျမှသာ စားသောက်ကြကြောင်း သိရ၏။

"အာယုဝဍ္ဎနရေစင်ကို ကျွန်ုပ် ယူလာပေးဦးမယ် . . . သင်တို့ ဒီရေစင်ကို များများသောက်ပေးရင် သတ္တဝါတို့ရဲ့ အသေသားကို စားဖို့ တဖြည်းဖြည်း ရွံရှာလာလိမ့်မယ်။ ကိုင်း . . . ကျွန်ုပ်ပြန်ဦးမယ် ဖခင်ကြီးက ခေါ်နေပြီ။ သင်တို့က မကြားပေမဲ့ ကျွန်ုပ်ကတော့ ဖခင်ကြီး၏ခေါ်သံကို ကြားနေရတယ်၊ မနက်ဖြန်တော့ဖြင့် ကျွန်ုပ် မလာနိုင်ဘူး။ နို့ပေမဲ့ သန်ဘက်ခါ ကျွန်ုပ်လာတဲ့အခါကျရင် ရေစင်ကို ယူလာခဲ့ပါ့မယ်၊ အခု ကျွန်ုပ်ကို သင်တို့ လိုက်မပို့ကြပါနဲ့တော့။ တော်မီက လိုက်လာချင်ပုံရတယ်။ သူ့ကိုပဲ ခေါ်သွား

မယ်နော်၊ ဒီလို အဖော်ကင်းမဲ့တဲ့ နေရာကြီးမျိုးမှာ သူကလေးဟာ တကယ့် မိတ်ဆွေကလေးလိုပါပဲ”

တော်မီသည် ခုန်ပေါက်မြူးတူးကာ အီဗာ၏ နောက်သို့ လိုက်သွားတော့၏။ ထိုအခါ ဗက်စတင်က . . .

“ကြည့်စမ်း . . . အင်မတန် ကျေးဇူးကန်းတဲ့ ခွေးကောင်ကလေး။ တို့များကတော့ သူငယ်ငယ်ကလေးကစပြီး တယုတယ ကျွေးမွေးသုတ်သင်လာခဲ့ရတယ်။ အခုတော့ တစ်ခါတည်း သူစိမ်းတစ်ရုံစာနောက် လိုက်သွားလိုက်တာ ကြော့လို့ . . . မင်းမိန်းမကိုသာ အခုလို သူခင်မင်တာ ငါမြင်ရတယ်။ တခြားမိန်းမတွေကို သူအခုလို မခင်ပါဘူးကွာ”

“အေး . . . ဟုတ်တာပဲကွ၊ မင်းပြောမှ သတိရတယ်၊ ဘာဖြစ်လို့လဲဆိုတာ ငါတော့ဖြင့် နားမလည်ဘူးကွာ . . . ဟော . . . ဗက်စတင်ကြီးပြန်လာပြီဟေ့”

ဗက်စတင်သည် ပင်ပန်းနွမ်းရိလာဟန် လက္ခဏာ ဆံပင်စုတ်ဖွားဖြင့်ပြန်လာသည်ကို မြင်ရ၏။ သူ၏လက်တွင်ကား ဓမ္မကျမ်းစာအုပ်ကြီး ပါမလာတော့ချေ။ ဗစ်ကလီက စကားစ၍ . . .

“ဟေ့ . . . ဘယ်လိုလဲကွ၊ အားလုံးကောင်းပါ၏ခင်ဗျားပဲလားကွ”

“နေစမ်းပါဦးကွာ . . . နည်းနည်းပါးပါး စားသောက်ပါရစေဦး”

စားသောက်ပြီးကြသောအခါ ဗက်စတင်က . . .

“ငါ့ကို အီဗာက ဟိုခန်းမဆောင်ကြီးထဲကို ခေါ်သွားပြီး အဘိုးကြီးဆီမှာ ထားခဲ့တယ် . . . ရောက်ရောက်ခြင်း ဆိုပါတော့ကွာ အလုပ်စရတော့တာပဲ။ ဓမ္မဟောင်းကျမ်းစာထဲက ပုံပြင်တွေကို သူက အတော်သဘောကျတယ်၊ သူက အဲဒီအထဲမှာ အမှန်တရားတွေပါသတဲ့။ ဒါပေမဲ့လို့ သူက အဲဒါတွေဟာ အထူးအဆန်းမဟုတ်ဘူး၊ ခေတ်ပေါ်စာရေးဆရာတစ်ယောက်ရဲ့ လက်ထဲရောက်သွားပြီး အဲဒီစာရေးဆရာက ပြန်ရေးထားတာပါပဲတဲ့။ ဖြစ်ရလေကွာ၊ အဲဒီဓမ္မဟောင်း ကျမ်းစာကိုရေးတဲ့လူကိုများ ခေတ်ပေါ်စာရေးဆရာတဲ့။ ငါတော့ ဒီလူကြီးကို ပြန်နှက်ချင်လိုက်တာ အူယားနေတာပဲ။ ဒါပေမဲ့ စိတ်ကို မနည်း ချုပ်တီးထားလိုက်ရတယ်ဟေ့။ ဟို . . . ရေကြီးလွှမ်းမိုးတဲ့အကြောင်းကိုတော့ ငါအသာချန်ထားပြီး ကောင်းကင်ဘုံနဲ့ ငရဲအကြောင်းကို ပြောပြလိုက်တယ်။ ဒီလူကြီးက ကောင်းကင်ဘုံတို့ ငရဲတို့ဆိုတာ ကြားတောင်မကြားဖူးဘူးဆိုပဲကွ၊ ဒီတော့ ငါလည်းပဲ သူသံဝေဂရချင်ရ၊ မရရင်တော့ သူ့ရဲ့ မိုက်မဲတဲ့ ပြစ်မှုအတွက် ငရဲကို သွားရလိမ့်မယ်လို့ တစ်ခါတည်း ပြောချလိုက်တယ်”

“ဒီတော့ ဘာဖြစ်သလဲ ဆိုစမ်းပါဦး”

"ငါက ဒီလိုပြောလိုက်တော့ သူကြောက်သွားပုံရတယ်ကွ၊ သူကြောက်တတ်တယ်ဆိုရင်ပေါ့လေ။ ဒါနဲ့ သူက ဒီကိစ္စဟာ သူ့အတွက် အင်မတန် အရေးကြီးပါတယ်တဲ့။ သူ့မှာ နောက်ထပ်နေရလှရင် နှစ်ပရိစ္ဆေဒ ရာပေါင်း အနည်းငယ်လောက်ပဲ နေရတော့မယ်တဲ့။ ပိုပြီးနေနိုင်အောင် နောက်ထပ်တစ်ခါ အိပ်လိုက်ရင်တော့ ဖြစ်နိုင်တယ်တဲ့။ နောက်ပြီး သူ့ကို ငါက ဘာဖြစ်လို့ မိုက်တယ်ထင်ရသလဲတဲ့။ အဲဒီလို မေးလိုက်တော့ သူဟာ သန်းပေါင်းများစွာသော လူသားတွေကို ရေမှာ နှစ်သတ်ပစ်လိုက်တဲ့အတွက် မိုက်မဲတယ်၊ ပြီးတော့ စိတ်ယုတ်မာ ရှိတယ်ဆိုတာကို ပြတဲ့အကြောင်း၊ တကယ်လို့ သေစေလိုတဲ့ဆန္ဒ မရှိရင်တောင်ဘဲ သူ့ပယောဂနဲ့ သေကုန်ကြရလို့ သူ့မှာ အပြစ်ရှိနေတဲ့အကြောင်း ပြောလိုက်တယ်၊ အဲဒီလို ငါကပြောလိုက်တော့ သူလည်း ခဏစဉ်းစားနေပြီး ဒီလိုဆိုရင် သူ ဘယ်လိုလုပ်ရမလဲလို့ မေးတယ်၊ ဒီတော့ သူ ဒီလိုလုပ်မိခဲ့တဲ့အတွက် နောင်တရပြီး တရားသံဝေဂရဖို့အကြောင်း၊ သူကျူးလွန်မိခဲ့တဲ့ ပြစ်မှုအတွက် လျော်ကြေးပေးရမယ့်အကြောင်း ပြောလိုက်တယ်"

"ဘာကွ . . . လျော်ကြေးဟုတ်လား"

"ဟုတ်တယ်လေ၊ လျော်ကြေးပေးရမယ်လို့ သူ့ကို ငါပြောလိုက်တယ်။ အဲဒီနေရာမှာ ငါမှားသွားသကွ၊ သူက နောင်တရပါပြီတဲ့၊ သူဒီလိုလုပ်လိုက်လို့ နောက်ထပ်ဖြစ်လာတဲ့လူတွေဟာ သူဖျက်ဆီးပစ်လိုက်တဲ့ လူတွေထက် ပိုပြီးဆိုးနေတယ်တဲ့ကွ၊ လျော်ကြေးနဲ့ပတ်သက်လို့ကတော့ သူလုပ်ခဲ့ပြီးတဲ့ အလုပ်မျိုးကို နောက်တစ်ကြိမ်ထပ်ပြီး လုပ်ပြနိုင်သေးသတဲ့။ သူ့အဆိုက ရေနစ်အောင် လုပ်ပစ်လိုက်တဲ့ ကုန်းမြေတွေ ရေပေါ်ကို ပြန်ပေါ်စေပြီး ရေပေါ်ရောက်နေတဲ့ ကုန်းမြေတွေကို ရေထဲ ပြန်မြုပ်သွားအောင် လုပ်ပေးပါ့မယ်တဲ့၊ အဲဒီလိုဆိုရင် အားလုံးညီမျှသွားရော မဟုတ်လားတဲ့။ ဟော့ကောင် ဗစ်ကလီမင်းက ဘာကို သဘောကျလို့ ရယ်နေတာလဲကွ၊ ဒါဟာ ရယ်စရာမဟုတ်ဘူးလေကွာ၊ သူက ဒီလိုပြောလိုက်တော့ အင်း အဘိုးကြီးဟာ စိတ်မပြောင်းသေးပါကလားလို့သိရတယ်၊ငါကတော့သူ့စိတ်(နှလုံးသား)ပြောင်းအောင်လုပ်နေတာပဲ"

ဗစ်ကလီသည် မျက်ရည်များပင် ကျအောင် ခွက်ထိုးခွက်လန် ရယ်မောလျက်ရှိနေ၏။ ထို့နောက် ဗက်စတင်၏ မျက်နှာကို ကြည့်ကာ . . .

"ဖြစ်မှဖြစ်ရလေကွာ ကောင်ကြီးရာ . . . အဘိုးကြီးကတော့ တကယ့်လူကြွားကြီးမှ လူကြွားကြီးပါကွာ၊ ဒါပေမဲ့လို့ သူကြွားတဲ့အတိုင်း နောက်တစ်ကြိမ် ရေလွှမ်းမိုးအောင် လုပ်ပြီး ဥရောပတိုက်ကြီးကို ရေအောက်ရောက်သွားအောင် လုပ်ပစ်လိုက်ရင်ကော"

“အေး . . . ဒါကို ငါစဉ်းစားမိတယ်၊ သို့သော် ဒီအဖြစ်အထိ ရောက်မယ်လို့တော့ ငါမထင်ပါဘူး၊ ဟိုတုန်းကတော့ ရေလွှမ်းမိုးမှုကြီးတစ်ခု အမှန်ပဲဖြစ်ခဲ့တယ်ကွာ၊ နို့ပေမဲ့ ဒါဟာ အိုရိုနဲ့ လုံးဝမပတ်သက်ပါဘူး၊ မဟုတ်ဘူးလားကွာ အာဗူနော့”

“အေး . . . ဒီဟာ ထားပါတော့ကွာ . . . ဒါနဲ့ နောက်ဆုံးတော့ ဘာဖြစ်သလဲ”

“နောက်ဆုံးတော့ သူက ငါ့ကျမ်းစာအုပ်ကြီးကို ယူထားလိုက်တယ်၊ သူက စာတွေကို ဖတ်နိုင်ပုံရသကွ၊ စာအုပ်ကို လေ့လာကြည့်ဦးမယ်တဲ့၊ နောက် ၂ ရက်ကြာရင် စာအုပ်ကို သူဘယ်လိုသဘောရသလဲဆိုတာ အကြောင်းပြန်မယ်တဲ့၊ ငါ့ကိုလည်း ပြန်ပေးတော့တဲ့။ ဒါနဲ့ ငါက ပြန်ဖို့လမ်းကို မသိတဲ့အကြောင်း ပြောလိုက်တော့ သူက သူ့လက်နဲ့ ဝှေ့ယမ်းပြလိုက်တယ်၊ ဒီနောက် ငါလည်း ဘာဖြစ်တယ်ဆိုတာ မသိတော့ဘူး”

ဗစ်ကလီက . . .

“ဒါဖြင့် မင်းက မြေပြင်ပေါ်ရောက်အောင် လေဟုန်စီးပြီး တက်လာသလား”

“မဟုတ်ဘူးကွ၊ အဖြစ်က ဒီလို . . . တစ်စုံတစ်ယောက်က ငါ့ကို ဆွဲခေါ်သွားသလို ထင်လိုက်ရတယ်၊ နောက်ပြီး ဘယ်လို ဘယ်နည်းနဲ့ ငါဟာ သချိုင်းဂူကြီးကို ရောက်လာသလဲ မသိတော့ဘူး၊ ဟိုဓာတ်လှေကားကြီးကိုပဲ စီးတက်လာသလား၊ ဘာလားလည်း မမှတ်မိတော့ဘူး၊ အိုကွာ ဒီအကြောင်း တော်ကြပါစို့၊ ဒီနေရာကြီးမှာ နေရတာ ငါ့အတွက် တော်လောက်ပြီကွာ၊ အပြောင်းအလဲကလေးများရအောင် တို့များရဲ့ ရွက်သင်္ဘောကြီးဘက် သွားရရင် မကောင်းဘူးလား”

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်တို့သည် ဗက်စတင်၏ အကြံပေးချက်အတိုင်း ကျွန်းကြီးဘက်ဆီသို့ လှေဖြင့် လှော်ခတ်ကူးသွားကြ၏။ ဤသို့ သွားဝံ့ခြင်းမှာလည်း တိုင်းရင်းသားများ ရန်မူမည်ကို စိုးရိမ်ရန် မရှိတော့သဖြင့် ဤသို့ သွားဝံ့ကြခြင်း ဖြစ်လေသည်။ ကျွန်ုပ်တို့ လာနေသည်ကိုမြင်လျှင်ပင်၊ မာရာမားနှင့် သူ၏ လူများသည် ကမ်းစပ်သို့ လာရောက်ကြိုဆိုကြပြီးလျှင် ရွက်သင်္ဘောဆီသို့ အရောက်လိုက်၍ ပို့ဆောင်ကြ၏။ ကျွန်ုပ်တို့ ရွက်သင်္ဘော ပျက်ကြီးမှာ မည်သည့်နေရာတွင်မျှ ခြေရာလက်ရာ မပျက်ဘဲ၊ မူလထားခဲ့သည့်အတိုင်းပင် ရှိနေသည်ကို တွေ့ရ၏။

ရွက်သင်္ဘောကြီး၏ အခန်းထဲ၌ ရှိနေကြစဉ်၊ ဗစ်ကလီမှာ စိတ်ဓာတ်ကျနေသည့် လက္ခဏာဖြင့် . . .

“တို့များ ဒီနေရာက ထွက်ခွာသွားကြရင် ကောင်းလိမ့်မယ် ထင်တယ်ကွာ။ အထူးအဆန်းတွေကို တွေ့မြင်ရတာကတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့လို့ နေရာကြီးက မသန့်ဘူးကွ၊ မသန့်ဘူးဆိုတာက တို့စိတ်တွေအတွက် မသန့်ဘူးပြောတာ၊ ကြာရင် တို့တစ်တွေ ဦးနှောက်ချောင်ကုန်လိမ့်မယ်။ ဒီမှာရှိတဲ့ အသက်ကယ်လှေတစ်ခုက အကောင်းပဲ။ ဒီတော့ စားရေရိက္ခာတွေတင်ပြီး တို့များ သွားကြစို့လားကွာ၊ ဘယ်ဆီကို လွှင့်ကြရမယ်ဆိုတာလည်း တို့များ အတော်အတန် သိထားပြီပဲ”

ထိုအခါ ဗက်စတင်က . . .

“လှေကလေးနဲ့ သွားရမယ်ဆိုတော့ စွန့်စွန့်စားစား သွားရမှာပဲ၊ စွန့်စားရမှာကိုတော့ ငါမကြောက်ပါဘူး၊ သို့သော် ဒီနေရာမှာက ငါ့မှာအလုပ်ရှိနေတယ်၊ အိုရိုကို ခက်ခက်ခဲခဲ ချွတ်ယူရမယ်ဆိုတာ ငါသိတယ်၊ ဒါပေမဲ့ ငါစိတ်မပျက်ဘူး။ နောက်ပြီး အီဗာက ရှိသေးတယ်၊ သူဟာ ပွင့်လင်းတဲ့ မိန်းကလေးတစ်ယောက်၊ သူနဲ့ ငါ စကားကို ကောင်းကောင်းမပြောရသေးဘူး၊ တရားခမ္မနဲ့ ပတ်သက်လို့ ပြောတာပါ . . .၊ အဲ . . . နောက်တော့ တိုင်းရင်းသားတွေကလည်း ရှိသေးတယ်၊ ဆရာမရှိဘဲနဲ့ သူတို့ဘယ်လိုလုပ်ပြီး စာတတ်ကြမလဲ၊ အဲဒီတော့ ငါဖြင့် ဒီက ထွက်မသွားချင်သေးဘူးကွာ”

ထိုအခါ ကျွန်ုပ်က . . .

“ငါလည်း ဒီလိုပဲကွ၊ ငါ့မှာကတော့ ဒီ့ပြင်အကြောင်းတွေလည်း ရှိနေသေးတယ်။ တို့များ ဒီကျွန်းမှာ တွေ့နေရတဲ့အဖြစ်မျိုးတွေက လူတိုင်း တွေ့ကြုံနိုင်တာမဟုတ်ဘူး၊ တွေ့နေရတာတွေဟာ စိတ်ရဲ့လှည့်စားချက်တွေ ဖြစ်ချင်ဖြစ်နေမယ်၊ သို့သော် အင်မတန် စိတ်ဝင်စားဖို့ကောင်းတဲ့ လှည့်စားချက်တွေပဲ၊ လူတစ်ယောက်ဟာ အသက်ရာထောင် နေရသည့်တိုင်အောင် ဒီဟာမျိုးတွေကို တွေ့မြင်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ အိပ်မက်၏ အဆုံးအထိ ငါတော့ ဒီမှာပဲ နေသွားမယ်ကွာ”

ဟု ပြောလိုက်၏။

ကျွန်ုပ်နှင့် ဗက်စတင်တို့က ဤသို့ အသီးသီးပြောကြသောအခါ ဗစ်ကလီမှာ သူ၏အဆိုကို လက်လျှော့သွားသည့်ဟန်ဖြင့် . . .

“ကောင်းပြီလေ၊ မင်းတို့နှစ်ယောက်ပြောတာ မှန်တယ်လို့ ငါယူဆတယ်၊ ဒါဖြင့်လည်း ဒီမှာပဲ ဆက်နေကြတာပေါ့ကွာ၊ သေတစ်နေ့ မွေးတစ်နေ့ပဲ”

ရွက်သင်္ဘောမှ ကျွန်ုပ်တို့ ပစ္စည်းများကို ယူလိုသမျှ ယူ၍ ပြန်ခဲ့ရာ မာရာမားနှင့် သူ၏လူများက ကျွန်ုပ်တို့အား သယ်ယူလိုက်ပို့ကြ၏။ လမ်းတွင်

မာရာမားက ပုရောဟိတ်များကို သတ်ပစ်လိုက်သည့် 'အရိပ်အယောင်' ကြီး အကြောင်းကို မေးမြန်းသဖြင့် သူသည် အိုရီအား ဤကဲ့သို့ပင် မှတ်ထင်လျက် ရှိကြောင်း သိရ၏။ သို့နှင့် ကျွန်ုပ်က ဤကြောက်စရာကောင်းလှသည့် နတ်ကြီးသည် ယခု ကျွန်းတစ်ကျွန်းလုံးကို သူ၏ ဒိဗ္ဗစက္ခုဖြင့် ကြည့်၍နေကြောင်း၊ သူ့အား မရိုမသေ မလေးမခန့်မလုပ်ရန်အကြောင်း ပြောကာ ချောက်လှန့်လိုက်၏။

"မှန်ပါသည် . . . ယခုအခါ တောင်တော်နတ်ကြီးသည် ပြန်လည်နိုးကြားလာပြီဖြစ်ကြောင်း ကျွန်ုပ်တို့ သိပါသည်။ နတ်ကြီးသည် မြင်နိုင်သည်၊ ကြားနိုင်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့အပေါ်တွင် သက်ညှာပါရန် လျှောက်ထားပေးပါ"

ဟု ပြောလေသည်။

ဤသို့ပြောဆိုနေစဉ် ကျွန်ုပ်တို့သည် ချုံတန်းကလေးတစ်ခုအတွင်းသို့ ဝင်ရောက်လာလျက် ရှိနေကြ၏။ ဤသို့ ချုံတန်းကလေးအတိုင်း လျှောက်လာကြစဉ် ချုံပုတ်တစ်ခုအတွင်းမှ မျက်နှာဖုံးစွပ်ထားသည့် လူရွယ်တစ်ယောက် ရုတ်တရက် ထွက်လာပြီးနောက် သူ့လက်တွင် ကိုင်ထားသည့် တုတ်အနက်တစ်ချောင်းဖြင့် ကျွန်ုပ်တို့ဘက်သို့ လှမ်း၍ တအားပစ်ပေါက်လိုက်၏။ ဤလူငယ်မှာ အသက်အရွယ်အားဖြင့် ၁၃ နှစ်၊ ၁၄ နှစ်သားမျှသာ ရှိပါလိမ့်ဦးမည်ထင်ရ၏။

သူသည် ဗက်စတင်အား ချိန်ရွယ်၍ ပစ်ပေါက်လိုက်ဟန်တူသော်လည်း တုတ်သည် ၎င်းအား မထိဘဲ ကျွန်ုပ်၏ ဦးခေါင်းကို လာ၍ထိမှန်ရာ ကျွန်ုပ်မှာ ဦးခေါင်းတွင် ပူခနဲဖြစ်သွားပြီးနောက် တစ်ခဏမျှ မူးဝေသွားပြီးလျှင် တစ်ခါတည်း သတိလစ်၍ လဲကျသွားတော့၏။

သတိလစ်လျက်ရှိစဉ် ကျွန်ုပ်သည် အိပ်ပျော်ရာတွင် အိပ်မက်မက်သကဲ့သို့ အရိပ်အယောင်များကို မြင်၍နေရ၏။ အိုရီသည် ကျွန်ုပ်အား တစ်စုံတစ်ရာကို ခိုင်းစေတော့မည့်ဟန်ဖြင့် ကျွန်ုပ်၏ မျက်နှာကို စူးစိုက်ကြည့်ရှုလျက်ရှိနေ၏။ ထို့နောက် အီဗာ၏ရုပ်သွင် ပေါ်လာပြီးလျှင် ကျွန်ုပ်၏အနီးသို့ ကပ်ကာ အားပေးစကားပြောကြားလျက် တစ်ခါတစ်ရံလည်း ကျွန်ုပ်၏ဇနီးအသွင်ပေါ်လာ၍ အီဗာ၏အသံဖြင့် ကျွန်ုပ်အား စကားပြောလျက်ရှိ၏။ ကျွန်ုပ်စိတ်တွင် သူတို့နှစ်ယောက်မှာ သွင်ပြင်အားဖြင့် ခြားနားသော်လည်း တစ်ဦးတည်းတစ်ယောက်တည်းထင်ကာ ကျေနပ်နှစ်သိမ့်၍ နေမိတော့၏။ ရှင်သူသည် သေသူကို တွေ့ရသကဲ့သို့ သေသူသည် ရှင်သူကို တွေ့နေရသည်နှင့်ပင်တူတော့၏။

တစ်ကြိမ်တွင် အီဗာသည် ကျွန်ုပ်အား ကျွန်ုပ်၏အိမ်လိုလို အိမ်တစ်ဆောင်သို့ ခေါ်သွား၏။ အိမ်၏ဝရံတာ၌ကား မိန်းမတစ်ယောက်သည် ကလေးငယ်ကို ပွေ့ချီကာ ထိုင်လျက်ရှိလေသည်။

အီဗာသည် ထိုမိန်းမထံသို့ ကျွန်ုပ်အား ခေါ်သွားရာ ထိုမိန်းမသည် ကျွန်ုပ်ကို မြင်သည်နှင့် တစ်ပြိုင်နက် ကလေးငယ်အား အောက်သို့ အသာအယာ ချထားလိုက်ပြီးလျှင် ကျွန်ုပ်အား လာ၍ ဖက်ထားလိုက်၏။ ကျွန်ုပ်အား ဖက်ထားသော မိန်းမမှာ အခြားသူမဟုတ်၊ ကျွန်ုပ်၏ ဇနီးဖြစ်၍ နေလေသည်။

"ဒီမယ် ရှင့်ကလေးကို ကြည့်ပါဦး၊ မထွားဘူးလား၊ ဒါကတော့ ရှင်နဲ့ကျွန်မနဲ့ အတူတူနေဖို့ ဆောက်ထားတဲ့အိမ်လေ"

ကျွန်ုပ်၏စိတ်များမှာ ရှုပ်ထွေးသွားကုန်တော့လျက် . . .

"အီဗာ . . . ဟဲ့ ငါ့ကို ဒီကိုခေါ်လာပေးတဲ့ အီဗာကော . . . ဘယ်ရောက်သွားသလဲ၊ အိမ်ထဲများ ဝင်သွားသလား"

"ဟုတ်တယ်၊ အိမ်ထဲဝင်သွားလေရဲ့၊ ဒီမယ် ကျွန်မကိုပဲ ကြည့်ပါဦးလေ"

ကျွန်ုပ်က ကြည့်လိုက်ရာ သူ၏မျက်နှာမှာ အီဗာပင်ဖြစ်၍နေသည်ကို တအံ့တဩ တွေ့လိုက်ရတော့၏။ သူ၏မျက်လုံးများကလည်း ကျွန်ုပ်အား တအံ့တဩစိုက်၍ ကြည့်နေလေသည်။

"ဟော့ . . . ဒါတွေက ဘာဖြစ်နေတာလဲကွ"

"ကျွန်မတော့ နားမလည်ပါဘူးရှင်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ရှင်ချစ်ချင်ရင် အီဗာကို ချစ်နိုင်ပါတယ်၊ သူ့ကိုချစ်လို့ ကျွန်မ မနာလိုဝန်တို မဖြစ်ပါဘူး၊ သူ့ကိုချစ်ရင် ကျွန်မကို ချစ်တာနဲ့ အတူတူပါပဲ၊ ကိုင်း ကျွန်မဟာ ရှင်နဲ့ ဝေးနေပေမဲ့ ရှင့်အနားမှာပဲ ရှိနေပါတယ်လေ . . . ကဲ ကျွန်မသွားလိုက်ဦးမယ်နော်"

ဤနေရာတွင် အိပ်မက်မှာ ပြီးဆုံးသွားတော့၏။ ဤအိပ်မက်တစ်ခုတည်းကိုသာ ကျွန်ုပ်၏ စိတ်ထဲတွင် စွဲမြဲ၍ ကျန်နေတော့၏။ အိပ်မက်၏အဆုံးတွင် ကျွန်ုပ်၏နားထဲ၌ အနီးမှ စကားပြောနေသံများကို ကြားရလေရာ၊ အသံများမှာ ဗစ်ကလီနှင့် အီဗာတို့၏ အသံများဖြစ်လေသည်။

ဗစ်ကလီ၏အသံ . . .

"ဟုတ်ပြီ . . . သူဘာမှမဖြစ်တော့ပါဘူး၊ အစတုန်းကတော့ဖြင့် သွားရောလို့ အောက်မေ့လိုက်တာပဲ"

အီဗာ၏အသံ . . .

“သူမသေနိုင်ဘူးဆိုတာကို ကျွန်ုပ်သိပါတယ်။ ကျွန်ုပ်ရဲ့ ဖခင်ကြီးကလည်း ဒီလိုပဲ ပြောထားပါတယ်”

“သေတာက နှစ်မျိုးရှိတယ်ဗျ . . . လူကောင်ကြီး သေသွားတာရယ်၊ ပြီးတော့ စိတ်သေသွားတာရယ်၊ ဒီလိုရှိတာကိုး။ တကယ်လို့ သူသေမသွားတောင် သူ့သတိဟာ ကောင်းတော့မယ်မဟုတ်ဘူးလို့ ထင်ခဲ့မိတယ်။ အခုတော့ စိတ်ချရပါပြီလေ။ အားလုံးကောင်းသွားမှာပါ”

ထိုအခါ ဇက်စတင်၏အသံက ကြားဝင်၍ . . .

“ကြားရတာ ဝမ်းသာလိုက်တာကွာ၊ ငါတော့ဖြင့် ဒီအကောင်ကို သရဏဂုံတင်ပေးရတော့မလားလို့ အောက်မေ့နေတာ။ အဲ . . . သူ့ကို မြှုပ်ဖို့တောင် နေရာကလေးတစ်ကွက် ကောင်းကောင်းရှာလို့ တွေ့ထားသေးတယ်”

ဇက်စတင်၏ စကားကို ကြားလိုက်ရသဖြင့် ကျွန်ုပ်မှာ ပြုံးပင်ပြုံးမိသေး၏။ ဇက်စတင်မှာ နေရာတကာတွင် တိကျသေချာသည့် လူပါပေတည်း။

“ဒီတော့ မင်းပင်ပန်းရတာ အလကားဖြစ်သွားတာပေါ့ကွ”

“အေးကွာ . . . ကိစ္စမရှိပါဘူး၊ ဒါပေမဲ့လို့ ဟော့ကောင် ဗစ်ကလီ၊ မင်းက ခွဲစိတ်ကုသပေးလို့များ သူပြန်ပြီး နေကောင်းလာတယ် မထင်လိုက်ပါနဲ့၊ မင်းကတော့ မင်းကုပေးလို့ ပျောက်တယ်ဆိုပြီး ဂုဏ်ယူနေသပေါ့လေ။ အမှန်ကတော့ အီဗာက ဟိုရေစင်ကို ယူလာပြီး တိုက်ရတာရယ်၊ အိုရိုက ပေးလိုက်တဲ့ဆေးကို တိုက်ပေးတာရယ်၊ အဲဒါတွေကြောင့် ပျောက်တာကွ။ ဒါတွေကို မင်းရဲ့အလစ်မှာ တို့များက တိုက်ပေးလိုက်တာ”

“ဟကောင်ရ၊ ဒီလိုဆိုရင် နောင်ကို ငါ့လူနာတွေကို မင်းဘယ်တော့မှ ဝင်မရှုပ်စမ်းနဲ့ကွာ . . . ဒါပဲ”

နောက်ဆုံးတွင် ဗစ်ကလီက ဇက်စတင်အား ငေါက်ငမ်းပစ်လိုက်ရာ ထိုအချိန်၌ ကျွန်ုပ်လည်း ပြန်၍ အိပ်ပျော်သွားပြန်တော့၏။

ကျွန်ုပ် အိပ်ရာမှ နိုး၍ ကြည့်လိုက်သောအခါ အိပ်ရာဘေးတွင် အီဗာတစ်ယောက်သာ ထိုင်နေသည်ကို တွေ့ရ၏။

“ကျွန်ုပ်ကို ခွင့်လွှတ်ပါနော်။ တခြားလူတွေအားလုံး လမ်းလျှောက်ထွက်သွားကြတယ်”

ဟု အီဗာက အင်္ဂလိပ်ဘာသာဖြင့် ဖြည်းညင်းစွာ ပြောလိုက်လေသည်။

“နေပါဦး သင့်ကို ဘယ်သူက အင်္ဂလိပ်စကား သင်ပေးသလဲ ဟင်”

“သင်နေမကောင်းတုန်း ဗစ်ကလီရယ်၊ ဇက်စတင်ရယ်က သင်ပေးတာပေါ့။ ရယ်စရာတော့ သိပ်ကောင်းနေတာပဲ။ ယောကျ်ားတွေဟာ ဟိုတုန်း

ကလည်း ဒီလိုပဲ။ အခုလည်း ထူးမခြားနားပဲ။ ဘာ့ကြောင့်လဲဆိုရင် တခြား ဘယ်မိန်းမမှ သူတို့အနားမှာ မရှိကြရင် ရှိတဲ့မိန်းမတစ်ယောက်ကိုပဲ သူတို့က ချောတယ်လို့ ထင်နေကြတာကလား"

ကျွန်ုပ်၏စိတ်ထဲတွင် "အင်း . . . ဒီအကောင်တွေ ဘာများ လျှောက် လုပ်နေကြပါလိမ့်" ဟု တွေးလိုက်၏။

"ဒါနဲ့ ကျွန်ုပ်နေမကောင်းတာ ဘယ်လောက်ကြာသွားပြီလဲ"

"နှစ်လခွဲလောက် ကြာသွားတယ်"

"အမယ်လေး . . . ၁၀ ပတ်ကြီးများတောင် ပါကလား"

"ဟုတ်တယ် ၁၀ ပတ်နဲ့ ၃ ရက်လုံးလုံးပဲ။ ပထမတော့ သိပ်ပြီး ဖျားနေတယ်။ နောက်တော့ ဂယောင်ချောက်ချားတွေပြော ဘာပြောနဲ့ ဖြစ်လာ တယ်။ အို . . . ကျွန်ုပ်ရဲ့ နှလုံးသားထဲကအဆွေ . . . သင်ဟာ အတော်ကြီး ကို ဖျားပြီး မနည်းဖြစ်သွားတယ်၊ တစ်ခါတစ်ခါ သေများသွားမလားလို့တောင် စိုးရိမ်မိသေးတယ်၊ ကျွန်ုပ်မှာ ဆုတောင်းလိုက်ရတာ အမောပဲ"

"နိုး . . . ကျုပ်ဘာဖြစ်သွားတာလဲ အီဗာ"

"ဟို ကောင်ကလေး ပစ်လိုက်တဲ့ တုတ်ထိသွားလို့ပေါ့။ ကောင် ကလေးရဲ့အဖေဟာ ကျွန်ုပ်ရဲ့ ဖခင်ကြီး သတ်ပစ်လိုက်တဲ့ ပုရောဟိတ်ကြီးလေ။ ထိသွားတဲ့ ဒဏ်ရာကြောင့် သင့်ခေါင်းကွဲသွားတယ်၊ ဗစ်ကလီက ခွဲစိတ်ကုသ ပေးတယ်၊ အိုရိုလည်း တက်လာပြီး ဗစ်ကလီကို အကူအညီပေးပါတယ်၊ ကျွန်ုပ် ကလည်း ပေးတာပါပဲ။ အိုလေ ကျွန်ုပ်စိတ်ထဲမှာတောင် ဗလောင်ဆန်ပြီး သင့် အတွက် စိုးရိမ်လိုက်ရတာ မပြောပါနဲ့တော့။ တစ်ချိန်တုန်းက ကျွန်ုပ်၏ ချစ် သူဟာလည်း အသတ်ခံလိုက်ရတယ် မဟုတ်လား"

"ကျွန်ုပ်ကို ခွဲစိတ်ကုသတာကော အောင်မြင်တယ် မဟုတ်လား"

"ဟုတ်ပါတယ် အောင်မြင်ပါတယ်၊ ဗစ်ကလီဟာ သိပ်ပြီး တော်တဲ့ လူပဲ၊ သူ့ကြောင့် သင်အသက်ချမ်းသာရာရလို့ သူ့ကိုတောင် ကျွန်ုပ်ချစ်မိသလို လို ဖြစ်သွားသေးတယ်။ ဗက်စတင်ကတော့ ဘာပြောသလဲ သိလား၊ ချစ်ချင်း ချစ်ရင် သူ့ကိုသာ ချစ်သင့်သတဲ့။ သူ့ဆုတောင်းကြောင့် အားလုံး ချောချော မောမော ဖြစ်သွားရလို့တဲ့ရှင်"

"နှစ်ခုစလုံးကြောင့် ဖြစ်ပါလိမ့်မယ်လေ"

"ဟုတ်ပါလိမ့်မယ်၊ သင်ဟာ အဖျားကြီး ဖျားသွားပြီး စိတ်တွေ ဂယောင်ချောက်ချား ဖြစ်သွားတော့ ကျွန်ုပ်ဟာ ဖခင်ကြီးဆီပြေးသွားပြီး ကယ် ပါဦး . . . မကယ်ရင်တော့ သင်သေရပါလိမ့်မယ်လို့ တောင်းပန်ရတယ်။ ဒီ တော့ ဖခင်ကြီးက ဘာပြောသလဲဆိုရင် နင်ဟာ ငါ့အလိုဆန္ဒကို တစ်ကြိမ်မက

အခုတစ်ကြိမ်လည်း တော်လှန်ဦးမလို့လားတဲ့ ဒီလူဟာ ငါနဲ့ ဘာမှပတ်သက်တာလည်း မရှိဘဲနဲ့ ဘာ့ကြောင့် သူ့အသက်ကို ငါက ကယ်ရမှာလဲလို့ ပြောတယ်။ ဒီတော့ သင့်ကို ကယ်ဖို့ရာမှာ သင့်အတွက် သက်သက်မဟုတ်ဘူး။ သူ့အတွက်လည်းပဲ ပါတဲ့အကြောင်း၊ အသက်တစ်ချောင်းကို ကယ်လိုက်ရတဲ့အတွက် သူ့မှာ ကုသိုလ်တွေအများကြီး ရနိုင်တဲ့အကြောင်း ပြောလိုက်ပါတယ်။ ဒါတွင်ဘယ်ကမလဲ သင့်ကို မကယ်ဘဲနေလို့ သင်သေသွားရင် သားအဖအကွဲပဲ။ အဖေတစ်ယောက်တည်းသာ နေရစ်ခဲ့ပေတော့ . . . အဖေတစ်ယောက်တည်းသာ မင်းလုပ်ပြီးနေပေတော့လို့ ခပ်တင်းတင်းပဲ ကျွန်ုပ်က ပြန်ပြောလိုက်တယ်။ ဒီတော့ ဖခင်ကြီးလည်း တစ်ယောက်တည်း မနေရစ်ခဲ့ချင်လို့ စိတ်ပျော့သွားပြီး ကျွန်ုပ်ဆီက ကတိတစ်ခု တောင်းတယ် . . . ကတိကတော့ သင့်ကို ကယ်မယ် . . .၊ အဲဒီလို ကယ်ရတဲ့အတွက် ဖခင်နဲ့ ဘယ်တော့မှ မခွဲပါဘူးဆိုတဲ့ ကတိပေးပါတဲ့၊ မပေးရင်တော့ သင်ဟာ သေမှာပဲတဲ့လို့ ပြောတော့ . . . ကျွန်ုပ်လည်း သင့်အတွက် သူတောင်းတဲ့ ကတိကို နောက်ဆုံးပေးလိုက်တယ်။ အဲဒီလို ကျွန်ုပ်က ကတိပေးလိုက်တော့ ဖခင်ကြီးက ဆေးတစ်ခွက်ပေးလိုက်တယ်၊ အဲဒီဆေးကို ဟိုရေစင်နဲ့ ရောပြီး တိုက်ပေးပါဆိုလို့ သင့်ကို တိုက်တယ်၊ အဲဒီဆေးကြောင့် သင်အခုပြန်ပြီး နေကောင်းလာတာပါ။ ဒါတွေကို ဗစ်ကလီကတော့ မသိရှာဘူး။ အခု ကျွန်ုပ် ပြောတာတွေဟာ အားလုံး အမှန်တွေချည်းပါပဲ ဟမ်ဖရီ"

"ဒါတွေ ကျွန်ုပ်အတွက် ဘာ့ကြောင့် လုပ်ပေးနေရသလဲကွယ်၊ အီဗာရယ်"

"မသိဘူး ဟမ်ဖရီ . . . ကျွန်ုပ်လုပ်မပေးဘဲ မနေနိုင်လို့ လုပ်ပေးတာပဲ သိတယ် . . . ကိုင်း တစ်ရေးအိပ်လိုက်ပါဦးနော်"

[ ၂၀ ]

# ဗက်စတင်နှင့် ဗစ်ကလီတို့ နောက်ဆုံးအခန်း

ကျွန်ုပ်၏ ခန္ဓာကိုယ်မှာ ကျန်းမာ၍လာပြီဖြစ်သော်လည်း အားအင်ပြည့်ဖြိုးရန် ရက်အတော်ပင် ကြာခဲ့၏။ အမှန်သော် အီဗာပေးသော ရေစင်ကို သောက်ရသောကြောင့် တစ်နေ့တခြား အားအင်ပြည့်ဖြိုးလာခြင်းဖြစ်၏။ ထိုရေစင်ကို သောက်ရသည့်အတွက် ကျွန်ုပ်တွင် ပြောင်းလဲမှုတစ်ခု ဖြစ်လာခဲ့၏။ ၎င်းကား အခြားမဟုတ် သားငါးဆို၍ လုံးဝစားလိုစိတ် မရှိသည့်အပြင် အရက်သေစာကိုလည်း သောက်စားလိုစိတ် ကင်းမဲ့လာခြင်းဖြစ်လေသည်။

ထိုအချိန်လောက်၌ အိုရိုသည် ညဥ့်အချိန်များတွင် မကြာခဏ ရောက်လာတတ်၏။ ယခင်က ကြိုတင်ပြောမထားသော်လည်း သူရောက်လာမည်ကို ကျွန်ုပ်စိတ်ထဲတွင် အလိုလိုသိနေသကဲ့သို့ ရှိ၏။ ဗက်စတင်နှင့် ဗစ်ကလီတို့သည် ကျွန်ုပ်အား စောင့်ရန် မလိုသည့်အခါများတွင် သူတို့ကိုယ်တိုင် သီးသန့်ဆောက်လုပ်ထားသည့် အိပ်ဆောင်ကလေးတွင် အိပ်၍ ကျွန်ုပ်မှာ မူလ အိပ်ခန်းကြီးထဲ၌ အိပ်ရ၏။

အိုရိုမှာ လာမည်ဆိုလျှင် ဘွားခနဲ ပေါ်လာတတ်၍ ကုလားထိုင်ပေါ်တွင် ထိုင်နေသောအခါမှ ကျွန်ုပ်သိရတော့၏။ ထို့နောက် စကားလက်ဆုံကျပြီးလျှင် ယခင် မည်သည့်အခါကမျှ ကျွန်ုပ် မကြားဖူးသော ရှေးပဝေသဏီခေတ်က ကမ္ဘာကြီး၏ သမိုင်းကြောင်းများ၊ လျှို့ဝှက်ချက်များ၊ ယဉ်ကျေးမှုများနှင့် သူတို့၏ ဘိုးစဉ်ဘောင်ဆက် စိုးမိုးအုပ်ချုပ်ခဲ့ပုံများ၊ ရန်သူ၏ တိုက်ခိုက်မှုခံရပုံများကို ပြော၍ မဆုံးနိုင်အောင် ရှိတော့၏။

သို့နှင့် ကျွန်ုပ်က သူ့အား ဟိုယခင်က ခမ်းနားစွာ နေခဲ့ရပုံများကို ယခု ပြန်၍ အောက်မေ့သတိရမိပါသလားဟု မေး၍ ကြည့်မိ၏။ ထိုအခါ

အိုရိုမှာ တာရိုးကြီးကျိုးပေါက်သကဲ့သို့ သူ၏ရင်ထဲတွင် ရှိသမျှကို ဖွင့်ဟအံ ထုတ်တော့၏။

"သင် ရူးများနေသလား ဟမ်ဖရီ၊ ကျွန်ုပ်ဟာ ဘုရင်တကော့ ဘုရင် ဧကရာဇ်မင်းတစ်ပါးပဲ၊ ဒီဂူကြီးထဲမှာ တစ်ဦးတည်းစံပယ်ပြီး ပျော်နေတယ်လို့များ သင်ထင်နေသလား၊ မထင်နဲ့ ဟမ်ဖရီ၊ ယခင်ကထက် ပိုပြီး ကမ္ဘာကိုအုပ်ချုပ်မင်းလုပ်ချင်တဲ့ ဆန္ဒရှိတယ်၊ ဒါကြောင့် ထာဝရ အသက်ရှင်နေလိုတယ်"

ဟု ပြောလေ့ရှိ၏။ တစ်ညတွင် အိုရိုက ကျွန်ုပ်အား . . .

"သင့်မှာ ကြီးကျယ်မြင့်မြတ်တဲ့ အလားအလာရှိသည်ကို ကျွန်ုပ်မြင်သည်၊ ကျွန်ုပ်ကဲ့သို့ ဘုရင်အဖြစ် အုပ်စိုးရလိမ့်မည် ကျွန်ုပ်ထင်သည်၊ သင် တစ်ယောက်တည်းမဟုတ် . . . ကျွန်ုပ်၏သမီး အီဗာနှင့်အတူ ရွှေလက်တွဲ၍ ထီးနန်းစိုးစံရန် မင်းလုပ်ရန်ဖြစ်သည်။ အီဗာသည် ချောမောလှပ မင်းသမီး မည်ကာမတ္တသာမဟုတ်၊ ပညာဉာဏ်ဖြင့် ပြည့်စုံ၍ ဂုဏ်ယူလောက်သူဖြစ်သည်။ ဤသို့ဖြင့် သင်တို့၏ သားစဉ်မြေးဆက် ကမ္ဘာတစ်သက် မင်းနွယ်မျိုးရိုး တိမ်းညွှတ်ပပျောက်တော့မည်မဟုတ်"

ကျွန်ုပ်သည် ခပ်မဆိတ်နေလိုက်၏။

"သင်သည် အသက်တိုသောလူမျိုးမှ ဆင်းသက်လာခဲ့သည်။ သို့သော် ဉာဏ်ပညာ အရည်အချင်းနှင့် ပြည့်စုံ၏။ သို့ဖြစ်၍ သင့်အား ယခုထက် ၃ ဆ၊ သို့မဟုတ် ပို၍အသက်ရှည်စေရန် ကျွန်ုပ်စွမ်းဆောင်ပေးနိုင်သည်။ ဘုရင်၏သမီးတော်သည် သင့်အား ချစ်ခင်နှစ်သက်၍ နေလေပြီ။ သင်သည် ရှေးမင်းသားတစ်ပါးနှင့် ရုပ်ရည်သွင်ပြင် တူညီ၍ ဖြစ်ကောင်းဖြစ်ပေမည်။ ထို့ပြင် သင်တို့၏ ယခုကမ္ဘာကို ကျွန်ုပ်လေ့လာကြည့်ဦးမည်။ ဤကိစ္စတွင် သင်၏အကူအညီ လိုပေလိမ့်မည်၊ မည်သို့ကူညီရမည်ကို နောင်အခါမှ ကျွန်ုပ်ပြောပြမည်။ ကိုင်း . . . သင်အိပ်ပေဦးလော"

အိုရိုပြန်သွားပြီးနောက် ကျွန်ုပ်မှာ ရတ်တရက် အိပ်မပျော်နိုင်ဘဲ ထူးဆန်းသော သားအဖနှစ်ယောက် အကြောင်းကိုသာ စဉ်းစား၍ နေမိ၏။ သူ၏သမီးတော်နှင့်တကွ ကမ္ဘာ့လူသားတစ်ယောက်ဖြစ်သည့်အတိုင်း ကြီးကျယ်ခြင်း၊ တန်ခိုးအာဏာရှိခြင်းများကို လိုလားသည် မှန်သော်လည်း ကမ္ဘာ့သမိုင်းကို လေ့လာထားသဖြင့် မင်းများ၏ စည်းစိမ်ကို ကောင်းစွာ သိထားသဖြင့် မလိုလားချေ။ ယခင်က တန်ခိုးအာဏာ ခြွေရံသင်းပင်းနှင့် ပြည့်စုံခဲ့သော အိုရိုသည်ပင် ယခုအခါ အထီးကျန်ဘဝဖြင့် ရှိနေပြီမဟုတ်ပါလော။

ဤနေရာတွင် အိုရို၏အကြောင်းကို ခေတ္တဖြတ်ထား၍ ဗက်စတင်နှင့် ဗစ်ကလီတို့အကြောင်းကို ရေးသားဖော်ပြလို၏။

တစ်နေ့တွင် ဇက်စတင်သည် ကျွန်ုပ်ထံလာ၍ . . .

"ဟော့ . . . ငါတော့ ဖုံးကွယ်မထားချင်တော့ဘူးကွာ၊ မင်းမသိအောင် ငါဖုံးထားရင်လည်း ငါလွန်ရာကျမယ်၊ မှားလည်းမှားမယ် ထင်လို့ မင်းကို အခုဖွင့်ပြောတာပဲ။ ဖြစ်ပုံက ဒီလိုကွ . . . မင်းဖျားနေတုန်းက ငါ အီဗာကို ချစ်သွားမိတယ်၊ ဒါကို ငါအချိန်ယူပြီး စဉ်းစားပါသေးတယ်၊ နောက်တော့ အားလုံးရှင်းရှင်းလင်းလင်းဖြစ်တာ ကောင်းပါတယ်လေဆိုပြီး ငါမေတ္တာရှိနေကြောင်း သူ့ကို ဖွင့်ပြောလိုက်တာပေါ့ကွာ"

"အေး . . . ဟုတ်ပြီ၊ ဒီတော့ သူက ဘာပြန်ပြောသလဲ"

"ဟာ . . . ဘာပြောကောင်းမလဲ၊ သူ့ခမျာ တော်ရှာပါတယ်ကွာ၊ လူတစ်ဖက်သားကို နားခံသာအောင် ချိုချိုသာသာပြောရှာပါတယ်၊ ငါဖြင့် အဲဒီလို သူနဲ့ စကားပြောနေရတဲ့ တစ်နာရီလောက်အချိန်ကို ဒီတစ်သက် မမေ့ဘူးဘဲ။ အဲ . . . စကားပြောပြီးလို့ နောက်ဆုံးစာရင်းချုပ်လိုက်တော့ သူပြောတဲ့စကားက ငါ့ကို သူပြန်ပြီး မကြိုက်နိုင်ဘူးဆိုတဲ့သဘောပဲ။ နောက်ပြီး သူက ငါ့ကို ငြင်းဆန်လိုက်တာကိုပဲ ငါဖြင့် ဝမ်းသာနေမိတယ်။ သူ့အလိုအရ မောင်ချစ်နှစ်မချစ်နဲ့ နေကြရတာက လင်ရယ် မယားရယ်အဖြစ်နဲ့ ချစ်ပြီးနေရတာထက်ပိုပြီး သင့်မြတ်ပါကလားဆိုတာ ငါသဘောပေါက်မိတယ်။ အို ကွာ . . . သူ့ကို ငါနားလည်သလား မလည်ဘူးလားဆိုတာတောင် မသိတော့ပါဘူး။ အမှန်ဆိုရင် အင်း . . . ငါ့လုပ်ပုံက ကိုယ့်ရဲ့ ကိုယ်စောင့်နတ်သမီးကို ပဲ ပြန်ပြီး နောက်ပိုးသလို ဖြစ်နေသကွ"

"အေး . . . မင်းပေးတဲ့နာမည်နဲ့ သူနဲ့လိုက်တယ်၊ ကိုယ်စောင့်နတ်သမီး . . . ဟုတ်လား"

ထို့နောက် မကြာမီပင် ဇစ်ကလီရောက်လာ၍ သူ၏အရေးတော်ပုံကို ပြောပြပြန်၏။

"ဟော့ကောင် အာဗူနော့၊ ငါ့မှာ ဝန်ခံစရာတစ်ခုရှိနေတယ်ကွ၊ ငါအကဲခတ်လို့ သိထားရသမျှ အခုလိုဝန်ခံထားမှ နောင်ရှင်းလိမ့်မယ်လို့ ငါထင်တယ်"

"ဘာများလဲကွာ . . . ဆိုစမ်းပါဦး"

"ဒီလိုကွာ . . . ငါဟာ လူပျိုဘဝနဲ့ အရိုးထုတ်တော့မယ့်အကောင်ဆိုတာ မင်းသိတဲ့အတိုင်းပဲ၊ မိန်းမဆိုတာ ဘဝလမ်းကြောင်းထဲကို ရှုပ်ထွေးတဲ့ ပြဿနာတွေ ယူလာတတ်ကြတယ်။ ဒါကြောင့် ငါဟာ မိန်းမတွေကို တတ်နိုင်သမျှ ကြိုးစားပြီး ရှောင်လာခဲ့တယ်"

"အို . . . အဲဒါ ဘာဖြစ်သလဲကွ၊ ဒီအမြင်မျိုး မင်းတစ်ယောက်တည်းပဲ မြင်တာမဟုတ်ဘူးကွ၊ ဒီဟာကို မင်းနားလည်စမ်းပါ"

"ငါပြောပါဦးမယ်ကွာ . . . မင်းအတော်ကြီး နေမကောင်းဖြစ်နေတုန်းမှာ ငါဟာ အီဗာရဲ့ အလှကျော့ကွင်းမှာ မိသွားတယ်။ သူ့အလှတွင်သာ ဘယ်ဟုတ်မလဲတဲ့၊ သူ့မှာ သူနာပြုဆရာမတစ်ယောက်မှာ ရှိသင့်ရှိအပ်တဲ့ အရည်အချင်းတွေနဲ့ အားလုံးပြည့်စုံနေတယ်။ အဲဒါတွေကို ငါတွေ့ရမြင်ရတော့ သူ့ကို ငါသိပ်ပြီး သဘောကျသွားတယ်။ မိန်းမတစ်ယောက်မှာ ရှိသင့်ရှိအပ်တဲ့ အရည်အချင်းတွေ သူ့မှာ ရှိပါကလား၊ ငါ့မျှော်မှန်းချက်တွေ သူ့မှာ အပြည့်အဝရှိပါကလားဆိုတာကို သိရတယ်။ သူ့ရဲ့ဘဝနောက်ကြောင်းက ဘာပဲဖြစ်နေခဲ့ နေခဲ့၊ သူ့ကို ငါလက်ထပ်ချင်တဲ့စိတ် ပေါ်လာတယ်။ အမှန်ပြောရမယ်ဆိုရင် သူ့အလှကို မက်မောတာကတော့ အရင်းခံပေါ့လေ။ အချုပ်ကတော့ သူ့ကို ငါချစ်သွားတယ်ဆိုပါတော့"

"အေး . . . ဟုတ်ပြီ၊ မင်းလည်း ဗက်စတင်လိုပေါ့"

"ဘာတဲ့ . . . ဗက်စတင်လိုပဲ ဟုတ်လား၊ အံ့မယ် ဘုန်းကြီးကများ ရာရာစစ၊ အင်း . . . အေးလေ . . . သူလည်း ယောကျ်ားသားတစ်ယောက်ပေပဲ၊ သူ့ကိုလည်း အပြစ်မဆိုသာပေဘူးပေါ့။ ဒါပေမဲ့လို့ကွာ . . . အီဗာ့အပေါ် ငါ့သဘောထားကို သိထားရက်နဲ့များ ရည်းစားစကားသွားပြောတာကိုတော့ အံ့ပါရဲ့။ အေး . . . ဒီတော့ အီဗာက ဒီအကောင်ကို သူ့သဘောထားပြန်ပြောလိုက်တယ်မဟုတ်လား"

"အီဗာက ဗက်စတင်ကို ပြောတာထက် မင်းကိုဘယ်လိုပြောလိုက်သလဲဆိုတာ ပြောစမ်းပါဦး ဗစ်ကလီ"

"ငါ့ကို . . . ဟုတ်လား၊ ဟာကွာ သူဟာ တကယ့်ကို ချီးကျူးစရာပဲဟေ့၊ ငါ့ကို ငြင်းဆန်လိုက်တာ သိရတာတောင် ငါစိတ်မဆိုးနိုင်ဘူးကွ။ သူက ငြင်းလိုက် တဲ့အတွက် ငါ့မှာ ဝမ်းသာရမလိုတောင် ဖြစ်ရသေးတယ်။ (ဤတွင် ကျွန်ုပ်မှာ ဗက်စတင်ပြောခဲ့သည်များကို သတိရပြီးလျှင် တစ်ဖက်သို့လှည့်၍ ပြုံးလိုက်မိသေး၏။) သူက ဘာပြောသလဲဆိုတော့ သူယောကျ်ားယူဖို့ စိတ်မကူးသေးပါဘူးတဲ့၊ ရှေးအထက်ကဖြစ်ခဲ့တဲ့ အချစ်ကိစ္စကိုလည်း သူမေ့ပျောက်လို့ မရသေးပါဘူးတဲ့။ နောက်ပြီး သူ့အဖေကြီးကလည်း သဘောတူမှာမဟုတ်တဲ့အပြင် ဒီအကြောင်းတွေ သိသွားရင် တို့များအားလုံးအဖို့ မကောင်းပါဘူးတဲ့"

"သူက ဒါပဲပြောသလား"

"ကျန်သေးတယ်ကွ၊ ဒီကိစ္စနဲ့ပတ်သက်လို့ နောက်ကို ဘယ်တော့မှ မပြောပါနဲ့တော့တဲ့၊ ငါနဲ့သူ မိတ်ဆွေနှစ်ဦးလို သဘောထားပြီး နေကြရအောင်ပါတဲ့။ သူ့ထံက အကူအညီလိုရင် အချိန်မရွေး ရနိုင်ပါတယ်တဲ့။ အေးကွာ

နောက်ဆုံးမှာတော့ သူတောင်းသမျှကတိတွေကို ငါလည်း ပေးလိုက်ရတာပေါ့။ စိတ်ကတော့ မချင့်မရဲကြီးပဲ။ သို့သော် အခုတော့ ဘာမှ မဖြစ်တော့ပါဘူး”

“အင်း . . . မင်းအတွက် ငါစိတ်မကောင်းပါဘူးကွာ”

“ဟုတ်ကဲ့လားကွ၊ ဒီလိုဆိုရင် မင်းကလည်း ကံစမ်းပြီးပြီပေါ့လေ”

“မဟုတ်ရပါဘူး ဗစ်ကလီရာ”

ကျွန်ုပ်က ဤသို့ပြောလိုက်သောအခါ ဗစ်ကလီက . . .

“အေးလေ . . . မင်းအလှည့်ကျရင်တော့ အဖြေတစ်မျိုး ရချင်ရမှာ၊ ရလို့ရှိရင်လည်း တစ်မျိုးကောင်းတာပေါ့လေ၊ သို့သော် . . .”

“ဘာသို့သော်လဲကွ . . . ဆိုစမ်းပါဦး”

“ငါ အမှန်ကို ဖွင့်ပြောမယ် အာဗူနော့ . . . ကောင်းကောင်းနားထောင်။ အီဗာကို တို့အထဲက ဘယ်သူပဲရရ တို့တစ်တွေ ကံကောင်းတယ်လို့ မဆိုနိုင်ဘူး။ ငါဆိုလိုတာက သာမန်သဘောကိုပြောနေတာ မဟုတ်ဘူးနော်၊ အားလုံးထူးဆန်းနေတယ်။ လူသားမဆန်ဘူး၊ သူ့ကိုယ်တိုင်ကကော လူသားစင်စစ်မှ ဟုတ်ပါလေစ၊ တခြားမိန်းမတွေ ယောကျ်ားယူသလို သူက ယူနိုင်မှာတဲ့လား”

“ဒီတော့ ဒီကိစ္စတစ်ခုလုံးနဲ့ပတ်သက်ပြီး မင်းစိတ်ကို ပိုင်းဖြတ်လိုက်ပြီဆိုပါတော့၊ ဒီကိစ္စကြီးဟာ မျက်စိမှောက်လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်လည်း တစ်စုံတစ်ယောက်က စုန်းတိုက်၊ နတ်တိုက်၊ တိုက်ထားလို့ပဲဖြစ်ဖြစ် ဒီဟာတွေကို တို့များ ကြားနေရတယ်၊ မြင်နေရတယ်၊ သိနေရတယ်လို့ မင်းဆိုချင်တာပေါ့”

“မျက်စိမှောက်မှားလို့ဆိုရင် အရိပ်ကို အကောင်အထည်ထင်ဆိုသလို အရိပ်ကို လက်ထပ်ယူလို့ရတာမျိုးမှ မဟုတ်ဘဲ။ နောက်ပြီး စုန်းတိုက် နတ်တိုက်ဆိုရင်လည်း နောက်ဆုံးတော့ အလိမ်အညာနဲ့ မိမှာပဲ မဟုတ်လား။ ဒီတော့ ငါမှားပြီထားတော့ အဲဒါဘာဖြစ်သလဲ”

“မင်းဆိုလိုတာက အရှိကိုအရှိ၊ အမြင်ကိုအမြင်၊ မင်းဝန်ခံပြီ ဆိုပါတော့ . . . ဟုတ်လား”

“အေးကွာ ဆိုပါတော့ . . . ဒီတော့ ငါပြောမယ်နော် အာဗူနော့၊ မင်းကောင်းကောင်းနားထောင်၊ မင်းနဲ့ သူနဲ့ ချစ်နေပြီဆိုရင်တောင် အခုလို နှစ်ပေါင်း ထောင်ပေါင်းများစွာက အသက်ရှည်ပြီး နေလာခဲ့တဲ့ မိန်းကလေးတစ်ယောက်နဲ့ မင်းရဖို့ရာက လွယ်မှာမဟုတ်ဘူး။ တစ်စုံတစ်ခုဖြစ်လာပြီး မင်းတို့နှစ်ယောက်ကို ခွဲပစ်လိမ့်မယ်လို့ ငါထင်တယ်။ ဒီလိုပြောရတာလည်း ငါစိတ်မကောင်းပါဘူးကွာ”

ဤကဲ့သို့ ဗစ်ကလီက ပြောလိုက်သောအခါ ကျွန်ုပ်မှာ ကျောထဲတွင် စိမ့်၍သွားမိတော့၏။ သူပြောခြင်းမှာ တစ်စုံတစ်ရာကိုမြင်၍ ပြောခြင်းပေ လော။

သို့မဟုတ် တွေးတောကြံဆ၍ ပြောဆိုခြင်းပေလော မသိရချေ။ ဤသို့ ပြောဆိုပြီးနောက် သူသည် အပြင်သို့ ထွက်သွားလေသည်။

သူထွက်သွားပြီးနောက် မကြာမီပင် အီဗာရောက်ရှိလာ၍ သူက ...

"ဗစ်ကလီက ဘာတွေများပြောနေသလဲ . . . ဟမ်ဖရီ"

ကျွန်ုပ်မှာ မနေသာတော့ဘဲ ဆင်ဖွေ့ရန်ရှောင် သဘောမျိုးဖြင့် ...

"ဘာတွေပြောမှန်းကို မသိပါဘူး အီဗာ။ အခုတလော ဗစ်ကလီရော ဗက်စတင်ပါ သူတို့နှစ်ယောက်စလုံး သိပ်ပြီး စကားကောင်းကောင်း မပြောကြဘူး။ ကျွန်ုပ်ဖျားနေတုန်းက သင်နဲ့ပဲ သူတို့တစ်ချိန်လုံး စကားပြောနေခဲ့ကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်။ သူတို့က သင်နဲ့ အနီးကပ်ဆုံးမဟုတ်လား။ ဒါကို ခဏထားပါဦးလေ . . . ဗစ်ကလီက ဘာတွေပြောသလဲဆိုတာသာ သိချင်ပါတယ်။ ပထမပိုင်းကိုတော့ မပြောပါနဲ့တော့လေ နေပါစေတော့ ဒုတိယပိုင်းသာ ပြောစမ်းပါ"

ကျွန်ုပ်သည် အီဗာ၏ မေးခွန်းများကို ရှောင်လွှဲရန် ကြိုးစားသေး၏။ သို့သော် ရှောင်လွှဲ၍မရတော့ချေ။ သူ၏ ဝိုင်းစက်တောက်ပသော မျက်လုံးစုံသည် ကျွန်ုပ်၏ကိုယ်တွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ ကျွန်ုပ်၏စိတ်ကို သိသွားဘိသကဲ့သို့ ထင်မှတ်ရ၏။ သို့နှင့် ကျွန်ုပ်က . . .

"သူက ဘာပြောသလဲဆိုတော့၊ သင်ဟာ သာမန်မိန်းမမဟုတ်ဘူးတဲ့။ လူသားမဆန်ဘူးတဲ့။ လူသားမိန်းမတစ်ယောက်လို သင့်ကို ပေါင်းသင်းဆက်ဆံတဲ့ ယောကျ်ားဟာ ဒုက္ခရောက်လိမ့်မယ်တဲ့ . . . အရှည်ကို ကျွန်ုပ်မပြောတော့ပါဘူး။ အခုပြောတာက သူပြောတဲ့စကားရဲ့ အတိုချုပ်ပါပဲ"

"ကျွန်ုပ်လို မိန်းမစားတစ်ယောက်အတွက် ဒုက္ခခံချင်တဲ့ လူတွေ တစ်ပုံကြီးပါ၊ ဗက်စတင်နဲ့ ဗစ်ကလီတို့တောင် သူတို့အတိုင်းအတာနဲ့ သူတို့ အနာခံကြမှာပါပဲ"

ထိုစကားမှာ ကျွန်ုပ်ကို စောင်းချိတ်ပြောသော စကားဖြစ်ကြောင်း သိသဖြင့် ကျွန်ုပ်မှာ မခံမရပ်နိုင်တော့ဘဲ . . .

"ဒီမယ် ကျွန်ုပ်က ဒါကို ဆိုလိုချင်တာမဟုတ်ဘူး ခင်ဗျ"

"ဒါဖြင့် သင်ဆိုလိုချင်တာက ဗစ်ကလီပြောတာနဲ့ သဘောချင်းကိုက်ညီတယ်။ ကျွန်ုပ်ဟာ လူသားစင်စစ်မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာလေ"

အီဗာ၏ စကားများမှာ မှန်၍နေသဖြင့် ကျွန်ုပ်မှာ ခပ်မဆိတ်နေလိုက်ရတော့၏။

အီဗာက ဆက်လက်၍ . . .

"ကျွန်ုပ်ဟာ နှစ်ပေါင်း ၂၅၀,၀၀၀ မျှ အိပ်စက်၍ လာခဲ့ရတယ်။ ဤမျှလောက် ရှည်လျားသော အချိန်ကာလဟာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်သာ ကြာတယ်လို့ ထင်ရတယ်။ ကျွန်ုပ်ရဲ့ဖခင်ကြီးက ကျွန်ုပ်ကို ဆေးတိုက်ပြီး သိပ်လိုက်လို့ ကျွန်ုပ်မှာ အိပ်ပျော်သွားရတယ်။ ဟော ဗြုန်းဆို ပြန်ပြီး နိုးလာလို့ ကြည့်လိုက်တော့ သင်က ကျွန်ုပ်ကို ကုန်းပြီး ကြည့်နေတာတွေ့ရတယ်။ အဲဒီလို အိပ်ပျော်နေတဲ့ အချိန်ကာလအတွင်းမှာ ကျွန်ုပ် ဘယ်ဆီဘယ်ဌာနကို ရောက်နေခဲ့တယ် ထင်သလဲ။ သင်ဖျားနေတုန်းက အိပ်မက်မမက်ဘူးလား ဟမ်ဖရီ . . . ပြောစမ်းပါ။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်ုပ်ဟာ အိပ်မက်တစ်ခု မက်လို့ပဲ။ အိပ်မက်ထဲမှာက သင်ရယ်၊ ကျွန်ုပ်ရယ် ခရီးတစ်ခု သွားကြတယ်တဲ့။ နေတွေ၊ လတွေ၊ ကြယ်တွေ၊ ကမ္ဘာတွေကို ဖြတ်ကျော်ပြီး တခြားကမ္ဘာတစ်ခုဆီကို သွားကြတယ်။ အမှန်ကတော့ ဘာအဓိပ္ပာယ်မှ မရှိပါဘူး။ သင်နဲ့ ကျွန်ုပ် အဲဒီလို အိပ်မက်မျိုး ခပ်ဆင်ဆင် အတူတူမက်ကြရတော့ ကျွန်ုပ်ရဲ့ အိပ်မက်ဟာ သင့်ဆီကို ရောက်သွားလို့ဖြစ်လိမ့်မယ်။ ကဲပါလေ ဗစ်ကလီပြောတာ မှန်သနဲ့တူပါရဲ့။ ကျွန်ုပ်ဟာ သင်တို့ဆီက မိန်းမတွေလိုတော့ မဟုတ်ဘူး။ မစောင့်နိုင်တဲ့ ယောကျ်ားတစ်ယောက်ကိုတော့ ကျွန်ုပ်ဟာ ပျော်ရွှင်မှု ပေးနိုင်လိမ့်မယ် မထင်ဘူး။ အဲဒီတော့ ဟမ်ဖရီ။ ဗက်စတင်နဲ့ ဗစ်ကလီတို့ကို ကျွန်ုပ်ရဲ့အကြောင်း သိပ်ပြီး မစဉ်းစားကြနဲ့လို့ ကျွန်ုပ်က ပြောလိုက်သလို သင့်ကိုလည်း ဒီလိုပဲ ပြောထားမှထင်ပါရဲ့နော် . . ."

ဤသို့ ပြောလိုက်ပြီးနောက် အီဗာသည် လှပဝိုင်းစက်သော မျက်လုံးကြီးများဖြင့် ကျွန်ုပ်အား တစ်ချက်ကြည့်၍ပြုံးကာ ထွက်သွားလေသည်။

သူ၏အပြုံးကလေးသည် ကျွန်ုပ်၏ နှလုံးသားကို သူ့နောက်သို့ လိုက်သွားစေရန် ဆွဲဆောင်သွားလေပြီတကား။

[ ၂၁ ]

# ကျွန်ုပ်နှင့် အိုရီတို့ ခရီးထွက်ခြင်း

ထို့နောက်၌ကား အိုရီသည် ကျွန်ုပ်ထံ ညစဉ်လာရောက်၍ သူမလာသောညဟူ၍ မရှိချေ။ ထူးဆန်းသည်မှာ သူလာသည်ကိုလည်းကောင်း၊ ကျွန်ုပ်ထံမှ ပြန်သွားသည်ကိုလည်းကောင်း၊ ဗက်စတင်နှင့် ဗစ်ကလီတို့ လုံးဝမသိခြင်းဖြစ်၏။ ဤအကြောင်းနှင့်ပတ်သက်၍ သူတို့အား ပြောပြသောအခါ သူတို့က အဘိုးကြီး ကျွန်ုပ်ထံ လာရောက်လည်ပတ်ခြင်းနှင့် ပြန်သွားခြင်းတို့ကို လုံးဝမသိရသည်မှာ ထူးဆန်းသည်ဟူ၍ ပြောကြ၏။

အိုရီရောက်၍ လာသည့်အခါ သူသည် ကျွန်ုပ်အား ကမ္ဘာကြီး၏ လက်ရှိအခြေအနေနှင့် အုပ်စိုးပုံ အုပ်စိုးနည်းများ၊ လူမှုရေးအခြေအနေများ၊ လူမျိုးအသီးသီးတို့၏ ရုပ်ဆင်းသဏ္ဍာန်များ၊ ကိုးကွယ်ကြသည့် ဘာသာတရားများ၊ ယဉ်ကျေးမှုအဆင့်အဆန်း စသည်တို့ကို ခရေစေ့တွင်းကျ မေးမြန်း၏။

ကျွန်ုပ်ကလည်း တတ်နိုင်သမျှ ရှင်းလင်းပြောပြရလေသည်။ သို့နှင့်ပင် အဘိုးကြီးသည် တင်းတိမ်ရောင့်ရဲဟန် မတူချေ။

“ဒါတွေကတော့ ကျွန်ုပ်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ လေ့လာပြီးမှ ဆုံးဖြတ်လိုတယ်”

“လူမျိုးအသီးသီးတို့အကြောင်းကို ဘာကြောင့် ဤမျှသိရှိလိုပါသလဲ”

“ဘာကြောင့်လဲဆိုရင် . . . ကျွန်ုပ်သိရှိရသမျှ အကြောင်းများကို အခြေခံ ‘မူ’ ထားပြီး ကျွန်ုပ်၏ အကြံအစည်များကို ချမှတ်ရေးဆွဲလိုလို့ပဲ”

“သင်တို့လူမျိုးတွင် တစ်နေရာမှတစ်နေရာသို့ မိမိတို့ ကိုယ်ကို ဆောင်ကျဉ်းသွားလာနိုင်သော တန်ခိုးသတ္တိနှင့် ပြည့်စုံသည်ဟု ကျွန်ုပ်ကြားဖူးပါသည် ဟုတ်ပါသလား”

"သင်ပြောသည့်အတိုင်း မှန်၏။ ကျွန်ုပ်တွင်လည်း ဤတန်ခိုးသတ္တိ ရှိနေပါသေး၏"
"ဤသို့ဆိုလျှင် သင်ကိုယ်တိုင်သွားရောက်၍ သင့်မျက်စိဖြင့် ကြည့်ရှု နိုင်ပါသည်"
"သွား၍ကား ဖြစ်၏။ သို့သော် ကျွန်ုပ်အား ရှင်းလင်းပြောပြရန် လမ်းညွှန်သူတစ်ယောက် လိုနေသည်"
ဤသို့ပြောပြီးနောက် အိုရိုသည် ကျွန်ုပ်အား သူ၏စူးရှသော မျက်လုံးများဖြင့် ကြည့်ရှုလျက်ရှိရာ ကျွန်ုပ်မှာ မနေတတ် မထိုင်တတ်ဖြစ်၍ သွားတော့၏။

နောက်တစ်နေ့ညဉ့် သူရောက်လာပြီးလျှင် ကျွန်ုပ်ပေးသော အကြံအတိုင်း ခရီးထွက်၍ ခေတ်သစ်ကမ္ဘာကြီးကို ကြည့်လိုကြောင်းဖြင့် ပြောပြလေသည်။
"ခရီးက ဘယ်တော့လောက်ထွက်မှာလဲ ခင်ဗျာ"
"ထွက်ဆို ယခုပဲ ထွက်လိုတယ်၊ သင့်နိုင်ငံဖြစ်တဲ့ အင်္ဂလန်ကို ပထမ သွားပြီး လန်ဒန်မြို့ကြီးကို ကြည့်လိုတယ်၊ သင်က ကျွန်ုပ်နှင့် လိုက်ခဲ့ပါ"
"အို . . . မဖြစ်နိုင်တာပဲ၊ ကျွန်ုပ်တို့မှာ ခရီးသွားစရာ သင်္ဘောမှ မရှိဘဲ"
"သင်္ဘောမရှိပေမဲ့လည်း သွားလို့ရပါတယ်လေ"
ထိုစကားကို ကြားရသောအခါ ကျွန်ုပ်မှာ ထိတ်ခနဲ ဖြစ်သွားမိ၏။ သို့နှင့် ကျွန်ုပ်က ယခုအချိန်တွင် အားအင်ကောင်းစွာ မရှိသေးသဖြင့် ခရီးသွားရန် မဖြစ်နိုင်သေးကြောင်း။ ဗစ်ကလီ သို့မဟုတ် ဗက်စတင် တစ်ယောက်ယောက်ကို ခေါ်သွားရန်အကြောင်း ပြောလိုက်၏။
"အို . . . တစ်ယောက်က ခေါင်းထဲမှာ ဘာမှမရှိတဲ့လူ၊ နောက်တစ်ယောက်ဆိုတာကလည်း အမြဲပဲ ခေါင်းထဲမှာ သံသယတွေ ဝင်နေပြီး စောဒက ချည်းပဲ တက်ချင်တက်နေတာ၊ သူတို့နဲ့ မဖြစ်ဘူး၊ ဒီတော့ သင်ပဲ လိုက်ခဲ့ရမယ်"
ထို့နောက် အိုရိုသည် ကျွန်ုပ်အား စိုက်၍ကြည့်လိုက်ပြီးလျှင် သူ၏လက်ဖြင့် ကျွန်ုပ်၏ ဦးခေါင်းပေါ်သို့ ဖြည်းညင်းစွာ ယပ်လေခတ်လျက်ပေးလေရာ ကျွန်ုပ်မှာ တဖြည်းဖြည်း အိပ်ချင်သကဲ့သို့ ဖြစ်လာကာ သတိလစ်၍ သွားပြီးနောက် အမှောင်တိုက်ကြီး ဖုံးလွှမ်းသွားတော့၏။
သတိရသဖြင့် ထကြည့်လိုက်သည်တွင် ကျွန်ုပ်မှာ မြူများ ဆိုင်းနေသည့် နေရာတစ်နေရာတွင် မတ်တတ်ရပ်လျက်သား ဖြစ်နေသည်ကို တွေ့ရ

၏။ ဤကဲ့သို့ မြူများဆိုင်းနေသည်မှာ ကမ္ဘာပေါ်တွင် လန်ဒန်မြို့ကြီးတစ်မြို့သာ ဤကဲ့သို့ ဖြစ်တတ်၏။ ကျွန်ုပ်၏ နံဘေးတွင် အိုရိုလည်း ရှိနေ၏။ အိုရိုသည် ကျွန်ုပ်ဘက်သို့လှည့်၍ . . .

"အံ့ဩဖွယ်ကောင်းလှသည်ဆိုသော သင့်မြို့ကြီး၏ ရာသီဥတုဆိုသည်မှာ ဤလိုပဲလား ဟမ်ဖရီ"

"တစ်နှစ်တွင် သုံးလလောက်က ဤသို့ပင် ဖြစ်နေတတ်ပါသည်"

သူ၏အမေးများကို ဖြေကြားပြီးနောက် ကျွန်ုပ်လည်း မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို သိရှိရန် ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်ရာ ပါလီမန်အဆောက်အဦကြီးနှင့် ဝက်(စ)မင်စတာ ဘုရားရှိခိုးကျောင်းကြီးကို သွား၍ တွေ့လိုက်ရ၏။ ထိုအဆောက်အဦကြီးများအကြောင်းကို မေးသဖြင့် ကျွန်ုပ်က ရှင်းလင်းပြောပြလိုက်ရာ သူက . . .

"ကောင်းပြီ . . . စကားပြောကြသည်ဆိုသော အဆောက်အဦကြီးထဲကို ကျွန်ုပ်တို့ ပထမဝင်ကြည့်ကြရအောင်"

"ကျွန်ုပ်က ပါလီမန်အမတ်တစ်ယောက် မဟုတ်ပေဘူး . . . ပြီးတော့ ဧည့်သည်ခန်းမဆောင်ထဲဝင်သို့ ကျွန်ုပ်တို့မှာ ဝင်ခွင့်လက်မှတ်မရှိဘူး"

"ဒါတွေ မလိုပါဘူးလေ၊ လာသာ လာပါ၊ ကိုင်း . . . ရှေ့က သွားပေတော့"

ပါလီမန် အဆောက်အဦကြီးအတွင်းသို့ ဝင်သည့် အပေါက်တွင် ပုလိပ်အရာရှိတစ်ယောက် ရပ်၍ စောင့်နေသည်ကို မြင်ရသဖြင့် ကျွန်ုပ်မှာ ရုတ်တရက် မဝင်ဝံ့သေးဘဲ ခြေလှမ်းများ တုံ့၍သွားတော့၏။ ပုလိပ်အရာရှိသည် ကျွန်ုပ်အား စစ်ဆေးမေးမြန်းခြင်း ပြုမလားဟု စိုးရိမ်မိ၏။ သို့သော် ထိုပုလိပ်အရာရှိမှာ သူ၏ရှေ့မှောက်သို့ ကျွန်ုပ်ရောက်နေသည်ကိုပင် အလျဉ်းမသိသကဲ့သို့ ဖြစ်နေသည်ကို တွေ့ရ၏။ အိုရိုသည် သူ၏ဖားလျားကျနေသော ဝတ်ရုံကြီးကို ဖေ့ရမ်းကာ ရှေ့မှ ဝင်သွားလေရာ ကျွန်ုပ်လည်း ၎င်းနောက်မှ လိုက်၍သွားရတော့၏။ ပုလိပ်အရာရှိသည် သူ၏ရှေ့သို့ ကျွန်ုပ်ဖြတ်သွားသည်ကိုပင် မသိသကဲ့သို့ ရှိနေသဖြင့် ထိုအခါမှ ကျွန်ုပ်တို့အား လူများက မမြင်နိုင်ဘဲ ရှိနေသည်ကို သိရလေသည်။

အဆောက်အဦကြီးအတွင်းသို့ ရောက်သောအခါ အိုရိုသည် လွှတ်တော်ဥက္ကဋ္ဌရှိရာသို့ သွားပြီးလျှင် ရှေ့၌ မတ်တတ်ရပ်၍နေရာ ကျွန်ုပ်ကလည်း ၎င်းနောက်မှ လိုက်ပါသွားလေသည်။ ထိုအချိန်၌ လွှတ်တော်အမတ်များနှင့် ဝန်ကြီးများမှာ ဒေါသထွက်ကာ ဆွေးနွေးသည့် ကိစ္စကို ဆူညံစွာ ဟစ်အော်ငြင်းခုန်လျက်ရှိနေကြ၏။ ကိစ္စမှာ အိုင်ယာလန်ကျွန်းကိစ္စ ဖြစ်ဟန်တူ၏။ အိုရို

သည် ပုဂ္ဂိုလ်တစ်ဦးစီ၏အနီးသို့ ချဉ်းကပ်ကာ အကဲခတ်ကြည့်ရှုလျက် ရှိနေ၏။

"ကိုင်း . . . လာ . . . ပြန်ကြပါစို့၊ ဒီမှာ ကျွန်ုပ်တို့ မြင်ရကြားရတာ တော်လောက်ပါပြီ"

ပါလီမန်အဆောက်အဦကြီးမှ ထွက်ခဲ့ပြီးနောက် ကျွန်ုပ်တို့သည် ထရာဖော်လဂါ ဥယျာဉ်ကြီးသို့ ရောက်လာကြ၏။ ဥယျာဉ်ကြီးအတွင်းတွင် နိုင်ငံရေးတရားပွဲ ပြုလုပ်လျက်ရှိရာ တရားဟောသူများက အလုပ်သမားများအခွင့်အရေး၊ မိန်းမတို့အခွင့်အရေး၊ စစ်မှုမထမ်းလျှင် မနေရဟူသော ဥပဒေကိစ္စများကို ဆွေးနွေးလျက်ရှိနေကြ၏။ ထောက်ခံသူများက လက်ခုပ်လက်ဝါးတီးလျက်ရာ အတိုက်အခံများက စင်ပေါ်သို့ တက်ပြီးလျှင် ဟောပြောသူများအား အတင်းအဓမ္မ ဆွဲချလျက်ရှိသဖြင့် မငြိမ်မသက် ဆူပွက်လျက်ရှိနေတော့၏။

ထိုနေရာမှ ထွက်ခဲ့ပြီးနောက် ကျွန်ုပ်တို့လည်း နာမည်ကြီးဟော်တယ်တစ်ခုသို့ ရောက်သွားကြ၏။ အဖိုးတန်ကားကြီးများသည် ဟော်တယ်ရှေ့သို့ ရောက်လာပြီးနောက် ကားပေါ်မှ လူများသည် ဟော်တယ်ကြီးအတွင်းသို့ ဝင်သွားကြ၏။ ထမင်းစားခန်းကြီးအတွင်း၌ကား မိန်းမများ ဝတ်စားဆင်ယင်ထားသည့် ပိုးဖဲကတ္တီပါနှင့် ကျောက်သံပတ္တမြားလက်ဝတ်လက်စား အရောင်များမှာ ဓာတ်မီးရောင်တွင် ပြိုးပြိုးပြက်ပြက် တောက်ပလျက်ရှိနေ၏။ တေးဂီတသံများမှာ သာယာငြိမ့်ညောင်း၍ နားထောင်ချင့်စဖွယ် ရှိတော့၏။ အရက်အမျိုးမျိုးနှင့် သစ်သီးဝလံများသည် စားပွဲများပေါ်သို့ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာ၏။

အိုရိုသည် စိတ်ပျက်ငြီးငြူသည့် ဟန်ဖြင့် . . .

"အင်း သေရေးရှင်ရေးလောက် အရေးကြီးနေတဲ့ စစ်ကြီးအတွင်းမှာ အထက်တန်းလွှာ ငွေရှင်ကြေးရှင် သူဌေးသူကြွယ်တွေဟာ အခုလိုလာပြီး ပျော်နိုင်ပါးနိုင်ကြတာ အံ့သြစရာပဲ၊ ကဲ . . . တော်လောက်ပါပြီ သွားကြပါစို့ ဟမ်ဖရီ"

ထို့နောက် ကျွန်ုပ်တို့လည်း ဇာတ်ရုံကြီးတစ်ရုံသို့ ရောက်လာရာ ပရိသတ်များမှာ အလွန်စည်ကားလျက် ရှိနေ၏။ ဇာတ်ခုံပေါ်၌ ကချေသည်မကလေးများသည် မလုံမလဲ အဝတ်အစားများကို ဝတ်ကာ ရန့်ရင်းကြမ်းတမ်းသော သီချင်းများကို သီဆိုကာ ပရိသတ်အား ဖျော်ဖြေလျက်ရှိနေ၏။

"အင်း . . . နားထောင်သူတွေကတော့ များပါရဲ့၊ နို့ပေမဲ့ သီချင်းကတော့ အလွန်ညံ့သေးတာပဲ။ ကဲ . . . လာ . . . သွားကြဦးစို့"

ဇာတ်ရုံမှ ထွက်လာ၍ လမ်းမကြီးပေါ်သို့အရောက်တွင် လူများ အလန့်တကြား ပြေးလွှားလျက် ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်မှလည်း ခပ်ရှည် ရှည် ခပ်မှောမှောအရာကြီးတစ်ခု ရွေ့လျားပျံသန်းလာသည်ကို မြင်ရ၏။ တစ် ခဏအတွင်း၌ပင် ၎င်းမှ ဝင်းခနဲ လက်ခနဲ အရောင်များ ထွက်လာပြီးနောက် တဝုန်းဝုန်း တဒိုင်းဒိုင်း အသံများကို ကြားရပြီးလျှင် ပတ်ဝန်းကျင်တစ်ခုလုံး သွက်သွက်ခါ တုန်လှုပ်သွားတော့၏။ မြေပြင်မှ အမြောက်ကြီးများကလည်း တဒိုင်းဒိုင်း ပစ်ခတ်လျက်ရှိနေ၏။ ကျွန်ုပ်တို့ ရှေ့မနီးမဝေးတွင် တိုက်ကြီး တစ်လုံး ဝုန်းခနဲ ပြိုကျသွားသည်ကို မြင်လိုက်ရ၏။

"အင်း . . . ဒါတွေကို ကျွန်ုပ်သိပါတယ်လေ၊ ကျွန်ုပ်တို့ခေတ်တုန်း ကလည်း ဒီလိုပါပဲ"

ဇက်ပလင်လေယာဉ်ပျံကြီးသည် တရွေ့ရွေ့ ပျံသန်းသွားပြီးနောက် မှောင်ထဲတွင် ပျောက်ကွယ်သွားတော့၏။

"ကိုင်းလေ . . . တော်လောက်ပါပြီ၊ သင့်မြို့ကြီးကို မြင်ရပါပြီ၊ ကဲ အိမ်ကို ပြန်ကြပါစို့၊ မြေအောက်ကမ္ဘာကို ပြန်သွားပြီး ကျွန်ုပ်စဉ်းစားပါ ဦးမယ်"

ကျွန်ုပ်သတိရသည်နှင့်တစ်ပြိုင်နက် ဗက်စတင်၏အသံကို အောက် ပါအတိုင်း ကြားလိုက်ရ၏။

"ဟော့ . . . အာဗူနော့ ထတော့လေကွာ၊ အီဗာက ငါနဲ့ စကားပြော ရအောင် လာမလို့တဲ့။ အင်မတန် အအိပ်ကြီးတဲ့ အကောင်ပဲ၊ ဘယ်နှစ်နာရီ ထိုးပြီများ မင်းက ထင်နေသလဲ၊ ၉ နာရီထိုးပြီကွ၊ ကိုင်း . . . ထတော့"

"ဟေ ဟုတ်ကဲ့လား၊ မသိပါဘူးကွာ၊ ငါတော့ လန်ဒန်ပြန်ပြီး ရောက် နေတယ်လို့ အောက်မေ့နေတာကွ၊ ငါတကယ်ကျိန်ပြောရဲတယ်၊ ငါလန်ဒန်ကို ရောက်ခဲ့တယ်ကွ"

ထိုအခါ ဗက်စတင်၏ နောက်တွင် ပါသော ဗစ်ကလီက . . .

"အံမယ် . . . ဒီမှာ ကိုယ့်လူ၊ မင်း လန်ဒန်က ပြန်လာခဲ့တယ်ဆိုရင် ညနေသတင်းစာကလေး တစ်စောင်လောက်တော့ ဆွဲလာခဲ့ဖို့ ကောင်းသကွ"

ဟု ခနဲ့တဲ့တဲ့ ပြောလိုက်လေသည်။

ထို့နောက် တစ်ညနှစ်ညမျှ ကြာသောအခါ အိုရိရောက်လာလေ သည်။ လရောင်အားဖြင့် သူ့ကိုကြည့်ရသည်မှာ တစ္ဆေသူရဲနှင့်ပင် တူ၍နေ တော့၏။

"ဒီမယ် ဟာမ်ဖရီ . . . ဒီကနေ့ည ခရီးထွက်ကြဦးစို့၊ သည်တစ်ကြိမ် တွင် စစ်ဖြစ်နေသည့်နေရာသို့ ကျွန်ုပ်သွားလိုသည်"

“ကျွန်ုပ်တော့ ဒီနေရာကို မသွားလိုပါ”

“သင်သွားလိုသည် မသွားလိုသည်မှာ အကြောင်းမဟုတ်၊ ကျွန်ုပ်က သွားစေလိုလျှင် သွားရမည်သာဖြစ်သည်”

“ဒီလိုပါခင်ဗျာ . . . ဒီလိုနည်းအားဖြင့် သွားရတာဟာ ကျွန်ုပ်အဖို့ အန္တရာယ်များလှပါတယ်”

“ကျွန်ုပ်၏စကားကို နားထောင်လျှင် ဘာအန္တရာယ်မျှ ရှိမည်မဟုတ်”

“ကျွန်ုပ်ကတော့ အန္တရာယ်ရှိသည်လို့ပဲ ယူဆပါတယ်။ အသင် ယခု ခရီးသွားခြင်းဟာ အီဗာက ပြောသလို ခန္ဓာကိုယ်ကြီးကို အမှုန့်မှုန့်ဖြစ်အောင် ကွဲသွားစေပြီး တောတွေ တောင်တွေကို ထိုးဖောက်ဝင်ရောက်သွားခြင်းပဲ မဟုတ်ပါလား”

“မဟုတ်ဘူး ဟမ်ဖရီ၊ သင်ပြောသည့်နည်းက ကောင်းလည်းကောင်းပါသည်၊ လွယ်လည်းလွယ်ပါသည်။ သို့သော် ကျွန်ုပ်တို့ ရောက်သွားမည့်နေရာများ၌ လူများက ကျွန်ုပ်တို့ကိုယ်ကို မြင်နိုင်မည်။ ဘာ့ကြောင့် မြင်နိုင်သလဲဆိုရင် ကွဲသွားသည့် အမှုန့်များ ပြန်လည်ပေါင်းစပ်စုဝေးပြီး အထည်ဒြပ်တစ်ခု ပြန်ဖြစ်လာလို့ပဲ”

“သည်လိုဆိုလျှင် ဘယ်နည်းဘယ်ပုံသွားမှာလဲ”

“ဒီလိုရှိတယ် ဟမ်ဖရီ . . . လူဆိုသည်မှာ တစ်ကိုယ်တည်း တစ်ဦးတည်းမဟုတ်၊ သူ့တွင် ကိုယ်ခွဲရှိသည်။ ဤကိုယ်ခွဲက မြင်နိုင်သည်၊ ကြားနိုင်သည်၊ အာရုံငါးပါးကို ထိတွေ့ခံစားနိုင်သည်။ ခန္ဓာကိုယ်ကြီးက အိပ်နေစဉ် ဤကိုယ်ခွဲကို ခန္ဓာကိုယ်မှ နုတ်ယူပြီး သွားစေလိုသည့်နေရာကို စေလွှတ်နိုင်သည်”

“မည်သူက နုတ်ယူပြီး . . . စေခိုင်းပါသလဲ”

“ကျွန်ုပ်ကပေါ့”

“ဤသို့ဆိုလျှင် ကျွန်ုပ်အိပ်နေစဉ် ကျွန်ုပ်၏ကိုယ်ခွဲကို သင်က နုတ်ယူပြီး သွားစေလိုသည့်နေရာကို အသွားခိုင်းသည်ပဲထားပါဦး၊ သင်ကိုယ်တိုင် အိပ်နေတဲ့အခါ သင့်ကိုယ်ခွဲကို ဘယ်သူက နုတ်ယူစေခိုင်းပါသလဲ”

ကျွန်ုပ်မေးလိုက်သော မေးခွန်းကြောင့် အိုရိုမှာ မျက်နှာပျက်ပြီးလျှင် ဒေါသထွက်သွားပုံရ၏။

“တော်ပြီ . . . ကျွန်ုပ်အား နောက်ထပ်မေးခွန်းများ ဆက်ပြီး မေးမနေနှင့်တော့။ သင်သည် ဘာမျှသိသူမဟုတ်၊ သင့်အလုပ်က ကျွန်ုပ်အား မေးရန်၊ စစ်ဆေးရန်မဟုတ်။ ကျွန်ုပ်၏စကားကိုသာ နားထောင်ရန်ဖြစ်သည်။ ကိုင်း အိပ်တော့”

သို့ပြောပြီးနောက် အဘိုးကြီးသည် သူ၏လက်ချက်ဖြင့် ကျွန်ုပ်၏ ကိုယ်ပေါ်သို့ ယပ်ခတ်ပေးသကဲ့သို့ ယပ်၍ပေးလေသည်။

တစ်ခဏချင်း၌ပင် ကျွန်ုပ်တို့သည် ဖုံးများထိမှန်သဖြင့် ပျက်စီးနေသော မြို့တစ်မြို့သို့ ရောက်သွား၏။ ထိုမြို့မှာ ပြင်သစ်ပြည်မြောက်ပိုင်းရှိ မြို့တစ်မြို့သော်လည်းကောင်း၊ ဘယ်လ်ဂျီယံပြည်ရှိ မြို့တစ်မြို့သော်လည်းကောင်း ဖြစ်ပေလိမ့်မည်။ လမ်းများပေါ်၌ကား ဂျာမန်စစ်ယူနီဖောင်းများကို ဝတ်ထားသည့် စစ်သားအမြောက်အမြားကို တွေ့ရ၏။ အချို့စစ်သားများမှာ အိမ်များအတွင်းသို့ ဝင်ရောက်ကာ တွေ့သမျှ ပစ္စည်းများကို ယူငင်လျက် ရှိနေကြ၏။ အချို့လည်း မကြည့်ဝံ့ မရှုဝံ့ ဆိုးယုတ်ညစ်ညမ်းသော ဒုစရိုက်မှုများကို ပြုလုပ်လျက်ရှိနေကြ၏။ အိုရိုသည်ပင် သူ၏မျက်နှာကို အခြားဘက်သို့ လှည့်ပစ်လိုက်လေသည်။

ထိုမြို့မှ ထွက်ခဲ့ပြီးနောက် ရွာကလေးတစ်ရွာသို့ ရောက်သွားကြ၏။ ထိုရွာကလေးမှာ ဂျာမန်တို့က သိမ်းပိုက်ထားပြီး ဖြစ်ဟန်တူလေသည်။ ဂျာမန်စစ်သားနှစ်ယောက်သည် ကိုးနှစ်၊ ၁၀ နှစ်အရွယ်ရှိ မိန်းကလေးတစ်ယောက်အား ဖမ်းဆီးထားပြီးလျှင် တစ်ယောက်က မိန်းကလေး၏ ညာဘက်လက်ကို ချုပ်ကိုင်ထား၏။ တစ်ယောက်က ကိုယ်ကို ချုပ်၍ ဂျာမန်စစ်ဗိုလ်တစ်ယောက်သည် ဓားလွတ်ကိုကိုင်ကာ မိန်းကလေးအား ကြိမ်းမောင်းလျက်ရှိလေသည်။

"ပြင်သစ်စစ်သားတွေ လွတ်သွားအောင် တို့ကို လမ်းမှားပြတဲ့ ကောင်မကလေး၊ ကိုင်းကွာ . . ."

ပြောပြောဆိုဆိုနှင့်ပင် သူသည် ဓားဖြင့်ပိုင်းလိုက်ရာ မိန်းကလေး၏ ညာဘက်လက်မှာ ပြတ်ထွက်ပြီးနောက် မြေပေါ်သို့ ကျသွားတော့၏။

"အင်း . . . ဂျာမန်တွေ စစ်တိုက်ပုံတော့ ယဉ်ကျေးပါ့ဗျာ"

အိုရိုသည် သရော်သည့် အသံမျိုးဖြင့် ပြောဆိုရေရွတ်လိုက်၏။ ထို့နောက် သူသည် ဂျာမန်စစ်ဗိုလ်၏ အနီးသို့ ကပ်သွားပြီးလျှင် နားနားသို့ ကပ်၍ တီးတိုးပြောလိုက်၏။

မည်သည့်အကြောင်း၊ မည်သည့်ဘာသာဖြင့် ပြောလိုက်သည်ကိုမူ ကျွန်ုပ်မသိရချေ။ သို့သော် ထိုဂျာမန် စစ်ဗိုလ်၏ မျက်နှာမှာ သွေးဆုတ်သကဲ့သို့ ဖြူဖတ်ဖြူလျော်ကြီး ဖြစ်သွားပြီးလျှင် အလွန်အမင်း ကြောက်ရွံ့သွားပုံရလေသည်။

စစ်ဗိုလ်သည် စစ်သားနှစ်ယောက်ဘက်သို့ လှည့်ပြီးနောက် . . .

"ဟေ့ကောင်တွေ . . . ဒီနေရာက တစ္ဆေချောက်သံနဲ့ တူတယ်၊ ငါသေရလိမ့်မယ်လို့ တစ်ယောက်ယောက်က ငါ့နားနားကပ်ပြီး ပြောလိုက်တဲ့

အသံ သေသေချာချာ ကြားလိုက်ရတယ်၊ ကိုင်း . . . ဒီနေရာက မြန်မြန်လစ်ကြမှပဲဟေ့”

ဂျာမန်များသည် အနီးရှိ မြင်းများပေါ်သို့ ခုန်တက်ကာ ထွက်သွားကြတော့၏။ အိုရီသည် ကျွန်ုပ်အနီးသို့ ကပ်ကာ . . .

“ကိုင်း . . . ဟမ်ဖရီ ကြည့်သာနေပေတော့”

ဟု ပြောလိုက်၏။

ဤသို့ ပြောလိုက်စဉ် ကောင်းကင်ပြင်ရှိ တိမ်တိုက်များအကြားမှ ရုတ်တရက် လေယာဉ်တစ်စင်း ထွက်ပေါ်လာရာ ဂျာမန်စစ်သားစုအား မြင်သွားဟန်တူ၏။ ချက်ချင်းလိုပင် ရွှီခနဲ၊ ဝေါခနဲအသံဖြင့် ဗုံးတစ်လုံးကျ၍လာရာ ဗုံးဆံသည် ဂျာမန်စစ်သားစုအလယ်သို့ တိုက်ရိုက်ထိမှန်ပေါက်ကွဲသွားသဖြင့် စစ်သားအချို့နှင့် မြင်းများပါ အတုံးအရုံးဖြစ်၍ သွားတော့၏။ လူများအော်သံနှင့် မြင်းအော်သံများမှာ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံ၍သွားလေသည်။

“ကဲ လာ သွားကြည့်ရအောင်”

သို့ပြောပြီးနောက် အိုရီသည် ဗုံးပေါက်ကွဲသည့် နေရာသို့ ကျွန်ုပ်အား ခေါ်သွားရာ ကျွန်ုပ်လည်း ၎င်းနောက်မှ လိုက်ပါသွားတော့၏။

ယမ်းခိုးယမ်းငွေ့ ဖုန်လုံးကြီးအတွင်းမှ မြင်းစီး၍လူတစ်ယောက် ထွက်လာရာ ၎င်းမှာ အခြားသူမဟုတ်၊ ကလေးမကလေးကို စစ်ဗိုလ်က ဓားနှင့် ပိုင်းချလိုက်စဉ်က မကြည့်ရက်သဖြင့် သူ၏မျက်နှာကို လက်ဝါးဖြင့် ကာပြီးလျှင် တစ်ဖက်သို့ လှည့်ပစ်လိုက်သည့် လူငယ်စစ်သားကလေးတစ်ယောက်ဖြစ်လေသည်။ သူနှင့်အတူပါလာသည့် စစ်သားများကား အတုံးအရုံး သေဆုံးနေကြပြီဖြစ်၏။ ကလေးမကလေး၏လက်ကို ဓားဖြင့် ခုတ်ပိုင်းလိုက်သည့် စစ်ဗိုလ်သည်ကား လက်နှစ်ဖက်စလုံး ပြတ်ထွက်ပြီးလျှင် ခြေတစ်ဖက်လည်း ပြတ်လျက် ပြင်းစွာသောဝေဒနာကို ခံစားရသည့်ဟန်ဖြင့် တစ်ခဏမျှ ဟစ်အော်နိုင်ပြီးနောက် အသက်ထွက်၍ သွားတော့၏။

ထို့နောက် ကျွန်ုပ်တို့လည်း ဆက်လက်သွားကြပြန်ရာ စပါးကျီတစ်ခုသို့ ရောက်သွားကြ၏။ စပါးကျီ၏ တံခါးနှစ်ချပ်မှာ လေတိုက်သဖြင့် ရှေ့ထိုးနောက်ငင် လှုပ်ရှားနေပြီးလျှင် တံခါးရွက် တစ်ဖက်စီအပေါ်၌ စစ်သားနှစ်ယောက်၏ အလောင်းမှာ လက်ဝါးကပ်တိုင်တွင် ကပ်၍ ကားကျက်ထားသကဲ့သို့ ရှိနေ၏။ စစ်သားတစ်ယောက်၏ဦးထုပ်မှာ မြေပေါ်သို့ ကျနေသဖြင့် ကြည့်လိုက်ရာ အသွေးအရောင်နှင့် ပုံသဏ္ဌာန်ကို ကြည့်ရခြင်းအားဖြင့် အင်္ဂလိပ်လက်အောက်ခံတိုင်းပြည်တစ်ပြည်မှ စစ်သားတစ်ယောက်ဖြစ်ကြောင်းသိရ၏။

အိုရှိသည် စစ်သားအလောင်းနှစ်လောင်းကို ကြည့်ကာ ကျွန်ုပ်ဘက်သို့ လှည့်၍ . . .

"ဂျာမန်တွေဟာ သင်ကိုးကွယ်သည့် ဘာသာကိုပဲ ကိုးကွယ်တယ်လို့ သင် ကျွန်ုပ်အား ပြောဖူးသည်မဟုတ်လား"

ဟု မေးလိုက်၏။

"ဟုတ်ပါတယ် . . . ဘုရားသခင်၏ နာမတော်ဟာ သူတို့ပါးစပ်ဖျားမှာ သီးနေပါတယ်"

"အင်း . . . ဒီလိုဆိုရင် ကျွန်ုပ်ဟာ 'ကမ္ဘ' တည်းဟူသော 'ကံကြမ္မာ' ကိုသာ ကိုးကွယ်မိတာ ကောင်းတောင်းတောင်းပါပဲကလား၊ ဗက်စတင်ဆိုတဲ့ ဘုန်းကြီးရဲ့တရားကို ဆက်ပြီး နားထောင်နေဖို့ မလိုတော့ပါဘူး"

" 'ကမ္ဘ' ၏ နောက်ပိုင်းမှာ တစ်စုံတစ်ခု ရှိနေပါသေးတယ်"

"အင်း . . . ရှိကောင်းရှိပေလိမ့်မယ်၊ ရှိနေတယ်လို့လည်း ကျွန်ုပ်ယူဆလာခဲ့တယ်၊ သို့သော် ထိုတစ်စုံတစ်ခု၏ အကြောင်းခြင်းရာကို ကျွန်ုပ်နားမလည်နိုင်၊ 'ကမ္ဘ' သာလျှင် ကျွန်ုပ်အဖို့ တော်လောက်ပါပြီ။ ကိုင်း ယခု တူရကီပြည်ကို သွားပြီးကြည့်ကြစို့လား၊ တူရကီများသည် အခြားဘာသာတစ်ခုကို ကိုးကွယ်ကြသည်ဆို မဟုတ်လား။ သူတို့သည် ခရစ်ယာန်တွေထက် ပိုပြီး သဘောထားမြင့်မြတ်ကြလိမ့်မည်ဟု ကျွန်ုပ်ထင်သည်"

ကျွန်ုပ်တို့သည် တောတောင်ထူထပ်သော နိုင်ငံတစ်ခုသို့ ရောက်သွားကြ၏။ ထိုနိုင်ငံမှ ပင်လယ်ကမ်းစပ်တစ်နေရာသို့ အရောက်တွင် ကျွန်ုပ်တို့သည် ခေတ္တရပ်၍ ကြည့်လိုက်မိရာ ထောင်ပေါင်းများစွာသော တူရကီလူမျိုးများနှင့် စစ်သားများကို တွေ့မြင်ရ၏။ သူတို့၏ ရှေ့၌ကား ယောကျ်ား၊ မိန်းမများနှင့် ကလေးသူငယ်များ အုပ်လိုက်ရှိနေကြ၏။ တူရကီများသည် ထိုလူအုပ်ကြီးကို ပင်လယ်ကမ်းစပ်သို့ရောက်အောင် နောက်မှနေ၍ အတင်းမောင်းနှင်လျက် ရှိကြလေသည်။ ကမ်းစပ်သို့ လူအုပ်ကြီး ရောက်သွားသော အခါ စစ်သားများသည် ထိုလူအုပ်ကြီးမှ ယောကျ်ား၊ မိန်းမနှင့် ကလေးသူငယ်များပါမကျန် အချို့အား လှံစွပ်ဖြင့် ထိုး၍လည်းကောင်း၊ အချို့အား သေနတ်များဖြင့် ပစ်ခတ်၍လည်းကောင်း၊ အချို့ကို ရေတွင်နှစ်၍လည်းကောင်း ရက်စက်စွာ သတ်ဖြတ်လျက်ရှိကြကုန်၏။ သို့ရှိစဉ် ၎င်းတို့အထဲမှ မြင်ကွင်းတစ်ခုကို ကျွန်ုပ်သွား၍ သတိရမိ၏။ မိန်းမတစ်ယောက်သည် ခါးလယ်လောက်ရှိရေတွင် မတ်တတ်ရပ်လျက်ရှိရာ ကလေးငယ်သုံးယောက်က သူ့အား ဖက်တွယ်လျက် ရှိနေကြ၏။ စစ်သားတစ်ယောက်သည် ထိုမိန်းမရှိရာသို့ ရောက်အောင် ရေထဲသို့ ဆင်းသွားပြီးနောက် မိန်းမအား လှံစွပ်ဖြင့် ရက်စက်စွာ ထိုးလိုက်

၏။ မိန်းမမှာ လဲကျ၍သွားသော်လည်း မိမိ၏ ရင်သွေးငယ်သုံးယောက်အား မထိခိုက်မိစေရန် သူ၏ကိုယ်ဖြင့် တတ်နိုင်သမျှ ကာကွယ်ထားပြီးလျှင် နောက်ဆုံးတွင်မှ မချိမဆံ့ အသက်ထွက်၍ သွားရရှာတော့၏။

ထိုမြင်ကွင်းကို ကျွန်ုပ်ဆက်လက်မကြည့်ဝံ့၊ မကြည့်လိုတော့ပါ။ ကျွန်ုပ်၏စိတ်တွင် မမေ့ပျောက်နိုင်သဖြင့်သာ ဤအကြောင်းကို ရေးသားဖော်ပြရပါသည်။

"တန်ခိုးအာဏာ စည်းစိမ်ချမ်းသာနဲ့တကွ သူတစ်ပါးရဲ့ ပိုင်နက်တွေကို ရယူချင်လို့ဖြစ်ပါတယ်၊ ဂျာမန်ဘုရင်က တခြားနိုင်ငံတွေရဲ့ ပိုင်နက်တွေကို သိမ်းပိုက်ပြီး ကမ္ဘာကို စိုးမိုးအုပ်ချုပ်ပြီး မင်းလုပ်ချင်တယ်၊ ဒီတော့ တခြားနိုင်ငံတွေကလည်း မခံဘဲ ပြန်ပြီး တိုက်ကြတယ်"

"အင်း . . . ဟိုတုန်းကလည်း ဒီလိုပါပဲလေ . . .၊ အခုလဲ မထူးပါဘူး။ နောင်လည်း ဒီလိုပဲဖြစ်ရမှာပဲ ကိုင်း သွားလိုက်ကြဦးစို့"

ကျွန်ုပ်တို့သည် ယခုအကြိမ်တွင် ပင်လယ်ကိုဖြတ်၍ လာကြရာ ပင်လယ်တွင် သင်္ဘောကြီးတစ်စင်းကို တွေ့၍ အိုရိုက ကြည့်လိုသည်ဆိုသဖြင့် သင်္ဘောပေါ်သို့ ရောက်သွားကြ၏။ သင်္ဘောတွင် ခရီးသည်အမြောက်အမြားပါရှိရာ အချို့မှာ အမေရိကန်လူမျိုးများဖြစ်၍ အချို့မှာ အင်္ဂလိပ်လူမျိုးများဖြစ်ကြ၏။

သင်္ဘောပေါ်သို့ ကျွန်ုပ်တို့ရောက်၍ မကြာမီပင် ရေပြင်ပေါ်၌ သေးငယ်သောအရာတစ်ခု ပေါ်လာသည်ကို မြင်လိုက်ရ၏။ မည်သည့်အရာနှင့်တူသနည်းဆိုပါမူ တိုင်တစ်ခု၏ထိပ်တွင် စည်သွတ်ဘူးကလေးတစ်လုံး တင်ထားသကဲ့သို့ပင် ဖြစ်၏။ ထို့နောက် တစ်စုံတစ်ယောက်က "ရေငုပ်သင်္ဘော" ဟု အော်လိုက်သည့် အသံတစ်သံကို ကြားလိုက်ရ၏။ သင်္ဘောပေါ်မှ လူများသည် ထိုအရာကလေးကို သူ့ထက်ငါ အပြေးအလွှား လာရောက်ကြည့်ရှုလျက်ရှိကြလေသည်။

ဤသို့ ကြည့်ရှုနေသည့် လူအုပ်များထဲမှ "အင်း . . . ဂျာမန်ကောင်တွေ တို့ကို တစ်ခုခုလုပ်ရဲရင် လုပ်ကြည့်စမ်းပါလား၊ တို့အမေရိကန်က သူတို့ကို ကောင်းကောင်းကြီး ဆုံးမပစ်လိုက်မယ်" ဟု အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သို့ရှိစဉ် ထိုတိုင်ကလေးဆီမှ ရှေ့သို့ တစ်စုံတစ်ခု လာနေသည်ကို မြင်လိုက်ရပြီးလျှင် ၎င်း၏နောက်မှ ရေမြှုပ်တန်းကြီး လိုက်၍လာနေသည်ကို မြင်ကြရ၏။ ထိုအချိန်တွင် "တော်ပီဒိုကြီးဟေ့" ဟု အသံများ ထွက်ပေါ်လာ၏။

"ဟော့ တိတ်တိတ်နေစမ်း၊ အမေရိကန်နိုင်ငံသားတွေ အပြည့်ပါလာတဲ့သင်္ဘောကို ဘယ်လူက တော်ပီဒိုနဲ့ ပစ်ရဲမှာလဲကွ"

ဟု အသံတစ်သံ ထွက်ပေါ်လာပြန်၏။ သို့သော် မကြာလှပါချေ၊ သင်္ဘောကြီးမှာ တော်ပီဒို ထိမှန်ပြီးလျှင် ကြောက်မက်ဖွယ်ကောင်းသော ပေါက်ကွဲသံကြီး ပေါ်ထွက်လာ၏။ သင်္ဘောသားများနှင့်တကွ သင်္ဘောပေါ်တွင် ပါသည့် လူများမှာ အသံကုန်ဟစ်အော်ကာ မိမိတို့အသက်ဘေးကို လု၍ ကစဥ့်ကလျား ပြေးလွှားလျက်ရှိကြရာ မြင်ကွင်းမှာ ကြောက်မက်ဖွယ်ထက် သနားဖွယ် ကောင်းလှတော့၏။ သို့ရှိစဉ် သင်္ဘောကြီးမှာ တဖြည်းဖြည်း နစ်လျက်ရှိရာမှ နောက်ဆုံးတွင် တစ်ခါတည်း စုံးစုံးမြုပ်၍ သွားလေတော့၏။

ဤမျှလောက်နှင့်ပင် ကျွန်ုပ်၏ အတွေ့အကြုံများကို ရပ်နားပါတော့မည်။ ယခု ဖော်ပြထားသမျှမှာ နမူနာမျှလောက်သာဖြစ်၍ ကျွန်ုပ်တို့သည် ရုရှနှင့်တကွ တခြားတိုင်းပြည်များသို့လည်း သွားရောက်ကြသေး၏။ အမှန်သော် တကယ့်အတွေ့အကြုံများမဟုတ်ဘဲ အိပ်မက်များသာ ဖြစ်ကောင်းဖြစ်ပေမည်။ အတိအကျကိုမူ ကျွန်ုပ်မပြောနိုင်ပေ။ မည်သို့ဆိုစေ ထိုအချိန် ထိုအခါက ကျွန်ုပ်တို့နှစ်ယောက်သားမှာ အနိုင်နိုင်ငံသို့ ကိုယ်တိုင်ကိုယ်ကျ လှည့်လည်ရောက်ရှိခဲ့ကြသည်ဟုပင် ကျွန်ုပ်စိတ်ထဲ၌ ထင်မှတ်နေမိပါတော့သည်။

[ ၂၂ ]

## အချစ်၏ယင်ဝတ္ထုင်

အထက်ပါ အကြောင်းများကို ကျွန်ုပ်သည် ဗက်စတင်နှင့် ဗစ်ကလီတို့အား ပြော၍မပြချေ။ သို့သော် အီဗာကိုမူ အလုံးစုံ ပြောပြလိုက်ပြီးလျှင် ဤကဲ့သို့ ဖြစ်ရသည့်အကြောင်းကို မေးမြန်းကြည့်မိ၏။

"ဩော် . . . ဟမ်ဖရီ သင်တို့ခရီးသွားတာ အောင်မြင်သွားတယ်ဆိုလို့ ဝမ်းသာပါတယ်။ ဒီလိုလုပ်ပုံ ကိုင်ပုံတွေဟာ အန္တရာယ်နဲ့ မကင်းလှဘူး၊ မိမိကိုယ်ခန္ဓာအတွင်းက ဝိညာဉ်အဝေးကြီး ထွက်သွားပြီး ဒီခန္ဓာကိုယ်ဆီကို ပြန်မရောက်နိုင်ဘဲ ဖြစ်သွားနိုင်တယ်"

"ထားပါတော့လေ . . . ကျွန်ုပ်သိလိုတာက အခုလို ခရီးသွားခဲ့တာဟာ တကယ်အမှန်သွားခဲ့ခြင်းပဲလား၊ ဒါမှမဟုတ် အိပ်မက်မက်ရုံသာပဲလားဆိုတာ သိချင်တာပါပဲ"

အီဗာသည် ကျွန်ုပ်၏မေးခွန်းများကို တိုက်ရိုက်မဖြေဘဲ . . .

"အတိအကျ ကျွန်ုပ်မပြောနိုင်ပါ၊ သို့သော် ဖခင်ကြီးကတော့ တန်ခိုးဣဒ္ဓိပါတ်နဲ့ ပြည့်စုံတာ အမှန်ပဲ"

ဟုသာ အဖြေပေးလေသည်။ ကျွန်ုပ်အား မပြောရန် ဖခင်ဖြစ်သူက ပိတ်ပင်၍ ထားကောင်းထားလိမ့်မည်ဟု ကျွန်ုပ် ထင်မိ၏။ အိုရိုကိုယ်တိုင်ပင် ကျွန်ုပ်တို့ ယခုကဲ့သို့ ခရီးထွက်ခဲ့ရသည့် အကြောင်းများကို စကားစပ်၍မျှပင် ကျွန်ုပ်အား မပြောတော့ချေ။

ထိုအချိန်များအတွင်း အိုရိုသည် နက္ခတ်မြေပုံပါသည့် သတ္တုပြားကလေး ၂ ချပ်ကို ကိုင်ကာ ကောင်းကင်သို့သာ မကြာခဏ ကြည့်ရှုနေသည်ကို မြင်ရ၏။ တစ်ကြိမ်တွင် ကျွန်ုပ်လည်း သူရှိရာသို့ သွားရောက်ပြီးလျှင်

နက္ခတ်များကို အဘယ်ကြောင့် ကြည့်ရှုနေပါသနည်းဟု မေးမြန်းရာ၊ သူက နက္ခတ်တာရာများ၏ သွားလာလှုပ်ရှားမှုတို့သည် မည်သည့်အခါမျှ အပြောင်း အလွဲမရှိ၊ ၎င်းတို့၏ သက်တမ်းမှာလည်း နှစ်ပေါင်းများစွာ ကြာရှိလှပြီဖြစ် ကြောင်း၊ မိမိကိုယ်တိုင် အလွန်အသက်ရှည်သည် ဆိုရသော်လည်း ၎င်းတို့ နှင့် နှိုင်းစာလျှင် စက္ကန့်ပိုင်းမျှသာရှိကြောင်း၊ သူ၏အသက်ကို ထာဝရ တည်မြဲ နေစေလိုကြောင်း၊ ယခုအချိန်မှစ၍ သူသည် နှစ်အားဖြင့် ရာပေါင်းအနည်း ငယ်မျှသာ နေရလိမ့်မည်ဖြစ်ကြောင်း၊ သေလျှင် မည်သည့်နေရာသို့ရောက် မည်ကို သိလိုလှကြောင်းဖြင့် ညည်းညူပြောဆိုလေသည်။ ထိုအခါ ကျွန်ုပ်က ကြယ်များကဲ့သို့ အသက်ရှည်၍ နေရသည့်တိုင်အောင် ဘဝ၏ နိဂုံးအချုပ်မှာ တစ်စုံတစ်ရာ ထူးခြားမည်မဟုတ်ကြောင်းဖြင့် ပြောလိုက်၏။

"သင်ပြောသည်မှာ မှန်ပါသည်၊ ၎င်းတို့၏ သက်တမ်းမှာ နှစ်သန်း ပေါင်းများစွာရှည်၍ တစ်နေ့ပျက်စီးသွားရသည့်တိုင်အောင် တစ်မျိုးသော ကြယ်အဖြစ်သို့ ပြောင်းလဲရောက်ရှိကြ၏။ သို့သော် ကျွန်ုပ်သေလျှင် အခြား အိုရိုတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားနိုင်မည် မဟုတ်လော၊ ကျွန်ုပ်သည် ဉာဏ်ပညာအရာတွင် ထူးခြားကြီးကျယ်သည် မှန်သော်လည်း ဤအကြောင်း ကို ကျွန်ုပ်မသိနိုင်ပါ။ ကျွန်ုပ်တို့ ကိုးကွယ်သည့် ကမ္ဘာသာလျှင် သိနိုင်ပါလိမ့် မည်"

"သင်သည် ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပြီးလျှင် အသက်လည်း ရှည်ကြာစွာ နေခဲ့ရသဖြင့် များစွာသော အတတ်ပညာတို့ကို တတ်မြောက်ခဲ့၏။ သို့သော် ဘဝ၏နိဂုံးချုပ်တွင် သင့်အသက်နှင့်စာလျှင် တစ် နာရီခန့်မျှသာ ရှိသော ကျွန်ုပ်တို့နှင့် တစ်စုံတစ်ရာ ထူးခြားသည်မဟုတ်ပါ"

"သင်ပြောသည်မှာ မှန်၏။ သို့သော် ကျွန်ုပ်အသက်ရှင်နေသမျှ အချိန်တွင် တိုင်းပြည်နိုင်ငံများကို စိုးမိုးအုပ်ချုပ် မင်းလုပ်ရပေဦးမည်၊ ကျွန်ုပ် ပြောသည်ကို သင်ယုံကြည်မည်မဟုတ်။ သို့သော် လက်တွေ့ပြ၍ အောင်မြင် သောအခါမှ ကျွန်ုပ်တွင် မည်မျှကြီးကျယ်သော တန်ခိုးစွမ်းအင်ရှိသည်ကို သင် ယုံကြည်ပေမည်။ ကျွန်ုပ်အောင်မြင်သောအခါ သင်သည် ကျွန်ုပ်နှင့်အတူ စိုးမိုး အုပ်ချုပ် မင်းလုပ်ရအံ့"

"တစ်ခုမေးလိုပါသည်၊ သင်၏ နက္ခတ်တာရာမြေပုံများသည် အတိ အကျမှန်ကန်သည်ဟု ဆိုရဲပါသလား"

"ဆိုရဲပါသည် ဟမ်ဖရီ၊ တစ်နေ့တွင် သင်သည် သင်၏ကမ္ဘာကို ပြန်လည်ရောက်ရှိကောင်း ရောက်ရှိသွားပေမည်။ နက္ခတ်မြေပုံများကို ကျွန်ုပ် ယခုအသုံးချပြီးပြီဖြစ်၍ သင့်အား ပေးလိုက်မည်။ ထိုအခါ သင်တို့နိုင်ငံ၌

နက္ခတ္တဗေဒပညာတွင် အတတ်ကျွမ်းဆုံး ပါရဂူများအား ယင်းတို့ကိုပြ၍ မေးမြန်းကြည့်က လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀,၀၀၀ က ကျွန်ုပ်ရေးဆွဲထားခဲ့သည့် မြေပုံများ မှန်မမှန် သင်သိပါလိမ့်မည်၊ သူတို့က သင့်အား လိမ်လည်ပြောရန်လည်း အကြောင်းမရှိပါ”

သို့ပြောဆိုပြီးနောက် အိုရိုသည် မြေပုံသတ္တုချပ်ကလေး ၂ ချပ်ကို ကျွန်ုပ်အား ပေးလေသည်။ ယင်းအချပ်ကလေး ၂ ချပ်မှာ ကျွန်ုပ်လက်တွင် ယခုတိုင် ရှိနေသေး၍ ကျွန်ုပ်၏ မှတ်တမ်းကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့လျှင် ဤနက္ခတ်မြေပုံများကိုပါ ရိုက်နှိပ်ဖော်ပြပါမည်။

[ယခု မြန်မာဘာသာသို့ ကျွန်ုပ်ပြန်ဆိုလျက်ရှိသော ဆာရိုက်ဒါဟတ်ဂတ်၏ The Man Who Shook The World ဝတ္ထုစာအုပ်တွင် ယခုရေးသားသောကဏ္ဍာ၌ နက္ခတ်တာရာများ မြေပုံ (၂) ချပ် ပါရှိလေသည်။ ။ မြန်မာပြန်သူ]

ထိုနေ့ညမှစ၍ ကျွန်ုပ်သည် အိုရိုအား အတော်ကြာ မတွေ့ရတော့ချေ။ ကျွန်ုပ်သာမဟုတ် ဗစ်ကလီနှင့် ဗက်စတင်တို့လည်း မတွေ့ရကြောင်းသိရ၏။ အိုရိုသည် ကျွန်ုပ်တို့အား မည်သူမျှ မြေအောက်ကမ္ဘာသို့ ဆင်းမလာရန် အမိန့်ထုတ်ထား၏။ သူ့ဆီသို့ မလာရန် ဤသို့ တားမြစ်ထားခြင်းမှာ သူ့ကိစ္စနှင့်သူ ဖြစ်ပေလိမ့်မည်။ ထူးဆန်းသည်မှာ ခွေးကလေးတော်မီအား သူ့ဆီသို့ မကြာခဏ ခေါ်လာရန် အီဗာအား ပြောလိုက်ခြင်းပင်ဖြစ်လေသည်။ အီဗာအား ကျွန်ုပ်က ဤအကြောင်းကို မေးမြန်းကြည့်ရာ သူ၏ဖခင်မှာ အဖော်မရှိ တစ်ဦးတည်းနေရသူဖြစ်သဖြင့် ခွေးကလေးအား အဖော်အလျော်ရစေရန် ခေါ်ကြောင်း အီဗာက ပြောပြလေသည်။ ဤသည်တွင် ကျွန်ုပ်တို့မှာ အလွန်ပင် အံ့သြမိကြတော့၏။ အိုရိုသည် သာမန်လူတစ်ယောက်မဟုတ်၊ ရှေးအထက်ကျော်ကာရီက ရှိခဲ့ဖူးသည့် ပညာရှိ ဆော်လမွန်ဘုရင်ကြီးမျိုးဆယ်ပါးလောက် ပညာအရာတွင် ထူးခြားသူပုဂ္ဂိုလ်ရင့်မကြီးဖြစ်ပါလျက် ဤခွေးကလေးကိုမှ အဖော်အဖြစ် အလိုရှိသည်ဆိုခြင်းမှာ အလွန်ထူးဆန်းလှတော့၏။ ဤသို့ဖြစ်ခဲ့လျှင် အသက်ရှည်ခြင်း၊ ပညာဉာဏ်ကြီးကျယ်ခြင်း စသည်တို့၏ အဓိပ္ပာယ်မှာ အဘယ်နည်း။

ထိုအချိန်လောက်၌ အီဗာ၏ မျက်နှာအမူအရာမှာ စိတ်နှလုံး မသာယာ ညှိုးနွမ်းသည့်အသွင်ကို ဆောင်လျက်ရှိနေ၏။ တစ်ခါတစ်ရံ သူ၏မျက်လုံးများတွင် မျက်ရည်များ အပြည့်ရှိနေသည်ကိုပင် တွေ့မြင်ရ၏။ ဤသို့ဖြင့် သူ၏ပုံပန်းမှာ ပူပုံဖမ်း၍နေလေလေ၊ ကျွန်ုပ်တို့နှင့် (အထူးသဖြင့် ကျွန်ုပ်နှင့်) ပို၍ပို၍ နီးစပ်လာလေလေ ဖြစ်လာ၏။ ဤတွင် ကျွန်ုပ်နှင့် အီဗာတို့၏ ဆက်

ဆံရေးအကြောင်းကိုလည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး ရင်းနှီးလာမှု၏ အထွတ်အထိပ်သို့ ရောက်သွားရခြင်းအကြောင်းကိုလည်းကောင်း ရေးသားဖော်ပြချိန်တန်ပြီဟု ကျွန်ုပ် ယူဆမိ၏။ စာဖတ်သူတို့ ရိပ်မိသိရှိထားပြီး ဖြစ်သည့်အတိုင်း ကျွန်ုပ်သည် သူ့အား တွေ့မိသည့်အချိန်မှစ၍ ချစ်ကြိုက်၍ လာခဲ့၏။ ရက်တွေ ကြာညောင်း၍ လာလေလေ၊ သူ့အပေါ်၌ ချစ်မိသော ကျွန်ုပ်၏ အချစ်က ပို၍ပို၍ လာလေလေ ဖြစ်ရာ ကျွန်ုပ်မှာ စားလျှင်လည်း သူ့စိတ်၊ အိပ်လျှင်လည်း သူ့စိတ်၊ နေလျှင်လည်း သူ့စိတ် ဆိုဘိသကဲ့သို့ ဖြစ်လာ၏။ သို့သော် ကျွန်ုပ်၏အချစ်မှာ တဏှာချစ်သက်သက်ကား မဟုတ်၊ မွန်မြတ်သန့်စင် ကြည်လင်အေးမြသည့် အချစ်ဖြစ်၏။ တစ်နည်းဆိုရသော် ကျွန်ုပ်၏ အချစ်မှာ ကောင်းကင်မှလာသည့် အေးမြကြည်လင်သော အချစ်ဖြစ်၏။ မည်သို့ဆိုစေ ကျွန်ုပ်၏အချစ်ကို သူ့အား ဖွင့်ဟ၍မပြော၊ သူကလည်း ဤကဲ့သို့ ဖွင့်ဟမပြောသည်ကိုပင် နှစ်သက်လိမ့်မည်ဟု ထင်မိ၏။ သို့သော် ထိုအချစ်မျိုးစေ့ကလေးသည် ကျွန်ုပ်၏နှလုံးသားတွင် ပေါက်ဖွားရင့်သန်လာပြီးလျှင် အတားအဆီးများသည်လည်း အလိုအလျောက် လွင့်စဉ်ပျောက်ကွယ်သွားပြီးနောက် ချိန်ကောင်းခါသင့် ပန်းနယ်ပွင့်သကဲ့သို့ ဖွင့်ဟ ထုတ်ဖော်ပြောရန် အခါအခွင့် ပေါ်၍လာတော့၏။

ထိုညဉ့်မှာ လပြည့်နေ့ဖြစ်၍ လမင်းကြီးမှာ ထိန်ထိန်သာလျက်ရှိနေ၏။ ကျွန်ုပ်တို့လေးဦးသားတို့မှာ ရယ်ကာ မောကာ စကားစမြည် ပြောဆိုလျက်ရှိရာမှ ဗက်စတင်နှင့် ဗစ်ကလီတို့သည် ကျွန်ုပ်တို့အား တမင်ရှောင်၍ ပေးခြင်းပေလော မသိ၊ အကြောင်းတစ်ခုပြကာ နေရာမှ ထသွားကြရာ ကျွန်ုပ်တို့ နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့၏။

ထိုအခါ အီဗာက . . .

"ဟမ်ဖရီ သင်က ပါရီမြို့ကြီးရဲ့အကြောင်း မကြာခဏ မေးဖူးတယ်မဟုတ်လား၊ မြို့ပျက်ကြီးရဲ့ အကြွင်းအကျန်တွေဟာ ဒီမှာ နည်းနည်းကျန်နေသေးတယ်လေ၊ အဲဒီနေရာကို သင်ကြည့်ချင်ရင် ကျွန်ုပ်လိုက်ပြပါ့မယ်၊ လရောင်အောက်မှာ ကောင်းကောင်းမြင်နိုင်ပါတယ်"

သူ ဘာကိုဆိုလိုသည်ကို ကျွန်ုပ်ရိပ်မိသော်လည်း ကျွန်ုပ်က စကားပြန်၍မပြောဘဲ ဦးခေါင်းကိုသာ ညိတ်၍ပြလိုက်၏။ သို့နှင့် ကျွန်ုပ်တို့လည်း မြို့ပျက်ကြီးရှိသည်ဆိုသော နေရာသို့ ထွက်ခဲ့ကြ၏။ မကြာမီ ထိုနေရာသို့ ရောက်လာ၍ အီဗာက ယခင်ကရှိဖူးသော မြို့ရိုး၊ တံတိုင်း၊ မျှော်စင်၊ နန်းတော်ရာ စသည့် နေရာများကို လက်ညှိုးကလေး ညွှန်ကာ ပြသလျက်ရှိနေ၏။ လွန်ခဲ့သော နှစ်ပေါင်း ၂ သိန်း ၅ သောင်းကျော်က ထိုနေရာများတွင် မည်ကဲ့

သို့ဖြစ်ပျက်ခဲ့သည့် အကြောင်းများကိုလည်း ယမန်နေ့က ဖြစ်ပျက်သကဲ့သို့ ပြောဆိုလျက်ရှိလေသည်။ ထိုခေတ်က သူအသက်ရှင်လျက်ရှိသည့် အကြောင်းကား ထင်ရှားလှတော့၏။

သို့ပြောရင်း ကျွန်ုပ်တို့သည် နန်းတော်နေရာမှနေ၍ ဝတ်ကျောင်းတော်ကြီးရှိရာသို့ ဆက်လက်သွားကြ၏။ ဝတ်ကျောင်းတော်ကြီးနှစ်ကျောင်းသို့ ရောက်လျှင် ပထမဝတ်ကျောင်းတော်ကြီးမှာ 'ကမ္ဘ' နတ်ကြီးအားလည်းကောင်း၊ ဒုတိယကျောင်းတော်မှာ 'ချစ်မြတ်နိုးခြင်း' နတ်သမီးကို ရည်စူး၍လည်းကောင်း ဆောက်လုပ်ထားခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောပြလျက်ရှိလေသည်။

"ဒီကျောင်းတော်ကြီးမှာ ကျွန်ုပ်ဖခင်ကြီးက ပုရောဟိတ်ကြီးဖြစ်ပြီး ဒုတိယကျောင်းတော်မှာ ကျွန်ုပ်က ပုရောဟိတ်မကြီးဖြစ်တယ်"

ထို့နောက် သူသည် အပျက်အစီးများကြားတွင် မြုပ်လုနီးပါးဖြစ်နေသည့် ကျောက်တုံးကြီးတစ်တုံးရှိရာသို့ ခေါ်သွားပြီးလျှင် ကျောက်တုံးကို ကျွန်ုပ်အားပြလျက် ထိုကျောက်တုံးကြီးမှာ ဝတ္ထုပစ္စည်းများ တင်ထားရန်ဖြစ်ကြောင်းဖြင့် ပြောပြလေသည်။

"ဘာပစ္စည်းတွေ တင်သလဲ အီဗာ"

"ဝိုင်အရက်နဲ့ ပန်းများပဲ ဖြစ်တယ်"

"ဘယ်အတွက်လဲ"

"ဝိုင်အရက်က အသက်ဝိညာဉ်ကို သရုပ်ဆောင်တဲ့သဘော၊ ပန်းက မွေးကြိုင်ခြင်းဆိုတဲ့သဘော"

သို့ပြောပြီးနောက် အီဗာသည် ကျောက်တုံးပေါ်တွင် ထိုင်လိုက်ရာ ကျွန်ုပ်လည်း သူနှင့်ကပ်ကာ ထိုင်မိလျက်သား ဖြစ်သွားတော့၏။ ကျွန်ုပ်လည်း လှပဖြူဝင်းသော ၎င်း၏မျက်နှာကလေးကို ရွှန်းရွှန်းစားစား ကြည့်လျက်ရှိရာ အီဗာသည် ဦးခေါင်းကိုငုံ့ကာ ကျွန်ုပ်အား မရဲတရဲကြည့်ရှုလျက် ရှိလေသည်။

"သင့်ကို ကျွန်ုပ်ချစ်တယ် အီဗာ . . ."

"ဒါကို ကျွန်ုပ်သိပါတယ်လေ၊ မှန်ခေါင်းထဲမှာ ကျွန်ုပ်အိပ်နေစဉ်ကတည်းက သင်ချစ်နေတာပါ၊ ဒါပေမဲ့ အိပ်မက်တစ်ခု သင်မက်ပြီးမှ ဝန်ခံတယ်မဟုတ်လား"

"အဲဒီအိပ်မက်ရဲ့ အဓိပ္ပာယ်က ဘာလဲအီဗာ"

"အသေအချာတော့ ကျွန်ုပ်မသိဘူး၊ ဒါပေမဲ့ တစ်ခုတော့ဖြင့် ပြောမယ်။ ဝိညာဉ်တစ်ခုဟာ ခန္ဓာကိုယ် အမျိုးမျိုးထဲဝင်ပြီး ကိန်းအောင်းနိုင်တယ်၊ ဒီအကြောင်း တဖြည်းဖြည်း သင်နားလည်လာပါလိမ့်မယ်"

သူပြောသောစကားကို ကျွန်ုပ် ရှင်းလင်းစွာ မသိသော်လည်း ကျွန်ုပ်၏ ဇနီး နေတာလီ ကွယ်လွန်ကာနီးတွင် ပြောသွားသည့် စကားများကို ပြန်ကြားယောင်လိုက်မိ၏။

"ဒီမယ် အီဗာ . . . ကျွန်ုပ်ဇနီး ကွယ်လွန်ကာနီးမှာ သူ့ကို တစ်နေရာရာမှာ ရှာရင် တွေ့ပါလိမ့်မယ်တဲ့၊ အင်မတန်ဝေးတဲ့နေရာမှာ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်တဲ့၊ သူပြောတာက ကျွန်ုပ်သေပြီးမှ သူ့ကို ရှာဖို့ ပြောတာလား၊ ဒါမှမဟုတ်လည်း သူ့အိပ်မက်များမက်လို့ ပြောတာလား မသိဘူး"

"အိပ်မက်ကတော့ သင်လည်း မက်တာပဲ၊ ကျွန်ုပ်လည်း မက်တာပဲ၊ သူလည်း မက်မှာပဲပေါ့။ ကဲပါလေ . . . ဒီအိပ်မက်တွေအကြောင်း ထားပါတော့ . . ."

သို့ပြောပြီးနောက် အီဗာသည် သူ၏လှပသော ဦးခေါင်းကလေးကို ငုံ့ကာ ကျွန်ုပ်အား ထူးထူးခြားခြား ကြည့်၍နေတော့၏။

"ဒီလိုဆိုရင် သင်နဲ့ကျွန်ုပ် တွေ့ပြီးမှ တစ်ခါခွဲကြရဦးမှာလား အီဗာ"

"ဘယ်သူက ဒီလိုပြောသေးလို့လဲ ဟမ်ဖရီ၊ ကျွန်ုပ်မပြောရသေးပါကလား။ အချစ်ဆိုတာ ရေမြေတောတောင် ကောင်းကင် စကြဝဠာကြီးကို တောင် ထိုးဖောက်ပြီး ဆုံစည်းပေါင်းဖက်နိုင်တဲ့ သတ္တိ ရှိပါတယ်။ အချစ်စစ် အချစ်မှန်သာ ဖြစ်ပါစေ၊ ဒီဘဝမှာ မပေါင်းရသေးရင် နောင်ဖြစ်လေရာ ဘဝအဆက် . . ."

ထိုနေရာတွင် အီဗာသည် စကားကို ဖြတ်လိုက်ရာ ထိုစကားများအတွက် ကျွန်ုပ်မှာ အလွန်ပင် စိုးရိမ်ပူပန်မိတော့၏။

"ဒီဘဝမှာမဟုတ်ရင် ဘယ်ဘဝမှာလဲ အီဗာ"

"ဒါကိုတော့ ကွယ်လွန်သွားတဲ့ သင့်ဇနီးကိုပဲ မေးကြည့်ပေတော့ ဟမ်ဖရီ၊ နက္ခတ်တာရာတို့ သင်ကိုးကွယ်တဲ့ ဘုရားသခင်တို့ကိုပဲ မေးကြည့်ပါတော့။ တစ်နေရာရာ ဘဝတစ်ခုခုမှာလို့သာ ကျွန်ုပ်က ပြောနိုင်ပါတယ်။ ဒါပေမဲ့ မစိုးရိမ်ပါနဲ့လေ။ သင်နဲ့ ကျွန်ုပ် တွေ့ကြရဦးမှာပါ"

"လူ့ဘဝသက်တမ်းဟာ တိုတောင်းလှပါတယ် အီဗာ . . .၊ သင်ဟာ အခု ကျွန်ုပ်အနားမှာပဲ ရှိနေပြီမဟုတ်လား"

"နီးလျက်နဲ့ဝေး၊ ဝေးလျက်နဲ့နီး ဆိုတာလိုပါပဲ။ သင့်အချစ်သာ အချစ်စစ် အချစ်မှန်ဖြစ်ပါစေ၊ ကျွန်ုပ်နောက်ကို လိုက်လာပြီး ကျွန်ုပ်ကို ပိုင်ဆိုင်နိုင်ပါလိမ့်မယ်။ ဒီမယ် ဟမ်ဖရီ . . . ဖခင်ကြီးက ကျွန်ုပ်ကို သင့်အား ပေးအပ်ပြီမဟုတ်လား။ ဘယ်လိုစည်းကမ်းမျိုးနဲ့ ပေးအပ်သလဲ၊ သင်ပေးဆောင်ရမယ့် တန်ဖိုးကို သင်နားလည်ပါရဲ့လား။ ကျွန်ုပ်ပြောချင်ပါတယ် . . . ဒီတန်ဖိုး ကို

သင် ဘယ်တော့မှ မပေးဆောင်ပါလေနဲ့။ ကမ္ဘာကို စိုးမိုးရမယ်ဆိုတာက ကမ္ဘာတစ်ဝက်မှာရှိတဲ့ လူသားတွေကို သတ်ဖြတ်ရမယ်ဆိုရင် ကောင်းနိုင်ပါ့ မလား ဟမ်ဖရီ။ ဒီတန်ဖိုးကို သင်က ပေးဆောင်နိုင်တယ်ထားဦး၊ ကျွန်ုပ်က တော့ မပေးဆောင်နိုင်ဘူး ဟမ်ဖရီ"

"ဒါကတော့ သင့်ဖခင်ကြီး ပြောချင်ရာ ပြောနေတာပါ"

"မဟုတ်ဘူး ဟမ်ဖရီ သင်မှားနေပြီ၊ သူ့မှာ လုပ်နိုင်တဲ့ စွမ်းအင် သတ္တိတွေ ရှိတယ်။ သဘာဝရဲ့အင်အားကို ချုပ်ကိုင်နိုင်တဲ့ အတတ်ပညာ ရှိ တယ်။ ဒါကို အသုံးချလို့ သူ့မှာ ရည်ရွယ်ချက်ရှိတယ်။ ဒီတော့ သင်နဲ့ ကျွန်ုပ် ကိုပါ သူအသုံးချလိုတယ်"

"ဒါကတော့ ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ ပိုင်ကြတယ်မဟုတ်လား၊ သူအသုံးချချင်တိုင်း ကျွန်ုပ်တို့က ခံရမှာလား အီဗာ။ ကဲပါလေ . . . ဒါတွေ ထားပါဦး၊ အခါအခွင့်ရတုန်း ကျွန်ုပ်တို့ လက်ထပ်ပေါင်းသင်းကြရအောင် လား။ ဗက်စတင်က ဘုန်းကြီးပဲ သူလက်ထပ်ပေးပါလိမ့်မယ်"

"ကိုယ့်ကိုယ်ကို ပိုင်တယ်များ ထင်နေသလား။ အခုတောင် ဖခင် ကြီးဟာ ကျွန်ုပ်တို့နှစ်ယောက်ကို သူ့အတတ်ပညာနဲ့ ကြည့်နေသလား မပြော တတ်ဘူး။ မဖြစ်ပါဘူး ဟမ်ဖရီ မဖြစ်ပါဘူး၊ သေမှပဲ ကျွန်ုပ်တို့ လက်ထပ် ကြပါစို့။ ဒီတော့မှ သူ့လက်က လွတ်မြောက်ပြီး ကျွန်ုပ်တို့သဘောအတိုင်း နေနိုင်ကြမယ်"

"ကျွန်ုပ်တို့မှာ လှေရှိပါတယ် အီဗာ၊ လာပါ လှေနဲ့ထွက်ပြေးကြ မယ်"

"မဖြစ်နိုင်ဘူး ဟမ်ဖရီ . . . တန်ခိုးဣဒ္ဓိပတ် အတတ်မျိုးစုံနဲ့ ပြည့်စုံ တဲ့ အိုရိုလက်ထဲက ဘယ်လှေဘယ်သင်္ဘောနဲ့မှ ပြေးလို့မလွတ်နိုင်ဘူး။ ဒီတော့ ဒီမှာပဲ ကျွန်ုပ်တို့ရဲ့ နောက်ဆုံးအချိန်ကို စောင့်ကြရအောင်နော်"

"နောက်ဆုံးအချိန်ပဲ ဟုတ်လား . . . ဘာနောက်ဆုံးအချိန်လဲ"

"ကြောက်စရာကောင်းတဲ့ အဖြစ်ဆိုးကြီး ဖြစ်လာလိမ့်မယ် ဟမ်ဖရီ၊ သို့ပေမဲ့ မဖြစ်ရင်လည်း မဖြစ်ပါဘူး၊ မဖြစ်ဘူးဆိုတာက ဒီလိုပါလေ၊ ဗက် စတင်က ကျွန်ုပ်အား ယုံကြည်ကိုးကွယ်ရာ ဘာသာသစ်တစ်ခုကို သင်ကြား ထားတယ်။ အဲဒါရဲ့ အခြေခံသဘောတရား ကျင့်သုံးမှုအတိုင်း မိမိကိုယ်ကို မိမိ အနစ်နာခံမယ်ဆိုမှ ဒီအဖြစ်ဆိုးကြီးက လွတ်လိမ့်မယ်။ ကိုင်းလေ . . . ဒီအကြောင်း ထပ်ပြီးမေးမနေပါနဲ့တော့"

အီဗာသည် ရှေးပဝေသဏီခေတ်က ယဇ်နတ်ပူဇော်သည့် ပလ္လင်ပေါ် တွင် ထိုင်နေရာမှ ထကာ . . .

"ကဲ . . . ဒီတော့ ကျွန်ုပ်တို့ရဲ့ အတိတ်တို့ အနာဂတ်တို့ကို မေ့ပျောက်

ပြီး ယခုလက်ရှိ အချိန်ကလေးအတွင်းမှာပဲ ပျော်ပျော်ပါးပါး နေကြရအောင်။ ကိုင်း . . . ကျွန်ုပ်ကိုပွေ့ပြီး တင်းတင်းဖက်ထားစမ်းပါ၊ အရင်က အလဟဿ ကုန်ဆုံးခဲ့ရတဲ့ နေ့တွေ ရက်တွေ နာရီတွေကို အတိုးချပြီး ဝဝကြီး စကားပြော ကြရအောင်”

ကျွန်ုပ်သည် အီဗာအား တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်၏။

[ ၂၃ ]

# အမိန့်တော်

ထိုအချိန်လောက်မှစ၍ ဇက်စတင်နှင့် ဇစ်ကလီတို့သည် ကျွန်ုပ်နှင့် စကားပြောရာတွင် အီဗာအကြောင်းကို စကားစပ်၍မျှပင် မပြောကြတော့ချေ။ ကျွန်ုပ်နှင့် အီဗာတို့ ချစ်ကြိုက်၍ လက်ထပ်ရန် ကတိပြုနေသည်ကိုပင် သိထားကြဟန်တူ၏။ ဤကျွန်း၌ နေရသည်ကိုပင် ငြီးငွေ့လာကြသည့်အလား ကျွန်ုပ်မပါဘဲ သူတို့နှစ်ယောက်လည်း လှေဖြင့် ပြေးကြရန် ကြံစည်လျက်ရှိကြောင်း ကျွန်ုပ်ရိပ်မိ၏။

ဤသို့ဆိုလျှင် အလွန်ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်း ဆက်ဆံခဲ့သည့် ကျွန်ုပ်တို့သုံးယောက်မှာ ယခု အချစ်ကိစ္စကြောင့် အရုပ်မဆိုးသင့်ဘဲ ဆိုး၍သွားရပေတော့မည်။ သူတို့သည် ကျွန်ုပ်အား မချစ်ခင်၍မဟုတ်၊ ကျွန်ုပ်က အီဗာကို ချစ်မိသဖြင့် သူတို့အား မချစ်တော့ပြီဟု ယူဆပြီးလျှင် ကျွန်ုပ်အပေါ်တွင် အထင်လွဲကာ စိမ်း၍သွားခြင်းပင် ဖြစ်ပေလိမ့်မည်။ သို့နှင့် အခြေအနေမှာ ယခုထက်ပို၍ ဆိုးရွားလာမည်စိုးသဖြင့် ကျွန်ုပ်လည်း ဝမ်းထဲတွင် မြို၍မထားဘဲ ၎င်းတို့အား ခပ်ရှင်းရှင်းပင် ဖွင့်၍ပြောလိုက်လေသည်။

"ဟေ့ကောင်တွေ . . . မင်းတို့ရိပ်မိတဲ့အတိုင်းပဲ ငါနဲ့အီဗာဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ပြီး ဇနီးမောင်နှံအဖြစ်နဲ့ ပေါင်းသင်းဖို့ ကတိသစ္စာ ပြုပြီးပြီကွ"

ဇက်စတင်က . . .

"အေး . . . ဒီဟာတွေ တို့သိထားပါပြီကွာ၊ တို့ကလည်း မင်းတို့ ပျော်ရွှင်ကြပါစေလို့ ဆုတောင်းပါတယ်ကွာ။ ထောပနာလည်း ပြုပါတယ်"

ဇစ်ကလီက . . .

“ငါကလည်း ဆုတောင်းပါတယ်ကွာ၊ နို့ပေမဲ့ သိပ်ပြီး ထောပနာ တော့ မပြုချင်ဘူး၊ အဲဒါ ငါရိုးရိုးပြောတာ”

“ဟေ . . . ဘာဖြစ်လို့လဲကွ”

ထိုအခါ ဗစ်ကလီက . . .

“စောစောက ငါပြောထားတယ် မဟုတ်လား၊ ထပ်ပြီး မပြောပါရစေ နဲ့ကွာ။ မင်းကို ငါတစ်ခု သတိပေးတဲ့အနေနဲ့ ပြောချင်တာက ဒီကိစ္စမှာ မင်း စိတ်အပျက်ကြီး ပျက်ရမယ်ဆိုတာရယ်။ နောက်ပြီး ဒုက္ခအကြီးအကျယ် ရောက် ရမယ်ဆိုတာရယ်၊ ဒီဟာတွေ မင်းသိထား။ အီဗာဟာ တကယ့်မိန်းမသာ ဖြစ် ရိုးမှန်ရင် လူသားတစ်ယောက်ရဲ့မိန်းမ ဘယ်တော့မှ မဖြစ်နိုင်ဘူးကွ၊ ဒီလို ပြောတာ ငါ့စိတ်ထဲမှာ တစ်ခုခုက တိုက်တွန်းနေသလိုဖြစ်လို့ ငါပြောတာ၊ အခုလို ပြောရတာလည်း ဝမ်းနည်းပါတယ်ကွာ၊ အားလည်းနာပါတယ်”

ကျွန်ုပ်မှာ စိတ်ထဲတွင် အောင့်သက်သက် ဖြစ်သွားမိ၏။ သို့သော် သူပြောသည်မှာ မှန်ကောင်းမှန်ပေလိမ့်မည်ဟုလည်း စဉ်းစားမိပြန်၏။ အီဗာ သည် သူကိုယ်တိုင် ထိုအကြောင်းအရာကို သိထားပြီးဖြစ်ဟန်ဖြင့် စကားပြော တိုင်း ကျွန်ုပ်အား စောင်းပါးရိပ်ခြေ ပြောခဲ့ဖူးသည်မဟုတ်ပါလော။ သူနှင့် ကျွန်ုပ်ပေါင်းသင်းရန် ထားရှိခဲ့သောကတိမှာ ဤကမ္ဘာ ဤဘဝအတွက် မဟုတ် သကဲ့သို့ပင် ဖြစ်၍နေတော့၏။

ဗက်စတင်မှာ ကျွန်ုပ်တို့၏ အခြေအနေကို ရိပ်စားမိပြီးဖြစ်သည့် အတိုင်း . . .

“မင်းကတော့ တကယ်ကံကောင်းတဲ့ မောင်ပဲကွ အာဗူနော့ရ။ အဆင် သင့် အရံသင့်ဆိုသလို လက်ထပ်ပေးမယ့် ဘုန်းကြီးကလည်း ပါလာတာကိုး။ အီဗာကတော့ တို့ဘာသာကို လုံးလုံးလျားလျားကြီး မကူးပြောင်းလာသေးသည့် တိုင်အောင် အခြေခံသဘောတရားကိုတော့ ကောင်းကောင်းကြီး သဘောပေါက် လို့ ခရစ်ယာန်ထုံးစံအရ လက်ထပ်ပေးရင် ဖြစ်နိုင်ပါတယ်”

“ဟုတ်တယ် . . . သူကလည်း ငါ့ကို ဒီလိုပဲ ပြောပါတယ်၊ ဥပမာ အားဖြင့်ဆိုပါတော့ကွာ၊ အနစ်နာခံခြင်းတရားတဲ့”

ထိုစကားလုံးကို ကျွန်ုပ်သုံးလိုက်ရသဖြင့် ကျွန်ုပ်မှာ မျက်ရည်များ ပင် လည်၍လာမိတော့၏။ ထို့နောက် ကျွန်ုပ်က ဆက်လက်၍ . . .

“အနစ်နာခံခြင်းဆိုတာ ဘဝရဲ့ ထုံးတမ်းစဉ်လာတစ်ခုပဲ၊ ဘာပဲဖြစ် ဖြစ်ပေါ့လေ၊ ဗစ်ကလီပြောတာ မှန်နေတယ်။ ဒီတော့ မင်းကလည်း တို့နှစ် ယောက်ကို လက်ထပ်ပေးစရာမ မလိုတော့ပါဘူးကွာ”

“ဘာလဲ မင်းက လက်ထပ်ပွဲကို ဖျက်သိမ်းပစ်မလို့လား”

"ဒီလိုလဲ မဟုတ်သေးဘူးလေ . . . ငါထင်တာကတော့ ဒီလက်ထပ်ပွဲကို အကြောင်းတစ်ခုခုက ဝင်ပြီး တားဆီးလိမ့်မယ်လို့ ငါထင်နေတယ်။ အနစ်နာခံခြင်းဆိုတဲ့တရားက ဘယ်နည်းဘယ်ပုံ ဝင်ရောက်ပြီး တားဆီးလိမ့်မယ်ဆိုတာတော့ ငါမပြောတတ်ဘူး။ ကိုင်း . . . တော်လောက်ပါပြီကွာ၊ ငါလည်းပင်ပန်းနေပြီ၊ အိပ်ကြစို့"

ထိုညဦး၌ အိုရိုသည် ကျွန်ုပ်ထံ ရောက်ရှိလာပြန်၏။ သူ၏အသွင်အပြင်မှာ အစဉ်အမြဲ ခံ့ညားထည်ဝါလျက်ရှိသော်လည်း ထိုညဦး၌မူ အတန်ငယ်ညှိုးနွမ်းနေသယောင် ရှိနေသည်ထင်မိ၏။ အိုရိုသည် ကျွန်ုပ်အား ခက်ထန်သောလေသံဖြင့် . . .

"ဟေ့ လူအရိုင်းအစိုင်း၊ သင်က ကျွန်ုပ်သမီးကို အတော်အခွင့်အရေးယူပြီး အရောတဝင်ပြုလိုက်ပါကလား၊ ဒါမှမဟုတ် သမီးကပဲ သင့်ကို အရောတဝင်လုပ်လိုက်သလားတော့ မသိဘူး၊ နို့ပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် အတူတူပါပဲလေ"

"နေပါဦး သင်က ကျွန်ုပ်ကို ဘာ့ကြောင့် အရိုင်းအစိုင်းလို့ ခေါ်လိုက်တာလဲ"

"လူတိုင်းတော့ လူချင်းအတူတူပါပဲ၊ ကိုယ်အင်္ဂါခြေလက်ဦးခေါင်းတော့ ပါကြတာချည်းပဲ။ သို့သော် တချို့က ဉာဏ်ပညာနဲ့ ပြည့်စုံကြတယ်။ တချို့ကတော့ မပြည့်စုံဘူး။ ဉာဏ်ပညာရှိတယ်ဆိုတောင် အနည်းအကျဉ်းပဲရှိတယ်။ ဒီလိုလူစားတွေထဲမှာ သင်လည်းပါတယ်။ ဒါ့ကြောင့် သင့်ကို လူအရိုင်းအစိုင်းလို့ ခေါ်ခြင်းဖြစ်တယ်။ ကျွန်ုပ်နဲ့ ကျွန်ုပ်၏ သမီးကတော့ ရှေးပဝေသဏီကတည်းက ပညာရှိအမျိုးထဲက ပေါက်ပွားလာကြတာ။ ပြီးတော့ ဒီအမျိုးထဲက အသက်ရှင်ပြီး ကျန်ရစ်ခဲ့တာ ကျွန်ုပ်တို့နှစ်ယောက်ပဲ ရှိတော့တယ်"

"ဒီမယ်ခင်ဗျာ၊ ကမ္ဘာမှာ လူဦးရေသန်းပေါင်း ၂ ထောင်လောက် ရှိပါတယ်။ ဒီသန်းပေါင်း ၂ ထောင်စလုံးကို အရိုင်းအစိုင်းတွေလို့ ခေါ်မည်လား"

"ဟုတ်တယ် . . . အားလုံး အရိုင်းအစိုင်းတွေချည်းပဲ။ သင်က သင့်ကိုသင် တတ်လှပြီလို့ အောက်မေ့များ နေရော့သလား ဟမ်ဖရီ။ ဒီမယ် ကျွန်ုပ်ဖျက်ဆီးပစ်လိုက်တဲ့ လူတွေထဲက ဘာဆိုဘာမျှမဟုတ်တဲ့ သာမန်လူတစ်ယောက်ကတောင် ယခုလက်ရှိ သင်တို့အထဲက ပညာအရှိဆုံးလို့ ခေါ်တဲ့ လူထက်တတ်သေးတယ်"

"ဒါကတော့ သင်မှားနေပြီအိုရို . . . ယခု ကျွန်ုပ်တို့ လူသားတွေဟာ ဝိညာဉ်ဆိုသည့်အရာကို အတော်အတန် သိရှိနားလည်နေကြပါပြီ"

"အင်း . . . ဒီဝိညာဉ်ပြဿနာကို ကျွန်ုပ်အတော်ပဲ စိတ်ဝင်စားတယ်၊ ဝိညာဉ်ကိစ္စဟာ အလွန်အရေးကြီးတဲ့ကိစ္စ၊ တကယ်လို့ လူမှာ ဝိညာဉ်ဆိုတာ အမှန်ရှိသည်ဆိုရင် သူဟာ သေသူမဟုတ်ဟု ဆိုရမယ်။ ကျွန်ုပ်တို့အဖို့မှာတော့ သေရမယ်၊ သေရမယ့် လူတစ်ယောက်အဖို့ ပညာဆိုတာ ဘာလုပ်တော့မှာလဲ။ သင်တို့ဟာ မိုက်မဲပြီး မသိတတ်ကြပေမယ်လို့ သင်တို့မှာ ယုံကြည်နိုင်တဲ့ အသိဉာဏ် သတ္တိအားရှိတယ်၊ ဒါ့ကြောင့် ဝိညာဉ်ဆိုတာ ရှိတယ်လို့ ယုံကြည်တယ်။ အဲဒီအတွက် သင်တို့ဟာ ဘဝရဲ့ အမွေစား အမွေခံများ ဖြစ်ကြတယ်။ ကျွန်ုပ်မှာတော့ ဤမျှကြီးကျယ်သော ပညာဉာဏ်နှင့် ပြည့်စုံလျက် ဘာကြောင့် ဤယုံကြည်ချက်မျိုးကို မရနိုင်သလဲဆိုတာ မသိဘူး"

"ဒါကတော့ လွယ်ပါတယ်၊ ယုံကြည်ချက်ရနိုင်အောင် မိမိကိုယ်ကို မိမိ နှိမ်ချရပါမယ်"

"ဘယ်လိုဘယ်ပုံ နှိမ်ချရမှာလဲ"

"လုပ်ရမှာက တန်ခိုးအင်အား အာဏာကို လိုချင်တပ်မက်သည့် စိတ်ကို ဖျောက်ရမယ်။ တန်ခိုးအာဏာ အင်အားကို ရဖို့အတွက် လုပ်ဆောင်ချက်များကို စွန့်လွှတ်ရမယ်။ သတိသံဝေဂတရားရပြီး အေးဆေးငြိမ်သက်စွာ သေမင်း၏ တံခါးဝဆီသို့ လျှောက်သွားရမယ်၊ ဒါဟာ မိမိကိုယ်ကို မိမိနှိမ်ချခြင်းပဲ"

"ဒီမယ် ဟမ်ဖရီ သင်တို့လို ဘာမျှ တန်ခိုးအာဏာမရှိသူများအတွက်တော့ လွယ်ကူပါလိမ့်မယ်။ သို့သော် ကျွန်ုပ်ကဲ့သို့ လူစားမျိုးအတွက်တော့ လွယ်ကူမည်မဟုတ်၊ ကျွန်ုပ်ကဲ့သို့ နတ်တစ်ပိုင်းမျှ ကြီးကျယ်သည့် ပုဂ္ဂိုလ်တစ်ဦးဟာ မြေပေါ်မှာ တွားသွားနေတဲ့တီကောင်လို တွားသွားနိုင်ပါမည်လား"

"နတ်တစ်ပိုင်းဖြစ်စေ၊ လုံးလုံးလျားလျားပဲဖြစ်စေ၊ သေရမည့်နတ်သည် နတ်မဟုတ်တော့၊ မသေသောတီကောင်သည်သာ ထိုကဲ့သို့ နတ်မျိုးထက် ကြီးကျယ်မြင့်မြတ်ပါလိမ့်မည်"

"မည်သို့ပင်ဖြစ်စေ ကျွန်ုပ် အသက်ရှင်နေသရွေ့ ကျွန်ုပ်၏စွမ်းအားကို ပြရပေမည်။ ကောင်းပြီ ဤကိစ္စ ဤတွင်ရပ်။ သင် ကျွန်ုပ်၏သမီးကို ဘယ်သို့ပြုလိုသနည်း ပြောလေ"

"သူ့အား စိတ်ရောကိုယ်ပါ ကျွန်ုပ်ပိုင်ဆိုင်လိုပါသည်"

"သူ့စိတ် သူ့ဝိညာဉ်ကို သင်ရရှိပိုင်ဆိုင်ပြီ ထားဘိဦး၊ သူ၏ ခန္ဓာကိုယ်ကိုမူ ကျွန်ုပ်က ပိုင်ဆိုင်သည်။ ကျွန်ုပ်က ပေးမှ သင်ရရှိနိုင်မည်ဖြစ်သည်။ ကျွန်ုပ်က ရောင်းမည်၊ သင်ဝယ်ယူနိုင်ပါမည်လော။ ကျွန်ုပ်တောင်းသော တန်ဖိုးကို သင်ပေးမည်လော"

"ဤတန်ဖိုးကား မည်မျှပါနည်း"

"ကျွန်ုပ်၏ အမှုတော်ကိုထမ်းပြီး ယခုအချိန်မှစ၍ ကျွန်ုပ်၏ အလို ဆန္ဒအတိုင်း သင်က ဘာမျှ စောဒကတက်ခြင်း၊ အပြစ်ရှာခြင်းမပြုဘဲ လိုက်နာ ဆောင်ရွက်ရမည်"

"ရမည့်ဆုလာဘ်က ဘာပါလဲ"

"သမီး အီဗာနှင့်တကွ သင့်အသက်ထက်ဆုံး ကမ္ဘာကြီးကို စိုးမိုးအုပ် ချုပ် မင်းလုပ်ရမည့် ဆုလာဘ်ပဲ"

"သင်၏ အလိုဆန္ဒက ဘာဖြစ်ပါသလဲ"

"အချိန်တန်လျှင် သင်သိလိမ့်မည်။ ထို့ကြောင့် ယနေ့မှစ၍ နှစ်ရက် မြောက်သောညတွင် ကျွန်ုပ်ရှိရာ မြေအောက်ကမ္ဘာသို့ သင်တို့သုံးဦး ဆင်း၍ လာခဲ့ကြ။ ဤအချိန်အတွင်း သင်သည် အီဗာကို မတွေ့ရ၊ သင်တို့အသက်ရှင် လျက် နေလိုကြသေးလျှင် ကျွန်ုပ်ခိုင်းသည်ကို လုပ်ပါ။ ကျွန်ုပ်၏ ရှေ့မှောက် သို့ သင်တို့ရောက်ကြလျှင် ကျွန်ုပ်၏ဆန္ဒကို သင်တို့ သိကြရလိမ့်မည်။ ထို အခါတွင် သင့်အဖို့ အီဗာနှင့် ဘုရင့်စည်းစိမ်ကို ရွေးမည်လား၊ သို့မဟုတ် အသေခံမည်လား၊ ကြိုက်ရာသာလျှင် ရွေးပေတော့"

သို့ပြောပြီးနောက် အိုရိုသည် ကျွန်ုပ်ရှေ့မှ ချက်ချင်းပင် ထွက်သွား လေသည်။

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်သည် အဖြစ်အပျက်အားလုံးကို သူ တို့အား ပြောပြလိုက်၏။ ခက်သည်မှာ ဗစ်ကလီက လုံးဝမယုံကြည်ဘဲ ရှိနေ ၍ ဇက်စတင်ကမူ ယုံပင်ယုံသော်လည်း မြေအောက်ကမ္ဘာကြီးဆီသို့ မသွားလို ကြောင်း ငြင်းဆန်လျက် ရှိလေသည်။ သူသည် အဘိုးကြီးအား တရားဓမ္မဟော ပြ၍ 'ချွတ်' ရန် အပင်ပန်းခံ၍ ကြိုးစားခဲ့ကြောင်း။ သို့သော် အဘိုးကြီးသည် သရက်စေ့ကို ပါးစပ်ဖြင့် စုပ်သကဲ့သို့ ရှိသမျှ အသားကို ယူပြီးနောက် အစေ့ ကို လွှင့်ပစ်လိုက်သကဲ့သို့ လွှင့်ပစ်လိုက်ပြီဖြစ်ကြောင်း။ သူသည် သရက်သီး ၏အသားကို စားရသည့်တိုင်အောင် အရသာမသိသေးသဖြင့် မြေအောက်ကမ္ဘာ သို့ သွားရန် စိတ်မရှိကြောင်းဖြင့် ကျွန်ုပ်အား ပြောပြလျက်ရှိလေသည်။

ဇက်စတင်နှင့် ဗစ်ကလီတို့၏ဆန္ဒမှာ လှေဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း ကျွန်းမှ ထွက်ပြေးကြရန် ဖြစ် ၏။ သို့သော် ကျွန်ုပ်ကမူ အိုရိုသည် သူ၏စကားကို နာခံရန် မှာကြားထား ကြောင်း။ အကယ်၍ မနာခံလျှင် ကျွန်ုပ်တို့အားလုံးအား သတ်ပစ်မည်အထိ ကြိမ်းဝါးထားကြောင်းဖြင့် သူတို့အား သတိပေးစကား ပြောကြားရတော့၏။

ဗစ်ကလီက . . .

"ဒီလိုဆိုရင် ကောင်းပြီ၊ ငါကတော့ ဒီအဘိုးကြီး ဘာလုပ်မယ်ဆိုတာကို သိချင်တယ်ကွာ . . .၊ ဒီတော့ သူမှာတဲ့အတိုင်း သူ့ဆီသွားကြတာပေါ့"

ကျွန်ုပ်က . . .

"ငါထင်တာကတော့ . . . အဘိုးကြီးမှာ ကမ္ဘာတစ်ဝက်ကို ဖျက်ဆီးပစ်ဖို့ အကြံရှိနေတယ်လို့ ထင်တယ်ကွ၊ ဒါမှမဟုတ်ရင်လည်း ဒီအကြံအစည်နဲ့တူတဲ့ အကြံတစ်ခုခု ရှိနေပြီထင်တာပဲ"

ဗက်စတင်က . . .

"ဟုတ်ချင်လည်း ဟုတ်မှာပဲ၊ အဘိုးကြီးက အတော်ဆိုးတဲ့ အဘိုးကြီးကွ၊ သို့သော် သူလုပ်ချင်တိုင်း လုပ်လို့မရပါဘူး၊ ခွင့်ပြုမှာလည်း မဟုတ်ပါဘူး၊ ဒါကြောင့် ငါတော့ ဘာမှဂရုမစိုက်ဘူး"

အိုရှိသည် ရှေးအထက်က တစ်ကြိမ် သူလုပ်ချင်သလို လုပ်ခဲ့သည့်အကြောင်းကို ကျွန်ုပ်က သတိပေးစကား ပြောကြားလိုက်ရာတွင် ဗက်စတင်က

"ဩော် ရေကြီးလွှမ်းမိုးတဲ့ကိစ္စလား၊ မှန်တယ်၊ ရေကြီးလွှမ်းမိုးခဲ့တာတော့ အမှန်ပဲ၊ သို့သော် ဒါက သူ့လက်ချက်မဟုတ်ပါဘူးကွာ၊ ကိုင်းလေ ဒီကိစ္စထားလိုက်ပါတော့၊ သွားမယ်ဆိုရင်လည်း သူမှာတဲ့အတိုင်း တို့များ သွားကြတာပေါ့"

ရက်ချိန်းမတိုင်မီ ကျွန်ုပ်တို့သုံးဦးသားတို့မှာ မြေအောက်ကမ္ဘာကြီးတွင် ကျွန်ုပ်တို့ လိုအပ်မည့် ရိက္ခာပစ္စည်းများကို အသင့်ထုပ်ပိုးပြင်ဆင်ထားကြ၏။ ယင်းပစ္စည်းများထဲတွင် သုံး လေးရက်စာမျှ စားရေရိက္ခာများ၊ ဟာရီကိန်း မီးအိမ်၊ မီးခြစ်နှင့် ရေနံဆီများ ပါဝင်လေသည်။ ဗက်စတင်က . . .

"မီးအိမ်နဲ့ ရေနံဆီက သိပ်လိုတာကွ၊ ဘာဖြစ်လို့လဲဆိုတော့ အဘိုးကြီးက စိတ်အခန့်မသင့်လို့ သူထွန်းထားတဲ့ မီးအလင်းရောင်ကို ငြိမ်းပစ်လိုက်ရင် ဘယ့်နှယ်လုပ်ကြမလဲ"

ဗစ်ကလီက . . .

"နို့ သူက တို့မီးအိမ်တွေကို တိတ်တိတ်ခိုးယူထားလိုက်ရင်ကော"

ဗက်စတင်က . . .

"ဒါကတော့ မစိုးရိမ်ပါနဲ့ကွာ . . . လိုလိုမယ်မယ် ငါ့ခြောက်လုံးပြူးကို ယူလာခဲ့မယ်၊ လိုအပ်လာမယ်ဆိုရင်တော့ တို့အသက်တွေနဲ့တကွ ဝေနေယျ သတ္တဝါအားလုံးရဲ့ အသက်တွေကို ကယ်ဖို့ ငါတော့ အဘိုးကြီးကို တစ်ခါထဲ ပစ်သတ်လိုက်မှာပဲ"

ဗက်စတင်ကဲ့သို့ လူက လက်နက်ကို အသုံးပြု၍ အဘိုးကြီးကို ပစ်သတ်လိုက်မယ်ဆိုသဖြင့် ကျွန်ုပ်တို့မှာ ရယ်ကြရသေး၏။ ထို့နောက် ကျွန်ုပ်

တို့လည်း မိမိတို့သွားရမည့် ခရီးအတွက် အတွေးကိုယ်စီဖြင့် အချိန်ကုန်ခဲ့ရလေသည်။

နောက်ဆုံး အချိန်ကျရောက်၍လာတော့၏။ ကျွန်ုပ်တို့သုံးဦးသားတို့သည် ဝန်စည်စလယ်များကို သယ်ယူပြီးလျှင် သင်္ချိုင်းဂူကြီးဆီသို့ လာခဲ့ကြ၏။ ကျွန်ုပ်တို့အထဲတွင် တော်မီကလေးတစ်ကောင်သာ ပေါ့ပေါ့ပါးပါး မြူးထူးရွှင်လန်းစွာ လိုက်လာနိုင်ခဲ့လေသည်။ ကျွန်ုပ်တို့၏ ခြေလှမ်းများမှာ ကျွန်ုပ်တို့စိတ်များကဲ့သို့ လေးလံ၍နေသောကြောင့် တော်မီကလေးသည် ကျွန်ုပ်တို့အား ခပ်မြန်မြန် လျှောက်စေလိုသည့်သဘောဖြင့် တစ်ခါတစ်ရံ ရှေ့သို့ ကြို၍ပြေးသွားပြီးလျှင် ထိုနေရာမှ တစ်ဖန် ကျွန်ုပ်တို့ရှိရာသို့ ပြန်၍ပြေးလာပြန်၏။

သင်္ချိုင်းဂူကြီးအတွင်းသို့ ဝင်မိကြသောအခါ ဇစ်ကလီသည် မှန်ခေါင်းတစ်ခု အစွန်းပေါ်တွင် ခေတ္တထိုင်ချလိုက်ပြီးနောက် . . .

"အင်း . . . ဘယ့်နှဲ့လဲ . . . အကြိုတော်လည်း ခုထိရောက်မလာသေးပါကလား၊ နေလည်း ဝင်တော့မယ်၊ ဂူကြီးထဲမှာလည်း ဘယ်သူမှ မတွေ့ရဘူး"

ဟု ပြောလိုက်၏။

ဇစ်ကလီစကားပြော၍မှမဆုံးမီ အီဗာသည် ကျွန်ုပ်တို့အနီးသို့ ရုတ်တရက် ရောက်ရှိလာ၏။ မည်သည့်နေရာမှ မည်သို့မည်ပုံ ရောက်၍လာသည်ကိုမူ ကျွန်ုပ်တို့ မသိလိုက်ရချေ။

[ ၂၄ ]

## 'ထမ္မ' ဝတ်ကျောင်းတော်ကြီးအတွင်းဝယ်

အီဗာသည် စိုးရိမ်စိတ် ကြင်နာစိတ် အပြည့်အဝပါရှိသည့် မျက်နှာဖြင့် ကျွန်ုပ်အား ကြည့်လိုက်၏။ ထို့နောက် ဇစ်ကလီဘက်သို့ လှည့်ပြီးလျှင် မျက်နှာထားခပ်ပြုံးပြုံးဖြင့် . . .

"ဇစ်ကလီကတော့ ထုံးစံအတိုင်း မယုံကြည်ဘူးပေါ့၊ ဟုတ်လား။ ဟမ်ဖရီဆီကို အိုရိုလာပြီး စကားပြောတာတို့ ဘာတို့ကို မမြင်တော့ သင်က မယုံဘူး။ သင့်မှာ ခက်နေတာက သင်မသိဘဲနဲ့ အိုရိုဟာ သင့်ကိုကျော်လွှား သွားလို့မရဘူး။ ပြီးတော့ စိတ်ကို သူ၏ သဏ္ဌာန်ယူစေပြီး သူခိုင်းစေလိုသမျှ ခိုင်းလို့မရဘူးလို့ သင်က ထင်နေသလား"

ဇစ်ကလီသည် အီဗာ၏မေးခွန်းကို တိုက်ရိုက်အဖြေမပေးချေ။

"အာဖူနော့ ပြောတာတွေကို ကျွန်ုပ်က မယုံဘူးဆိုတာ သင်က ဘယ်လိုလုပ်သိသလဲ၊ ပြီးတော့ သင်ကလည်း သင့်စိတ်ကို သင်ရဲ့သဏ္ဌာန်ယူစေပြီး ခိုင်းစေတာပဲလား"

"ဒါကတော့ ကျွန်ုပ်ဆန္ဒရှိလို့ လုပ်ချင်ရင် ရပါတယ် ဇစ်ကလီ၊ မခက်ပါဘူး။ နေလည်း ဝင်ခါနီးပြီ။ လာကြိုမယ့်သူလည်း အခုထိ မရောက်လာသေးဘူးလို့ သင်ပြောလိုက်တာ ကျွန်ုပ်ကြားလိုက်သားပဲ"

"သြော် . . . ဒီလိုဆိုတော့ သင်ဟာ အင်္ဂလိပ်စကား အတော့်ကိုပဲ တိုးတက်နေပြီပဲ။ နေပါဦး ကျွန်ုပ်က အဲဒီစကားကို ပြောတော့ ကျွန်ုပ်တို့အနားမှာ သင်မရှိပါကလား"

"အနားမှာပဲ ရှိပါတယ်လေ၊ နောက်ပြီး ဒီနံရံကြီးတွေက သင်ထင်သလောက် အထူကြီးမဟုတ်ပါဘူး"

အီဗာသည် ကျောက်သားနံရံကြီးများဘက်သို့ လှည့်၍ကြည့်လိုက်ပြီးနောက် ဆက်လက်၍ . . .

"ဒီမယ် မိတ်ဆွေကြီး ဗစ်ကလီ . . . သင်ဟာ ဘာဆိုဘာကိုမှ မသိတော့ ကျွန်ုပ်ဘယ်လိုလုပ်ပြီး ပြောရမလဲ။ သင့်အသိ သင့်ပညာလောက်နဲ့ သင်လက်လှမ်းမမီနိုင်တဲ့အရာတွေ အများကြီးရှိနေတယ် ဗစ်ကလီ။ သို့သော်လည်း အခုတစ်ရက် နှစ်ရက်အတွင်းမှာပဲ ဒါတွေရှိနေတယ်ဆိုတာ ကျွန်ုပ်ကို သင်ဝန်ခံရပါလိမ့်မယ်။ အင်း . . . တစ်နေရာရာမှာပေါ့လေ"

သို့ပြောလိုက်ပြီးနောက် အီဗာသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်၏။

အကျဉ်းချုံး၍ ဖော်ပြရမည်ဆိုသော် အီဗာသည် ကျွန်ုပ်တို့အား ယခင်က ကျွန်ုပ်တို့ စီးနင်းခဲ့ဖူးသော အလွန်လျှို့ဝှက်ဆန်းကျယ်သည့် လှေကားကြီးဖြင့်ပင် ခေါ်သွားရာ မိနစ်ပိုင်းအတွင်း၌ပင် မြေအောက်ကမ္ဘာသို့ ကျွန်ုပ်တို့ ရောက်ရှိသွားကြတော့၏။ ကျွန်ုပ်တို့ စီးနင်းလိုက်ပါသွားရသည့် အရာကြီးမှာ မည်သည့်အရာဟူ၍ ကျွန်ုပ်တို့ လုံးဝမသိရချေ။ ကျွန်ုပ်တို့တွေ့ရကြုံရ သမျှ ထူးဆန်းသော အရာများထဲတွင် ဤအရာကြီးသည် အထူးဆန်းဆုံးဖြစ် ၍ အမျိုးအမည်မသိနိုင်သည့် လျှို့ဝှက်နက်နဲသော အရာတစ်ခုပင် ဖြစ်လေ သည်။ အောက်ဆုံးသို့ရောက်သောအခါ ကျွန်ုပ်က အီဗာအား ကျွန်ုပ်တို့အား မည်သည့်နေရာသို့ ခေါ်ဆောင်သွားမည့်အကြောင်း မေးလိုက်ရာ အီဗာက ...

"အိုရိုက သင်တို့ကို ပြောပါလိမ့်မယ် ဟမ်ဖရီ . . . ကျွန်ုပ်နောက်ကိုသာ လိုက်ခဲ့ပါ။ တစ်ခုတော့ ကျွန်ုပ်သတိပေးချင်ပါတယ်၊ ဘာလဲဆိုတော့ အိုရိုဟာ အခုစိတ်တိုပြီးနေတယ်၊ ဒီတော့ သူစိတ်ဆိုးအောင် သွားပြီးမလုပ်ကြပါနဲ့နော်"

အာယုဝဍ္ဍနရေစင်ရှိရာသို့ ကျွန်ုပ်တို့ရောက်သွားကြသောအခါ အီဗာက ကျွန်ုပ်တို့အားလုံးအား ရေစင်ကို အသောက်ခိုင်းလေသည်။

"သောက်ကြ၊ သောက်ကြ . . . အထက်ကမ္ဘာကြီးမှာ နောက်တစ်နေ့ နေမဝင်မီစပ်ကြား ကျွန်ုပ်တို့အားလုံးဟာ အင်အားရှိဖို့ လိုကြလိမ့်မယ်"

ရေစင်ကို ကျွန်ုပ်တို့အားလုံး သောက်ကြပြီးနောက် ဆက်လက်သွားကြရာ မကြာမီပင် ယခင်က ကျွန်ုပ်တို့ ရောက်ခဲ့ဖူးသည့် နန်းတော်ခန်းမဆောင်ကြီး အတွင်းသို့ ရောက်ရှိသွားကြလေသည်။ အိုရိုထိုင်လျက်ရှိသော စင်မြင့်ရှိရာသို့ ရောက်လျှင် အိုရိုသည် သတ္တုပြားများပေါ်တွင် တစ်စုံတစ်ရာကို ရေးခြစ်လျက် ရှိရာမှ ဦးခေါင်းကို မော်၍ကြည့်လိုက်ပြီးလျှင် ကျွန်ုပ်တို့အား စင်ပေါ်သို့ တက်လာရန် ခေါ်လိုက်၏။

စင်ပေါ်သို့ ကျွန်ုပ်တို့ ရောက်သွားကြသောအခါ အိုရီသည် သူ၏ စူးရှသော မျက်လုံးများဖြင့် ကျွန်ုပ်တို့၏ မျက်လုံးများကို တစ်ယောက်ပြီးလျှင် တစ်ယောက် ကြည့်ရှုလျက်ရှိ၏။ ဤကဲ့သို့ တစ်ယောက်စီကြည့်ရှုပြီးနောက် ကျွန်ုပ်မှာ တတိယအကြည့်ခံသူဖြစ်သည့်အတိုင်း သူ၏မျက်လုံးများသည် ကျွန်ုပ်၏အနီးတွင် ထိုင်နေသော အီဗာဆီသို့ ရောက်သွားတော့၏။ ထို့နောက် စကားစ၍ ပြောလေသည်။

"သင်တို့အားလုံးကို ဘာကြောင့် ဒီနေရာ ခေါ်လာရသလဲ ပြောရဦးမယ်။ အင်း ခေါ်တာက အယုံအကြည် အင်မတန်နည်းပါးတဲ့ ဇစ်ကလီကို သူနားမလည်တဲ့ တန်ခိုးအင်အားတွေ ရှိနေတဲ့အကြောင်း၊ ဒီတန်ခိုး အင်အားတွေကို ကျွန်ုပ်က ကောင်းစွာ ခိုင်းစေနိုင်တဲ့အကြောင်း ပြမယ်လို့ ခေါ်ခြင်းပဲဖြစ်သည်။ နို့ပြီး ကျွန်ုပ်၏ အရေးအခင်းကိစ္စတစ်ခုအတွက် ယခုဖြစ်ပေါ်လတ္တံ့သော ဖြစ်ရပ်တွင် သင်တို့၏ အသက်တွေကို မဆုံးရှုံးစေလို၍တစ်ကြောင်း ဖြစ်တယ်။ ကျွန်ုပ်၏လုပ်ငန်း ယခုပြီးစီးပြီ၊ ကျွန်ုပ်ရဲ့ ကိန်းဂဏန်းအတွက် အချက်အားလုံးလည်း မှန်ကန်ပြည့်စုံပြီ ကိုင်း . . . နားထောင်ကြ"

ဤသို့ပြောပြီးနောက် အိုရီသည် သူ့ရှေ့တွင်ရှိသော လျှို့ဝှက်သည့် အမှတ်အသား လက္ခဏာများ အပြည့်ရေးထားသည့် သတ္တုချပ်များကို ညွှန်ပြလေသည်။

ထို့နောက် ဆက်လက်၍ . . .

"မနက်ဖြန်တွင် ယခင်အထက်က တစ်ကြိမ် ကျွန်ုပ်ပြုလုပ်ခဲ့ဖူးသည့် အလုပ်ကို ပြုလုပ်တော့မည်။ ဤအလုပ်ကား အခြားမဟုတ် ကမ္ဘာ၏ ထက်ဝက်ကို သမုဒ္ဒရာ၏ အောက်သို့ နစ်မြုပ်ပစ်ပြီးနောက် နှစ်ပေါင်း ၂၅၀,၀၀၀ မျှ ရေတွင် နစ်နေခဲ့သည့် ကုန်းမြေကို ရေပြင်ထက်သို့ တစ်ဖန်ပြန်၍ ပေါ်စေမည့်အလုပ်ဖြစ်သည်"

ဇစ်ကလီက . . .

"ကမ္ဘာ၏ ထက်ဝက်ဆိုသည်မှာ ဘယ်အပိုင်းဖြစ်ပါနည်း"

"ဒါကတော့ ကျွန်ုပ်၏ လျှို့ဝှက်ချက်ပဲ၊ ဘယ်အပိုင်းလဲဆိုတာကို ဟောဟိုသတ္တုချပ်မှာ ရေးထားလေရဲ့၊ နို့ပေမဲ့ သင်ဖတ်တတ်မှာ မဟုတ်ပါဘူး၊ နိုင်ငံအချို့ ရေထဲတွင် နစ်မြုပ်ပြီး ပျောက်ကွယ်သွားမယ်၊ တချို့ကို ကျွန်ုပ် ချမ်းသာပေးလိုက်မယ်"

"ဒီလိုသင်ပြောသည့်အတိုင်း လုပ်နိုင်လို့ လုပ်လိုက်ရင် လူတွေ သန်းပေါင်းများစွာ သေကြေမကုန်ပေဘူးလား"

"ဘာ လုပ်နိုင်လို့ရှိရင် . . . ဟုတ်လား"

ဤသို့ခက်ထန်သော အသံကြီးဖြင့် ဟစ်အော်လိုက်ပြီး အိုရိုသည် ဇစ်ကလီအား စားတော့ဝါးတော့မည့်ဟန်ဖြင့် ကြည့်လိုက်လေသည်။

"ကောင်းပြီလေ . . . ကျွန်ုပ် ဘာလုပ်နိုင်သလဲဆိုတာ သင်မနက်ဖြန် သိရလိမ့်မယ်။ အို . . . ဘာကြောင့် ဒီအရူးကောင်ကို ကျွန်ုပ် စိတ်ဆိုးများနေရသလဲ မပြောတတ်ဘူး။ ကမ္ဘာတစ်ခြမ်းက လူတွေ သေကြရမယ်၊ သေတာဟာ ဘာအရေးလဲ။ မိနစ်အနည်းငယ်အတွင်းမှာ အသက်ပျောက်သွားရမယ့်ဟာပဲ။ အခုမသေသေးရင်လည်း နောင် နှစ်ပေါင်း ၁၀၀ ခန့် အတွင်းမှာ သူတို့အားလုံး တစ်ယောက်မကျန် သေကြရမှာပဲ မဟုတ်လား"

ထိုစကားများကို ကြားရသောအခါ ဇက်စတင်၏ မျက်နှာတွင် အလွန်တုန်လှုပ် ချောက်ချားသွားသည့် လက္ခဏာများကို ကျွန်ုပ်မြင်လိုက်ရ၏။

ထိုခဏ၌ ဇက်စတင်က . . .

"သန်းပေါင်းမရေမတွက်နိုင်သော လူတွေကို သင်သတ်ပစ်လိုက်မယ်ပေါ့လေ"

"ဒီမယ် . . . တရားဟောဆရာကြီးရဲ့ . . . သင်ပြောဖူးတဲ့ ကောင်းကင်ဘုံဆိုလား၊ ငရဲပြည်ဆိုလား၊ အဲဒီနေရာကို ရောက်အောင် ဒီလူတွေကို ပို့ပေးပစ်မယ်။ တစ်နေရာရာကို သူတို့ မြန်မြန်ကြီး ရောက်သွားကြရမှာပါ။ ဒီလူတွေကို ကျွန်ုပ်မကျေနပ်ဘူး၊ သူတို့သာ သွားကြပါစေ။ သူတို့ရဲ့ နေရာကို ရောက်လာမယ့် လူတွေနဲ့ အစားထိုးလိုက်မယ်"

"ဒီလိုဆိုရင် သင်ဟာ မဟာလူသတ်ကောင်ကြီး ဖြစ်သွားမှာပေါ့။ သင့်လောက် မိုက်ကန်းဆိုးသွမ်းတဲ့လူ ရှိတော့မှာမဟုတ်ဘူး။ နောက်တစ်ခုကတော့ ကျွန်ုပ်ဟာ ဇစ်ကလီလို မဟုတ်ဘူး၊ သင်ကြံစည်သလို သင်လုပ်နိုင်မယ်ဆိုတာ ကျွန်ုပ်ယုံကြည်တယ်"

"ကျွန်ုပ်လုပ်မည့်အလုပ်က မိုက်ကန်းဆိုးသွမ်းတယ်လို့ သင်က ဆိုတယ်။ ဒီလိုဆိုရင် သင်ကိုးကွယ်ဆည်းကပ်သည့် ဘုရားသခင်ဆိုတာ တကယ်ရှိနေရင် သူက ဘာ့ကြောင့် ကျွန်ုပ်ကို မတားဆီးသလဲ"

"ဘုရားသခင်က တားဆီးတော်မူမှာ အမှန်ပဲ၊ အခုတင်ပဲ ဘုရားသခင်က ကျွန်ုပ်အား တားဆီးဖို့ အမိန့်ပေးနေပြီ"

ဇက်စတင်သည် စိတ်ဆိုးမာန်ဆိုး အော်လိုက်ပြီးနောက် ခြောက်လုံးပြူးကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီးလျှင် အိုရို၏ ရင်ဘတ်ကို ချိန်ထားလိုက်တော့၏။ ဤသို့ သေနတ်ဖြင့် ချိန်ထားလိုက်ပြီးနောက် အိုရိုအား ကတိတစ်ခု ပေးရန် တောင်းဆိုလေသည်။

"ဒီမယ် ဒီပြစ်မှုကြီးကို မကျူးလွန်ပါဘူးလို့ သင်ကတိပေးပါ၊ မပေးရင် သင့်ကို ကျွန်ုပ်သတ်ရလိမ့်မည်"

"သြော် . . . ငြိမ်းချမ်းရေးသမားကြီးက အခု လူသတ်သမားကြီးဖြစ်တော့မှာကိုး။ ကမ္ဘာ့ ကောင်းစားရေးကြီးအတွက် လူတွေကို ကျွန်ုပ်က သတ်ပေးရမည်ကို မသတ်နိုင်အောင် သင်က ကျွန်ုပ်အား သတ်မည်ပေါ့။ ဟော– အလို့ . .သင့်လက်ထဲက ကစားစရာလေး ဘာဖြစ်သွားသလဲဆိုတာ ကြည့်လိုက်စမ်းပါဦး၊ တရားဟောဆရာကြီးရဲ့"

ထိုအခိုက် ဗက်စတင်၏ လက်တွင် ကိုင်ထားသည့် ခြောက်လုံးပြူးသေနတ်မှာ လက်မှလွတ်ထွက်ကာ လေထဲသို့ မြောက်တက်သွားပြီးနောက် ကျည်ဆံခြောက်တောင့်စလုံးပင် လေထဲ၌ အလိုအလျောက် ပေါက်ကွဲသွားတော့၏။ သို့နှင့် ဗက်စတင်မှာ ကြက်သေသေကာ သူ၏လက်ကိုပင် ပြန်၍မရုတ်နိုင်ဘဲ ကြည့်၍သာနေမိတော့၏။ အိုရိုက ပြက်ရယ်ပြုသည့်အမူအရာဖြင့်

"ဘယ်လိုလဲ တရားဟောဆရာကြီးရဲ့၊ သင့်လက်နဲ့ပဲ ကျွန်ုပ်ကို ရန်မူဦးမလို့လား"

"အို . . . ကျွန်ုပ်လက်ကို ရုတ်သိမ်းလို့မရတော့ပါကလား၊ ကျောက်သားလိုဖြစ်သွားပြီ"

"သင့်တစ်ကိုယ်လုံး ကျောက်သားလို ဖြစ်မသွားတာပဲ သင် ကျေးဇူးတင်ပါဦး။ သင့်သတ္တိကို ကျွန်ုပ်ချီးကျူးသည်။ ထို့ကြောင့် သင့်အသက်ကို ကျွန်ုပ်ချမ်းသာပေးလိုက်မည်။ ထိုမျှသာမက ကျွန်ုပ်၏ နိုင်ငံသစ်ကြီးတွင် သင့်အား ရာထူးဌာနန္တရ ပေးဦးမည်။ ဘာသာရေးဆိုင်ရာ အကြီးအမှူးချုပ်ဆိုပါတော့။ ဒီရာထူးနဲ့ ထိုက်တန်တဲ့ ယုံကြည်မှု၊ အယူသန်မှု၊ မိုက်မဲမှု ဆိုသည့် အရည်အချင်းတွေနဲ့ သင့်မှာ ပြည့်စုံတယ်။ ကိုင်း . . . အားလုံး နားထောင်ကြစမ်း၊ မနက်ဖြန်တွင် ပြုလုပ်တော့မည့် ကျွန်ုပ်၏လုပ်ငန်းကို သင်တို့အားလုံး ကြည့်ကြရမည်။ သို့မှသာ ကျွန်ုပ်၏ တန်ခိုးဣဒ္ဓိပတ်စွမ်းအားကို သင်တို့ နားလည်ကြမည်။ ကျွန်ုပ်ပြုလုပ်မည့် လုပ်ငန်းသည် ဟိုဘက်တွင်ရှိသည့် ဥမင်လိုဏ်ကြီးအတွင်း၌ ဖြစ်သည်။ ထိုနေရာသည် တခြားနေရာတွေထက် သင်တို့အားလုံးအတွက် စိတ်ချရသည်။ ဘာ့ကြောင့်ဆိုတော့ ကျွန်ုပ်၏ လုပ်ငန်းစသည်နှင့်တစ်ပြိုင်နက် ကမ္ဘာ့မြေသားများသည် ဗလောင်ဆူတက်ကြွလာပြီးလျှင် တစ်ကမ္ဘာလုံး သွက်သွက်ခါမျှ တုန်လှုပ်သွားလိမ့်မည် ဖြစ်သောကြောင့်ဖြစ်သည်။ ထိုအခါ ဘယ်နေရာမှာမှ စိတ်ချရမည်မဟုတ်။ ထို့ကြောင့် သင်တို့၏ ခွေးကလေးကိုပါ ထိုနေရာသို့ ခေါ်လာခဲ့စေလိုသည်"

အိုရိုသည် တစ်ခဏမျှ စဉ်းစားလျက်ရှိနေပြီးနောက် ဆက်လက်၍

“ဤကိစ္စကြီးကို ဆောင်ရွက်ပြီးစီးသည့်နောက် သင်တို့နှင့် ကျွန်ုပ် စကားပြောဦးမည်။ ပြောရမည့်ကိစ္စကတော့ သင်တို့သည် ကျွန်ုပ်၏အမှုတော်ကို ထမ်းရွက်ပြီး အသက်ရှင်နေကြမည်လား၊ သို့မဟုတ် အသေခံကြမည်လား ဆိုတဲ့ကိစ္စပဲ။ နောက်ပြဿနာတစ်ခုကတော့ သင်တို့ချစ်သည့် တိုင်းပြည်ကို ချန်ထားခဲ့ရမလား ဆိုတာပဲ။ သင်တို့က သင်တို့၏ တိုင်းပြည်ကို ချစ်လေတော့ ဖျက်သည့်အထဲမှာ ပါမသွားရလေအောင် ကျွန်ုပ်ကြိုးစားပါမည်။ ကိုင်း သင်တို့ ခေတ္တသွားကြလေဦး၊ ဪ ဒါ့ထက် တရားဟောဆရာကြီး . . . နောက်တစ်ကြိမ်ဆိုရင် သိပ်ပြီး အမြင့်ကြီးမချိန်နဲ့ ဟုတ်လား၊ ကျွန်ုပ်ပြောသည်ကို နားထောင်ပါ”

“ကျွန်ုပ်က ဘယ်လိုပဲ ချိန်သည်ဖြစ်စေ၊ နောက်ပြီး ထိမှန်သည်ဖြစ်စေ၊ မထိမှန်သည်ဖြစ်စေ အရေးမဟုတ်ပါ၊ အရေးကြီးသည်မှာ သင့်ထက်ကြီးမြတ်သော တစ်စုံတစ်ခုက သင့်အား ဆုံးမရန် စောင့်ဆိုင်းနေသည် ဆိုတာပဲ။ သင်က ဖျက်ဆီးပစ်မယ်လို့ ကြံစည်ထားသည့် တိုင်းနိုင်ငံတွေဟာ ဒီကနေ့ညမှာ ကောင်းစွာ အိပ်ကြရသလို၊ မနက်ဖြန်ညကျရင်လည်း ကောင်းစွာ အိပ်စက်ကြရမှာပါပဲ”

“ဟာ ဒီလိုဆို ပိုပြီးကောင်းတာပေါ့ တရားဟောဆရာကြီးရဲ့၊ ဒါမှသာ သူတို့မှာ ပူဆွေးတာတို့၊ နာကျင်တာတို့ . . . စတဲ့ ဒုက္ခဝေဒနာတွေကို မသိလိုက် မခံစားလိုက်ရဘဲ နေကြတော့မှာပေါ့”

“အခု ကျွန်ုပ်တို့က ဘယ်ကိုသွားကြရမှာလဲ”

ဟု ကျွန်ုပ်က နောက်ဆုံးမေးလိုက်ရာ အိုရိုက . . .

“ဒါကတော့ အီဗာလိုက်ပြပါလိမ့်မယ်”

ဟု ပြောပြီးနောက် သူ၏အဖျက်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေသည့်ဟန်ဖြင့် သတ္တုချပ်များကို ကြည့်ရှုလျက်ရှိနေပြန်လေသည်။

အီဗာသည် ကျွန်ုပ်တို့အား လမ်းတစ်လမ်းပေါ်ရှိ အိမ်တစ်အိမ်သို့ ခေါ်ဆောင်သွားတော့၏။ အိမ်ကလေးမှာ ခြံတစ်ခြံအတွင်း ဆောက်လုပ်ထား၍ အတွင်း၌ သတ္တုစားပွဲတစ်လုံးနှင့် ခုတင်သုံးလုံး ချထားသည်ကို တွေ့ရ၏။ ခုတင်ပေါ်၌ကား ကတ္တီပါတမျှ နူးညံ့လှသည့် ကော်ဇောများ ခင်ထားသည်ကို တွေ့ရ၏။ ယင်းပစ္စည်းများ မည်သည့်နေရာမှ ရသည်ကို မသိရချေ။ ကျွန်ုပ်ကလည်း မေးမြန်း၍ မကြည့်ချေ။

“ဒီမှာပဲ သင်တို့အိပ်ကြ . . . သင်တို့နဲ့ ပါလာတဲ့ အစားအစာတွေကိုလည်း ဒီမှာပဲစားကြ၊ မနက်ဖြန်စောစော ကျွန်ုပ်လာပြီးခေါ်မယ်။ မြေအောက်ထဲကို ဆင်းကြရဦးမယ်”

ဇက်စတင်က . . .

"ဟာဗျာ . . . ဒါ့ထက်နက်တဲ့ မြေအောက်ထဲကိုတော့ မဆင်းချင်ဘူးခင်ဗျ"

"ကျွန်ုပ်တို့အားလုံးလည်း မသွားချင်ကြပါဘူး ဇက်စတင်၊ ဒါပေမဲ့ မသွားလို့တော့ မဖြစ်ဘူး။ ဒါနဲ့ နောက်တစ်ခါ အိုရိုကို ဒေါသထွက်အောင် မလုပ်ပါနဲ့တော့၊ သင်က မိုက်မိုက်ကန်းကန်းနဲ့ သူ့ကို သတ်မယ်၊ ဘာမယ် လုပ်တာဟာ မကောင်းဘူး။ နောက်ပြီးတော့ သူက သတ္တိဗျတ္တိရှိတာကို သဘောကျတတ်လို့သာပေါ့၊ နို့မဟုတ်ရင်လား . . . သို့သော် နောင်ကိုတော့ ဆင်ခြင်ပါလေ။ မဆင်ခြင်လို့ သူက လုပ်လိုက်ရင်"

ဇက်စတင်က . . .

"ကျွန်ုပ် သူ့ကို မကြောက်ပါဘူး၊ ဒါပေမဲ့ လိုဏ်ဂူတွေ ဘာတွေ ထဲကို သွားဖို့တော့ ကျွန်ုပ်မကြိုက်ဘူး။ အင်းလေ ရှိပါစေတော့၊ ဒီမှာ တစ်ယောက်တည်း နေရစ်ခဲ့ရမယ့်အတူတူ သင်တို့နဲ့ပဲ ကျွန်ုပ်လိုက်ပါတော့မယ်"

"ကိုင်း . . . ကျွန်ုပ်သွားဦးမယ် . . . ဖခင်ကြီးကို ကူညီစရာရှိနေသေးတယ်။ ကူညီရမည့်ကိစ္စကတော့ နက်ဖြန် သူအသုံးချမည့်အင်အားကို တိုင်းထွာဖို့ကိစ္စနဲ့ ဒီအင်အားကြီး ထွက်ပေါ်လာသည့်အခါ ဘေးအန္တရာယ်မဖြစ်နိုင်အောင် ဝတ်ဆင်ထားရမည့် အဝတ်တွေကို ပြင်ဆင်ဖို့ကိစ္စတွေပါပဲ"

အထက်ပါ စကားများကို ပြောလျက်ရှိရာမှ အီဗာသည် ကျွန်ုပ်၏ မျက်နှာကို တစ်ခါတစ်ခါ လှမ်း၍ ကြည့်နေသည်ကို မြင်ရ၏။ သူကြည့်ပုံမှာ ကျွန်ုပ်အား သူနှင့်အတူ လိုက်ပါစေလိုသည့် အကြည့်မျိုးဖြစ်သဖြင့် သူ့နောက်မှ လိုက်ပါသွားလေသည်။

လမ်းပေါ်သို့ရောက်သောအခါ အီဗာက . . .

"သင် မကြောက်တတ်လျှင် ယနေ့ည သန်းခေါင်အချိန်မှာ 'ကမ္ဘ' နတ်ရုပ်တုကြီး ရှိရာကို လာပြီး ကျွန်ုပ်ကိုတွေ့ပါ၊ ကျွန်ုပ်စောင့်နေပါမည်၊ ကျွန်ုပ် သင့်ကို ပြောစရာတွေ ရှိနေပါတယ် ဟမ်ဖရီ"

"ကျွန်ုပ် လာခဲ့ပါမည် . . . အီဗာ"

သို့ပြောပြီးနောက် အီဗာသည် ချက်ချင်းလိုပင် ကျွန်ုပ်အနီးမှ ထွက်ခွာသွားလေသည်။

ကျွန်ုပ်တို့အားလုံးမှာ ရှေ့တွင် ဖြစ်ပေါ်လာမည့် အရေးအခင်းကြီးကို စဉ်းစားနေမိကြသဖြင့် ရတ်တရက် အိပ်၍မပျော်နိုင်ကြချေ။ ဗစ်ကလီနှင့် ဇက်စတင်တို့မှာ အိပ်ပျော်သွားပြီဖြစ်သော်လည်း ကျွန်ုပ်မှာ ရတ်တရက် အိပ်မပျော်နိုင်သေးဘဲ မျက်စိများကို မှိတ်ကာ မှေး၍သာ နေမိ၏။ ဤကဲ့သို့ အိပ်

မပျော်သည်ကိုပင် ကျေးဇူးတင်ရတော့မည့်ကဲ့သို့ ဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှာ အိပ်၍ပျော်လျှင် အိပ်မက်ဆိုးများကိုသာ ဂယောင်ချောက်ချားမက်၍နေတတ်သောကြောင့် ဖြစ်လေသည်။

ကျွန်ုပ်သည် ၁၁ နာရီခွဲအချိန်တွင် အိပ်ရာမှထကာ အီဗာနှင့် သန်းခေါင်ယံ၌တွေ့ဆုံရန် အိမ်ခြံအတွင်းမှ ထွက်၍လာခဲ့၏။ ဗက်စတင်နှင့် ဗစ်ကလီတို့ကား တခေါခေါဟောက်ကာ အိပ်မောကျလျက် ရှိနေကြ၏။ အလွန်တိတ်ဆိတ်သည့်အချိန်တွင် ဤကဲ့သို့ လူသူကင်းမဲ့သော နေရာမျိုး၌ တစ်ယောက်တည်း လျှောက်၍လာခဲ့ရသည်မှာ တုန်လှုပ်ချောက်ချားဖွယ် ကောင်းလှတော့၏။

အချိန်မှာ ညဉ့်သန်းခေါင်ယံဖြစ်သည့်အပြင် ကျွန်ုပ်ရောက်ရှိသော နေရာကလည်း နှစ်ပေါင်း ထောင်ပေါင်းများစွာက လူသူကင်းမဲ့သည့် နေရာဖြစ်သဖြင့် ကျွန်ုပ်မှာ အလွန်ပင် စိတ်အားငယ်သကဲ့သို့ ဖြစ်မိ၏။ ဥပမာပြရမည်ဆိုလျှင် လန်ဒန်မြို့ စိန့်ပေါဘုရားရှိခိုးကျောင်းကြီး၏ ခုံးအမိုးကြီးအောက်သို့ ညဉ့်သန်းခေါင်ယံအချိန်တွင် လူတစ်ယောက်တည်း ရောက်ရှိနေပြီ ဆိုကြပါစို့။ အကယ်၍ လန်ဒန်မြို့ကြီးကလည်း လူသူကင်းမဲ့သည့် မြို့သေကြီး ဆိုကြပါစို့။

ထိုသူ၏ အခြေအနေနှင့် ထိုသူ၏ ခံစားမှုတို့ကို စဉ်းစားကြည့်မည်ဆိုက ကျွန်ုပ် ယခုရောက်ရှိနေသည့် အခြေအနေကို စာဖတ်သူများ သဘောပေါက်နိုင်ကြမည်ဖြစ်လေသည်။

သို့ရှိစဉ် အီဗာသည် ကျွန်ုပ်အနီးသို့ ရုတ်တရက် ရောက်လာပြီးလျှင် ကျွန်ုပ်၏ ရင်ခွင်တွင်းသို့ ပြေးဝင်ခိုလှုံလာရာ သူ့အား ကြင်နာယုယစွာ တအားဖက်၍ထားလိုက်တော့၏။

"အင်း . . . အချိန်ကတော့ သိပ်မရှိတော့ဘူးနော်၊ အချိန်ဆိုတာ သိပ်မြန်ပြီး သိပ်တိုတောင်းပါကလား ဟမ်ဖရီ"

သူ၏ ဝင်းလက်တောက်ပသော မျက်လုံးကြီးများမှာ လူသားတစ်ဦး၏ မျက်လုံးများမဟုတ်သကဲ့သို့ပင် ရှိတော့၏။

"ဘယ်လိုပြောလိုက်တာလဲ အီဗာ၊ သင်အခုပြောလိုက်ပုံက ဒီဘဝနဲ့ ဒီကမ္ဘာကြီးကိုပဲ ငြီးငွေ့နေတဲ့ ပုံမျိုးပါကလား"

"အချိန်ဟာ တဖြည်းဖြည်း ကုန်ကုန်သွားသလို ဘဝဟာလည်းပဲ မှန်ပေါ်မှာထင်တဲ့ အငွေ့အသက်လို မကြာခင် ပျောက်ကွယ်သွားတတ်တယ် မဟုတ်လား။ အဲဒီတော့ အသက်ရှင်တဲ့ သတ္တဝါမှန်ရင် ဒီစကားမျိုး ပြောရမှာပဲပေါ့"

"ဟုတ်ပါတယ် အီဗာ . . . သို့သော် သင်က ပျောက်ကွယ်သွားပြီး ကျွန်ုပ်တစ်ယောက်တည်း ကျန်ရစ်ရင်ကော"

"အဲဒီတော့ ဘာဖြစ်သလဲ သင့်အသက်ငွေ့ဟာလည်း မျှားမကြာမီ ကျွန်ုပ်၏အသက်ငွေ့နဲ့ တစ်နေရာမှာ ပေါင်းစပ်ရမှာပေါ့။ တကယ်လို့ သင့်အသက်ငွေ့က ပထမပျောက်ကွယ်သွားသည့်တိုင်အောင်လည်း နာရီအနည်းငယ်အတွင်းမှာ ကျွန်ုပ်၏ အသက်ငွေ့က သင့်အသက်ငွေ့ဆီကို လိုက်လာပြီး ပေါင်းစပ်မှာပါ"

"အီဗာ . . . သင်က ကျွန်ုပ်ကို ရှုးအောင် လုပ်နေတာပဲ၊ သင်ပြောတာတွေကို ကျွန်ုပ်နားမလည်နိုင်ဘူး အီဗာ"

"ကျွန်ုပ်ကိုယ်တိုင်ကလည်း နားမလည်ပါဘူး ဟမ်ဖရီ၊ ကျွန်ုပ်တစ်ခုတော့ မှာထားပါရစေ . . . သတိတော့ အစဉ်မပြတ် ရပြီး နေစေချင်ပါတယ်။ ဘာလဲဆိုတော့ ကျွန်ုပ်ဟာ နတ်မဟုတ်၊ စုန်းမဟုတ်၊ ဝိညာဉ်မဟုတ်၊ လူသားစင်စစ် မိန်းမတစ်ဦးပါ။ သင်ဆုံးရှုံးခဲ့ရတဲ့ မိန်းမတစ်ဦးလို လူသားဖြစ်တယ်ဆိုတာကို သတိရပါနော်"

"အင်း . . . သင်နဲ့ ယခု အတူတူနေလိုက်ခဲ့ရတဲ့ အချိန်ကလေးအတွင်းမှာပဲ မြင်ရ၊ တွေ့ရ၊ သိရတာက အများကြီးဆိုတော့ တစ်ခါတလေ သံသယတော့ ဝင်မိတယ် အီဗာ၊ ဗစ်ကလီကလည်းပဲ သံသယဖြစ်နေတာပဲ"

"ကျွန်ုပ်တစ်ခုပြောပြမယ် ဟမ်ဖရီ၊ သင်ယုံမည် မယုံမည်ကိုတော့ ကျွန်ုပ်မသိဘူး"

ဤသို့ပြောပြီးနောက် အီဗာသည် သူပြောမည့်စကားကို တစ်စုံတစ်ယောက်များ ကြားလေမည်လောဟု စိုးရိမ်သည့်ဟန်ဖြင့် ပတ်ဝန်းကျင်နှင့် တောင်မြောက်လေးပါးကို တစ်ခဏမျှ အကဲခတ် ကြည့်လိုက်သေး၏။ ထို့နောက် သူ၏ နူးညံ့သော လက်ကလေးနှစ်ဖက်ဖြင့် ကျွန်ုပ်၏ဦးခေါင်းကို အသာအယာ ဆွဲယူပြီးလျှင် သူ့နှုတ်ခမ်းအနီးသို့ ကျွန်ုပ်၏နားကို ကပ်ထားလိုက်ပြီးနောက် သာယာညင်းပျောင်းသော အသံဖြင့် . . .

"ကျွန်ုပ် လူသားစင်စစ်ဖြစ်တယ်ဆိုတာကို သက်သေပြရမယ်ဆိုရင် ကျွန်ုပ်သေဆုံးခဲ့တာကို တစ်ချိန်တုန်းက သင်မြင်ဖူးခဲ့ပုံကို အခုပြရမှာပဲ"

"ဘာလဲ အီဗာ၊ သင်သေတာကို ကျွန်ုပ်က မြင်ခဲ့ဖူးတယ် ဟုတ်လား"

အီဗာသည် ကျွန်ုပ်မေးသည်ကို နှုတ်ဖြင့် မဖြေဘဲ ဦးခေါင်းကို ညိတ်၍ပြလိုက်၏။ ထို့နောက် ဆက်လက်၍ ကျွန်ုပ်၏နားနားသို့ တစ်ဖန် ကပ်ပြီးလျှင် ပြောလိုက်ပြန်၏။ ဤတစ်ကြိမ်၌ သူပြောလိုက်သည့်အသံမှာ သူ၏ နဂိုသံမဟုတ်ဘဲ အခြားမိန်းမတစ်ယောက်၏ အသံဖြစ်လေသည်။

"မောင်ရေ . . . အဝေးကြီးကနေပြီး မောင့်ကို ခေါ်သံလိုလို ကြားရင် သွားသာသွားပါနော်။ အင်မတန် အံ့ဩစရာကောင်းတဲ့ နေရာကြီးမှာလေ မောင်ဟာ ကျွန်မကို တွေ့ရလိမ့်မယ်။ တွေ့သည့်တိုင်အောင်လည်း မောင်ဟာ ကျွန်မကို တွေ့နေမှန်းသိမှာတော့ မဟုတ်ဘူး။ ကိုင်း ခဏကလေးတော့ဖြင့် ခွဲကြဦးစို့နော် . . . အချစ်ရယ်"

ကျွန်ုပ်သည် ဤအသံကို ကျက်မိသည့်ပြင် စကားလုံးများကိုလည်း ကောင်းစွာ မှတ်မိ၏။ အသံနှင့်တကွ စကားလုံးများကိုပါ ကောင်းစွာ သိရှိမှတ်မိထားသည့်အတိုင်း အံ့ဩခြင်းမက အံ့ဩလျက် ကျွန်ုပ်မှာ ယိမ်းယိုင်၍ မြေပေါ်သို့ လဲကျသွားတော့မည်ကဲ့သို့ ဖြစ်သွားရာ အီဗာက သူ၏ သန်မာသော လက်များဖြင့် ကျွန်ုပ်အား ပွေ့ဖက်ထိန်းချုပ်ထားလိုက်ရ၏။

"ဒီစကားလုံးတွေ သင့်ကို ဘယ်သူက ပြောသလဲ . . . ဟင်၊ ဗက်စတင်လား ဗစ်ကလီလား၊ ဒီအကြောင်းတော့ သူတို့သိထားကြတယ်"

"ဗက်စတင်လည်း မဟုတ်ဘူး၊ ဗစ်ကလီလည်းမဟုတ်ဘူး၊ ပြီးတော့ သင်လည်းမဟုတ်ပါဘူး။ သို့သော် ဤစကားလုံးတွေကို ကျွန်ုပ်အား ဘယ်သူကပြောသည်ကို ကျွန်ုပ်မပြောနိုင်ပါ။ အဲဒီလို မပြောနိုင်တာက ကျွန်ုပ်မသိလို့ မပြောနိုင်တာပါပဲ။ ကျွန်ုပ်ကိုယ်တိုင် မှတ်မိနေလို့တော့ ဖြစ်နိုင်တယ် ဟမ်ဖရီ"

"ဒီတော့ အီဗာ . . . သင်ဟာ အီဗာမဟုတ်တဲ့ တခြားမိန်းမတစ်ယောက်နဲ့ အတူတူပဲ ဖြစ်မှာပေါ့"

"သင်အင်မတန်ချစ်မြတ်နိုးပြီး ဆုံးရှုံးခဲ့ရတဲ့ နေတာလီလို့ ခေါ်တဲ့ မိန်းမတစ်ယောက်နဲ့ အတူတူပါပဲ ဟမ်ဖရီ"

"သို့သော် သင်က သေတာမှမဟုတ်ဘဲ၊ အိပ်ပျော်ရုံ ပျော်နေခဲ့တယ် မဟုတ်လား"

"ကျွန်ုပ်အိပ်ပျော်နေခဲ့တာက ရိုးရိုးအိပ်တာမျိုး မဟုတ်ဘဲ သေသကဲ့သို့ အိပ်ပျော်ခြင်းပဲ။ ဒီတော့ ဝိညာဉ်က ခန္ဓာကိုယ်ကြီးကို ထားခဲ့ပြီး တခြားတစ်နေရာမှာ ရှိသည့် ခန္ဓာကိုယ်တစ်ခုအတွင်းကို ဝင်ပြီး ကိန်းအောင်းချင် ကိန်းအောင်းမှာပဲ။ ကိုင်း တစ်ခုပြောရဦးမယ်။ ရက်အနည်းငယ်လောက်တုန်းက ဒီဝတ်ကျောင်းတော်ကြီးအတွင်းမှာပဲ သင်တို့အား အတိတ်မှ အရိပ်တွေကို ပြခဲ့တာ သင်မှတ်မိသေးရဲ့လား။ အဲဒီအရိပ်တစ်ခုထဲမှာ ကျွန်ုပ်ကိုချစ်ပြီး ကျွန်ုပ်ကလည်း ပြန်ချစ်တဲ့လူတစ်ယောက်ကို သင်မြင်လိုက်ရတယ်မဟုတ်လား။ ဒီလူဟာ နောက်တော့ အိုရိုစ်၏ လက်ချက်နဲ့ သေသွားရတယ်လေ။ အဲဒီလူနဲ့ပတ်သက်ပြီး သင်ဘာကိုများ သတိပြုလိုက်မိသလဲ"

"ဗစ်ကလီကတော့ သတိပြုလိုက်မိပါတယ်၊ သူမှန်တယ် မဟုတ်လား"

"မှန်တာပေါ့၊ ဒီလိုမှမဟုတ်ရင် သင့်ကို ကျွန်ုပ် ဘယ်လိုနည်းနဲ့ ချစ်နိုင်မှာလဲ ဟမ်ဖရီ"

"ဪ . . . ဒါနဲ့ မှန်ခေါင်းထဲကနေပြီး သင်နိုးလာတော့ သင်က ကျွန်ုပ်ကို ဖက်လိုက်တာ မှတ်မိသေးလား၊ ဘာ့ကြောင့် ဒီလိုမြင်မြင်ခြင်း ကျွန်ုပ်ကို ဖက်လိုက်ရတာလဲ"

"သင့်ကို ဟိုမင်းသားကလေး ထင်မိလို့ပဲ"

ဤသို့ဖြင့် ကျွန်ုပ်နှင့် အီဗာတို့သည် 'ကမ္ဘ' ကျောင်းတော်ကြီးအတွင်း၌ တစ်ဦးနှင့်တစ်ဦး ကြည်နူးနှစ်သိမ့်၍လည်းကောင်း၊ တစ်ဦး၏အချစ်ကို တစ်ဦးဖွင့်လှစ်ပြောဆိုလျက်လည်းကောင်း နေခဲ့ကြသည်မှာ တစ်နာရီခန့်မျှပင် အချိန်ကြာ၍သွားတော့၏။ နောက်ဆုံး ခွဲခွာနီးအချိန်တွင် အီဗာသည် ကျွန်ုပ်အား အဓိပ္ပာယ်ပါလှသည့် မျက်လုံးများဖြင့် ကြည့်လျက် . . .

"တကယ်လို့များ ကံအကြောင်းမလှလို့ သင်နှင့် ကျွန်ုပ် ခေတ္တမျှ နောက်တစ်ကြိမ်ခွဲရဦးမယ်ဆိုရင် သိပ်ပြီး ပူဆွေးမနေပါနဲ့နော် . . . ဘာကြောင့်ဆိုတော့ ဒီကနေ့ဆိုရင် အန္တရာယ်ကြီးနဲ့ တွေ့ကြုံရမယ့်နေ့ ဖြစ်နေတယ်"

"အိုရိုက တကယ်ပဲကမ္ဘာကြီးကို ဖျက်ဆီးပစ်တော့မှာလား အီဗာ"

"ဟုတ်တယ်၊ ဒီလိုလုပ်ဖို့ သူ့မှာတန်ခိုးစွမ်းအင်က ရှိနေတယ်။ သို့သော် သူ့ထက်ကြီးမားတဲ့ တခြားတန်ခိုးအင်အားတစ်ခုက တားဆီးလိုက်နိုင်မယ်ဆိုရင်တော့ သူလုပ်နိုင်မယ် မဟုတ်ပါဘူးလေ"

"ဘယ်က တန်ခိုးအင်အားကို ပြောနေတာလဲ အီဗာ"

"ဪ. . .ဒါက သင်တို့ကိုးကွယ်တဲ့ ဘုရားသခင်ကို ဆိုလိုတာပါ။ လူသားတို့ အပေါ်ထားသည့် မဟာကရုဏာတော်အားဖြင့် လူသားတွေကို ချေမှုန်းသတ်ပစ်မယ့် အန္တရာယ်ကြီးကို ဖယ်ရှားပေးမှာပေါ့၊ ဒီလို လုပ်ပေးလိမ့်မယ်လို့လည်း ကျွန်ုပ်မျှော်လင့်ပါတယ်။ ဟော. . .ဟိုမှာ အိုရိုလာနေပြီ။ သူဒီကိုလာလိမ့်မယ်ဆိုတာကိုလည်း ကျွန်ုပ်သိပါတယ်။ နို့ပေမဲ့ ကျွန်ုပ်တို့ကို ရှာဖို့တော့ မဟုတ်ပါဘူး။ ဒီကနေ့ညမှာ သူ့စိတ်တွေဟာ တခြားဆီကို ရောက်နေတယ်။ ကိုင်း . . . လာ ခပ်မြန်မြန်"

"ကျွန်ုပ်တို့သည် ကျောင်းတော်ကြီးအတွင်းမှ လျင်မြန်စွာ ထွက်ခဲ့ကြ၍ အပြင်သို့ရောက်သောအခါ ရှေးဘုရင်များ၏ အလောင်းများကို မြှုပ်နှံရာ သင်္ချိုင်းဂူကြီးဆီသို့ သွားကြလေသည်။ ဂူကြီး၏ ထိပ်၌ကား ဘုရင်များ၏ ပုံတူရုပ်တုကြီးများရှိသဖြင့် ရုပ်တုကြီးတစ်ခု၏ နောက်သို့ ဝင်ကာ ထိုနေရာ

တွင် ပုန်း၍ နေလိုက်ကြ၏။ ကျွန်ုပ်တို့သည် ရုပ်တုကြီး၏ ခြေနှစ်ဖက်ကြားမှ အပြင်သို့ ကြည့်လျှင် မြင်နိုင်သော်လည်း ကျွန်ုပ်တို့အား အပြင်မှ နေ၍ မမြင်နိုင်ချေ။

အိုရိုကား ရောက်၍ လာချေပြီ။

[၂၅]

## ထွင်းကြီးအတွင်းမှ ရထားယာဉ်

အိုရီသည် နောက်လိုက်မိုလ်ပါ ခြွေရံသင်းပင်းများဖြင့် ထွက်တော်မူလာသော ဘုရင်ကြီးတစ်ဆူကဲ့သို့ ခံ့ညားထည်ဝါစွာ ထွက်ပေါ်လာ၏။ အမှန်မှာလည်း သူ့ကိုကြည့်ရသည်မှာ ဘုရင်ကြီးတစ်ဆူကဲ့သို့ပင် ခံ့ညားထည်ဝါလှတော့၏။ သူသည် ကျွန်ုပ်တို့ ပုန်းအောင်းသည့် နေရာဖက်သို့ တစ်ကြိမ်နှစ်ကြိမ်မျှ လှမ်း၍ ကြည့်လိုက်သေးသကဲ့သို့ ထင်မိ၏။ သို့သော် အမှန်မဟုတ်ဘဲ ကျွန်ုပ်တို့ ထင်မြင်ချက်မျှသာ ဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူ၏စိတ်များမှာ ကျွန်ုပ်တို့အားသတိမရဘဲ သူ၏အလုပ်ကိုသာ တွေးတောကြံဆ၍နေသောကြောင့် ဖြစ်၏။

'ကမ္ဘ'နတ်(သို့မဟုတ် ကံကြမ္မာအမည်ရှိ နတ်ကြီး)၏ ရုပ်တုရှေ့သို့ရောက်သောအခါ သူသည် ခေတ္တမျှရုပ်ဆိုင်းကာ ရုပ်တုကြီးကိုလည်းကောင်း၊ ဘေးတစ်ဖက်တစ်ချက်ရှိ အခြားရုပ်တုများကိုလည်းကောင်း ငေးစိုက်ကြည့်ရှုလျက်ရှိနေ၏။ သူ၏ဟန်ပန်အမူအရာများမှာ သူ၏နောက်မှပါလာသည့် ခြွေရံသင်းပင်းများအား သူတို့သက်ဆိုင်ရာတွင် နေရာယူကြစေရန် အချိန်ပေးခြင်းပင်ဖြစ်ဟန်တူလေသည်။ ထို့နောက် သူသည် သူ၏ဦးခေါင်းပေါ်မှ ဦးထုပ်ကိုချွတ်လိုက်ပြီးနောက် ရုပ်တုကြီး၏ ရှေ့တွင် ဒူးထောက်လိုက်၏။ ရှေးအထက်ပဝေသဏီက သူ့အား နတ်ကြီးတမျှ သူ၏ လူများက ထင်မှတ်ခြင်းခံရသူ၊ တန်ခိုးအာဏာနှင့် ပြည့်စုံ၍ စေလိုရာစေနိုင်ခဲ့သူ အဓိကရ ပုဂ္ဂိုလ်ကြီးတစ်ဦးက ယခုသော် နတ်ရုပ်ကြီး၏ ရှေ့တွင် ဒူးထောက်ကာ အရိုအသေပြုလျက်ရှိနေလေပြီတကား။

ဤသို့ဆိုလျှင် ဗက်စတင်က ဖျက်ဆီးပစ်လိုက်သော နတ်ရုပ်ကြီးကိုကိုးကွယ်သည့်လူရိုင်းများနှင့် မည်သို့မျှ ခြားနားခြင်းမရှိပြီတကား။ တစ်ခဏမျှ

ဒူးထောက်လျက် ရှိနေပြီးနောက် သူသည် ကြည်လင်ပြတ်သားသော အသံကြီးဖြင့် . . .

"အကျွန်ုပ် အိုရိုဘုရင်သည် လောကတစ်ခွင်ဝယ် အတုမရှိ၊ ဘုန်းတန်ခိုးနှင့် ပြည့်စုံတော်မူသော အသင် နတ်မင်းကြီးအား ပူဇော်သမှုပြုပါ၏။ ရိုသေ ညွှတ်ကျိုး ရှိခိုး ကန်တော့ပါ၏။ ဤ ဝတ်ကျောင်းတော်ကြီးသို့ ကျွန်ုပ်ရောက်ရှိပြီးနောက် အသင်၏ ထံမှောက်ဝယ် ဆုတောင်း ပတ္ထနာပြုခဲ့သည်မှာ ယခုစ၍ ရေတွက်သော် နှစ်ပေါင်း ဆယ်ထောင် အလီနှစ်ဆယ်၊ များဖွယ် ဆပွား ထင်ရှားခဲ့ပါပြီ။ အသင်နတ်မင်းကြီးသည် အကျွန်ုပ်၏ ဆုတောင်းပတ္ထနာကို ကောင်းမွန်စွာ မှတ်မိသိရှိတော်မူပါလိမ့်မည်။ ထိုဆုတောင်းသည်ကား အကျွန်ုပ်၏ ရန်သူအပေါင်းကို အောင်မြင်စေခြင်းအလို့ငှာ ဤကမ္ဘာ မြေပြင်ထက် သက်ရှိထင်ရှားရှိနေသူ သတ္တဝါများအနက် ထက်ဝက်မျှကို ဖျက်ဆီးချေမှုန်း ကိစ္စတုံးအောင် စီရင်ပြုလုပ်တစ်မဟုတ်ချင်း ဇီဝိန်ပြုတ်စေပြီးသော် သူတို့အား သင်နတ်မင်းကြီးအဖို့ ပူဇော်ပသက္ကာယ ဝတ္ထုပစ္စည်းများအဖြစ် ကပ်လှူဆက်သ ပူဇော်ပသပါမည်ဟု ဆုတောင်းပန်ကြား လျှောက်ထားအပ်ပါသည်။ သင်နတ်မင်းကြီးက ကျွန်ုပ်ပူဇော်ပသသည့် ယင်းပစ္စည်းများကို လက်ခံပြီးလျှင် နှစ်သိမ့်တော်မူပါလော့။ ဤသို့ဖြင့် မြောက်မြားလှစွာသော လူသားတို့အား ဇီဝန်ချုပ်အောင် ပြုလုပ်၍ အသင်နတ်မင်းကြီးအား ပူဇော်သက္ကာယပြုရာတွင် ကျွန်ုပ်၏ ရန်သူ မိုလ်ခြေထွေထွေပြားပြားများစွာလည်း ပါဝင်ပါသည်။

အိုရိုသည် ဤနေရာတွင် တစ်ခဏမျှရပ်နားပြီးနောက် ဆက်လက်၍

"အကျွန်ုပ်အိပ်စက် ခေတ်အဆက်ဆက်ဖြစ်ခဲ့ရာတွင် အကျွန်ုပ်၏ နံဘေး၌ တစ်ဦးတည်းသော သမီးသာ ရှိခဲ့ပါသည်။ ထိုကြာညောင်းလှသည့် အချိန်ကာလအတွင်း အိပ်စက်ခဲ့ရာတွင် အကျွန်ုပ်တို့၏ ဝိညာဉ်များသည် ဘယ်ဝယ်ဘယ်ဆီသို့ လွင့်ပါး အဘယ်အမှုများပြုခဲ့သည်များကို အရှင်နတ်မင်းကြီးသည်သာလျှင် သိတော်မူပါသည်။

"အသင်နတ်မင်းကြီး၏ အမိန့်တော်မြွက်ချမှတ်ခဲ့သည့်အတိုင်း ထိုနေ့ထိုရက်သို့ရောက်လာရာ အကျွန်ုပ်နိုးကြားလာ၍ ကြည့်လိုက်သော် အကျွန်ုပ်၏ နန်းတော်ဝယ်၊ ပင်လယ်ရပ်ခြားတိုင်းတစ်ပါးမှ မျိုးခြားဧည့်သည်များ ရောက်ရှိနေကြောင်းတွေ့ရှိရပါသည်။ ဤမျိုးခြားဧည့်သည် လူရွယ်တစ်ယောက်နှင့်အတူ ကမ္ဘာသစ်အရပ်ရပ်သို့ နှံ့စပ်အောင် အကျွန်ုပ်သွားလာကြည့်ရှုရာတွင် ယခုခေတ်လူသားများမှာ တရားဓမ္မဟူ၍မရှိ၊ တစ်ဦးနှင့်တစ်ဦး ညှာတာထောက်ထား သနားကရုဏာစိတ်မရှိ၊ ဆိုးသွမ်းမိုက်ညစ်၍ တစ်ဦးပေါ်တစ်ဦး မနာလိုဝန်တိုစိတ် ပွားများကာ ကြီးနိုင်ငယ်ညှဉ်း ဖြစ်၍နေသည်မှာ ကျွန်ုပ်မျက်မြင်

ကိုယ်တွေ့ပင်ဖြစ်ပါသည်။ ဤကဲ့သို့ တရားလက်လွတ်လျက် ဖြစ်ချင်တိုင်း ဖြစ်နေသည့် လူသားများအား ဆုံးမပဲ့ပြင် သွန်သင်သည့် သဘောဖြင့် သူတို့အား ကိစ္စတုံးဖျက်ဆီး၍ ကမ္ဘာသစ်ကြီး တစ်ဖန် တည်ဆောက်လိုသော အာသီသ ပြင်းပြစွာ အကျွန်ုပ်တွင်ရှိနေပါသည်။

ဤဆန္ဒအာသီသကို တစ်လုံးတစ်ဝတည်း အောင်မြင်ပြည့်စုံစေရန် အသင်နတ်မင်းကြီးသည် အကျွန်ုပ်အားဖေးမလိုက်လျောကူညီမည့်သဘော ဖြင့် တစ်စုံတစ်ရာသော နိမိတ်လက္ခဏာကို ကျွန်ုပ်အား မျက်ဝါးထင်ထင် ပြသပါလော့. . .ပြသပါစေသတည်း"

အိုရိုသည် သူ၏လက်ကို ဆန့်တန်းကာ ဆုမွန်များတောင်းပြီးနောက် အပေါ်သို့ တစ်ခဏမျှ မော့ကြည့်လျက်ရှိ၏။ ထိုခဏ၌ ကျွန်ုပ်တို့အောက်မှ ကျောက်သားပြင်ကြီးမှာ သွက်သွက်ခါမျှ တုန်လှုပ်သွားသဖြင့် ကျွန်ုပ်နှင့်အီဗာတို့မှာ လဲကျမသွားစေရန် တစ်ယောက်ကိုတစ်ယောက် ဖက်၍ ထားကြရ၏။ ဤမြေငလျင်ကြီး၏ ဒဏ်မှာ ပြင်းထန်လှသဖြင့် ရုပ်တုကြီး၏ ဘေးနှစ်ဖက်မှ ဒူးထောက်နေပုံထုလုပ်ထားသော ယောကျ်ားနှင့် မိန်းမရုပ်တုများမှာ အောက်သို့ ပြိုကျသွားလေတော့၏။ ရုပ်တုကြီး၏ ဒူးပေါ်မှ ဓားကြီးသည် လည်း အောက်သို့ လွင့်စင်ကျသွားရာ မြေသို့မကျမီပင် အိုရိုသည် ဒူးထောက် နေရာမှ မတ်တတ်ရပ်လိုက်ကာ အပေါ်မှ ကျလာသည့် ဓားကြီးကို လျင်မြန်စွာ ဆီး၍ ဖမ်းလိုက်လေသည်။

ထို့နောက် ဓားကြီးကို ဝင့်ကာ အောက်ပါအတိုင်း ကြွေးကြော်လိုက် လေသည်။

"အသင်နတ်မင်းကြီး. . .သင်သည် ကျွန်ုပ်အား အသင်၏ ဓားကို ပေးအပ်ပြီး ဤဓားကို ကျွန်ုပ်ကောင်းစွာ အသုံးပြုပါအံ့။ သင်၏နံဘေးမှ ရုပ်တုများ ပြိုကျရာတွင် ၎င်းတို့၏ အစား ကမ္ဘာသစ်မှ လူသားများကို သင့်အား ပူဇော်ပသစေရန် ပေးအပ်ပါမည်။ ထိုမျှသာ မကသေး၊ ကျွန်ုပ်၏ သမီးတော်နှင့် တကွ သူကိုယ်တိုင် စုံမက်မြတ်နိုးရွေးချယ်သဖြင့် ကမ္ဘာ့ဘုရင်အပေါင်းတို့၏ ခမည်းတော်ဖြစ်လာမည့် ထိုသတို့သားကောင်းသည်လည်းကောင်း၊ သူ၏ အဖော်အပေါင်းတို့သည်လည်းကောင်း သင်၏ ခြေတော်စုံကို ဦးခိုက်စေရပါမည်။ သင်သည် ကမ္ဘာပေါ်ရှိ နတ်အပေါင်းတို့၏ လည်မျိုကို နင်းကာ စိုးမိုးစေရပါမည် အရှင်နတ်မင်းကြီး"

အိုရိုသည် အထက်ပါအတိုင်း ကြွေးကြော်လိုက်ပြီးနောက် ရုပ်တုကြီး၏ ရှေ့တွင် ပြားပြားဝပ်မှောက်ချလိုက်ပြီးနောက် ငြိမ်သက်လျက်ရှိနေတော့၏။

အီဗာသည် ကျွန်ုပ်၏ နားနားသို့ ကပ်၍ "ဒီနိမိတ်တွေဟာ မကောင်း

တဲ့ နိမိတ်တွေပဲ ဟမ်ဖရီ။ ရုပ်တုကြီးကို ရှိခိုးနေတဲ့ ဘေးနှစ်ဖက်က အရုပ်တွေဟာ ပြိုကျပျက်စီးကုန်တယ်။ ပြီးတော့ နတ်ကြီးဒူးပေါ်က ဓားကြီးလည်းအောက်ကို ကျသွားတယ်။ နောက်ပြီး နတ်ရုပ်ကြီးကိုယ်တိုင်လည်း သူ့ပလ္လင်ပေါ်မှာ အတော်ကြီး ယိမ်းယိုင်သွားတယ်. . .ဒါတွေအားလုံးဟာ အမင်္ဂလာနိမိတ်တွေပဲ”

ထို့နောက် အိုရိုသည် နောက်တစ်ကြိမ် ထပ်မံဆုတောင်းလိုက်ပြန်၏။

“အို. . .အသင်နတ်မင်း၊ အကျွန်ုပ်သည် မည်သည့်အရာကိုမျှ မကြောက်၊ သို့သော် သေခြင်းကိုကား ကြောက်ရွံ့ပါ၏။ ဤမျှလောက် အချိန်ကာလတိုင် ကျွန်ုပ်အိပ်စက်ခဲ့သော်လည်း ကျွန်ုပ်၏ အားအင်များမှာ အသစ်မဖြစ်၊ ဖွံ့ဖြိုးတိုးတက်၍မလာ၊ ကျွန်ုပ်ကား အိုမင်းရင့်ရော်ပြီ။ ကျွန်ုပ်၏ အချိန်ကား ရှေ့တွင်များစွာမရှိတော့ပြီ။ သို့သော် လူသားများ သေကြရသကဲ့သို့ ကျွန်ုပ်မသေလို။ အို. . .အသင်နတ်မင်း၊ ကျွန်ုပ်အား မရဏတည်းဟူသော သေဘေးကြီးမှ ကယ်တင်ပါလော့။ ဤသို့ ကျွန်ုပ်အား ကယ်တင်မည်ဆိုကယခင်အထက်ကကဲ့သို့ နိမိတ်လက္ခဏာပြတော်မူပါလော့”

အချိန်အတန်ကြာမျှ ငြိမ်သက်လျက်ရှိနေ၏။ ပတ်ဝန်းကျင်သည် ဆိတ်သုဉ်းလျက်ရှိပြီးလျှင် မည်သည့်အသံဗလံကိုမျှလည်းမကြားရ၊ မည်သည့် နိမိတ်လက္ခဏာပြသည်ကိုလည်း မမြင်ရ၊ မကြားရချေ။ ဤသို့မမြင်ရသဖြင့် အိုရိုသည် ဒေါသထွက်လာပြီးနောက်

“အသင်သည် ကျွန်ုပ်အား မည်သည့် အဖြေကိုမျှ မပေး၊ ကောင်းပြီ... ကျွန်ုပ်ခေတ္တမျှ စောင့်ဦးမည်။ အကယ်၍ ဘာနိမိတ်ကိုမျှ မပြ၊ ဘာအဖြေကိုမျှမပေးလျှင် သင့်အား အုတ်မြစ်မှ ချွတ်ပြီး လျှင် အစိတ်စိတ် အမွှာမွှာဖြစ်အောင် ရိုက်ချိုးပစ်မည်”

ထို့နောက် သူသည် နောက်ဆုံးအကြိမ်အဖြစ် အရိုအသေပြုသည့်ဟန်ဖြင့် ဦးခေါင်းကို မြေသို့ ထိအောင် ညွှတ်လိုက်ပြီးလျှင် သူ၏ လက်နှစ်ဖက်ကို ဆန့်တန်းထားလိုက်ပြန်လေသည်။

“ကိုင်း. . .လာ သူဒီဘက်ကို မကြာခင် ထွက်လာလိမ့်မယ်။ ကျွန်ုပ်တို့ကို ဒီနေရာမှာ သူတွေ့သွားရင်တော့ မသက်သာဘူးပဲ။ လာ ခပ်မြန်မြန်”

ကျွန်ုပ်တို့ စတည်းချရာတဲယ်သို့ ပြန်ရောက်ကြသောအခါ အီဗာက သူသည် ဖခင်ဖြစ်သူ အိုရိုကိုးကွယ်သော ‘ကမ္ဘ’သို့မဟုတ် ကံကြမ္မာကိုစိုးမိုးသည့် နတ်ကြီးကို တစ်ခါတည်း စွန့်ပယ်လိုက်ပြီဖြစ်ကြောင်း၊ ကမ္ဘာကို အုပ်ချုပ်မင်းလုပ်ရန် မိမိတွင် ဆန္ဒမရှိကြောင်း၊ သေရမှာကိုလည်း မိမိမကြောက်

ကြောင်း၊ ယခုသူသွားမည့်လမ်းစဉ်ကို မကြာမီ ကျွန်ုပ်တို့ သိရမည်ဖြစ်ကြောင်းများဖြင့် ကျွန်ုပ်အား ပြောပြလေသည်။

ကျွန်ုပ်မှာ သူပြောသည်ကို တစ်စုံတစ်ရာ ပြန်၍ မပြောဘဲ နားထောင်၍သာ နေမိ၏။ ထို့နောက် သူက ဆက်လက်၍

"ကိုင်း. . .ခဏအိပ်လိုက်ဦး ဟမ်ဖရီ၊ နာရီအနည်းငယ်အတွင်းမှာ သင်နှင့်တကွ သင့်အဖော်တွေကို အင်မတန်ကြောက်စရာကောင်းတဲ့ နေရာကြီးကို လမ်းပြပြီး ခေါ်သွားဖို့ နောက်တစ်ခါ ကျွန်ုပ်ပြန်လာရဦးမယ်။ ကြောက်စရာကောင်းတယ်ဆိုလိုက်လို့ သင်ဘာကိုပဲ မြင်မြင်၊ ဘာကိုပဲ ကြားကြား မကြောက်နဲ့နော် ဟမ်ဖရီ။ အိုရိုရဲ့ နတ်ကြီးက သင့်အပေါ်မှာတော့ ဘာမှ တတ်နိုင်မယ် လုပ်နိုင်မယ် မဟုတ်ပါဘူး။ နောက်ပြီး အိုရိုရဲ့ အကြံအစည်ကြီးဟာလည်း ပျက်ပြားသွားမှာပါ။ ကျွန်ုပ်အတွက်ကတော့ ကျွန်ုပ်မှာလည်း အတတ်ပညာရှိနေတာပဲ။ ကမ္ဘာကြီးကို ကယ်တင်နိုင်အောင် အင်အားရှိဖို့ ကျွန်ုပ်အတတ်နိုင်ဆုံး ကြိုးစားမယ်"

သို့ပြောပြီးနောက် အီဗာသည် ကျွန်ုပ်ထံမှထွက်သွားတော့၏။ ကျွန်ုပ်မှာ ပင်ပန်းနွမ်းနယ်နေသည့်ပြင် စိတ်လည်းမောနေပြီဖြစ်၍ မည်သည့်အရာကိုမျှ မစဉ်းစားနိုင်တော့ဘဲ အိပ်ရာပေါ်သို့ လှဲချလိုက်ရာ တစ်ခါတည်း အိပ်ပျော်သွားတော့၏။ အိပ်ရာမှ နိုးလာသောအခါ ကျွန်ုပ်မှာ အတော်ပင်လန်းဆန်း၍ နေပြီးလျှင် နေမှာအတော်မြင့်နေပြီဖြစ်၍ နာရီကို ကြည့်လိုက်ရာ နံနက် ၈ နာရီ ကျော်ကျော်မျှပင် ရှိ၍ နေလေပြီ။

ကျွန်ုပ်တို့နံနက်စာစားသောက်ပြီးကြပြီးနောက် မကြာမီပင် အီဗာရောက်လာတော့၏။ သူသည် အလွန်ပင် ငြိမ်သက်အေးဆေးသည့် အမူအရာဖြင့် ကျွန်ုပ်တို့အားလုံးအား ချိုသာစွာ နှုတ်ဆက်လိုက်လေသည်။ ယမန်ညဥ့်က အဖြစ်အပျက်များကိုမူ တစ်စုံတစ်ရာပြောဆိုခြင်းမရှိချေ။ သူ့အား ကျွန်ုပ် တစ်ခု သတိပြုမိသည်မှာ သူသည် ယခင်အခါများကကဲ့သို့ ဝတ်စားဆင်ယင်၍ မလာဘဲ ထူးထူးခြားခြားဆန်းကျယ်စွာ ဝတ်ဆင်လာသည်ကို တွေ့ရခြင်းပင် ဖြစ်၏။ မီးခံအထည်ကြမ်းကြီးကဲ့သို့ မီးခိုးရောင်အဆင်းရှိသော ကိုယ်ကျပ်အင်္ကျီကို တင်းကျပ်စွာ ဝတ်ဆင်ထား၏။ ကျွန်ုပ်က သူဝတ်ဆင်ထားသည့် အဝတ်အစားများအကြောင်းကို စကားစပ်၍ပြောဆိုကြည့်ရာ သူသည် ဤအကြောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြန်မပြောဘဲ ယခုသွားရမည့် လမ်းမှာ ခရီးကြမ်းဖြစ်ကြောင်းဖြင့်သာ ပြန်၍ ပြောလေသည်။ ထို့ပြင် သူစီးလာသည့် ဖိနပ်မှာလည်း ဒူးဆစ်အထိ ရှည်သည့် မီးခိုးရောင် ဘွတ်ဖိနပ်ကြီးဖြစ်ကြောင်းကိုလည်း သတိပြုမိသေး၏။

သူသည်တစ်စုံတစ်ရာကို နှစ်ကိုယ်ချင်း ပြောလိုသည့် ဟန်ဖြင့် ဗက်စတင်၏ ပခုံးကို အသာအယာလက်ဖြင့် တို့လိုက်ရာ ဗက်စတင်လည်း တစ်နေရာသို့ သူနှင့်အတူ လိုက်ပါသွားရတော့၏။ သူတို့နှစ်ယောက်ထွက်သွားပြီးနောက် နာရီဝက်ခန့်မျှကြာသောအခါ ဝတ်ကျောင်းကြီးအတွင်းမှ တစ်စုံတစ်ရာလေးလံကြီးမားသည့် အရာဝတ္ထုတစ်ခု ပြိုကျသံကြီးထွက်၍ လာသည်ကို ကြားလိုက်ရ၏။ ဇစ်ကလီသည်လည်း ဤအသံကြီးကို ကျွန်ုပ်နှင့်အတူ ကြားလိုက်ရလေသည်။ အီဗာနှင့်ဗက်စတင်တို့ ပြန်၍ ရောက်လာကြသောအခါ အီဗာမှာ အထူးပင် ငြိမ်သက်လျက်ရှိနေဆဲပင် ဖြစ်သော်လည်း သူ၏ကိုယ်မှာ တစ်မူထူးခြားစွာ အရောင်တောက်ပနေသကဲ့သို့ ကျွန်ုပ်စိတ်တွင် ထင်မိ၏။ ထိုမျှသာမကသေး၊ သူသည် ယခင်အခါများကထက်ပို၍ လှူသားဆန်သည်။ မိန်းမသားဆန်သည်ဟုလည်း ထင်မိ၏။

ဗက်စတင်၏ မျက်နှာမှာလည်း အတော်ပင် ရွှင်ရွှင်ပျပျ ရှိနေသည်ကို ကျွန်ုပ်သတိပြုမိ၏။

ဗက်စတင်သည် လေကို စကားပြောနေသကဲ့သို့ "လောကမှာ တစ်သက်တစ်ခါတော့ ထူးထူးဆန်းဆန်း ကြုံရတွေ့ရတတ်တာမျိုးပဲ"ဟု တစ်ကိုယ်တည်း ရေရွတ်ပြောဆိုလျက်ရှိနေ၏။ သူသည် မည်သည့်အရာမျိုးကို တွေ့ကြုံခဲ့ရလေသနည်း။

အီဗာက ကျွန်ုပ်တို့ သုံးဦးသားကို ကြည့်လျက် "ကိုင်း . . . သွားဖို့ အချိန်တန်ပြီ၊ ကျွန်ုပ်နောက်သာ လိုက်ခဲ့ကြပေတော့။ ခရီးလမ်းအဆုံးရောက်တော့ အိုရိုကို သင်တို့ တွေ့ကြလိမ့်မယ်။ လိုလိုမယ်မယ် သင်တို့မီးအိမ်တွေကိုလည်း ယူခဲ့ကြပါ။ တချို့နေရာတွေမှာ အလင်းရောင်မရှိဘူး၊ အင်မတန်မှောင်တယ်"ဟု ပြောလိုက်၏။ ထိုအခါ ဇစ်ကလီက "ဘယ်ဆီကို ယခုကျွန်ုပ်တို့သွားကြရမှာလဲ၊ ဘယ်အတွက် ဘာကိစ္စနဲ့ သွားကြရမှာလဲ၊ ဒီဟာတွေကို အခုထိ ကျွန်ုပ်တို့ဘာမှ မသိရသေးပါကလား"

"ယခုကျွန်ုပ်တို့သွားမှာက သင်တို့လူသားတွေ တစ်ယောက်မှ မရောက်ဖူးသေးသည့် ကမ္ဘာကြီး၏ ဝမ်းခေါင်းအတွင်းသို့ သက်ဆင်းကြရမှာဖြစ်တယ်"

"ဒီလိုဆိုရင် ကျွန်ုပ်တို့ဟာ အပူလောင်ပြီး သေကြရမှာပေါ့၊ ပေတစ်ထောင်အနက်ကို ရောက်လေ အပူချိန်ဒီဂရီဟာ တိုးလာလေမဟုတ်လား"

"ဒီလိုမဟုတ်ပါဘူး၊ ပူတဲ့နေရာဖြစ်တဲ့ ပူတဲ့အပိုင်းကိုတော့ ခဏလောက် ဖြတ်သွားကြရလိမ့်မယ်။ သို့သော် ခဏလောက် အသက် အောင့်ထားလိုက်ရင် ဘာမှ မဖြစ်ပါဘူး။ အဲဒီအပိုင်းက လွန်သွားတဲ့အခါ လေပြင်း

ပြင်းတိုက်နေတဲ့ နေရာကို ရောက်သွားမယ်၊ ဒီတော့ သင်တို့ နေသာထိုင်သာ ရှိသွားကြမှာပါ။ ဒီနောက်တော့ ခရီးလမ်းဆုံးထိအောင် ကျွန်ုပ်တို့ သွားကြရ လိမ့်မယ်”

အီဗာသည် တစ်ခဏမျှ ရပ်ဆိုင်းပြီးနောက်၊ အကြံတစ်ခုရသည့် ဟန် ဖြင့် ဆက်လက်၍“ကိုင်းပါလေ. . .ကျွန်ုပ် အခုခေါ်တဲ့ အတိုင်းသင်တို့သွားကြ မှာလား. . .သင်တို့ဘာကြောင့်သွားမလဲ။ အိုရိုမိန့်ပေးထားတာကတော့ မှန်တယ် လေ၊ နို့ပေမဲ့ သူမေ့ချင်မေ့သွားနိုင်တယ်။ ဒီတော့ အခု ခပ်မြန်မြန်ဆုံးဖြတ်ကြ မှဖြစ်မယ်၊ အချိန်နည်းနည်းရှိပါသေးတယ်၊ ယခင်က ကျွန်ုပ်တို့ သားအဖ အိပ်စက်ခဲ့တဲ့ သချိုင်းဂူရောက်အောင် သင်တို့ကို ကျွန်ုပ်လိုက်ပို့ပေးမယ်။ အဲဒီ ကနေပြီး ကျွန်းကြီးဘက်ဆီကို သင်တို့ဖြတ်ကူး၊ ဒီနောက် သင်တို့လှေနဲ့ ပင် လယ်ဘက်ကို ပြေးကြပေတော့၊ ပင်လယ်ထဲရောက်ရင် သင်တို့ အကူအညီ တစ်ခုခု မုချရမှာပဲ၊ တစ်ခုရှိတာက အိုရိုရဲ့ အမိန့်ကို ဖီဆန်ပြီးတဲ့နောက် သူ့ကို သင်တို့မတွေ့ကြနဲ့တော့။ တွေ့ရင်တော့ မုချဒုက္ခရောက်ကုန်မှာ အမှန်ပဲ။ ကိုင်း သင်တို့ရဲ့ သဘောထားက ဘယ်လိုလဲ။ အခုဆုံးဖြတ်ကြပေတော့”

ထိုအခါ ကျွန်ုပ်က “အင်း. . .ပြေးတော့ပြေးမယ်၊ နို့ပေမဲ့ သင်လိုက် ပါခဲ့မှပြေးမယ်၊ မလိုက်ရင်တော့ မပြေးလိုဘူး”ထိုအခါ ဗစ်ကလီက ဤကိစ္စကြီး ကို ပြီးဆုံးသည်အထိ ကြည့်၍သွားလိုကြောင်း ပြောဆိုလျက်ရှိရာ ဗက်စတင် ကလည်း သူသည် ဘာကိုမျှ မကြောက်၊ ကမ္ဘာကြီးကိုဖျက်ရန် အိုရို၏ အကြံ အစည်သည်လည်း အောင်မြင်မည်မဟုတ်ဟု ထင်ကြောင်း၊ သို့ဖြစ်၍ အများ၏ ဆန္ဒကိုသာ  သူလိုက်မည်ဖြစ်ကြောင်းဖြင့် ပြောဆိုလေသည်။

အီဗာက ပြုံးလျက် “တစ်ခုတော့ နားလည်ထားကြစေချင်ပါတယ်။ ကျွန်ုပ်မှာတော့ ဖခင်ကြီးရှိနေသည့် ကမ္ဘာကြီး၏ ဝမ်းဗိုက်အတွင်းသို့ မသွား ၍ မဖြစ်။ သွားရမည်သာ ဖြစ်ပါသည်။ ဘာကြောင့် သွားရမယ်ဆိုတဲ့ အ ကြောင်းကတော့ နောင်အခါ ထင်ရှား၍ လာပါလိမ့်မယ်။ ဒီတော့ ကျွန်ုပ်အကြံ ပေးတဲ့အတိုင်း သင်တို့သွားလိုက သွားနိုင်ကြတယ်၊ ကျွန်ုပ်ကတော့ မလိုက် နိုင်ဘူး၊ ကျွန်ုပ်ရဲ့ဆန္ဒကတော့ သင်တို့ ထွက်ပြေးလွတ်မြောက်သွားစေချင် တယ်”

(မှတ်ချက်။  ။အီဗာ၏ အကြံပေးချက်ကို မလိုက်နာမိသည်မှာ ကျွန်ုပ်တို့အတွက် ကံကောင်း ထောက်မသည်ဟု ဆိုရပေမည်။ သူ့အကြံအ တိုင်းသာ ပြေးဖို့ကြိုးစားခဲ့လျှင် ကျွန်ုပ်တို့မှာ တစ်နေရာတွင် ပိတ်မိနေပြီး နောက် ကျွန်ုပ်တို့အားလုံး အသက်ဆုံးရှုံးကြရမည်ဖြစ်၏။ ဤအကြောင်းကို ရှေ့အခန်းတွင်ဖော်ပြပါမည်။)

ကျွန်ုပ်တို့က မပြေးလိုကြောင်းဖြင့် အီဗာအား ကျွန်ုပ်တို့၏ ဆန္ဒကို ထုတ်ဖော်ပြောလိုက်သောအခါ အီဗာသည် ကျွန်ုပ်တို့အား ရှေ့မှ ခေါင်းဆောင်၍ ခေါ်သွားလေသည်။ 'ကမ္ဘ'နတ်ရုပ်ကြီးရှိသော နေရာသို့ရောက်၍ ကြည့်လိုက်သောအခါ နတ်ရုပ်ကြီးမှာ သူ့နေရာတွင် မရှိတော့ဘဲ အောက်သို့ပြိုကျပျက်စီးနေသည်ကို တွေ့ကြရ၏။

ကျွန်ုပ်သည် ပြိုကျပျက်စီးနေသည့် နတ်ရုပ်ကြီးရှိရာသို့ ကြည့်ပြီးနောက်

"ဘယ်လိုဖြစ်တာလဲ အီဗာ၊ ငလျင်လည်း မလှုပ်ဘဲနဲ့ ဘာ့ကြောင့် ဒီလို ဖြစ်ရတာလဲ"

"ကျွန်ုပ်မသိပါဘူး. . .သိတောင်ပဲ ပြောလို့ မဖြစ်ပါဘူး ဟမ်ဖရီ"

ထိုအခါ ဗစ်ကလီက

"အင်း. . .ကျွန်ုပ်သာ အယူသီးတဲ့ လူစားမျိုးဆိုရင်တော့၊ ဒီနိမိတ်ဟာ လိမ်ညာဝါဒနတ်ကြီးရဲ့ ကျဆုံးခြင်းနိမိတ်လို့ ဆိုမှာပဲ။ နို့ပေမဲ့ နမြောစရာတော့ အင်မတန်ကောင်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ထုလုပ်ပုံ လက်ရာဟာ အင်မတန်အနုပညာမြောက်တယ်"

ထို့နောက် ကျွန်ုပ်တို့လည်း အီဗာ၏ နောက်မှ လိုက်သွားကြရာ၊ မိုင်ဝက်ခန့်မျှ သွားမိကြသောအခါ အလွန်ကြီးမားသည့် တွင်းကြီးတစ်ခု၏ အဝသို့ရောက်သွားကြ၏။ ကျွန်ုပ်မှာ သိချင်ဇောဖြင့် တွင်းကြီး၏ အောက်သို့ ငုံ့၍ ကြည့်မိရာ ချက်ချင်းပင် နောက်သို့ပြန်၍ အလန့်တကြား ဆုတ်လိုက်ရ၏။ တွင်းကြီးမှာ အလွန့်အလွန် နက်ရှိုင်းလှသဖြင့် အဆုံးပင်ရှိအံ့မထင်။ တဝုန်းဝုန်းမြည်သော လေကြီးသည် တွင်းကြီးအောက်မှနေပြီးလျှင် အပေါ်သို့ ပင့်၍ တဝုန်းဝုန်းတိုက်ခတ်လျက် ရှိနေ၏။ အမှန်သော် အောက်မှ တိုက်ခတ်လျက် ရှိသောလေသည် လေကြောင်းတစ်ကြောင်းသာ မဟုတ် အောက်သို့ စုန်ဆင်းတိုက်ခတ်သွားသည့် အခြားလေကြောင်းတစ်ခုလည်း ရှိဟန်တူ၏။ ဤသို့လျှင် အောက်မှ အထက်သို့ ပင့်တက် တိုက်ခတ်လျက်ရှိသော လေကြောင်းနှင့် အောက်သို့ သက်ဆင်းတိုက်ခတ်သွားသည့် လေကြောင်းဟူ၍ လေကြောင်းနှစ်ကြောင်းပင်ရှိလေသလော၊ သို့တည်းမဟုတ် အောက်မှတက်လာသည့် လေကြောင်းသည် အပေါ်သို့ရောက်သောအခါမှ အောက်သို့ ပြန်လည် သက်ဆင်းသွားခြင်းပေလောဟူ၍ကား အတိအကျ ကျွန်ုပ်မပြောနိုင်ချေ။

"သင်တို့တွေ ဒီဟာထက်ပိုပြီး ထူးဆန်းတာတွေ မြင်ကြရဦးမှာပါလေ. . .ဒီတွင်းကြီးထဲကို အခု ကျွန်ုပ်တို့ ဆင်းကြရမှာ"

ဗက်စတင်က အလွန်ထိတ်လန့် တုန်လှုပ်သည့် အမူအရာဖြင့်

"ဘာဗျ၊ ကျွန်ုပ်တို့ ဒီတွင်းကြီးထဲကို ဆင်းကြရမယ် . . . ဟုတ်လား၊ ဆင်းစရာရယ်လို့ ဘာလှေကား ဘာယာဉ်မှလည်း မတွေ့ရပါကလားဗျာ"

"လွယ်ပါတယ်လေ၊ စိတ်လည်း ချရပါတယ်၊ ကိုင်း . . . ကြည့်"

အီဗာက ဤကဲ့သို့ ပြောလိုက်ပြီးနောက် မကြာမီပင် အခန်းငယ်တမျှ အရွယ်ရှိသော ကျောက်ပြားကြီးသည် အောက်မှပင့်၍ပေးသော ပြင်းထန်လှသည့် လေ၏အဟုန်ဖြင့် အထက်သို့ တက်လာကာ ပေါ်၍ လာတော့၏။ တွင်း၏ နှုတ်ခမ်းဝသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကျောက်ပြားကြီးသည် တစ်ခဏမျှ ငြိမ်သက်သွားလေသည်။ ထို့နောက် တစ်ဖက်သို့ ချက်ချင်းကူးပြောင်းသွားပြီးလျှင် အလွန်လျင်မြန်လှသော အရှိန်အဟုန်ဖြင့် အောက်သို့ တစ်ဖန်ပြန်လည်ဆင်းသက်သွားပြီးနောက် စက္ကန့်ပိုင်းအတွင်းတွင် ကျောက်ပြားကြီးလည်း ပျောက်ကွယ်သွားလေသည်။

ဗက်စတင်သည် အတော်ပင် တုန်လှုပ်ခြောက်ရွံ့လျက်ရှိသည့်ဟန်ဖြင့်

"ဘာကြီးလဲ ဒါက . . . ဓာတ်လှေကားလား၊ ကျွန်ုပ်တော့ဖြင့် ဒီဟာကြီးကို ကြည့်ရတာ ကြောက်တယ်ဗျာ၊ မတော်တဆစောင်းပြုများသွားရင် ဘယ့်နှယ်လုပ်မလဲ"

"စောင်းခြင်းပြုခြင်း ဘာမှမရှိပါဘူး၊ စိတ်ချရပါတယ်လို့ ကျွန်ုပ်က ပြောထားပြီမဟုတ်လား၊ ကိုင်း. . .အသင့်သာ ပြင်ထားကြ"

သို့ပြောလိုက်ပြီးနောက် အီဗာသည် ခွေးကလေး 'တော်မီ'အား ပွေ့ချီ၍ ယူလိုက်ပြီးလျှင် လက်တစ်ဖက်ဖြင့် ပိုက်၍ ထားလိုက်လေသည်။

နောက် ငါးမိနစ် ခြောက်မိနစ်ခန့်အကြာတွင် ကျောက်တုံးကြီးသည် တွင်းအောက်မှ တစ်ဖန်အပေါ်သို့ တဖြည်းဖြည်းတက်လာရာ အီဗာက "ကိုင်း . . .ကျောက်တုံးကြီးလာနေပြီ အခုတစ်ခါ ကျွန်ုပ်တို့ လိုက်ကြရလိမ့်မယ်၊ အားလုံး အသင့်ပြင်ထားကြ၊ ကူးတဲ့အခါ ခုန်ပြီး မကူးနဲ့နော်၊ အသာကလေး ကူးကြ၊ ပြီးတော့ အလယ်မှာ အားလုံးဝပ်နေကြ၊ ဘာမှ မကြောက်ကြနဲ့နော်။ ကျွန်ုပ်ပြောတာသာ အားလုံးနားထောင်ကြ"

ကျောက်တုံးကြီးသည် တွင်းကြီး၏ နှုတ်ခမ်းဝတွင် တစ်ခဏမျှ ငြိမ်သက်စွာ ရပ်တည်လျက်ရှိနေ၏။ သို့ရှိစဉ် အီဗာသည် ကျောက်တုံးကြီးပေါ်သို့ အသာအယာ တက်လိုက်ပြီးလျှင် အားနေသော သူ၏လက်တစ်ဖက်ဖြင့် ကျွန်ုပ်အား ကျောက်တုံးကြီးပေါ်သို့ ဆွဲယူလိုက်၏။ သို့နှင့် ကျွန်ုပ်မှာ မရဲလှသော်လည်း စိတ်ကိုတင်းကာ ကျောက်တုံးကြီးပေါ်သို့ ကူးလိုက်ပြီးနောက် ရောက်သည့်နေရာ၌ပင် ထိုင်ချလိုက်ရတော့၏။

ကျွန်ုပ်၏နောက်မှ ဗစ်ကလီသည် ခပ်မြန်မြန်ပင် ကူးလာရာ ဗက်စတင်တစ်ယောက်သာ ကြောက်ဆုတ်ဆုတ် ကျန်ရစ်ခဲ့လေသည်။

"ကူးလေ မြန်မြန်ကူး. . .ဘာကြည့်နေတာလဲ"

ဗက်စတင်သည် မီးအိမ်ကို လက်တစ်ဖက်ဖြင့် ကိုင်ကာ ကျောက်တုံးနှင့် တွင်းနှုတ်ခမ်းဝ စပ်ကြား အက်ကြောင်းကလေးကို ကျော်ရန် ခုန်၍ ကူးလိုက်ပြီးလျှင် လက်တစ်ဖက်ဖြင့် ကျွန်ုပ်၏ ပခုံးစွန်းကို ကိုင်ပြီးမှ ကျောက်တုံးပေါ်သို့ ဝပ်၍ ချလိုက်၏။ ကျောက်တုံးမှာ သူခုန်လိုက်သည့် အရှိန်ကြောင့် အတန်ငယ် လှုပ်၍ သွားသော်လည်း ခဏခြင်း၌ပင် ငြိမ်သက်သွားတော့၏။ ထို့နောက် ကမ္ဘာမြေကြီး၏ ကြီးမားသော ဆွဲငင်ဓာတ်အားကြောင့်သော်လည်းကောင်း၊ သို့မဟုတ် အခြားအင်အားတစ်ခုခုကြောင့်သော်လည်းကောင်း တွင်း၏ အခြားဘက်သို့ ကျောက်တုံးကြီးသည် တဖြည်းဖြည်းရွေ့လျားသွားပြီးလျှင် သုံးလေးစက္ကန့်မျှ ထိုနေရာ၌ ရပ်တည်နေပြီးနောက် အောက်သို့ တဖြည်းဖြည်းကျဆင်းလျက် ရှိနေတော့၏။ ပထမတွင် ညင်သာစွာ ကျလျက်ရှိရာမှ တဖြည်းဖြည်း အရှိန်ပြင်းသည်ထက် ပြင်း၍ လာပြီးလျှင် နောက်ဆုံး၌ကား အလွန်လျင်မြန် ပြင်းထန်လှသည့် အရှိန်အဟုန်ဖြင့် ကျဆင်းလျက် ရှိနေတော့၏။ ကျွန်ုပ်တို့မှာ ကျောက်တုံးပေါ်တွင် မိမိတို့နေရာ၌ ကုပ်ကပ်ထိုင်လျက်ရှိနေကြသော်လည်း အီဗာမှာ မတ်တတ်ရပ်လျက်နှင့်ပင် လိုက်ပါ၍ လာလေသည်။ အီဗာမှာ စီးနေကျယာဉ်တစ်ခုကို စီးနင်းလိုက်ပါရသကဲ့သို့ အမူအရာပျက်ခြင်းဟူ၍ လုံးဝမရှိချေ။

တစ်ခဏမျှ ကြာလတ်သော် "အပူပိုင်းကို ရောက်တော့မယ်. . .။ သတိထားနော် ဟမ်ဖရီ၊ အသက်ကိုတော့ ခဏအောင့်ထားလိုက်၊ ဟိုနှစ်ယောက်ကိုလည်း ကျွန်ုပ်ပြောတဲ့အတိုင်း လိုက်နာဖို့ ပြောလိုက်ပါ"ဟု ပြောသဖြင့် ကျွန်ုပ်က အီဗာပြောသည့်အတိုင်း ဗက်စတင်နှင့် ဗစ်ကလီတို့အား သတိပေးလိုက်ရ၏။ အတန်ငယ် နွေးခနဲဖြစ်သွားရာမှ တဖြည်းဖြည်းပူလာသဖြင့် ကျွန်ုပ်လည်း အသက်ကိုအောင့်ထားလိုက်၏။ အတန်ငယ်ပူရာမှ မီးတောက်ဖြင့် ကိုယ်ကို မြှိုက်သကဲ့သို့ ပူလာရာ ကျွန်ုပ်မှာ အသည်းအူများပင် လောင်ကျွမ်းသွားလေပြီလောဟုပင် ထင်မှတ်မိတော့၏။ တော်မီကလေး၏ စီခနဲ ညည်းလိုက်သံကိုပင် တစ်ကြိမ် ကြားလိုက်ရ၏။

သို့သော် မကြာလှပါချေ။ အပူရှိန်သည် ချက်ချင်းလိုပင် လျော့သွားပြီးနောက် မူလရှိရင်းစွဲအခြေအနေသို့ ပြန်လည်ရောက်ရှိလာရာ ကျောက်တုံးကြီးသည် တစ်မိုင်ပြီးတစ်မိုင် မိုင်ပေါင်းများစွာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကျဆင်းလျက်ရှိရာမှ တဖြည်းဖြည်း အရှိန်လျော့၍ လျော့၍

လာပြီးလျှင် တွင်းကြီးမှာလည်း ကျဉ်းမြောင်းလာပြီးနောက် ကျောက်တုံးနှင့် တွင်းနှုတ်ခမ်းတို့မှာ ရွှေ့လျားသည်ဆိုရုံမျှ ရွှေ့လျား၍ နေပြီးလျှင် နောက်ဆုံး တွင် တစ်ခါတည်းရပ်သွားတော့၏။

အီဗာသည် ကျောက်တုံးမှနေ၍ မြေပေါ်သို့ ခုန်တက်လိုက်ပြီးနောက်

"ကျွန်ုပ်တို့ ဘာဘေးအန္တရာယ်မှ ကြောက်စရာမရှိတော့ပါဘူး. . . ကဲလာကြ၊ ဒီမှာ ခဏထိုင်ပြီး အပန်းဖြေကြပါဦး"

ကျွန်ုပ်တို့ ရောက်ရှိသွားသည့်နေရာမှာ ကမ္ဘာမြေကြီး၏ ဗဟိုအချက် အချာနေရာဖြစ်ဟန်တူ၍ ဂူကြီးသဖွယ် ဖြစ်ပြီးလျှင် အဆုံးအစမရှိ ရှည်လျား ကျယ်ပြန့်လှတော့၏။ ခေတ္တ အနားယူကြပြီးနောက် အီဗာက ကျွန်ုပ်တို့ရှေ့ သို့ သွားရမည့်လမ်းမှာ အလင်းရောင်မရှိသဖြင့် ကျွန်ုပ်တို့၏ မီးအိမ်များကို ထွန်းညှိရန် ပြောသဖြင့် ထွန်းညှိကြရ၏။ ဤသို့အနားယူနေစဉ် ဗက်စတင် က "ကျွန်ုပ်တစ်ခုမေးစမ်းပါရစေ အီဗာ. . .ဒီကျောက်တုံးကြီးဟာ ဒီလို ပဲ အမြဲသွားနေသလား"

"လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်သိန်းကျော်လောက်ကစပြီး ဒီအတိုင်းသွား နေတာပဲ ဗက်စတင်။ ဒီတော့ နောက်ကိုလည်း ဒီလိုပဲ အမြဲသွားနေလိမ့်မယ်၊ ဒီနေရာမှာ လေရဲ့ အပူချိန်မပြောင်းသမျှ ကာလပတ်လုံး ဒီအတိုင်း သွားနေလိမ့် မယ်လို့ ကျွန်ုပ်ထင်တာပဲ၊ အသေအချာတော့ ကျွန်ုပ်မသိဘူး၊ အိုရိုမှ သိမယ်"

ထို့နောက် ကျွန်ုပ်တို့လည်း မီးအိမ်များကို ထွန်းညှိပြီးလျှင် အီဗာ၏ နောက်သို့ လိုက်ကြရ၏။ ကျွန်ုပ်မှာ မျိုသိပ်၍ မရနိုင်လောက်အောင် ထိတ်လန့် ကြောက်ရွံ့နေသဖြင့် အီဗာအား

"ဘာတွေဖြစ်လာမှာလဲ အီဗာရယ် . . ."ဟု မေးလိုက်မိ၏။

"ကျွန်ုပ်သည် အိုရို၏ လျှို့ဝှက်ထားချက်အားလုံးကို အကုန်မသိ ပါ၊ သို့သော် အလွန်ကြီးကျယ်သည့် ဖြစ်ရပ်ကြီးများကို မကြာမီ မြင်ကြရလိမ့် မည်။ ယခု ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီး၏ ဝမ်းဗိုက်အတွင်းသို့ ရောက်နေ ကြပြီ. . .၊ မကြာမီပင် သင်တို့လူသားများ အိပ်မက်ပင်မမက်ဖူးသည့် ခွတ် အင်အားစုကြီးများ လှုပ်ရှားနေသည်များကို မျက်ဝါးထင်ထင် တွေ့မြင်ကြရ လိမ့်မည်"

ကျွန်ုပ်က

"ကမ္ဘာ့ဝမ်းဗိုက်ထဲ ရောက်နေပြီဆိုလျှင် ကျွန်ုပ်တို့ ဘာကြောင့် အ သက်ရှူလို့ရသလဲ"

"ဘာကြောင့်ဆို. . .အခု ကျွန်ုပ်တို့ လိုက်နေတဲ့ လမ်းဟာ . . . အထက်ကလေကြောင်းနဲ့ ဆက်ပြီးနေတယ်. . .၊ လမ်းကတော့ လမ်းရှည်ကြီး

ပဲ၊ အတက်က မတ်တယ်၊ လမ်းမှာ ဘာတွင်း ဘာချိုင့် ဘာဆူးညောင့်ခလုတ်မှ မရှိဘူး. . .၊ အထက်ကိုသာ လိုက်ပြီးတက်သွားရင် နေရောင်ရှိရာ ကမ္ဘာမြေပြင်ပေါ်ကို ရောက်သွားနိုင်တယ်”ထိုအခါ ကျွန်ုပ်က “ဒီလိုဆိုရင် ဒီလမ်းက လိုက်ပြီး ကျွန်ုပ်တို့ ပြေးကြစို့လား. . .”ဟု အားတက်သရော ပြောလိုက်၏။

“ပြေးလို့ လွတ်မှာ မဟုတ်ဘူး ဟမ်ဖရီ. . .တစ်မိုင်လောက် မရောက်မီ အိုရိုလက်ထဲကို ပြန်ရောက်သွားမှာပါ။ နောက်ပြီး ကျွန်ုပ်တို့ ပြေးလို့ လွတ်သွားရင်တောင် ကမ္ဘာကြီးတစ်ခြမ်းတော့ ပျက်စီးသွားလိမ့်မယ်။ ဒီတော့ မပြေးဘဲ နေပြီး ကမ္ဘာကြီး မပျက်စီးရအောင် ကယ်တင်ဖို့ပဲရှိတယ်။ လုပ်ဖို့နည်းကတော့ မိမိကိုယ်ကို အနစ်နာခံခြင်းဆိုတဲ့နည်းနဲ့ လုပ်ရမှာပဲ ဟမ်ဖရီ။ သင့်ကို အဲဒီလို လုပ်ပေးပါလို့ ပြောရင်လည်း သင်မတွန့်မဆုတ်လုပ်မှာပဲ မဟုတ် လား. . .”

“လုပ်မှာပေါ့”

ဟု ကျွန်ုပ်မှာ စိတ်ထဲမှပင် မပါလှသော်လည်း နှုတ်က ပြောလိုက်ရ၏။ အမှန်အားဖြင့်မူ ဤကဲ့သို့အလုပ်မျိုးကို ဗက်စတင်လိုလူမျိုးကိုသာ လုပ်ခိုင်းသင့်သည်ဟု ကျွန်ုပ်ထင်မိ၏။

ထို့နောက် တစ်ခဏအဘို့ပင် ကျွန်ုပ်တို့မှာ ပြေးလိုသော်လည်း ပြေး၍မရသည့် အခြေအနေသို့ ရောက်ရှိလာတော့၏။ အဘယ်ကြောင့်ဆိုသော် လမ်းသည် တစ်နေရာတွင် ကွေ့သွားလေရာ ဤကဲ့သို့ ကွေ့လိုက်မိသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့မှာ အံ့မခန်း ဆန်းကျယ်လှသည့် အခန်းကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားသောကြောင့်ဖြစ်လေသည်။ အခန်းကြီးမှာ အစမရှိ အဆုံးမရှိ လောက်အောင်ပင် ကြီးမားလှ၏။ နံဘေးနံဘီတွင် နံရံဟူ၍ မတွေ့ရ။ အမိုးကိုလည်း မမြင်ရချေ။ အလင်းရောင်ကား ရှိနေဆဲဖြစ်၏။ သို့သော် အထက်ပိုင်းတွင် ထွန်းလင်းနေသည့် အလင်းရောင်မျိုးမဟုတ်ဘဲ ဖျတ်ခနဲ ဖျတ်ခနဲ ထ၍ထ၍ တောက်သည့် မီးလျှံလုံးကြီးများဖြစ်ရာ မည်သည့်နေရာ၊ မည်သည့်အရပ်မှ ထွက်ပေါ်လာသည်ဟူ၍ကား မသိရချေ။ တစ်ခါတစ်ရံတွင် ထိုမီးလျှံလုံးကြီးများမှာ လေထဲတွင် တည်ငြိမ်စွာ ရပ်တန့်လျက်ရှိနေသည်ကို တွေ့ရ၏။

ထိုမီးလျှံလုံးကြီးများမှ ဝင်းခနဲ လက်ခနဲ ဖြိုးခနဲ ဖျတ်ခနဲ ထွက်ပေါ်လာသည့် အလင်းရောင်များနှင့်ပင် အခန်းကြီးမှာ မည်မျှလောက်ကြီးမား ကျယ်ဝန်းသည်ကို ခန့်မှန်း၍ မရနိုင်ချေ။

# အနှစ်နာအသေးလိုက်ခြင်း

ဤကဲ့သို့ တအံ့တသြရှိနေစဉ် မီးလျှံလုံးကြီးတစ်လုံးသည် အထက်မှနေ၍ ကြယ်ဥက္ကာပျံသကဲ့သို့ ပျံသန်းကျရောက်လာတော့၏။ ကျွန်ုပ်တို့မှာ အမိုးအကာမရှိသည့် ဟင်းလင်းပြင် . . . သို့မဟုတ် မျက်စေ့ဖြင့် မမြင်နိုင်သော ကောင်းကင်အောက်၌ ရောက်၍ပင် နေလေပြီလောဟု တွေးထင်မိ၏။

ဤကဲ့သို့တွေးတော၍မှ မဆုံးမီ ထိုမီးလျှံလုံးကြီးမှ ထွက်လာသည့် ပြာလဲ့လဲ့ အလင်းရောင်အောက်တွင် အိုရိသည် ဝတ်ရုံရှည်ကြီးတစ်ခုကို ဝတ်ဆင်ကာ မတ်တတ်ရပ်လျက်ရှိသည်ကို မြင်လိုက်ရပေသည်။ သူ၏အသွင်အပြင်မှာ လူသားနှင့်မတူ၊ တစ္ဆေသရဲနှင့်ပင် တူနေသဖြင့် ကြောက်မက်ဖွယ်ကောင်းလှတော့၏။

ဤကဲ့သို့ အိုရိအား မြင်လိုက်ရသောအခါ ဗက်စတင်က

"အမယ်လေး. . .သူကြည့်ရတာ မကောင်းဆိုးဝါးကြီးနဲ့မတူဘူးလား၊ ငရဲပြည်ကို အတုယူပြီး ဝတ်ဆင်ထားတယ်ဆိုရင်တော့ အတော့်ကို တူတာပဲဗျို့"

ဗစ်ကလီက

"ဒါကို ငရဲပြည်အတုလို့ မင်းဘယ့်နှယ်ပြောနိုင်သလဲကွ"

"အေး. . .မင်းတော့ ငါမပြောတတ်ဘူးကွာ၊ တကယ်လို့ ဒါဟာ ငရဲပြည်ဆိုရင်တော့ အီဗာနဲ့ ငါဟာ ဒီနေရာကြီးကို ရောက်လာစရာ ဘာအကြောင်းမှ မရှိဘူး"

ကျွန်ုပ်ကမူ တစ်စုံတစ်ရာ ဝင်၍ မပြောဘဲ သူတို့ချင်း အချီအချပြောနေသည်ကိုသာ ပြုံး၍ ကြည့်နေမိ၏။ သို့ရှိစဉ်က "သြော် သင်တို့ရောက်လာကြပြီကိုး။ ကောင်းပြီ. . .သူရဲဘောကြောင်ပြီး လိုက်၍ မလာဝံ့သူသည် ယခု

ရရှိတော့မည့် ကမ္ဘာသစ်ကြီးတွင် ဘာကျေးဇူးကိုမျှ ခံစားစံစားရမည်မဟုတ်။ ထို့ကြောင့် သင်တို့ လာဝံ့မလာဝံ့ကို စမ်းသပ်ရန် ကျောက်ပြားပုံကြီးလမ်းမှ သင်တို့အား ခေါ်၍ လာစေခြင်းဖြစ်သည်”

ဗက်စတင်က

“ဤသို့ဆိုလျှင် ကျွန်ုပ်တို့ ပြန်ရန်အတွက် လမ်းတစ်ခုရွေးချယ်ပေးပါဦး”

“သြော်. . .တရားဟောဆရာကြီးက ပြန်ချင်သကိုး၊ ဤခရီးသည် သင့်အတွက် နောက်ဆုံးခရီးမဟုတ်ဟု သင်ပြောနိုင်သလား”

“ဤမေးခွန်းကို သင့်ကိုယ်သင် ပြန်၍ မေးဖို့ သင့်သည် အိုရီ၊ သင့်အဆိုအရ သင်သည် သက်ရှယ်အားဖြင့် အိုမင်းရင့်ရော်လှပေပြီ။ သင့်အတွက် နောက်ဆုံးအချိန်သည် အခါမရွေးရောက်၍ လာနိုင်သည်။ ဤသို့ဆိုက်ရောက်လာသောအခါ သင်ဘယ်ဆီသို့ မြန်းရမည်ကို ကျွန်ုပ်က သင့်ကို အားနာသောအားဖြင့် မပြောတော့ပါ”

ထိုစကားကို ကြားရသောအခါ အိုရီမှာ အတော်ပင် ဒေါသထွက်သွားဟန်တူ၍ ဗက်စတင်အား ချက်ချင်းပင် သတ်ပစ်လိုက်လေမည်လားဟု ကျွန်ုပ်မှာ စိုးရိမ်လိုက်မိ၏။

သို့သော် အိုရီသည် သူ၏ စိတ်ကို ချုပ်တည်းထားလိုက်သည့်ဟန်ဖြင့် ဗက်စတင်အား

“သင်ဟာ လူမိုက်ပဲ၊ ယမန်နေ့ကပင် သင်သည် ကျွန်ုပ်အား သင့်လက်နက်ကလေးဖြင့် သတ်ရန်ကြိုးစားခဲ့သည်။ ယခုလည်း သင်ပြောလိုက်သော အမင်္ဂလာစကားများဖြင့် ကျွန်ုပ်အား ထိုးနှက်လိုက်ပြန်ပြီ။ သင်သတိထား၍နေပါလေ။ သို့မဟုတ်က သင့်ပါးစပ်တစ်သက်လုံး ပိတ်သွားအောင် ကျွန်ုပ်လုပ်ပစ်မည်”

“အိုရီ သင့်အား ကျွန်ုပ်လုံးဝမကြောက်၊ သေချိန်ရောက်လျှင် ကျွန်ုပ်သေမည်။ သို့သော် ကျွန်ုပ်သည် သင်၏ လက်ချက်ဖြင့် သေရမည်မဟုတ်။ အမှန်ကိုဆိုရလျှင် သင့်အတွက် ကျွန်ုပ်များစွာ စိတ်မကောင်းပါ၊ သင်သည် ပြစ်မှုကျူးလွန်ပြီး သံဝေဂမရ၊ ရရကောင်းမှန်းလည်း မသိ။ သင်သည် ပြစ်မှုများကို ကျူးလွန်ရာ၌သာ ပျော်မွေ့လျက်ရှိ၏။ သင်၏ မိုက်မဲဆိုးသွမ်းမှုများအတွက် မကြာမီပင် ဘေးအန္တရာယ်နှင့် သင်တွေ့ရလိမ့်မည်”

ဗက်စတင်၏ မကြောက်မရွံ့ ရဲဝံ့ပြတ်သားစွာ ပြောလိုက်သောစကားများကို ကြားလိုက်ရသောအခါ ကျွန်ုပ်မှာ သူ၏ သတ္တိကို မချီးကျူးဘဲ မနေနိုင်ချေ။ အီဗာ၏ မျက်နှာပေါ်တွင်လည်း ကျွန်ုပ်ကဲ့သို့ပင် ဗက်စတင်၏

သတ္တဝါကို ချိုးကျိုးသည့် အရိပ်အယောင်များ ပေါ်လွင်လျက်ရှိသည်ကို မြင်လိုက်ရလေသည်။ ထိုအချိန်တွင် ဇစ်ကလီက ကြားဝင်၍ "တော်တယ်ဟေ့၊ မင်းပြောတာ အားကြီးကောင်းတယ်၊ တကယ်ဆိုတော့လည်း သူ့ယုံကြည်ချက်ဆိုတာမှာ အဓိပ္ပာယ်အရှိသားပဲ"

အိုရိုကိုယ်တိုင်ပင် ဇက်စတင်၏ သတ္တဝါကို အသိအမှတ်ပြုလိုက်ဟန်တူ၏။ သူ၏နှုတ်မှ ဒေါသစကားများ ထွက်၍ မလာတော့ဘဲ ဆက်လက်၍

"ကျွန်ုပ် ပြုလုပ်မည့် လုပ်ငန်းအတွက် အချိန်သိပ်ပြီး မရှိတော့။ ကဲ ဟန်ဖရီ လာ. . .ကမ္ဘာ့ဝမ်းဗိုက်ထဲမှာ ဆူပွက်နေသည့် ထူးဆန်းသောအရာများကို ကျွန်ုပ်ပြမည်"ဟု ပြောလိုက်ပြီးနောက် ကျွန်ုပ်တို့ မီးအိမ်များကို ယူလာရန်လည်း ခြေဟန်လက်ဟန်ပြလိုက်လေသည်။

ထို့နောက် အိုရိုသည် ကျွန်ုပ်တို့အား ရှေ့ဆောင်၍ ခေါ်သွားလေရာ ခြေလှမ်းခြောက်ရာ ခုနစ်ရာခန့်မျှသွားမိသောအခါ လမ်းကျယ်ကြီးတစ်မျှ ကျယ်၍ အနက်အားဖြင့် လေးငါးပေခန့်ရှိသော လမ်းကြောင်း၊ သို့မဟုတ် မြောင်းကြီးတစ်ခုဆီသို့ ရောက်သွားကြ၏။ မြောင်းကြီး၏ အောက်ခြေမှာ တစ်စုံတစ်ရာဖြင့် ပွတ်တိုက်ထားသကဲ့သို့ ပြောင်ချောလျက်ရှိနေ၏။ ဤကဲ့သို့ ချောမွတ်နေသည်ကို ကြည့်ရခြင်းအားဖြင့် လမ်းကြောင်းကြီးမှာ သံသို့မဟုတ် တခြားသတ္တုတစ်မျိုးဖြင့် ပြုလုပ်ထားဟန် တူပြီးလျှင် အလွန်လေးလံလှသည့် အရာဝတ္ထုကြီးတစ်ခု၏ နင်းကြိတ်ထားခြင်းခံရသည့် လက္ခဏာရှိလေသည်။ ကျွန်ုပ်တို့ ရောက်ရှိနေသည့်နေရာတွင် လမ်းကြောင်းကြီးမှာ နှစ်ခွခွဲထွက်သွားသည်ကို တွေ့ရ၏။ ဥပမာပြရမည်ဆိုက မီးရထားသံလမ်းတစ်ခုတည်းမှ နေ၍ နှစ်မြွာကွဲထွက်သွားသကဲ့သို့ပင်ရှိတော့၏။ ကျွန်ုပ်သတိပြုမိသော အခြားတစ်ခုမှာ ပထမ ကျွန်ုပ်တို့တွေ့ရသည့် လက်ယာဘက်လမ်းခွဲကြောင်းကြီးမှာ လက်ဝဲဘက်လမ်းခွဲကြောင်းကြီးကဲ့သို့ ပွတ်တိုက်ထားခြင်း မရှိသည့်ဟန်ဖြင့် ပြောင်လက်၍ မနေပေ။

ကျွန်ုပ်က

"ဒါတွေဟာ ဘာအဓိပ္ပာယ်လဲ အိုရို"

"ဒီလိုပါလေ၊ ပထမမူလပင်ရင်း လမ်းကြောင်းကြီးကနေပြီး ရွေ့လျားလိမ့်ဆင်းလာတဲ့အရာဝတ္ထုကြီးဟာ ဒီနှစ်မြွာလမ်းခွဲကို ရောက်တဲ့အခါ ဘယ်ဘက်သို့မဟုတ် ညာဘက်ကို လမ်းခွဲပြီး ထွက်သွားနိုင်တယ်။ ဘယ်ဘက်လမ်းကြောင်း ပြောင်လက်နေတာကတော့ ဒီအရာဝတ္ထုကြီးဟာ ဒီလမ်းခွဲကို ရောက်လာတဲ့ အခိုက်အတံ့မှာ အင်မတန်ကြီးမားလှတဲ့ စွမ်းအားနဲ့ ဒီအရာကြီးကို တွန်းပေးလိုက်မယ်ဆိုရင် ဘယ်ဘက်လမ်းကို လိုက်သွားနိုင်တယ်"

"အဲဒီလို ညာဘက်လမ်းကို လိုက်တော့ ဘယ်လိုဖြစ်သွားနိုင်မလဲခင်ဗျာ"

"ဖြစ်နိုင်တာက ဒီလိုကွယ့်. . .ညာဘက်လမ်းကို ဒီအရာဝတ္ထုကြီး ရွေ့လျားသွားပြီးတဲ့နောက် တစ်နာရီလောက်အကြာမှာ ကမ္ဘာကြီး၏ချိန်သီးဟာ အကြီးအကျယ် ပြောင်းလဲသွားခဲ့လို့ရှိရင် ကမ္ဘာကြီးရဲ့ မြေပြင်နဲ့ရေပြင်တွေပေါ်မှာ အကြီးအကျယ် ပြောင်းလဲမှုတွေ ဖြစ်သွားမယ်၊ ရှေးအထက်ကျော် ကာရီက တစ်ကြိမ်ဖြစ်ခဲ့ဖူးပြီလေ။ ကိုင်း . . . အခုသင်နားလည်ပြီ မဟုတ်လား ဟမ်ဖရီ"

"ဟုတ်ကဲ့ ကျွန်ုပ်နားလည်ပါပြီ။ ဒါပေမဲ့ ကံကောင်းထောက်မလို့ ဒီအရာဝတ္ထုကြီးကို တွန်းပေးနိုင်တဲ့ စွမ်းအင်သတ္တိမရှိတာ တော်သေးတာပေါ့နော်"

"ဟား. . .ဟား. . .ဟား. . ."

ကျွန်ုပ်၏ စကားကို ကြားလိုက်ရသောအခါ အိုရိုက လှောင်ရယ်ရယ်လိုက်လေသည်။ "သင်ဟာ မိုက်သေးတာပဲ ဟမ်ဖရီ၊ အဲဒီစွမ်းပကားကြီးဆိုတာ တခြားမဟုတ်ဘူး၊ ကျွန်ုပ်အိုရိုကိုယ်တိုင်ဟာ စွမ်းပကားပဲ၊ ပထမအကြိမ်တုန်းက ဘယ်ဘက်ကို ကျွန်ုပ်ပြောင်းလဲပေးလိုက်တယ်၊ ဒီတော့ ဘာဖြစ်သွားသလဲ. . .ကမ္ဘာ့မျက်နှာပြင်ကြီးဟာ ပြောင်းလဲသွားခဲ့ရတယ် မဟုတ်လား၊ ယခုအကြိမ်မှာတော့ ညာဘက်လမ်းကို ပြောင်းပေးရမှာပေါ့"

ထိုအခါ ဗစ်ကလီက မယုံတစ်ဝက်ယုံတစ်ဝက်ရှိသည့် ဟန်မျိုးဖြင့်

"သင်ပြောသလို ကမ္ဘာ့ချိန်သီးပြောင်းတယ်ဆိုရင် ဘယ်နှစ်ကြိမ်မျှ ပြောင်းပြီးပါပြီလဲ"

"နှစ်ပရိစ္ဆေဒ အင်မတန်ကြာမှ တစ်ကြိမ်တစ်ခါသာ ပြောင်းတာပါ၊ သို့သော် ဒါက ကျွန်ုပ်၏ လျှို့ဝှက်ချက်ပါလေ. . .ကိုင်း. . .နားထောင်ကြစမ်း ဘာသံလဲလို့"

သူပြော၍မှ မဆုံးမီ အတန်ငယ်ဝေးလံသောနေရာမှ ကြောက်မက်ဖွယ်ကောင်းသည့် ဂီတသံမျိုးကဲ့သို့ ထူးဆန်းသော အသံကြီးတစ်သံကို ကြားလိုက်ရ၏။ မည်သည့်အသံဟူ၍ အတိအကျဖော်ပြရန်ကားမဖြစ်နိုင်ပေ။ အနီးဆုံးဖော်ပြရမည်ဆိုသော် အသံမှာ ကလေးများ ဂျင်ပေါက်သည့်အခါ တဝီဝီမြည်သော အသံမျိုးဖြစ်၍ ဂျင်ပေါင်းထောင်သောင်းမက တစ်ပြိုင်တည်းပေါက်လိုက်သဖြင့် ၎င်းတို့မှ တခဲနက် စုပေါင်းထွက်လာသည့် ဝီသံကြီးနှင့် တူသည်ဟု ဆိုရပေမည်။

အိုရိုသည် သူ၏အလုပ်အောင်မြင်ပြီဟူသော လေသံမျိုးဖြင့်

"နံရံဘက်ဆီကို ကပ်နေကြ" ဟု ပြောလိုက်သဖြင့်၊ ကျွန်ုပ်တို့အား လုံးမှာ သူပြောသည့်အတိုင်း ကျောက်နံရံကြီးဘက်သို့ သွားကြရ၏။ နံရံဘက် သို့ရောက်သောအခါ ကျောက်သားနံရံတွင် ပြတင်းပေါက်ကလေးတစ်ခုကဲ့သို့ အပေါက်ကလေးတစ်ပေါက်ဖောက်ထားသည်ကို ထိုအခါမှ ကျွန်ုပ်သတိပြု လိုက်မိ၏။ အပေါက်ကလေးမှာ စတုရန်း ၁၀ လက်မခန့်ရှိ၏။ မကြာမီပင် အိုရိုသည် ကျွန်ုပ်တို့နောက်မှ ရောက်လာပြီးနောက် အပေါက်ကလေး၏ အဖုံး ကို ဖွင့်လိုက်ရာ၊ အပေါက်တွင်းမှ မီးမောင်း အလင်းရောင်ကြီးတစ်ခု ထိုးထွက် လာလေသည်။

ထိုအပေါက်ကလေး၏ အနီး၌ကား ဝတ်ရုံအင်္ကျီကြီးများနှင့်တကွ၊ ဇူလူးလူရိုင်းများ စစ်တိုက်ရာတွင် အသုံးပြုသည့် ဒိုင်းများနှင့် ခပ်ဆင်ဆင် တူသော ဒိုင်းပုံသဏ္ဌာန်အရာဝတ္ထုလေးခုကိုလည်း တွေ့ရ၏။ ထိုဒိုင်းပုံများမှာ အလွန်မာကျော၍ ကျွန်ုပ်မသိသော သတ္တုတစ်မျိုးဖြင့် ပြုလုပ်ထား၏။

အီဗာသည် ထိုဝတ်ရုံကြီးများကို ယူပြီးလျှင် ကျွန်ုပ်တို့ သုံးယောက် အား ဝတ်ရုံတစ်ခုကျစီ ဝတ်ဆင်ရစ်ပတ်ပေးလေသည်။ ကျွန်ုပ်တို့အား ဝတ် ဆင်ပေးသည့် ဝတ်ရုံများမှာ အီဗာဝတ်ထားသည့် ဝတ်ရုံနှင့် အသားချင်းတူ သယောင်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့ဝတ်ရသည့် ဝတ်ရုံများမှာ ခပ်မာမာ ခပ် တောင့်တောင့် ဖြစ်ကြောင်းတွေ့ရ၏။ ထို့နောက် ကျွန်ုပ်တို့အား ဒိုင်းတစ်ခုစီ ကိုလည်း ပေးပြီးလျှင် ဒိုင်းများကို ကျွန်ုပ်တို့၏ ကိုယ်နှင့် ဦးခေါင်းရှေ့တွင် ကပ်၍ ကိုင်ထားရန်နှင့် အကယ်၍ ရှေ့သို့ ကြည့်လိုက ဒိုင်းတွင် ဖောက်ထား သော အပေါက်ကလေးများမှသာ ကြည့်ရန်မှာကြားလေသည်။ နောက်ဆုံး တွင်ကား နံရံကျောပေးပြီး တန်းစီရပ်နေရန်နှင့်၊ ဘာကိုပဲ မြင်မြင်၊ ဘာကိုပဲ ကြားကြား၊ မလှုပ်မရှား ငြိမ်သက်စွာ နေရန်ကိုလည်း ကျွန်ုပ်တို့အား အထပ် ထပ် မှာကြားလေသည်။

ကျွန်ုပ်တို့သုံးယောက်မှာ သူမှာသည့်အတိုင်း ရပ်၍ နေကြရ၏။ ကျွန်ုပ်၏ အခြားဘက်တွင် ဗစ်ကလီနှင့် ဗက်စတင်တို့ရှိ၏။ အီဗာသည် ကျန် ရှိသော ဒိုင်းကို ယူလိုက်၏။ သူ၏ ဒိုင်းမှာ ကျွန်ုပ်တို့ဒိုင်းထက် အတန်ငယ် ပို၍ ကြီးသည်ကို ကျွန်ုပ်သတိပြုမိ၏။ သူသည် ကျွန်ုပ်ရပ်နေသော နေရာနှင့် မီးမောင်းထိုးနေသည့် အပေါက်ကြားတွင် နေရာယူလိုက်၏။ အိုရိုသည် အစွန် ဆုံးတွင်နေရာယူ၍ သူ၏ လက်၌မူ ဒိုင်းမရှိချေ။

ဤသို့နေရာယူပြီးကြသဖြင့် ကျွန်ုပ်လည်း ဟိုဟိုဒီဒီတောင်မြောက် လေးပါးကို ကြည့်လိုက်မိရာ အိုရိုသည် သူ၏ညာဘက်လက်ကို ကျောက်သား မောင်းတံတစ်ခုပေါ်တွင် တင်ထားလျက် ရှိသည်ကို တွေ့ရ၏။ ထိုကျောက်သား

တံမှာ မည်သည့်အရာနှင့် တူသနည်းဆိုပါမူ မီးရထားလမ်းများတွင် လမ်းပြောင်းလမ်းလွှဲလုပ်သည့် ကိရိယာမျိုးကဲ့သို့ ရှေ့တိုးနောက်ငင် ဆွဲယူနိုင်သည့် ကိရိယာမျိုးနှင့်တူလေသည်။ သို့ရှိစဉ် အိုရိုသည် ကျွန်ုပ်တို့ဘက်သို့ လှည့်၍ ငြိမ်သက်စွာနေကြရန်နှင့်မျက်နှာများကိုလည်း ဒိုင်းနှင့် ကွယ်ထားကြရန် အော်၍ ပြောလိုက်၏။ သို့ပြောရင်း သူသည် မောင်းတံကို တဖြည်းဖြည်းအောက်သို့ နှိပ်၍ ချလိုက်လေသည်။ ထိုအခါ၌ ပြင်းထန်စူးရှလင်းထိန်လှသည့် မီးမောင်းကြီးသည် အပေါက်ငယ်မှ ထွက်ကာ ရှေ့အတန် ဝေးသည့်နေရာတွင်ရှိသော နံရံကြီးကို ထိုးလျက်ရှိနေတော့၏။

ထိုအချိန်၌ ယခင်ခပ်စောစောက ကျွန်ုပ်တို့ကြားနေရသည့် 'ဝီ'ခေါ် သံကြီးမှာ နီးသည်ထက်နီး၍လာပြီးလျှင် ကျယ်လောင်သည်ထက်လည်း ကျယ်လောင်လာတော့၏။ ဇစ်ကလီမှာ စိတ်ထဲ၌ရှိသည်ကို ကြာရှည်စွာ မျိုသိပ်ထားနိုင်သူ မဟုတ်သဖြင့် အိုရိုအား

"ဒီမယ်. . .ကျွန်ုပ်ဟာ မယုံတတ်ဘူးဆိုတာ သင်သိတယ်။ သို့သော် သင်ယခုလုပ်နေပုံတွေကိုတော့ ကျွန်ုပ်မကြိုက်ဘူး၊ ယခု သင်ဘာလုပ်မလို့လဲ"

"ကမ္ဘာတစ်ခြမ်းကို ပင်လယ်အောက်နစ်ပစ်ပြီး နှစ်ပေါင်းနှစ်သိန်း ကျော်လောက်က ရေထဲမှာ ကျွန်ုပ်မြှုပ်ပစ်ခဲ့တဲ့ ကုန်းမြေတွေကို ပြန်ဖော်ပေးမလို့ဘဲ။ နေပါဦး. . .ကျွန်ုပ်မှာ ဒီလိုလုပ်နိုင်တဲ့ စွမ်းအင်တွေရှိတယ်ဆိုတာကို သင်က မယုံကြည်ဘဲနဲ့ ဘာ့ကြောင့် မေးခွန်းတွေ ထုတ်နေရတာလဲ"

ဇက်စတင်က ကြားဖြတ်၍

"ကျွန်ုပ်ကတော့ သင့်မှာ ဒီလို စွမ်းအင် သတ္တိနဲ့ ပြည့်စုံတယ်ဆိုတာ ယုံကြည်တယ်၊ ဒါကြောင့်လည်း မနေ့က သင့်ကို သတ်ဖို့ ကျွန်ုပ်ကြိုးစားတာပဲ။ ဒီမယ်. . .သင်တစ်ကိုယ်တည်း သင့်ဝိညာဉ် ကောင်းစားရေးအတွက် ဒီအကြံကို စွန့်လွှတ်လိုက်ပါတော့။ နောက်ပြီး သင့်အကြံဟာလည်း အောင်မြင်မှာ မဟုတ်ပါဘူး။ အကြံမအောင်သည့်တိုင်အောင်လည်း သင့်မှာ ထာဝရအပြစ်ကြီးဖြစ်သွားပါလိမ့်မယ်"

ထိုအခါ၌ ကျွန်ုပ်ပင်မနေနိုင်တော့ဘဲ "ကျွန်ုပ်တောင်းပန်ပါတယ် အိုရို၊ ကမ္ဘာကြီးဟာ သူ့အတိုင်းပဲရှိနေပါစေ၊ သင့်မှာ ဘယ်အထိ လုပ်နိုင်စွမ်း ရှိတယ် မရှိဘူးဆိုတာကိုတော့ ကျွန်ုပ်အသေအချာ မသိဘူး၊ သို့သော် ကျွန်ုပ် နားလည်ထားသမျှဆိုရင် သင့်ရည်ရွယ်ချက်ဟာ သန်းပေါင်းများစွာသော လူတွေကို သတ်ပြီး ကမ္ဘာသစ်ကြီးတစ်ခုတည်ဆောက်မယ်၊ အဲသလို တည်ဆောက်ပြီး သင်က ဘုရင်တစ်ဆူလုပ်ဖို့ပဲ၊ ဒီလိုစေတနာနဲ့လုပ်တဲ့ လုပ်ငန်းဟာ မကောင်းဘူး၊ ဇက်စတင်လိုပဲ ကျွန်ုပ်ပြောပါရစေ၊ သင့်ဝိညာဉ်နဲ့ သင့်

တစ်ကိုယ်တည်း ကောင်းစားရေးအတွက် ဒီအကြံအစည်ကို စွန့်လွှတ်လိုက်ပါ ခင်ဗျား”

ကျွန်ုပ်က ဤသို့ ပြောလိုက်သောအခါ အီဗာသည်ပင် ကျွန်ုပ်တို့ဘက်မှ ဝင်၍ “ကျွန်မပြောမယ် ဖခင်ကြီးရှင့်. . .ဖခင်က မသိသော်လည်း ယခုဖခင်လုပ်နေသည့် အမှုများဟာ မကောင်းမှုဖြစ်ပါတယ်။ ဖခင်ရဲ့ မျှော်လင့်ချက်အပင်ဟာ ဘာအသီးမှ သီးလာမှာ မဟုတ်ပါဘူး။ သီးလာမယ့်အသီးကတော့ ဖခင်ကြီးမမျှော်မှန်းနိုင်တဲ့ ကြီးမားလှတဲ့ ဆုံးရှုံးမှုကြီးတစ်ရပ်ပဲ ဖြစ်လာမှာပါ။ နောက်ပြီးတော့လည်း ဒီအကြံအစည်ကြီးဟာ အောင်မြင်မှုရမယ် မဟုတ်ပါဘူး။ သမီးပြောတဲ့ စကားတွေအားလုံးဟာ အမှန်ချည်းပါ၊ သမီးပြောတဲ့စကားကို ဖခင်ကြီးလည်း လေးနက်စွာ စဉ်းစားပါလို့ သမီးတောင်းပန်ပါတယ် ဖခင်ကြီးရှင့်”ဟု နောက်ဆုံး တောင်းပန်သည့်အနေဖြင့် ပြောလိုက်ရှာ၏။

ဤတွင် အိုရီမှာ အလွန်အမင်းဒေါသထွက်လျက်

“အမယ်. . .ကျွန်ုပ်ရဲ့ သမီးအပါအဝင် သင်တို့အားလုံးက ကျွန်ုပ်ကို အခုအတိုက်အခံလုပ်ကြတယ်ပေါ့လေ၊ ကျွန်ုပ်ကတော့ သင်တို့ကို ဘုရင်တွေအဖြစ် တင်မြှောက်ပေးမလို့ပဲ၊ နောက်ပြီး ဟမ်ဖရီ၊ သင့်ကိုတော့ ကျွန်ုပ်၏ တစ်ဦးတည်းသော သမီးနဲ့တောင် လက်ထပ်ထိမ်းမြားပေးပြီး ကျွန်ုပ်ရဲ့အဆက်အနွယ်တွေဟာ မြင့်မြတ်တဲ့ မင်းမျိုးမင်းနွယ်တွေအဖြစ် ခေတ်အဆက်ဆက် စံစားရအောင် ရည်ရွယ်ထားတယ်၊ ဒါနဲ့တောင် သင်က ကျွန်ုပ်ကို စော်ကားသေးတယ်။ ကောင်းပြီလေ. . .ကျွန်ုပ်ကတော့ ကျွန်ုပ်အကြံအစည်ကို မစွန့်နိုင်ဘူး။ ဒီတော့ ကျွန်ုပ်ရဲ့ အမိန့်ကိုပဲ နာခံမလား။ ဒါမှမဟုတ်အသေဘဲ ခံကြမလား၊ ပြောကြပေတော့။ မနာခံရင်တော့ သေဖို့သာ ပြင်ထားကြ”ဟု ခက်ထန်မာကျောသော အသံကြီးဖြင့် ပြောလိုက်လေသည်။

ထိုအခါ ဗက်စတင်က

“ကိုင်း. . .သူ့တော့ အခွင့်အရေးပေးလိုက်ပြီးပြီ၊ နို့ပေမဲ့ သူက ဒီအခွင့်အရေးကို လက်မခံဘူး၊ ဒီတော့ သူ့ထိုက်နဲ့ သူ့ကံသာ ရှိပေစေတော့၊ ကျွန်ုပ်တို့ နောက်ထပ် ဘာမှ ပြောစရာမလိုတော့ဘူး. . .”ဟု ကျွန်ုပ်တို့အားလုံးအား အော်၍ ပြောလိုက်၏။

ထိုအချိန်၌ ယခင်ခပ်စောစောက ကျွန်ုပ်တို့ကြားနေရသည့် အသံကြီးမှာ တဝုန်းဝုန်းတိုက်ခတ်နေသည့် ပြင်းထန်သော လေမုန်တိုင်းကြီးပမာ ကျွန်ုပ်တို့နှင့်နီးသည်ထက် နီးကပ်လာနေပြီဖြစ်ရာ ကျွန်ုပ်တို့အချင်းချင်း စကားပြောသံများကိုပင် မကြားရတော့ချေ။ ကြီးမားသော အရာဝတ္ထုကြီးတစ်ခုသည်လည်း နောက်မှလိုက်ပါလာရာ ပထမ၌ မီးဟုန်းဟုန်းတောက်နေသည့် တောင်

ကြီးတစ်လုံးနှင့်တူပြီးလျှင် ကျွန်ုပ်တို့နှင့် နီးကပ်လာသောအခါ ခြေတစ်ချောင်း တည်းထောက်၍ ကနေသည့် ဘဲလေးကချေသည်တစ်ဦးနှင့်ပင် တူလာသည်ကို တအံ့တသြမြင်ကြရ၏။ ဘဲလေးကချေသည်များကဟန်မှာ ခြေတစ်ဖက်မှ ခြေဖျားကလေးပေါ်၌သာ ထောက်၍ ကိုယ်ကို ချာလပတ်လှည့်ကာ က၏။ ဤစိတ်ကူးနှင့် ကြည့်မည်ဆိုက ကျွန်ုပ်မြင်ရသည့်အတိုင်းပင် မြင်ရပေလိမ့် မည်။ တစ်ကမ္ဘာလုံးရှိ ဘဲလေးကချေသည်အားလုံးကို ခန္ဓာကိုယ်တစ်ခုတည်း တွင် စုပေါင်းတပ်ဆင်ထားသကဲ့သို့ ဝိုးခနဲ ဝိုးခနဲ အသံများမြည်ပြီးလျှင် မွတ် နေအောင် ချာလပတ်လည်ကာ ကနေသည်နှင့်ပင် တူတော့၏။ ထိုအရာ ကြီးကား ဤအတိုင်းပင် အသံထွက်ကာ လည်လျက်လာနေသည်။ အမြင့်မှာ ပေ ၂၀၀၀ ခန့်မြင့်မည်ဟု ခန့်မှန်းရ၍ ဗျက်နှင့်ထုထည်ကိုမူ မခန့်မှန်းနိုင် အောင်ပင် ရှိတော့၏။

ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကြီးမားလှသည့် ထိုအရာ ကြီးသည် နားကွဲလုမတတ် တဝိုးဝိုးမြည်ကာ ရွှေ့လျား၍ လာနေ၏။ မီးလုံး ကြီးချာလပတ်လည်၍ လာနေသကဲ့သို့ ထင်ရ၏။ မီးဟုပင် ဆိုရသော်လည်း အမှန်အားဖြင့် မီးမဟုတ်ဘဲ အလင်းရောင်မျှသာ ဖြစ်ဟန်တူ၏။ ထူးခြားသော အခြင်းအရာတစ်ခုမှာ ကျွန်ုပ်တို့နှင့် အတော်ကြီးနီးကပ်လာလျက်နှင့်ပင် သိသိ သာသာ ပူပြင်းသော အရှိန်ကို မခံရသောကြောင့် သာမန်မီးတောက်မီးလျှံ မျိုး ဟုတ်မည်မထင်ပေ။ မီးလုံးကြီးသည် တဖြည်းဖြည်း ရှေ့သို့ တိုး၍လာ လေရာ အရွယ်အစားအားဖြင့်လည်းကောင်း၊ အရောင်အဆင်းအားဖြင့်လည်း ကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ မွတ်လှအောင် ချာလပတ်လည်ခြင်း အားဖြင့်လည်းကောင်း၊ အလွန်ပင်ထူးခြားဆန်းကျယ်လှပေ၏။ အရောင်မှာ အပြာရစ်တစ်လှည့်၊ အနီရစ်တစ်လှည့်ဖြစ်ပြီးလျှင် ၎င်းတို့ကြား၌ အခြား အရောင်မျိုးစုံပါ တောက်ပလျက် ရှိနေကြ၏။ ကြီးမားလှစွာသော ၎င်း၏ အလေးချိန်ကြောင့် ကျောက်သားနံရံကြီးများမှာ သစ်ရွက်ကလေးများ လှုပ် သကဲ့သို့ လှုပ်ရှားလျက်ရှိနေ၏။ ပုရွက်ဆိတ်ကလေးများသည် ၎င်းတို့၏ သေ ဘေးကို စောင့်မျှော်နေကြသကဲ့သို့ ကျွန်ုပ်တို့ အားလုံးမှာလည်း စကားမပြော နိုင်ဘဲထိုအရာကြီးကိုသာ ကြက်သေသေ၍ ကြည့်နေမိတော့၏။

ထိုအချိန်၌ အိုရှိ၏ ဟစ်အော်သံကြီး ရုတ်တရက်ပေါ်လာလေသည်။

"ကိုင်း မယုံကြည်ဘူးဆိုတဲ့ သနားစရာကောင်းတဲ့ အကောင်တွေ… ဒါဟာ ကမ္ဘာ့ချိန်သီးကြီးပဲ ကြည့်ပေတော့၊ ချိန်သီးကြီးရဲ့ လမ်းကြောင်းကို ကျွန်ုပ်ပြောင်းလိုက်မယ်၊ သဘော်ပဲ့ကိုင်က သဘော်လမ်းကြောင်းကို ပြောင်း ပေးလိုက်သလိုပေါ့. . ."

ထို့နောက် သူသည် အီဗာအား အချက်ပြလိုက်သည်နှင့်တစ်ပြိုင်နက် အီဗာသည် မီးမောင်းကြီးရှိရာသို့ သွားပြီးလျှင် တစ်စုံတစ်ရာကို ပြုလုပ်လိုက်၏။ ဘာလုပ်သည်ကို ကျွန်ုပ် ကွဲကွဲပြားပြား မသိလိုက်ရချေ။ ဤကဲ့သို့ အီဗာက တစ်စုံတစ်ရာ ပြုလုပ်လိုက်သဖြင့် မီးမောင်းကြီး၏ အလင်းရောင်မှာ ပို၍ တောက်ပစူးရှလာပြီးလျှင် မွတ်နေအောင်လည်၍နေသော တောင်ကြီး၏ ခြေရင်းသို့ တည့်တည့်ကြီး ကျရောက်သွားတော့၏။

ကျွန်ုပ်က ဗစ်ကလီ၏နားနားသို့ ကပ်၍ "ဒါကြီးကို ညာဖက်လမ်းကြောင်းကို ပြောင်းသွားအောင် လုပ်နေတာနဲ့ တူတယ်ကွ"ဟု ပြောလိုက်ရာ၊ ဗစ်ကလီက "မဟုတ်တာပဲကွာ. . .လုပ်လို့ ရနိုင်ပါ့မလား. . .တန်ချိန်ပေါင်း သန်းနဲ့ချီပြီးလေးတဲ့ဟာကြီးကို တစ်လက်မတောင် လမ်းပြောင်းသွားအောင် လုပ်လို့ရမှာ မဟုတ်ပါဘူး"ဟု အော်၍ ပြန်ပြောလိုက်လေသည်။

သို့သော် အီဗာကမူ ဤသို့လုပ်၍ ရနိုင်မည်ကို ကောင်းစွာ သိရှိနားလည်ထားဟန်တူ၏။ သူသည် ဒိုင်းကို ပစ်ချလိုက်ပြီးနောက် ဖခင်ကြီး၏ ရှေ့တွင် ဒူးထောက်လျက် လက်များကို ဆန့်တန်းကာ တစ်စုံတစ်ရာပြောနေသည်ကို တွေ့မြင်ကြရ၏။ သူပြုလုပ်ပုံကို အကဲခတ်ရခြင်းအားဖြင့် သူ၏ဖခင်ကြီးအား ဤလုပ်ရပ်ကို စွန့်လွှတ်ရန် နောက်ဆုံးပန်ကြားနေခြင်း ဖြစ်ကြောင်း သိသာနိုင်လေသည်။ အိုရိုကမူ သမီးဖြစ်သူအား စိမ်းစိမ်းကြည့်ကာ ဦးခေါင်းကိုသာ တွင်တွင်ကြီးခါ၍ ပြနေသည်ကို မြင်ရ၏။ သမီးဖြစ်သူက ဆက်လက်တောင်းပန်လျက်ရှိရာ အဘိုးကြီးသည် စိတ်ကို မချုပ်တည်းနိုင်သကဲ့သို့ သမီးဖြစ်သူ၏ပါးကို ဖျန်းခနဲ ရိုက်ချလိုက်လေသည်။

ထိုအခြင်းအရာကို မြင်သောအခါ ကျွန်ုပ်မှာ မခံမရပ်နိုင်ဖြစ်ပြီးလျှင် အဘိုးကြီးရှိရာသို့ တစ်ဟုန်ထိုးပြေးသွားမည်ပြုလိုက်၏။ သို့သော် ဗစ်ကလီက ကျွန်ုပ်အား ဆွဲထားလိုက်ပြီးနောက် "မသွားနဲ့ ဟမ်ဖရီ. . .မသွားနဲ့၊ ငါပြောတာကို နားထောင်. . .သွားရင် မင်းကိုရော၊ အီဗာကိုရော၊ တို့ကိုပါ အားလုံး သတ်ပစ်လိမ့်မယ်. . ."

အီဗာသည် သူ၏ဒိုင်းကို ကောက်ယူလိုက်ပြီးနောက်၊ သူတာဝန်ကျသည့်နေရာသို့ ပြန်လာရာ ပါးကို တအားအရိုက်ခံလိုက်ရသဖြင့် နာကျင်၍နေမည်ဖြစ်သော်လည်း ဣန္ဒြေမပျက်ရှိနေပြီးလျှင် သူ၏မျက်လုံးများမှာ ထူးထူးခြားခြားတည်ငြိမ်တောက်ပလျက်ရှိသည်ကို တွေ့ရ၏။ ဤသို့တည်ငြိမ်စွာ ရှိနေခြင်းမှာ သူ့တွင် တစ်စုံတစ်ရာစိတ်ကူး ရှိလေသလော၊ ကျွန်ုပ်ကိုပင် စွန့်စားရန် ပြောလေမည်လော။ ဤကဲ့သို့ သူက စေခိုင်းခဲ့လျှင် ကျွန်ုပ်မည်ကဲ့သို့ စွန့်စားရမည်နည်း။ အကယ်၍ သူကသာ ကျွန်ုပ်အား စွန့်စားရန်ခိုင်းစေက

ကျွန်ုပ်ကလည်း မကြောက်မရွံ့နောက်မတွန့်စေဘဲ စွန့်စားလိုက်မည်ဟု စိတ်ကူးထား၏။ ဤသို့ဖြင့် ကျွန်ုပ်မှာ တုန်လှုပ်ချောက်ချားကာ ရင်များပင် ခုန်လျက်ရှိနေ၏။ ထိုခဏ၌ အိုရိုသည် သမီးဖြစ်သူအား အချက်ပြလိုက်သည်နှင့် အီဗာသည် မီးမောင်းကြီးကို အတန်ငယ် နေရာရွှေ့ပြီးလျှင် လမ်းနှစ်ခွဆုံသည့် နေရာသို့ တည့်တည့်ကြီးထိုးထားလိုက်လေသည်။

တောင်ကြီးတမျှ ကြီးမားလှသည့် အရာကြီးသည် လမ်းနှစ်ခွဆုံရာသို့ တဖြည်းဖြည်းလာ၍နေချေပြီ။ ကျွန်ုပ်၏ စိတ်မှာ ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသော လူများရှိရာသို့လည်းကောင်း၊ ပင်လယ်ပြင်များတွင် ခုတ်မောင်းသွားလာလျက်ရှိသော သင်္ဘောကြီးငယ်၊ လှေငယ်တက်စင်းများဆီသို့လည်းကောင်း ရောက်ရှိကာ သောကမီးတောက်လျက်ရှိသဖြင့်

"အို ဘုရားသခင် ကိုယ်တော်မြတ်ကြီး . . . အရှင်ဖန်ဆင်းထားတော်မူသော ကမ္ဘာကြီးနှင့်တကွ၊ သတ္တဝါအပေါင်းတို့အား ကယ်တင်တော်မူပါလော့" ဟူ၍ ဘုရားသခင်ကိုသာ တမ်းတဆုတောင်း၍ နေမိတော့၏။

လမ်းနှစ်ခွဆုံသည့် နေရာတည့်တည့်တွင် မီးမောင်းထိုးသည့် အပေါက်ဆီသို့ တည့်တည့်ကြီးလှည့်လျက် မြေဖြူသို့မဟုတ် အဖြူရောင်ဆေးတစ်မျိုးဖြင့် မြားဦးသင်္ကေတန်ရေးခြစ်ထားသည်ကို ယခင်က ကျွန်ုပ်သတိမပြုမိဘဲ ယခုမှ ရုတ်တရက် မြင်လိုက်၏။ မီးရဟတ်ကြီးနှင့်တူသော အလုံးကြီးကား ထိုမြားဦးသင်္ကေတန်အမှတ်အသားရှိရာသို့ နီးကပ်သည်ထက် နီးကပ်၍လာချေပြီ။ အိုရိုသည် မီးရဟတ်ကြီးကို စူးစိုက်ကြည့်ရှုလျက်ရှိရာမှ ကျောက်သားမောင်းတံကြီးကို လက်ဖြင့်တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်၏။ ထိုအချိန်၌ သူ၏ဆံပင်နှင့် မုတ်ဆိတ်ကြီးတို့မှာ ထောင်လျက်ပင် နေသေးသလောဟု ထင်မှတ်ရ၏။ သို့ရှိစဉ် သူ့အား ကြည့်ရသည်မှာ "ငါ၏ အလုပ်အောင်မြင်တော့မည်"ဟူသည့် သဘောဖြင့် အလွန့်အလွန်စိတ်မာန်တက်ကြွနေသည့် ဟန်အမူအရာမျိုးရှိလေသည်။

အိုရိုသည် နောက်ထပ်တစ်စုံတစ်ရာ အချက်ပြလိုက်ပြန်ရာ အီဗာသည် ကိုယ်ကို ညွှတ်ကာ တစ်စုံတစ်ရာ ပြုလုပ်လိုက်ပြန်၏။ ထို့နောက် သူ၏တာဝန်ကျေပြီဟူသော လက္ခဏာဖြင့် ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီးလျှင် ကျွန်ုပ်ဘက်သို့ ခြေတစ်လှမ်းတိုးပြီးနောက် သူတတ်သမျှသော အင်္ဂလိပ်ဘာသာဖြင့်

"သင့်အား ဘုရားသခင် ကောင်းချီးပေးတော်မူပါစေ ဟမ်ဖရီ . . ကျွန်ုပ်တို့ မကြာခင် ပြန်တွေ့ကြရမှာပါ၊ ကျွန်ုပ်ကို မမေ့ပါနဲ့"ဟု လှမ်း၍ ပြောလိုက်လေသည်။

ကျွန်ုပ်က အဖြေမပေးနိုင်မီ သူသည် နောက်သို့ ပြန်၍ ဆုတ်သွားတော့၏။ ထိုအခိုက် အိုရိုသည် သူဆုပ်ကိုင်ထားသည့် မောင်းတံကြီးကို တအားနှိပ်၍ ချလိုက်တော့၏။ ဤသို့ချလိုက်သည်နှင့်တစ်ပြိုင်နက် အီဗာသည် မီးမောင်းကြီးထိုးထွက်ရာ အပေါက်ဆီသို့ ကြောင်တစ်ကောင်ကဲ့သို့ လျင်မြန်စွာခုန်လိုက်ပြီးနောက် သူကိုင်ထားသော ဒိုင်းကြီးဖြင့် အပေါက်ကိုပိတ်လိုက်၏။ ဒိုင်းကြီးကိုလည်း သူ၏ကိုယ်ဖြင့် တအားဖိကပ်ထားလိုက်လေသည်။ ထိုအပြုအမူကို မြင်သည်နှင့်တစ်ပြိုင်နက် အိုရိုသည် သူ၏ လက်များကို ကြောက်လန့်တကြား အပေါ်သို့ မြှောက်လိုက်၏။

သို့သော် နောက်ကျခဲ့လေပြီ။ အပေါက်မှ ထိုးထွက်လာသည့် မီးလျှံများမှာ ဒိုင်းကြီးက ကာဆီးထားသဖြင့် နဘေးသို့ ပန်းထွက်လျက်ရှိကုန်၏။ ဒိုင်းကြီးနှင့်တကွ အီဗာဝတ်ထားသော ဝတ်ရုံမှာ မီးခံဖြစ်၍ အနည်းငယ်မျှလောင်ကျွမ်းခြင်းမရှိဘဲ မူလအတိုင်းပင် ရှိနေ၏။ သို့သော် ကြီးမားပြင်းထန်လှသည့် အပူရှိန်ကြီးကိုကား အချိန်ကြာရှည်စွာ မခံနိုင်တော့ချေ။ နောက်တစ်ခဏ၌ အီဗာ၏ တစ်ကိုယ်လုံးကို မီးစွဲ၍သွားတော့ရာ သူ့အား ကြည့်ရသည်မှာ မီးလျှံဖြင့် ရစ်ပတ်ထားသည့် တထိန်ထိန် ထွန်းလင်းတောက်ပြောင်နေသည့်နတ်သမီးကလေးနှင့်ပင်တူတော့၏။

ထို့နောက် အီဗာ၏ ကိုယ်မှာ လေထဲသို့ အရှိန်ဖြင့် မြောက်တက်သွားပြီးလျှင် အောက်သို့ ပြန်ကျသည်နှင့် တစ်ပြိုင်နက် ပြာဖြစ်ကာ လွင့်စင်ပျောက်ကွယ်သွားတော့သတည်း။ အီဗာသည် ပြာမှုန့်များ ဖြစ်၍သွားကာ ဤလောကကြီးတွင် မရှိတော့ပြီ။ သူပြောခဲ့သည့်အတိုင်း မိမိကိုယ်ကို မိမိအနစ်နာခံခြင်းဟူသော စကားကို လက်တွေ့အကောင်အထည် ဖော်၍ သွားလေပြီတကား။

သို့သော် သူအနစ်နာခံလိုက်ခြင်းမှာ အချည်းနှီးမဟုတ်ချေ။ အီဗာသည် မီးလျှံမီးမောင်းကြီးကို သူ၏ဒိုင်းဖြင့်လည်းကောင်း၊ ဒိုင်းကို သူ၏ရင်ဘတ်ဖြင့် ဖိ၍လည်းကောင်း၊ ကာထားလိုက်သဖြင့် မီးမောင်းမှ ထိုးထွက်လာသည့် ဓာတ်အား စွမ်းအင်သည် ချိန်သီးကြီးကို လမ်းကြောင်းပြောင်း၍ ပေးနိုင်လောက်အောင် အင်အားမရှိတော့ချေ။ အီဗာက ဤကဲ့သို့ အသက်ကို စွန့်၍တားဆီးကာကွယ်ထားလိုက်သဖြင့် ထိုအချိန်ကလေးအတွင်းတွင် ချိန်သီးကြီးသည် ထိုနေရာ၌ပင် မရွေ့မလျား ခေတ္တမျှ ရပ်တန့်၍ သွားတော့၏။ လမ်းကြောင်းအတိုင်း လိုက်ရမည်ကို မလိုက်နိုင်တော့သဖြင့် ကမ္ဘာကြီးတစ်ခုလုံးသိမ့်သိမ့်တုန်၍ သွားတော့၏။ အလင်းရောင်ထွက်နေသည့် မီးလျှံကြီးများလည်း ငြိမ်း၍ သွားတော့၏။ ကျွန်ုပ်မှာ သွက်သွက်ခါမျှ လှုပ်လိုက်သည့် ငလျင်ကြောင့် ကျောက်သားပေါ်သို့ လဲကျသွားလေသည်။

ကျွန်ုပ်ကြည့်သောအခါ၊ မီးလျှံလုံးကြီးများသည် တစ်ဖန်ပြန်၍ လင်းလာပြီးနောက်၊ တပြောင်ပြောင် တလက်လက် တောက်ပနေသော ချိန်သီးကြီးသည် သူရွေ့လျားနေကျ လက်ဝဲလမ်းကြောင်းဘက်သို့သာ တရွေ့ရွေ့သွားနေလေတော့သတည်း။

အီဗာက အသက်ကို စွန့်၍ အနစ်နာခံလိုက်ခြင်းမှာ အချည်းနှီးအလဟဿမဖြစ်ပေ။ ကမ္ဘာကြီးတုန်လှုပ်သွားသည်ကား မှန်၏။ သို့သော် ပျက်စီးခြင်းသို့ မရောက်ချေ။ အီဗာကား သန်းပေါင်းများစွာသော အသက်များနှင့်တကွ ကမ္ဘာကြီးကို ကယ်တင်လိုက်လေပြီ။

[၂၇]

## တော်မီ

မြေငလျင်ကြီးလှုပ်လိုက်သဖြင့် ကျွန်ုပ်မှာ ကျောက်သားပြင်ပေါ်သို့ လဲကျသွားပြီးနောက်၊ သတိမရတစ်ချက် ရတစ်ချက်ဖြစ်၍ နေစဉ်၊ တော်မီကလေးသည် ကျွန်ုပ်၏ မျက်နှာကိုလျှာဖြင့် လျက်၍ နေသောအခါမှ ကျွန်ုပ်မှာ ကောင်းစွာ သတိရလာတော့၏။ ချိန်သီးကြီးသွားရာလမ်းသို့ လှမ်း၍ ကြည့်လိုက်မိရာ၊ ၎င်းမှာ အတော်အဝေးသို့ပင် ရောက်နေပြီဖြစ်၍ ခပ်သေးသေး မျှသာ မြင်ရတော့၏။ ၎င်းမှ ထွက်ပေါ်လာသည့် အသံများမှာလည်း တဖြည်းဖြည်း ဝေးကာ တိမ်၍ တိမ်၍ သွားတော့၏။ ထိုအခါ ကျွန်ုပ်သည် ဤထူးခြားဆန်းကြယ်သည့် အရာကြီးကို နောင်မည်သည့်အခါမျှ တွေ့ရတော့မည် မဟုတ်ကြောင်း သတိရသဖြင့် တရွေ့ရွေ့သွားနေသော ထိုအရာကြီးကို ပျောက်ကွယ်သွားသည့်တိုင်အောင် မျက်စိတစ်ဆုံးလိုက်၍ ကြည့်နေမိတော့၏။ အသံဗလံများ တိတ်ဆိတ်လျက်ရှိရာမှ အီဗာ၏အကြောင်းကို ဗက်စတင်တို့ စကားစပ်၍ ပြောနေသံကို ကြားရ၏။

"အင်း. . .သူငယ်မလုပ်သွားပုံကတော့ လောကကြီးမှာ အမြင့်မြတ်ဆုံးအလုပ်ကို လုပ်သွားတယ်လို့ ဆိုရမှာပဲကွာ"

ဗစ်ကလီက အီဗာအား ဤကဲ့သို့ ဖွင့်ဟချီးကျူးလိုက်သည်ကို ကြားရသောအခါ၊ ကျွန်ုပ်မှာ အလွန်ပီတိဖြစ်၍ သွားမိတော့၏။ ထိုအချိန်၌ပင် အိုရီ၏ဖြစ်ပုံကို ကျွန်ုပ်တို့ သုံးဦးစလုံးပင် မြင်လိုက်ကြရ၏။ သူ့ပယောဂအားဖြင့် တုန်လှုပ်လိုက်သည့် ငလျင်ကြီးကြောင့် ကျွန်ုပ်တို့ကဲ့သို့ပင် သူသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားရာ၊ သူ၏အဖြစ်မှာ ကျွန်ုပ်တို့ထက်ပင် ဆိုးဝါးလှတော့၏။ မီးမောင်းကြီးထွက်လာသည့်အပေါက်ကို အီဗာက ဒိုင်းဖြင့်ကာလိုက်စဉ်၊ သူသည် အီဗာအား ဖယ်ရှားရန် ရှေ့သို့ တဟုန်ထိုး ခုန်လိုက်၏။ ထိုအချိန်၌

အီဗာ၏ ဒိုင်းကြီးကာထားသည့်နေရာမှ နဘေးသို့ လျှံထွက်လာသော လျှပ်စစ်ဓာတ်အား မီးတောက်မီးလျှံများသည် သူ၏ ကိုယ်ကို တစ်ခါတည်း ဟပ်၍ သွားတော့၏။ သို့နှင့်သူ၏လက်ယာဘက်ပါးတစ်ခြမ်းလုံးကို မီးလောင်ခံရပြီး လျှင် သူ၏ ညာဘက် လက်မောင်းမှာလည်း မလှုပ်ရှားနိုင်အောင် ဖြစ်သွားတော့၏။ သူ၏ မုတ်ဆိတ်ကြီးမှာလည်း လောင်ကျွမ်းသွားသဖြင့် မရှိတော့ပြီ။ သူသည် အလွန်ဝမ်းနည်းပူဆွေးလျက်ရှိရာမှ ဒေါသထွက်၍လာကာ. . .

"ကျွန်ုပ်၏ သမီးကလေးတော့ သွားရှာပြီ၊ ဒါသင့်ကြောင့်ပဲ ဘုန်းကြီးရဲ့။ သနားခြင်းတို့၊ အနစ်နာခံခြင်းတို့ဆိုတဲ့ မဟုတ်မဟတ် ကလေးကလားတရားတွေကို သင်က သင်ပြလိုက်တဲ့အတွက် သမီးက အဟုတ်ကြီးအောက်မေ့ပြီး သူဘာမှ မသိတဲ့ အသုံးမကျတဲ့ လူသားတွေကို ကယ်တင်ဖို့ သူ့ကိုယ်သူ စွန့်လိုက်တယ်ဟဲ့ ဘုန်းကြီးရဲ့"ဟု ဇက်စတင်အား ဆဲဆိုရေရွတ်လျက် ရှိနေတော့၏။

ထိုအခါ ဇက်စတင်က ဝင်၍ "ဟုတ်ပါတယ် အိုရီ. . .သူတော့ သွားရှာပါပြီ။ သို့သော် သူသွားသည့်နေရာကိုတော့ သင်ဘယ်တော့မှ လိုက်သွားလို့ ရမှာ မဟုတ်ဘူး။ နောက်ပြီးတော့ ဒီလိုဖြစ်သွားရတာဟာ လုံးဝသင့်အပြစ်ပဲ၊ သူတောင်းပန်နေတာကို သင်ကနားမထောင်တဲ့အပြင် ပါးနားကိုတောင် ရိုက်လိုက်သေးတယ်မဟုတ်လား"

ဟု ပြောလိုက်၏။

"ကျွန်ုပ်သမီးကလေးတော့ သေရှာပြီ။ ကျွန်ုပ်၏ ကြံစည်ချက်လည်း ပျက်ပြား၍ သွားပြီ။ သို့သော် ခေတ္တခဏပါလေ၊ ချိန်သီးကြီးဟာ သင်တို့သေပြီးတဲ့နောက် ပြန်လာဦးမှာပါ"

ထိုအခါ ဇစ်ကလီက "ဒီမယ် အိုရီ. . .သင့်ကိုယ်သင် ဆေးကလေးဘာလေး ကုဖို့ကောင်းပြီ။ ကျွန်ုပ်က ဆေးဖက်ဝါးဖက်မှာ နားလည်ထား တော့ သိတယ်။ သင့်မှာ မီးလောင်ခံထားရတဲ့ ဒဏ်ရာအပြင် စိတ်ကိုလည်း အကြီးအကျယ် ထိခိုက်နေတယ်။ အခုလောလောဆယ် ဘာမှ မဖြစ်သေးပေမဲ့လို့ ဒါမျိုးဟာ သင်လို သက်ကြီးရွယ်ကြီးတစ်ယောက်အတွက် စိုးရိမ်ရတယ်"

ဟု ပြောလိုက်လေသည်။

ထိုစကားကို ကြားလိုက်ရသောအခါ အိုရီမှာ ရှူးရှူးရှားရှားဖြစ်ကာ ဒေါသထွက်၍ သွားပြန်၏။

"သင်တို့တစ်တွေဟာ ကျွန်ုပ်အား အမင်္ဂလာစကားတွေကိုချည်း အခုပြောနေတယ်။ ကောင်းပြီလေ. . .သင်တို့အားလုံးဟာ အီဗာကို ချစ်ကြိုက်ကြတယ်။ သင်တို့ကြောင့် သူသေရတယ်။ ဒါကြောင့် သူ့နောက်ကို သင်တို့လိုက်

ကြရမယ်။ ဘယ်ပုံဘယ်နည်းနဲ့လိုက်ကြမလဲ။ ကောင်းပြီ တော်ပြီးသေအောင် သင်တို့ကို ဒီနေရာကြီးမှာပဲ ထားပစ်ခဲ့ရမလား။ အမယ် ... ဟိုပြေးပေါက်ရှိတဲ့ လမ်းကို လှည့်မကြည့်ကြနဲ့၊ သင်တို့ထက် အရင်ဦးအောင် သွားပြီး ဒီလမ်းပေါက်ကို ပိတ်ထားနိုင်တယ်ဆိုတာ နားလည်ထားပါ၊ ဒါမှမဟုတ်ရင်လည်း”

ဤတွင် အိုရိုသည် မီးလျှံလုံးကြီးများကို မော့၍ ကြည့်လိုက်ရာ သူသည် ဤမီးလုံးကြီးများကို ခေါ်ယူပြီးလျှင် ကျွန်ုပ်တို့အား မီးစွဲလောင်စေ၍ သတ်ရန်ကြံစည်ခြင်းဖြစ်လေသလော။ ဤကဲ့သို့ ကြံစည်မည်ဆိုလျှင်လည်း သူသည် သဘာဝဓာတ်အင်အားများကို ကောင်းစွာနိုင်နင်း၍ ခိုင်းစေနိုင်သူ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အတိုင်း သူ့တွင်လုပ်နိုင်သည့် စွမ်းရည်သတ္တိ အင်အား ရှိနေသည် မဟုတ်ပါလော။

ထိုအခါ ကျွန်ုပ်က “အိုရိုခင်ဗျာ၊ သင်ဘာပဲ လုပ်လုပ် ကျွန်ုပ်ဂရုမစိုက်ပါ။ ကျွန်ုပ်၏ မိတ်ဆွေများအတွက်သာ ကျွန်ုပ်စိတ်မကောင်းဖြစ်မိပါသည်။ ကျွန်ုပ်က ခေါ်သဖြင့်သာ သူတို့သည် ကျွန်ုပ်နှင့်အတူ လိုက်ပါလာခဲ့ကြခြင်းဖြစ်ပါသည်။ သူတို့သာမက တော်မီကလေးအတွက်ပါ ကျွန်ုပ်စိတ်မကောင်းပါ”ဟု ရဲဝံ့စွာ ပြောလိုက်၏။

ထိုအချိန်၌ တော်မီကား အလွန်ကြောက်ရွံ့တုန်လှုပ်နေပြီးလျှင် တအီအီမြည်ကာ ဤနေရာတွင် မနေလိုတော့သည့်ဟန်ဖြင့် ထိုမှဤမှ ပြေးလွှားလျက်ရှိနေ၏။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် အိုရိုကြောင့် ထွက်မသွားနိုင်ကြောင်း သိသည့်ဟန်ဖြင့် တော်မီသည် အိုရိုဆီသို့ ပြေးသွားကာ တောင်းပန်သည့်အလား အိုရို၏ လက်ကို ခုန်၍ ခုန်၍ လျက်နေတော့၏။ ထိုအခါ အိုရိုမှာ ခွေးကလေးအား အလွန်ချစ်ခင်၍ သံယောဇဉ်မပြတ်သကဲ့သို့ ဖြစ်နေသည့်ဟန်ဖြင့်. . .

“ဒီအကောင်ကလေးကိုတော့ ကျွန်ုပ်မသေစေလိုဘူး၊ ဒီကောင်ကလေးပဲ ငါ့ကို ချစ်ဖော်ရတယ်၊ ငါနဲ့ခေါ်သွားမယ်ဆိုရင် ရပါရဲ့။ ဒါပေမဲ့ ဂူကြီးတွေထဲမှာ သူတစ်ကောင်တည်းနေရလို့ စိတ်ဆင်းရဲပြီး မုချသေမှာပဲ။ နောက်ပြီး သွားလေသူ ငါ့သမီးကလေးကလည်း သူ့ကိုချစ်ရှာတယ်။ အင်း... သူတို့ကမ္ဘာကို ပြန်ရောက်တဲ့အခါ ငါ့အကြောင်းကို ပြောချင်လည်း ပြောကြပါစေလေ။ ပြောကြရင်လည်း သူတို့ကို ဘယ်သူမှ ယုံကြမှာ မဟုတ်ဘူး။ အရူးတွေလို့ ထင်ကြမှာပဲ၊ ကိုင်း . . .”

အိုရိုသည် မိမိကိုယ်ကို မိမိပြောသကဲ့သို့ တစ်ကိုယ်တည်းရေရွတ်လျက်ရှိရာမှ “ကိုင်းပါလေ. . .သင်တို့သွားကြပေတော့၊ ကျွန်ုပ်စိတ်ပြောင်းမသွားမီ ခပ်မြန်မြန်သာ သွားကြပေရော့။ သင်တို့ကို ကယ်တင်လိုက်တာက

ဒီချွေးကလေးပဲ။ သူ့ကြောင့် သင်တို့ရဲ့ အသက်ကို ကျွန်ုပ်က ချမ်းသာပေးလိုက်တယ်။ ဒီလိုမှ မဟုတ်ရင်တော့ သင်တို့သေပြီးသားသာမှတ်။ သွားလေသူ ကျွန်ုပ်ရဲ့ သမီးကလေးက သင်တို့ပြေးဖို့ လမ်းကို ပြထားခဲ့ပြီ မဟုတ်လား။ ကျွန်ုပ်သိပါတယ်လေ။ ဒီလမ်းဟာ အခုပွင့်နေပါသေးတယ်။ ဒီလမ်းအတိုင်းသာ လိုက်သွားကြ။ မြေပြင်ပေါ်ကိုရောက်လျှင် သင်တို့ရဲ့လှေနဲ့ မြန်မြန်သာ ပြေးကြပေရော့။ သင်တို့သေမည် ရှင်မည်ကို ကျွန်ုပ် ဂရုမစိုက်၊ သင်တို့ကို ကျွန်ုပ်မသတ်မိ၍ ကျွန်ုပ်၏ လက်တွင် သွေးမစွန်း။ သို့သော် အီဇာ သေရသည့်အတွက် သင်တို့၏ လက်တွင် သွေးစွန်း၍ နေလေပြီ။ ကိုင်း သွားကြပေတော့၊ ကျွန်ုပ်၏ ကျိန်စာသည် သင်တို့နှင့်အတူ လိုက်ပါသွားလိမ့်မည်” ဟု နောက်ဆုံးပြောလိုက်လေသည်။

ကျွန်ုပ်တို့သည် အနည်းငယ်မျှ စောင့်ဆိုင်း၍ မနေတော့ဘဲ မီးအိမ်၊ ရေဘူး၊ ရိက္ခာစသည့် ကျွန်ုပ်တို့ပိုင် ပစ္စည်းများကို ကဗျာကယာ စုဆောင်းသယ်ယူပြီးလျှင် ထွက်ခဲ့ကြ၏။ ကျွန်ုပ်သည် နောက်သို့ ပြန်၍တစ်ကြိမ် လှည့်ကြည့်မိရာ အိုရိုမှာ မှောင်ရိပ်တစ်ခုအောက်၌ ပျောက်ကွယ်သွားသည်ကို မြင်လိုက်ရ၏။ ထို့နောက် အီဇာ ရုတ်တရက် မီးလောင်သေဆုံးသွားသည့်နေရာသို့ ကျွန်ုပ်တို့ရောက်သောအခါ သူ့အား မင်္ဂလာလက်ဆောင်အဖြစ် ကျွန်ုပ်ပေးထားခဲ့သည့် လက်စွပ်ကလေးကို သွား၍ တွေ့ရှိ၏။ လက်စွပ်မှ ရွှေမှာ မီးစားထားသဖြင့် မကျန်တော့သလောက်ရှိသော်လည်း ကျောက်မှာ မူလအဖြူရောင်မှ အမဲရောင်သို့ ပြောင်းသွားသည်ကို တွေ့ရ၏။

လေဟုန်ဖြင့် အပေါ်သို့တက်ချည်တစ်ခါ၊ အောက်သို့ ဆင်းချည်တစ် လှည့်သွားလာနေသော ကျောက်ဖျာကြီးရှိရာသို့ အရောက်တွင် ဗစ်ကလီက ကျောက်ဖျာကြီးကို ညွှန်ပြရင်း “ကျောက်ဖျာကြီးစီးပြီး အထက်ကို တက်ရတဲ့ လမ်းကို အဘိုးကြီး တို့ကို အလိုက်မခိုင်းတာ ဘာ့ကြောင့်ပါလိမ့်လို့ ငါတွေးမိတယ်ကွ”

ထိုအခါ ဗက်စတင်က

“အေး. . .ဒီလမ်းကို အလိုက်မခိုင်းတာပဲ ကျေးဇူးတင်ရမယ်ကွ၊ သူသတိမရတာကိုပဲ ဝမ်းသာ ရသေးတယ်။ ဘာကြောင့်ဆိုရင် ဒီလမ်းက အီဇာသာ လမ်းမပြရင် တို့များ သွားတတ်မှာ မဟုတ်ဘူး. . .”ဟု ဝင်၍ ပြောလိုက်၏။

အီဇာ ညွှန်ပြသော လမ်းကြောင်းသို့ ရောက်ကြသောအခါ ထိုလမ်းအတိုင်း ကျွန်ုပ်တို့လိုက်ခဲ့ကြ၏။ အီဇာပြောဖူးသည့်အတိုင်း လမ်းမှာ အတားအဆီး ဆူးညှောင့်ခလုတ်ဟူ၍ တစ်စုံတစ်ရာမတွေ့ရသော်လည်း အလွန်မတ်

စောက်လှသဖြင့် တစ်ခါတစ်ရံ တစ်ယောက်ကို တစ်ယောက် ဖေးမတွဲယူကာ အလွန်ခဲယဉ်းစွာ တက်ကြရ၏။ တစ်ခါတစ်ရံ အတန်ငယ်ပြေသည့်နေရာသို့ ရောက်လျှင် တစ်ခဏမျှ အပန်းဖြေနားကြရ၏။ အာယုဝမုန ရေစင်ကိုသာ ကျွန်ုပ်တို့ ဆောင်ယူမလာမိခဲ့လျှင် ဤမျှလောက် ရှည်လျား ကြမ်းတမ်းလှသည့် ခရီးကို တက်နိုင်ကြမည် မဟုတ်ပေ။ တော်မီကလေးပင် လျှာတစ်လစ်ထွက်ကာ သေလုမျောပါး ဖြစ်သွားသဖြင့် ထိုရေစင်ဖြင့် သူ၏အသက်ကို ကယ်လိုက်ရသေး၏။

ကျွန်ုပ်တို့သည် အထက်သို့ ပေပေါင်းများစွာ အားခဲ၍ တက်ခဲ့ကြလေရာ နောက်ဆုံးတစ်နေရာသို့ အရောက်ကြိုးစား ပမ်းစားတက်နေခိုက်တွင် တော်မီသည် ကျွန်ုပ်တို့ရှေ့သို့ ကမန်းကတန်းတက်၍ ပြေးသွားပြီးနောက် တစ်နေရာသို့ အရောက်တွင် ပျောက်ကွယ်သွားလေတော့၏။

မကြာမီပင် တော်မီ၏ ဟောင်သံများကို ကြားနေရသော်လည်း သူ့ကိုမူ မမြင်ရချေ။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ လေးဘက်ထောက်၍ လည်းကောင်း၊ တစ်ခါတစ်ရံ တစ်ယောက်နှင့်တစ်ယောက် လက်ချင်းဆက်ကာ တစ်ယောက်ကို တစ်ယောက် ဆွဲယူ၍လည်းကောင်း ခဲယဉ်းစွာ ကုပ်ကပ်တက်ခဲ့ကြရာ ကိုက်ပေါင်းအတော်များများဆက်၍ တက်မိကြသောအခါ ကျွန်ုပ်တို့သည် လမင်းကြီး၏ အေးမြသော အလင်းရောင်အောက် မြေပြင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိလာကြတော့၏။ ကျွန်ုပ်တို့လည်း ပြာလဲ့သော မိုးကောင်းကင်ကြီးအောက်သို့ ချောမောစွာ ရောက်ရှိလာခဲ့ကြလေပြီ။ ကျွန်ုပ်တို့ တက်ခဲ့ရသည့် ခရီးကြီးမှာ နာရီပေါင်း ခြောက်ဆယ်မျှပင် ကြာရှိခဲ့၏။

ဤသို့ဖြင့် ကျွန်ုပ်တို့လည်း ကမ္ဘာမြေပေါ်သို့ အသက်မသေဘဲ ပြန်လည်ရောက်ရှိလာကြသည့်အတွက် မြေပေါ်၌ ဒူးထောက်ကာ ဘုရားသခင်အား ကျေးဇူးတင်သည့်အနေဖြင့် ရှိသေလေးမြတ်စွာ ဝတ်ပြုကြလေတော့၏။ ထို့နောက် ကျွန်ုပ်တို့လည်း ခြေလက်များကိုပင် မသယ်နိုင်လောက်အောင် မောပန်းနွမ်းနယ်နေပြီဖြစ်သဖြင့် မြေပေါ်သို့ လှဲချလိုက်ရာ ချက်ချင်းလိုပင် အိပ်ပျော်သွားလေတော့၏။

ကျွန်ုပ်တို့အိပ်ရာမှ နိုးလာသောအခါ နေမှာအတော်ပင် မြင့်၍ နေလေပြီ။ အမှန်သော် ကျွန်ုပ်တို့မှာ နာရီပေါင်း ခြောက်ဆယ်မျှ တောင်တက်ခရီးကြမ်းကြီးကို ပင်ပန်းကြီးစွာ တက်ခဲ့ရသဖြင့် ခြေကုန်လက်ပန်းကျကာ ကိုယ်ကိုပင် မလှုပ်ရှားနိုင်လောက်အောင် မောပန်းနေကြပြီဖြစ်သဖြင့် တစ်စုံတစ်ရာ အနှောင့်အယှက်မရှိက အိပ်ရာမှ နိုးမည်မဟုတ်ဘဲ၊ ဆက်လက် အိပ်ပျော်၍ နေကောင်းနေကြပေမည်။ ကျွန်ုပ်တို့အိပ်ရာမှ နိုးလာရခြင်းအကြောင်း

မှာ ကျွန်ုပ်တို့နှင့် မနီးမဝေးတွင် အိုရိုဖီးနား ကျွန်းသားများသည် တစ်ယောက် တစ်ခွန်းဆူညံစွာ စကားပြောဆိုနေကြသည့် အသံများကြောင့်လည်းကောင်း၊ ၎င်းတို့အား ကြည့်၍ သဲသဲမဲမဲ ဟောင်နေသည့် တော်မီကလေး ဟောင်သံ ကြောင့်လည်းကောင်း၊ နိုး၍ လာရခြင်းဖြစ်၏။ သူတို့အားလုံးအား မာရာမား ခေါင်းဆောင်လျက်ရှိပြီးလျှင် သူသည် ကျွန်ုပ်တို့ရှိရာသို့ မဝံ့မရဲ လျှောက် လာ၏။ သူတို့စိတ်ထဲ၌မူ ကျွန်ုပ်တို့အား လူသားစင်စစ်မှ ဟုတ်ပါ၏လောဟု သံသယဖြစ်၍နေကြဟန် တူလေသည်။ အနီးသို့ ရောက်သောအခါ ကျွန်ုပ်က သူ့အား နှုတ်ဆက်စကားစ၍ ပြောလေသည်။

"သင် ဘာကို ကြောက်နေတာလဲ မာရာမား"

"ဟာ ကြောက်တာပေါ့၊ သင်တို့ကို ကြည့်ရတာ လူသားနဲ့မတူဘဲ တစ္ဆေသူရဲရုပ်ပေါက်နေကြတာကိုး၊ ဟိုအကောင်ကလေးကလည်း အတော် ပိန်သွားတယ်။ ပြီးတော့ သင်တို့ယခုရောက်လာတာဟာ အိုင်ကြီးက ထွက်လာ တာမဟုတ်နိုင်ဘူးဆိုတာ ကျွန်ုပ်တို့ သိရတယ်။ ဘာကြောင့်လဲဆို သင်တို့လှေ လည်း မရှိတော့ဘူးလေ၊ ကိုင်း . . . လာပြီး ကြည့်လှည့်ပါဦး"

သို့နှင့် ကျွန်ုပ်တို့လည်း သူခေါ်ရာသို့ လိုက်ပါသွားရာ၊ အိုင်ကြီး၏ အလယ်တွင်တောင်ထွတ်ကြီးကို မတွေ့ရတော့ဘဲ၊ တောင်၏ ထိပ်ဖျားကလေး သာ ရေပေါ်သို့ အတန်ငယ်ပေါ်ထွက်လျက် ရှိနေသည်ကို တွေ့ရ၏။ ထို့ပြင် ကျောက်ပြားကြီးလည်း မရှိတော့ချေ။

"အိုရိုဖီးနားကို သင်တို့ရောက်လာစဉ်က အိုင်ကြီး၏အောက်မှ တိုး ထွက်လာတဲ့ တောင်ကြီးဟာ ယခုပြန်ပြီး မြုပ်သွားပြီ၊ ထိပ်ဖျားကလေးပဲ ရေ ပေါ်မှာ ပေါ်နေတော့တယ်၊ ကျောက်ဖျာကြီးရော၊ သင်တို့အတွက် ဆောက်ပေး ထားတဲ့ အိမ်ကလေးရော၊ ရေထဲမြုပ်သွားပြီလေ"

"အင်း. . .ဟုတ်ပေသားပဲ. . .ဒါတွေ ဘယ်တုန်းက ဖြစ်လိုက်တာလဲ"

"လွန်ခဲ့တဲ့ ငါးညလောက်က ကမ္ဘာကြီး သွက်သွက်ခါ တုန်လှုပ်သွား တယ်၊ နောက်တစ်နေ့ နေထွက်မှာ ကြည့်လိုက်တော့ ဂူဝကြီးနဲ့တကွ တောင် ကြီးပါ ရေအောက် မြုပ်သွားတာ တွေ့ရတယ်"

"အင်း. . .ဒါမျိုးတွေက ဖြစ်နေကျပါလေ"ကျွန်ုပ်သည် သူပြောသည် စကားများကို တစ်စုံတစ်ရာ ဂရုမစိုက်သည့် ဟန်ဖြင့် ပြောလိုက်၏။

"ဟုတ်ပါတယ်. . .ဒါတွေ ဖြစ်တာက သင်တို့ သွားလေရာ ရောက် လေရာမှာလိုက်ပြီး ဖြစ်နေတယ်လို့ ကျွန်ုပ်ပြောချင်ပါတယ်။ ဒီတော့ ကျွန်ုပ်တို့ ၏ ကျွန်းနဲ့တကွ ကျွန်းသူကျွန်းသားတွေအားလုံးပါ ပင်လယ်ကြီးထဲမှာ မြုပ်သွားပြီး သေမကုန်ခင် သင်တို့ ဒီကျွန်းကနေပြီး မြန်မြန်ထွက်သွားကြရင်

ကောင်းမယ်ထင်ပါတယ်။ ဒါကြောင့်သင်တို့ကို ကျွန်ုပ်တို့ မသတ်မိ သင်တို့ သွားကြပါတော့။ သင်တို့ဟာ လူမဟုတ်၊ မကောင်းဆိုးဝါးတွေသာ ဖြစ်တယ်လို့ ကျွန်ုပ်တို့ ယုံကြည်နေတယ်"

"သွားမှာကတော့ စိတ်ချပါလေ သွားမှာပါပဲ။ ဒီကျွန်းကို ကျွန်ုပ်တို့ လာခဲ့ကြရတဲ့ ကိစ္စလည်း ပြီးသွားပါပြီ။ ဒီတော့ ကျွန်ုပ်တို့ သွားတဲ့အခါ လှေပေါ်ယူသွားဖို့ ရိက္ခာများများသာ ယူလာခဲ့၊ ယခုစားဖို့လည်း ယူလာခဲ့ဦး" ဟု ကျွန်ုပ်က အေးဆေးစွာပင် ပြောလိုက်လေသည်။

မာရာမားသည် သူ၏ လူများအား ချက်ချင်းအမိန့်ထုတ်ပြန်လိုက်ရာ မကြာမီပင် စားရေရိက္ခာများ ရောက်ရှိလာတော့၏။ ထို့နောက် မပျက်မစီး ကျန်ရစ်နေသေးသည့် အသက်ကယ်လှေကို ကျွန်ုပ်တို့ တက်ရောက်ကြည့်ရှုကြရာ လှေမှာ အတော်ပင် ကောင်းမွန်သေးသည့် အခြေအနေရှိနေကြောင်းတွေ့ရ၏။ အချို့နေရာများတွင် အနည်းငယ်မျှ ဖာထေးပြင်ဆင်ရန်ရှိသဖြင့် ကျွန်ုပ်တို့လည်း ပါလာသည့် ကိရိယာများနှင့်ပင် လျင်မြန်စွာ ဖာထေးပြင်ဆင်လိုက်ကြလေသည်။ ထို့နောက် ကျွန်းသားများမှာ ကျွန်ုပ်တို့အား သူတို့၏ ကျွန်းမှ အမြန်ထွက်ခွာသွားရန် ဆန္ဒရှိကြသည့်အတိုင်း လှေကို ရေသို့ချရာ၌လည်းကောင်း၊ ရိက္ခာပစ္စည်းများကို သယ်ယူ၍ လှေပေါ်သို့ ပို့ရာ၌လည်းကောင်း အင်တိုက်အားတိုက် ကူညီလုပ်ကိုင်ပေးကြတော့၏။ သို့နှင့်နောက်ဆုံးတွင် ကျွန်ုပ်တို့လည်း ကျွန်းမှ ထွက်ခွာရန် အသင့်ရှိနေကြလေပြီ။

မာရာမားသည် ကျွန်ုပ်တို့အား နောက်ဆုံးနှုတ်ဆက်သည့်အနေဖြင့် "သွားပေဦးတော့ မိတ်ဆွေကြီးတို့ သင်တို့အားတွေ့ရသည့်အတွက် ကျွန်ုပ်တို့ များစွာ ဝမ်းသာပါသည်။ သို့ရာတွင် သင်တို့အား နောက်ထပ်မတွေ့လိုတော့ပါ"ဟု ပြောလိုက်ရာ ကျွန်ုပ်က . . .

"ကျွန်ုပ်တို့ကလည်း သင့်ရဲ့ ဆန္ဒအတိုင်းပါပဲ၊ ကိုင်း . . .ကျွန်ုပ်တို့ သွားတော့မည်။ ကျွန်ုပ်တို့၏ ကျေးဇူးကြောင့် သင့်လည်ကုပ်က အဖုကြီးဟာလည်း မရှိတော့ဘူး မဟုတ်လား။ နောက်ပြီး ပုရောဟိတ်ကောင်တွေလည်း မရှိတော့ဘူး။ သို့သော် အိုရိုနတ်ကြီးကိုတော့ မထီမဲ့မြင်မလုပ်ကြလေနဲ့၊ သူ့ကို စိတ်ဆိုးအောင်လုပ်လျှင် သင်တို့ ကျွန်းကို ရေထဲမြုပ်အောင် နှစ်ပစ်လိမ့်မည်။ သင်တို့အား ကျွန်ုပ်နောက်ဆုံးနှုတ်ဆက်ခဲ့ပါသည်"ဟု ပြန်၍ ပြောလိုက်၏။

ထိုအခါ ဗက်စတင်က

"နောက်ပြီး ကျွန်ုပ်သင်ပေးထားသည်များကိုလည်း မမေ့ကြနဲ့"ဟု သူပြောခဲ့သည့် တရားဓမ္မများကို ပြန်၍ သတိရစေရန် ပြောလိုက်သေး၏။

ယင်းသည်ကား ကျွန်ုပ်တို့တစ်သက်တွင် မတွေ့မကြုံဖူးသည့် အံ့မခန်းအဖြစ်အပျက်များနှင့် တွေ့ကြုံရာဌာနမှ နောက်ဆုံးခွဲခွာလာခဲ့ခြင်းပင်ဖြစ်လေသည်။ လှေထွက်ပြီးနောက် အတန်ငယ်ကြာ၍ ကျွန်ုပ်သည် နောက်သို့ပြန်၍ လှည့်ကြည့်လိုက်ရာ ကျွန်းကလေးမှာ တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့ ပြီးလျှင် နောက်ဆုံးပျောက်ကွယ်၍ သွားတော့၏။ ကျွန်ုပ်တို့အားလုံးမှာ ထူးဆန်းသော အဖြစ်အပျက်များနှင့်တွေ့ကြုံခဲ့ရပြီးနောက် ယခုအခါ ထိုလွန်လေပြီးသော အဖြစ်အပျက်များကို အောက်မေ့ကာ ခွဲခွာလာခဲ့ရသည့်အတွက် စိတ်မကောင်းဖြစ်မိကြတော့၏။ မြောက်ဖက်စူးစူးသို့ သုံးရက်တိုင်တိုင် လမ်းတွင် မည့်သည့် ဘေးအန္တရာယ်နှင့်မျှ မတွေ့ကြုံရဘဲ လှေကို ရွက်ဖွင့်၍ လွှင့်လာခဲ့ကြပြီးနောက် စတုတ္ထမြောက်နေ့တွင် ကံကောင်းထောက်မသဖြင့် အမေရိကန်ကုန်သင်္ဘောတစ်စင်းနှင့် ကျွန်ုပ်တို့တွေ့ရ၏။ ထိုသင်္ဘောကပင် ကျွန်ုပ်တို့အားကယ်တင်ဆောင်ယူခဲ့ရာ သင်္ဘောကပ္ပတိန်မှာ အလွန်သဘောကောင်းသူ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်သည့်အတိုင်း ကျွန်ုပ်တို့အား ကြင်နာစွာ ပြုစုစောင့်ရှောက်ရှာ၏။ ကျွန်ုပ်တို့၏အကြောင်းကို မေးမြန်းသောအခါ ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသည့် 'စတားအော့(ဖ်)သည်ဆောက်(သ်)' ခေါ် ရွက်သင်္ဘောကြီးမှာ ဤနေရာမှ မိုင်ပေါင်းများစွာ ဝေးသော ကျွန်းငယ်ကလေးတစ်ခု အနီးတွင် ပျက်သွားကြောင်း၊ ထိုကျွန်းကလေး၏ အမည်ကိုလည်း မသိခဲ့ရကြောင်း၊ ကျွန်းကလေးမှာ မည်သည့်အရပ်၌ ရှိသည်ကိုလည်း မသိရကြောင်းကိုလည်း ကျွန်ုပ်က ပြောပြလိုက်ရ၏။

ဤနေရာ ဤဒေသများတွင် သင်္ဘောကလေးများသာမက သင်္ဘောကြီးများပင် ပျက်စီးလေ့ရှိသဖြင့် သင်္ဘောကပ္ပတိန်သည် တစ်စုံတစ်ရာ ထပ်မံမေးမြန်းခြင်းမပြုဘဲ ကျွန်ုပ်ပြောသမျှကို ကောင်းစွာ ယုံကြည်လေသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ဆန်ဖရန်စစ္စကိုမြို့ကြီးသို့ ကောင်းစွာ ဆိုက်ရောက်သွားကြတော့၏။ ကျွန်ုပ်လည်း ထိုမြို့ရှိ ဗြိတိသျှကောင်စစ်ဝန်ရုံးသို့ သွားရောက်ပြီးနောက် ကျွန်ုပ်တို့စီးနင်းခဲ့သော 'သည်စတား အော့(ဖ်)သည်ဆောက်(သ်)'ခေါ် ရွက်သင်္ဘောကြီး ပျက်စီးဆုံးရှုံးခဲ့ရပုံကို တင်ပြအစီရင်ခံရ၏။ ထို့နောက် ထိုနေရာမှပင် နေ၍ ကြေးနန်းဖြင့် ကျွန်ုပ်ထံ ငွေများပို့ရန်မှာလိုက်ရာ မကြာမီပင် ငွေများ ရောက်ရှိလာလေသည်။ အားလုံး ကိစ္စများ ပြီးစီးသောအခါ ကျွန်ုပ်တို့သည် အမေရိကန်သင်္ဘောတစ်စင်းဖြင့်ပင် အင်္ဂလန်နိုင်ငံသို့ ပြန်၍ လာကြရာ နောက်ဆုံးတွင် လီဗာပူးမြို့သို့ ချောမောစွာ ရောက်လာကြလေသည်။ ထို့နောက် လီဗာပူးမှတစ်ဆင့် ဒီဗွန်ရှိုင်းယားနယ်ရှိ ကျွန်ုပ်တို့၏နေအိမ်များသို့ အသီးသီး ပြန်ခဲ့ကြလေသတည်း။

[၂၈]

## ပုံထူကို ဇက်စတင်တွေ့ရှိခြင်း

ကျွန်ုပ်နောက်ထပ် ဆက်လက်၍ ဖော်ပြရန် အနည်းငယ်ကျန်ရှိနေပါသေး၏။

အိမ်သို့ ကျွန်ုပ်တို့ ပြန်လည်ရောက်ရှိခဲ့ကြပြီးနောက် မကြာမီပင် ဇစ်ကလီသည် စစ်တပ်ဆရာဝန်အဖြစ်ဖြင့် စစ်ထဲသို့ ဝင်ခဲ့ပြီးလျှင် စစ်မြေပြင်သို့ ထွက်ခွာသွားတော့၏။ သူဝင်၍ အမှုထမ်းသည့် စစ်တပ်မှာ နံပါတ် ၂၀၁ တပ်မဟာကြီးဖြစ်၏။ သူသာမဟုတ် ဇက်စတင်ကလည်း သူ၏ ဂိုဏ်းချုပ်ကြီးခွင့်ပြုချက်အရ စစ်တပ်သင်းအုပ်ဆရာအဖြစ် ဝင်ရောက်အမှုထမ်းလေရာ ထူးထူးခြားခြားတိုက်ဆိုင်ပုံမှာ အမှုထမ်းရန် ဇက်စတင်ကို ပို့လိုက်သည့် စစ်တပ်မှာလည်း ဇစ်ကလီအမှုထမ်းနေသည့် နံပါတ် ၂၀၁ တပ်မဟာကြီးပင်ဖြစ်၍ နေလေသည်။

ဇစ်ကလီသည် မိမိအမှုထမ်းရမည့် စစ်တပ်သို့ ဇက်စတင်ရောက်လာမည့် အကြောင်းကို သိလျှင် သူက ဇက်စတင်အား "ဟေ့ ဒါ ငါအမှုထမ်းရမယ့် စစ်တပ်ပဲကွ"

"သြော် . . .ဟုတ်လား၊ ဒါဖြင့် နေရာပဲကျသေးတော့သကွာ၊ ငါသိပ်ပြီး ဝမ်းသာတာပဲဟေ့၊ ဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့ငါနဲ့ ဆက်ပြီး ငြင်းကြခုန်ကြ လုပ်နိုင်တာပေါ့ကွာ၊ ဒါတွင် ဘယ်ဟုတ်မလဲ. . .တစ်ယောက်ရဲ့ အသိဉာဏ်ပိုပြီး ပွင့်လင်းလာအောင် တစ်ယောက်က ကူညီနိုင်တယ်မဟုတ်လား"

ထိုအခါ ကျွန်ုပ်က ဝင်၍ "အေးကွာ. . .မင်းတို့တစ်တွေကတော့ ငါ့ထက် ကံကောင်းကြတယ်ဟေ့။ ငါလည်း စစ်တပ်ထဲဝင်ဖို့ လျှောက်သေးတယ်လေ။ သာမန်စစ်သားကလေး အဖြစ်နဲ့ပဲ အမှုထမ်းပါရစေဆိုတာတောင် လက်မခံကြဘူး။ ဒါတောင် ငါက အသက်ကို လျှော့ပြီး လျှောက်တာကွ၊ သူတို့

ပြောတာက ဟိုကျွန်းမှာ တို့ရှိတုန်းက ငါ့ကို ဟိုလူရိုင်းကောင်ကလေး တုတ်နဲ့ ပစ်လိုက်တဲ့ဒဏ်က. . .”

ထိုအခါ ဗစ်ကလီက ကြားဝင်၍

“အေးပါကွာ ဒီအကြောင်း ငါသိပါတယ်၊ သို့သော်လည်း မင်းရဲ့ ကျန်းမာရေးကို မင်းသာ ဂရုစိုက်ပြီး နေသွားရင် အသက်အရှည်ကြီး နေရပါလိမ့်မယ်ကွာ”

ကျွန်ုပ်က သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက်

“အင်း. . .နေချင်လည်း နေရပါလိမ့်မယ်ကွာ”

စစ်မြေပြင်သို့ သူတို့နှစ်ဦးထွက်ခွာသွားကြပြီးနောက် လပေါင်းအတော်ကြာသောအခါ နှစ်ယောက်စလုံး ခွင့်ယူ၍ အင်္ဂလန်သို့ ပြန်၍ လာကြရာ သူတို့ရောက်လာသော နေ့မှာပင် ကျွန်ုပ်က သူတို့အား ညစာဖိတ်ခေါ်ကျွေးမွေးလေသည်။ ကျွန်ုပ်တို့ သုံးဦးသားတို့မှာ အလွန်ဝမ်းမြောက်ပျော်ရွှင်လျက်ရှိရာ တော်မီကလေးသည်ပင် သူတို့နှစ်ယောက်၏ အသံကို တစ်ဖန်ပြန်၍ ကြားရသဖြင့် အမြီးတနှံ့နှံ့ဖြစ်၍ နေတော့၏။ သူတို့မှာ စစ်ကြီးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခဲ့ရသူများဖြစ်သဖြင့် ပြောစရာများ မကုန်နိုင်လောက်အောင်ပင် ရှိ၍ နေ၏။ အိုရှိဖီးနားကျွန်းမှ အတွေ့အကြုံများကိုပင် ကျွန်ုပ်တို့မှာ ပြောရန် အချိန်မရှိသကဲ့သို့ ဖြစ်၍ နေ၏။ သူတို့ကလည်း ကျွန်ုပ်တို့ ရောက်ခဲ့သည့် ကျွန်းအကြောင်းကို သူတို့ပြန်ခါနီးအထိ တစ်လုံးတစ်ပါဒမျှ စကားစပ်၍ မပြောကြချေ။ စားသောက်ပြောဆိုပြီးကြ၍ ပြန်ကြတော့မည်အပြုတွင် ဗက်စတင်သည် ကျွန်ုပ်၏ ကွယ်လွန်သူဇနီးသည်ကို နာမည်ကျော်ပန်းချီဆရာကြီးတစ်ဦးက ပုံတူရေးဆွဲထားသော ပန်းချီကားကြီးရှိရာသို့ သွားရောက်ကာ တစ်ခဏမျှ ကြည့်ရှုပြီးနောက်. . .

“ဟော့ . . . အာပူနော့. . .ခါတိုင်းတော့ ငါလည်းတစ်ခါတစ်ခါ စဉ်းစားမိတယ်၊ ဒါပေမဲ့ အခုတစ်ခါလောက် ဘယ်တုန်းကမှ ပြတ်ပြတ်သားသားမရှိခဲ့ဘူး။ ဒါက ဘာလဲဆိုတော့ သူတို့နှစ်ယောက်ဟာ အရပ်အမောင်းနဲ့ တခြားနေရာကလေးတွေမှာ မတူဘဲ ကွဲပြားနေပေမယ့် ရုပ်ချင်းကတော့. . . ခွဲလို့မရအောင် ထူးထူးဆန်းဆန်းကြီးကို တူနေတာပဲကွာ. . .”ဟု ပြောလိုက်၏။

“ဟုတ်တယ်. . .ငါလည်း ဒီလိုထင်နေတာပဲ. . .”

ထိုအချိန်၌ ဗစ်ကလီသည်လည်း ပန်းချီကားကို အသေအချာကြည့်ရှုလျက်ရှိရာမှ ဖျတ်ခနဲလန့်သွားသည်ကို ကျွန်ုပ် သတိပြုလိုက်မိ၏။ ထို့နောက် သူတို့နှစ်ယောက်လည်း ကျွန်ုပ်အား နှုတ်ဆက်ထွက်သွားကြတော့၏။

ဤကား ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် တွေ့ကြုံခဲ့ရသည့် အဖြစ်

အပျက် အကျဉ်းချုပ်မျှသာတည်း။ ထူးဆန်းသည်ကား မှန်၏။ သို့သော်ယင်း အချက်များထဲတွင် ကျွန်ုပ်မဖြေရှင်းနိုင်သည့် အချက်များ များစွာ ပါဝင်၍ နေ၏။

ဘဝဟူသည်မှာ ဘာလဲဟူ၍လည်းကောင်း၊ ဘဝ၏အစနှင့် အဘယ်ကြောင့် ဘဝဖြစ်လာရသည်ဟူသည့် အကြောင်းကိုလည်းကောင်း၊ မည်သည့်ပရော်ဖက်ဆာကြီးများကမျှ ရှင်းလင်းမိန့်ကြားခြင်း ပြုလုပ်ခဲ့သည်မဟုတ်။ သူတို့၏ ထိပ်ခေါင်တင် ဘုရားသခင်သော်မှ ဤပြဿနာကို မည်သို့မျှ ရှင်းလင်းခြင်း မပြုဘဲ ဆိတ်ဆိတ်သာ နေတော်မူခဲ့၏။ အဘယ်ကြောင့်ပါနည်း။ ဖြေရှင်းချက်ပြုမည်ဆိုက လူသားများမှာ မည်သည့်နည်းနှင့်မျှ နားမလည် နိုင်ဘဲ ဒွိဟသံသယအမျိုးမျိုးဖြစ်ကာ စိတ်တွင် ဇဝေဇဝါဖြစ်၍ နေမည်ကို စိုးရိမ်သောကြောင့်ပေလော။

အသက်ရှင်၍နေရသည့် ဘဝတစ်သက်တာကာမည်သည့် အဓိပ္ပာယ်ပါနည်း။ အိုရိုသည် သူ၏အသက်နှစ်ပေါင်း တစ်ထောင်ရှိပြီဆို၏။ ထိုမျှသာမဟုတ်သေး။ သူအိပ်စက်ခဲ့သည့် နှစ်အရေအတွက်မှာ နှစ်ပေါင်း ၂၅၀၀၀၀ မျှ ကြာပြီဟု ဆိုချေသေး၏။ မည်သို့ဆိုစေ၊ မည်မျှပင် အသက်ရှည် သည်ဆိုစေ အဆုံးအစမရှိသည့် အချိန်တည်းဟူသော ဤစကြဝဠာကြီးတွင် ထိုမျှသော အချိန်ကာလ နှစ်ပရိစ္ဆေဒမှာ သဲသောင်ပြင်တစ်ခုလုံးရှိ သဲပွင့်များထဲမှ သဲမှုန့်ကလေး တစ်မှုန်စာမျှသာ ရှိပါချေ၏တကား။

**ဟမ်ဖရီ အာဗူနော့။**

မှတ်ချက်။ ။ရေးသူ ဂျေအာ(ရ်) ဗစ်ကလီ[အမ်၊ အာ(ရ်)၊ စီ၊ အက်(စ)]

ဤမှတ်တမ်း၏ နောက်ဆုံးစကားလုံးများကို သူရေးသားခဲ့ပြီးနောက်ခြောက်လခန့်အကြာတွင် ကျွန်ုပ်၏ ချစ်သော မိတ်ဆွေကြီး ဟမ်ဖရီ အာဗူနော့မှာ ရုတ်တရက် ကွယ်လွန်သွားရှာပါသည်။ ဤကဲ့သို့ ဖြစ်လိမ့်မည်ဟုလည်း ကျွန်ုပ်ကြိုတင် သိရှိထားပြီးဖြစ်၏။ ဖြစ်ရသည့်အကြောင်းရင်းမှာလည်း အိုရိုဖီးနားကျွန်းတွင် တုတ်ဖြင့်အပေါက်ခံခဲ့ရသည့် ဒဏ်ရာဒဏ်ချက်ကြောင့်ပင် ဖြစ်၏။

သူ့တွင် ကျန်ရစ်သမျှ ပစ္စည်းများကို သုံးပုံပုံပြီးလျှင် တစ်ပုံကို ကျွန်ုပ်အားလည်းကောင်း၊ တစ်ပုံကို ဗက်စတင်အားလည်းကောင်း၊ နောက်ဆုံး ကျန်ရှိသောတစ်ပုံကို သိပ္ပံပညာ တိုးပွားရေး ရန်ပုံငွေအဖြစ်လှူဒါန်းခဲ့ရှာ၏။

သူကွယ်လွန်ပုံမှာ ဦးနှောက်တွင်းသို့ သွေးဝင်ကာ ရုတ်တရက် ကွယ်လွန်ရှာရခြင်းဖြစ်၏။ ကျွန်ုပ်အား ခေါ်၍ လိုက်ကြည့်ရာတွင် သူသည် စာရေးစားပွဲတွင် ထိုင်ကာ အသက်ပျောက်နေသည်ကို တွေ့ရ၏။ သူသည် စားပွဲတွင်

ထိုင်ကာ စာများကို ရေးနေဟန်တူ၍ စာရွက်တစ်ရွက်ပေါ်တွင် အောက်ပါ စကားလုံးများကို အပြီးမသတ်သေးဘဲ ရေးထားခဲ့သည်ကို ကျွန်ုပ်တွေ့ရ၏။

**"ကျွန်ုပ်သူ့ကို မြင်လိုက်ရသည်. . .ကျွန်ုပ်. . ."** ဟူ၍ ဖြစ်၏။

မည်သူ့ကို မြင်သည်ဟူ၍ကား တစ်စုံတစ်ရာဖော်ပြထားခြင်း မရှိချေ။

သူရေးခဲ့သော မှတ်တမ်းကြီးမှာ ကျွန်ုပ်တို့နှင့်အတူ တွေ့ကြုံခဲ့သည့် အတိုင်း တစ်စုံတစ်ရာ အပိုအလိုမရှိ မှန်ကန်ကြောင်းတွေ့ရှိရ၏။ သို့နှင့် သူရေးထားခဲ့သည့် မှတ်တမ်းကို ကျွန်ုပ်မှတ်ချက်တစ်စုံတစ်ရာ မပါဘဲ ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။ ကျွန်ုပ်တို့တွေ့ခဲ့ကြုံခဲ့သည်များကို အပိုအလိုမရှိ တိကျစွာ ရေးသားဖော်ပြထားသည်မှာ မှန်ပါ၏။ သို့သော် သူ၏ ယူဆချက် အတွေးအခေါ်များမှာ ကျွန်ုပ်၏ ယူဆချက်များ မဟုတ်ကြောင်း စာဖတ်သူများ သိစေလိုပါသည်။

တောင်ဘက်ပင်လယ်တွင်းရှိ ကျွန်းများဆီသို့ နောက်တစ်ကြိမ် သွားရောက်ရန် ကျွန်ုပ်ကြံစည်သေး၏။ ဤကိစ္စမှာ နောက်ထပ် သုတေသနပြုလုပ်ရန် ဖြစ်၏။ သို့သော် ဤကိစ္စမှာ ဖြစ်နိုင်မည်၊ မဖြစ်နိုင်မည် မသေချာပါ။ အဘယ့်ကြောင့်ဆိုသော် အိုရိဖီးနားကျွန်းဆိုသော ကျွန်းကို ရှာ၍ တွေ့ချင်မှ တွေ့နိုင်မည်ဖြစ်သောကြောင့်ပေတည်း။

နောက်ဆုံးရေးလိုသည့်အချက်မှာ တော်မီကလေး၏ အကြောင်းပင် ဖြစ်တော့၏။ သူ့သခင် ကွယ်လွန်ပြီးနောက် သုံးရက်အကြာတွင် တော်မီကလေးသည် သူ့သခင်သေသော အခန်း၌ သူ့သခင်ဝတ်သော ဝတ်ရုံတစ်ခုပေါ်တွင် သေဆုံးနေသည်ကို တွေ့ရ၏။ အာဖူနော့ သေဆုံးသည်ကို ကျွန်ုပ်သွားရောက်ကြည့်ရှုစဉ်အခါကပင် သူသည် အထိတ်တလန့်ဖြစ်၍ နေကာ အစားအစာမစားဘဲရှိနေရာမှ ဤကဲ့သို့ သေဆုံးသွားခြင်း ဖြစ်လေသည်။ သူ၏ အရိုးပြာကို သူချစ်သော သူ၏ သခင်၊ သခင်မတို့၏ ဂူအနီးတွင် ကျွန်ုပ်က မြှုပ်နှံပေးထားလိုက်၏။

J.R.B.

ဂျေ၊ အာ(ရ်)၊ ဘီ၊



SIR H.RIDER HAGGARD

ကမ္ဘာကိုကိုင်လှုပ်သူ

# တန်ခိုးရှင်များ